www.burmeseclassic.com

# မောင်ညိုမှိုင်း(သန်လျင်)

စီစဉ်သော

# အမှိုက်ပုံပျံကျခွေးနှင့်ကွယ်လွန်သူများအား ကျေးဇူးတင်ပါသည်ရှင့်

အပါအဝင်

ဂမ္ဘီရဝတ္ထုတိုများ



မောင်ညိုမှိုင်း(သန်လျင်)
မြောင်းမြမောင်ကိုး
ထောင်မှူးကြီးသိန်းဝင်း
ကျော်မင်းနိုင်
မကြွေးညီစိမ့်
မင်းဘုန်းသိမ်သူ
လေးမောင်
ဝင်းနိုင်(ရွှေပြည်သာ)
နွေတာမာန်
မင်းအောင်ကျော်
ထားဉသယ်
ညြမ်းမိသ
မြွေမင်းသခင်

www.burmeseclassic.com

www.burmeseclassic.com

စိစစ်သူ ။ ကိုတင်ထွန်း

ပုံနှိပ်ခြင်း

ပထမအကြိမ် ။ ၂၀၁၃၊ နိုဝင်ဘာလ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ။ *Maw Maw*
အတွင်းဖလင် ။ *Zin Oo & Brothers*

ပုံနှိပ်သူ

ဒေါ်ယဉ်ယဉ်မွန် (မြိုးဝေလွှံပုံနှိပ်တိုက်) (၀၀၆၅၉)
ဆန်စက်အပိုပစ္စည်းစက်ရုံဝန်း၊ အထက်ပုဇွန်တောင်လမ်း၊ စက်ဆန်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ထုတ်ဝေသူ

ဦးတင်ထွန်း (မြ)(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊ အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး - ၁၈၀၀ ကျပ်

၈၉၅.၈၃
ကလောင်စုံ
အမှိုက်ပုံပျံ့ကျခွေးနှင့်ကွယ်လွန်သူများအားကျေးဇူးတင်ပါသည်ရှင်
အပါအဝင် ဂမ္ဘီရဝတ္ထုတိုများ / ကလောင်စုံ-ရန်ကုန်။
စိတ်ကူးသစ်စာပေ၊ ၂၀၁၃။
၃၁၄-စာ ၊ ၁၃ စင်တီ × ၂၀.၅ စင်တီ။
(၁) အမှိုက်ပုံပျံ့ကျခွေးနှင့်ကွယ်လွန်သူများအားကျေးဇူးတင်ပါသည်ရှင်အပါအဝင်ဂမ္ဘီရဝတ္ထုတိုများ

## မာတိကာ


| စဉ် | ဝတ္ထုအမည် | | စာမျက်နှာ |
|---|---|---|---|
| ၁။ | အမှိုက်ပုံပျံ့ကျခွေးများနှင့်ကွယ်လွန်သူများအား ကျေးဇူးတင်ပါသည်ရှင် | မောင်ညိုမှိုင်း(သန်လျင်) | ၁ |
| ၂။ | မြစိမ်းဘုရားနှင့် တိုက်ဝါကြီး | ထောင်မှူးကြီးသိန်းဝင်း | ၃၄ |
| ၃။ | သံသယအကျိုး | မြောင်းမြမောင်ကို | ၅၈ |
| ၄။ | သေသော်မှတည့်..ဩော်..ကောင်း၏ | ကျော်မင်းနိုင် | ၈၁ |
| ၅။ | ဂမ္ဘီရညောင်ပင် | မကွေးညိုစိမ့် | ၉၇ |
| ၆။ | ရဲရဲရင့်ရင့် မြင့်မြင့်မြတ်မြတ် | မင်းဘုန်းသိခ်သူ | ၁၀၇ |
| ၇။ | သံယောက်မ၏မွှေချက်များ | ဝင်းနိုင်(ရွှေပြည်သာ) | ၁၂၇ |
| ၈။ | ဇီးတောရွာမင်္ဂလာပွဲဆီသို့ | လေးမောင် | ၁၅၃ |
| ၉။ | ကံတရားရဲ့ဇာတ်ညွှန်း | မင်းအောင်ကျော် | ၁၉၄ |
| ၁၀။ | အစွဲခုနစ်ရက် | ထားဥသုံ | ၂၂၇ |
| ၁၁။ | ကြက်တစ္ဆေ | ဩမိသ | ၂၅၄ |
| ၁၂။ | အတ္တတူကစားရဲ့အောင် | နွေတမာန် | ၂၇၁ |
| ၁၃။ | မြွေဘုရင်မလေးချစ်တဲ့သူ | မြွေမင်းသခင် | ၂၈၁ |


www.burmeseclassic.com

www.burmeseclassic.com

မောင်သိန်းမြင့် (ညက်ဆန်)

အမှိုက်ပုံ ပုံကျ မြွေးများနှင့်
ကြွယ်နှုန်းသူများအား
ကျေးဇူးတင်ပါသည်ရှင်



www.burmeseclassic.com

www.burmeseclassic.com

|၁|

❑

တစ်နေ့ ...

၃၈ လမ်းက စိတ်ကူးသစ်စာပေမှာ စာရေးဆရာအချို့ ဆုံကြတယ်။ ချိန်းထားတာမဟုတ်ဘူး။ ဒီ စိတ်ကူးသစ်စာပေက ကျွန်တော်တို့ရဲ့ ဝတ္ထုစာအုပ်တွေကို အစဉ်မပြတ် ထုတ်ဝေနေတဲ့တိုက်လေ။

စိတ်ကူးသစ်စာပေရဲ့ ပင်တိုင်စာရေးဆရာများကတော့ ...

ကျွန်တော် (မောင်ညိုမှိုင်း သန်လျင်)၊

ထောင်မှူးကြီးသိန်းဝင်း၊ နန္ဒာမိုးကြယ်၊

မုဆိုးစာရေးဆရာ (ဦး)လေးမောင်၊

ကိုနေစိုးသော်(မေစံရှား)၊ မင်းအောင်ကျော်၊

အောင်ခင်စိုး၊ မင်းဘုန်းသိခ်သူ၊

ဖေယျမင်းသျှင်၊ ထားဥသဲ၊

ကျော်မင်းနိုင်၊ ဩမိသ၊ စိုးယဉ်ထွန်း၊

စိုးဝေ၊ ပီတာမြဦး၊ မြသုနန္ဒာကို၊

ကိုမောင်စံသိန်း (ဗိုလ်ချုပ်ရွာ)၊

မောင်စိန်လှိုင်(ဥသာ)၊





ကြည်တင့်နိုင်၊

ဝင်းနိုင်(ရွှေပြည်သာ)၊

သုဝဏ္ဏကျော်စိန်၊

ကိုမိုးတိမ်၊

မောင်ယဉ်ကျော်၊

ဆွေဇင်ညွှန့် (ဗိုလ်မှူးကြီး-ငြိမ်း) စသည့် စာရေးဆရာများရဲ့ လုံးချင်းဝတ္ထုပေါင်းစုံကို ထုတ်ဝေပေးနေတာပါ။ အရှုံးအမြတ်ကို ပဓာန မထားပါဘူး။ ဝါသနာနဲ့စေတနာကို ပေါင်းစပ်ပြီး စာအုပ်ထုတ်ဝေရေးကို စိတ်ကူးသစ်စာပေ ကိုတင်ထွန်း(နတ်လှဦး)က ထုတ်ဝေခဲ့တာပါ။

စာရေးဆရာတစ်ဦး ပေးလာတဲ့စာမူကိုဖတ်ပြီး ဒီစာအုပ်ကို ထုတ်လျှင် မြတ်မှာပဲ။ ထုတ်ကိုထုတ်ရမယ်။

ဒီစာအုပ်ထုတ်လျှင် ကျိန်းသေရှုံးမယ်။

လက်ရှောင်မယ် ...

အဲဒီလိုစိတ်မျိုး လုံးဝမရှိဘူး။ အရှုံးနဲ့အမြတ်ကို ပဓာနမထားဘူး။ စာရေးဆရာ စိတ်ချမ်းသာသွားအောင် ထုတ်ဝေပေးခဲ့တယ်။

"ကိုတင်ထွန်း ..."

"ဗျာ ... ဆရာ"

"ရှုံးမည့်စာအုပ်ကို ဘာလို့ ထုတ်ပေးရတာလဲ"

မေးရတာပေါ့ဗျာ။

"စာရေးဆရာဆိုတာ အနှစ်နှစ်အလလ ကြိုးစားရေးဖွဲ့ခဲ့တဲ့ သူ့စာမူလေးကို မှတ်မှတ်ရရ စာအုပ်တစ်အုပ်အဖြစ် မြင်ချင်တာပဲဆရာ။ စာရေးဆရာတိုင်းကတော့ လူချမ်းသာမဟုတ်တော့ သူ့စာမူကို စာအုပ်ဖြစ်လာအောင် မလုပ်နိုင်ဘူးပေါ့။ ရှုံးမည့်စာအုပ်မှန်းသိသိကြီးနဲ့ ဘာလို့ထုတ်ဝေပေးရသလဲလို့ မေးလာခဲ့ရင် တစ်အချက် သူ့ဘဝကြိုးစားမှုအတွက် အမှတ်တရစာအုပ်တစ်အုပ် စာပေလောကမှာ ကျန်စေချင်လို့။ နှစ်အချက် သူရေးတဲ့စာလုံးတွေ ပုံနှိပ်စာအုပ်ဖြစ်နေတာမြင်ပြီး စာရေးသူစိတ်နှလုံး အေးမြချမ်းမြေ့စေချင်လို့။ သုံးအချက် စီးပွားရေးအမြင်အရ နာမည်မရှိသေးလို့ ဈေးကွက်မဝင်နိုင်ပါဘူးလို့ အကြမ်းဖျင်းမြင်နိုင်ပါသော်လည်း ကံကောင်း



www.burmeseclassic.com

www.burmeseclassic.com



ထောက်မစွာနဲ့ ကိုယ်ထုတ်ဝေပေးလိုက်လို့ သူ့စာအုပ် စာဖတ်ပရိသတ် အကြားမှာ ပုံ့ပုံ့နှံ့နှံ့ ထဲထဲဝင်ဝင် ပေါက်သွားတာမျိုး ကံကောင်းစွာ ဖြစ်သွားခဲ့လျှင် သူ့အတွက် နောင်ရေးကောင်းသွားပြီပေါ့ ဆရာ။ အဲဒီရည်ရွယ်ချက်နဲ့ လုပ်နေတာပါ'

ဒါတော့ ဟုတ်တယ်။

စိတ်ကူးသစ်စာပေက အများအားဖြင့် စာအုပ်ထုတ်ဖို့ အခက်အခဲရှိနေသူ စာရေးဆရာများကို တတ်နိုင်သမျှ ကြိုးစားအနစ်နာခံ တွန်းတင်နေတာ ကျွန်တော့်မျက်မြင်ပါပဲ။

ဒီလိုနဲ့ စိတ်ကူးသစ်စာပေကနေ နိုင်ငံကျော်စာရေးဆရာများကို သူ့လိုင်းနဲ့သူ တင်ပေးခဲ့တာ အထင်အရှားပါပဲ။

တစ်ခု ကျွန်တော်တို့ ထုတ်ဝေသူ ကိုတင်ထွန်းကို သဘောကျတာက ...

သူထုတ်ဝေလိုက်တဲ့ စာရေးဆရာတစ်ယောက်ရဲ့ စာအုပ်မရောင်းရလို့ ကျန်နေလျှင် ...

တစ်ရာပဲကျန်ကျန်၊

တစ်ထောင်ပဲကျန်ကျန်၊

လုံးဝ အဟောင်းဈေးမချဘူး။ သူ့တိုက်ခန်းထဲမှာ စနစ်တကျသိမ်းဆည်းထားတယ်။

အချို့က ကိုတင်ထွန်း ကျွန်တော်တို့စားဖို့လည်း အဟောင်းဈေးလေး ချပေးပါလို့ တောင်းဆိုကြတယ်။

သို့သော် ... အဟောင်းဈေးကို လုံးဝမချဘူး။

သူ့တိုက်ကထွက်တဲ့ စာရေးဆရာ၊

သူ့တိုက်ကထုတ်တဲ့ စာအုပ်၊ စာရေးဆရာရဲ့ဂုဏ်သိက္ခာကို အကျမခံဘူး။ ငါးဆယ်၊ တစ်ရာ၊ နှစ်ရာနဲ့ လမ်းဘေးကိုမချဘူး။ ဒါကြောင့် စိတ်ကူးသစ်စာပေကထွက်သည့် စာရေးဆရာများရဲ့ စာအုပ်၊ ယနေ့ လမ်းဘေးမှာ ပုံရောင်းတာ မတွေ့ရပါဘူး။

စာအုပ်ဈေးပွဲတော်မှာလည်း ...

အများနည်းတူ ရာခိုင်နှုန်းလျှော့ရောင်းတာပဲရှိတယ်။





သည်တော့ စာရေးဆရာရော တိုက်ရော ဂုဏ်ရှိတာပေါ့။ နောင်အခါမှာ ဘဝပေးအခြေအနေအရ ပြောင်းသွားရင်တော့ တစ်မျိုးပေါ့။ ယနေ့ ထိန်းထားနိုင်တာကိုက တန်ဖိုးနဲ့သိက္ခာပါပဲ။

နောက်တစ်ချက် ...

ကိုယ့်ထုတ်ဝေသူမို့ ကိုယ်တန်းတင်တာ မဟုတ်ဘူးနော်။

သူ့တိုက်ကို ရောက်လာသမျှ စာရေးဆရာ ကြီးကြီးငယ်ငယ် မည်သူ့ကိုမဆို လက်ဖက်ရည်၊ လက်ဖက်၊ ဂျင်းသုပ် စသည် ထမင်းမစားရသေးလျှင် ထမင်း၊ ညှော်ဝတ်ပြုလေ့ရှိတာ နေ့စဉ်ပဲ။

စာရေးဆရာတွေက စာမူလာပေးကြတာ။ ကြုံလို့ ဝင်လာတာ။ အချို့က စကားပြောချင်လို့ လာကြတာ။

နေ့တိုင်း၊ ရောက်တိုင်း ကျွေးမွေးညှော်ဝတ်ပြုနေတော့ အားနာကြတယ်။ စာရေးဆရာများက အလုပ်တိုက်ရဲ့ ဧည့်ခန်းထဲမှာ အကျအနထိုင်ပြီး နေဝင်သွားအောင် စကားပြောကြဦး ...

ကိုတင်ထွန်းက လုံးဝမငြီးငြင်ဘူး။

သူ့တိုက်ကို စာရေးဆရာများများလာလေ ဝမ်းသာလေ။ ဘဝကိုခံစားတတ်တယ်၊ နားလည်မှုရှိတယ်။

စာမူကောင်းမကောင်း မဖတ်သေးဘူး။

စာမူပေးတာနဲ့ စာမူခကို ချက်ချင်းပေးတာပဲ။

စာရေးဆရာများကလည်း သူ့စေတနာကို သိနေကြတော့ စာကောင်းကောင်းလေးတွေကို ကြိုးစားပမ်းစား ရေးပေးကြတယ်။

တစ်ဦးစေတနာ၊

တစ်ဦးက မေတ္တာပေါ့။

အဲဒီမှာ စာလုံးဝမရေးပဲ စာရေးဆရာများရှိရာကို မကြာခဏ လာရောက်တွေ့ဆုံမေးမြန်းသူနှစ်ဦး ရှိလာတယ်ခင်ဗျ။

တစ်ယောက်က ဦးတင့်ထူး (မရမ်းကုန်း)။

နောက်တစ်ယောက်က ဝင်းနိုင်(ရွှေပြည်သာ)။

ဦးတင့်ထူးက စာအလွန်ဖတ်တယ်။ အထူးသဖြင့် စိတ်ကူးသစ်စာပေကို တစိုက်မတ်မတ်ရေးနေတဲ့ ကျွန်တော်၊ ဆရာနေစိုးသော်၊ ဆရာ



www.burmeseclassic.com

www.burmeseclassic.com



ထောင်မှူးကြီးသိန်းဝင်း စသည်တို့ဝတ္ထုများကို ဖတ်ရင်းက စာရေးဆရာများရဲ့ အရေးအသားကိုပါ လာရောက်ဝေဖန် အကြံပြုတာ။

ကိုယ့်ဆရာ ကိုတင့်ထူးကလည်း စာဖတ်နာတယ်။ စာရေးဆရာပေါင်းစုံရဲ့ စာအုပ်တွေကိုလည်း ဖတ်ဖူးတယ်။

စာဖတ်သက်ရင့်တော့ ဝေဖန်လျှင်လည်း အားမနာဘူး။ အဲဒါမကြာခဏ ရောက်ရောက်လာ၊ စာအုပ်လည်းဝယ်၊ ပြီးရင် ဝေဖန်ရေးလုပ်ကရော။

ခုတော့ သူလည်း ကျွန်တော်တို့ စိတ်ကူးသစ်စာပေ (လေလျှံကုန်း) ကို တစ်ပတ်နှစ်ခါ သုံးခါရောက်ရှိလာပြီး စာအုပ်ဝေဖန်ရေး လုပ်နေတော့တယ်။

ကိုတင့်ထူးကလည်း စာပေမြတ်နိုးသူ။ စာရေးဆရာများကို တန်ဘိုးထားသူဖြစ်တဲ့အပြင် စာရေးဆရာများနဲ့ လက်ရည်တစ်ပြင်တည်း စားမယ်ဆိုပြီး အိမ်ကနေ အသုပ်မျိုးစုံ လုပ်ယူလာလေရဲ့။ အဲဒီလို စေတနာနှင့် စာဖတ်သူ။

နောက်တစ်ယောက်က ...

ခုတစ်လော အရက်ဝိုင်းမှာ ကျယ်ကျယ်၊ ကျယ်ကျယ်၊ ထောင်ထောင်၊ ထောင်ထောင်လုပ်နေတဲ့ ...

ဝင်းနိုင် (ရွှေပြည်သာ)ပဲ။

သင်းက နဂိုက ကိုတင့်ထူးလိုပဲ စာအလွန်ဖတ်တာ။ စိတ်ကူးသစ်က ကျွန်တော်တို့၊ ထောင်မှူးသိန်းဝင်းတို့ရေးတဲ့ ဝတ္ထုတွေကိုဖတ်ပြီး တိုက်မှာ လာဝယ်တာ။

လူက ရုပ်ရည်လေးက သနားကမားလေးမို့ စာကလည်းဖတ်တော့ လူလိမ္မာလေးနေမှာပဲဆိုပြီး ကျွန်တော်တို့နဲ့ ထုတ်ဝေသူကိုတင်ထွန်းက တွေ့ပေး မိတ်ဆက်ပေးတယ်။

ပြောတာဆိုတာနဲ့ တွေးခေါ်တာလေး မဆိုးဘူး။

ပြီး ... သူတို့ကော့မှူးက သူတို့အမျိုး လူပေလူတေ၊ မကောင်းဆိုးဝါးများအကြောင်း အားရပါးရ ပြောလွန်းလို့။

"စာရေးပါလား ... ကိုဝင်းနိုင်"





"ကျွန်တော် မရေးတတ်ဘူး ဆရာ"

"အခု ခင်ဗျားပြောနေတဲ့အတိုင်းကို ပြန်ရေးရင် ဝတ္ထုဖြစ်တာပဲဗျ"

"ဟုတ်လား ... ဆရာ၊ ကျွန်တော်ကလည်း စာရေးတာ ဝါသနာပါတယ်ဆရာ။ ဒါဆို ကျွန်တော် စမ်းရေးကြည့်မယ်ဆရာ"

နောက်နေ့ကျတော့ ငနဲသားက ထိတ်တုံးရွှေဆိုတဲ့ သူတို့ဘကြီး လူပေလူတေအကြောင်းကို ရေးလာပါရောဗျာ။ မဆိုးဘူးဗျ။ ဒီငနဲကို နည်းနည်းပါးပါး တင့်ပေးပြင်ပေးလိုက်ရင် တင်ပေးလိုက်ရင် တစ်နေ့ ဖြစ်လာလိမ့်မယ်လို့ ယုံကြည်ပြီး ...

မြှောက်ပေးလိုက်တာ ...

ယခု ငနဲသားက ဝင်းနိုင် (ရွှေပြည်သာ) ဆိုပြီး ဂမ္ဘီရလောကတို့ နည်းထိတ်ရင်ဖိုတို့မှာ အလုပ်ဖြစ်နေပါရောလား။

ပြီး ... ဝတ္ထုတိုလေး နှစ်ပုဒ်ရေးပါသေးတယ်၊ လက်ကိုက်လို့ စာရေးနိုင်ဘူးတဲ့။ ကြီးကျယ်လိုက်တဲ့ငနဲဗျာ။

အဲဒါ စာရေးဆရာအဖြစ် နာမည်လေးရနေတာကို သူ့ယောက်ဖက မြှောက်ပေးတော့ ဝေါက်(ဖ်)သွားရိုက်သတဲ့။

ထောင်မှူးကြီးသိန်းဝင်း တောင်ဖော့လုပ်တဲ့ဝေါက်ရိုက်တံ အဟောင်း ရွှေပြည်သာကွင်းထဲမှာ လေ့ကျင့်သတဲ့။

ပထမ စလေ့ကျင့်တဲ့နေ့မှာ ပြောင်းဖူးရောင်းတဲ့ ဒေါ်မတုတ်ဆိုတဲ့ ကြီး မျက်ခွက်ကို သင်းရိုက်လိုက်တဲ့ ဝေါက်သီးမှန်ပြီး ...

"ဖောင်း ..."

"ဝုန်း ..."

"အမလေး ... သေပါပြီတော့"

ပြောင်းဖူးတောင်း လွင့်စင်မှောက်ပြီး ညာဘက်ပါးရောင်ကိုင်းလို့ ရော၊ နောက်ဆုံး ရပ်ကွက်အုပ်ချုပ်ရေးမှူးသွားတိုင်လို့ ငွေသုံးသောင်း ခလျော်လိုက်ရ၊ ပေးလိုက်ရပါရောလား။

အခု စာမရေးပဲ ဝေါက်(ဖ်)ရောဂါထပြီး ဟိုကွင်းဒီကွင်းလိုက်ရိုက်



www.burmeseclassic.com

www.burmeseclassic.com



နေတာ ကားခ၊ အရက်ဖိုး၊ ကယ်ရီခ၊ လောင်းကြေးပါပေါင်းတော့ အ[illegible]
သင်းဆိုင်ကယ်လည်း ရောင်းလိုက်ရပြီ။

သူ့မိန်းမ ကျောင်းဆရာမဆင်ထားတဲ့ ရွှေဆွဲကြိုးတစ်ကျပ်သာ[illegible]
လည်း ကုန်ပြီ။

အခု မိန်းမက အိမ်ပေါ်က နှင်ချလိုက်ပြီ။

နှင်ချရင်း ပြောလိုက်သေးသတဲ့ ...

"ဟဲ့ ... ငနိုင်၊ နင့်ကို ငါကြိုက်လွန်းချစ်လွန်းလို့ ယူထားတာ[illegible]
လင်တော်ခဲ့တာမဟုတ်ဘူး ... အနာကျကောင်ရဲ့၊ ငါ့ကိုမှမရရင် အဆိ[illegible]
သောက်သေမယ်လို့ နင် အင်ဒရင်းပုလင်းကြီးကိုင်ပြီး အိမ်ရှေ့မှာ အရှ[illegible]
မရှိလာလာငိုလို့ လူကြီးတွေ စိတ်ချမ်းသာပါစေ၊ နင်လည်း သေခြင်းဆိုး[illegible]
မသေပါစေနဲ့လို့တွေးပြီး နင့်ကို ငါယူလိုက်ရတာ။ ငါ့ငယ်ရည်းစားက အ[illegible]
စင်ကာပူမှာ ကုမ္ပဏီကြွယ်သူဌေးဟဲ့ ... ငနိုင်ရဲ့။

ငါက နင့်ကို ကောင်းကောင်းမွန်မွန် ဆင်ယင်ထားပါရက်နဲ့ မတ[illegible]
မရာတော် ... ဂေါက်သီးရိုက်သတဲ့။ ကိုယ့်ကြည့်တော့ ကော့မှုးဟိုဘ[illegible]
က ကွင်းထဲမှာ ကျည်းသားတုတ်ပဲ ရိုက်ဖူးတာကို။ သင်းယောက်ဖ ...
သိန်းဝင်းတို့၊ ဟို ... အသက်ကြီးမှ နောက်မိန်းမလိုချင်နေတဲ့ မုဆိုးကြ[illegible]
လေးမောင်တို့ မြှောက်ပေးတော့ အခု ဆိုင်ကယ်ရော ဆွဲကြိုးပါကုန်ပြ[illegible]
တော့။ ဟီး ... ဟီး ... ရှုတ် ... ဟဲ့ ... ငနိုင် ... အနာကျ၊ နင် ဆိုင်ကယ[illegible]
နဲ့ ဆွဲကြိုးမပါရင် အိမ်ပေါ်ကို လုံးဝမတက်ခဲ့နဲ့။ ထိတ်တုံးရွှေမျိုးကော[illegible]
ရဲ့ ... ဟီး ..."

အခု ... သင်း အိမ်မရှိ ယာမရှိဘဝကို ရောက်နေတယ်။ သမီ[illegible]
သားကလည်း ပြောရှာတယ်။ ဖအေဆိုတော့ သနားကြတာပေါ့။

"အဖေ ... သမီးတို့ကို လမ်းမှာတွေ့ရင် မခေါ်ပါနဲ့၊ စားစရာ[illegible]
ရင် ဂေါက်တံနဲ့ ဂေါက်သီးကို ပြုတ်သောက်ပြီး ကချင်ပြည်နယ်၊ လိုင်ဇာ[illegible]
နေရာမှာပဲ နေပါတော့တဲ့"

အခု ထုတ်ဝေသူ ကိုတင်ထွန်းကို ပြောသတဲ့။ နောင်တရပါပြီ[illegible]
စာရေးဆရာပဲ လုပ်ပါတော့မယ်။ ဂေါက်(ဖ်)မရိုက်တော့ပါဘူးတဲ့။ နေ[illegible]
မရှိလို့ ကူညီပါဦး လာပြောတာနဲ့ ...





သန်လျင်ဘိုးဘိုးကြီး နတ်ကွန်းအောက်က ဂလိုင်ကျင်းထဲမှာ နေရာ
[illegible]ပေးလိုက်တယ်။ အိမ်လခ မပေးရဘူးလေ။

စားရေးသောက်ရေး မပူရဘူး။

ဘိုးဘိုးကြီးနတ်ကွန်းက ငှက်ပျောသီးဝင်းလာတာနဲ့ သူများမခိုး
[illegible] ယူဝှက်ထားလိုက်သတဲ့။ လူက နဂိုထက် ပိုဝလာသဗျာ။

နောက်တစ်ယောက်က အစ်ကိုကြီး အသံတုရဲမြင့်လေးပါ။ အစ်ကို
[illegible] ကျွန်တော့် ဖူးဘုရားကျောင်းတိုက် ပဌာန်းဖွင့်ပွဲမှာဆုံပြီး ရင်းနှီးသွား
ကြတာပါ။

အဲဒီတုန်းက အဆိုတော် သန်းထွန်းလေး၊ အဆိုတော် ကိုတင်လှိုင်
[illegible] တေးသံရှင် မေအောင်လင်းတို့အဖွဲ့က တေးသံသာများနဲ့ ညွှန့်ခံဖြေဖျော်
ကြတယ်။

ဂန္ထဝင်ကိုယ်ပိုင်သီချင်းတွေကို ရွေးပြီးသီဆိုသွားကြတာမို့ ပရိသတ်
[illegible] လက်ခုပ်သြဘာပေးလို့ မဆုံးဘူး။

ပြီး ... အစ်ကိုရဲ (ရဲမြင့်လေး)ရဲ့ မြေးမလေး နိုင်ငံတော်အဆင့်နဲ့
[illegible]ညာရွှေတံဆိပ်ဆုရှင် မယုဝေဖြိုးကလေးကလည်း အရွယ်နှင့်မမျှ ဖြူဖြူ
[illegible]ကျော်သိန်းသီချင်းများကို ဖြူဖြူကျော်သိန်းအသံအတိုင်း ဆိုသွားတာ အံ့သြ
[illegible]ရာပဲ။

နောက်ဆုံး ဖြေဖျော်သူက ...

နိုင်ငံကျော် အသံတုရဲမြင့်လေးရဲ့ မျက်လှည့်ပညာနဲ့ အသံတုပါ
[illegible]

ကိုရဲက ထုံးစံအတိုင်းပါပဲ။ ဖဲတစ်ထုပ်ကနေ ကြိုက်ရာဖဲဆွဲ၊ အတပ်
[illegible]တဲ့ ပညာရှင်။

ရေခွေးကြမ်းပန်းကန်လုံးမှ ရေတကောင်းထဲကနေ ကလေးသုံး
[illegible]ယောက် သောက်လို့မကုန်သည့် သောက်ရေများကျလာသည့် ပြကွက်
[illegible]

ပြီး ... ဘာမှမရှိတဲ့ ပုလင်းထဲကနေ ငါးတွေ၊ ပုစွန်တွေ ထွက်
[illegible]သည့်ပြကွက်။



www.burmeseclassic.com

www.burmeseclassic.com



ပြီး ... စက္ကူတစ်ရွက်ကနေ ငါးထောင်တန် ငွေစက္ကူဆယ်ရွက် ဖြစ်သွားသည့် ပြကွက် ... စသည့် မျက်လှည့်ပညာများကို ဖြေဖျော်သွားခဲ့တာ ပရိသတ်တွေ အံ့ဩခဲ့ရလေရဲ့။

ဒီပဌာန်းဖွင့်ပွဲကို မှူခင်းသတင်းဂျာနယ် အယ်ဒီတာချုပ် စာရေးဆရာ အစ်ကိုမောင်ယဉ်ကျော်လည်း တက်ရောက်အမှာစကားပြော ကြားခဲ့တယ်။

ဦးထုပ်က စိုင်းစိုင်းခမ်းလှိုင်ဆောင်းတဲ့ ဦးထုပ်နဲ့။ ပြီး ... သုံးလေးသိန်းတန် နေကာမျက်မှန် အမည်းကြီးနဲ့။

တေးသံရှင် မေအောင်လင်းက မေးလေရဲ့။

"အစ်ကိုညိုမှိုင်း ... အဲဒီမျက်မှန်အမည်းကြီးနဲ့ ဆရာက ဘယ်သူလဲဟင်။ မြင်ဖူးသလိုပဲ"

"ဟဲ့ ... အဲ့ဒါ မောင်ယဉ်ကျော်လေ။ စာရေးဆရာ ဒါရိုက်တာ မောင်ယဉ်ကျော်ဟဲ့။ နေပါဦး ... နင်က ... ဘယ်မှာမြင်ဖူးလို့တုံး ... မေအောင်လင်း"

"ဟို ... ဟို ... ကြည့်မြင်တိုင်ဘက်မှာ မြင်ဖူးသလားလို့"

"ဟဲ့ ... သောက်ကလေးမလေးရဲ့၊ အဲဒါ စာပေဟောပြောပွဲမှာ လာဟောတုန်း နင်မြင်ဖူးမှာပေါ့ ဟဲ့ ..."

"ဟုတ်တယ် ... ဟုတ်တယ် ... ခုလို အနီးကပ်မြင်ရတော့ ခန့်ချောကြီးနော်"

"ဂန်းမလေး ... တိုးတိုးပြော၊ ဟိုကကြားသွားရင် အဆင်းမှာ ခလုတ်တိုက်လဲဦးမယ်"

ဟုတ်လည်း ဟုတ်တယ်ဗျ။

ကျွန်တော်တို့ အစ်ကိုကြီး ဆရာမောင်ယဉ်ကျော်ဟာ သီပေါမင်းပါတော်မူတာကို ဆရာကြီးသခင်ကိုယ်တော်မှိုင်းနဲ့အတူ မြင်ခဲ့တာလို့ သူ့သူငယ်ချင်း စာရေးဆရာ သန့်လျှင်မင်းကြည်လှိုင်ကလည်း ပြောဖူးတယ်"

သို့သော် ... ကျွန်တော်တို့ အစ်ကိုကြီးဆရာ မောင်ယဉ်ကျော် ဘယ်လိုဆေးဝါးများကို မှီဝဲသလဲမသိဘူး လှူပျိုလှရှယ်အတိုင်းပဲ။





သူ့အသားအရည်က ကိုရီးယားရုပ်ရှင်မင်းသား အသားအရည်လို နုပြီး ဝင်းစိုနေတာပဲ။

ခု အသက်အရွယ်ရောက်သည့်တိုင် ပါးရေနားရေ လုံးဝမတွန့်ဘူး။ လည်တိုင်အကြောလေးတွေများ အရက်သောက် ... အဲလေ ... ယောင်လို့၊ ရေသောက်လိုက်ရင် ရေကို အတိုင်းသား မူလအရောင်တိုင်း မြင်ရတယ်။

စကားပြောလည်း ပြုံးပြုံးနဲ့ဆိုတော့ ချစ်စရာကြီးပေါ့ဗျာ။

ဒါနဲ့ စာရေးဆရာ သန့်လျှင်မင်းကြည်လှိုင်နဲ့ ကိုရဲ (အသံတုရဲမြင့်လေး)ကို တိုးတိုးကပ်မေးရတယ်။

"ကိုရဲနဲ့ မင်းကြည်လှိုင် ..."

"ဘာတုံး ... ညီလေး"

"ဟိုလေ ... အစ်ကိုယဉ်ကျော်မှာ မိန်းမ (ဇနီးမယား) ရှိသလား [illegible]၊ ဟိုနောက်က ရှာသူတွေ မေးလို့ပါအစ်ကို"

"ဟာ ... တောက်တီးတောက်တဲ့ ... မောင်ညိုမှိုင်းရယ်။ မောင်ယဉ်ကျော်ဟာ လူပျိုကြီးကွ။ ရေရောင်ပြာရည်ရော လုံးဝမရောဘူး။ ငါနဲ့ [illegible] ငယ်ပေါင်းတွေကွ"

ကိုရဲက စင်ပေါ်မှာ အမှာစကားပြောနေတဲ့ မျက်မှန်အမည်းကြီးနဲ့ ဆရာမောင်ယဉ်ကျော်ကို မျက်စောင်းထိုးကြည့်ပြီး တိုးတိုးပြောလိုက်တာ။

"ဟုတ်လား ... အစ်ကို။ ဒါ ... ဒါ ... ဆို ... ကျွန်တော် ... [illegible] ... သွားပြီး ... အ ... အကြောင်းပြန် ... လိုက်မယ်နော်"

"အေး ... သွားပြော။ မိတ်ဆက်ချင်ရင် အပြန်ကျမှ မိတ်ဆက် [illegible]၊ ခုနေမိတ်ဆက်ရင် ပွဲခင်းထဲ ရှန်းရှန်းဖြစ်သွားမယ်။ ဟုတ်လား။ တော် [illegible] ပွဲမိန့်သိမ်းသွားဦးမယ်"

အစ်ကိုမောင်ယဉ်ကျော်၊ သန်းထွန်းလေး၊ ကိုတင်လှိုင်၊ မေအောင်လင်းတို့ပါ ကြွရောက်ချီးမြှင့်၊ အမှာစကားပြော သီဆိုတာဖြစ်တော့ ဦးစီးဦးဆောင်ပြုတဲ့ ကျောင်းထိုင်ဆရာတော် ဦးဝေပုလ္လ (စာရေးဆရာအမည် [illegible]ချင်ဝေဝေထွန်း)က ဝမ်းသာလွန်းလို့ ဘာပြောမှတ်လို့လဲ ...

'ခုနေ ငါသေရင် သေပျော်ပြီကွာ' တဲ့။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနဲ့ ဘုန်းကြီးရဲ့တပည့်အရင်း ဘုန်းကြီးကျောင်းသား ကပ်တီးမူးလဲ ဆွမ်းကျန်စား၊ ကျောင်းရေသောက်၊ ဆေးလိပ်တိုကောက်ဖွာ၊ ကြုံရာခိုး မင်းကြည်လှိုင်က လက်အုပ်လေးချီပြီး လျှောက်တယ်။

"ခု ... မပျံလွန်ပါနဲ့ဦး ဘုရား။ အကြွေးများရှင်းပြီးမှ ပျံလွန်တော်မူပါဘုရား" တဲ့။

✿ ✿ ✿

[၂]

❑

အစ်ကိုရဲမြင့်လေးရဲ့ မိသားစုတွေက ကျွန်တော့်ရဲ့ ဂမ္ဘီရစာဖတ်ပရိသတ်တဲ့။ ဒီလိုနဲ့ ရင်းနှီးသွားကြပြီး ကျွန်တော်တို့ ဆုံလေ့ရှိတဲ့ စိတ်ကူးသစ်စာပေ လေလျှံကုန်းကိုရောက်လာပြီး သူ့သူငယ်ချင်းများဖြစ်တဲ့ စာရေးဆရာ နန်းထိုက်စိုး၊ ငယ်စဉ်က တေဖော်တေဖက်၊ ဆိုးဖော်ဆိုးဖက် စာရေးဆရာ မှဆိုးကြီးလေးမောင်တို့ပါ ပြန်ဆုံပြီး ငယ်ရုပ်ဆင် တစ်သွင်ဆန်းဖြစ်ကုန်ပါရောခင်ဗျ။

"လေးမောင် ... သူငယ်ချင်း၊ မင်း ရှိသေးတယ်နော်။ ငါကြားတာက မင်း ကျိုက်ထီးရိုးတောင်ပေါ်က ကျသေသွားတယ်လို့ကြားလို့ ငါ့အမျိုးသမီးကလည်း စိတ်မကောင်းဖြစ်သွားတယ် ... လေးမောင်ရာ"

"ဟ ... ရဲမြင့်လေးရဲ့ မင်း ခုထိ ငယ်ငယ်ကအတိုင်း ပေါက်ကရပြောတုန်းပါပဲလားကွဟင်။ ငါ ဆင်နင်းတာတောင် မသေတဲ့ကောင်ပါကွ"





"နေပါဦး ... လေးမောင်။ ဆင်ကရော မင်းကို နင်းလို့လားဟင်"

"ဘယ်သေမှာလဲကွ။ ငါ့ကိုနင်းတာ တောထဲဆင်မဟုတ်ဘူး။ ကျောက်ဆည်ဆင်ပွဲက စက္ကူဆင်နင်းတာဟ"

"ဟား ... ဟား ... ဟား ... ဟား ... ဟား ... ခုချိန်ရောက်တဲ့အထိ မင်းရဲ့အကျင့်ဟာ ငါ့ရဲ့အကျင့်နဲ့ မတိမ်းမယိမ်းပါပဲ ... လေးမောင်ခရ ... ဟား ... ဟား ... ဟား ... ဟား ..."

အားလုံး ဓာတ်ပေါင်းကြလို့ ပျော်ကြလေရဲ့။

အဲဒီနေ့က တိုက်မှာလူစုံတယ်။ စားကြသောက်ကြရင်း အကြောင်းအရာစုံ ပြောရာကနေ ဂမ္ဘီရလိုင်းဘက်ကို ရွေ့သွားကြရော။ ရွေ့ပုံက ... ဒီလို ...

ဟိုတစ်နေ့က စိတ်ကူးသစ်စာပေပိုင်ရှင် ကိုတင်ထွန်းနဲ့ သူ့တပည့်မ ခမော်မော်တို့ကို အစ်ကိုရဲမြင့်လေးက မျက်လှည့်ပညာတစ်ခုကို အံ့ဖွယ်ပြလိုက်တယ်။

ကိုရဲက သူ့လက်မနှစ်ခုကိုပူးပြီး ကိုတင်ထွန်းတို့ကို အပ်ချည်ကြိုးနဲ့ အထပ်ထပ်နိုင်အောင် ချည်နိုင်းတယ်။

ဒါနဲ့ မမော်မော်က ကိုရဲရဲ့ လက်မနှစ်ခုကိုပူးပြီး အပ်ချည်ကြိုးနဲ့ လေးငါးဆယ်ပတ် ချည်နှောင်လိုက်တယ်။

"ပြုတ်နိုင်ပါ့မလား ... ကိုတင်ထွန်း"

"မပြုတ်နိုင်ပါဘူး ... ဆရာ"

"ပူးနေတဲ့ကြိုးချည်လက်မ ကွဲသွားအောင် ဘယ်လိုလုပ်မှရမှာလဲဗျာ"

"ပူးချည်ထားတဲ့ကြိုးကို ဖြေမှရပါမယ်။ ဓားနဲ့ဖြတ်မှရမှာ ခင်ဗျ"

"သေချာတယ်နော်"

"ဟုတ်ကဲ့"

"ကောင်းပြီ၊ ကျွန်တော့်လက်မနှစ်ခုကို ကြိုးချည်ထားပြီးပြီ၊ အဲဒီချည်ထားတဲ့ လက်မနှစ်ခုနဲ့ ဟောဒီကုလားထိုင်တိုင်ကို ဆောင့်ထိုးလိုက်မယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကြိုးလုံးမပြတ်ဘဲ တိုင်က ပူးချည်ထားတဲ့ လက်နှစ်ဖက်အတွင်းကို ရောက်ပြီး တိုင်နဲ့ ရင်ဘတ်ကပ်နေရမယ်။ အခု လုပ်ကြမယ်။ ဖြစ်နိုင်မှာလား”

“လက်မကြိုးလည်း မပြတ်ရဘူးနော်”

“ဟုတ်တယ်”

“တိုင်ပေါ်ကနေ လက်ကြိုးစွပ်ပြတာမျိုးလည်း မဟုတ်ဘူးနော်”

“ဟုတ်တယ်”

“လုံးဝမဖြစ်နိုင်ဘူး ဆရာ”

“ဘာလို့လဲဆိုတော့ ကုလားထိုင်ဒေါက်တိုင်က အပေါ်က လက်တန်းအုပ်ထားလို့ပဲလေ။ အပေါ်က စွပ်လို့မရပါဘူး”

“ကိုင်း ... ကြည့်နေ”

ဒီမှာ ကိုရဲ (ရဲမြင့်လေး)က တစ်စုံတစ်ရာပုဂ္ဂိုလ်ကို တိုင်တည်သလို ပြုရင်း ပါးစပ်ကလည်း ဂါထာလား၊ မန္တာန်လားမသိ ရွတ်သလိုလုပ်ပြီး နောက် ...

အပေါ်နဲ့အောက် ပိတ်ထားတဲ့ ကုလားထိုင်တိုင်ကို ပူးချည်ထားတဲ့ လက်မပူးနဲ့ ဆောင့်ထိုးလိုက်ရော ...

“ဟာ ...”

“ဟယ် ...”

ကိုတင်ထွန်းတို့ ဆရာတပည့် အလွန်အံ့ဩသွားတယ်။ အကြောင်းက တိုင်က လက်မနှစ်ခုအတွင်းကိုရောက်သွားပြီး ပူးချည်ထားတဲ့ လက်မနှစ်ခုဟာ ကြိုးချည်ထားလျက်တန်းလန်း တိုင်အပြင်ကို ရောက်သွားလို့ပဲ။

“မောင်တင်ထွန်း ...”

“ကြိုးပြတ်သွားလို့ ရင်ဘတ်ရှေ့ တိုင်ရောက်လာရတာလား ... ကြည့်စမ်း”

ကိုတင်ထွန်း လက်မပူးကြိုးကို အသေအချာကြည့်ရှုစစ်ဆေးလိုက်တယ်။ ဘုရားရေ ... ပူးချည်ကြိုး မပြတ်ဘူးဗျာ။

ဘယ်လိုလုပ်ပြီး တိုင်အတွင်းထဲ ဝင်သွားပါလိမ့်။

“မမော်မော် ...”

“ရှင် ... ဆရာ”





“မင်းချည်ထားတဲ့ကြိုး ခိုင်ရဲ့လား”

“ခိုင်ပါတယ် ဆရာ”

“ကြိုးပြတ်ပြီး တိုင်ဝင်သွားတာလား”

“မဟုတ်ဘူး ဆရာ”

“တိုင်ပေါ်ကနေ လက်ကို စွပ်ချလို့လား”

“မဟုတ်ပါဘူး ဆရာ”

“ကြိုးမပြတ်တာ နှစ်ယောက်လုံး သေချာတယ်နော်”

“ဟုတ်ကဲ့”

“ဟုတ်ကဲ့ရှင်”

“ကိုင်း ... သမီး၊ ညည်းချည်ထားတဲ့ကြိုး ညည်းဘာသာညည်း ဖြေစမ်း”

ဒါနဲ့ မော်မော်က ပူးချည်ထားတဲ့ လက်မကြိုးကို တစ်ရစ်ချင်း ပြန်ဖြေလိုက်မှ လက်နှစ်ဖက်လွတ်လပ်ပြီး တိုင်ကြားက ထွက်လို့ရသွားတယ်။ ကိုတင်ထွန်းတို့ လွန်စွာ အံ့ဩနေကြတာ။ ရှင်းသမှ သိပ်ကိုရှင်းတာ။

“ဆရာ”

“ပြောပါ”

“ဒါ ... မျက်လှည့်လက်လှည့် ဟုတ်ရဲ့လားဆရာ”

“မောင်တင်ထွန်းတို့ ဘယ်လိုမြင်လို့တုံး”

“မျက်လှည့်လက်လှည့်လို့ မထင်ဘူး။ ဂမ္ဘီရဆန်လွန်းတယ်လို့ ထင်ပါတယ်ဆရာ”

ဆရာရဲမြင့်လေးက ဘာမှဝန်မခံဘူး။ ရယ်နေပြုံးနေလိုက်တယ် ပဲ။

အခု ကျွန်တော်တို့ စာရေးဆရာများ လေလျှံကုန်းတိုက်ခန်းထဲ ရောက်ပြီး ကြုံရာသင့်ရာ ပြောနေရာကနေ ...

“မောင်ညိုမှိုင်းက ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ်ဝတ္ထုတွေကို စိတ်ဝင်စား တဲ့အကြောင်းအောင် ရေးနေတော့ အလွန့်ကို အံ့ဩစရာကောင်းတဲ့ ဖြစ်ရပ် ဆန်းကြယ်ဇာတ်လမ်းတစ်ခုကို အစ်ကိုပြောပြချင်တယ်။ ညီလေး ... ရေးထောင်မှာလား”



www.burmeseclassic.com

www.burmeseclassic.com



"နားထောင်မှာပေါ့ . . . အစ်ကိုရဲ့"

"အေး . . . မင်းအတွက် ဖြစ်ရပ်ဆန်းကြယ်ဝတ္ထု ဖြစ်သွားနိုင်မှာပါ။ လူ့လောကကြီးက တိကျစွာ အဖြေရှာလို့မရတဲ့ ဖြစ်ရပ်ဆန်းကြယ်အဖြစ်တွေ၊ ဘဝတွေနဲ့ ရောထွေးနေတယ်။ အဲဒါ လောကီဂမ္ဘီရဖြစ်ရပ်တွေပဲ။ နားထောင်ပါ"

(ဒီနေရာမှ အစ်ကိုရဲမြင့်လေးရဲ့ ဖြစ်ရပ်ဆန်းကြယ် ပညာရပ်တစ်ခုကို ပြောပြချင်ပါတယ်။ တစ်နေ့ ချဲဂဏန်းလိုက်ပေးနေတဲ့ ဘုန်းကြီးတစ်ပါးနဲ့ တိုက်ခန်းတစ်ခုမှာ ဆုံကြတယ်။ သူကလည်း အကြားအမြင်ရနေသလိုလိုတဲ့။ ဒါနဲ့ မျက်လှည့်လက်လှည့် ပဥ္စလက်များအကြောင်း ဆွေးနွေးရင်းကနေ ကိုရဲမြင့်လေးက ကောက်ကာငင်ကာ မေးလိုက်တယ်။

"ကိုယ့်တော်လွယ်အိတ်ထဲမှာ ပိုက်ဆံအိတ်ရှိတယ်"

"ဟုတ်ပါတယ်"

"ကိုယ်တော် ငွေဘယ်လောက်ထည့်လာသလဲ ဘုရား"

"တစ်သိန်းနီးပါးပါ"

"အတိအကျပြောနိုင်မလား ဘုရား"

"နီးပါးပါပဲ ဒကာကြီး"

"အရှင်ဘုရားရဲ့ ငွေအိတ်ထဲမှာ စုစုပေါင်း ငွေကျပ်ကိုးသောင်းပဲရှိနေပါတယ် ဘုရား"

"ဟုတ်ရဲ့လား . . . ဒကာကြီး"

ကိုရဲမြင့်လေးက သို့ကလိုပြောလိုက်တော့ ညွှန့်သည့်ဦးဇင်းက မယုံသလိုနဲ့ စာရေးဆရာ အယ်ဒီတာများရှေ့မှာ ပြောရော။ အနီးရှိ လူပုဂ္ဂိုလ်များကလည်း ကိုရဲမြင့်လေးလို ပြုံးစေ့စေ့နဲ့ ကြည့်နေကြလို့။ ကိုရဲမြင့်လေး ဖြီးဖြန်းနောက်နေတာလားလို့။

"အရှင်ဘုရားမယုံရင် အများရှေ့မှာ ချရေတွက်လိုက်ပါဘုရား"

ဒါနဲ့ ညွှန့်သည့်ဦးဇင်းက သူ့လွယ်အိတ်ထဲက ပိုက်ဆံသားရေအိတ်ကိုဖွင့်ပြီး တစ်ထောင်ငွေစက္ကူအုပ်ကို တစ်ရွက်ချင်း ရေတွက်လိုက်တယ်။

ဘုန်းကြီး အံ့သြသွားတယ်။

"ဘယ်လိုလဲ ဘုရား"

"ဒကာကြီးပြောသလိုပဲ ကိုးသောင်းကို တစ်ပြားမှပိုလည်း မပို၊





လျော့လည်း မလျော့ပါဘူး ဒကာကြီး။ အင်း . . . ဒကာကြီးပညာကလည်း ပေါ့သေးသေး မဟုတ်ပါလားဗျာ"

ဦးဇင်းသာမဟုတ်ဘူး အနီးရှိလူများပါ ကိုရဲမြင့်လေးရဲ့ပညာကို အံ့သြလေးစားသွားရတယ်။

[ကျွန်တော်က နောက်ပိုင်း အစ်ကိုရဲကို တိုးတိုးမေးကြည့်တယ်။ အစ်ကို ဟိုဘုန်းကြီးနဲ့ ဒီကိုမလာခင် ကြိုတင်လုပ်တိုင်ပင်ပြီးမှ အခြားသူများရှေ့မှာ ကိုယ့်ဘုန်းကြီးဒလန်နဲ့ ခပ်တည်တည်ပြောတာ၊ လုပ်ကြတာ မဟုတ်ဘူးလားလို့ ကျွန်တော် အထင်အမြင်နဲ့မေးတော့ မဟုတ်ပါဘူးတဲ့။ ဒီလိုပညာကျင့်စဉ်ကို သူ့ထက်မက တတ်ကျွမ်းတဲ့ပုဂ္ဂိုလ်တွေ ရှိပါသေးတယ်တဲ့။ ခုဟာ ဘိုးတော်တင်ဦးတို့လိုမျိုးပေါ့။ လေထဲကို လက်ဆန့်လက်ဝါးဖြန့် လှမ်းယူကြည့်လိုက်ရင် ခေါက်ဆွဲဆိုခေါက်ဆွဲ၊ စီးကရက်ဘူးဆို စီးကရက်ဘူး၊ ပုတီးဆို ပုတီး၊ ရုပ်ပွားလေးဆို ရုပ်ပွားလေး။ အံ့ဖွယ်ကောင်းအောင် ရောက်လာတာကို အရေးပါတဲ့ပုဂ္ဂိုလ်တော်တော်များများ အံ့ဖွယ်ကြုံရဖူးတာကိုး။]

ပြောရရင် ဒါက ပညာပိုင်းတစ်ရပ်ပါ။

နည်းနည်း အဆင့်မြင့်ပါသတဲ့။

နောက်တစ်နည်းက လက်လှည့်ပညာပါ။ ရှင်းရှင်းပြောရရင် လက်နဲ့လိမ်ပြတဲ့နည်းပါ။ ကိုရဲကလည်း ပွင့်ပွင့်လင်းလင်းပဲ ပြောပါတယ်။

ဖဲထုပ်အသစ်ကို ချက်ချင်းဝယ်ခိုင်းပြီး အခြားလူ လှမ်းယူထားတဲ့ဖဲကို ကုလားဖန်ထိုးထားတဲ့ဖဲပုံထဲက ဆွဲထုတ်ပြတာတို့။

ငါးယောက် ဖဲကစားရင်း . . .

ကုလားသုံးကောင်၊ ဆယ်ဖဲသုံးချပ်၊

ကိုးဖဲသုံးချပ်၊ သုံးဖဲ သုံးချပ်၊

တစ်ဖဲ သုံးချပ်၊ ငါးအိမ်မှာ ပွင့်တူကျသွားအောင် လုပ်ပြသွားတာမျိုး စိတ်ဝင်စားစရာ ကောင်းပါတယ်။

"အဲဒါက အစ်ကို လက်လှည့်လိမ်ပြတာ"

"ရှင်းတယ် . . . အစ်ကိုရာ"

"အဲဒီပညာကို ညီလေးတို့ကိုသင်ပေးရင် ခဏလေးနဲ့ တတ်ပါတယ်။ ကိုင်း . . . အစ်ကိုပြောချင်တာက ညီလေးတို့ စာရေးဆရာအဖွဲ့နဲ့



www.burmeseclassic.com

www.burmeseclassic.com



သိကျွမ်းရတာ ဝမ်းသာလို့။ ပြီး ဆင်နင်းလို့ သေပြီလိုလို၊ ကျားကိုက်လို့ သေပြီလိုလို၊ ကားတိုက်လို့ သေပြီလိုလို ကြားခဲ့ရတဲ့ သူငယ်ချင်း ဆိုးဖော်တေဖက် လေးမောင်ကြီးနဲ့ ဒီမှာပြန်တွေ့ရလည်း ဝမ်းသာလို့မဆုံးဘူး။ တစ်ခါ ညီလေးမောင်ညိုမှိုင်းကလည်း ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ် စာရေးဆရာဖြစ်နေတော့ ညီလေးလည်း စာရေးလို့ရအောင် ဖြစ်ရပ်ဆန်းကြယ်ဇာတ်လမ်းလေး ပြောပြချင်လို့ပါ။ နားထောင်ကြမှာလားဟင်''

''နားထောင်ချင်တာပေါ့ . . . အစ်ကိုရာ။ မြန်မြန်သာပြောပါတော့ ခင်ဗျား''

ကျွန်တော်က ဂမ္ဘီရဖြစ်ရပ်ဆန်း စာရေးဆရာဖြစ်တော့ သိချင်နေပြီလေ။

(မှတ်ချက်-ကိုရဲပြောပြသော ဇာတ်လမ်းကျောရိုးကို အဓိကထားပြီး ကျွန်ုပ်အယူအဆသဘောတရားနှင့် ပေါင်းစပ်ပြီး ဝတ္ထုအဖြစ် ပြန်လည်ရေးဖွဲ့ပါသည်)

✿ ✿ ✿

[၃]

❑

ကျွန်တော်တို့ မြန်မာလူမျိုးမှာ ရှေးတုန်းက လူအချို့ပြောနေကြတဲ့ စကားတစ်ခွန်းရှိတယ်။

မသာကိုဆောင်၊ ကျောင်းကိုရှောင်တဲ့။

အဓိပ္ပာယ်က မသာအသုဘပစ္စည်းက ဆောင်လို့ရနိုင်တယ်။ ဘုန်းကြီးကျောင်းကပစ္စည်းကို ရှောင်ပါတဲ့။

ဆိုလိုတာက မသာပေါ့နော် . . .





သေသူကျန်ရစ်တဲ့ အင်္ကျီ၊ မုဆိုး၊ အသုံးအဆောင်ကို လိုချင်တဲ့လူ ယူဆောင်လို့ရတယ်။ အဓိကက ငရဲမကြီးဘူး။ သေသူရဲ့ ဘဝပြောင်းဝိညာဉ်ကို မေတ္တာရပ်ခံပြီးယူရင် ယူကောင်းတယ်တဲ့။

သို့သော် . . .

ဘုန်းကြီးကျောင်းကပစ္စည်း၊ သစ်သား၊ အုတ်၊ သစ်ပင်၊ အခြားအသုံးအဆောင်ပစ္စည်းများပေါ့။ ဘုန်းကြီးကျောင်းပိုင်ပြီး ပစ္စည်းကို ခိုးလည်းမယူကောင်း၊ မသုံးကောင်းဘူး။ အလွဲသုံးစားလည်း မလုပ်ကောင်းဘူးတဲ့။

လုပ်ခဲ့ရင် သံဃာပိုင်ပစ္စည်းကို သံဃာခွင့်မပြုဘဲ သုံးသည့်အတွက် အကျိုးနိုင်တယ်။ အပြစ်ကြီးတယ်တဲ့။

သင်္ချိုင်းကုန်းတို့မှာ ကိုယ်အရက်သောက်ချင် သောက်လို့ရတယ်။ ကောင်းတဲ့မိန်းမနဲ့ အတူနေလို့ ရချင်ရမယ်။

ဘုန်းကြီးကျောင်းမှာ အဲဒါမျိုး မလုပ်ကောင်းဘူး။ ရှောင်ရမယ်လို့ ပြောတဲ့သဘောပဲ။ အပြစ်ကြီးတာကိုး။

ခုဟာ ပြောင်းပြန်ဖြစ်နေတယ်။

မသာ၊ အသုဘ၊ သင်္ချိုင်းကပစ္စည်းကို ယူရသုံးရထားရမှာကို ကြောက်ကြတယ်။

သေသူရဲ့ပစ္စည်းကို မသုံးရဲကြဘူး။

သင်္ချိုင်းကုန်းက ခေါင်းပျဉ်တို့၊ သွပ်တို့ကို အတော်များများ မသုံးကြဘူး။

အချို့ သေတ္တာတွေက သင်္ချိုင်းက လေမုန်တိုင်းတိုက်လို့လွင့်လာတဲ့ သွပ်ပြားနဲ့ လုပ်ထားတာ။ သုံးတဲ့လူက မသိကြဘူး။

သုံးရဲတဲ့လူကျတော့လည်း သင်္ချိုင်းကုန်းက အုတ်ရော၊ ခေါင်းပျဉ်ရော အိမ်သယ်ပြီး အမျိုးမျိုးသုံးတဲ့လူ သုံးနေကြတာပဲ။ ခေါင်းပေါ်က ခေါင်းထုပ်ပါ ယူစားနေကြတာပဲ။ ဘာမှမဖြစ်ပေါင်ဗျာ။ ခုဟာက မသာအိမ်တို့ သင်္ချိုင်းကုန်းတို့က ပစ္စည်းဆိုရင် မသန့်တဲ့ပစ္စည်းလို့ယူမှတ်ပြီး ရှောင်ကြတယ်။

ဒါလည်း မကောင်းဘူးမပြောပါဘူး။

မသုံးရင် ပိုသင့်တာပေါ့။ လူဆိုတာက အစွဲအလမ်းရှိတာများတာကိုး။ အစွဲအလမ်းမရှိတဲ့လူက နည်းတယ်။



www.burmeseclassic.com

www.burmeseclassic.com



သောတာပန်တို့၊ အနာဂါမ်တို့၊ ရဟန္တာတို့ မဟုတ်သေးဘဲကိုး။ သို့သော် တစ်လွဲဆံပင် ကောင်းနေကြတယ်ဗျ။

အချို့က ဘုန်းကြီးကျောင်းပစ္စည်းကို ကိုယ့်ပစ္စည်းလို သုံးနေကြတယ်။ ဘုရားဆောက်၊ ကျောင်းဆောက်မည့် သံ၊ ဘိလပ်မြေ၊ သစ်သား စသည်တို့ထဲက အချို့ကို အိမ်အတွက် ယူသုံးရဲတဲ့လူများ ကြောင်ကို ယူသုံး နေကြရဲ့ဗျာ။

ဘုန်းကြီးကျောင်းပိုင် ရန်ပုံငွေအချို့ ခပ်တည်တည် အလွဲသုံးနေ တယ်။ ပစ္စည်းမှန် တန်ဖိုးပေါ်မှာ တင်ရိုက်ငွေပိုပြုပြီး ဘောက်ချာတွေနဲ့ နိုး စားပုန်းစားသူ အချို့ရှိနေတယ်။

ဘုန်းကြီးရဟန်းသံဃာ ငွေမကိုင်ရတော့ ကိုင်ရတဲ့ လူလည်အချို့ က ပန်းရန်နဲ့ပေါင်း၊ လက်သမားနဲ့ပေါင်း၊ ကန်ထရိုက်နဲ့ပေါင်းပြီး ကိုယ့်အိတ် ထဲ ထည့်ဝါးနေကြတယ်။

နည်းနည်းပဲသုံးသုံး၊ များများပဲသုံးသုံး ကျောင်းပိုင်ဘုရားပိုင်ပစ္စည်း ကို ပန်းတစ်ပွင့်ကအစ အလွဲသုံးစားပြုရင် အဲဒါ အပြစ်ကြီးတယ်။

ဘုန်းကြီးရဟန်း မသိပေမယ့် ငရဲပြည်က သိနေတယ်။

ငရဲပြည်ဆီပူအိုးက လာလော့လာလော့နဲ့ ပွက်ပြီးအသံပြုနေတာ ကို ကြားကြပါကုန်လော့။

ဒါကြောင့် မသာကိုဆောင်၊ ကျောင်းကိုရှောင်လို့ ပြောကြတာ ပါ။

ဒါမှမဟုတ်။

မသာကိုရှောင် ကျောင်းကိုဆောင်လို့ ပြောင်းပြန်လုပ်ပြီး မသာ ပစ္စည်းမှန်ရင် ရှောင်ကြ။

ကျောင်း၊ ဘုရား၊ စေတီ၊ သိမ်ကပစ္စည်းက ဘုန်းရှိတယ်။ ကံ တယ်။ ပြောပြော မပြောပြော။ ခွင့်တောင်းတောင်း မတောင်းတောင် ယူသာယူ၊ သုံးသာသုံး၊ စားသာစားဆိုပြီး လုပ်ချင်သပ။ တချို့ ပြောင်း သပဆိုလည်း ကိုယ့်သဘောအတိုင်း လုပ်နိုင်ပါတယ်။

ဆင်ဆင်ခြင်ခြင်ပြုကြဖို့ပဲ အကြံပြုချင်တာပါ။

ချကြည့်စမ်း . . .





သာကေတမြို့နယ် ( ) ရပ်ကွက်ထိပ်က အမှိုက်ပုံကြီး က တောင်အငယ်စားလောက်ကို ကြီးနေတာ။ မြို့ထဲကအမှိုက်တွေလည်း အဲဒီအချိန်ကာလတုန်းက လာပုံကြသကိုး။

အမှိုက်ပုံကြီးနဲ့ မလှမ်းမကမ်းမှာ နေထိုင်ကြတဲ့ အိမ်တွေကလည်း သွန်စရာ၊ စွန့်စရာ၊ ပစ်စရာပစ္စည်းမှန်သမျှ ဒီအမှိုက်ပုံကြီးမှာပဲ စွန့်ပစ် ကြတယ်။

ဒီ နှစ်ထပ်တိုက်အမြင့်နီးပါးရှိတဲ့ အမှိုက်ပုံဝန်းကျင်မှာ ပျံကျ ဈေး သည်ဈေးလှင့်များကလည်း စွန့်ပစ်အစာဟောင်းတွေကို လာရှာဖွေစားသောက် ကြတော့ ဈေးကလည်း တရုန်းရုန်းပဲ။ နံတာလည်း နံပေါ့။

သံတိုသံစ၊ ပလပ်စတစ်နဲ့ စက္ကူလိုက်ရှာတဲ့ အညတြဆင်းရဲသား များမအရွယ်မျိုးစုံကလည်း နေ့တိုင်းကို ရှိနေတာ။

အမှိုက်ပုံကြီးဝန်းကျင်မှာ မသာအိမ်ကစွန့်ပစ်တဲ့ အကျႌ၊ ပုဆိုး များ၊ ခေါင်းအုံးများ၊ မသာတင် ဝါးကပ်များ၊ ရေအိုးကွဲ စသည့် ပစ္စည်း တွေလည်း ရှိနေတာပဲ။

ဈေးအချို့က မသာအိမ်ကစွန့်ပစ်ထားတဲ့ ခေါင်းအုံးတို့၊ ပုဆိုးတို့ ကို ကိုက်ချိပြေး၊ နီးရာ အချို့အိမ်တွေရဲ့ အိမ်အောက်ကို လာချထားတာ လည်း ရှိတယ်။

အဲဒီကျရင် ရပ်ကွက်ဆူညံနေတာလည်း ရှိရဲ့။

တစ်ခါ အမှိုက်ပုံကလည်း သွားလမ်းလာလမ်းမကြီးရဲ့ အနီးမှာ ဆိုတော့ အရပ်ရပ် လမ်းကြုံမသာကလည်း လမ်းကြုံပြီး မသာစွန့်ပစ် ပစ္စည်းတွေ လာလွှင့်ပစ်ကြတာပဲ။

အကျႌကောင်း၊ ပုဆိုးကောင်း၊ အသစ်နီးပါးအထုပ်ကို ရသွားတဲ့ အမှိုက်ကောက်သမားကတော့ ဟန်ကျသွားရောဗျ။

တစ်ခါတုန်းက . . .

အိုးမည်းဆိုတဲ့ အမှိုက်ကောက်သမားလေးရယ် ကံကောင်းချင် သံသေတ္တာတစ်လုံး လာစွန့်ပစ်သွားတာကို ရသွားတယ်။ သံသေတ္တာ ည်း သုံးလို့ရသေးတယ်။

အဖုံးကို ဖွင့်လိုက်ရော . . .

ပုဆိုးလတ်လတ်က ငါးထည်။



www.burmeseclassic.com

www.burmeseclassic.com



အကျီလက်တို၊ လက်ရှည် လတ်လတ်က ငါးထည်၊ တိုက်ပုံအကျီက တစ်ထည်ရလိုက်ပါရောဗျာ။

အဲဒါ ဝမ်းသာအားရ အိမ်ယူသွားပြီး သူက အမေမအိုးကွဲကို ပေးလိုက်တော့ အိုးကွဲနှင့် သူ့ရဲ့လင် ကိုငမောင်းကြီးတို့ ဝမ်းသာလွန်းလို့။

ပုဆိုးကောင်းကောင်း လတ်လတ်လေးတစ်ထည်နဲ့ တက်ထွန် ရှပ်အကျီအဖြူလက်ရှည် တစ်ထည်ရယ်၊ တိုက်ပုံအကျီရယ်ကို ယူထားလိုက်တယ်။

"ကိုမောင်း ... ရှင်ဝတ်ကြည့်စမ်း"

ကိုမောင်းကြီးက အကျီဖြူလက်ရှည်နဲ့ ပုဆိုးကွက်စိပ်လေးကို ဝတ်ကြည့်လိုက်တယ်။ အတော်ပဲ။

"တိုက်ပုံအကျီ ထပ်ဝတ်လိုက်လေတော်"

ချစ်ဇနီးမိအိုးကွဲရဲ့ အမိန့်တော်မြွက်အတိုင်း တိုက်ပုံအကျီ အနီရောင်လေးကို ထပ်စွပ်လိုက်တယ်။ ပရှပ်နဲ့လေး သင်းနေတုန်းပဲဗျာ။

"ကြည့်စမ်းတော် ... ရှင် ခုမှ လူနဲ့သူနဲ့တူသတော်"

မိအိုးကွဲက မည်းတူးပိန်ခြောက်နေတဲ့ သူ့လင်ကိုကြည့်ပြီး ချီးကျူးတယ်။

"ဟဲ့ ... အိုးကွဲ"

"ဘာတုံး ... ကိုမောင်း"

"အရင်က ငါက လူနဲ့မတူလို့လားဟ ... ဟင်"

"ပုဆိုးဖင်ပေါက်၊ စွပ်ကျယ်အစုတ်နဲ့ ကန်စွန်းရွက် ရေလုံပြုတ်စားနေတဲ့ရှင်ရော ကျွန်မရော ဘယ်မှာလူနဲ့တူလို့တုံး။ ခု ရှင် ဝတ်ကောင်းစားလှဝတ်ပြီး တစ်သက်လုံး မဝတ်ဖူးတဲ့ တိုက်ပုံနဲ့ဆိုတော့ ဟိုဘက်ရပ်ကွက်က ရပ်ကွက်ဥက္ကဋ္ဌ ကိုထိပ်ကွက်နဲ့ တူလိုက်တာတော်။ ဟဲ့ ... သား အိုးမည်း၊ နင့်အဖေကို ကြည့်စမ်း၊ ဘယ်သူနဲ့တူတုံးသားရဲ့ ဟင်"

"အဖေလား"

"အေးလေ ... ဝတ်ကောင်းစားလှနဲ့ဆိုတော့ ဘယ်သူနဲ့တူတုံး ဟဲ့ ... သားကြီးရဲ့ ပြောစမ်း၊ ချီးမွမ်းစမ်းဟဲ့"

"အင်း ... အင်း ..."





"မြန်မြန်ပြောပါဟဲ့ အနာကျလေးရဲ့။ ဘယ်မင်းသားနဲ့များ တူတုံး အိုးမည်းရဲ့"

"တူတယ်ဗျ"

"အေး ... ဘယ်သူနဲ့တုံးဟဲ့"

"အဖေက အဖေနဲ့ သိပ်တူတာပဲဗျ"

"ဟင် ..."

"ဟား ... ဟား ... ဟား ... ဟား ... ဟား ... အဲဒါမှ ပြီးသားကွ။ မှန်လိုက်လေကွာ ... အဖေက အဖေနဲ့တူသတဲ့ဗျာ ... ဟား ဟား ... ဟား ..."

"အနာကျကောင်လေး ... ငါကတော့ ရုပ်ရှင်မင်းသားနဲ့ တူတယ် တို့များ ပြောမလားလို့ ... ဖွီ"

"အမေ ... ကျွန်တော် အမှိုက်ပုံကို သွားရှာဦးမယ်"

"နေဦး ... ထမင်းနဲ့ ပဲကတ္တီပါပြုတ်ရှိတယ်။ ငါးပိရည်နဲ့ ဆမ်း စားသွား။ အမေ ပိုတာတွေ ပုဇွန်တောင်ဈေးက အဟောင်းဆိုင်မှာ သွား ရောင်းလိုက်ဦးမယ်။ ညနေကျမှ ငါးလေးဘာလေး ဝယ်ချက်မယ်။ ဒါနဲ့ ကိုမောင်း ..."

"ဘာတုံး ..."

"တော် ... ကျုပ်မရှိတုန်း တိုက်ပုံနဲ့ ဂိုက်ပေးမနေနဲ့။ ဟို ... မိဘုတ်တို့၊ မိပြားတို့မြင်ရင် ရှင့်ကို သဘောကျ၊ ဇိဗ်ဆက်နေဦးမယ်။ ကျုပ် ဘာဘာညာညာ မကြားချင်ဘူး။ သိတယ်နော်"

"အေးပါဟာ ... အိုးကွဲရာ၊ နင်ကလည်း"

"တော် ... ဘာမှာဦးမှာလဲ"

"ပိုက်ဆံများများရရင် ဘီယာသံဘူးတစ်ဘူးနဲ့ ကြက်ဆီဖူးကြော် ဝယ်ခဲ့စမ်းပါ ... မိန်းမရာ"

"မသာ .. သေချင်းဆိုး၊ တစ်သက်လုံး အရက်ဖြူတောင် နပ်ကျော် သောက်နေတဲ့လူကများ ပါးစပ်မိုးကြိုးပစ်အောင် ပြောရတယ်လို့ ... ထွီ"

ကိုမည်းကြီးက သူ့မိန်းမရဲ့ အဆဲလေးစွက်ပြီး မျက်စောင်းထိုး ပြောလိုက်တဲ့ စကားလုံးများက သူ့ရင်ညွန့်ကိုဖောက်ပြီး နှလုံးသားထဲ ရှိမ့် သွားတဲ့ အရသာကို ပြုံးပြုံးကြီးခံစားပြီး ရယ်နေလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



သည့်နောက် ပုဇွန်တောင်အဟောင်းဈေးမှာ ရောင်းရမည့် မသာ ဇွန်ပုဆိုးလတ်လတ်လေးများကို ပလပ်စတစ်ဆွဲခြင်းထဲ ထည့်လိုက်တယ်။

ဖြစ်နိုင်ရင် ဒီလိုပုဆိုး လတ်လတ်သစ်သစ်လေးတွေ သူမရဲ့ လင်တော်မောင် အသားမည်းကို နေ့စဉ်ထည့်လဲ ဝတ်စေချင်ပါတယ်။

သို့သော် ...

ကိုယ့်ဘဝကလည်း အမှိုက်နယ်မြေမှာ ကျူးကျော်ပြီး တဲအိမ်သေးသေးလေးမိုးနေရတာ။ ယောက်ျားလုပ်သူက ကျန်းမာရေးမကောင်းဘူး။

သားလေးအိုးမည်းက အမေနဲ့အတူ အမှိုက်ပုံမှာ ပလပ်စတစ် သံတိုသံစ၊ ပုလင်းကွဲ၊ စက္ကူစုတ်၊ တိုလီမိုလီများကောက်ပြီး ရောင်းစားနေလို့ မနက်ထမင်း ညဟင်း မှန်နေရတာ။

ကျူးကျော်တဲများလည်း မဖျက်ပါစေနဲ့။

အမှိုက်ပုံကြီးလည်း ကန်ထရိုက်သူဌေးများ၊ နိုင်ငံခြားသား စီးပွားရေးသမားကြီးများလည်း မရောင်းပါစေနဲ့လို့ နေ့စဉ် ဘုရားရှိခိုး ဆုတောင်းနေရတယ်။

ဘာကြောင့်လဲဆိုတော့ ...

သာကေတရပ်ကွက် အတော်များများက လက်လုပ်လက်စား ပုံကျတွေအဖို့ ဒီအမှိုက်ပုံကြီးက ရွှေတွင်းငွေတွင်းကြီးပဲလေ။

"ဟဲ့ ... သားလေး၊ အိုးမည်း"

"ဗျာ ... အမေ"

"အမေဝတ်ဖို့ ထဘီလေးဘာလေးများ ကြိုးစားရှာစမ်းပါဟဲ့"

"စိတ်ချ အမေ၊ ကျွန်တော် အမေ့အတွက် ရအောင်ရှာပေးမယ်။ မပူနဲ့"

သူ့အမေ ဈေးရှိကားဂိတ်ကို ထွက်သွားတော့ အိုးမည်း စဉ်းစားတယ်။ အကျီကောင်း၊ ထမီကောင်းကောင်းရဖို့ကလည်း ဆင်းရဲသား သူလိုကိုယ်လို လူစားမျိုးသေလို့က မရဘူးလေ။

သူတို့က သေသူရဲ့ခေါင်းအုံး အစုတ်လောက်ပဲ ဒီအမှိုက်ပုံမှာ လာလွှင့်ပစ်တာ။

အကျီစုတ်၊ ထဘီစုတ်တောင် မပါဘူး။





ဘာလို့လဲဆိုတော့ အစုတ်ကို ဖာထေးဝတ်နေရတာကိုး။ သူဌေးလိုမသာမျိုး၊ ပိုက်ဆံအတန်ရှိတဲ့မသာမျိုး၊ ကြီးကြီးကျယ်ကျယ် လူစားမျိုးမသာတွေလာမှ သူတို့က သေသွားသူရဲ့ အကျီ၊ ပုဆိုးတွေကို လာစွန့်ပစ်တာ။ မသုံးရဲကြဘူးလေ။

အမေ့အတွက် ထဘီဆိုတာက ...

အဲဒီလို ပိုက်ဆံရှိတဲ့မိန်းမ မသာမျိုး။

ပြီး ... စွန့်ပစ်ရဲတဲ့ ဆန္ဒလည်း ရှိမှ။

တစ်ခါ ...

အဲဒီလို စွန့်ပစ်နေတုန်း ကိုယ်လိုသူလို စောင့်နေတဲ့ ထွန်းအုံတို့၊ ကုလားပုတို့၊ မိအေးကျယ်တို့ ဦးတော့ကျိုးတို့လိုလူတွေနဲ့ ပြိုင်လုရမှာ။

ကိုယ်ဦးမှ ကိုယ်ရမှာလေ။

စိတ်ချပါ၊ အမေ့အတွက် ပါတိတ်ထဘီလတ်လတ်လေး ရအောင်ကြိုးစားမှာပါ။ အမေ ပါတိတ်ထဘီဝတ်ပြီး တိုက်ပုံဝတ်အဖေနဲ့ တွဲသွားတာကို မြင်ချင်ပါတယ် ... အမေရာ။

✿ ✿ ✿

[၄]

❑

ဒီကျူးကျော်အိမ်လေးများ အဖို့ကတော့ ဒီလိုသေသူရဲ့ စွန့်ပစ်ပစ္စည်းသုံးရတာ မကြောက်ပါဘူးဗျား။

လူအချို့က မသိလို့ပါဗျာ။

အချို့ မှို့ခေါင်းအုံးတို့၊ မွေ့ရာတို့မှာ မသာခေါင်းအုံး၊ မွေ့ရာ မှို့အဟောင်းတွေရောထည့်ပြီး ခေါင်းအုံးအသစ်၊ မွေ့ရာအသစ်လုပ်ရောင်းတာလည်း မသမာသူ စီးပွားရေးသမားအချို့ ရှိနေတယ်။



www.burmeseclassic.com

www.burmeseclassic.com



သေတော့ သုံးမိတာပဲ။

အထည်အဟောင်းဈေး ပိုဆိုးတာပေါ့ဗျာ။

ဘာဖြစ်လဲဗျာ။ သေသွားသူရဲ့ ပစ္စည်းဝတ်တော့ရော။ နူသွားလို့ လားဗျာ၊ ပုံ့သွားလို့လားဗျာ။

အချို့က သည်းသည်းလှုပ်နေကြတယ်။

ကိုယ်လည်း မသေမှာကျနေတာပဲ။

သချိုင်းကုန်းနားက အိမ်အချို့ဆိုရင် ခေါင်းပျဉ်တွေချိုးခွဲပြီး ထင်း အဖြစ် သုံးနေကြတာပဲ။ အိမ်အကာလည်း လုပ်ကြတာပဲ။

အစွဲအလမ်းကြီးတဲ့ သေသူရဲ့ဝိညာဉ်က လာပြန်တောင်းရင်တော့ ပြန်စွန့်လိုက်ပေါ့ဗျာ။ ဒါမျိုးကလည်း မရှိမဟုတ်ဘူး။ ရှိတော့ရှိတယ်။ သို့ သော် ရှားပါတယ်ဗျာ။

အချို့များဗျာ ...

အဖိုးတန်မှန်းသိလို့ အုတ်ဂူဖောက်ပြီးတောင် သေသူနဲ့ထည့်ပေး လိုက်တဲ့ ပစ္စည်းတွေ ခိုးသေးမဟုတ်လား။

ဟောကြည့် ...

အသံတွေ ကြားရပါပြီဗျာ။

"ဟဲ့ ... မိဆွဲမိ၊ ဝိုင်းတာမရဲ့ ... ဟင် ... ခွေးလေခွေးလွင့် တွေမွေး၊ နင့်လင်တွေက အမှိုက်ပုံက မသာခေါင်းအုံးတွေ၊ ထဘီအစုတ် တွေ၊ စားကြွင်းစားကျန် အထုပ်တွေကို ငါ့အိမ်အောက်ကို ချီလာချ။ ကျက် သရေမရှိဘူး။ ဟဲ့ ... အမျိုးယုတ်မ မိဆွဲမိရဲ့၊ နင့်လင် ခွေးဝဲစားတွေကို နင်နိုင်အောင် ထိန်းရင်ထိန်း၊ မထိန်းရင် နောက်တစ်ခါဆို နင့်ပါး ရှစ်စိတ် ကွဲပြီသာမှတ် ... ထို့ ..."

ဒေါ်ဆွဲမိရဲ့အိမ်ရှေ့မှာ မျိုးစုံ ဆဲရေးတိုင်းထွာနေတာ။ အမယ် ... ကြီးဒေါ်ဆွဲမိက ဘာတစ်ခွန်းမှ ပြန်မပြောဘူး။ လူသံကြားလို့ ဝိုင်းလာကြ တဲ့ အမှိုက်ပုံခွေး(ခေါ်) ခွေးလေခွေးလွင့်များကို အသာ မောင်းနှင်ထုတ်လိုက် တယ်။

အခု (အမိုးခေါင်မလုံပဲ) အိမ်ရှေ့ကနေ ခုနစ်သံချီ ဟစ်ဆဲနေတဲ့ အမျိုးသမီးက ဝတ်ကောင်းစားလှနဲ့ ရွှေဆွဲကြိုးတစ်ဆယ်သားလောက်ကြီး ဆွဲပြီး မျိုးစုံဆဲနေတာ။





ဖြစ်ပုံက ဒီလို ...

အမှိုက်ပုံမှာ ပေါက်ဖွားတဲ့ ခွေးပေါက်ကလေးတွေကို အဘွားဒေါ် ဆွဲမိက သနားလို့ အရွယ်ရောက်တဲ့အထိ စောင့်ရှောက်တယ်။

ဒေါ်ဆွဲမိကလည်း အမှိုက်ပုံကို အမှီပြုပြီး ဝမ်းစာရှာသူပါပဲ။ တစ် ကိုယ်ရေ တစ်ကာယသမားဆိုတော့ ရှာဖွေလို့ရတဲ့ ပစ္စည်းလေး ရောင်းချ ရတာ ငွေပိုငွေလျှံလေး စုမိရဲ့။

အဲဒီဆင်းရဲသားရပ်ကွက်ထဲကြွတဲ့ ရဟန်းသံဃာ သုံးလေးပါးကို ငှက်ပျောသီးတစ်လုံးစီ၊ ဒါမှမဟုတ် ဘယာကြော်တစ်ခုစီ နေ့တိုင်း လောင်း လှူတယ်။

ခုဘဝ ဆင်းရဲတွင်း နက်လွန်းလို့ ...

နောင်ဘဝမှာ နိဗ္ဗာန်မရောက်ဘဲ လူပြန်ဖြစ်ခဲ့ရရင် ခုဘဝလို ဆင်းရဲဘဲ လှူနိုင်တန်းနိုင်သူဖြစ်ရပါလို၏လို့ ဆုတောင်းရှာတယ်။

ပြီး ... ဆန်ကြမ်း နို့ဆီဘူးနှစ်လုံး၊ ဒါမှမဟုတ် ဆန်ကွဲနို့ဆီဘူး နှစ်လုံးခန့်ကို မသာအိမ်က အမှိုက်ပုံမှာ လွှင့်ပစ်ခဲ့တဲ့ မသာအောက်ခံ ဝါး ကပ်ဝါးတွေ အခြောက်ခံစုပြီး ထင်းလုပ်လို့ ယာဂုဆန်ပြုတ်ပြုတ်တယ်။

ပြီးရင် ခွေးပေါက် အကောင်နှစ်ဆယ်ခန့်ကို ကျွေးတယ်။ အဲဒါ ဆင်ပတ်မှာ သုံးခါကျွေးတော့ ခွေးပေါက်ကလေးတွေရော၊ အမှိုက်ပုံက ခွေး များက အဖွားဒေါ်ဆွဲမိကို ခင်မင်သံယောဇဉ်ဖြစ်နေကြတယ်။

ဒေါ်ဆွဲမိသွားရာကို ခွေးအုပ်က လိုက်နေတာပဲ။

ညဘက်အိပ်ရင်လည်း ဒေါ်ဆွဲမိတဲစုတ်လေးရှေ့မှာ စုပြုံအိပ်ကြ တာပဲ။ ဒီတော့ ခွေးပိုင်ရှင် ဒေါ်ဆွဲမိဖြစ်ကရော။

သို့သော် ...

အမှိုက်ပုံခွေးများပီပီ စားကြွင်းစားကျန် စွန့်ပစ်ထုပ်တွေကို ချီ လာပြီး ဟိုးတစ်ခေါ်မရှိတရှိက အိမ်ကြီးအိမ်ကောင်းများ အိမ်အောက်ချီ လာပြီး စိမ်ပြေနပြေ စားတာတော့လည်းရှိတယ်။

လူမြင်လို့လိုက်ရင် ပစ်ထားခဲ့တာလည်း ရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ စွန့်ပစ်မသာခေါင်းအုံးဟောင်း ချေးညှိတက်တွေ ချီသွားပြီး သူတို့အိမ်အောက်မှာ ဆော့ကစားတာသိသွားတော့ မျက်ကလူးဆံပြာဖြစ်ကြ။

လန့်ဖျပ် ကြက်သီးမိုးသီးထကြ၊ အိပ်မက်ဆိုးတွေမက်ပြီး သည်းသည်းလှုပ်ကို ဖြစ်ကုန်ပါရော။

အဲဒါ အိမ်လေးငါးအိမ်မှာဖြစ်တာဆိုတော့ ဒီခွေးလေခွေးလွင့်များကို သားသမီးလို ကျွေးမွေးစောင့်ရှောက်နေတဲ့ အဘွားဒေါ်ဆွဲမိကို အပြစ်ပြောပြီး ဆဲရေးတိုင်းထွာ အပြစ်ပြောကြရော။

"ကျွန်မ လာပစ်လို့လားရှင်"

"ဟဲ့ ... နင်မပစ်ပေမယ့် နင့်လင်နင့်သားသမီးတွေ ချီလာပြီး ပစ်ထားတာဟဲ့။ မသန့်တဲ့ မသာခေါင်းအုံးတွေဟဲ့။ နင်တို့လို စားစရာမရှိ၊ သောက်စရာမရှိတွေသာ အဲ့ဒီမသာခေါင်းအုံးကို ပြန်သုံးကြ၊ မသာထဘီကို ဝတ်ကြ။ နင့်လင်တွေလုပ်တာကို နင်တာဝန်ယူ ... ထို့ ..."

ဘွားဆွဲမိက ဘယ်လိုလုပ် တာဝန်ယူရမှာလဲ ဟင်။

ခွေးတွေကို ဟိုအိမ်ကြီးအိမ်ကောင်း အိမ်တွေအောက် စားကြွင်းစားကျန်ထုပ် မချနဲ့၊ မသာစွန့်ပစ်ခေါင်းအုံးတွေ ချီမသွားနဲ့လို့ ပြောရောရလို့လား။

လူမဟုတ်ဘူးလေ။ သူတို့က တိရစ္ဆာန်။

လုပ်ကောင်းမလုပ်ကောင်း၊ သင့်မသင့် သိမှာလားလို့။ နောင်တော့ စည်ပင်သာယာကို သွားပြောကြသနဲ့ တူပါရဲ့။ တစ်နေ့ အဆိပ်အမဲသားတုံး လာပစ်လိုက်တာ အမှိုက်ပုံခွေးအတော်များများ သေကုန်တယ်။

ခွေးရူးရောဂါဖြစ်မှာစိုးလို့ ကြိုတင်ကာကွယ်တာတဲ့။

ဩော် ... လူရူးတွေကျတော့ ကြိုတင်ကာကွယ် မရှင်းလင်းကြဘူး။ ဥစ္စာရူးတွေ၊ ပညာရူးတွေ၊ ရာထူးရူးတွေ၊ ဘဝင်ရူးတွေ၊ ချမ်းသာတာ ပြိုင်ကြွားနေတဲ့ အရူးတွေ။

သူ့လင်ကြီးရတဲ့ဝင်ငွေနဲ့ ငါ့လင်ကြီးရတဲ့ဝင်ငွေ ပြိုင်နော ရူးနေကြတဲ့ ဦးနှောက်ပုံမှန်မဟုတ်သူတွေကျတော့ ဆင်းဒဝ်ချိထဲမှာ အဆိပ်ထည့်ကျွေး ကြိုတင်ကာကွယ်ရေး မလုပ်ကြဘူး။





သိပ်ကိုတရားမျှတတဲ့ တရားစီရင်ရေးပဲ။

ခွေးရူးထက် လူရူး (လူ့ဘဝင်မြင့် ကိုကြီးကျယ်၊ မကြီးကျယ်တို့) ကိုက်ရင် တုတ်တစ်ပျက် ဓားတစ်ပျက်ဖြစ်ပြီး ရုံးပြင်ကနားရောက်၊ ငွေများ တရားနိုင် ဖြစ်ကုန်ရော။

ဒီလိုလူမျိုး မပျောက်သလို ...

ပျံကျခွေးမျိုးလည်း လုံးဝ မပျောက်ပါဘူးဗျာ။

အချိန်တန်တော့လည်း အမှိုက်ပုံကြီးရှိရာအရပ်ကို လူဆင်းရဲသားတွေရော ခွေးဆင်းရဲသားပိုင်ရှင်မဲ့တွေလည်း လာရောက်၊ သားပေါက်၊ ပွားများပြီး ပျော်မွေ့ဝမ်းကျောင်း ပြုနေကြ။

အဘွားဒေါ်ဆွဲမိရဲ့ မွေးစားသားသမီးတွေဖြစ်ကုန်ပြီး အမှိုက်ပုံကြီး ထီးရိပ်ကို ခိုနေကြရတာပဲ။

✿ ✿ ✿

[၅]

❑

တစ်နေ့ မနက်ခင်းမှာပေါ့ ...

ဘွားဆွဲမိရဲ့အိမ်ရှေ့မှာ ဒေါ်ကြီးမြတ်တင့်တယ်ဆိုတဲ့ လူချမ်းသာကြီးရယ် ...

သူ့နောက်မှာ ကုလားလေးတစ်ယောက်က ချေးညှိတက်၊ ဆီနဲ့ ညစ်နေတဲ့ ခေါင်းအုံး (အမှန်က မသာအိမ်က စွန့်ပစ်တဲ့ခေါင်းအုံး) ကိုပြီး ဘွားဆွဲမိရဲ့ ခနော်နီခနော်နဲ့တဲ့ ရှေ့မှာ ရောက်လာပါရော။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ဆွဲမိ"

"ဆွဲမိ ... မိုင်းတာမ"

"ရှင် ... ရှင် ... လာပါပြီရှင်"

"ဒီမှာကြည့်စမ်း ... ဆွဲမိ။ ဟောဟိုခေါင်းအုံးဟာ မသာအိမ်ကစွန့်ပစ်တဲ့ ခေါင်းအုံးမျိုးပဲ။ ကျက်သရေမရှိတဲ့ ခေါင်းအုံးကို နင့်လင်တွေ ချီလာပြီး ငါ့ခြံစည်းထဲ ချသွားတယ်။ ငါတို့ကို သေသွားတဲ့ မသာဝိညာဉ်က သူ့ခေါင်းအုံး ယူထားရမလားဆိုပြီး ငါတို့မိသားစုပါ အသက်လာနုတ်သွားရင် ကိုယ်ကျိုးနည်းရောဟဲ့ ဖေတစ်ရာ သူ့တောင်းစားမရဲ့။ ငါတို့တော့ အသေမခံနိုင်ဘူး။ နင်မြန်မြန်သေရအောင် နင့်လင်ချီလာတဲ့ မသာခေါင်းအုံးကို ... ဟဲ့ ... ကုလားပု"

"ခင်ဗျာ ... အမေကြီး"

"ဒီမိဖေရဲ့ တဲစုတ်ထဲရောက်အောင် လွှင့်ပစ်လိုက်စမ်း"

"ဟုတ် ..."

ပါလာတဲ့ကုလားလေးက ချေးညှိတက်မည်းပေနေတဲ့ (သေသူအုံးခဲ့သည့်ခေါင်းအုံး)ကို ဘွားဆွဲမိရဲ့ တဲစုတ်အထဲရောက်အောင် အားနဲ့ လွှဲပစ်လိုက်တာ ဖုံးဆို ဝင်ကျသွားရော။

"ဒီမှာ ... ဟဲ့ကောင်မရဲ့ အဲဒီလိုမင်္ဂလာမရှိတဲ့ အမင်္ဂလာပစ္စည်းကို နင်တို့သုံးပြီး နင်တို့ပဲ မြန်မြန်သေကြဟဲ့ ... ထွီ ..."

ဟိုးအလျင်က ပိုက်ဆံရှိ မိန်းမကြမ်းကြီးများ လိုပါပဲ။ ဘွားဆွဲမိကို ရစရာမရှိအောင် ဆဲရေးတိုင်းထွာပြီး ခြေဆောင့်လို့ ထွက်သွားရော ...

"အူ ... အူ ... အူ ..."

"ဝူ ... ဝူ ... အူ ... အူ ..."

"ဟဲ့ ဟဲ့ ... အမလေး"

"အိန် ... အိန် ... ဂိန် ... ဂိန် ... ဂိန်"

ဒေါ်ကြီးမြတ်တင့်တယ်ဆိုတဲ့ မိန်းမကြီးလည်း ဒေါမောနဲ့ ထွက်သွားရော ခပ်လှမ်းလှမ်းက စောင့်ကြည့်နေတဲ့ ခွေးအုပ်ကြီးက သူမကိုကြည့်ပြီးအူလို့၊ နောက်ကနေ လိုက်ကြရောဗျို့။





"အမလေး ... ဘုရား ... ဘုရား ... ဗုဒ္ဓေါ ... ဗုဒ္ဓေါ"

"ကု ... လား ... ပု ... ငါ့ကိုစောင့် ... စောင့် ... အမလေး ဆောင့် ..."

ပြေးရင်းပြေးရင်းက ခလုတ်တိုက်လဲပြီး ထဘီပါလန်ရော။

"အူ အူ ... ကိန် ... ကိန် ... တိန်"

"ဝူ ... ဝူ ... အိန် ... အိန် ... အိန်"

"အမလေး ... မစောဘုရား ... ကယ်တော်မူပါတော်"

လွှင့်သွားတဲ့ဖိနပ်ကိုအမြန်ကောက်ပြီး ပြေးလိုက်တာ မှုန်နေတာ [illegible]

(နောက်နေ့မှာတော့ ဘုန်းကြီးငါးပါးပင့်ပြီး အန္တရာယ်ကင်းပရိတ် [illegible]တယ်လို့ ကြားရတယ်။ ဒေါ်ကြီးမြတ်ကြီး လန့်လန့်အော်နေလို့။ အစ်ကို [illegible]လေးတို့ရဲ့ အဖေဆရာကြီး ကိုးတော်ပြန်ဆရာကြီး ဦးဟင်းခါးနဲ့ ခေါ်ကု [illegible]တဲ့။)

ဘွားဆွဲမိက တုံ့ပြန်စကား လုံးဝမပြောပါဘူး။

နောက်ကနေ လိုက်အူပြေးကိုက်နေတဲ့ သူ့ခွေးတွေကိုပဲ လှမ်းခေါ် [illegible] အသင့်ကျိုထားတဲ့ ဆန်ကွဲယာဂုကို ချကျွေးလိုက်တယ်။

ပြီး ... တဲရှေ့မှာရပ်နေတဲ့ သံဃာနှစ်ပါးနဲ့ ကိုရင်သုံးပါးကို သီး[illegible]ပျောသီး တစ်ပါးတစ်လုံးလောင်းလို့ မြေပြင်မှာ ရှိသေစွာထိုင် ဦးချ[illegible]တော့လိုက်တယ်။

ပြီး ... ဘုရားဆွမ်းကပ် ဘုရားရှိခိုးပြီး (၃၁)ဘုံကို အမျှဝေလိုက်[illegible] ရန်သူနဲ့မုန်းသူ မချစ်မနှစ်သက်သူများကိုလည်း ကျန်းမာချမ်းသာစေ[illegible]တ္တာပို့လိုက်တယ်။

သည့်နောက် စောစောကသူဌေးမကြီးနဲ့ အိမ်ဖော်ကုလားလေးတို့ [illegible]စ်သွင်းလိုက်လို့ အိမ်ပေါ်တင်ကျနေတဲ့ခေါင်းအုံး၊ ချေးညှိမည်းနက် [illegible]သူပြီး မေတ္တာပို့လိုက်တယ်။

"ယခု ကွယ်လွန်အနိစ္စရောက်သွားသည့် သေသူရဲ့ခေါင်းအုံး များ [illegible]ခဲ့ပါက ကွယ်လွန်သူကို ကျွန်မ ပြုခဲ့သမျှ ကုသိုလ်ကောင်းမှုအဖို့



www.burmeseclassic.com

www.burmeseclassic.com



ဘာဂအား သင်ပါရစေဖို့ အမျှဝေပေးပါတယ်။ ရောက်ရာဘုံဘဝက သာဓု ခေါ်ပါလော့။ အမျှ . . . အမျှ . . . အမျှ . . .''

သို့ကလို အမျှပေးပြီး ခေါင်းအုံးကို စနစ်ပြန်သွားအောင် လက်နဲ့ ဖေါင့်တွေကို ဆွဲဆန့်ညှိဖိပေးလိုက်ရော . . .

''ဟင် . . .''

''ဘာပါလိမ့်''

ခေါင်းအုံးထဲက လုံးလုံးဖုဖုလို အရာလေးကို လက်နဲ့စမ်းမိသွား တယ်။ သေသေချာချာ စမ်းကြည့်တော့ ကွမ်းသီးလုံးခန့် အလုံးလေး။ ဒါနဲ့ ဘာများလဲလို့ သိချင်တာနဲ့ ခေါင်းအုံးသီချေးပေကို ဖောက်ကြည့်လိုက် ရော။

အလို . . . သတ္တုဘူးအသေးလေးရယ်၊ အဖုံးနဲ့ဗျ။ ဒါနဲ့ သတ္တုဘူး (ဆရာခိုလိမ်းဆေးဘူးခန့်)ကို ဖွင့်ပြီး သွန်ချလိုက်ရော . . .

''ဟယ် . . . ဘုရားရေ . . .''

''အလို . . .''

ရွှေလက်စွပ်က သုံးကွင်း။ နီနီ၊ ဖြူဖြူ၊ ပြာပြာကျောက်က ငါးလုံး ရွှေဆွဲကြိုးက တစ်ကုံး။

ဘုရားရေ . . . ဒါ . . . ဒါ . . . သေသွားတဲ့သူက သူ့ပစ္စည်းတွေ ကို ခေါင်းအုံးထဲမှာ ထည့်ဝှက်သိမ်းထားတာဖြစ်မယ်။

တစ်ကိုယ်ရေ တစ်ကာယသမားပဲလား၊ သားမယားလင်သားတွေ ရှိသူလား၊ ကွယ်လွန်သူ ဘယ်သူရဲ့စွန့်ပစ် ခေါင်းအုံးမှန်းလည်းမသိ၊ ဘယ် တုန်းက ဒီအမှိုက်ပုံမှာ စွန့်ပစ်သွားမှန်းလည်းမသိ။

ပြောသံလည်း မကြားရ။

ဒီ ရတနာပါ သေသူရဲ့စွန့်ပစ်ခေါင်းအုံးက ဟို ပိုက်ဆံရှိတဲ့ ဒေါ်ကြီး မြတ်တင့်တယ်ရဲ့ အိမ်ဝန်းထဲကို အမှိုက်ပုံခွေးက ချီသွားပေးထားခဲ့တာ။

ပြန်စဉ်းစားရင် . . .

ဒီရတနာပါ သေသူရဲ့ခေါင်းအုံးက ဒေါ်ကြီးမြတ်တင့်တယ်နဲ့ မထိုက် တန်လို့ သူ့အိမ်ကနေ ဘွားဆွဲမိရဲ့ တဲစုတ်လေးထဲကို ရောက်လာတာ။





ဒါ ကံ . . . ကံရဲ့ အကျိုးပေးပဲ။

ကိုယ်ပြုခဲ့တဲ့ ကောင်းမှုကုသိုလ်စေတနာကံများက လက်ငင်းဒိဋ္ဌ အကျိုးပေးတာပဲလို့ မှတ်ယူလိုက်တယ်။

ဒေါ်ဆွဲမိ စဉ်းစားပြီး ဆုံးဖြတ်ချက်ချလိုက်တယ်။

ရထားတဲ့ပစ္စည်းအတော်များများကို ကွယ်လွန်သူလည်း ကုသိုလ် ရအောင် စေတီ၊ ပုထိုး၊ သိမ်၊ ကျောင်းများဆောက်ရာမှာ လှူဒါန်းပြီး ကွယ်လွန်သူကို အမျှပေးဝေမယ်။

ပြီး . . . သူ့သားသမီး အမှိုက်ပုံခွေးများကိုလည်း ဟင်းကောင်း ကောင်း၊ ဆန်ကောင်းကောင်းလေး ချက်ကျွေးမယ်။

ပြီး . . . သူ့တဲစုတ်ရှေ့ နေ့တိုင်းဆွမ်းခံကြွတဲ့ ကိုရင်နဲ့ ရဟန်း တော်ကိုလည်း . . .

ဘွားဆွဲမိ ဆုံးဖြတ်ချက်။

ရည်မှန်းရည်ရွယ်ချက်များကို ပြန်သုံးသပ်ပြီး ဝမ်းသာ၊ ကြည်နူး၊ ပြုံးလိုက်ရတာလေ။

(မှတ်ချက်–ဖြစ်ရပ်မှန် ဇာတ်လမ်းဖြစ်ပါသည်။ အစ်ကိုရဲမြင့်လေးကို ကျေးဇူး တင်ပါသည်။)

မောင်ညိုမှိုင်း(သန်လျင်)

www.burmeseclassic.com

www.burmeseclassic.com



[ ၁ ]

☐

မြစိမ်းဘုရားဆိုသည်မှာ ပုဂံခေတ် အနော်ရထာမင်းစော သထုံသို့ ...ပြီး တိုက်ခိုက်သိမ်းပိုက်စဉ် စစ်ချီရာလမ်းကြောင်းတစ်လျှောက် အများ ...ည်သူများ ကိုးကွယ်ဆည်းကပ်ရန် တည်ထားခဲ့သည့် စေတီဘုရားအဆူဆူ ...က် တစ်ဆူဖြစ်သည်။ ထိုစဉ်က ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်သည် ...သောင်မြစ်နှင့် ဒုဋ္ဌဝတီမြစ်ခေါ် မြစ်ငယ်မြစ်တို့အကြားတွင် တည်ရှိသော ...သဖြစ်သဖြင့် အိုးလုပ်၊ အုတ်ဖုတ်သည့် ရွှံ့စေးမြေကောင်းဟန်တူသည်။ ...်မှုပညာရှင်များရွာဖြစ်သဖြင့် ရွံ့ကိုနိုင်သည်။

သောက်ရေအိုးအမျိုးမျိုး၊ ညောင်ရေအိုးအမျိုးမျိုး၊ အိမ်သုံးစဉ့်အိုး ...မျိုးအပြင် ရာဝင်အိုးကြီးများကိုပင် လက်ရာမြောက်စွာ လုပ်နိုင်ကြသည်။ ...အမျိုးမျိုးလည်း လုပ်သည်။ ပုံစံသွင်းတတ်သည်။ မြန်မာ့နည်းပညာ ...အင်္ဂတေလည်း ဖော်စပ်တတ်သည်။ ထို့ကြောင့် ဤရွာများတစ်ကြော ...င်း အနော်ရထာမင်းစော၊ စစ်ချီရာတွင် အမှတ်အသားဖြင့် တည်ခဲ့သော ...စေတီအရွယ်စုံ ကြွင်းကျန်နေရစ်ခဲ့ရာ ယခုတိုင် ဖူးမြော်နိုင်ပါသေး ...ည်။



www.burmeseclassic.com

www.burmeseclassic.com



တံတားဦး(အင်းဝ) သွား ကတ္တရာလမ်းမကြီး၏ လက်ယာဘက် ပန်းလောင်မြစ် ညာဘက်ခြမ်းတွင် ထိုဒေသတည်ရှိနေသည်။ ကြောင်ပန်းကုံးရွာမှ ညာဘက်လမ်းအဆင်း၌ အုန်းလက်ကောက်ရွာ၊ နန္ဒီတောင်ရွာ မြောက်ရွာ (ရွာတန်းရှည်ကြီး) နှင့် နေပူရွာ၊ ကုန်းသာရွာများ တန်းစီတည်ရှိနေသည်။ ရွာချင်းဆက် မြေလမ်းမကြီး၊ ဝဲယာတစ်ဖက်တစ်ချက်တွင် ရှေးဟောင်းဘုရား စေတီအဆူဆူက လက်ညှိုးထိုး မလွဲပါ။ ကြီးကြီးငယ်ငယ် အစွယ်စုံသည်။

မြေပြန့်ဒေသဖြစ်သဖြင့်လည်း စေတီပေါင်းများစွာကို အဝေးကပင် လှမ်းမြော်ဖူးတွေ့နိုင်ပါသည်။ အထက်က ဖော်ပြခဲ့သလို အိုးလုပ်၊ အုတ်ဖုတ်သော မြေကြီးပညာရှင်များ နေထိုင်ကြသည့်ရွာများဖြစ်ကြသဖြင့် ဆင်းတော့ ဆင်းရဲကြသည်။ ကုန်းသာရွာနှင့်နေပူရွာတို့က ရေသွင်းပြီး လယ်ယာစပါး လုပ်ငန်း လုပ်ကိုင်ကြသဖြင့် အသင့်အတင့် ချမ်းသာကြပါသည်။

ရွာတစ်ကြောလုံး စေတနာနှင့် ဘာသာရေးယုံကြည်မှုကတော့ မဆင်းရဲကြပါ။ 'တစ်မူးရလို့ တစ်ပဲလှူ၊ တို့ရှမ်းတောင်သူ တူနိုင်ရိုးလား' ဆိုသည့် စကားပုံလို စေတနာသဒ္ဓါတရားကတော့ လွန်စွာ ပေါကြွယ်ကြသည်။ ကျွန်တော်တို့ အသုံးလုံးသင်တန်းမှာ ညပိုင်းသာဖြစ်သည်။ နေ့ပိုင်းက သင်တန်းသားများ အလုပ်ဝင်နေကြရသဖြင့် စာမသင်နိုင်ကြရ။ ကျွန်တော်တို့ ဆရာများကသာ လုပ်ငန်းအသီးသီးတို့ကို လှည့်လာသွားရောက်ရင်း သူတို့ မသိနားမလည်သည်များကို လက်ပွန်းတတီးရှင်းပြရသည်။

ထို့ကြောင့် ကျွန်တော်တို့လည်း မြေအိုးများအား လက်ဖြင့် ပုံဖော်ရာတွင် အောက်ခံခုံအပိုင်းကို လှည့်ပေးရင်း ပညာပြန်ယူရသည်။ ထန်းလျက်ကျိုရာတွင် ထန်းတောထဲ၌ ထန်းလက်၊ ထန်းသားခြောက်များဖြင့် မီးထိုးရင်း ယောက်မဖြင့် ထန်းလျက်ပိုင်းကျိုရသည်။ အုတ်ဖုတ်သော မီးဖိုအတွက် ထင်းခုတ်ပေးရသည်။

ထန်းသမားစာသင်သားများအတွက်တော့ ထန်းတက်လုပ်ငန်း မထိခိုက်စေရန် ထန်းပင်အောက်၌ ထိုင်၍ ပင်ကျရည်ချိုပြင်းပြင်းကို မြည်းစမ်းရင်း စာသင်ပေးရသည်။ အချို့သော ရွာသူအပျိုကလေးများကတော့ ပဲ္ဆား





ခွာ၊ ပဲလှော်၊ ဝါလှော်ရင်း ရည်းစားစကားပြောသလို တတွတ်တွတ် သင်ပေးရသည်။ ပထမတော့ လူပျို၊ အပျိုရွယ်များဖြစ်ကြသဖြင့် ရှက်ရွံ့ရွံ့၊ နောက်တော့လည်း သဘောသိကြ၍ မောင်ရင်းနှမပမာ အခါးရည်နှင့် ပဲကြမ်းကြော်သုပ်ကိုစားရင်း စာသင်ပေးရပါသည်။ အညာသူမေပျိုများ ရိုးစင်းကြသည်။ လုပ်ငန်းခွင်အထိ စာသင်ပေးသော ကျွန်တော်တို့အား မိဘများ၊ ရွာလူကြီးများသာမက ရပ်ရွာကာလသားအဖွဲ့ကလည်း သဘောတူကြည်ဖြူကြပါသည်။

ညစာသင်အပြီး (၉)နာရီကျော်ခန့်၌လည်း ကျွန်တော်တို့က ဆောင်သွားသော မျက်စဉ်းဆေး၊ အကိုက်အခဲပျောက်ဆေး၊ အဖျားအနာပျောက်ဆေးများဖြင့် တစ်ရွာလုံးအား ဆေးလိုက်ကုကြပြန်သည်။ ထို့ကြောင့် တစ်ရွာ ကလေး၊ လူငယ်လူကြီးမရွေး ကျွန်တော်တို့အား ခင်မင်ကြသည်။ 'ဆရာ' ဟူသော အသံက ညံစီနေသည်။

ထိုဒေသတစ်ကြောတွင် ဘုရားဖြူကြီး၊ ဘုရားနီကြီး၊ မြစိမ်းဘုရား၊ ညိုနောင်ဟူသော နာမည်ကြီးဘုရားများအပြင် နာမည်ဘွဲ့တော်မရှိသော ဘုရားငယ်များက ဒုနှင့်ဒေး။ ဘုရားများအား သရိုးကိုင်ပညာဖြင့် တည်ဆောက်ပြီး ထုံးသက်နုံးကပ်သည်။ ဘုရားနီကြီးကတော့ သရိုးမကိုင်၊ ရှေးဟောင်းအုတ်စီပညာဖြင့်ပင် သပ်စီခုံများဖြင့် ရှေးဟောင်းအုတ်ခဲကြီးများကို ဆင့်ဆင့် စရွေးကိုက်စီ၍ တည်ဆောက်ထားသည်မှာ လွန်စွာလက်ရာမြောက်သည်။ မြစိမ်းဘုရားကတော့ လွန်စွာထူးဆန်းသည်။ ဘုရားတစ်ဆူလုံးအား အစိမ်းရောင်စဥ့်ရည်ဖြင့် သွန်းလောင်းတည်ဆောက်ထားပါသည်။

ဘုရားဖြူကြီးနှင့် ဘုရားနီကြီးတို့မှာ ပန်းလောင်မြစ်ကမ်းဘေး ...င်လမ်းလက်ဝဲဘက်၌ တည်ရှိပြီး အုန်းလက်ကောက်ရွာနှင့် နီးသည်။ ...ဘုရားမှာ ရွာအဝင်လမ်း၏ လက်ယာဘက်၊ ပန်းလောင်မြစ်ကမ်းနှင့် ...ပါသည်။ မြစိမ်းဘုရားသည် ရွာအဝင်လှည်းလမ်းဘေး၌ တည်ရှိသဖြင့် ...ထပ်၍ မြုပ်နေရာ မှပ်ပေါက်ဝလေးခုပင် ဝိတ်လုမတတ်၊ ခေါင်းလောင်း ...အောက်ခြေနှင့် ငှက်ပျောဖူး၊ ကြာမှောက်၊ ကြာလှန်နှင့် ထီးတော်



www.burmeseclassic.com

www.burmeseclassic.com



စိမ်းဖူးတော်သာ မြေပေါ်၌ ပေါ်နေတော့သည်။ မြေဝင်နစ်မြုပ်မတတ် ဖြစ် နေသော်လည်း မြစိမ်းဘုရားတန်ခိုးတော်ကြောင့် ပျက်စီးခြင်း လုံးဝမရှိ စေတီအင်္ဂါရပ်စုံလင်စွာ တည်ရှိနေပါသည်။

ထိုအရပ်သို့ ကြောင်ပန်းကုံးလမ်းခွဲမှ ဝင်လျှင်အုန်းလက်ကောက်ရွာ နှင့် နန္ဒီတောင်ရွာ၊ မြောက်ရွာနှစ်ရွာသာရှိသဖြင့် လူအသွားအလာ အလွန် နည်းသည်။ ထို့ကြောင့် ရှေးဟောင်းဘုရားများအား ဖောက်ထွင်းခိုးယူမှုများ ရှိသော်လည်း မြစိမ်းဘုရားအား လုံးဝ မထိရဲကြ။ မြစိမ်းဘုရားမှာ အရံ တံတိုင်းမရှိ၊ ရင်ပြင်တော်မရှိ၊ တောစပ်တွင် တည်ရှိသဖြင့် အချိန်မရွေး ဖောက်ထွင်းခိုးယူရန် အခွင့်အရေးရှိပါသည်။ သို့သော် ကြံစည်ရဲသူပင် မရှိ (၉) တောင်ပြည့်စေတီခန့်သာဖြစ်သည်။ မြစိမ်းညီအစ်မက စောင့်ရှောက် ကြောင်း သတင်းကြီးသည်။

မကြာခဏလည်း ရွာမှ ဈေးရောင်းဈေးဝယ်သွားပြီး အပြန်နောက် ကျသူများ မြစိမ်းဘုရားအနီးတွင် မြစိမ်းညီအစ်မနှင့် တွေ့ဆုံတတ်ကြောင်း အန္တရာယ်မပြုဘဲ သူတို့အနီးတစ်ဝိုက်ရောက်လျှင် တောစံပယ်ပန်းရနံ့သာ သင်းထုံပျံ့နေတတ်ကြောင်း ကြုံဖူးသူများက ပြောတတ်ကြသည်။

ကျွန်တော်နှင့်လည်း တစ်ခါကြုံဖူးသည်။ တံတားဦးတွင် ရွာကျောင်း ဆရာ၊ ဦးခင်မောင်ဝင်း၏ အစ်မ၊ ဒေါ်သိန်းတင်၏ ကိတ်မုန့်တိုက်ဖွင့်ပွဲသွား ကြရာမှ အပြန်၊ ဆရာက အလုပ်ရှိသဖြင့် ကျန်နေခဲ့ရာ ကျွန်တော်တစ်ဦး တည်း ပြန်လာစဉ်က ဖြစ်သည်။ ဤဒေသသည် ရှေးဟောင်းနယ်မြေဖြစ် သော်လည်း ကျွန်တော်က ပတ်ဝန်းကျင်အသစ်တွင် မကြောက်လန့်တတ် ပါ။

ငယ်စဉ်ကပင် မြန်မာသိုင်း (၁၂)ကွက်အပြင် တုတ်သိုင်း၊ ဓားသိုင်း ဗန်တို၊ ဗန်ရှည်၊ လက်သိုင်းများလည်း တတ်ပါသေးသည်။ ထို့ကြောင့် ပညာကို အားကိုးသဖြင့် ကိတ်မုန့်များထည့်ထားသည့် လွယ်အိတ်ကို စလွယ်သိုင်းလွယ်ထားပြီး (၅) ပေခန့်ရှိ ဝါးဆစ်ပိတ်တုတ်တစ်ချောင်းကို ကိုင်ထားသည်နှင့် ကျွန်တော့်အတွက် အကာအကွယ် လုံလောက်ပါသည်။ လူဆိုးလက်နက်ကိုင် (၄) ယောက်လောက်ကို ကျွန်တော် မမှုပါ၊ ယှဉ်ရဲ





သည်။ ငယ်စဉ်ကပင် ကိုယ်တွေ့ပွဲများနွှဲဖူးသဖြင့် အတွေ့အကြုံကလည်း ရှိ ပါသည်။

ကြောင်ပန်းကုံးရွာ တာလမ်းပေါ်မှအဆင်း၊ ရွာဝင်လမ်းထဲရောက် သော့ နွားရိုင်းသွင်းချိန်၊ နေမင်းကြီးက နီနီရဲရဲအရောင်က ဖျော့သွားပြီး ဝါ ကြန့်ကြန့်အရောင်သာ ကျန်တော့သည်။ အနောက်ဘက်တောတန်းအပေါ် တွင် တစ်ဝက်ခန့်သာပေါ်နေတော့သည်။ ညဦးလေပြည်ကလေး ဝေ့နေသည်။ သို့သော် အေးမြခြင်းတော့မရှိ။ တစ်နေ့ကုန်အောင် ပူထားသည့် နေအရှိန် ကြောင့် ကန္တာရတောကို ဖြတ်တိုက်လာသည့် လေက နွေးနေသည်။ ရွာ ဝင်လမ်းတစ်လျှောက် တမာပင်တန်းကရှိနေသဖြင့် တမာပန်းရနံ့ကတော့ သင်းနေသည်။ လမ်းဘေးကန္တာရပင်၊ ချုံကလေးများအပေါ်၌လည်း ဖုန်များ က ဖုံးလွှမ်းပြီး ဖြူဖွေးနေသည်။

ကျွန်တော် ဖုန်ထူ၊ လှည်းလမ်းမကြီးဘေးရှိ လူသွားလမ်းကလေး ပေါ်မှ တဖြည်းဖြည်း လျှောက်လှမ်းလာခဲ့သည်။ လက်ယာဘက်တောစပ် မြစိမ်းဘုရားအနီးရောက်တော့ တောစံပယ်ပန်းရနံ့က သင်းပျံ့လာသည်။ ဘုရား အနီး ဆီးချုံကလေးများအပေါ်၌ တောစံပယ်ပန်းရုံကလေးများရှိကြောင်း ကျွန် တော်သိထားသည်။ ထို့ကြောင့် အညာတမာပန်းရနံ့အပြင် ရောထွေးဝင်လာ သော တောစံပယ်ပန်းရနံ့အား၊ စိတ်ထဲတွင် ခွဲခြား၍ တဝကြီး ရှူရှိုက်လိုက်မိ သည်။

မြစိမ်းဘုရား၏ လက်ဝဲဘက် လူသွားလမ်းကလေးဘေး၌ ငှက်ပျော ပင်နှင့် ရေတ်စိုက်ခင်းရှိသည်။ ကျွန်တော် မြစိမ်းဘုရားအား လမ်းလျှောက် ရင်း လက်အုပ်ချီမိုး ရှိခိုးလိုက်စဉ်- ရယ်သံလွင်လွင်ကလေးများကို ကြားရ သည်၊ လူပြောများသော မမြစိမ်းတို့ ညီအစ်မဖြစ်ပါလိမ့်မည်။ ကျွန်တော် မကြောက်လန့်မိပါ။ စိတ်ထဲကတော့ အမျှအတန်းဝေမိရာ သာမုခေါ်သံ သာသာကလေးကို ကြားရပြန်သည်။

ထို့ကြောင့် ကျွန်တော့်စိတ်ထဲ ရုတ်တရက် သဒ္ဓါစိတ်ပေါက်ပြီး လမ်း ဘေးမှ ငှက်ပျောရွက်တစ်ရွက်ကိုဖဲ့ပြီး ဝတ်လာသော လုံချည်ဖြင့် ဖုန်သုတ်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဘုရားအနီးရှိ ဆီးချုံပုကလေးပေါ်တွင် ဖြန့်ခင်းကာ လွယ်အိတ်ထဲတွင် ပါလာသည့် ပလိန်းကိတ်(၃)လုံးအနက် တစ်လုံးကို ထုတ်ယူ၍တင်ပြီး ..

"မြစိမ်းတို့ညီအစ်မ သုံးဆောင်ကြပါ။ ကျွန်တော် လှူဒါန်းပါသည်"

ဟု ပြောဆိုပြီး သုတ်သုတ်လှမ်းခဲ့ပါသည်။ အုန်းလက်ကောက်ရွာ အတွင်းရောက်တော့ မှောင်ချေပြီ။ ရွာအတွင်း၌ မီးခွက်ကလေးများ တလက် လက် ထွန်းညှိနေကြပေပြီ။ ရွာကိုကျော်တော့ ထန်းတောညိုညိုကြီး။ ရွာ အစပ်ဖြစ်၍ ထန်းတောက ပြန်လာကြသော ထန်းရည်သမားများကို တွေ့ရ သည်။ သူတို့အကြည့်က ထူးဆန်းနေသည်။ ကျွန်တော်တစ်ယောက်တည်း ကို ကြည့်သည့်အကြည့်မျိုးမဟုတ်။ ပတ်ဝန်းကျင်ကိုပါ ဝေ့ယမ်းကြည့်သည်။ ထိုအခါမှ ကျွန်တော် သတိထားမိသည်။ ကျွန်တော့်ပတ်ဝန်းကျင်တွင် တော စံပယ်ပန်းရနံ့များက မွှေးကြိုင်နေဆဲ။

မြစိမ်းတို့ညီအစ်မ ကျွန်တော်တစ်ဦးတည်းဖြစ်၍ လိုက်ပါစောင့် ရှောက်ကြဟန်တူပေသည်။ နန္ဒီတောင်ရွာအဝင်ပေါက်တွင် မီးတုတ်ကိုင် လူစုလူဝေးကို ကျွန်တော် အဝေးကပင် လှမ်းမြင်နေရသည်။ ဘာဖြစ်ကြသည် မသိ အနီးရောက်မှ အဘသူကြီး ဦးဓာတ်မှီအသံကို ကြားရသည်။

"ဟေ ... ဟိုရှေ့က ဘယ်သူလဲ"

"ကျွန်တော်ပါ ... အဘ၊ ကျောင်းဆရာလေးပါ"

"ဟယ် ... ငါ့တူရယ်၊ မိုးချုပ်လှပြီကော တစ်ယောက်တည်း။ ကျောင်းဆရာ ဦးခင်မောင်ဝင်းရော ပြန်ပါမလာဘူးလား"

"ဟုတ်တယ် ... အဘ၊ ကျွန်တော် တစ်ယောက်တည်းပဲ။ ဆရာ ဦးခင်မောင်ဝင်းက ကိတ်မုန့်တိုက် ဆိုင်းဘုတ်စာလုံးပေါင်းမှားနေတာ ပြင်ဖို့ ကျန်နေခဲ့တာ"

"ပန်းချီဆရာက ဒီလောက်တောင် ညံ့သလား"

"မြန်မာလို စာလုံးပေါင်းမဟုတ်ဘူး အဘ။ အင်္ဂလိပ်လို စာလုံး ပေါင်းပါ။ ပန်းချီဆရာမတတ်လို့ ဆရာဦးခင်မောင်ဝင်းကိုယ်တိုင် ပြင်ပေး ရမှာပါ။ နောက်ပြီး ကျွန်တော်ပြန်လာတာ ညနေ (၃) နာရီလောက်ဆိုတော့





စောပါသေးတယ်။ လမ်းမှာ ကျွန်တော်တို့စီးလာတဲ့ ချက်ဗလက်ကားကြီး ပျက်နေတာနဲ့ နောက်ကျသွားတာပါ"

"အင်း ... ဆရာလေးရယ်၊ ဒီလမ်း ဒီခရီး မဝေးပေမဲ့ ဒီဒေသက မြေကြမ်းတယ်၊ အစောင့်အရှောက်ထူတယ်၊ မြွေဆိုးပေါတယ်။ ဆရာလေး ဘာအန္တရာယ်မှ မဖြစ်တာ တော်ပါသေးရဲ့နော်"

"ဟုတ်တယ်နော် ... အဘ၊ ကျွန်တော်တော့ ကြောင်ပန်းကုန်း လမ်းဆုံက ဆင်းကတည်းက နေဝင်တော့တာ။ မြစိမ်းဘုရားနားကျတော့ မှောင်ကရောပဲ"

မြစိမ်းဘုရားဆိုသည်နှင့် အဘက နှာခေါင်း ရှုပွရှုပွလုပ်ရင်း ..

"အင်း ... ဒါကြောင့်ကိုး။ ဆရာလေး ရောက်လာကတည်းက တောစံပယ်ပန်းရနံ့ ရတယ်မှတ်နေတာ။ အခုတော့ သေချာသွားပြီ"

"ဘာဖြစ်လို့လည်း ... အဘရယ်"

"ဆရာလေး ... မြစိမ်းဘုရားမှာ ဘာလုပ်ခဲ့သေးသလဲ"

ကျွန်တော်မေးသည်ကို အဘက ပြန်မဖြေဘဲ ပြန်လှန်မေးခွန်း ထုတ်နေသေးသည်။ ထို့ကြောင့် ကျွန်တော်ကလည်း ...

"အပြန်လမ်းလျှောက်ရင်း မြစိမ်းဘုရားနားရောက်တော့ တော စံပယ်ပန်းနံ့ရတယ်။ အဲဒါနဲ့ လမ်းလျှောက်ရင်း ဘုရားကို ပူဇော်တယ်။ မြစိမ်းတို့ ညီအစ်မအကြောင်း စဉ်းစားမိပြီး သဒ္ဓါပေါက်တာနဲ့ ဆီးချုံပေါ်မှာ ခင်းပြီး ကိတ်မုန့်တစ်လုံး လှူခဲ့တယ်။ အဲဒါ ပြန်လာတော့ တစ်လမ်း လုံး တောစံပယ်ပန်းနံ့ရတယ်။ အဲဒါပါပဲ အဘ"

"အာဂယောက်ျားပဲ။ အဲဒါကြောင့် မြစိမ်းညီအစ်မက ဆရာလေး ကို ဒီရွာအထိ လိုက်ပို့ပြီး စောင့်ရှောက်လို့ အန္တရာယ်ကင်းတာ။ ကျုပ်တို့ အခုတော့ ဆရာလေးတို့ အပြန်မိုးချုပ်လို့ အခုလို အကြိုထွက်ရအောင် ထွက်လာခဲ့ကြတာ။ တော်ပါသေးရဲ့ဗျာ"

ကျွန်တော်တို့ အဘသူကြီးအိမ်သို့ ပြန်လာကြတော့လည်း ဘ ကြီးကတော်နှင့် သားသမီးများက မေးကြပြန်သဖြင့် ဖြန့်ဖြေရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



''အံ့ချက်တော် ... အာဂယောကျာ်း၊ ဒီအချိန် အဲ့ဒီလမ်းကို မီးတုတ်မပါဘဲ နှစ်ယောက်တည်းတောင် မသွားရဲဘူး။ မြစိမ်းညီအစ်မက ထွက်ပြီး ကိုယ်ရောင်ပြတတ်သတဲ့''

''ထွက်ပြီး ကိုယ်ရောင်ပြတော့လည်း မိတ်ဆွေဖြစ်ကြတာပေါ့ အဒေါ်ရယ်။ ကျွန်တော်က မကောင်းတဲ့စိတ်ထားတာမှ မဟုတ်ဘဲ။ မိတ်ဆွေဖြစ်ချင်လို့ ကိတ်မုန့်ကျွေးတာ။ အဲ ... ခုမှ သတိရတယ်။ ရော့ ... ဟောဒီမှာ ပလိတ်ကိတ်မုန့်နှစ်လုံးကျန်သေးတယ်။ ညီတွေ၊ ညီမတွေ စားကြလေရော့''

''ဆရာလေးအတွက် ပေးလိုက်တာမဟုတ်လား။ ဆရာလေးပဲ စားဖို့သိမ်းထားပါ။ ကလေးတွေက စားတတ်မှာ မဟုတ်ပါဘူး''

''ဘယ့်နှယ်မစားတတ်ရမှာလဲ .... အဒေါ်ရယ်၊ ကျွန်တော် တစ်ဝ စားခဲ့ပြီးပါပြီ။ ရော့ ... စားကြပါ။ တကယ်တော့ ကျွန်တော်လည်း ကိတ်မုန့်ကို မကြိုက်ဘူး။ မြန်မာမုန့်တွေပဲ ကြိုက်တာ''

''အေး ... အေး ... ကဲ ... ဆရာလေး၊ ရေချိုးလိုက်ပါဦး။ သားကြီး မိုးတင်က အဖော်လိုက်ပေး၊ ရေငင်ပေး။ ရွာထိပ်ဘုန်းကြီးကျောင်းတွင်းသွားပြီး ရေအေးအေးချိုး၊ ဒီက ရာဝင်အိုးတွေထဲက ရေက နွေးနေပြီ။ ပြန်လာရင် ထမင်းစားဖို့ အသင့်ပြင်ထားမယ်။ မင်းအဘလည်း မစားရသေးဘူး''

''ဟုတ်ကဲ့ပါ ... အဒေါ်''

ကျွန်တော် ဘုန်းတော်ကြီးကျောင်းရေတွင်း၌ ဇိမ်ခံပြီး ရေတဝချိုးသည်။ ပြီးနောက် အဝတ်အစားလဲ၍အဘနှင့်အတူ ညစာထမင်းစားသည်။ ထိုညက အသုံးလုံးသင်တန်းကို ည (၈) နာရီခန့်မှ စသင်ရရာ ည (၁၃) နာရီထိုးမှ ပြီးတော့သည်။ ညအိပ်ရာဝင်တော့ သန်းခေါင်တိုင်လုပြီ။

✿ ✿ ✿

| ၂ |

❑

နန္ဒီတောင်ရွာ၊ မြောက်ရွာအကြားတွင် ရှင်ညီနောင် ဘုရားနှစ်ဆူ ...သေးသည်။ အတော်လည်း ကြီးမားသည်။ ရပ်ရွာက ကိုးကွယ်ကြသည်။ ...ရားအနီး၌လည်း ဖက်လိပ် အဓိကညောင်ပင်ကြီးလည်း ရှိသေးသည်။ ...အခါ ရွက်ပြန့်နေပြီး နေဝင်သည်နှင့် ညောင်ရွက်များ အိပ်၍ လိပ်သွား...တ်သည်။ ညောင်ပင်အောက်က စောင့်ကြည့်နေလျှင် ဖက်များ လိပ်သွား... တဖျပ်ဖျပ်ကိုအတိုင်းသားကြားရသည်။ ဘာညောင်အမျိုးဟူ၍တော့ ...န်တော် မသိသလို ရပ်ရွာကလည်း မသိကြပါ။ ဖက်လိပ်ညောင်ပင်ဟူ၍ ...ာ ခေါ်ဝေါ်ကြသည်။ ရှင်ညီနောင်ဘုရားနှစ်ဆူမှာလည်း ရှေးဟောင်းဘုရား ...ဖြစ်ကြသည်။ အင်္ဂါစုံသည်။ ထုံးသကၤန်းကပ်လှူထားသည်။ ဘုရားနှစ်ဆူ ...ားတွင် တောင်နှင့်မြောက် ရွာဆက်လှည်းလမ်းရှိသည်။ အရှေ့ဘက်ညီ ...ာင်ဘုရားအနီးတွင် ဘုရားငုတ်တိုတစ်ဆူရှိသည်။ ကန္တာရဆူးချုံများ ဖုံး...နေပြီး မြွေဆိုးများနေသည်ဟု သိရသည်။

အခြားစေတီငယ်များကတော့ ရွာပတ်လည်တန်ဆောင်းပင်စည်း ...ာန်းနှင့် အတူရောနှော၍ စည်းရိုးခတ်ခြင်း ခံနေကြရသည်။ မြန်မာလူမျိုး ...ဘာသာဝင်ရွာများဖြစ်ကြသော်လည်း များပြားလှသော ဘုရားစေတီများ ... ကိုးကွယ်နိုင်ဟန်မတူ။ မျက်နှာလွှဲထားကြရဟန်တူသည်။ ယာလုပ်ရင်း ...ယ်ထိုးရင်းက ရှေးဟောင်းပစ္စည်း မြေထည်များ၊ မကြာခဏ ရတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဖိုးတန် ရွှေငွေများတော့ မဟုတ်ပါ။ ရှေးဟောင်းမြေခွေးတံ၊ မြေလက်ဆောက်နှင့် မြေအိုးမြေခွက်များသာဖြစ်ကြပါသည်။

၁၉၇၀ ခုနှစ်ဆီက ထိုဒေသရွာများတွင် ကျွန်တော် အသုံးလုံးကျောင်းဆရာအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးပါသည်။ ထိုရွာများကို ထန်းတောကြီးများက ဝိုင်းနေသည်။ လယ်တွင်းကိုးခရိုင်ဒေသဖြစ်သဖြင့် ဆည်ရေရသည်။ နွားမွေး၊ ဆိတ်မွေးသည်။ သို့သော် နွားနို့၊ ဆိတ်နို့ကို မသောက်ကြပါ။ လက်ဖက်ရည်ဆိုင်လည်း မရှိပါ။ သို့သော် ထန်းဖိုပင်၊ ထန်းနို့ကထွက်သော ထန်းရည်ခါးကိုတော့ ကြိုက်ကြသည်။ ထန်းရည်ချိုကိုတော့ ထန်းလျက်ချက်သည်။ နွားနို့ကိုတော့ မလိုင်ခဲကျိုပြီး ရောင်းကြသည်။

ကျွန်တော်နှင့်အတူ ကရင်လူမျိုး သူငယ်ချင်းစောကျော့လေက အသုံးလုံးကျောင်းဆရာများဖြစ်ကြသဖြင့် နန္ဒီတောင်ရွာသူကြီး ဦးစာတ်မှိအိမ်တွင် စုပေါင်း၍ တည်းခိုကြသည်။ ကျွန်တော့်တာဝန်က နန္ဒီတောင်ရွာ အသုံးလုံးကျောင်းဆရာ၊ ကိုစောကျော့လေက နန္ဒီမြောက်ရွာကျောင်းဆရာ၊ မြောက်ရွာတွင် သူကြီးဦးလှထွန်းက အုပ်ချုပ်သည်။ နန္ဒီတောင်ရွာ၊ မြောက်ရွာဆိုသည်မှာ တကယ်တမ်းတော့ ရွာတန်းရှည်ကြီးသာဖြစ်ချေသည်။ ရွာနှစ်ရွာကို အထက်ကဖော်ပြခဲ့သလို ရှင်ညီနောင်ဘုရားနှစ်ဆူက ခွဲခြားထားသည်။ နန္ဒီမြောက်ရွာတွင် တာဝန်ကျသော ကိုစောကျော့လေကတော့ အသုံးလုံး သင်တန်းအပြီးအိမ်အပြန်တွင် အဖော်အပေါင်းများဖြင့် စုပေါင်း၍ ညတွင် ရှင်ညီနောင် ဘုရားနှစ်ဆူကို ဖြတ်ပြီး ပြန်လာလေ့ရှိပါသည်။

အဘသူကြီး ဦးစာတ်မှိကလည်း ထန်းရည်ခါးကြိုက်၊ ကိုစောကျော့လေကလည်း ကြိုက်တော့ အတွဲညီကြသည်။ တစ်ပတ်တစ်ကြိမ်လောက်တော့ သူတို့တူဝရီးတွဲပြီး ထန်းတောတကာလှည့်၍ ထန်းရည်အဝသောက်ကြသည်။ တစ်ခါတစ်ရံ အမူးလွန်ပြီး နေပူပူ ဖုန်ထူထူ လှည်းလမ်းဘေးရှိမိုးနှံချုံပုတ်ထဲတွင် လဲနေတတ်ကြသည်။ လမ်းသွားလမ်းလာ ရွာသူရွာသားများက တွေ့မြင်၍ လာရောက်သတင်းပေးပါမှ ကျွန်တော်တို့ လှည်းကောက်ပြီး သွားကြိုရတတ်သည်။ ထိုနေ့မျိုးတွင် တူဝရီး အိပ်ရာက မထနိုင်တော့။ အိပ်ရာကနိုးတော့လည်း ညမှ ညစာ၊ မနက်စာ ထမင်း ပေါင်းစားရတတ်သည်။





ထိုနေ့မျိုးတွင် ကျွန်တော်က နန္ဒီတောင်ရွာ၊ မြောက်ရွာ စာသင်ဝိုင်း (၂) ဝိုင်းကို စက်ဘီးတစ်စီးဖြင့် ကူးသန်းသွားလာပြီး စာသင်ရတတ်သည်။ စာသင်ပြီးတော့လည်း ရွာကာလသားများက ညလယ်စာ ကြက်သားဟင်းကာလသားချက်ဖြင့် ထန်းရည်ခါးပါ့တွဲလျက် ဧည့်ခံတတ်ပြန်သည်။ ကျွန်တော်က ထန်းရည်ခါး မကြိုက်ပါ။ နေ့လယ်ဘက်တွင်မှ ရတတ်သော ပုစွန်ဆိတ်ခုန်၊ ထန်းရည်ချိုပြင်းကလေးကိုတော့ ကြိုက်ပါသည်။

တစ်ခုတင်ပြရန် ကျန်နေသေးသည်။ နန္ဒီတောင်ရွာ၊ ဦးကျော်မြင့်၏ ပန်းပဲဖိုအကြောင်းဖြစ်သည်။ သူတို့အဆိုအရ ဦးကျော်မြင့်မှာ ရှေးရှေးဘိုးဘေးဆောင်ဆက် ပန်းပဲမျိုးရိုးဟု သိရသည်။ ဦးကျော်မြင့်၏ ပန်းပဲဖိုထွက် နန္ဒီတောင်ရွာဓားမှာ အလွန်နာမည်ကြီးသည်။ သံကို အလွန်နိုင်သည်။ လက်ရာအလွန်ကောင်းသည်။ အထူးအပါး ဓားအကျအန၊ လက်ရာအလွန်မြောက်သည်။ ဓားသွားက မီးဆေးပြီးသည်နှင့် သင်တုန်းဓားလို ထက်သည်။ ကျောက်နှင့်သွေးစရာ မလိုအောင် တာရှည်အသုံးခံသည်။ ဓားသာမက လယ်ယာသုံးပစ္စည်းပစ္စည်းမှန်သမျှ ဦးကျော်မြင့်ပန်းပဲဖိုက ထွက်သည်။ ကျောက်ဆည်ပေါ်နှင့် စဥ့်ကိုင်၊ ပုလိပ်၊ မြစ်ငယ်တစ်ကြော နာမည်အလွန်ကြီးသည်။

✿ ✿ ✿

[၃]

❑

တစ်နေ့ နေ့လယ် ရွာတွင်းအိမ်တစ်အိမ်က နေ့လယ် ထမင်းစားဝိုင်း၌ စားနေစဥ် အခြားရွာမှ လှည်းသမားတစ်ဦး လှည်းရပ်၍ ...

"ဆရာလေး ... ဆရာလေး ... ဆရာတို့ရွာက သူကြီးဦးစာတ်မှိနဲ့ ကျောင်းဆရာတစ်ယောက် ထန်းရည်မူးပြီး ချစ်တီးတိုက်ဝါကြီးပေါ်မှာ အိပ်ပျော်နေတယ်။ အဲ့ဒီနေရာက မြေအလွန်ကြမ်းပြီး အခြောက်အလှန့်



www.burmeseclassic.com

www.burmeseclassic.com



အားကြီးတယ်။ မြွေဆိုးလည်း ပေါတယ်။ ကျွန်တော်နိုးပြီး လှည်းနဲ့တင်လာဖို့ ကြိုးစားတာ၊ မနိုးလို့ ကျွန်တော်တစ်ယောက်တည်း မနိုင်တာနဲ့ ထားခဲ့ရတယ်။ ကျွန်တော် ဦးကျော်မြင့် ပန်းပဲဖိုဝင်ပြီး ထယ်တုံးသဖို့ အပ်ပြီးတာနဲ့ ကုန်းသာရွာကိုပြန်မှာ လမ်းကြုံပါတယ်။ ဆရာလေး . . . ကျွန်တော်အပြန် လိုက်ခဲ့ပါ''

''ဩော် . . . ဟုတ်ကဲ့ . . . ဟုတ်ကဲ့၊ ကျွန်တော် လိုက်ခဲ့ပါမယ်''

ကျွန်တော် ထမင်းစားပြီးသည်နှင့် သူကြီးအိမ်ပြန်ကာ အဘသား အကြီးကောင် မိုးတင်နှင့် မိုးအောင်တို့အားခေါ်ပြီး ဦးကျော်မြင့် ပန်းပဲဖိုသို့ လိုက်ခဲ့ကြသည်။ ထယ်တုံးမှာ မနက်ဖြန်မနက်မှ ရမည်ဖြစ်သဖြင့် ကျွန်တော်တို့ ဦးကျော်မြင့်အား နှုတ်ဆက်ပြီး ကုန်းသာရွာ လှည်းကြုံဖြင့် လိုက်ခဲ့ကြပါသည်။

ရွာထဲတွင် သစ်ပင်ရိပ်များရှိသဖြင့် နေမပူသော်လည်း ရွာမြောက်ဘက် များက ထွက်သည်နှင့် ကွင်းခေါင်ခေါင် နေပူကျဲကျဲ ဟိုးအဝေးလှည်းလမ်း ဘေးတွင် စစ်ကြိုခေတ်ကတည်းက တည်ရှိခဲ့ပြီး မီးလောင်ပျက်စီးနေသော ချစ်တီးတိုက်ဝါကြီးလေးလုံးကို တန်းစီ၍ တွေ့ရသည်။ တိုက်ဝါကြီးများတွင် အမိုးမရှိတော့။ မီးလောင်ပျက်စီးထားသဖြင့် အောက်ခံအင်္ဂတေနှင့် အကာ အုတ်တံတိုင်းသာ ကျန်ရှိတော့သည်။ ဘာဆေးသုတ်ထားသည်တော့မသိ၊ ကုလားကြိုက် ဝါဖျော့ဖျော့ ဆေးရောင်ကတော့ ကျန်နေဆဲ။ ၁၉၄၅ ခု တော်လှန်ရေးကာလက ဒေသခံ တောင်သူလယ်သမားများ အရင်းရှင်ချစ်တီး ကုလားများအား မီးရှို့သတ်ဖြတ်ထားသောနေရာဟုတော့ သိသည်။ လူသူ အရောက်အပေါက်မရှိ၍ တစပြင်လို ငြိမ်သက်နေသည်။

အချိန်ကား မွန်းလွဲ (၁) နာရီခန့် အညာနေအပူရှိန် အမြင့်ဆုံးအချိန် လမ်းဘေးကွင်းပြန့်ထဲ သစ်ရိပ်၊ ဝါးရိပ် မရှိ၊ အဆောက်အအုံအပျက်နှင့် ကွင်း ပြန့်က တရှိန်ရှိန် တံလျှပ်ထနေသည်။ ကျွန်တော်တို့အား လှည်းသမားက ဦးဆောင်လျက် ပထမမြောက် ချစ်တီးတိုက်ဝါကြီးရှေ့ရောက်တော့ မီး လောင်ထားသည့် အုတ်နံရံအဆွေးကြီး၏အောက်ခြေတွင် ကပ်လျက် အဘ တို့ တူဝရီးနှစ်ဦး နှစ်ခြိုက်စွာ အိပ်ပျော်နေကြသည်။ ကျွန်တော် ခေါ်ကြည့် သည်။ လှုပ်နှိုးသည်။ မနိုးပါ။ ပြင်းထန်သောနေရောင်ခြည်က သူတို့ ခေါင်း





ခိုင်းမှလွဲ၍ တစ်ကိုယ်လုံးကို လွှမ်းခြုံထားသည်။ ထို့ကြောင့် လှည်းဆရာ အား လှည်းကို တိုက်ဝါကြီးအနီး မောင်းလာခိုင်း၍ နောက်မြီးလှည့်ခိုင်း ထားရသည်။

ကျွန်တော်တို့ အဘနှင့် ကိုစောဂျော့လေအား တစ်ယောက်ချင်း လှည်းပေါ် မ,တင်ရသည်။ တုတ်တုတ်မျှမလှုပ်၊ အိပ်ကောင်းနေကြဆဲ။ နေပူ ရှိန် အရက်ရှိန်ကြောင့် ချွေးများ စို့ရွှဲနေကြပြီး အဝတ်အစားအခြောက်များ အမြန်လဲရန် အလွန်အရေးကြီးပါသည်။ ထို့ကြောင့် ချွေးကြောင့် အအေး မပတ်စေရန် လှည်းပေါ်၌ခင်းထားသော ကောက်ရိုးခြောက်များဖြင့် ဖုံးလွှမ်း ပေးရသည်။

လှည်းကိုဒုန်းစိုင်းပြီး မောင်းလာရာ အိမ်ပြန်ရောက်တော့ သန့်ရှင်း ရေးပြုလုပ်ပြီး အဝတ်အစား လဲပေးရသည်။ ထိုအချိန်ကျမှ နှစ်ဦးစလုံး နိုးလာကြပြီး အဝတ်အစားများ ချွတ်လဲပေးသည်ကို ရှက်သည်ဆိုပဲ။ သူကြီး ကတော် ဒေါ်မြမှုကတော့ တတွတ်တွတ် မြည်တမ်းနေသည်။ သို့သော် အဒေါ်က သူကြီးကိုတော့ ကြောက်ပါသည်။ ကျွန်တော်က ရေတိုက်တော့ အဘက . . .

''ကျောင်းဆရာလေး . . . ဟိုဟာမရှိဘူးလား''

''ဘယ်ဟာတုံး . . . အဘရဲ့''

''အရက်ဖြစ်ဖြစ်၊ ထန်းရည်ဖြစ်ဖြစ်ပေါ့''

''ဟာ . . . အဘကလည်း လုပ်ပြန်ပြီ။ သောက်ထားတာ မဝသေး ဘူးလား''

''တစ်ရေးနိုးတော့ နည်းနည်းလိုနေလို့''

ထိုအချိန်တွင် အကြီးကောင် မိုးတင်က အဘအခန်းထဲ ဝင်ယူပေး သည်။ အရက်ဖြူတစ်ပုလင်းဖြစ်သည်။ တူဝရီးနှစ်ယောက် ပုလင်းလိုက်မော့ ကြသည်။ ပြီးမှ ရေသောက်ကြသည်။ ပြီး ပြန်အိပ်မည်ပြုရာ ကျွန်တော် က . . .

''အဘတို့ မွန်းတိမ်းနေပြီ၊ ထမင်းထစားကြပါဦး။ ပြီးမှ ပြန်အိပ် တော်ကြာ အစာမရှိဘဲ အရက်တွေက အစာအိမ်ကို ဒုက္ခပေးလိမ့် မယ်''

''ဝါး . . . ဟား . . . ဟား . . . ဝါး . . .''



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦးစလုံး အော်ဟစ်ရယ်ကြသဖြင့် အပမှီသလားဟု ကျွန်တော် လန့်သွားသလို သူကြီးကတော်ကလည်း လှမ်းကြည့်သည်။

ထိုအခါမှ အဘက ...

"ငါတို့တူဝရီး မနက်က ထမင်းကျော်စားပြီးမှ ထွက်ကြတာ။ ဒီနေ့ အရှေ့တောက ဗုဗ္ဗန်ဆိတ်ခုန်သောက်ရတာ အားမရလို့ အုန်းသာရွာက ငါ့ သူငယ်ချင်းအောင်သန်းအိမ်မှာ ကြက်ဖကြီးတစ်ကောင်လုံး ချက်နိုင်းပြီး ထန်းလျက်အရက်နဲ့ မြည်းကြတာ ဗိုက်ကို ပြည့်ကရောပဲ။ အဲ့ဒါ ဗိုက်လေး ပြီး အိပ်ချင်တာနဲ့ ချစ်တီးတိုက်ပျက်ထဲ ဝင်အိပ်ကြတာ အေးနေတာပဲ။ မင်း တို့ တော်တော်အလိုက်မသိတဲ့ကောင်တွေ။ အိပ်မက်က ကောင်းခန်းရောက် ခါနီးမှ လန့်နိုးရတယ်။ နာပါ့ကွာ"

"ဟုတ်ပါ့ဗျာ ... ကျွန်တော်ရောပဲ ... အဘရေ"

ကိုစောရျော့လေ့ကလည်း ဝင်ထောက်သည်။ အတိုင်အဖောက် ညီပါပေ့။

"အဘတို့ ဘာတွေများ အိပ်မက်ကြလို့လဲ။ နှစ်ယောက် တစ် အိပ်မက်များ ဖြစ်နေကြရော့သလား"

ထိုအခါမှ အဘက ...

"စောကြီး ... မင်း ဘာအိပ်မက်လို့လဲ၊ ပြောပြစမ်းပါဦး"

"ကျွန်တော်တို့ တူဝရီးကို ချစ်တီးကုလားကြီးက လှမ်းခေါ်တယ် အိမ်ထဲရောက်တော့ အိမ်ဖော်မလေးတွေက ကြိုဆိုပြီး အကောင်းစား ဖျော် ရည်နဲ့ ဒိန်ခဲနဲ့ အကျအန ညှော်ခံတာ။ အရသာရှိလိုက်တာဗျာ။ စပျစ်သီး နဲ့ သီးမွှေးငှက်ပျောသီးတွေတောင် ပါသေးတယ်"

"ဟာ ... ဒါဆို အဘအိပ်မက်နဲ့ အတူတူပဲဟ ... စောကြီးရ ညှော်ခံတဲ့ကောင်မကလေးတွေက ဗမာမကလေးတွေလေ"

"ဟုတ်ပါ့ဗျာ"

ချစ်တီးကုလားကြီးက အတော်သဘောကောင်းတာ။ ဗိုတီလို့ ခေါ်တဲ့ ကုလားအင်္ကျီရှည်ကြီးဝတ်ပြီး ကွမ်းယာဝါးပြီး တပြုံးပြုံးနဲ့ ညှော် တာ။ သူတို့ဆီမှာ နေမလား။ ရတနာပစ္စည်းတွေ ပေးမယ်လို့တောင် ပြောသေး တယ်။ အဲ့ဒါကို ကျွန်တော်နဲ့အဘက တိုင်ပင်ပြီး ခေါင်းညိတ်သဘောတူခါနီး





— မှာ လူသံတွေကြားရပြီး ကျွန်တော်တို့ အိပ်ပျော်သွားကြတာပဲ။ ဟုတ်တယ် — နော် ... အဘ"

"ဟုတ်ပါ့ ... စောကြီးရယ်၊ ငါတူနဲ့ အဘက နှစ်ယောက်တစ် — အိပ်မက်မက်ပြီး ပစ္စည်းရခါနီးမှ ဆရာလေးတို့ လာခေါ်တာထင်ပါရဲ့"

ထိုစဉ် သူကြီးကတော်က အမြင်ကတ်ဟန်ဖြင့် ပြောင်းဖူးဖက် — ဆေးလိပ်တိုကို ခဲပြီး ...

"အဲ့ဒါ တော်တို့ကို ကျတ်ကုန်းက မြှူဆွယ်ပြီးခေါ်တာ။ ခေါင်းညိတ် — သဘောတူလိုက်တာနဲ့ အသက်ပျောက်ကရောပဲ။ ဘာမှတ်သလဲ။ လှည်း — သမားနဲ့ ဆရာလေးတို့ ကျေးဇူးကြောင့် အသက်ပြန်ပါလာတာ။ နောက် — တစ်ခါဆို ပွဲပြီးရောပဲ"

"ဟုတ်ရဲ့လား ... ရှင်မရာ"

အဘ လေသံပျော့သွားသည်။

"တော် မယုံရင် ရွာမြောက်ထဲက နားလည်တဲ့ ဘိုးဘွားတွေကို — ကြည့်ပါလား"

ကျွန်တော်က အခွင့်အခါကြုံတုန်း ...

"အဘ ... အဲ့ဒီ ချစ်တီးတိုက်ဝါကြီးတွေအကြောင်း ရွာထဲမှာ ပြော — နေသံတော့ ကြားရပါတယ်။ စိတ်ဝင်စားလို့ အသေအချာမေးကြည့် — တော့ ထိထိရောက်ရောက် မပြောနိုင်ကြဘူး။ အရပ်ပုံပြင်ဆန်ဆန်ပဲ ပြော — တယ်။ အဘတို့ အသက်အရွယ်အရ မီလိုက်မယ်ထင်တယ်။ ပြောပြပါ — ... အဘရာ"

"အေး ... ဟုတ်ပါရဲ့၊ ကျောင်းဆရာရေ ... အဘအသက်အရွယ် — အဲ့ဒီခေတ်ကို မီပါတယ်။ အဘကို အင်္ဂလိပ်ခေတ်နှောင်းပိုင်းမှာ မွေး — ဂျပန်တစ်ခေတ်လုံးကိုလည်း မီပါတယ်။ ဒါပေမဲ့ ၁၉၄၅ ခုနှစ်မှာ တော် — လှန်ရေးလုပ်တော့ အဘအသက်က ၁၀ နှစ်ကျော်ပဲရှိသေးတယ်။ အဲ့ဒီအချိန် — အဘအဘိုးက အညာဆန်လှေကြီးနှင့် အထက်အောက် ကုန်ကူးနေ — တော့ အဘလည်း ကလေးပီပီလိုက်သွားတာ။ အောက်ပြည်အောက်ရွာမှာ — တော်လှန်ရေးကာလတစ်လျှောက်လုံး သောင်တင်နေခဲ့တာ။ ဒါကြောင့် ချစ်တီး — တိုက်ဝါကြီးတွေကိစ္စကို အဘ မကြုံလိုက်ရဘူး။



www.burmeseclassic.com

www.burmeseclassic.com



အဘက ဒီရွာမှာပဲမွေးတော့ ချစ်တီးကုလားတွေ၊ တောင်သူလယ်သမားတွေအပေါ် အတိုးကြီးကြီးနှင့် ငွေချေးပြီး အော်ဒီမန်လို့ခေါ်တဲ့ စာချုပ်တွေနဲ့ အကြပ်ကိုင်တာ။ အတိုးပြန်မပေးနိုင်တဲ့ သူတွေဆီက လယ်သိမ်း၊ ယာသိမ်း၊ ကျွဲ၊ နွားတွေသိမ်း၊ သားပျို၊ သမီးပျိုတွေ သိမ်းတာတော့ အဘ မြင်ဖူးတယ်။ အဘတို့က ဥစ္စာပစ္စည်း အသင့်အတင့်ရှိတယ်။ ထန်းတောတွေ လယ်ယာလုပ်ငန်းတွေ အပိုင်ရှိတယ်လေ။ သူကြီးမျိုးရိုးဆိုတော့ ချမ်းသာတယ် ဆိုရမှာပေါ့"

"အဲ့ဒါဆို . . . အဘ၊ ဘယ်သူ့ကိုမေးရင် သိနိုင်မလဲ"

"အဲ့ဒီ ချစ်တီးတိုက်တွေအကြောင်း လုံးစေ့ပတ်စေ့ သိတာကတော့ အဘတို့ နေ့လယ်ကသွားစားသောက်ခဲ့တဲ့ ကုန်းသာရွာက ဦးအောင်သန်းပဲ။ အဘအိမ်ကိုလည်း မကြာခဏ လာလည်တတ်တဲ့ ရွှေသွားကြီးနဲ့လူပေါ့။ တိုက်ဝါတန်းက ကုန်းသာရွာနဲ့နီးတော့ သူလာမှ မေးကြည့်ပေတော့။ ဦးအောင်သန်းက ချစ်တီးတိုက်ဝါတန်း အဖြစ်အပျက် အကုန်သိတယ်"

"ဟုတ်ကဲ့ပါ . . . အဘ၊ ကျေးဇူးတင်ပါတယ်"

✿ ✿ ✿

|၄|

❑

ကျွန်တော် အဘဦးအောင်သန်းကို စောင့်မျှော်နေမိသည်။ အဘဦးအောင်သန်းကလည်း မျှော်ခါမှ ပေါ်မလာပါ။ ဆယ်ရက်ခန့်ကြာမှ စက်ဘီးတစ်စီးနှင့် ပေါက်ချလာသည်။ ကျောက်ဆည်မြို့သို့ ဈေးဝယ်သွားရန် အဘဦးခတ်မှီအား ဝင်ခေါ်ခြင်းဖြစ်သည်။





သူတို့သူငယ်ချင်းနှစ်ဦးက သည်လိုပင် နှစ်ယောက်သား စက်ဘီးကိုယ်စီနှင့်သွားကြပြီး ဈေးဝယ်စားသောက်ပြီးမှ ညနေခင်း အေးအေးလူလူပြန်လာလေ့ရှိသည်။ ဦးအောင်သန်းက ကုန်းသာရွာတွင် အိမ်ဆိုင်ကလေးဖွင့်ထားသည်။ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်အပြင် ကလေးသွားရည်စာမုန့်အမျိုးမျိုးလည်း ရောင်းတတ်သည်။

"အဘဦးအောင်သန်းရယ် . . . မျှော်လိုက်ရတာဗျာ။ ခုမှပဲ ပေါ်လာတော့တယ်"

"ဘာကိစ္စရှိလို့လဲ . . . ဆရာလေး၊ ကိစ္စရှိရင် စက်ဘီးကလေးနဲ့လာခဲ့ရောပေါ့ . . . ဆရာလေးရယ်၊ ဝေးတာမှတ်လို့"

"နေပြင်းတာရယ်၊ ဒီမှာလည်း အလုပ်ကလေးတွေ ရှိလို့ပါ အဘရယ်"

ကျွန်တော် ပြီးခဲ့တော့အပတ်က အဘ ဦးခတ်မှီတို့ ကြုံခဲ့ကြရသော တိုက်ဝါကြီးများတွင်အိပ်ခဲ့သည့် နှစ်ယောက်တစ်အိပ်မက်အကြောင်းကာ စ၍ပြန်ပြောပြရာ အဘဦးအောင်သန်းက . . .

"အေးဟေ့ . . . ကိုခတ်မှီတို့ကတော့ အသက်ပဲ ခြောက်ဆယ်ကျော်နေပြီ ငယ်စဉ်ကလို တေတုန်းပေတုန်းပဲ။ ကိုယ့်ကိုယ်ကိုယ်လည်း ကြီးဟ။ ရပ်ရွာသူကြီးဆိုတာ နည်းတဲ့အဆင့် မဲဟုတ်ဘူး။ လူမလေး ခွေးခန့်အောင်တော့ မနေကြနဲ့။ ကျုပ်က လှည်းနဲ့လိုက်ပို့မယ်ဆိုတော့ ရပါတယ်၊ မပူးသေးပါဘူးဆိုပြီး တူဝရီးနှစ်ယောက် သိုင်းကွက်နင်းပြီး ပြန်သွားကြတာ၊ ကံကောင်းလို့ပေါ့။ အဲ့ဒီနေရာတွေက မြေကြွမ်းတယ်၊ မြွေဆိုးပေါတယ်၊ အခြောက်အလှန့် အလွန်ကြီးတယ်"

"အဘ အဲ့ဒီတိုက်ဝါကြီးတွေအကြောင်း သိချင်လို့ပါ။ တိုက်ဝါကြီးတွေကို မီးရှို့တုန်းက အဘပါတယ်ဆို"

"အင်း . . . ကိုခတ်မှီကတော့ ဖော်ကောင်လုပ်လိုက်ပြန်ပြီထင်တယ်။ အဲ့ဒီတုန်းက အဘက ကိုခတ်မှီနဲ့ သက်တူရွယ်တူဆိုတော့ (၁၀) နှစ်သားကျော်လောက် ရှိမှာပေါ့။ ကလေးပီပီ အဘတို့အပေါ် ကုပ်သွေးစုပ်တဲ့ ချစ်တီးသူဌေးတွေ၊ ကျွဲ၊ နွား၊ လယ်ယာ၊ သားပျို၊သမီးပျိုတွေကို သိမ်းတဲ့ အမြတ်ကြီးစား သွေးစုပ်ဖုတ်ကောင်တွေကို တော်လှန်ရေး ရဲဘော်တွေ



www.burmeseclassic.com

www.burmeseclassic.com



ဝင်လာတာနဲ့ အခွင့်ကောင်းယူ ဝိုင်းဖမ်းကြပြီး မိသားစုအလိုက် ကြိုးတုပ်၊ တိုက်ဝါကြီးတွေထဲ ထည့်ပြီး လောင်တိုက်သွင်းပစ်လိုက်ကြတာ အားရပါးရပဲ။ အဲ့ဒီတုန်းကတော့ မညှာမတာပဲဟော့။ လုလုကြီး ကလဲ့စားချေကြတာ။ အခု အသက်ကြီးမှ ပြန်စဉ်းစားမိတာ ကောင်းတော့ မကောင်းဘူးပေါ့ ... ဆရာလေးရယ်။ ဇမ္ဗုသုံးစ်အတိုင်း ကောက်ရိုးမီးပေါ့။ သွေးဆူနေချိန်ကိုး။ ပြီးတော့လည်း ပြီးတာပါပဲလေ''

''အဘတို့ ချစ်တီးတွေဆီက ဘာမှ မရလိုက်ဘူးလား''

''မရပါဘူး ... ဆရာလေးရယ်၊ ခေါင်းဆောင်လုပ်သူက ဘာမှ မယူရဘူးတဲ့။ အဲ ... ကျွဲ၊ နွားနဲ့ ကျွန်အဖြစ် သိမ်းထားသူတွေကိုတော့ ပြန်ခေါ်ရတာပေါ့။ အဲ့ဒီအချိန်တုန်းက ချစ်တီးကုလားတွေဟာ ပစ္စည်းသိမ်းရင် ပြန်မလုန်နိုင်အောင် လက်ရုံးလူမိုက်အဖွဲ့လည်း မွေးထားသေးတယ်။ ဓားကိုင်၊ တုတ်ကိုင်အဖွဲ့ပေါ့။ ကြေးစားလူမိုက်တွေလေ။ အဘတို့က အဲ့ဒီအကောင်တွေကို အရင်ဖြိုရတာ။

အပေါင်ထားတဲ့ အော်ဒီမန်စာချုပ်တွေကိုပါ မီးရှို့ပစ်တာ။ လက်စားချေပြီးတာနဲ့ လှည့်မကြည့်ဘဲ ပြန်ခဲ့ကြတာ။ အဲ့ဒီကတည်းက ချစ်တီးတိုက်ဝါတန်းမှာ နေဝင်တာနဲ့ အခြောက်ကြမ်းလိုက်တဲ့သရဲ၊ ညဘက် ကိစ္စအရေးကြီးရင်တောင် တစ်ယောက်တည်း၊ နှစ်ယောက်တည်း မသွားရဲဘူး။ လူ လေးငါးယောက်စုပြီး မီးတုတ်၊ ဓား လှံ ကိုင်ပြီး သွားကြရတာကြာပေါ့။ အခု ဆရာလေးတို့ ရောက်လာပြီး ခေတ်စနစ်တွေ ပြောင်းသွားမှ သရဲငြိမ်သွားတာ''

''နှစ်ပေါင်းကြာလို့ ကျွတ်လွတ်သွားကြတာလား ... အဘ ... ဟင် ...''

''ကျွတ်သွားပုံတော့ မရဘူး။ ငြိမ်ရုံငြိမ်သွားတာ''

''ချစ်တီးကုလားတွေက ပစ္စည်းဥစ္စာအစွဲအလမ်းနဲ့ အစိမ်းသေသေကြတာဆိုတော့ မကျွတ်ကြသေးဘူး ထင်ပါရဲ့။ ဘာသာခြားတွေဆိုတော့ ရပ်ရွာကလည်း ဘာမှလုပ်မပေးနိုင်ဘူးလေ။ သူတို့ တိုက်ပျက်တွေထဲ ဝင်ရုံဝင်ရင်တော့ ဘာမှမဖြစ်ကြပေမဲ့ အထဲကပစ္စည်းတစ်ခုခု ယူလာမိရင်တော့ တစ်ညလုံး အိမ်ကို ခဲနဲ့ပစ်ပြီး ခြောက်တော့တာပဲ။ မြေတွန်းသံတွေကလည်း အိမ်ပတ်လည်ဝိုင်းပြီး ဆူညံနေတော့တာပဲ။ အဲ့ဒါ တစ်ညတည်း မဟုတ်ဘူး။ ညစဉ်ရက်ဆက်ပဲ။ ယူလာခဲ့တဲ့ပစ္စည်း ပြန်ထားပေးမှ အခြောက်အလှန့် ငြိမ်သွားတော့တာ။ အလွန်ထူးဆန်းတယ်''





✿ ✿ ✿

[၅]

❑

ထိုနေ့ညနေက အဘဦးဓာတ်မှီနှင့် အဘ ဦးအောင်သန်းတို့ စက်ဘီးနှင့်စီဖြင့် ပစ္စည်းများ တစ်ပုံတစ်ပင်တင်ကာ စောစောပြန်လာခဲ့ကြပါသည်။ ကျွန်တော်က အိမ်ရှေ့ထွက်၍ ကြိုဆိုရင်း ...

''အဘတို့ ... ဒီနေ့ စောသားပဲ''

''မပြောချင်ပါဘူးကွာ ... အောင်သန်းပေါ့။ သူ့အိမ်ဆိုင်အတွက် ပစ္စည်းဝယ်တာ များသွားလို့ အဘစက်ဘီးပေါ်ပါ တင်လာခဲ့ရတယ်။ ဒီနေ့တော့ ချောမိတာပဲ။ ပစ္စည်းတွေများတော့ အရက်တောင် ကောင်းကောင်း မသောက်ခဲ့ရဘူး။ လမ်းမှာ ချော်လဲမှာစိုးလို့ စောစောပြန်ခဲ့ရတာ။ အခု တော့ ကုန်းသာရွာကို သူ့ပစ္စည်းတွေ ပြန်လိုက်ပို့ရဦးမယ်။ ဇိမ်မရှိလိုက်ဘူး။ ဒီနေ့ တကယ်ပင်ပန်းတယ်''

''အဲ့ဒါဆိုလည်း ... ကိုဓာတ်မှီရယ် ကျုပ်ပစ္စည်းတွေကို မနက်ဖြန်မှပဲ လာသယ်ပါတော့မယ်။ ခင်ဗျား နားပါ၊ ကဲ ... အချိန်ရှိတုန်း ကျုပ် ပြန်လိုက်ဦးမယ်''



www.burmeseclassic.com

www.burmeseclassic.com



"တာ ... အဘဦးအောင်သန်းကလည်း ကျွန်တော် လိုက်ပို့မှာပေါ့ ဗျာ၊ ပေးတာမှမဟုတ်ဘဲ"

"နေပါစေ ... ဆရာလေးရယ်၊ အပြန် ဆရာလေးတစ်ယောက် တည်း တိုက်ဝါကြီးတွေရှေ့က ဖြတ်ရမှာ။ ဆရာလေးအပြန်လမ်းက နွားရိုင်း သွင်းချိန် ဖြစ်သွားလိမ့်မယ်"

"ပြောနေတာ ကြာပါတယ် ... အဘဦးအောင်သန်းရယ် ... လာစမ်းပါ ... ကျွန်တော်လည်း စက်ဘီးကျွမ်းပါတယ်"

"ကဲ ... ဆရာလေး၊ ပြောမရလည်း သွားကြစို့"

အဘဦးမာတ်မှိုကား ...

"ဆရာလေး ... လှည်းလမ်းကြောင်းပေါ်မှာ နင်းရမှာနော်၊ ချော် မလဲစေနဲ့။ နောက်ပြီး ဆရာလေးက ည အသုံးလုံးသင်တန်း စာပြရဦးမယ်၊ မိုးတော့မချုပ်စေနဲ့။ အဖော်လည်း ပါတာမဟုတ်ဘူး"

"ဟုတ်ကဲ့ ... စိတ်ချပါ အဘ၊ ကျွန်တော် ချက်ချင်း ပြန်ခဲ့ပါ့ မယ်"

ဟုတ်တော့လည်း ဟုတ်ပါသည်။ စက်ဘီးနောက်ကယ်ရီယာက တင်လာသော ပစ္စည်းထုပ်နှင့် မုန့်ထုပ်များက မလေးသော်လည်း အတော် များသည်။ ရွာလမ်းအတွင်း နင်းရသည်ကတော့ ပြဿနာမရှိ။ ရွာပြင်လမ်း ရောက်တော့ လှည်းလမ်းရာနှစ်ခုအကြား စက်ဘီးလမ်းက ယောင်ယောင် ကလေး။ ဘေးချော်သည်နှင့် နက်ပြီး ဖုန်ထူသော လှည်းဘီးလမ်းထဲကျပြီး စက်ဘီးလဲနိုင်သည်။ အတော် သတိထားရသည်။ အရပ်မြင့်ပြီး ခြေတံလက် တံရှည်သော ကျွန်တော်ပင် မနည်းအားစိုက်ရသည်။

တိုက်ဝါကြီးများရှေ့ လမ်းပေါ်ရောက်တော့ လမ်းက ဖုန်အတိလမ်း စက်ဘီးနင်း၍ မရတော့သဖြင့် ဆင်းပြီး တွန်းရသည်။ ကုန်းသာရွာ အဘ ဦးအောင်သန်းအိမ်ရောက်တော့ ပစ္စည်းများချပြီး ကျွန်တော် အခါးရေ သောက်၍ ခေတ္တနားနေစဉ် အဘဦးအောင်သန်းက ကျွန်တော့်စက်ဘီးနောက် ကယ်ရီယာအပေါ်သို့ အိမ်တွင်စားရန် သူ့ယာထွက် ကြက်သွန်ဖြူ ၁ ပိသာ ခန့် တစ်အိတ်စီ တင်ပေးသည်။ ကျွန်တော် အဘတို့မိသားစုကို နှုတ်ဆက်ပြီး ပြန်ခဲ့ပါသည်။





စက်ဘီးက ရွာအိမ်ကအထွက် စီး၍ရသော်လည်း လှည်းလမ်းဆုံ တိုက်ဝါကြီးများရှေ့ရောက်တော့ နင်းမရတော့။ ဖုန်တောလမ်းကြီး ဖြစ်ချေ သည်။ စက်ဘီးပေါ်က ဆင်း၍တွန်းရသည်။ စက်ဘီးမှာ အတော်လေးလဲ နေသည်။ ဖုန်ဆွဲသည်ဆိုရအောင်လည်း ဖုန်ထူက ဘီးမြုပ်ရုံသာ။ ကျွန်တော် တိုက်ဝါတန်းဘက် မရဲတရဲကြည့်မိတော့ လူပ်ရှားမှု မတွေ့ရ။ သို့သော် သီးဝါး တဟားဟား ရယ်သံများကိုတော့ အတိုင်းသား ကြားနေရသည်။

ထိုစဉ် လေပွေကလေးတစ်ခု လမ်းမပေါ်တွင်ဝှေ့လာပြီး ကျွန်တော့် နားရောက်တော့ ကြီးမားလာပြီး ကျွန်တော်နှင့် စက်ဘီးအားဖုံးလွှမ်းသွား သည်။ တဟားဟား ရယ်သံများကိုလည်း အနီးကပ်ကြားရသည်။ လေပွေ ကြီး လွန်သွားတော့ ကျွန်တော့်တစ်ကိုယ်လုံး ဖုန်မှုန့်ဖုံး၍ ကျန်ခဲ့သည်။

နေဝင်ပြီဖြစ်သော်လည်း အလင်းရောင် ဖျိုးဖျိုးကလေးက ကျန်နေ သေးသည်။ ယခုတော့ ဖုန်တောလမ်းက မလွတ်သေးသော်လည်း စက်ဘီး ပေါ်သွားသည်။ ဖုန်တောလမ်းလွတ်သည်နှင့် ကျွန်တော် စက်ဘီးကို နင်း၍ ပြန်ခဲ့ပါသည်။ မြောက်ရွာထိပ်တွင် အဘဦးမာတ်မှိုက စိုးရိမ် ဖြင့် စောင့်ကြိုနေသည်။

"ဆရာလေး ... အဆင်ပြေရဲ့လား၊ ဆရာလေးကို လေပွေလုံး သွားတာ လှမ်းမြင်နေရတယ်၊ လေပွေလုံးကြီးထဲမှာ ဒိုတီအဖြူဝတ်စုံ ချစ်ကုလားကြီးကို လွှားခနဲ မြင်လိုက်ရသလိုပဲ။ ဆရာလေး မကြောက် ဘူးလား"

"မကြောက်ပါဘူး ... အဘရယ်၊ စက်ဘီးက ဖုန်ထုဆွဲပြီး အရမ်း လို့ ဆင်းတွန်းရတာ။ ကဲ ... အဘ ကျွန်တော် ကြက်သွန်အိတ်တွေနဲ့ ပြန်နှင့်မယ်။ အိမ်ပြန်ရောက်ရင် ခေါင်းလျှော် ရေချိုးရဦးမှာ"

"ပြန်နှင့် ... ဆရာလေး၊ ကျုပ်လည်း မြောက်ရွာသူကြီး ဦးလှ အိမ် ဝင်ဦးမယ်"

ကျွန်တော် အိမ်ပြန်ရောက်တော့ ခေါင်းလျှော်၊ ရေချိုးပြီး ညစာပင် ဘဲ အသုံးလုံးသင်တန်း ဝင်ရသည်။ ည (၉) နာရီ သင်တန်းပြီး ညစာစား၍ အိပ်ရာဝင်ရသည်။ ပင်ပန်းသဖြင့် ခေါင်းချသည်နှင့် အိပ် သည်။ စွဲလမ်းမှုကြောင့်လားတော့မသိ။ အိပ်မက်မက်သည်။ အိပ်မက်



www.burmeseclassic.com

www.burmeseclassic.com



ထဲတွင် ကျွန်တော် တိုက်ဝါကြီးတစ်လုံးပေါ် ရောက်နေသည်။ ချစ်တီးကုလား ကြီးက ကျွန်တော့်အား ...

"ကောင်ကလေး ... မင်းကို ငါ သဘောကျတယ်။ ဖွဲကောင် တယ်၊ သတ္တိရှိတယ်။ မင်းကို ငါတို့ စကြဲ၊ နောက်ကြတာ အရမ်းပျော် ကောင်းတယ်။ မင်းက စိတ်မဆိုးဘူး။ ဆဲလည်း မဆဲဘူး။ ဒါကြောင့် ငါ စုထားတဲ့ ရွှေဒင်္ဂါးပြားတွေ မင်းကို ပေးမယ်။ ဟောဟို အလယ်ခေါင်တိုင် အတွင်းမှာ တူးယူပေတော့။ အဝိုင်းပုံစံ အမှတ်အသားလေး။"

ကျွန်တော် ထင်ထင်ရှားရှားမြင်မက်သောအိပ်မက်က လန့်နိုးတော ညဥ့်သန်းခေါင်ကျော်ခန့်သာ ရှိသေးသည်။ အိပ်ရာကထ၍ အပေါ့အပါးသွား ရေတစ်ဝသောက်ပြီး ပြန်အိပ်ကာ နိုးလာတော့ မနက် (၄)နာရီခန့်။ ပြန်မအိ တော့။ မျက်နှာသစ်၊ သွားတိုက်ပြီး ခေတ္တ ဘုရားအာရုံပြုရှိခိုးပြီး အိမ်ရှေ ကွပ်ပျစ်အောက်မှ သံတူးရွင်းတစ်ချောင်းယူ၍ အဘ စက်ဘီးကိုနင်းကာ ထွ ခဲ့တော့ မနက် (၅) နာရီခန့်။ ရွာတွင်း၌ အိမ်အချို့က နိုးထနေကြပါပြီ။

နွေရာသီဖြစ်သဖြင့် နေလုံးကြီးက မထွက်သေးသော်လည်း အလင် ရောင်ဖြူဖြူရနေပြီဖြစ်သဖြင့် လမ်းကို ကောင်းစွာ မြင်နေရပြီ။ ရွာမြော ဖက်က ထွက်ပြီး တိုက်ဝါကြီးများရှေ့ရောက်တော့ စက်ဘီးကို ဆင်းတွန် သည်။ မနက်စောစော ဖုန်သိပ်နေသဖြင့် စက်ဘီးတွန်းရသည်မှာ အလု သက်သာပါသည်။ အိပ်မက်ထဲမှ တိုက်ဝါကြီးရှေ့ရောက်တော့ စက်ဘီး ဆီးချုံပုတ်အကွယ်တွင်လှဲ၍ ဝှက်ထားခဲ့ပြီး တိုက်ဝါကြီးအပေါ်သို့ လှေ ထစ် သုံးထစ်ကို နင်းပြီး တက်ခဲ့ပါသည်။ ပတ်ဝန်းကျင်မှာ အေးဆေး သက်လျက် မနက်ခင်း လေပြည်ကလေးပင်မမြူးပါ။

ကျွန်တော့်အိပ်မက်ထဲကအတိုင်း ချစ်တီးကုလားကြီးကို မတွေ့ သော်လည်း သူညွှန်ပြခဲ့သော အလယ်ခေါင်တိုင်ကို ကျွန်တော် မှတ်မိသ လှည့်ပတ်ကြည့်ရာ အဝိုင်းပုံစံအပေါက်ကလေးကို တွေ့ရသည်။ တိုင် အာစီတိုင်ဖြစ်သော်လည်း သံချောင်းထည့်ထားဟန်မတူ။ ၁၄ လက်မ အ ရှိအတိုင်းသာဖြစ်သည်။ သံတူးရွင်းဖြင့် ဖွဲကြည့်တော့ မီးလောင်ထားသော သရိုးကိုင် အင်္ဂတေများ ပွဲကျကုန်သည်။ အထဲ၌ အုတ်ကို အခေါင်းပေါ် လုပ်၍ ပစ္စည်းအား မြှုပ်နှံထားခြင်းဖြစ်သည်။

စိတ်ကူးသစ်စာပေ




ကျွန်တော် အုတ်ခဲများအား အပေါက်ရာအတိုင်း တစ်လုံးချင်း ခွာချတော့ အထဲ၌ ရွှေမြန်မာကြီးများစာသော ကြေးကွမ်းအစ်ကြီးတစ်လုံး ပေါ်လာသည်။ တရွှေ့ရွှေ့ဖွဲ့ပြီး ဆွဲထုတ်တော့ ကြေးဝါရောင် ရှေးဟောင်း ထားစုကွမ်းအစ်ကြီးအပေါ်အဲထဲ၌ ငွေဖလားလေး လေးလုံးနှင့် လက်ဝတ် ရတနာများ၊ အပေါ်အဲလှန်လိုက်တော့ အတွင်း ကွမ်းထည့်သောနေရာ၌ ရွှေ ဒင်္ဂါးတုံးရွှေဒင်္ဂါးများ အပြည့်ပင်။ ကျွန်တော် အချိန်မဆိုင်းတော့ဘဲ အသင့် ယူဆောင်လာခဲ့သော ဂုန်နီအိတ်နှင့်ထည့်၍ စက်ဘီးနောက် ကယ်ရီယာပေါ် တွင် ညှပ်ကာ အသော့နင်း၍ ပြန်ခဲ့ပါတော့သည်။ အလင်းရောင်က ကောင်း စွာရနေပါပြီ။

ချစ်တီးကုလားကြီးနှင့် ကျွန်တော် ဘယ်လို ပဋ္ဌာန်းဆက်လည်း ဆိုတာ မသိပါ။ တိုက်ဝါကြီးများ အနောက်ဘက်တွင် တရိပ်ရိပ်ကျန်ခဲ့သည်။ ဘဝလမ်းတွင် ကျွန်တော် စက်ဘီးအား ဆင်းမတွန်းရဘဲ အသာတကြည် နင်း၍ ဖြတ်ကျော်နိုင်ခဲ့သည်မှာ အံ့သြစရာပင်။ ဘာသာမတူသော်လည်း ကျွန်တော် အမျှ ပေးဝေခဲ့ပါသည်။ ဤရတနာပစ္စည်းများအား ကျွန်တော် ကောင်း သုံးမည်။ ရှေးဟောင်းဘုရားများအားလည်း ပြုပြင်မည်ဟု ရည်မှန်း ထားပါသည်။

ဆောင်မှူးကြီးသိန်းဝင်း

www.burmeseclassic.com

www.burmeseclassic.com



## |၁|

❑

အချို့သော ပုဂ္ဂိုလ်တို့သည် ထောင်အပြစ်ဒဏ်နှင့် ပတ်သက်၍ မင်းအာဏာများချခြင်းကို ပြောလျက်ရှိကြပုံမှာ 'ထောင်ကျတယ်ဆိုတာ သိပ်ကြောက်ဖို့ကောင်းတယ်။ ထောင်တွင်းသေသွားတဲ့ အကျဉ်းသားတွေဟာ သူတို့သေပြီးတောင်မှပဲ ထောင်ထဲက မသွားနိုင်ဘဲ ထောင်ကျတဲ့နှစ်ကုန်အောင် ခံကြရတယ်တဲ့' ဟု ပြောဆိုလေ့ရှိကြ၏။

အကြောင်းနှင့်ပတ်သက်၍ စာရေးသူတို့ ထောင်မှုးဖြစ်လာသောအခါ အထက်ပါအကြောင်းကို နားစွန်နားဖျား ကြားဖူးကြသူများက စာရေးသူကို အထင်ကြီးတစ်ခွဲသားနှင့် ဟုတ်၊ မဟုတ် မေးမြန်းတတ်ကြ၍ စာရေးသူကလည်း မိမိလုပ်ကိုင်နေရသော အလုပ်ကို အထင်ကြီးသွားစေရန် ခပ်တည်တည်နှင့် …

''မင်းအာဏာပဲဗျ။ ဘုရင်တို့ဘုန်း မိုးထိချွန်း၊ သုံးပုန်းတော ...ား မနေသာဆိုတာ ရှိတာပဲ''

ဟု မတင်မကျဟန်လုပ်ကာ တစ်ဖက်သားအထင်ကြီးစေရန် ပြော...ပါသည်။ ဤကဲ့သို့ ပြောဆိုခဲ့သည်မှာ ထောင်ကို လူအများကြောင်ရှောင်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ကြစေရန်၊ ရာဇဝတ်မှုများ၏ ကြီးမားသောအပြစ်ကို သဘောပေါက်ရန် ရည်ရွယ်ချက်လည်း ထားခဲ့ပါသည်။

သို့ရာတွင် မိမိမှာ ပြောသာပြောခဲ့ရသည်။ အတိအကျမသိရသော ကိစ္စတစ်ခုကို အများအထင်ကြီးစေရန် ပြောခဲ့ရသော်လည်း မိမိ၏စိတ်ထဲတွင် ကိုယ်တိုင် သံသယမရှင်းသဖြင့် ငါပြောမိတာ မလိမ့်တပတ်နှင့် မုသားများ ဖြစ်လေမလား။ အလားတူမေးခွန်းမျိုးကို မေးသူ နောက်ထပ်ပေါ်ပေါက်လာပါက မည်ကဲ့သို့ ဖြေကြားရအံ့နည်းဟု အစဉ်အမြဲ တွေး၍သာ နေခဲ့ပါသည်။

အကျဉ်းသားအပြစ်ဒဏ်နှင့် ပတ်သက်၍ စာရေးသူမှာ ထောင်ဒဏ်တစ်ရက်မှ အနှစ်တစ်ရာကျော် ကျခံရမည့်သူများနှင့် ကြိုးဒဏ်သေစားသေစေခံရန် လူတစ်ဦးကို လေးကြိမ်တိုင်တိုင် ကြိုးပေးသတ်ရမည့်အပြင် ကြိုးဒဏ်ပေးပြီးနောက် နောက်အမှုများအတွက် ထောင်ဒဏ်နှစ်ပေါင်းများစွာခံရမည့် အကျဉ်းသားမျိုးများကိုလည်း ကြုံတွေ့ဖူးပေရာ၊ ကြိုးဒဏ်ပေးပြီး သေဆုံးသွားသူအတွက် ကျခံရန် ကျန်ရှိသော ထောင်ဒဏ်အတွက်သော်လည်းကောင်း၊ ရိုးရိုးထောင်ကျနေသူများ ထောင်ဒဏ်နှစ်မကုန်ဆုံးမီ ထောင်တွင်း၌ သေဆုံးသူများအတွက်လည်းကောင်း၊ သေပြီးမှ တစ္ဆေအဖြစ် ထောင်သားတစ္ဆေဘဝနှင့်ခံရမည်ဟု ထောင်ဥပဒေမှာလည်း ရှာ၍မရ။ အထက်လူကြီးများကလည်း သေသူကို အမိန့်ပြန်တမ်း ရွတ်ဖတ်သံမကြားရဘဲ သေရင် မြှုပ်ပစ်၊ မြှုပ်ပစ်သည့်တိုင် ထောင်တွင်း၌ မြှုပ်သည်မဟုတ်မူ၍ အပြင်ဘက် အကျဉ်းသားသချိုင်းသို့ စဏ္ဍာလများနှင့် ပို့လိုက်သည်ကိုသာ တွေ့ကြုံနေရ၏။

သို့ဖြစ်ရာ ထောင်တွင်း၌ သေပြီးမှ တစ္ဆေဘဝနှင့် ထောင်ဒဏ်ခံနေရသည်။ ညအချိန် ထောင်မှူးထောင်ပိုင် လာရောက်စစ်ဆေးက သေသူ၏ အဝတ်ကိုထားသော သီးသန့်အခန်းတွင်းက ထောင်သားတစ္ဆေသည် ၎င်းရှိကြောင်း အထိမ်းအမှတ်ဖြင့် ကြမ်းပြင်ကို ခေါက်ပြရသည်ဆိုသော စကားသည် အဘယ်က ပေါ်လာပါသနည်း။ စာရေးသူသည် အင်္ဂလိပ်ခေတ်ကို





မီလိုက်သော ထောင်အရာရှိတစ်ဦးပင်ဖြစ်လင့်ကစား ဤကိစ္စမျိုးကို ယနေ့တိုင် ထောင်တွင်း၌ မတွေ့ကြုံရပါပေ။

သို့နှင့် အကျဉ်းသားသေ တစ္ဆေဖြစ်သလားဆိုသော ပြဿနာမှာ တအုံနွေးနွေးဖြစ်နေ၍ ကိုယ်တွေ့ကြုံဖူးတွေ့ဖူးသော ပုဂ္ဂိုလ်များကို အချိန်အတော်ကြာ မေးမြန်းစုံစမ်းလာခဲ့ရာ ထောင်အရာရှိပေါင်းများစွာတို့အနက် တစ်ဦးတည်းသော ထောင်ပိုင်ဝန်ဟောင်း ကိုယ်တိုင်ကြုံဖူးသူက စာရေးသူအား အနည်းအကျဉ်းပြောကြားသည်ကို မှတ်သားရပေသည်။ ထိုပုဂ္ဂိုလ်ကြီးမှာ ဗိုလ်ကပြားလည်းဖြစ်ရာ ရှေးခေတ်အင်္ဂလိပ်တို့၏ စိတ်နေသဘောထားတို့ပါ အတွင်းကျကျ သိထားပြန်၍ အကျဉ်းထောင်အုပ်ချုပ်ရေးတွင် အင်္ဂလိပ်တို့၏ ပြုမူပုံကို ကောင်းစွာပြောပြနိုင်သဖြင့် . . .

"အန်ကယ်ကြီး . . . အကျဉ်းသားတွေ ရက်မစေ့ဘဲ ထောင်တွင်း သေသွားရင် ကျန်တဲ့ကာလအပိုင်းကို တစ္ဆေဘဝနဲ့ ခံပေးရသေးတယ်ဆိုတာတွေ ဟုတ်ပါသလား"

ဟု စာရေးသူက စုံစမ်းမေးမြန်းကြည့်ရာ . . .

"ဘယ်လာဟုတ်ရမှာတုံး။ ဒါပေမဲ့ ထောင်မှူး၊ ထောင်ပိုင်တွေက အခမ်းပါဝါပြပြီး နင်တို့သေတောင် တို့လွှတ်မှသွားရမယ်လို့ ပစ်ကြိမ်းထားတယ်။ သေတဲ့နောက် ထောင်သားသချိုင်းရယ်လို့ လုပ်ထားတဲ့ ထောင်ဝင်းအထဲသချိုင်းမှာ မြှုပ်ပြီးတဲ့နောက် ထောင်မှူးတွေက လည်ပင်းက သံကွင်းထောင်နံပါတ်ကိုဖြုတ်ပြီး သချိုင်းမြေပုံပေါ် သက်သက်မဲ့လာပြီးထားတယ်။ ဒီလိုလုပ်တာပါကွာ။

ဒါကို မြင်တူးရတဲ့ အကျဉ်းသားတွေ၊ တခြားအကျဉ်းသားတွေက သူ့ထောင်မလွတ်သေးပါလားလို့ စိတ်ထဲစွဲကြတယ်။ အပြင်လူတွေကလည်း ဒီလိုပဲ ထင်နေကြတယ်။ ဒါဟာ အင်္ဂလိပ်ကိုပုန်ကန်ရင် ထောင်ကျမယ် ထောင်ကျရင် ကြောက်စရာကြီးလို့ထင်အောင် လုပ်ကြတာကွ"

ဟု ပြောပြပါသည်။

"ဒါဖြင့် လူတွေကသာ ထင်နေကြတာ၊ ထောင်သားသေ တစ္ဆေ မဖြစ်ဘူးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



''ဟော့ . . . ဘယ်အကောင် ဖြစ်နေမှန်းတော့မသိဘူး။ ဖြစ်တဲ့အကောင် ဖြစ်တယ်။ ဘာပြုလဲဆို အန်ကယ်တို့ငယ်ငယ်က အဖေက ထောင်မှူးဖြစ်တော့ ထောင်ခြံထဲ ညဝင်ပြီး သခွားသီးသွားခိုးကြတာ ဒီဥယျာဉ်မယ် အကျဉ်းသားသချိုင်းရှိတော့ ဘာပြောကောင်းမလဲ ခြေချင်းသံ တချွင်ချွင်နဲ့ လိုက်လာလိုက်ကြတာ . . . ဟေး . . . အန်ကယ်ရဲ့ညီဆို အိမ်ပေါ်ခုတင်အောက်တောင် ဝင်ပြေးပြီး အမောဆို့နေသေးတယ်''

''ဒါဖြင့် ဟုတ်သလိုဖြစ်နေတာပေါ့ အန်ကယ်''

''ဟာ . . . ဒါက ထောင်သားရယ်မှ မဟုတ်ဘဲ။ တခြားအပြင် လူသေရင်လည်း ဖြစ်ချင်တဲ့လူ ဖြစ်တယ်လို့ ပြောကြတာပဲမဟုတ်လား။ ထောင်သားသချိုင်းက ထလိုက်တဲ့တစ္ဆေကိုတော့ သူတို့မလွတ်လို့ နေကြရတယ်လို့ ကြွားပေါက်ရတာပေါ့ကွာ။ ခင်းတို့က ဘာကောင်မို့လို့ သေပြီးတဲ့နောက်တောင် ချုပ်ချယ်နိုင်ရမှာလဲ''

''ထောင်တွင်းမယ် အမိန့်ပြန်တမ်းရွှတ်ပြီးထားတဲ့ တစ္ဆေ၊ အမိန့်ပြန်တမ်းရွှတ်ပြီး လွှတ်ရတဲ့တစ္ဆေကော ကြုံဖူးပါသလားခင်ဗျား''

''အေး . . . တမင်ပြန်တမ်းရွှတ်ပြီး ထားတာတော့ မတွေ့ရခဲ့ဘူး။ ပြန်တမ်းနဲ့ လွှတ်ရတဲ့တစ္ဆေတော့ နှစ်ခါတောင် ကြုံခဲ့ရသကွာ။ ယုံချင်ယုံ မယုံချင်နေဆိုသလိုပဲ။ ဒီလို . . . ဒီလို . . .''

ပုဂ္ဂိုလ်ကြီးသည် ဆေးပြင်းလိပ်ကြီးကိုမှာရင်း စာရေးသူအား နောက်ကြောင်းကို ပြောပြနေပါသည်။

✿ ✿ ✿

[၂]

❑

ခရစ်သက္ကရာဇ် ၁၉၃၁ ခုနှစ်ဖြစ်သည်။

အထက်ဗမာပြည် မကွေးခရိုင်ထောင်ကြီးသည် ပူပြင်းသော နေ...ောင်အောက်တွင် လေးထောင့်စပ်စပ် အနီပုပ်အဆင်းဖြင့် ကြက်သရေမဲ့...ှာ ရပ်တည်နေပေသည်။ မကွေးထောင်မှာ အမှန်အားဖြင့် တတိယတန်း...ျသာဖြစ်သော ခရိုင်ထောင်ဖြစ်သော်လည်း ထောင်တို့၏ ရှိအပ်သော...န်အင်လက္ခဏာများနှင့် ပြည့်စုံသည်ဟု ဆိုရမည်ဖြစ်၏။ အကြောင်းမှာ...ွေးထောင်မှာ ထောင်ပင်ငယ်သော်လည်း လူသတ်နိုင်သော ကြိုးစင်ရှိ...င်းကြောင့်ပေတည်း။

ရှေးအင်္ဂလိပ်မင်းလက်ထက်က ထောင်၏အုပ်ချုပ်ရေးမှာ ယခုခေတ်...ှင့်တူပါချေ။ ထောင်၏အကြီးအကဲလုပ်သူ ထောင်ပိုင်ဝန်များမှာ ဆေးရုံမှ...ရာဝန်ကြီးများသာ ထောင်ပိုင်ဝန်ဖြစ်ကြ၍ ထိုဆရာဝန်ကြီးအား ထောင်ပိုင်...ရာဝန်ကြီးဟု ခေါ်ဆိုကြ၏။ ထိုဆရာဝန်ကြီးများမှာ အမှန်အားဖြင့် အကျဉ်း...များတို့၏ ကျန်းမာရေးအတွက်သာ ရည်စူး၍ ခန့်ထားခဲ့ခြင်းဖြစ်ရာ...ောင်အကြောင်း ထောင်အလုပ်ကို ခရေစေ့တွင်းကျ မသိကြဘဲ နှမ်းဖြူးရုံ



www.burmeseclassic.com

www.burmeseclassic.com



အုပ်ချုပ်ခြင်းသာဖြစ်လျက် အဓိကအုပ်ချုပ်ရေးမှာ ထောင်မှူးကြီးကသာ အုပ်ချုပ်သွားရပေသည်။

များသောအားဖြင့် ဆရာဝန်ကြီးများမှာ အင်္ဂလိပ်၊ ကုလားများသာ ဖြစ်ကြပေရာ ထောင်၏အုပ်ချုပ်ရေးမှာ ကုလားအင်္ဂလိပ်များတို့၏ လက်တွင်းတွင် ထားသည်ဆိုက မမှားပါချေ။ ယခုခေတ် ထောင်အုပ်ချုပ်ရေးမှာ ကျန်းမာရေးကိစ္စမှအပ ဆရာဝန်ကြီးများနှင့် မပတ်သက်တော့ဘဲ အချိန်ပြည့် ဆောင်ရွက်ရသော ထောင်ပိုင်ဝန်တစ်ဦး ထားရှိလေသည်။

ဤသည်ကား ယခုခေတ်နှင့် ရှေးခေတ်၊ ထောင်ပိုင်ဝန်တို့၏ ခြားနားချက်ကို အများသိစေရန် ဖော်ပြခြင်းသာဖြစ်ပါသည်။ ယခုခေတ်တွင် တချို့ မသိသောသူများက ပြည်သူ့ဆေးရုံကြီးမှ ခရိုင်ဆရာဝန်ကြီးများကို ထောင်ပိုင်ဆရာဝန်ကြီးဟု မှားယွင်းစွာ ခေါ်နေကြသဖြင့် ရှင်းလင်းဖော်ပြလိုက်ရပါသည်။

မကွေးထောင်၏ ကြိုးစင်သည် တံခါးလှုပ်တုပ်လှုပ်တုပ်နှင့် အစာဆာလောင်နေသော သတ္တဝါတစ်ကောင်ကဲ့သို့ သူ၏အစာရှိရာ ကြိုးသမားများထားသည့် ကြိုးတိုက်ဘက်သို့ ကြည့်နေဟန်ဖြင့် နေဝင်ရီတရောအချိန်တွင် မြင်ရသူတို့အား ခြောက်လှန့်၍ ရှိနေ၏။

ထိုကြိုးစင်မှာ ရှေးပုံစံဖြစ်ရာ လေးတိုင်စင်ခပ်မြင့်မြင့် ဆောက်ထားပြီး ကြိုးစင်၏ လျှာတရမ်းရမ်းနှင့်တူသော ကြိုးပေးခြင်းခံရသူ မတ်တတ်ရပ်သော တစ်ဖက်ကွဲပတ္တာနှင့် ပျဉ်ပြားမှာ လေတိုက်သည့်အရှိန်ဖြင့် တကျွိကျွိမြည်နေသည်မှာ တစ္ဆေတစ်ကောင် ညည်းနေသလားဟု ထင်ရသည်။

ကြိုးစင်ဟောင်းပုံစံမှာ သေရမည့်သူက အပန်းတကြီးတက်ရပြီး ပတ္တာတစ်ဖက်တွဲထားသော ပျဉ်ပြားကို ပတ္တာမရှိသည့်ဘက်က တုတ်ဖြင့် ထောက်ထားလျက် တုတ်ကို ကြိုးဖြင့်ဆွဲလိုက်မှ ပျဉ်ပြားက ရှောင်းခနဲကျသွား၍ ပျဉ်ပြားပေါ်တွင်ရပ်နေသော အကျဉ်းသားမှာ အောက်သို့ကျသွားပြီး ကြိုးနှင့် တန်းလန်းဖြစ်သွားရာ ပုံသဏ္ဍာန်မှာ ကလေးသူငယ်များ တောင်းနှုတ်ခမ်းတွင် တုတ်ထောက်ပြီး ကြက်ထောင်သကဲ့သို့ တုတ်ကိုကြိုးနှင့် ဆွဲရခြင်းဖြစ်၏။





အမှန်မှာ ကြိုးစင်ဟောင်းပုံစံမှာ သေရမည့်သူ စိတ်မကောင်းအောင် လုပ်ထားသော ကြိုးစင်ဖြစ်သည်သာမက ကြိုးပေးမည့်သူအား ဘေးမှထိန်း၍ ကိုင်ထားရသောသူကိုပင် ပတ္တာနှင့်တွဲထားသော ပျဉ်ပြားက ပြန်ရိုက်မိနိုင်သေးရာ ထိုအကျဉ်းသားမှာ ထောက်ထားသောတုတ်ကို ဆွဲသည်နှင့်တစ်ပြိုင်နက် အနီးရှိ ကြိုးစင်တိုင်ကို မျောက်တစ်ကောင်၏ လျင်မြန်ခြင်းဖြင့် ချက်ချင်း ချိတ်တက်ရ၏။ သို့မဟုတ်ပါက ထိုသူသည် ကြိုးသမားနှင့်အတူ ကြိုးစင်အောက်သို့ ရောက်သွားပေလိမ့်မည်။

မကွေးထောင်၏ ကြိုးစင်သည် နံနက်ပိုင်း စောစောစီးစီး၌ လူသားစားရန် အရန်သင့်ဖြစ်နေ၍ အတော်ပင် ပီတိဖြစ်နေဟန်ရှိ၏။ သို့ရာတွင် အစားခံရမည့် လူသတ္တဝါကြိုးသမားမှာ အကြောက်ကုန်နေ၍လားမသိ၊ သူ၏ အိပ်သည် ညကြီးသန်းခေါင်ရောက်မှ အတော်ဆာလောင်နေ၍ ကြိုးတိုက်စောင့်ထောင်ဝါဒါအား ကြိုးသမားသည် မသေမီ ဒုက္ခပေးနေတော့၏။

"ဂျမဒါကြီး ... သွားပြောပါဗျ၊ ဆာလှပြီ။ ခေါက်ဆွဲတစ်ထုပ်ရယ်၊ ဒို့လိုစီးကရက်တစ်ဘူးရယ် လာပေးစမ်းပါလို့။ မသေခင် စားသွားချင်လို့ပါ ဗျ ထောင်မှူးကြီးကို သွားပြောပေးစမ်းပါ"

"အာရေဘိုင်ယာ ... အချိန်မဆိဘူး"

ကုလားဝါဒါက ဆို၏။

"သွားပါဆိုမှ ... ဒါဖြင့် ခင်ဗျားကို ကျုပ် သေးနဲ့ပက်လိုက်ရမလား"

ကြိုးသမားသည် ပြောပြောဆိုဆို သူပေါက်ထားသော သေးအိုးကို ကိုင်ထားကာ ပက်ရန် ဟန်ပြင်လိုက်ရာ ကုလားဝါဒါမှာ မနေနိုင်တော့၍ ထောင်မှူးကြီးထံ အကြောင်းကြားလိုက်ရ၏။

ထောင်မှူးကြီးမစ္စတာဂုံးသည် ...

"သေရမယ့်အကောင်က မသေခင် စားချင်သေးသတဲ့ကွာ ... ပေးလိုက်ရော။ ဝယ်ပေးလိုက်ကွာ။ နို့မို့ ... နက်ဖြန် ဒုက္ခပေးနေဦးမယ် ...ဒါ့ ကြောင့်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ညည်းညူကာ အမိန့်ပေးလိုက်ရာ ညကြီးမင်းကြီး ခေါက်ဆွဲထုပ်သည် အငွေ့တထောင်းထောင်းနှင့် ကြိုးသမားထံ ရောက်လာခဲ့၏။

"ဟဲ ... ဟဲ .. ဒီလိုလုပ်စမ်းပါ ... ဆရာကြီးရဲ့။ သေရမယ့်လူ စိတ်မကောင်းအောင် လုပ်တယ်ဆိုတာ ခင်ဗျားပဲ။ ဟဲ ... ဟဲ ..."

ကြိုးသမားညိုကြီးသည် ခေါက်ဆွဲထုပ်ကိုဖြည်ကာ ပလုပ်ပလောင်း စားရင်း ကုလားဝါဒါအား ပြောလိုက်ပြီး ...

"ဟော့ ... သူငယ်ချင်း၊ မင်း တစ်ဝက်စားကွာ။ ခေါက်ဆွဲက အများသား။ ဟဲ ... ဟဲ ..."

ကြိုးသမားညိုကြီးသည် တိုက်ခန်းမျက်နှာချင်းဆိုင်ရှိ ကြိုးသမား ဘိုးတေအား အော်ပြောလိုက်၏။

ကြိုးသမားညိုကြီးမှာ စားပြ လူသတ်မှုဖြင့် တစ်ကြိုးနှင့် ထောင် ဆယ်နှစ်ခန့်ခံရရန် အမိန့်ပေးထားခြင်းခံရပြီး အယူခံ၊ အသနားခံစာများ ရှုံးသွားပြီဖြစ်ရာ နံနက်မိုးလင်းသည်နှင့်တစ်ပြိုင်နက် သေရမည့်သူဖြစ်သော်လည်း လူရွှတ်ကြီးတစ်ယောက်ဖြစ်၍ သေခါနီးပင် ပျော်ပျော်ကြီးနေတော့သည်။ လူသတ်မှုရိုးရိုးဖြင့် ကြိုးမိန့်ခံနေရသော ဘိုးတေအား သူ၏ခေါက်ဆွဲကို စေတနာနှင့် ခွဲဝေပေးနေရှာ၏။

"စားပါ ... သူငယ်ချင်းရာ၊ ငါက ရင်ပြည့်နေလို့ပါ"

ဘိုးတေက ဆိုလိုက်၏။

"သေရမှာကြောက်လို့ မစားနိုင်ဘူးပြောစမ်းပါ။ ဟဲ ... ဟဲ"

ညိုကြီးက ဘိုးတေအား နောက်လိုက်၏။ သူတို့သည် ကြိုးသမား ဘဝတွင်သာ တစ်ဦးနှင့်တစ်ဦး သိကြသော်လည်း သုံးလေးလမျှ အစိုးရအမိန့်ကို နာခံရင်း အတူနေထိုင်ကြရ၍ ခင်မင်နေကြ၏။

"ဟဲ ... ဟဲ ... ပြောလေဗျာ။ ခင်ဗျားက အရင်သွားပြီး ကျုပ်က နောက်လာရမှာ ဒါပဲကွာတယ်မှုတ်လား။ ဟဲ ... ဟဲ ... ဒါနဲ့ ခင်ဗျားကို ကြိုးပေးရမှာ။ ခင်ဗျားကို ကြိုးကွင်းစွပ်ဖို့ လည်ပင်းမှမရှိဘဲ။ ဟဲ ... ဟဲ ခင်ဗျားရုပ်ကြီးက ကိုင်ဆောင့်ထားတဲ့အတိုင်းပဲ။ သရဲဖြစ်ရင် တော်တော် ကြောက်စရာကောင်းမယ့်ရုပ်ပဲ။ ဟဲ ... ဟဲ ..."





ဘိုးတေက ကုပ်တိုနေသော ညိုကြီးအား ပြန်နောက်လိုက်ရာ သူ ...သည် တဝါးဝါးရယ်နေကြ၏။

"ဟုတ်တယ်ဟေ့ ... မင်းပြောတာ၊ သေရမယ့်လူ လှနေလို့ကော ...ထူးမှာမှုတ်လို့။ ဟင်းစားမဲ့ကြက် အတက်ထွက်သလို နေရမှာပေါ့။ ဟဲ ...ဲ ... မင်း ငါ့မသာမယ် ဖဲမရိုက်ဖူးလား။ ကုလားဝါဒါကို ခေါ်ရိုက်ပါလား ...ွာ။ ဟဲ ... ဟဲ ..."

ညိုကြီးသည် သေခါနီးပင် သူ၏ဟာသကို အန်ထုတ်နေရှာ ...သည်။

"ဟုတ်သားပဲ ... မင်းမသာ ဖဲရိုက်ရကောင်းသား။ ဒါနဲ့ မင်းသေ ... သရဲဖြစ်မှာ မြင်ယောင်သေးတယ်"

ဘိုးတေက ဆိုပြန်၏။

"ဘာပြုလို့တုံး"

"မင်းက တစ်ကြိုးနဲ့ ဆယ်နှစ်ဟုတ်လား။ ဆယ်နှစ်က သေပြီးမှ ...င်သားတစ္ဆေဘဝနဲ့ ခံပေးရမယ်ကွ"

"ဟာ ... ကပ်သီးကပ်သပ် နင့်အမေကလွှား။ သေပြီးမှ ခံရဦး ...ဟ"

ညိုကြီးသည် အတော်စိတ်မကောင်းစွာဖြင့် အော်လိုက်သည်။

"ဟဲ ... ဟဲ ... မင်းသေပြီးမှ သိရမှာပေါ့ကွာ။ နို့မို့ ... တရား ...ကြီးက ကြိုးပေးပြီးတဲ့နောက် နောက်တစ်မှုက ဆယ်နှစ်ခံရမယ်ဆိုတာ ...ရေးထားသလားကွ"

ဘိုးတေက သေခါနီးလူစိတ်မကောင်းအောင် လုပ်ပြန်သည်။

ပျော်ရွှင်နေသော ညိုကြီးသည် ဘိုးတေ၏စကားကြောင့် သို့လော ...ာဖြစ်ကာ စားနေသော ခေါက်ဆွဲကိုပင် မစားချင်တော့ဘဲ စိတ်ပျက် ...ခေါက်ဆွဲထည့်သောဖက်ကို ဘေးသို့ဖယ်လိုက်ပြီး သက်ပြင်းတစ်ချက်ချ ...ဆိုးကရက်တစ်လိပ်သောက်လျက် စဉ်းစားလိုက်၏။ 'ငါ ... ငါ .. ...ယ်ပဲ တစ္ဆေဘဝကို ရောက်ရမှာပါလား' သူသည် စိတ်ထဲမှ ရေရွတ် ...ပြီး စိတ်တွင် မတင်မကျနှင့် မော်ဟိုက်စွာ ကုလားဝါဒါအား လှမ်းမေး ...ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဂျမဒါကြီး . . . ကျုပ်သေပြီးမှ ထောင်ဆယ်နှစ်ခံရမယ်ဆိုသလား

ဗျ"

သူသည် ပညာရှိကုလားဝါဒါအား မေးလိုက်ရာ . . .

"ဟုတ်တယ် . . . နင်က တို့မလွှတ်ရင် မသွားရဘူး"

ကုလားဂျမဒါကြီးက သူထင်ရာကို စွတ်ပြောလိုက်ပြန်သည်။

"ကဲ . . . လုပ်ကြဟေ့။ ဒါလောက်တောင်ဖြစ်လာတာ တရွေ

စမ်း။ မင်းတို့ အိပ်ကိုမအိပ်ရဘူး။ မှတ်ထားကြ"

ညိုကြီးသည် တက်တစ်ချက်ခေါက်ပြီး စဉ်းစားခန်း ဝင်နေ

သတည်း။

✿ ✿ ✿

[ ၃ ]

❑

လူတို့၏ ဘဝတစ်သက်တာတွင် ဒုက္ခသုခအမျိုးမျိုးရှိကြပြီး နော

ဆုံး၌ မိမိတို့သည် တရားတော်အလျောက် ဖျားနာ၍ သေကြမည်လာ

ဥပစ္ဆေဒကကံဖြင့် သူတစ်ပါးလက်နက် ကုန်းဘေး၊ ရေဘေးဖြင့် သေရ

လားဆိုသည်ကို မသိရခြင်းမှာ မျက်စိကန်းသောသူသည် ရေတွင်း၊ ချော

ကမ်းပါး၊ မီးပုံကြီးများ ဝိုင်းရံလျက်ရှိသောနေရာ၌ လမ်းလျှောက်နေသည်

များစွာတူလှ၍ ဘဝဟူသည်မှာ မည်သည့်ဘဝမှ မကောင်းဟု ဘုရား

ဟောတော်မူခဲ့သည်ကို အဖန်တလဲလဲ စဉ်းစားသင့်ကြပေသည်။





ကြိုးသမားညိုကြီးသည် ရာဇဝတ်ကောင်ကြိုးသမားအဖြစ် အဆိုး

မှ အကောင်းကိုရှာမည်ဆိုက သူသည် မည်သည့် နေ့ရက်၊ နာရီတွင်

န်သေရမည်ဟု ကြိုတင်ကာ ခန့်မှန်းနိုင်သူတစ်ဦးဖြစ်၏။ မသေမီ သမထ

သနာ၊ ကောင်းသောကုသိုလ်သီလကို လုပ်ရန်အချိန်ရ၍ အပြင်လောက

င် လမ်းသွားရင်း မော်တော်ကားတိုက်၍ သေနိုင်သော၊ သေတတ်သော

င့် နှိုင်းစာပါက တော်သေး၏ဟု ဆိုရမည်ဖြစ်၏။

သို့ရာတွင် လူဟူသမျှတို့သည် မိမိသေရမည့်နေ့ရက်ကို မသိ၍သာ

ရွှင်စွာ နေနိုင်ကြသည်။ တထစ်ချသေရမည့်နေ့ကို ကြိုးသမားညိုကြီး

သို့ သိရပါမူကား။ ဘုရား၊ တရား၊ တရမှန်းပင် မသိအောင် ကြောက်နေ

ည်လားဟုလည်း ထင်စရာအကြောင်းရှိပြန်သည်။

မှောင်ကြီးမဲမဲတွင် လမ်းလျှောက်နေသော သူသည် ကြောက်စိတ်

သောအခါ သီချင်းဆိုတတ်၏။ ထို့အတူ ကြိုးသမားညိုကြီးသည် သေ

ည်ကို ဂရုမစိုက်ဘဲ ရယ်စရာပြောနေသလော၊ ကြောက်၍ပဲ ရယ်စရာ

နေသလော။ သူသည် သေခါနီးပင် စားချင်သောက်ချင်စိတ် ပေါ်နေ

၍ ခေါက်ဆွဲတောင်းကာ မြိန်ရေရှက်ရေ စားလိုက်ပြန်သည်မှာ သူသည်

ကြောက်၍သာ စား၍ရသည်ဟု ပြောစရာရှိပြန်သည်။

သို့ရာတွင် သူသည် သူ၏ဘဝတူကြိုးသမား ဘိုးတေက သေပြီး

ောင်ဒဏ် ၁၀ နှစ်ခံရဦးမည်ဟု ပြောလိုက်ကတည်းက သူ၏ခေါက်ဆွဲ

ကို ဘေးသို့ဖယ်လိုက်ခြင်းမှာ ထိုစိတ်သည်သူ့အား နှိပ်စက်ချေပြီ။ ခေါင်း

သံမှိုနှက်သကဲ့သို့ စွဲလမ်းခြင်း ကြီးသွားပေပြီ။

ဒေါသလည်း ထွက်မဆုံးပြီဖြစ်၍ သူသည်တစ်ညလုံးမအိပ်တော့

ဖြင့် သူ့အား ကြိုးစင်တင်ရန် လာထုတ်မည့်အချိန်ကိုသာ စောင့်

ရာ သူမျှော်လင့်တကြီးစောင့်နေသော ထောင်အာဏာပိုင်များတို့သည်

သလီဝေလင်းတွင် လာထုတ်ကြရာ ညိုကြီးသည် ၎င်းအားပိတ်ထား

အခန်းမှထွက်လာရင်း တစ်ဖက်ခန်းရှိဘိုးတေအား ညိုးငယ်စွာ ကြည့်

. . .



www.burmeseclassic.com

www.burmeseclassic.com



"သွားပြီကွာ။ ညကျမှ မင်းဆီလာခဲ့ဦးမယ်"

ဟု နှုတ်ဆက်ကာ ကြိုးစင်ရှိရာသို့ လေးကွေးစွာ ပါသွားရှာလေ သတည်း။

✿ ✿ ✿

[၄]

❑

ဘိုးတေသည် ညိုကြီးက သွားခါနီး နှုတ်ဆက်သွားသည်ကို နား ကြားယောင်နေသည်။ သူသည် တစ်နေ့လုံး ညိုကြီး၏အသံနှင့် ညိုကြီး၏ ညိုးငယ်သောမျက်နှာကိုသာ တွေးနေမိ၏။ ညိုကြီး ကြိုးစင်တက်လောက် သောအချိန်၌ သူသည် ညိုကြီး၏မျက်နှာကို ကွက်ခနဲမြင်မိ၍ ရင်ထဲ တဒုန်းဒုန်း ခုန်သွားရှာသည်။ 'ညိုကြီးတော့ ကိစ္စအေးသွားပြီ။ ငါ့ကိစ္စသာ ကျန်တော့တယ်' ဟု မိမိအတွက်တွေးမိခါ ရင်တွင်း၌ စိမ့်ခနဲ အေးခနဲ ဖြစ် နေပြီး တစ်နေ့လုံး အစာကို စားချင်စိတ်ပင်မရှိ၍ ခွေခွေလေးသာ အိပ်နေ တော့၏။

ညသည် တဖြည်းဖြည်း မှောင်၍လာလေသည်။ အမှောင်ထုကို ဖောက်ထွင်းလျက် လေသည် တဟူးဟူး တိုက်ခတ်နေ၏။ ထောင်ဘူးဝ ပေါ်မှ ၁၅ မိနစ် တစ်ကြိမ်ကျ ထုလိုက်သော နာရီကြေးမောင်းအသံ၏နောက် တွင် ထောင်ဝါဒါ စန္ဒ်များ၏ 'အားလုံးကောင်းကြရဲ့လား' အသံသည် ထောင် ၏ပတ်ဝန်းကျင်တွင် ဟိန်းသွားပေသည်။





ဘိုးတေသည် တစ်နေ့လုံး ကိုယ်လက်မအီမသာတွေ့နေပြီး 'ညကျ လာခဲ့မယ်ကွာ' ဟု ညိုကြီး၏ နှုတ်ဆက်စကားကို ဆက်တွေးပြန်သည်။ ကုလားဝါဒါသည် တိုက်ခန်းရှေ့တွင် စစ်ဖိနပ်တဒေါက်ဒေါက်နှင့် ပျင်းရိ ဖွယ် လမ်းလျှောက်နေစဉ် ညိုကြီးတစ္ဆေများ တကယ်လာမည်လားဟု ကြောက် စိတ်ဝင်လာ၍ မိမိ၏စွဲလမ်းမှု ပျောက်သွားစေရန် ကုလားဝါဒါနှင့် စကား ပြောမှပဲ စိတ်ကူးလျက် ...

"ဂျမဒါကြီး ... ဗမာပြည်မှာ ပျော်ရဲ့လား"

"ဘယ်ပျော်မလဲကွ"

"ဒါဖြင့် ဘာလုပ်နေလဲ၊ ပြန်သွားပါလားဗျ"

ကုလားဝါဒါကြီးသည် ကြိုးသမားဘိုးတေ၏ စကားကြောင့် အနည်း ငယ် ကျွဲမြီးတိုသွားဟန်ဖြင့် ဆတ်ခနဲ စကားမပြောဘဲ လှည့်သွားစဉ် စူးစူး ဝါးဝါးအနံ့တစ်ခုသည် ဘိုးတေ၏နှာခေါင်းကို တစ်ချက်ကလိသွားရာ ဘိုးတေ မှာ ကုလားလေလည်ပစ်ခဲ့၍ နံသွားသည်ဟုထင်ခါ 'တော်တော်ဆိုးတဲ့ ကုလားပုပ်ပဲ' ဟု စိတ်၌ ဆိုလိုက်မိသည်။ စူးစူးဝါးဝါးအနံ့မှာ ခဏနှင့်ပျောက် သွားပြီး တစ်ခါပြန်ပေါ်လာပြန်ရာ 'ဟင် ... ကုလားအီးပေါက်တာမှ ဟုတ် ရဲ့လား ဘာနံ့ပါလိမ့်' ဟု တွေးပြီး ကုလားကြီးအား ဟစ်ခေါ်မိပြန်သည်။ တိုက်တန်းဆုံးအောင် လျှောက်သွားသော ကုလားကြီး ပြန်လှည့်လာသော အခါ ...

"ဂျမဒါကြီး ... ခင်ဗျား အီးပေါက်သလားဗျ။ နံလိုက်တာ"

"ထတ်တေရီ နာမပေါက်ဘူးကွ"

ကုလားသည် ပြောဆိုပြီး ထွက်သွားပြန်ရာ ဘိုးတေသည် မိမိ၏ အခန်းလေးမှ ကုလားသွားရာသို့ ငေးကြည့်နေစဉ် မဲမဲသဏ္ဌာန်တစ်ခုသည် ကုလားနှင့် ရင်ဆိုင်ဝင်လာပြီး ထောင့်တစ်ထောင့်တွင် ဝင်၍ကပ်နေသည် ကို ထင်ရှားစွာမြင်ရသဖြင့် ဘိုးတေမှာ ဘာပါလိမ့်ဟု ကြည့်နေစဉ် ကုလား ၏ ပြန်အလှည့်တွင် ထိုမဲမဲသဏ္ဌာန်သည် နောက်မှလိုက်လာသည်ကို မြင်ရ ပြန်သည်။

ကုလားဝါဒါသည် ဘိုးတေ၏အခန်းသို့ မရောက်မီ ပြန်လှည့်သွား ရာ မဲမဲသဏ္ဌာန်သည် ကုလားနှင့်ရင်မဆိုင်ဘဲ ထောင့်တွင်ကပ်၍ ရှောင်



www.burmeseclassic.com

www.burmeseclassic.com



ကိုက်ပြီး ကုလားကြီးလွှန်သွားမှ ဘိုးတေထံသို့ ပြေးလာသည်ကို မီးရောင် ဖြင့် ထင်ရှားစွာမြင်ရ၏။ ထိုလာနေသူမှာ လုံချည်အနီနှင့်ဖြစ်ရာ ဘိုးတေ သည် ကုလားကြီးအား လှမ်းမေးမည်အလုပ် လုံချည်နီနောက်မှ လူပေါင် လေးဆယ်မျှ လိုက်လာကြသည်ကို မြင်ရ၍ အတော်ထိတ်သွားသဖြင့် မီး အနီးသို့ ရောက်နေသူအားသေချာစွာ ကြည့်လိုက်ရာ ...

"ဟင် ... ညီကြီး၊ ညီကြီးသောက်ကျိုးနည်း ညီကြီးပါလား"

ဟု စိတ်မှ အလန့်တကြား ထင်လိုက်ရှိသည်။ ညီကြီးသည် ဘိုးတေအား လည်မျိုကို ညှစ်ပြီးသား ဖြစ်နေတော့သည်။

"ဟေ့ကောင် ... လွှတ်ကွ ... လွှတ်ကွ၊ အမယ်လေး ... လာ ကြပါဦး၊ လာကြပါဦး"

ဘိုးတေသည် အော်ရင်းနှင့် ကြမ်းပြင်တွင် ဘိုင်းခနဲ လဲသွားလေ ရာ ... အုန်း ... ဒိုင်းအသံကို ကြားရသော ကုလားဝါဒါသည် အတင် ပြေးလာပြီး ...

"ဟေ့ကောင် ... ဘာဖြစ်တာလဲ၊ ဘာဖစ်တာလဲ"

ဟု အတင်းအော်သော်လည်း ကြိုးသမားမှကား လူတစ်ဦးနှင့် ကြမ်းပြင်တွင် နပန်းသတ်နေသည့်ပမာ ခွေးတလုံးလုံး၊ တဖစ်ဖစ်နှင့် လိုး နေသည်ကိုသာမြင်ရ၏။ ကုလားဝါဒါသည် တခြားဝါဒါများကို အကူအညီ တောင်းပြီး ခါးတွင်ဆွဲထားသော သော့ဖြင့် သော့ခလောက်ကိုဖွင့်လျက် ဘိုးတေကို ဆွဲထုတ်ကြမှသာ ဘိုးတေမှာ တစ်စုံတစ်ဦးလက်မှ လွှတ်သွားသည့် ပမာ ထ၍ထိုင်ခါ မောကြီးပန်းကြီးနှင့် တောင်တောင်ကြောက်ကျက် ကြည့် နေတော့၏။

"ဘာဖြစ်တာလဲကွ"

ကုလားများ ဝိုင်း၍မေးကြ၏။

"ခင်ဗျားတို့ မမြင်ဘူးလားဗျ ... ညီကြီးလေ"

"အာင်ရေ ... ဘူကောမှပဲကွ"

"ခင်ဗျားနောက်က လိုက်လာတယ်။ နောက်ကလည်း အများကြီး





"ဟား ... ဟား ... နင် မသေခင် ရူးနေပြီ"

ကုလားတစ်ဦးက ဆိုလိုက်သည်။

"ငါ့လခွေး ... ကြောက်ရင် လူတောင်သတ်မလာသေးဘူး။ အေး ခရဲကွ"

ကုလားများသည် တစ်ဦးနှင့်တစ်ဦး မျက်လုံးပြူး၍ ကြည့်နေကြ သည်။ တစ်ဦးသောကုလားမှာ တခြားသူများထက် ကြောက်ဟန်ရှိပြီး ကုလား အသာဖြင့် ...

"ဟုတ်ချင်ဟုတ်မယ်။ ခုန ငါအပေါ့သွားမလို့ ထသွားတာ အပြင် ကြိုးစင်ဘက်က လူတစ်ယောက်လာလို့ ငါကြောက်ပြီး ပြေးလာခဲ့တယ်"

ကုလားများသည် ကျွက်စီကျွက်စီဖြစ်နေကြစဉ် ကြိုးသမားဘိုးတေ က ကုလားများအား ထိုင်နေရာမှ ပြောလိုက်သည်။

"ကျုပ် ဒီအခန်းမယ် မအိပ်ဘူး ... ဒါပဲ။ ထောင်မှူးကြီးကို ခေါ် ပေးပါ။ ကျုပ် ဘယ်နည်းနဲ့မှ မအိပ်ရဲဘူး"

ကုလားဝါဒါများမှာ ကြိုးသမားအခန်းကို မိမိသဘောအတိုင်း မဖွင့် နိုင်ချေ။ သူတို့၏လက်ထဲတွင်ထားသော လိုလိုမည်မည် သော့တစ်ချောင်း မှာ အဝတ်အိတ်ကလေးတွင် ထည့်ပြီး ချိတ်တံဆိပ် ရိုက်နှိပ်ထားပေသည်။ ထိုရာတွင် ကြိုးသမားသည် မိမိကိုယ်ကို သေကြောင်းကြံစည်သည်ဖြစ်စေ၊ အစုံတစ်ခုပြုလုပ်ပါက အရေးကြီးလျှင် ချက်ချင်းဖွင့်နိုင်အောင်သာ ပေး ထားရာ ယခု သူတို့သည် ကြိုးသမားအခန်းကို ညကြီးမင်းကြီး ဖွင့်မိပြီဖြစ်၍ ထောင်မှူးကြီးအား ချက်ချင်းတိုင်ကြားရမည်ဖြစ်သဖြင့် ကြိုးသမားဖြစ်ပုံ၊ ကြိုးသမားလျှောက်ထားပုံများကို ထောင်မှူးကြီးအား သွားရောက်တိုင်ကြား ကြရ၏။

အကျဉ်းသားအားလုံးတို့အနက် ကြိုးဒဏ်ပေးခံရသော အကျဉ်း သားမှာ အတော်မျက်နှာကြီးသည် ဆိုရမည်ဖြစ်၏။ ထောင်မှူးကြီးဆိုသော သူသည် တော်ရုံတန်ရုံကိစ္စနှင့် ညအိပ်ရေးပျက်ခံသည့် လူစားမျိုးမဟုတ်။ တော်ရုံတန်ရုံကို လက်အောက်ထောင်မှူးများသို့ လွှဲအပ်ခြင်း၊ အမိန့်ပေး ခိုင်းလုပ်သော စတိုင်တစ်ခွဲသားနှင့် ရောမပုဂ္ဂိုလ်ကြီးဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



သူသည် အပြင်လောကတွင် တန်ခိုးအာနိသင် မရှိလှျင်သာရှိမည်။ အုတ်ရိုးလေးဘက်တွင်း၌ သူသည် အနန္တတန်ခိုးရှင်ပေတည်း။ သူသည် ဝါဒါများက ကြိုးသမားဟုထိုကတည်းက အိပ်ရာမှ ဝေါက်ခနဲ ထိုင်လျှက်သား ဖြစ်သွားလေသည်။ ကြိုးသမားမှာ ထောင်မှူးကြီးအတွက် ပိုးမွေးသလို မွေး နေရသောသူပင် မဟုတ်ပါလော။

"ဟ ... ဘာဖြစ်တာလဲ"

ထောင်မှူးကြီးက မျက်လုံးကို ပွတ်ရင်း ကုလားဝါဒါအား မေးလိုက်၏။

"သခင် ... သူ ဒီအခန်းမှာ မအိပ်နိုင်ဘူးတဲ့။ သခင့်ကို လျှောက်ပါရစေလို့ ပြောတယ်"

"အေး ... အေး ... ငါလာခဲ့မယ်။ သွားနှင့်"

ထောင်မှူးကြီးသည် အစိတ်ဝင်အိုးမျှရှိသော သူ၏ဗိုက်ကို မနိုင့်တနိုင်ထမ်း၍ မလွှဲမကင်းသာ လာခဲ့ရသည်။ ထောင်မှူးကြီး အမိန့်အရ ညအလှည့်ကျ၊ ဝတ္တရားကျသူ ထောင်မှူးများကလည်း ထောင်တွင်းသို့ ထောင်မှူးကြီးနောက်မှ လိုက်လာကြစဉ် ...

"ဟော့ ... ဟော့ ... တယ်နှယ့်တုံး ... လုပ်ကြပါဦး ... လုပ်ကြပါဦး။ အမယ်လေး ... လာကြပါဦးဗျ"

အိပ်ထောင်တစ်လုံးမှ ဆူညံဆူညံ အော်သံကြားရလေရာ ထောင်မှူးကြီးနှင့် ထောင်မှူးများမှာ ...

"ဟော့ကောင်တွေ ... ဘာလဲကွ ... ဘာလဲကွ။ ဘာဖြစ်ကြတာလဲ"

ဟု အော်ရင်း လိုက်ရပြန်လေသည်။ ထောင်မှူးများ အိပ်ထောင်အရောက်တွင် အိပ်ထောင်၏ပျဉ်ထရံကို အုတ်ခဲတစ်လုံးနှင့်ပစ်သံ 'အုံး'ခနဲ ကြားကြပြန်ရာ အကျဉ်းသားအချင်းချင်း ရိုက်ကြသည်ထင်၍ 'ဟေး ... ဟေး ...' နှင့် အော်ကြရပြန်သည်။

ထောင်မှူးများက ...

"ဘာဖြစ်ကြတာလဲ"





ဟု မေးကြရာ တစ်ခန်းလုံး လူများနိုးနေကြပြီး ...

"သရဲ ... သရဲ .. ဟိုအကောင်တစ်ကောင်ကို လည်ပင်းဖျစ်ညှစ်ပြီး နောက်တစ်ကောင်ကို ပါးမယ် အိုးမဲလာသုတ်တယ်။ လေးငါးခြောက်ယောက်ရဲ့ ခြေထောက်ကို ဆွဲယူတယ်။ ထရံကိုလည်း ရိုက်တယ်"

အကျဉ်းသားများ ဆူညံစွာ ပြောနေကြ၏။

"မင်းတို့ မြင်ရသလား"

ထောင်မှူးကြီးက မေးလိုက်သည်။

"လူတစ်ယောက် လုံချည်အနီနဲ့ ကျွန်တော် အသေအချာ မြင်ရပါတယ်"

လည်ပင်း အဖျစ်ခံရသူက ပြောနေတော့သည်။

"မင်းတို့အများကြီးပဲ မကြောက်ကြနဲ့။ မအိပ်ဘဲ ထိုင်စောင့်ကြည့်နေပါကွာ။ သရဲကို လူက ကြောက်ရမလား"

ထောင်မှူးကြီးသည် ကြိုးသမားဘက်သို့ ထွက်သွားရာ ထောင်မှူးများတို့ပါ ထောင်မှူးကြီးနှင့် ထွက်လာကြစဉ်၊ အကျဉ်းသားများ တစ်ယောက်တစ်မျိုး ပြောကျန်ရစ်ခဲ့ကြလေ၏။

"ဘယ်နှယ့်လဲ ... ဘိုးတေ ဘာဖြစ်တာလဲ"

ထောင်မှူးကြီးက ကြိုးသမားအား မေးလိုက်၏။

"သခင် ... ကျွန်တော် မအိပ်ရဲဘူးသခင်။ ကြိုးပေးခံရတဲ့ ညိုကြီးက လည်ပင်းကို လာညှစ်တယ်"

"ဟာ ... မင်းစိတ်ထင်လို့ပါကွာ"

"မဟုတ်ဘူး ... သခင်၊ သေသေချာချာကို ဟုတ်ပါတယ်။ လုံချည်အနီတောင် ဝတ်ထားသေးတယ်။ သူ့နောက်က လူလေးဆယ်လောက် မြင်ရသေးတယ်။ ဒီအကောင် မနက်က ညကျရင် ကျွန်တော့်ဆီလာခဲ့မယ်လို့တောင် ပြောသွားတယ် ... သခင်။ ကျွန်တော်သိပ်ကြောက်တာပဲ"

ကြိုးသမားသည် ငိုမဲ့မဲ့နှင့်ပြောနေရာ ထောင်မှူးကြီးက မကြောက်ရန် အားပေးပြီး ဝါဒါလေးငါးယောက် မအိပ်ဘဲ ကြိုးသမားအားစောင့်ရန် မှာခဲ့ပြီး ထွက်အလာတွင် တခြားအိပ်ဆောင်တစ်ဆောင်မှလည်း ...



www.burmeseclassic.com

www.burmeseclassic.com



"သရဲဗျို့ ... သရဲ ... လုပ်ကြပါဦး"

ဟုအော်နေကြပြန်ရာ ထောင်မှူးကြီးမှာ ယုံရအခက် မယုံရအခက်နှင့် ထောင်တစ်ထောင်လုံး တစ္ဆေကို လိုက်ရှာနေလေရာ တစ္ဆေသည် ထောင်မှူးကြီးကို ကြောက်၍လားမသိ၊ ထောင်မှူးကြီးမှာ တစ္ဆေကိုမတွေ့ရဘဲ မတင်မကျနှင့်ပင် အိမ်သို့ ပြန်သွားလေသတည်း။

နံနက်မိုးလင်းသောအခါ ထောင်ပိုင်ဆရာဝန်ကြီးသည် ထောင်သို့ ရောက်လာသည်။ ၎င်း၏အလုပ်မှာ ထောင်မှူးများတင်ပြသော စာရင်းအင်းကို လက်မှတ်ထိုး၊ ထောင်တွင်းတစ်ပတ်လျှောက်ကြည့်၊ ဟိုနေရာ ဒီနေရာ နှမ်းဖြူး၊ ဤမျှသာတည်း။ ထို့နောက် ထောင်မှူးကြီးအား ထောင်ကိုအပ်၍ ဆေးရုံသို့သွားရန်သာရှိ၏။ သို့ရာတွင် ယနေ့မှာမူ ထောင်တစ်ပတ် ပတ်ပြီး ပြန်အလာတွင် လမ်းတစ်ဝက်မှ ထောင်သားကြီးအချို့တို့သည် လက်ဆယ်ဖြာထိပ်မှာမိုး၍ တစ္ဆေခြောက်မှုကို အရေးယူရန် တိုင်ကြားကြလေရာ ဆရာဝန်ကြီးထောင်ပိုင် ဘိလပ်သားကြီးမှာ အတော်ပင် နိုးလိုခုလုဖြစ်သွားရှာ၏။

ဘိလပ်သားကြီးသည် အကျဉ်းသားများက မဟုတ်မမှန်သည်တို့ သံတော်ဦး တင်ဝံ့ကြမည်မဟုတ်ဟု တစ်ဖက်မှ အသေအချာသိသော်လည်း တစ်ဘက်မှ တစ္ဆေခြောက်သည်ကို တထစ်ချမယုံချင်ပေ။ သို့နှင့် သူသည် ဦးခေါင်းကို တစ်ချက်ကုတ်လိုက်ပြီး ထောင်မှူးကြီးအား ...

"ဘယ်နှယ့်လဲ ... တကယ်လား"

"မနေ့ညကတော့ တစ်ထောင်လုံး ဆူနေကြလို့ ကျွန်တော်တောင် ဝင်ကြည့်ရပါတယ်။ ကုလားဝါဒါတွေလည်း ပြောပါတယ်။ ကျွန်တော် လိုက်ရှာတော့လည်း မတွေ့ပါဘူး"

"အဲဒါ ဘယ့်နှယ်လုပ်မလဲ၊ ခင်ဗျား ကြုံဖူးလား"

"ကျွန်တော် ပြောသံတော့ ကြားဖူးပါတယ်။ ကိုယ်တွေ့တော့ မဟုတ်ပါဘူး။ မစ္စတာဂျိမ်းဆိုတဲ့ ထောင်မှူးကတော့ ကြုံဖူးတယ်လို့ ပြောပါတယ်"

"ဒီလိုဆို သူ့ကိုခေါ်စမ်း၊ မေးစမ်းကြည့်ရအောင်"





ထောင်မှူးကြီးသည် မစ္စတာဂျိမ်းအားခေါ်ယူလိုက်ရာ မစ္စတာဂျိမ်းသည် ထောင်ပိုင်ဝန်ထံသို့ ရောက်လာခဲ့တော့၏။

"မစ္စတာဂျိမ်း ... ထောင်သားတစ္ဆေကို ကြုံဖူးဆို"

"ဟုတ်ပါတယ်ခင်ဗျား"

"ဘယ်တုန်းကလည်း ဘယ်ထောင်မှာလဲ"

"၁၉၂၇ ခုနှစ်၊ ရန်ကုန်ထောင်မှာပါ ခင်ဗျား"

"ဒီလိုပဲ တစ်ထောင်လုံး ဒုက္ခပေးသလား။ အဲဒါကို ဘယ်လို လုပ်ကြသလဲ"

"ထောင်ပိုင်က သူ့အမိန့်နဲ့ နှင်ခိုင်းပါတယ်။ ဒါကိုမရဘူး။ နောက်တော့ ရန်ကုန်မြို့ ဒီစကြိတ်တရားသူကြီးကိုယ်တိုင် ညနေထောင်အပိတ် ထောင်တံခါးကြီးကို ဖွင့်ပြီး အမိန့်ပေးတော့ နောက်ပိုင်း တစ္ဆေမခြောက်တော့ပါဘူး"

"ဟာ ... သိပ်ထူးဆန်းတာပဲ။ ကဲ ... ဒါဖြင့် ကျုပ်အမိန့်နဲ့ ဒီကောင်ကို နှင်စမ်း။ မသွားရင် ဒီစကြိတ်တရားသူကြီးကိုယ်တိုင် ... ဟဲ ... ဟဲ ... ထောင်ပိုင်လုပ်ရတာ အရူးအလုပ်ကိုလည်း လုပ်ရသေးပါလား ဟား ... ဟား ..."

ထောင်ပိုင်သည် အားရပါးရ ရယ်လိုက်သည်။

"ဟုတ်ချင်လည်း ဟုတ်နိုင်ပါတယ်။ လူဟာ စွဲလမ်းမှုပါပဲ။ မနေ့က ကြိုးပေးခံရတဲ့လူက နောက်ထပ်ထောင်ဆယ်နှစ် အမှုတစ်ခု ရှိပါသေးတယ်။ တခြားအကောင်တွေဆို ကြိုးစင်မတက်ခင် ကျန်တဲ့ထောင်ဒဏ်ကို နှင်လွှတ်ဖို့ လျှောက်ကြတယ်။ သူက လျှောက်မသွားဘူး။ ဒါနဲ့ တစ္ဆေဖြစ်ကောင်း ဖြစ်ပါလိမ့်မယ်"

"အေးလေ ... ထားပါတော့။ တွေ့ကြုံဖူးပြန်တာပေါ့။ ညနေ လုပ်ကြည့်ရအောင်"

ထောင်ပိုင်ဝန်သည် စကားကို အဆုံးသတ်လိုက်ပြီး လုပ်ဆောင်စရာရှိသည်များကို လုပ်ကိုင်ကာ ဆေးရုံသို့ ထွက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၂၇ ခုနှစ်က တွေ့ကြုံဖူးသော မစ္စတာကိုမ်းသည် စာရွက်တ ရွက်တွင် ထောင်ပိုင်ဝန်၏ အမိန့်ပြန်တမ်းကိုရေးကာ ရုံးတံဆိပ် ခတ်နှိ လိုက်၏။ ၎င်းနောက် သူ၏အစီအစဉ်မှာ တစ္ဆေခေါ်တတ်သော အကျဉ်းသာ ပယောဂဆရာတစ်ဦးကို ရှာဖွေရပြန်သည်။ ဤကိစ္စ မအောင်မြင်ပါက အများ ရယ်စရာဖြစ်မည်ကိုလည်း စိုးရိမ်ရာ၏။ ဟန်ဟန်ပန်ပန်ဖြစ်ပါမှ မိမိတို့ အင်္ဂလိ အစိုးရဘုန်းကြီးကြောင်း ပြောစမှတ်ဖြစ်စေမည်ဖြစ်ရာ အလုပ်ကြီး အထ မြောက်ပါစေဟု ဆုတောင်းလိုက်သည်။

ညနေခြောက်နာရီတွင် ထောင်ပိတ်ပြီးချေပြီ။ အကျဉ်းသားများတို့ သည် အိပ်ထောင်ဖျဉ်းတန်းကြားမှ ပြူတစ်ပြူတစ်နှင့် ဘာလုပ်ကြမည်နည် ဟု ကြည့်လျက်ရှိကြ၏။ ထောင်ပိုင်ဝန်နှင့် ထောင်မှူးကြီးတို့သည် မိန်းဂျေ ခေါ် ထောင်မကြီးတွင် ဘောင်းဘီအိတ်လက်ထိုးလျက် မစ္စတာကိုမ်းနှင့် ၎င်း ၏ တပည့်ကျော် ပယောဂဆရာ အကျဉ်းသားအား အကဲခတ်လျက်ရှိကြ၏။

ပယောဂဆရာအကျဉ်းသားသည် သစ်ကိုင်းအစိမ်းတစ်ခက်ကို ချိ လာပြီး ပခုံးပေါ်တင်ကာ ကြိုးစင်သို့ သူ၏ဆရာ ထောင်မှူးနှင့် ထွက်သွာ ကြသည်။ အကျဉ်းသားသည် ပါးစပ်မှ တိုးတိုးရွတ်၍ တစ္ဆေအား အမိန့်ပေး ဟန်ပြုလုပ်ပြီး ...

"ကဲ ... သခင် ထောင်ပိုင်အမိန့်ကို ဖတ်ပေတော့"

သူသည် ထောင်မှူးအား အော်ပြောလိုက်ရာ ထောင်မှူးသည် ကြိုး စင်တွင် ကျကျနနရပ်ကာ ...

"အကျဉ်းသားနံပါတ် ( ) ညီပုကြီး၊ သင့်အား ကျခံရန်ကျ သော ထောင်ဆယ်နှစ်မှ ချမ်းသာခွင့်လွတ်ငြိမ်းခွင့် ပြုလိုက်ပြီ။ အခု ချက် ချင်း ထောင်ထဲမှထွက်စေ ထောင်တံခါးကြီးကို ဖွင့်ထားသည်။ ကျွန်ုပ်နှင့် ချက်ချင်း လိုက်ခဲ့ရမည်။ ထောင်ပိုင်ဝန်အမိန့်တော်"

ဟု ကုန်းအော်ပြီး သစ်ခက်ထမ်းထားသော အကျဉ်းသားအား ရှေ့ မှသွားဆိုင်းလိုက်၏။

အကျဉ်းသားသည် သစ်ခက်ကိုထမ်း၍ ရှေ့မှ ဟန်နှင့်ပန်နှင့် သွာ နေရင်းက ယီးတီးယိုင်တိုင်ဖြင့် ဆန့်အိတ်ကို ထမ်းထားရသူပမာ တံခါးမကြီး





သို့ ရှေ့ရှု၍ ခပ်သွက်သွက်သွားနေရာ နောက်မှလိုက်လာသော ထောင်မှူး ...က

"ညနေစောင်းကြီး တစ္ဆေမပြေးဘဲ အကျဉ်းသားထွက်ပြေးမှာ မြင် ...ာင်သေး"

ဟု နောက်ကြ၏။

"သခင် ... ဒီအကောင် တကယ်လိုက်လာတယ်။ လေးလိုက်တာ ...နီရော့ပဲ"

အကျဉ်းသားက သွားရင်းညည်းနေရာ ...

"ဟာ ... ဟာ ... ဒီလိုဆို မြန်မြန်သွား။ ထောင်ဝချလိုက်ရင် ထောင် ...ဆီမ်တွေ တက်ပြေးမှ ဒုက္ခရောက်နေဦးမယ်။ မြန်မြန် ... မြန်မြန်"

ထောင်မှူးများတို့သည် စိုးရိမ်တကြီးနှင့် အကျဉ်းသားအား အမြန် ...နိုင်းပြီး ထောင်နှင့်ခပ်လှမ်းလှမ်း ထန်းတောသို့ ခေါ်ဆောင်လာကြရာ ...ဉ်းသားမှာ ထမ်းတောအရောက်တွင် မသယ်နိုင်၍ ပစ်လဲရှာတော့သည်။ ...ဉ်းသားခမျာ တကယ်မောဟိုက်နေရှာသဖြင့် ထောင်မှူးများက ဆွဲထူ ... ကြောက်ကြောက်နှင့် ခပ်မြန်မြန်ထောင်သို့ ပြန်လာကြတော့၏။

လမ်းတစ်ဝက်တွင် အကျဉ်းသားက မကျေမနပ်နှင့် ဆိုလိုက် ...သည်။

"အတော် လူပါးဝတဲ့အကောင်။ အောက်က ဆင်းမလိုက်ဘူး။ ...ာင်များ တစ်ခါကျဖူးလို့ တော်တော့တယ်။ ကျွန်တော့်လို ခဏခဏကျ ...ရင် အတော်ခက်မယ့်အကောင်ပဲ"

"ဟဲ ... ဟဲ ... မင်းလို ထောင်ခဏခဏကျရင် သစ်ခက်ဘာ ...ထဲကွ။ မင်းကို ကုန်းပိုးပြီး အောက်ကို လျှောချလိုက်မှာပေါ့ကွာ"

ထောင်မှူးတစ်ဦးက ပြောလိုက်ရာ သူတို့သည် တဝါးဝါးရယ်ရင်း ...ာင်တံခါးဝသို့ ရောက်လာကြ၏။ ထိုနေ့မှစ၍ ထောင်သားတစ္ဆေညီပုကြီး ...ည် ခြောက်သံလှန့်သံ မကြားရတော့ဘဲ ထောင်ကြီးသည် အေးချမ်းစွာ ...နေတော့၏။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၁]

"ဒါပဲကွာ အကျဉ်းသားသေ တစ္ဆေဖြစ်သလားဆိုတဲ့ မောင်ရဲ့[illegible] ခွန်းနဲ့ပတ်သက်လို့ အန်ကယ်ကြီးကတော့ ထောင်အမှုထမ်း နှစ်ပေါင်း [illegible] နှစ်မယ် နှစ်ကြိမ်သာ တွေ့ခဲ့ဖူးတယ်။ ဒါဟာ အန်ကယ်ကြီး ပြောခဲ့သ[illegible] ရာဇဝတ်အပြစ်ဒဏ် ကျူးလွန်ပြီး မင်းအာဏာနဲ့ အချုပ်အချယ်ခံနေရ[illegible] အချိန်မယ် စိတ်ရဲ့စွဲလမ်းမှု 'သံသယရဲ့အကျိုး' ကို ခံစားရတာပဲလို့လည်[illegible] ယူဆနိုင်တယ်။

တစ်နည်းအားဖြင့်လည်း လူတစ်ဦးသတ္တဝါတစ်ဦးဟာ အကုသိုလ်[illegible] ကံက များနေတဲ့အချိန် သေရင်ကောင်းရာ သုဂတိသို့မရောက်ဘဲ [illegible] တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်ဆိုတဲ့ အပါယ်လေးပါးကို ထောင်သားဖြစ်ဖြ[illegible] အရပ်သားဖြစ်ဖြစ်၊ ဘယ်သူမဆိုရောက်နိုင်ကြတော့ အရင်းစစ် အမြစ်မြေ[illegible] ဆိုသလို အကုသိုလ်မှုကို ဝေးဝေးကရှောင်ရမယ်ဆိုတဲ့ သာဓကတွေပေါ့"

ပုဂ္ဂိုလ်ကြီးသည် အေးဆေးစွာနှင့် ကျွန်တော်၏ သိလိုလှသော[illegible] ပြဿနာတစ်ခုကို နှိုင်းနှိုင်းဆဆ ဖြေကြားလိုက်သည်ကို ဗဟုသုတအမြ[illegible] အများစဉ်းစားနိုင်ရန်တစ်ဆင့် ဖောက်သည်ချနိုင်ပြီဟု မှတ်သားခဲ့ပြီး အာ[illegible] ဝမ်းသာဖြင့် ထိုပုဂ္ဂိုလ်ကြီးထံမှ ထွက်ခွာလာခဲ့ပါသတည်း။

မြောင်းမြမောင်ကို[illegible]



www.burmeseclassic.com

www.burmeseclassic.com

[၁]

❑

မနက်လေးနာရီ ဘုန်းတော်ကြီးကျောင်းက အုန်းမောင်းခေါက်သည်နှင့် ဦးဘစော အိပ်ရာက ထရလေပြီ။

ထ,ထခြင်း မျက်နှာမသစ်သေးဘဲ မီးဖိုဆောင်ထဲ အရင်ဝင်ရသည်။

ချောက်ခနဲ မီးခလုတ်ကိုဖွင့်တော့ မီးရောင်က အလင်းမှိန်မှိန် လင်းလာသည်။

"တောက် . . . . အားက မပြည့်ပြန်ဘူး"

မီးအားမပြည့်လျှင် လျှပ်စစ်မီးဖို သုံးလို့မရချေ။

လျှပ်စစ်မီးသွယ်ထားပါလျက် လိုအပ်သည့်အချိန် လိုအပ်သလို အသုံးမပြုနိုင်သည်က ခက်နေသည်။ ဒီကြားထဲ မီးသွယ်စဉ်က ကိုယ့်မီးကြိုးကိုယ်ဝယ်၊ ကိုယ့်မီတာဖိုးကိုယ်ဝယ်တပ်ဆင်တာတောင် မီတာပုံးစောင့်ရှောက်ခ ကိုယ်ကတစ်လတစ်ထောင်ကြီးများတောင် အပိုဆောင်းပေးနေရပြန်သည်ဆိုတော့ ဒီပြင့်နိုင်ငံတွေမှာ ရှိသလားလို့ မေးလိုက်ချင်သည်။

ဦးဘစောမှာ သာမန်ခြံမြေတောင်ယာစိုက်ပျိုးသူကြီးမို့ စာတတ်ပေတတ်ထိကလည်း မဟုတ်၍ ဗဟုသုတ နည်းလှသည်။





မီးဖိုထဲမှ မီးသွေးမီးဖိုထဲ မီးသွေးထည့်ပြီး မီးမွှေးရသည်။

ရေနွေးအိုးထစ်လုံး ကပျာကယာတည်ပြီး ရေအိမ်သို့ ဝင်သည်။

ပြီးမှ . . .

သွားတိုက်၊ မျက်နှာသစ် လုပ်ရသည်။

မီးဖိုဆောင်၊ နောက်ဖေးရေကပြင်၊ အိမ်သာတို့ကို ဆက်လျက်ဆောက်ထားခဲ့သည်မို့ ထိုအမှုကိစ္စများကို ဆက်တိုက်လုပ်သွားနိုင်သည်။

ပြီးမှ အိမ်ခန်းထဲသို့လာကာ ခုတင်ပေါ်အိပ်နေသော သူ့ဇနီး ဒေါ်ရွှေစင်၏အခြေအနေကို ကြည့်ရသည်။

ဒေါ်ရွှေစင် ခုတင်ပေါ်မှာ ခြင်ထောင်ချထားလျက် အိပ်နေတုန်း။

မီးမှိန်မှိန်အောက်ရှိ ဇာခြင်ထောင် ခပ်ပါးပါးအတွင်း၌ ဒေါ်ရွှေစင်လှုပ်မယှက် ငြိမ်နေသည်ကို သူကြည့်ပြီး အခန်းဝမှပင် ပြန်လှည့်ထွက်ခဲ့သည်။

"ကိုဘစောလား . . . ."

"အေး . . . . ."

ဒေါ်ရွှေစင် လှမ်းအမေး သူ့ခြေလှမ်းတွေ တုံ့သွားသည်။

နောက်သို့ ပြန်လှည့်ကြည့်ကာ . . .

"ညက အိပ်လို့ပျော်ရဲ့လား"

သူက လှမ်းအမေး . . . . .

"ပျော်တစ်ချက် မပျော်တစ်ချက်ပေါ့ . . . ကိုဘစောရယ်"

"အေး . . . အေး . . . ကိုယ်လည်း သိပါတယ်။ မေးမယ့်သာ မင်းကို မေးရတာ။ မင်းညက သုံးခါလောက်ထတာကို သိနေပါတယ်"

"ဟင် . . . ဒါဆို ကိုဘစောလည်း အိပ်လို့ကောင်းကောင်း မပျော်ဘူးပေါ့"

"အသက်ကြီးတော့ အအိပ်အနေ နည်းသွားတာကလည်း ပါပါလိမ့်မယ်ကွယ်။ ကဲ . . . ကဲ . . . မင်းက ကျန်းမာရေး ကောင်းတာမဟုတ်ဘူး။ အိပ်ချိန်ပြည့်အောင် ဆက်အိပ်နေပါ။ ကိုဘစော မနက်ကိစ္စအားလုံး လုပ်ပေးသွားပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရွှေစင့်အတွက် ကိုဘစော ပင်ပန်းလှပါပြီ။ ရွှေစင် အားနာလို တာနော်"

"အိုကွာ ....မင်းကလည်း မဟုတ်တာ"

ဦးဘစောနှင့် ဒေါ်ရွှေစင်တို့အဖြစ်က လင်မယားချင်း အားနာစကား ဆိုကြရသည့်အဖြစ်မျိုး။ အနှစ်နှစ်အလလ လင်မယားအဖြစ် ပေါင်းသင် လာကြရသူတွေဖြစ်သော်လည်း အသက်အရွယ်တွေရလာတော့ တစ်ယောက် နှင့်တစ်ယောက် တာဝန်မကျေနိုင်ကြသည့်အဖြစ်။

ဒေါ်ရွှေစင်က သွေးချို၊ ဆီးချိုရောဂါနှင့် အိပ်ရာထဲတွင်လဲသည်။

နဂိုကမှ ပေတစ်ရာပတ်လည်ခန့်သာရှိတော့သော ခြံမြေတစ်ဝက် ကိုပေါင်ပြီး ရသည့်ငွေကလေးနှင့် မြို့ပေါ်ဆေးရုံ တင်လိုက်ရသည်။ ဒါ လည်း နားလည်မှုနှင့် တော်တော်လုပ်ယူရသည်။

မြို့ပေါ်ဆေးရုံက 'စရိတ်မျှပေး' ပြည်သူ့ဆေးရုံမို့သာ တော်တော့ သည်။

ဒေါ်ရွှေစင်အား တစ်လကျော်ကျော် ဆေးရုံတင်ပြီးနောက် ခြံပေါင် သည့်ပိုက်ဆံ ကုန်သွားသည်။ ဆီးချိုသွေးချိုရောဂါကတော့ အလျဉ်းပျောက် ၍မသွား။ ထိုရောဂါမျိုးကလည်း ချက်ချင်း ရောဂါပျောက်သည့် အမျိုးအစား မဟုတ်လေတော့ သက်သာသည်ဆိုရုံမျှနှင့် ထိုစရိတ်မျှပေး ပြည်သူ့ဆေးရုံ ကြီးကို စရိတ်မျှပေးစရာ အခြေအနေမရှိတော့၍ ဆင်းလာခဲ့ရသည်။

ကြာကြာတက်လျှင် စရိတ်မျှပေးရင်းနှင့် ရှိသည့် ခြံကလေးတစ်ခြံ လုံး ကုန်သွားမည်လား မပြောတတ်။ ထိုအခါမျိုးတွင် သူတို့မှာ တရား ဖြစ်သွားနိုင်သည့် အခြေအနေကလည်း ရှိနေ၏။

ခုတော့ ကျေးရွာရပ်ကွက်အတွင်းရှိ အပြင်ဆေးခန်းကလေးမှ ဆရာဝန်မကလေး၏ ကုသမှုကို ခံယူရင်း နေကောင်းထိုင်သာရုံသာ နေနေ ရတော့သည်။

ဆီးချို၊ သွေးချိုဆိုတာက တတ်ကျွမ်းသော ဆရာတို့ ညွှန်ကြား သည့်အတိုင်း သွေးမှန်မှန်တိုင်း၊ ဆီးမှန်မှန်စစ်၊ ဆေးမှန်မှန်သောက်၊ အစား





သောက် ဆင်ခြင်မည်ဆိုပါက သက်တမ်းစေ့ နေသွားနိုင်သည်ဟူသော သုတကို ရလိုက်သဖြင့် ဒေါ်ရွှေစင်အား သက်တမ်းစေ့ နေနိုင်သွားစေ ဦးဘစော ကြိုးစားနေခြင်းဖြစ်သည်။

✿ ✿ ✿

[၂]

❑

ဦးဘစောတို့ နေထိုင်သောအရပ်မှာ ကျေးရွာဟုလည်း ပြောမရ ပ်ကွက်ဟုလည်း ဆိုမရ မြို့ပြလည်းမဟုတ် ကျေးလက်လည်းမဟုတ်သော တောစက နေရာလေးဖြစ်၏။

စက်ရုံကြီးတွေ၊ ပင်လယ်ကူးသင်္ဘောကြီးတွေ၊ မြန်မာပြည်ကြီး၏ သစ်ခုတည်းသော ခေတ်မီအကြီးဆုံး ဆိပ်ကမ်းမြို့ရှိရာ အရပ်လည်းဖြစ် ၏။

ထိုထိုသော အရာတွေမပေါ်ခင်က ဦးဘစောတို့ အဘိုးအဘွား ထွ ထိုကျေးရွာ ရွာပိုင်နက်တောကြီးကို ခုတ်ထွင်၍ လယ်တည်ခဲ့ကြသည်။ ဆင့်ဘောင်ဆက် လယ်ယာမြေ စိုက်ပျိုးခဲ့ကြသည်။

လယ်ယာမြေ စတင်တည်စဉ်က မြွေဆိုးကိုက်၍ သေခဲ့သူတွေ၊ ကြီး၍ ရေနစ်ဆုံးပါးခဲ့သူတွေ ရှိခဲ့သည်။ ရေနစ်မြုပ်မည့်နေရာတွင် ကုန်း



www.burmeseclassic.com

www.burmeseclassic.com



ဖို့မြေမြှင့်၊ ချောင်းဆိုးတွေ ချောင်းယဉ်ဖြစ်ပြီး ရေစီးရေလာကောင်းအော
မြှုပြင်ခဲ့ကြရသည်။

ရာသီဥတု သဘာဝဘေးဒဏ် အမျိုးမျိုးတွန်းလှန်၍ ရွာတည်
က သောင်းကျန်းသူ ဖြူနီကြောင်ကျားတို့၏ အနိုင်ကျင့်မှုအမျိုးမျိုးကိုခံရင်
လယ်ယာမြေ လုပ်ကိုင်စားသောက် အသက်မွေးခဲ့ကြရသည်။ ဦးဘစော
ဘိုးဘေးဘီဘင် မားမဦးချ လယ်ယာမြေများဆိုက မများ။

ဦးဘစောတို့ ဒေါ်ရွှေစင်တို့ လက်ထက်ရောက်လာတော့ စက်
အချို့ ဟိုကုန်းတန်း၊ ဒီကုန်းတန်းမှာ တစ်ရုံစ၊ နှစ်ရုံစပေါ်လာရာက သူ
လယ်တွေ စီမံကိန်းနယ်မြေနှင့် မလွတ်ဟုဆိုကာ အသိမ်းခံရတော့သည်။

ပထမပိုင်းမှာ လျော်ကြေးမရ၊ ဘာမရ အသားလွတ်ခံကြရသည်
ထိုစဉ်က လယ်သမားများအတွက် တစ်ခုတည်းသော အဖွဲ့အစည်းကြီး
သော်လည်း ငါးဘုရား ရွှာနားခတ်ပါပါဆိုတော့ ဘာမျှမတတ်နိုင်ခဲ့ကြ။

အဆက်အသွယ်ကောင်းသူတွေ၊ မြို့ပေါ်ရောက်သူတွေ အစ
စားယောင်ယောင်တွေဆီကတစ်ဆင့် လျော်ကြေးငွေ မဖြစ်စလောက်၊ ကာ
လပေါက်ဈေးမဟုတ်သော ဆိုင်ရာပိုင်ရာတို့က ချမှတ်သော 'အမိန့်ဈေး'
ဖြစ်၍ မတန်ကြေးရသည့်သူ ရှိကြသည်။

ထိုခေတ်ထိုအခါမှာ ထိုမတန်ဈေးရသည်ကပင် ကံအလွန်ကောင်း
လှ၏ဟု မှတ်ယူရပေမည်။

ထိုအထဲမှာ ဦးဘစောတို့ အဆက်အသွယ်မကောင်း၍ မပါခဲ့
ချေ။

ဦးဘစောတို့မှာ လယ်မြေအသိမ်းခံရသော်လည်း တောရွာဓလေ့
လက်သဘာဝအရနေထိုင်ရင်း ရွာမြေ၌ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရန် ပေတစ်
ရာပတ်လည် မြေကွက်ကလေးကျန်ခဲ့၍ ရာသီပေါ်ပင်စိုက်ပျိုးရန် လုပ်ဆောင်
ရတော့သည်။

အမှန်တော့ စီမံကိန်းမြေနှင့်မလွတ်၍ ဖယ်ရှားပေးရမည့် မြေများ
တွင် လုပ်ကိုင်စားသောက်သော လယ်ယာမြေများပါသလို ဘိုးစဉ်ဘောင်
ဆက်နေလာခဲ့သော မြေလည်း ပါဝင်နေခဲ့သည်။





ဦးဘစောတို့ ရွာသားဟောင်းတွေက အသနားခံစာတင်ကြ၍သာ
အနားသဖြင့် တစ်နှစ်၊ နှစ်နှစ် ဆက်လက်နေထိုင်ခွင့်ပေး၍သာ တချို့တလေ
ဆက်လက်နေထိုင်ခွင့် ရခဲ့ကြခြင်းဖြစ်၏။

စီမံကိန်းနှင့် မလွတ်ဘူးဆိုပြီး လယ်ယာခြံမြေ အသိမ်းခံရသူများ
ကို သူတို့ရွာဟောင်းနှင့် သုံးလေးမိုင်ဝေးသောနေရာမှာ ရပ်ကွက်သစ်
ဆွင် အစားပြန်ရိုက်ပေးခဲ့သဖြင့် ပြောင်းရွှေ့သူတွေ ပြောင်းရွှေ့ကြရသည်။

ဦးဘစောတို့လည်း လယ်ပါသွား၍ မြေကွက်တစ်ကွက် အစား
ပြန်ရသော်လည်း လုပ်ကိုင်စားသောက်စရာ လုပ်ငန်းကိုင်ငန်းမရှိ၍ တော်
သော်နှင့် မရွှေ့ဖြစ်။

လက်ကျန် အိမ်ခြံမြေကလေးပေါ်မှာ ရာသီပေါ်ပန်းပင်ကလေးများ
စိုက်ရင်း အသက်ဆက် ရုန်းကန်နေကြရတော့သည်။

ရွာဟောင်းမှာ မဖြစ်ဖြစ်သလို ကပ်ရပ်နေကြရင်း ရွာဟောင်းမှ
မြို့သစ်ရိုက်ပေးသော မြို့ကွက်သို့ ပြောင်းရွှေ့သွားသော ရွာသားဟောင်း
အချို့၏ သတင်းတွေကိုလည်း ဦးဘစောတို့တစ်တွေ မကြားချင်ဘဲ ကြား
နေရသည်။

"ဟိုရောက်သွားတော့ မြေကွက်ရိုက်ထားတာတော့ ဟုတ်တယ်။
ထမ်းဖြစ်ရုံဖောက်ထားပြီး ဓာတ်တိုင်တောင် မစိုက်ရသေးဘူး။ ဈေးရောင်း
စားရအောင်လည်း အိမ်ခြေကမတည်၊ တစ်ခုခု လုပ်ကိုင်စားသောက်ရအောင်
ကလည်း စက်ရုံအလုပ်ရုံကမရှိ၊ လုပ်စရာကိုင်စရာပေါ်များတဲ့ ရန်ကုန်ကို
သွားဖို့ ကားဂိတ်ကိုသွားရင်တောင် တစ်နာရီလောက် လမ်းလျှောက်ရ
တယ်"

"ခရီးလမ်းပန်း ဆက်သွယ်ရေးမကောင်း၊ လုပ်စားကိုင်စားစရာ
မရှိ၊ အဓိကကျတဲ့ဟာတွေ မလုပ်ပေးနိုင်ဘဲ မြို့သစ်ရိုက်ပေးလို့ကတော့
လူတွေကို ငရဲတွင်းထဲ ပစ်ချသလိုဖြစ်နေမှာပဲ။ ခုဟာက ရေထဲက ငါးကို
ကုန်းပေါ်ပို့၊ တောထဲကကျားကို ရေထဲမောင်းချသလိုချည်း"

ထိုသို့သော မြို့သစ်ကွက်သစ်ကလေးက သတင်းတွေ နားထောင်
၍ ရွာမြေခြံကွက်ကလေးမှာ ဦးဘစောတို့လင်မယား ကုပ်ကပ်နေရင်းက



www.burmeseclassic.com

www.burmeseclassic.com



'နွားရာဝဲစွဲ လဲရာသူခိုးထောင်း' ဆိုသလို ဒေါ်ရွှေစင် ဆီးချိုသွေးချိုရောဂါ တက်ပြီး သေကောင်ပေါင်းလဲဖြစ်ခဲ့သည်။

သွေးချိုဆီးချိုရောဂါဆိုတာ ဆင်းရဲချမ်းသာမရွေး ဖြစ်တတ်သော ရောဂါပင်။ ဒေါ်ရွှေစင် ခင်ပွန်းဖြစ်သူဦးဘစောနှင့် လယ်ရှိစဉ်က လယ်ထဲဆင်း ဒိုးတူပေါင်ဖက် အလုပ်လုပ်ခဲ့သူဖြစ်၏။

သူတို့မှာ သားသမီးကျောထောက်နောက်ခံ မရှိမဟုတ်။ သားတစ် ယောက်၊ သမီးတစ်ယောက်ရှိသည်။ သားလေးနာမည်က မောင်ခင်စော သမီးလေးနာမည်က ရွှေစင်သိမ့်။

သမီးကမြို့ပေါ်မှာ အိမ်ထောင်ကျပြီး သမီးယောက်ျားက ရုံးတစ် ရုံးတွင် စာရေးကြီးဖြစ်၍ သူ့မိသားစုနှင့်သူ စားနိုင်သောက်နိုင်ရုံ။ သမီး ယောက်ျား အမွေရလိုက်သော မြို့ပေါ်ရပ်ကွက်မှာ သမီးတို့အိမ်ပိုင်မြေပိုင် ကလေးနှင့် နေနိုင်သည်။

သားအငယ်ကောင်တလည်း ရွာနဆိုင်ရာတစ်ခုတွင် ကားမောင်း၍ သူ့မိသားစုနှင့် လောက်ရုံငရုံ။

သားငယ်မိသားစုကတော့ သူကားမောင်းသော အစိုးရဌာနမှ နေ စရာလိုင်းခန်းပေးထား၍ သူ့ဌာနစက်ရုံရှိရာ လှိုင်သာယာမြို့ စက်ရုံဝင်းမှာ နေနေသည်။

ဦးဘစောနှင့် ဒေါ်ရွှေစင် အဘိုးကြီးအဘွားကြီးသာ ရွာဟောင်းစီမံ ကိန်းနယ်မြေ ပြောင်းရွှေ့ပေးရသည့် အကွက်ဟောင်းမှာ ကုတ်ကပ်နေရင်း ကျန်ရစ်ခဲ့ကြရခြင်းသာ ဖြစ်လေသည်။

✿ ✿ ✿

[၃]

❑

ဦးဘစောသည် မနက်အရုဏ်ဦး မြူလုပ်နေကျ ဝတ်အတိုင်းပင် ဘုရားစင်ရှေ့ ဆောင့်ကြောင့် ကျုံ့ကျုံ့ယို့ယို့ကလေးထိုင်ကာ ဘုရားရှိခိုး သည်။

သောက်တော်ရေချမ်း၊ ပန်းတော်၊ သစ်သီးဆွမ်း၊ ဆီမီးစုံလင်စွာ ကပ်လှူနေကျဖြစ်၏။

ခုအချိန်မှာ ဘုရားမှတစ်ပါး အခြားကိုးစားစရာမရှိပြီ။

ဒါတောင်မှ ဒေါ်ရွှေစင်အတွက် လုပ်ဆောင်ပေးစရာ ဝတ္တရားတွေ ရှိနေ၍ ဘုရားရှိခိုးတာကို သူက နာရီဝက်လျှော့ထားသည်။

ဦးဘစော မနက်လေးနာရီခွဲ ဘုရားရှိခိုးနေကျ၊ ပုတီးစိပ်နေကျ၊ ဂါထာ်ရွတ်နေကျ။ တစ်နာရီ အချိန်ပေးလေ့ရှိသည်။

ခုတော့ နာရီဝက်ပဲ အချိန်ပေးနိုင်တော့သည်။ ဂုဏ်တော်ကိုးပါး ပုတီးတစ်ထောင်စိပ်ခြင်းကို ညအိပ်ခါနီးမှ အချိန်ခွဲလုပ်ရသည်။

ပရိတ်ကြီး (၁၁) သုတ်ကိုလည်း (၁၁) သုတ်စလုံး တစ်နေ့တည်း အကုန်အပြီး မရွတ်နိုင်။ သူ့နေ့နှင့်သူ နေ့နံအလိုက် ခွဲတမ်းချရွတ်ရတော့ သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါတောင်မှ 'ပထဝီဇယမန္တာန်တော်ကြီး' တစ်နေ့မကျန် ဝတ္တရား မပျက် စိတ်အားထက်သန် ယုံကြည်ကိုးစားစွာ မှန်မှန်ရွတ်ဆိုမိ၏။

"ပထဝီဇယံ သဗ္ဗံ၊ အနေက အန္တရာယိကံ၊

"ဇယံပစ္စေကဗုဒ္ဓါစ၊ ဇယံပရိမဟောသယော ....ဟူသော အစ ပိုဒ်မှစ၍ အဗျာပဇ္ဇာ နိဝေရာစ၊ နိဒ္ဒုက္ခာစနုပဒ္ဒဝါ၊ သဗ္ဗေသတ္တာ အဝေရာ သဟာသဗ္ဗေဟိ ဉာတိဘိ" မန္တာန်အဆုံး အမြဲမပြတ် ရွတ်ဆိုနေခြင်းဖြစ်၏။

မန္တာန်တော်ကြီးမှ အနက်အဓိပ္ပာယ်များကို အကုန်အစင်သိ၍ တော့မဟုတ်၊ မန္တာန်တော်အဆုံး ပရိတ်တရားတော်တွင် အညွှန်းစာကလေး ကို သူတို့ဘဝနှင့် ဟပ်မိ၍ တကယ် ယုံကြည်ကိုးစားနေခြင်းကြောင့်လည်း ဖြစ်၏။

ထိုအညွှန်းစာကို ဦးဘစောသည် ယုံယုံကြည်ကြည် အသံထွက် ပင် မျှော်လင့်တကြီး ရွတ်ဆိုလေ့ရှိ၏။ အကျိုးကို လိုလား၍ ဘုရားရှိခိုးခြင်း ဆုတောင်းဆုယူခြင်း မပြုအပ်မှန်းသိသော်ငြား ဘဝပေးအခြေအနေအရ-

"ဤ ....ပထဝီဇယံမန္တာန်တော်ကို အမြဲမပြတ် ရွတ်ဖတ်ခြင်း ဖြင့် မရသေးသော စည်းစိမ်များရတတ်ခြင်း၊ မြေယာတိုက်အိမ်များ ဖြစ်ထွန်း ခြင်း၊ ဩဇာအာဏာကြီးမားခြင်းအကျိုးကို ဖြစ်ထွန်းစေပါသည် ..."

ဟူ၍ ရွတ်ဆိုအဆုံးသတ်လိုက်ရာ အိမ်ခန်းထဲ ခုတင်ပေါ်မှ ရောဂါ ကြောင့် မှိန်းနေသော ဇနီးသည်ဒေါ်ရွှေစင်ကလည်း နှစ်မှိုယုံကြည်မှုဖြင့်-

'သာဓု ...သာဓု ....သာဓု' ဟူသော သာဓုသုံးကြိမ်ခေါ် ကောင်းချီးပြုလိုက်လေရာ၏။

✿ ✿ ✿

|၄|

❑

စင်စစ်ဒေါ်ရွှေစင်မှာ အိပ်ရာထဲ တစ်ခါတည်းလဲနေသော လူနာ ကြီးတော့မဟုတ်။

သွေးချိုဆီးချိုရောဂါသည်တို့ကား ဆေးဒဏ်ကြောင့် ည,ညတစ် ချီတည်း အိပ်ပျော်လေ့မရှိ။ ဆေးအပူပြန်ပြီး ည,ည ထထပြီး ခြေထောက် ကို ရေဆေးကြရသည်။ ဒါမှ အပူဒဏ်သက်သာသည်။ ဆီးလည်း မကြာခဏ သွားရလေ့ရှိ၏။

ပြီးတော့ မအောင့်အည်းနိုင်အောင် ဆာလေ့ရှိသဖြင့် အစာတစ်ခုခု တော့ ထစားရမှ ရောင့်ရဲတင်းတိမ်နိုင်ကြသည်။ ဘဝင်ငြိမ်ကျသွားတတ် သည်။

မသိလျှင် ညညထထစားသည်ကို ဖုတ်ဝင်၍ စားသည်ဟု ရှေး ဟောင်းအစွဲများဖြင့် မှားတတ်ကြသည်။

ဦးဘစောက ဒေါ်ရွှေစင် ညရေးညတာ ထစားဖို့ အဖိုးတန်အစား အစာများကို စီစဉ်မထားနိုင်စေကာမူ ခြံထွက်ငှက်ပျောသီးဖြစ်စေ၊ လမ်းထိပ် ဘော်ရုံအနားကဆိုင်မှ အကြွေးယူ၍ရသော မုန့်ပဲသရေစာ တစ်ခုခုတော့ အမြဲစီစဉ်ပေးထားတတ်သည်။



www.burmeseclassic.com

အကြွေးဆို၍ ပြောရဦးမည်။ လခစားမဟုတ်တဲ့ အကြွေးယူနိုင်သည်မှာ တစ်လတစ်ကြိမ် မြို့ပေါ်က သားနှင့်သမီး မိသားစုရောက်ရောက်လာပြီး တစ်လတစ်သောင်းခန့်လောက် ထောက်ပံ့နိုင်၍ အကြွေးယူနိုင်ခြင်းဖြစ်၏။

ထို့ထက်ပို၍ ဆေးဖိုးဝါးခ အကုန်အကျပိုများလျှင်တော့ ခြံစိုက်ခင်းကလေးထဲမှ ပန်းရောင်းရငွေကလေးများနှင့် ပေါင်းစပ်၍ပေးရသည်။

ဒေါ်ရွှေစင်အတွက် အရပ်ဆရာဝန် ပြနေနိုင်တာကလည်း သူတို့ရွာနယ်မြေတွင် တည်ဆောက်ထားသော အထည်ချုပ်စက်ရုံမှ စက်ရုံဆရာဝန်မကလေးနှင့် ဆက်သွယ်ပြသနေရခြင်းပင်။

ပုံမှန်အားဖြင့်ဆိုလျှင် ဒါတွေအားလုံး သက်ကြီးရွယ်အို ဦးဘစောနှင့် ဒေါ်ရွှေစင်တို့အတွက် နေ့စဉ် သမရိုးကျ လှုပ်ရှားရှင်သန်နေရသည့်ဖြစ်စဉ်တွေသာ ဖြစ်ပါ၏။

သို့သော် သမားရိုးကျမဟုတ်နိုင်သော ဖြစ်စဉ်ကြီးက ဦးဘစောနှင့် ဒေါ်ရွှေစင်တို့၏ အနာဂတ်ကို ပိုင်စိုးထားခြင်းက ရှိနေလေသည်။

ကိုယ်ဖြစ်ချင်တာမဖြစ်ရနိုင်သည့် အနာဂတ်ဆိုးကြီးကို ကြုံသိရခြင်းအတွက် စိတ်ဆင်းရဲစရာကောင်းသော ဘဝကြီးကား အဘယ်မှာလျှင်ရှိပါမည်နည်း။

ဦးဘစောတို့ မကြာခင်ရက်ပိုင်းအတွင်း မိဘဘိုးဘွားတွေ အစဉ်အဆက်နေခဲ့ရသော ဤရွာမြေကြီးမှပင် ပြောင်းရွှေ့ပေးကြရပေတော့မည်။

ဒါကို ဇနီးဖြစ်သူ လူမမာဒေါ်ရွှေစင်အား ဦးဘစော အသိပေးရဲသည်ကား မဟုတ်။ ဦးဘစော ဤရွာကြီးမြေကြီးမှ လုံးဝ မပြောင်းလိုသေး။ ဖြစ်နိုင်လျှင် ဇနီးဖြစ်သူ-ဒေါ်ရွှေစင်ရောဂါသည်ကြီးအား ကုသရင်း သူတို့ အဘိုးအဘွားတွေ ခေါင်းချခဲ့သော ရွာမြေသုသာန်တွင် ဇနီးဖြစ်သူအား သင်္ဂြိုဟ်သွားဖို့ စောင့်ပြီး နေချင်ပါသေးသည်။

ခုတော့ ထိုသို့နေလို့ မရတော့ပြီ။

---





ဦးဘစောတို့ရွာနှင့် လယ်ယာမြေ အသိမ်းခံရစဉ်က လယ်ယာမြေကို လက်လွှတ်ပြီး ရွာဟောင်းနယ်မြေမှာ အသနားခံစာတင်ပြီး ကုတ်ကပ်နေခဲ့ကြပါသေးသည်။

အမှန်တော့ အလုပ်ရုံစက်ရုံတွေကို သိမ်းထားသော လယ်မြေများအပြည့် စက်ရုံဆောက်နိုင်ကြသည်မဟုတ်။ သုံးချိုးတစ်ချိုးလောက်သာ ဆောက်နိုင်ပြီး လယ်ယာမြေတွေ အလဟဿဖြစ်ကုန်သည်။ နိုင်ငံတော်၏ အသက်သွေးခဲစပါးစိုက်ခင်းတွေ လျော့ပါးကုန်တာသာ အဖတ်တင်သည်။

သည်လိုနှင့် အပြောင်းအလဲတွေ ဖြစ်စဉ်တွေက သင်္ခါရတရား မျက်လှည့်ပြသလို အမျိုးမျိုး ပြောင်းလဲကုန်သည်။

သိမ်းဆည်းထားသော သူတို့ပိုင်လယ်ယာမြေပေါ် သိမ်းဆည်းထားသူတွေနှင့် ပတ်သက်ဟန်ရှိသော သူစိမ်းလယ်သမားတွေ ရောက်လာပြန်တာ လယ်ယာမြေ ပြန်စိုက်ကြသည်။ သူတို့တတွေ ရွှေတွဲလွဲငွေတွဲလွဲ ဖြစ်ကုန်ကြသည်။ စီးပွားရေး အဆင်ပြေနေကြသည်။

ဒါတွေကို မျက်မြင်ကြုံတွေ့နေရတော့ ထိုလယ်ယာမြေ၏ မူလပိုင်ရှင်ဖြစ်သော မိဘဘိုးဘွားလက်ထက်မှ လယ်သမားစစ်စစ် ဦးဘစောတို့မှာ ရင်နာလို့မဆုံးအောင်ခံစားနေရချိန် ဘယ်သူ့ကိုမှ မပြောရဲမဆိုရဲ ဖြစ်နေချိန်မှာ ကူကယ်မည့်သူတွေနှင့် ကြုံတွေ့ကြရတော့သည်။

"အဲဒါ အဘတို့ကျောမွဲ လယ်သမားကြီးတွေအပေါ် ခေတ်အဆက်ဆက် ကုပ်သွေးစုပ် အနိုင်ကျင့်ခဲ့တဲ့ အရင်းရှင်ကြီးတွေ၊ ချစ်တီးတွေထက် ဆိုးတဲ့ ခရိုနီကြီးတွေရဲ့ လုပ်ကွက်တွေပဲ။ သူတို့က ဆိုင်ရာပိုင်ရာတွေနဲ့ ပလဲနံပသင့်အောင်ပေါင်းထားပြီး စီမံကိန်းလုပ်နိုင်တဲ့ မြေအကျယ်အဝန်းထက် ပိုသိမ်းပြီး သူတို့ပိုင်လုပ်ကွက်ဖြစ်အောင် သိမ်းယူတာ။ ပြီးတော့ သူတို့ အလိုကျ သူတို့အတွက် အကျိုးအမြတ်ထွက်မယ့် စီးပွားရေးလုပ်ကွက်တွေ အဲဒီမြေယာတွေအပေါ် တက်လုပ် အမြတ်ထုတ်ကြတော့တာပဲ"

"တကယ်တမ်း နိုင်ငံတော်အတွက် မဖြစ်မနေ စီမံကိန်းကြီးတွေ အကောင်အထည်ဖော်ကြပြီဆိုရင် ဒီလယ်ယာမြေတွေအပေါ် အမည်ပေါက်ရထားတဲ့ အဲ့ဒီခရိုနီကြီးတွေက တစ်ဖက်လှည့်နဲ့ အကျိုးအမြတ် နိုင်ငံတော်ပေါ်က ရယူအမြတ်ထုတ် ခံစားကြဦးမှာ"

---

www.burmeseclassic.com



ဦးဘစောတို့မှာ တကယ်လက်တွေ့ခံစားနေကြရ၍ အကျိုးအကြောင်း အမှန်တွေကို သိခွင့်ရလာသည်။

ထို့ကြောင့်ပင် ခရိုနီကြီးတွေဟုဆိုသော ထိုမိုးကျရွှေကိုယ် ဗုဒ္ဓိုယ် ကြီးတွေ၏လက်ထဲသို့ ရောက်သွားသော မိဘဘိုးဘွားပိုင် လယ်ယာမြေများ အမှန်တကယ်ပိုင်ဆိုင်သော မိမိတို့လက်ဝယ်ပြန်ရရေးအတွက် တရားဥပဒေ ကြောင်းအရ တိုက်ပွဲဝင်ကြသည်။

အကြောင်းကြောင်းသော အကြောင်းကြောင်းတွေအရ ဦးဘစော တို့ ရှုံးနိမ့်သွားခဲ့ရသည်။

ရလာဒ်အခြေအနေကား လယ်ယာခြံမြေအသိမ်းခံရပြီး ငါးနှစ်ခန့် ကုတ်ကပ်တွယ်ဖက်နေခဲ့ရသော ရွာမြေအိမ်ကလေးမှပင် ဦးဘစောတို့ သယ် ငါးရက်အတွင်း ပြောင်းရွှေ့ပေးရတော့မည့်အဖြစ်။

✿ ✿ ✿

[၅]

❑

သက်ကြီးရွယ်အို ဦးဘစောနှင့် ဒေါ်ရွှေစင်တို့ကို တကယ် ကယ် တင်စောင့်ရှောက်မည့် ကယ်တင်ရှင် အစစ်အမှန်တို့ကား ဦးဘစောတို့၏ သားသမီးများဖြစ်ကြသော သမီးကြီးရွှေစင်သိမ့်နှင့် သား မောင်ခင်စောတို့ ပင်တည်း။

လှိုင်သာယာစက်ရုံမှ ကားမောင်းသော သားမောင်ခင်စောက အစ် ဖြစ်သူ ရွှေစင်သိမ့်အိမ်ရှိရာ မနက်စောစော သူ့စက်ရုံမှကားနှင့် ပေါက်ရောက် လာသည်။





ဦးဘစောသည် လွန်ခဲ့သည့် အပတ်လောက်ကပင် သားနှင့်သမီး ကို ဆက်သွယ်ပြီး အကျိုးအကြောင်း ပြောပြထား၍ နှစ်ယောက်စလုံး ထိုကြီးနှင့် အဘွားကြီးတို့၏ အခြေအနေများကို သိရှိနေကြပြီးဖြစ်၏။

ဘာဆက်လုပ်ကြမည်ကို မောင်နှမနှစ်ယောက် တိုင်ပင်ပြီးသား။

"ခုလိုအချိန်မှာ စီးပွားရေးကလည်း ကျပ်တော့ အဖေနဲ့အမေနှစ် ယောက်လုံးကို တို့တာဝန်ယူလို့ မဖြစ်တဲ့နောက် ခုလို တစ်ယောက်စီပဲခွဲပြီး တာဝန်ယူစောင့်ရှောက်တာပဲ ကောင်းပါတယ် ... မောင်လေးရယ်"

"အင်းပေါ့ ... မမရယ်၊ ဒါပဲ ရှိတော့တာပေါ့။ အမေက ကျန်းမာ ရေးကောင်းတာကို မမက ပြုစုဖို့ တာဝန်ယူရလေတော့ မမဘက်က ပိုပြီး တာဝန်များပါတယ်။ ကျွန်တော် မမယောက်ျား အစ်ကိုကို အားနာတယ် ဗျာ။ မလွှဲသာလို့ ခုလို တာဝန်ခွဲယူရတာ။ ပြီးတော့ အဘိုးကြီးအဘွားကြီး အရွယ်ကြီးတွေကျကာမှ တစ်ယောက်တစ်ကွဲတစ်ပြားစီ ခွဲထားရမှာလည်း စိတ်မကောင်းပါဘူး"

မောင်ဖြစ်သူ မောင်ခင်စောစကားကို ယောက်ဖဖြစ်သူ အစ်မကြီး ယောက်ျားကလည်း ဝင်၍ ဖြေသိမ့်စကားဆိုမှ မောင်ခင်စော စိတ်သက် သာရာရတော့သည်။

"မောင်ခင်စောရာ ... ဖြစ်လာမှတော့ အကောင်းဆုံးနည်းလမ်း ရှာပြီး လုပ်ကြရမှာပဲ။ ခေတ်အခြေအနေ စီးပွားရေးအရ ကိုယ်ထမ်းနိုင်တဲ့ ကိုယ့်အင်ကိုယ့်အားနဲ့ ခွဲဝေထမ်းကြရတာပဲကွာ။ တို့ထက်ပိုပြီး ချမ်းသာ တဲ့အိမ်နီးနားချင်း တရုတ်ပြည်ကြီးမှာတောင် သူ့လူဦးရေ သူ့စီးပွားရေး နဲ့ အိမ်ထောင်စုတစ်အိမ်ထောင် ကလေးတစ်ဦး မူဝါဒကျင့်သုံးခဲ့ရသေး တာပဲ။

ခု တို့တစ်တွေလည်း ကိုယ့်မိသားစု ကိုယ့်စီးပွားရေးအရ တစ်အိမ် ထောင် သက်ကြီးရွယ်အိုတစ်ယောက် ကာကွယ်စောင့်ရှောက်နှုန်းမူဝါဒ ကျင့် သုံးကြရတာပေါ့လေ ... ဟုတ်ဘူးလား။ ဘာမှ စိတ်မကောင်းဖြစ်မနေပါနဲ့။ ဒါဟာ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေပဲ ကံတရားရဲ့ စီမံရာအတိုင်း ဖြစ်ကြ တယ်လို့ပဲ သဘောထားလိုက်ကြတာပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



အစ်မကြီးယောကျ်ားဖေါ်ကားကို မောင်ခင်စော ကန့်ကွက်ရန်မ
သလို လက်ခံနိုင်ရန်လည်း မဖြစ်သလို ခံစားနေရလေပြီ။

ဒါပေမဲ့ လက်တွေ့ကျကျ ကိုယ့်မိသားစုအခြေအနေနှင့် လိုက်လျေ
ညီထွေအောင်သာ လုပ်ဆောင်ရတော့မည်။

အဖေနှင့်အမေကို အိမ်ပြောင်းရွှေ့ပြီး အစ်မကြီးနှင့်သူ တစ်ယော
စီ ခွဲခေါ်ထားရန်အတွက် သူတို့မွေးဖွားခဲ့ရာ ရွာဟောင်းကလေးသိ
အစ်မကြီးနှင့်အတူ စက်ရုံကားကို မောင်းလာခဲ့ရလေပြီ။

သွားရသော အကြောင်းကား ကောင်းသောအကြောင်းတော
မဟုတ်။

မကောင်းသော အကြောင်းရှိရာကိုပင် ရောက်အောင်သွားနေ
ပြီ။

ကျော်မင်းနိုင်




www.burmeseclassic.com

www.burmeseclassic.com

## ဂမ္ဘီရညောင်ပင်

❑

(ရွှေသိဒ္ဓိအောင်) အပ်ချည်မျှင်ဆရာတော် (ဦးဝိမလဝံသ)၏ ဖိတ်ကြားချက်အရ စာရေးသူသည် မြစ်သားမြို့ရှိ ကာကွယ်ရေးဝန်ကြီးဌာန မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း၊ ဝါကြိတ်စက်ရုံဝင်းအတွင်းရှိ (မုဆိုးတောင်)ခေါ် (ဘုရားကုန်း)မှာရှိသော ချုံနွယ်ပိတ်ပေါင်းတို့အား ခုတ်ထွင်ရှင်းလင်းလိုက်သည်တွင် ထန်းပင်ကိုမျိုထားသော ညောင်ပင်ကြီးကို တွေ့ရှိသဖြင့် သေသေချာချာ ကြည့်လိုက်သောအခါတွင် အမျိုခံထားရသောထန်းပင်မှာ မသေဘဲ ရွက်နုများ၊ အသီးများ ဝေဆာစွာ ထွက်ရှိသီးပွင့်နေကြောင်းနှင့် ထိုညောင်ပင်မှ ဆင်နှစ်ကောင်၊ ရှုကွဲစိုးမျက်နှာနှင့် လင်ကောင်ပုံး (ခေါ်) ဇီးကွက်တစ်ကောင်၏ ရုပ်လုံးတွေ့ရှိရကြောင်း။

ထိုကုန်းမြေမှာ ယခင်က ဘုရားများရှိပြီး ဘုရားမြေဖြစ်ကြောင်း အိပ်မက်အရသိရှိရသဖြင့် စက်ရုံမှူး ဗိုလ်မှူးနေဝင်းနှင့် ဇနီးဒေါ်ဖင်မာလေး တို့မှ ကိုးတောင်ပြည့်စေတီ တည်ထားကိုးကွယ်လိုကြောင်း၊ ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် (သာယရေကျော်ကျောင်း) ကျောင်းထိုင်ဆရာတော် အရှင်ဝိမလဝံသ (အပ်ချည်မျှင်) ဆရာတော်ဘုရားအား လျှောက်ထားရာ ဆရာတော်မှ ယခု မာတ်မကျသေး၊ နောင်(၆)နှစ်မြောက်၍ စေတီတည်၍ (သစ္စာပေါင်းကူး အောင်ဆုတူး) ဟု အမည်သမုတ်ခါ ရွှေထီးတော်လှူပွဲနှင့်





ပြုလုပ်သောက အနေကစာတင်မဂ်လာ အခမ်းအနား ကျင်းပမည်ဖြစ်၍ တက်ခဲ့ရန် ဖိတ်ခေါ်သဖြင့် စာရေးသူသည် ၁၈-၉-၁၃ (ဗုဒ္ဓဟူးနေ့) က ရန်ကုန်မှ ထွက်ခွာခဲ့၏။




အပ်ချည်မျှင်ဆရာတော် အရှင်ဝိမလဝံသ

www.burmeseclassic.com

www.burmeseclassic.com



(စေတီပုထိုး တည်ထားကိုးကွယ်လျက် ညောင်ပင်ဖျက်၏)
ဆိုရိုးစကားရှိခဲ့၏။ မည်သည့်အဆောက်အဦးများမဆို ညောင်ပင်မျိုးလို
ပါက သေကြေပျက်စီးသည်က များ၏။ ယခုထူးခြားသည်မှာ အမျိုးခံသေ
ထန်းပင်သည် မသေဘဲ ညောင်ပင်၏ အဆီအနှစ်ကိုပင် စားသုံး၍ ရှင်သ
နေသည်ကို တွေ့ရှိရသည်မှာ ပထမဦးဆုံးသော ဆန်းကြယ်သော ဂ
တစ်ခုဖြစ်နေ၏။



ဗိုလ်မှူးနေဝင်းမှ (ဒီးကွက်) ကိုပြနေပုံ



ညောင်ပင်သည် (အင်္ဂါနံ)ဖြစ်၏။ ထန်းပင်သည် (စနေ) နံဖြစ်
(အင်္ဂါ–စနေ)သည် တတ်မတည့်။ (လင်မယား)ဆိုလျှင် တကျက်ကျက်
ဖြစ်တတ်၏။ သို့သော် ထိုနှစ်ခုပေါင်းစုမိပါက စီးပွားတက်၏။ သား
ောင်းသမီးကောင်း ရ၏။ လူမှုရေး ဘာသာရေးကောင်း၏။

ဗိုလ်မှူးနေဝင်းသည် စနေသားဖြစ်၍ ဇနီးဒေါ်ဖင်မာလေးမှာ အင်္ဂါ
သမီးဖြစ်၏။ ကောင်းမှုကုသိုလ်များစွာလုပ်၍ ရောက်လေရာ ဘုရားတည်
လိမ်မာပြီး ယဉ်ကျေးသော သားသမီးများ မွေးဖွားထား၏။

ဗိုလ်မှူးနေဝင်းသည် စေတီတည်ရန်ကိစ္စတွင် သူတစ်ဦးတည်း
နိုင်၍ မြို့ခံမိတ်ဆွေဖြစ်သော (Top Computer) ပိုင်ရှင် ဦးဟန်ငြိမ်း
ဇနီးဒေါ်ခင်ညိုသင်းတို့ကို အကူအညီတောင်းခဲ့၏။



ဦးဟန်ငြိမ်းမှ ဆင်နှင့်ရှုကွင်းကိုပြနေပုံ


www.burmeseclassic.com

www.burmeseclassic.com



**ဦးဟန်ငြိမ်းမှာ စနေသားဖြစ်၍ ဒေါ်ခင်ညိုသင်းမှာ အင်္ဂါသမီး**[...] ပင်ဖြစ်၏။ ညောင်ပင်နှင့်ထန်းပင် (အင်္ဂါ–စနေ)၊ ဦးနေဝင်း+ဒေါ်ဖင်မာလေး (အင်္ဂါ–စနေ)နှင့် ဦးဟန်ငြိမ်း+ဒေါ်ခင်ညိုသင်း (အင်္ဂါ+စနေ) ဖြစ်ခြင်းမှာ[...] လည်း အလွန်ထူးဆန်းသည့် တိုက်ဆိုင်မှုဖြစ်၏။

(စနေ–အင်္ဂါ) သုံးပွင့်ဆိုင်မိသောအခါတွင် ဘေးရန်မသိမခံ[...] ကိုးတောင်ပြည့် (သစ္စာပေါင်းကူး အောင်ဆုထူး) စေတီတစ်ဆူ ဖြစ်ထွန်း[...] ပေါ်ပေါက်လာခဲ့တော့သည်။






ထိုညောင်ပင်ကြီး၏ ထူးခြားချက်မှာ အောက်ခြေအမြစ်တွင် (ဆင်)[...]ငယ်တစ်ကောင်က အထက်မှ (ဆင်ကြီး)နှင့် (ရက္ခစိုး)တို့ကို ဦးညွတ်[...]သည့်သဏ္ဌာန် ပေါ်ပေါက်နေပြီး ရက္ခစိုးမျက်နှာ၏ဘေးတွင် သစ်ခေါင်း[...]မှထွက်ကြည့်နေသော (လင်ကောင်ပိုး)ခေါ် (ဇီးကွက်) တစ်ကောင်က [...]င်နှင့်ရက္ခစိုး) တို့ကိုကြည့်နေသည့် ပုံသဏ္ဌာန်များမှာ စာရေးသူကိုယ်တိုင် [...]ညစွာတွေ့ရှိရသဖြင့် ဓာတ်ပုံရိုက်၍ မှတ်တမ်းတင်ခဲ့၏။




www.burmeseclassic.com

www.burmeseclassic.com



ညောင်ပင်အောက်ခြေတွင် ပေါ်ပေါက်နေသော (ဆင်)ကလေး
ဆင်ဖြူတော်ဖြစ်၏။ ၎င်းအား (ရွှေရည်၊ ငွေရည်) လောင်းလိုက်ပါက 
စက္ကန့်အကြာတွင် ရွှေရောင်ပြောင်းသွားသည်ကို တွေ့ရှိရ၏။ ၎င်းကိုလည်း
(အဖြူနှင့်ရွှေရောင်) မှတ်တမ်းတင်နိုင်ခဲ့၏။





စေတီတည်သည့်အခါတွင်လည်း လွယ်ကူလှသည်တော့မဟုတ်။
ဆရာတော်(၃)ပါးဆိုမှ တည်၍ရမည်ဟု အိပ်မက်ပေး၏။ ထိုဆရာတော်
များမှာ အောင်လံမြို့မှ ဘိုးပေါက်ဆိပ်ဆရာတော် ဦးဝိဇ္ဇာဉာဏ၊ ပြင်ဦးလွင်
မြို့မှ နိဗ္ဗာန်လမ်းပြဆရာတော် ဦးကုသလရဆရာတော်နှင့် ရန်ကုန်မြို့မှ အဝ်
ချည်မျှင်ဆရာတော် ဦးဝိမလဝံသတို့ သုံးပါးဆိုမှ ပန္နက်တော်ချ၍ရ၏။

၁၃၇၉ ခုနှစ်၊ တော်သလင်းလပြည့်နေ့ ၁၉-၉-၂၀၁၃ ကြာသပတေး
နေ့တွင် တည်ထားပြီး၍ ထိုနေ့မှာပင် (ရွှေထီးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက)
နေကာဇာတင် အခမ်းအနားပွဲကြီး ကျင်းပခဲ့၏။

ဤ(ဘုရားကုန်း)တော်ကြီးကို စောင့်ရှောက်သူမှာ တစ်ချိန်က ဤ
တောင်ပေါ်တွင် အမဲလိုက်ခဲ့သော မုဆိုးကြီးဖြစ်ပြီး သေဆုံးပြီးနောက် မကျွတ်
မလွတ်ဘဲ ဤတောင်ကုန်းအား အပိုင်အစားယူထားခြင်းဖြစ်၏။ ယခုအခါ
ကျွတ်ချင်လွတ်ချင်ပြီဖြစ်၍ ဦးဟန်ငြိမ်းအား ကိုယ်ထင်ပြ၍ အိပ်မက်ပေး
တောင်းဆိုသဖြင့် ဦးဟန်ငြိမ်းအနေဖြင့် ဤဘုရားစေတီတည်ထားမှုတွင် ငွေ
အလှူအားဖြင့် ကူညီခဲ့ခြင်းဖြစ်၏။

သက်ဆိုင်သောပုဂ္ဂိုလ်တို့မှ တောင်းဆိုချက်အရ စနေမိသားစု
နှင့် ဆရာတော်သုံးပါးတို့ကြောင့် စေတီမှာ ချောချောမောမော အောင်
မြင်ခဲ့ခြင်းဖြစ်၏။

ဦးဟန်ငြိမ်းမိသားစုမှ ကျပ်တစ်သိန်း၊ ဦးနေဝင်းမိသားစုမှ ကျပ်
သိန်း၊ ဆရာတော် ဦးဝိမလဝံသ (အပ်ချည်မျှင်ဆရာတော်)နှင့် ဒကာ
အမတို့မှ ကျပ်ရှစ်သိန်း၊ စုစုပေါင်း ကျပ်(၁၀)သိန်းကို (ရွှေမိုးငွေမိုး)
လှူဒါန်းပေးနိုင်ခဲ့၏။ ထိုသို့ ရွှေမိုးငွေမိုးရွာနေစဉ် ကန်တော့ ပွဲပေးထားသော
သီးများမှ အုန်းရည်များ ပွက်ထ၏။

အယုတ်၊ အလတ်၊ အမြတ်မရွေး လာရောက်ဖူးမြော်ကြသော
ပရိသတ်တစ်ထောင်ကျော်ကို (စတုဒိသာ) ထမင်းကျွေး၍ ရုပ်ရှင်နှင့်
သိုသရုပ်ဆောင် တေးသံရှင် ပန်ဆုပြည့်ကျော်နှင့် ကျောက်ဆည်မြို့
သီဦး) ဆင်တော်အကဖြင့် စည်ကားသိုက်မြိုက်စွာ ဖျော်ဖြေတင်ဆက်
ဘုရားထီးတင်ပွဲ အဆုံးသတ်နိုင်ခဲ့၏။

---

**စိတ်တူးသစ်တာဝေ**

www.burmeseclassic.com

www.burmeseclassic.com



ဤထူးဆန်းလှသော (ဂမ္ဘီရ) ညောင်ပင်ကြီးနှင့် ဆုတောင်းပြ
သော (သစ္စာပေါင်းကူးအောင်ဆုထူး) စေတီတော်သို့ သွားရောက်ဖူးမြ
ကြပါရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

သဖွေအနီစွ အ
မဓာဒွးညီ



www.burmeseclassic.com

www.burmeseclassic.com

## [ ၁ ]

❑

နွဲ့နွဲ့သည် ဈေးဝယ်လာသူ လေးငါးယောက်နှင့် အလုပ်ရှုပ်နေသည်
အာလူးများကို ချိန်တွယ်ပေးခြင်း ပဲခြမ်းစေ့များကို အိတ်ထဲသို့ထည့်ခြင်
ဆီကို ပုလင်းထဲသို့ ထည့်ပေးခြင်းတို့ကို ကျွမ်းကျင်စွာ ပြုလုပ်ပေးနေသည်
လူရှင်းသွားသောအခါ အမောဖြေမည် ကြံစည်တုန်းရှိသေး ကောင်ေ
တစ်ယောက်က လက်ဖက်လာဝယ်ပြန်၍ ရောင်းရပြန်လေသည်။ နံနက်ပိုင်
အချိန်များတွင် သည်လိုပဲ အရောင်းကျတတ်သည်။

နွဲ့နွဲ့၏ ကုန်စုံဆိုင်ကလေးသည် စုံလင်လှသည်ဟု ဆိုရပေမည်
တောမကျ မြို့မရောက်မြို့ကလေး၏ သဘော်ဆိပ်နှင့် နီးသောရပ်ကွ
ကလေးဖြစ်သည်။ သူမသည် ကုန်စုံဆိုင်ကလေးကို ဖွင့်လှစ်ထားသည်မှ
တစ်နှစ်ကျော်ကျော်လောက်ပဲ ရှိဦးမည်။ ဆိုင်ကလေးတွင် တိုလီမို
ပစ္စည်းလေးမှအစ စားသောက်ဖွယ်ကုန်ခြောက်အထိ အမည်စုံအောင် တ
ထားရသည်။ သူမသည် အလုပ်နှင့်လက်ပြတ်အောင် မအားလပ်ပေ။

ပြီးတော့ သူမသည် အမြတ်များများမယူဘဲ ကုန်ပစ္စည်း ခပ်သွ
သွက်သွက်ဖို့ကို ဦးစားပေးသဖြင့် ဝယ်ယူသူများသည်၊ အဘယ်ကြောင့်





ာ် အခြေခံလူတန်းစားများသာ နေထိုင်ကြသော သည်ရပ်ကွက်ကလေးမှာ
မြတ်များများ မယူရက်ပေ။ သည်ကြားထဲမှာ အကြွေးလည်း ရောင်းပေး
သည်။ အဆင်ပြေလျှင် ပြန်ဆပ်ကြသည်။ ထို့ကြောင့် သူမ၏ ကုန်စုံဆိုင်
သည် အမြဲစည်ကားနေတတ်လေသည်။

သို့သော် လွန်ခဲ့သည့် ရက်သတ္တပတ်မှစ၍ စိတ်ညစ်ညူးစရာ
ဖြစ်အပျက်တစ်ခုနှင့် ရင်ဆိုင်ရလေသည်။ ထိုကိစ္စသည် သူမ၏ ဦးနှောက်
ရုံထဲသို့ ထွေပြားစွာ နှောင့်ယှက်လျက်ရှိလေသည်။ အကျိတ်အခဲအဖု
ာ နိုးလိုးခုလုဖြစ်နေခြင်း ဖြစ်လေသည်။ ဘာမှ စဉ်းစားမရအောင်
ခေါင်းတွေ ပူခြစ်လျက်ရှိသည်။

ထိုကိစ္စကား နွဲ့နွဲ့ဆိုင်ရှေ့တွင် လူတစ်ယောက် ရစ်သီရစ်သီလုပ်
တတ်သော အခြင်းအရာပင်တည်း။ ထိုလူသည် ဈေးဆိုင်တွင် ဆေးလိပ်
င်လိပ်စ၊ နှစ်လိပ်စနှင့် မီးခြစ်ဝယ်လေ့ရှိပြီး နွဲ့နွဲ့ကို အကဲခတ်နေခြင်းဖြစ်
ည်။ ထိုသူ၏ စပ်စပ်စုစုနိုင်လှသော အကြည့်များကို သူမ မကြိုက်
 နေ့စဉ်နီးပါး ဆိုင်အနီးအနားတွင် မယောင်မလည် လုပ်နေခြင်းကို
ကာစရာဖြစ်စေသည်။

နွဲ့နွဲ့ကို လူပျိုစကားပြောလို၍ ဒါမှမဟုတ် ရည်းစားစာပေးလို၍
ာင်းမြောင်းနေသည်လား၊ ဒါပေမဲ့ ထိုလူ၏ပုံသဏ္ဌာန်ကို ကြည့်ပါဦး ...။
ပ်အမောင်းက ပုကွကွ၊ ဂင်တိုတို၊ အသားကမဲမဲ၊ မျက်လုံးကပြူးပြူး၊
င်က ရှည်ရှည်၊ လည်ပင်းမှာ အမြဲတမ်း မာဖလာပတ်ထားသည်။ ဘယ်
ာစားပါလိမ့်။

ဘာပဲဖြစ်ဖြစ် အူကြောင်ကြောင်ပုံစံကြောင့် ဈေးရောင်းရသည်မှာ
်မဖြောင့်လှပေ။ ဦးနှောက်မှ ကောင်းပါလေစ။

ဒါပေမဲ့ နွဲ့နွဲ့ကတော့ အလွန်လှသည် ဆိုရမည်။ အသားဖြူဖြူ၊
ပ်မြင့်မြင့်၊ မျက်လုံးမျက်ဖန်တောက်တောက်၊ ရှည်လျားနက်မှောင်သော
တောသာပိုင်ရှင်။ သူမကို ချစ်သူခင်သူတွေ များပါသည်။ ချူချင်သူတွေ
ှပါသည်။ သို့သော် သူမသည် တော်ရုံတန်ရုံယောကျ်ားမျိုးကို ဂရုစိုက်
ည်မဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူမသည် အများနှင့် ဆက်ဆံပြောဆိုရသော ဈေးရောင်း
လုပ်ငန်းကြောင့် အလိုက်အထိုက် ပြောဆိုဆက်ဆံနေရခြင်းများဖြစ်သည်။

"အဟမ်း ... အဟမ်း ... အဟမ်း ..."

နွဲ့နွဲ့သည် ကြက်သွန်ခွံတွေ ရွေးဖယ်ထုတ်နေရာမှ မော့ကြည့်လို
သောအခါ နှုတ်ခမ်းမွေးကားကား၊ ပုကွကွလူကို တွေ့လိုက်ရ၍ မျက်
ထားကို တင်းရင်း မျက်မှောင်ကျုံ့လိုက်သည်။ ထိုလူ၏ပါးစပ်သည် တရ
လှုပ်ဖြစ်နေသည်။ ဘာတွေရွတ်နေပါလိမ့်။

"ဘာလိုချင်လို့လဲရှင့်"

ကိုဂင်တိုသည် နှုတ်ခမ်းမွေးတစ်ဖက်ကို တွန့်လိုက်ပြီး ...

"ဟိုလေ ... ဟို ... ဒါ ... ဒါ ... ဒါး ..."

ဆိုင်ထဲသို့ ပြူးကျယ်သော မျက်ဝန်းအစုံဖြင့် ဝေ့ဝဲကြည့်ရ
ကိုဂင်တိုသည် အထစ်ထစ်အငေါ့ငေါ့ ဖြစ်နေလေသည်။ ပင်ကို စကားထ
သူ ဖြစ်လိမ့်မည်။

နွဲ့နွဲ့သည် နှုတ်ခမ်းပါးပါးကလေးကို တစ်ချက်တွန့်ကွေးလို
ပြီး ...

"ဒီဆိုင်မှာ ဓားမရောင်းဘူးရှင့်။ ဓားလိုချင် မကွေးမြသ
ဘုရားဈေးကိုသွားတာ အကောင်းဆုံးပါပဲရှင့်"

ထိုအခါကျမှ ကိုဂင်တိုသည် ခေါင်းခါလေသည်။

"မ ... မဟုတ်ပါဘူး။ ကျုပ် ... ပြောင်း ... ပြောင်း ..."

"နေပါဦး ... ရှင်က ဘယ်ကိုပြောင်းမှာလဲ။ ဒီနားမှာ အိမ်
စရာမရှိဘူးရှင့် ... တခြားဝေးဝေးမှာ သွားငှားပါ"

ထိုအခါကျမှ ကိုဂင်တိုသည် ပျာပျာသလဲ လက်ကာပြ
သည်။

"ဟို ... ဟို ... ဟို ... ပြောင်း ... ပြောင်းဖူး ... ဆေး
လိုချင်လို့ပါ"

နွဲ့နွဲ့သည် ရယ်ချင်စိတ်ကို မျိုသိပ်ခါ ဘာမှပြန်မပြောတော့
ကိုဂင်တိုကို ပြောင်းဖူးဖက်ဆေးလိပ်တစ်လိပ် ယူပေးလိုက်လေသည်။ ကိုဂ





လည်း ဆေးလိပ်လက်ထဲရောက်သည်နှင့် အကြွေစေ့ကို ပစ်ချကာ လှစ်ခနဲ
ထွက်သွားလေ၏။ ထိုလူထွက်သွားချိန်နှင့် မရှေးမနှောင်းမှာပင် နွဲ့နွဲ့၏
မောင်ကလေး ဖိုးငိုသည် ကျောင်းလွယ်အိတ်ကလေးလွယ်ကာ ကျောင်းမှ
ပြန်ရောက်လာသည်။

"မမရေ ... ဟိုနားမှာ အရပ်ပုပု၊ ပိုးဟပ်မျက်နှာနဲ့ လူကြီးက
ဒီလမ်းထဲမှာ မယောင်မလည်လုပ်နေတာ ကြာပြီဗျ။ ဆိုင်ထဲကို ဘာလာ
လုပ်တာလဲ။ ကျွန်တော်ကတော့ လောက်လေးနဲ့ ပစ်ချင်လာပြီနော် ...
သိပ်ကြည့်လို့မရတော့ဘူး"

သူမသည် ၁၃ နှစ်အရွယ် ဖိုးငိုကို လှမ်းကြည့်ရင်း ...

"ဒီလိုပဲပေါ့ ... မောင်လေးရယ်၊ ဈေးဆိုင်ဆိုတာ လူပေါင်းစုံပေါ့
ကွယ်။ သည်းခံစိတ်မွေးရမှာပေါ့ မဟုတ်လား။ သွားမပစ်နဲ့နော်"

ဖိုးငိုသည် ဘာမှပြန်မပြောတော့ဘဲ ထန်းလျက်တောင်းထဲမှ ထန်း
လျက်တစ်လုံးနှိုက်ယူကာ မိခင်ကြီးရှိရာ နောက်ဖေးသို့ ဝင်သွားလေသည်။

ထိုနေ့အဖို့ ကိုဂင်တိုလည်း နောက်ထပ် ရောက်မလာတော့ချေ။
ထိုအခါမှ နွဲ့နွဲ့လည်း အလုပ်ကို စိတ်ဖြောင့်ဖြောင့်ထားကာ လုပ်နိုင်လေ
တော့သည်။ အမှန်တော့ နွဲ့နွဲ့တို့မိသားစုကလေး ၃ ယောက်၏ စားဝတ်
နေရေးသည် ကုန်စုံဆိုင်ကလေးပေါ်တွင် တည်မှီ၍နေသည်ဟု ပြောရပေ
မည်။ သူမတို့မိသားစုမှာ ဖခင်မရှိတော့။ မိခင်မုဆိုးမကြီးနှင့် မောင်ငယ်လေး
သာရှိတော့သည်။ သူမ ဖခင်ရှိစဉ်က ရှာဖွေပေးထားခဲ့သော ရွှေငွေအချို့
ကို ဖခင်ကွယ်လွန်ချိန်တွင် ထုခွဲရောင်းချကာ တည်တည်တံ့တံ့ စီးပွားရေး
လုပ်ငန်းတစ်ခုအဖြစ် ဈေးဆိုင်ကလေးကို ဖွင့်လှစ်ရောင်းချခြင်းဖြစ်သည်။
ဘာပဲဖြစ်ဖြစ် မိသားစု အသင့်အတင့်ချောင်လည်သည်ဟု ပြောရပေမည်။

သူမသည် နွမ်းပါးလှသူအချို့ကို အကြွေးပေးခြင်း၊ အခမဲ့ပေး
ခြင်း၊ ဆက်ဆံရေးချောမွေ့ခြင်း၊ အမြတ်နည်းနည်းသာယူခြင်းတို့ကြောင့်
အရောင်းအဝယ်ကောင်းလှသည်ဟု ဆိုရပေမည်။ လူတိုင်းက နွဲ့နွဲ့ကို ခင်မင်
ကြသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [ ၂ ]

❑

နောက်ရက်များတွင် ဈေးဆိုင်သို့ ကိုဂင်တို့ရောက်မလာတော့ဘဲ နှစ်ရက်သုံးရက်ခန့် မတွေ့ရတော့ချေ။ ထို့ကြောင့် နောက်ပိုးပိုးချင်သော လူရွှပ်တစ်ယောက်လျော့သွားလေပြီဟု အနည်းငယ် စိတ်သက်သာရာ ရသွားခဲ့သည်။

ဖိုးငိုကလည်း ကျောင်းမှပြန်လာလျှင် ဆိုင်အလုပ်ကို ကူညီပေးနိုင်လေသည်။ မိခင်ကြီးကတော့ ချက်ရေးပြုတ်ရေးကိစ္စကို သက်တောင့်သက်သာ တာဝန်ယူ၏။ ထို့ကြောင့် သူမမှာ စီးပွားရေးကိစ္စကို အင်တိုက်အားတိုက်လုပ်နိုင်လေသည်။ နံနက်ခွစာစော မကွေးဈေးသွားပြီး လိုအပ်သော ကုန်စည်ကို ဝယ်ယူရသည်။ မြင်းလှည်းဖြင့် အိမ်သို့ သယ်ယူရသည်။ အိမ်ရောက်မနက် ခုနစ်နာရီရှိပြီ။

ဘာပဲဖြစ်ဖြစ် နွဲ့နွဲ့ကတော့ ပျော်ပါသည်။

✿ ✿ ✿

## [ ၃ ]

❑

ထိုညက မိုးသည်းထန်စွာရွာလေသည်။ ညနေစောင်းကတည်းက ကောင်းကင်မှာ တိမ်ညိုတိမ်မဲတွေ ပြည့်သိပ်မှုန်းကြုပ်နေရာ မိုးသဲသဲမဲမဲ ရွာချတော့မည်ကို သိရှိထားသဖြင့်ဆိုင်ကို စောစောပိတ်သိမ်းကာ တံခါးကို ပိတ်ထားလိုက်လေသည်။

ညနေ ၆ နာရီခန့်မှစကာ မိုးသည်မရပ်မနား ရွာနေတော့သည်။

နွဲ့နွဲ့သည် စာကျက်နေသောဖိုးငိုကို လှမ်းကြည့်ကာ ဟာရိကိန်းမီးအိမ်ကလေးကို ထွန်းညှိလိုက်လေသည်။ အေးမြသော မိုးလယ်လေကမိုးစက်မိုးပေါက်များနှင့်ရောနှောကာ မှောင်ရီပျိုးစ ညကို ပို၍ နက်ရှိုင်းချောက်ချားစေရန် တဖွဲဖွဲ ရွာလျက်ရှိလေသည်။ တစ်ချက်တစ်ချက် ဆောင့်၍ဆောင့်ကာ တိုက်ခတ်လိုက်သော လေကြောင့် အိမ်ကလေးပင် သိမ့်ခနဲဖြစ်သွားရသည်။

သူမသည် မီးအိမ်မှ မီးစာကို မြှင့်လိုက်သည်။ ထို့နောက် မီးအိမ်ကိုယူ၍ ထုတ်တန်းတွင် ချိတ်ရန် လက်လှမ်းလိုက်စဉ်မှာပင် လျှပ်စီးလက်လိုက်ပြီး လေပုကားထစ်အတိုင်း တက်လာသော မြွေသံတစ်စုံကို ကြားလိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ အလန့်တကြား လှမ်းကြည့်မိလိုက်သည်။

ဘုရား ... ဘုရား ... သရဲ ... သရဲ ...

လန့်ဖျပ်မအော်ဟစ်မိအောင် စိတ်ကို ထိန်းလိုက်မိသည်။

မိုးကား တသဲသဲ ရွာလျက်ရှိသည်။

✿ ✿ ✿

| ၄ |

❑

ဖျတ်ခနဲ လင်းပြက်လိုက်သော လျှပ်စီးကောက်ကြောင်း အရောင် ... အောက်က ပုကွကွလူတစ်ယောက်ကို တွေ့လိုက်ရသောကြောင့်ပင်တည်း။

သူမ အလန့်တကြား ကြောင်ငေးကြည့်နေဆဲမှာပင် တံခါးအပြင် ... ဖက်ရှိ ပုကွကွလူသည် အိမ်တံခါးကို တွန်းဖွင့်ကာ ဖျတ်ခနဲ ဝင်လာ... သည်။ နွဲ့နွဲ့မှာ အတွင်းတံခါးကို ဂျက်မချမိခဲ့သည့်အဖြစ်ကို နောင်တ... မိသွားသည်။ မိမိ၏ နမော်နမဲ့အပြစ်ပင်။

ပုကွကွလူ၏လက်ထဲမှ ထက်မြလှသည့်ဓားသည် ဟာရီကိန်း... အလင်းအောက်တွင် လက်ခနဲ ပြိုးပြက်သွားလေသည်။ ထိုလူကို မြင်သည် ... နှင့် မှတ်မိသွား၏။

"ဩော် ... လက်စသတ်တော့ ရှင်ကိုး ..."

မိန်းမသားများနှင့် လူမည် ယောကျာ်းကလေးတစ်ယောက် သာ... နေထိုင်သော အိမ်ထဲသို့ ညအချိန်မတော် ခိုးကြောင်ခိုးဝှက်ဝင်လာသော





...တ်နက်ကိုင် ယောကျာ်းတစ်ယောက်၏ အနေအထားသည် မည်သည့် ...ည်းနှင့်မှ သေွးရိုးသားရိုးမဖြစ်နိုင်ကြောင်း သူမ သဘောပေါက်သွားပြီဖြစ် ...ည်။ သူမသည် ရုတ်တရက်ထူပူကာ လန့်ဖျပ်သွားရာမှ အသိဝင်လာကာ ...ည်တဲ့သို့ ရင်ဆိုင်ရမည်ကို စဉ်းစားလိုက်သည်။

ထို့နောက် ဣန္ဒြေဆည်လိုက်ကာ သတိဝီရိယဖြင့် ကိုဂင်တိုကို ...ကြည့်လိုက်၏။ အသက်အန္တရာယ် ရှာမည့်လူလား၊ အနုကြမ်းစီးမည့် ...လား။ ဓားပြလား ... ဒါမှမဟုတ် အချစ်ဓားပြလား၊ ဘာပဲဖြစ်ဖြစ် ...င်တို့၏ ရက်ပေါင်းများစွာ ဈေးဆိုင်နားမှာ ရစ်သီရစ်သီလုပ်နေသည့် ...ကြောင်းရင်းကို တဖြည်းဖြည်း သဘောပေါက်သွားပြီဖြစ်သည်။

ထိုအချိန်တွင် လှုပ်လှုပ်ရှားရှားအသံများကြောင့် ဖိုးငိုသည် စာအုပ် ...စ်ချကာ နွဲ့နွဲ့ဆီသို့ ပြေးလာ၏။ အဘွားကြီးကလည်း ဘုရားဝတ်မပြု ...တော့ဘဲ ဘုရားခန်းရှေ့တွင် ထရမလို ထိုင်ရမလို ဖြစ်နေသည်။

"ရှင် ... အိမ်ထဲကို ခိုးကြောင်ခိုးဝှက် ဘာလာလုပ်တာလဲ"

ကိုဂင်တိုသည် ဓားကို တစ်ချက်ဝင့်လိုက်ရာ မီးရောင်အောက်တွင် ...တ်သွား၏။ ဓားအဖျားသည် ချွန်မြနေကာ နွဲ့နွဲ့ကို မိုးထားသည်။ ဖိုးငို ...ည် ငိုနေသည်။ ထိုအချိန်တွင် သူမ၏စိတ်ထဲတွင် ကြောက်စိတ်မရှိ ...။ ဘယ်လိုရင်ဆိုင်ရမည်ဆိုတာကို စဉ်းစားနေမိသည်။

"ပြောလေရှင့် ... အိမ်ထဲကို ဘာလာလုပ်တာလဲလို့"

"ဒ ... ဒ ... ဒ ... မြ ... လာ ... တိုက်တာ"

သူမသည် ကိုဂင်တိုလက်ထဲမှ ဓားဦးကို စိုက်ကြည့်ပြီး မတုံ့မရဲ ... ...

"ဘာဖြစ်လို့ ဓားပြလာတိုက်ရတာလဲ"

ကိုဂင်တိုသည် နှုတ်ခမ်းမွေးကားကားကြီးကို ရှုံ့တွရင်း ...

"ဓား ... ပြ ... တိုက်ပါတယ် ... ဆို ... ဆိုမှ ... ပိုက် ... ...ဆံ ... လို ... လိုချင်လို့ ... ပေါ့ဟ ... တော် ... တော် ... ...ည်တဲ့ ... မိန်း ... မိန်းမပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ဈေးပြတိုက်ရအောင်၊ ကျွန်မတို့က ချမ်းသာတဲ့လူတွေမှမဟု
တာရှင့်။ ကျွန်မတို့ကို ဈေးပြတိုက်လို့ ဘာမှရမှာမဟုတ်ဘူးရှင့်"

ကိုဂင်တိုသည် မှိန်ပျပျအလင်းရောင်ဖြင့် မြင်နေရသော
အတွင်းခန်းနေရာ အနှံ့အပြားကို အကဲခတ်ရင်း ဓားကို ယမ်းနေလေသည်
သူ၏ ပုကွကွအမူအရာမှာ ဝက်အမြီးကို ဝါးလုံးချည်၍ ယမ်းခါနေသည်
တူသည်။ ထိုအချိန်တွင် ဖိုးငိုသည် နွဲ့နွဲ့၏ခါးကိုဖက်ကာ ငိုနေသည်။ အဘွား
ကြီးကတော့ ဘုရားစာတွေ တတွတ်တွတ် ရွတ်နေသည်လား။ ဒါမှမဟု
ကိုဂင်တိုကို တောင်းပန်တိုးလျှိုးနေသည်လား မသဲကွဲတော့ချေ။

"ဒါ ... ဒါတွေ ... ကျွပ် ... ကျုပ် ... မ ... မသိ ...
ဘူး ... ပိုက် ... ပိုက်ဆံပဲ လိုချင်တယ်။ နည်း ... နည်း များများ ပိုက် ...
ပိုက် ... ပိုက်ဆံ ... ရ ... ရဖို့ အရေး ... ကြီး ... ကြီး"

ကိုဂင်တိုသည် စကားကိုဆုံးအောင် မထစ်လိုက်ရ။ ဟန်ချ
ပျက်သွားသည်နှင့် နွဲ့နွဲ့သည် မထင်မှတ်သော လှုပ်ရှားမှုတစ်ခုကို အလျ
စလို ပြုလိုက်ခြင်းဖြစ်သည်။ သူမသည် ကိုဂင်တို၏ပေါင်ကြားထဲသို့ ဖြ
ထန်သော ခြေကန်ချက်ဖြင့် ရှတ်တရက် ကန်ထည့်လိုက်သည်။ အငိုက်
သွားသော ကိုဂင်တိုသည် အားခနဲတစ်ချက်အော်ရင်း ပါးစပ်ကြီးရွဲ့၊ မျက်
ကြီးပြူးပြီး ကြမ်းပြင်ပေါ်သို့ ပက်လက်လန်ကာ လဲကျသွားလေသည်။ ထို
၏လက်ထဲမှ ဓားလည်း လွတ်ကျသွားရာ ကြမ်းပြင်ပေါ်သို့ စဉ်ကျသွားေ
တော့သည်။ အဘွားကြီးက အလန့်တကြား အော်လေသည်။

"အမလေး ... သမီးရဲ့"

"မမ ..."

အဘွားကြီးဆီမှ ကြောက်လန့်တကြားအော်သံ။

ဖိုးငို အထိတ်တလန့် ငိုယိုသံ။

"မှတ်ထား ... ငပေါကြီး၊ မိန်းကလေးဆိုပြီး လျှော့မတွက်နဲ့"

နွဲ့နွဲ့သည် ပြောပြောဆိုဆို လွတ်ကျသွားသော ဓားကို ပြေးကောက်
လိုက်လေသည်။ ထိုအချိန်တွင် မထင်မှတ်သောဖြစ်ရပ်တစ်ခု ထပ်မံဖြစ်ပွ
သွားပြန်၏။ ကိုဂင်တိုဝင်လာသော အိမ်ရှေ့တံခါးပေါက်မှ လူတစ်ယော





မံ၍ ဝင်လာခြင်းဖြစ်သည်။ ထိုလူ၏ ပုံသဏ္ဌာန်က ကိုဂင်တိုနှင့် ဆန့်ကျင်
ဖြစ်သည်။ အသားလတ်လတ် အရပ်မြင့်မြင့်ဖြစ်သည်။ သူသည် ဝမာ
ပုံစံဖြင့် ဝင်ရောက်လာခြင်းပင် ဖြစ်လေသည်။ ထိုသူသည် မိသားစု
ရန်သူလား၊ မိတ်ဆွေလား။

"ကောင်မလေးက တော်တော် သတ္တိကောင်းပါလားဟေ့"

နွဲ့နွဲ့သည် အသံလာရာဆီသို့ အံ့ဩတကြီး လှည့်ကြည့်လိုက်
ရာ အရပ်မြင့်မြင့်နှင့် လူကို မီးရောင်လဲ့လဲ့အောက်တွင် တွေ့လိုက်ရခြင်း
သည်။

"ရှင် ... ရှင် ... ဘယ်သူလဲ"

"ကျုပ် ... ကြက်တောနဲ့ ပါလာတဲ့ ကြက်တော သူငယ်ချင်း။
ကန်ထည့်လိုက်တာ ချက်ကောင်းထိပြီး ဟိုကောင် ကြက်တော ...
တ်လစ်နေပြီ။ မင်း တယ်စွာတဲ့ မိန်းကလေးပါလား။ ကျုပ်က ဒါမျိုးမှ
ကြိုက်တာကွ"

"ဘာပြောတယ် ... ရှင်တို့လို ဓားပြ ကြမ်းပိုးတွေကများ"

သူမသည် လက်ထဲသို့ အသင့်ရောက်နေသော ဓားရှည်ဖြင့် ထို
ကို ပြေး၍ ခုတ်လေတော့သည်။ ဓားချက်သည် ထိုလူကို မထိခင်မှာပင်
ထဲတွင် ရပ်တန့်သွားသည်။ သန်မာသောလက်တစ်ဖက်က သူမ၏
က်ကောက်ဝတ်ကို အသာအယာဖမ်းကာ ဓားကိုလုယူခြင်း ခံလိုက်ရ
သည်။ လက်ထဲမှဓား လွတ်သွားသည် အဆိုပါဓားသည် ထိုလူ၏လက်ထဲ
ကြက်မွေးတောင်လေးကဲ့သို့ ပါသွားလေသည်။

"အဲဒီလို ခံစားချက်လောက်တော့ ကျုပ်က အယားတောင်မပြေ
ဘူး။ ကဲ ... ဘာဖြစ်လို့ ဒီလောက်တောင် ဒေါသကြီးနေရတာတုံးဗျ
လေးရ"

မခိုးမခန့် ရယ်သံအဆုံးတွင် နွဲ့နွဲ့သည် ကြိတ်မနိုင် ခဲမရဖြစ်ကာ
က်ပြောင်သော မျက်ဝန်းအစုံဖြင့် စူးစူးဝါးဝါး ကြည့်လိုက်လေသည်။
ဟောက်မလေးကဲ့သို့ ပြန်လည်တိုက်ခိုက်ရန်အတွက် အသင့်ပြင်
လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အယုတ်တမာကောင်တွေ"

သူမသည် ဒေါသတကြီး အော်ဟစ်လိုက်သည်။ အော်သံသည် မိုးသံလေသံ တဝေါဝေါအောက်တွင် ပျောက်ကွယ်သွားလေသည်။ ထို... သည် လက်မှကိုင်ထားသော ဓားရှည်ကိုပစ်ချကာ ဆတ်ခနဲ ခေါင်းခါလိုက်လေသည်။

နွဲ့နွဲ့က တစ်စုံတစ်ခုပြုလုပ်ရန် အသင့်ပြင်ထားလေသည်။

"ဒီမှာ ... ဒီမှာ ... ကျုပ်ကို အယုတ်တမာလို့ မပြောနဲ့"

"ပြောတယ် ဘာဖြစ်လဲ"

"စကားကို ပြင်ပြောနော်။ ငါက ယုတ်မာတတ်တဲ့ လူစား... မဟုတ်ဘူး။ ဖြစ်ခြင်းဖြစ်ရင် ရက်စက်တဲ့လူပဲဖြစ်မယ်ကွ။ ကျုပ် မယုတ်... တတ်ဘူး"

သူမသည် အံတစ်ချက် ကြိတ်လိုက်လေသည်။ ရှေ့သို့ ခြေ... လှမ်းတိုးသည်။

"ဖြစ်ရတယ် သူတော်ကောင်းမားပြရဲ့"

ဟုအော်ကာ ဒေါသတကြီး ပြေးဝင်၍ ထိုလူ၏ လက်မောင်း... ကိုက်လေသည်။ ထိုအချိန်တွင် ဖိုးငိုကပါဝင်၍ လက်သီးဖြင့် ထိုးသည်... အဘွားကြီးကတော့ ...

"ကယ်ကြပါဦးတော် ... လာကြပါဦး အရပ်ကတို့"

ဟု အော်ဟစ်လေသည်။

ထိုသူသည် နွဲ့နွဲ့က အားပါးတရ လက်မောင်းကို မလွတ်တ... ကိုက်ခဲနေသည်ကိုပင် ရှန်းကန်တွန်းထိုးခြင်းမပြုဘဲ ...

"မင်း ငါ့အသားကို ဒီလောက်တောင် ကိုက်ချင်လှတာ ... ကဲ ... ကိုက်စမ်းဟာ ... ကိုက် ... ကိုက် ..."

ဟု လက်မောင်းကို ထိုးပေးလေသည်။ သူမကလည်း မလွှ... တမ်း ဆက်၍ ကိုက်ပြန်လေသည်။ ထိုသူ၏ လက်မောင်းမှ အသားသည် အကွင်းလိုက် ပါလာသည်။ အင်္ကျီကိုပေါက်ထွက်ကာ သွေးတွေ ခြင်း... နီသွားလေသည်။





သူမ၏ ပါးစပ်မှာပင် သွေးတွေ ရွှဲနစ်ပေကျံသွားသည်။

"လက်မောင်းကို အကွင်းလိုက်ပြတ်အောင် ကိုက်ရသလား ... ...မလေးရဲ့"

နွဲ့နွဲ့သည် လက်မောင်းကို ကိုက်နေရာမှ လွှတ်ပေးလိုက်လေ ...သည်။

"ကဲ ... ဓားနဲ့ပါ ခုတ်ချင်သေးသလား ... ခုတ်စမ်းကွာ"

သူမသည် အားရပါးရ ကိုက်ခဲနေရာမှ လွှတ်လိုက်လေသည်။ ...သွေးတွေစီးကျနေသော ထိုလူ၏ လက်မောင်းကိုကြည့်လိုက်ရာ အသားထစ် ...ကြီးလန်နေသည်ကို မြင်လိုက်ရမှ အံ့ဩသွားသည်။ မိမိကြောင့် ဒဏ်ရာ ...ကြီးအကျယ် ရသွားသော်လည်း ပြန်လည်ခုခံခြင်းမရှိဘဲ သွေးအေးအေး ...ငြိမ်ခံနေသည်ကို ငေးကြောင်၍ ကြည့်လိုက်သည်။

ထိုအချိန်အထိ ကိုဂင်တိုမှာ ကြမ်းပြင်ပေါ်တွင် သတိလစ်ကာ ...မက်မက်ကောင်းတုန်း ရှိသေးသည်။ ဆန့်ဆန့်ကြီး လဲနေသေးသည်။ ...ထန်သော သွေးထွက်သံယိုမှုကို ဂရုမထားဘဲ နွဲ့နွဲ့ကို စိုက်ကြည့်နေ ...သည်။ ထိုလူ၏ မျက်ဝန်းများသည် မီးရောင်မှိန်မှိန်အောက်တွင် ရူးရူးတောက် ...တောက်နေသည်။

"ကဲ ... မင်း ကျုပ်ကို အားရအောင်၊ အနာတရဖြစ်အောင် လုပ် ...ပြီမဟုတ်လား။ ဒါဆိုရင် ကျုပ်ပြောတာကို သေသေချာချာနားထောင် ...တော့"

ဟုပြောကာ သတိလစ်နေသော ကိုဂင်တိုကို မေးငေါ့ပြလေသည်။ ...ထိုအချိန်တွင် လက်မောင်းဒဏ်ရာမှ သွေးများစီးကျကာ ကြမ်းပြင်သို့ တစက် ...စက်ကျနေသည်။

"အဲဒီကြက်တောဆိုတဲ့ကောင်က ပြဿနာကောင်။ ၎င်းကြောင့် ...ကျုပ် ဒီအဖြစ်ကိုရောက်ရတာပဲ။ ကျုပ် ထောင်ကထွက်လာတာ မကြာသေး ...ဘူးလေ။ ဘာအလုပ် လုပ်ရမယ်မသိဘဲ ယောင်ချာချာဖြစ်နေတုန်း ကြက် ...တောက ငွေလွယ်လွယ်ရနိုင်တဲ့ ရပေါက်တစ်ခုရှိတယ်။ မင်းကူညီမှဖြစ်မယ် ...ပြောလို့ လိုက်လာတာပါ။ ဒီရောက်တော့ မင်းတို့အိမ်ကို အနုကြမ်းစီးဖို့



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စကြီး ဖြစ်နေရော။ မိန်းမသားတွေနဲ့ ကောင်လေးတစ်ယောက်ပဲနေတဲ့ အိမ် ဖြစ်နေတယ်လေ။ ကျုပ်စိတ်ထဲမှာ မနှစ်မြို့ဘူးဖြစ်လာတယ်။ ကြီး တောင့်ကြီးမား ယောကျ်ားမရှိတဲ့အိမ်ကို ယောကျ်ားရင့်မာကြီးတွေ လက်နက်နဲ့ဝင်ပြီး ဓားပြတိုက်ရတာ မအပ်စပ်လှဘူးဗျာ။ ရှက်စရာကောင်း တယ်။ ကျုပ် ဒီညနေမှာ ကြက်တောကို ဓားပြမတိုက်ဖို့ ဖျောင်းဖျတာ မအောင်မြင်ပါဘူးဗျာ။ ဒီကောင်က ဇွတ်တရွတ်ဗျ။ ဒါနဲ့ ကျုပ် ကြက်တော ကိုထိန်းရအောင် ပြဿနာမဖြစ်အောင် လိုက်လာတယ်ပဲ ဆိုပါတော့ဗျာ"

နွဲ့နွဲ့သည် ထိုလူကို မယုံကြည်ဟန်ဖြင့် အကဲခတ်ကြည့်နေဆဲ ဖြစ် သည်။

"ရှင်ပြောတာ အမှန်တွေပဲလို့ ဘာနဲ့သက်သေပြမှာလဲ။ ရှင်တို့လို လူမျိုးတွေကို ဘာကိုယုံကြည်ရမှာလဲ"

ထိုလူသည် လက်မှဒဏ်ရာကို ငုံ့ကြည့်ရင်း ပြောလေသည်။

"ကျုပ်ပြောတာ သေသေချာချာ နားထောင်ပါဦးလားဗျာ။ ကျုပ် ဘာဖြစ်လို့ ထောင်ကျသလဲဆိုတဲ့ ကိစ္စကို ဆက်ပြောရဦးမယ်"

"ကဲ ... ပြောပြော၊ ပုံပြင်လို့ပဲ သဘောထားလိုက်မယ်"

ဟု ခနဲ့တဲ့တဲ့ ဝင်ပြောပြန်လေသည်။

"ဒီလိုဗျ ... ကျုပ်နာမည် မင်းဒင်ပါ။ ကမ်းနားလမ်းက ပွဲရုံ တစ်ရုံမှာ စာရေးလုပ်ပါတယ်။ ရန်ကုန်ကပါ။ သူဌေးကတော့ မြန်မာမဟုတ် ဘူးဗျာ။ ကျုပ်က အလုပ်ကြိုးစားတော့ သူဌေးက ယုံကြည်စိတ်ချတယ်လေ။ ဒါပေမဲ့ ဒီငနဲက ညဉ့်မကောင်းချင်ဘူးလေ။ ပွဲရုံမှာ သူခိုင်းထားတဲ့ ကောင် မလေးတစ်ယောက်ကို ထိကပါးရိကပါးနဲ့ အချောင်ကြံနေတယ်။ ကောင် မလေးက ရိုးရိုးသားသား တောသူလေးပါ။ ကောင်မလေးကလည်း သူ့ကို ထိကပါးရိကပါးလုပ်တာကို လုံးဝမကြိုက်ပါဘူး။ ခပ်စွာစွာလေးပဲဗျ"

တစ်နေ့တော့ ပွဲရုံမှာ လူရှင်းတုန်း သူဌေးက ကောင်မလေးကို အပိုင်ပဲဆိုပြီး ကိုယ်ထိလက်ရောက် ကြံပါလေရော။ အဲဒီအချိန်မှာ အပြင် ကနေ ပစ္စည်းတစ်ခုမေ့ကျန်တာနဲ့ ပြန်လာတာ သူတို့နဲ့ တန်းတိုးပါလေ ရော။ ကောင်မလေးက သူ့ကို မတော်မတရားကြံစည်တော့ ငိုယိုရုန်းကန် နေ တောင်းပန်နေချိန်ပေါ့ဗျာ။ ကျုပ်လည်း ဒေါသထွက်ပြီး အဲ့ဒီသူဌေး ကို ... နဲ့ကော အခြေအနေစောင့်ကြည့်ဖို့ တာဝန်ပေးထားတဲ့ သူ့တပည့်ကိုပါ လက်သီးစာတစ်ဝကြီး ကျွေးပစ်လိုက်တယ်။ သူဌေးက ရှေ့သွားနှစ်ချောင်း ကျိုးသွားတယ်။ တပည့်လုပ်တဲ့လူကို လက်သိမ်ချိုးပြီး ပါးရိုက်လိုက်တာ။ ... ရက်လောက် ထမင်းမစားနိုင်ဘူး ဖြစ်သွားတယ်။ အဲ့ဒီ ကိစ္စနဲ့ပတ်သက် ပြီး သူဌေးက အမှုဆင်ဖမ်းပြီး ကျုပ်ကို ထောင်ထဲပို့လိုက်တာပဲဗျို့။ အဲ ... ကျုပ် ထောင်ကထွက်လာတော့ ကြက်တောနဲ့တွေ့တာ တစ်ပတ်ပဲရှိသေး တယ်။ ဒါနဲ့ သူခေါ်တာနဲ့ ဒီကိုရောက်လာတာပဲ ဆိုပါတော့ဗျာ။ ကျုပ် ... အခု ဘာအကျိုးတရားမှမရှိဘဲ ထောင်ထဲပြန်ဝင်ရတော့မယ်"

မင်းဒင်ဆိုသောလူသည် စကားကို မောသွားဟန်ဖြင့် ရပ်ထားလိုက် သည်။ နာကျင်ဟန်ဖြင့် နှုတ်မှ ခပ်သဲ့သဲ့ ညည်းညူသံထွက်ပေါ်လာသည်။

နွဲ့နွဲ့သည် တစ်ချက် တွေဝေသွားလေသည်။ မင်းဒင်ဆိုသောလူ ပြောတာတွေ ဟုတ်မဟုတ်ဟူသော သံသယပင် ဖြစ်လေသည်။ သူမ၏ ဆိုက်ချက်ကလည်း တော်တော် ပြင်းထန်သည်မဟုတ်ပါလား။ လူတစ်ဖက် သားအပေါ် အမှန်တကယ်ငဲ့ညှာနိုင်သည်ဟု ယူဆနိုင်သော မင်းဒင်၏ စကားများသည် နွဲ့နွဲ့လို မိန်းမသားတစ်ယောက်၏ ဂုဏ်သိက္ခာ၊ မိန်းမသား အဝကို စာနာထောက်ထားနိုင်သည်ဟု ယောဘုယျ တွေးထင်စရာရှိသဲ့ည်။

"ဒီမှာ ရှင်ပြောတဲ့အတိုင်းဆိုရင် ဘာနဲ့သက်သေပြမှာလဲ"

"ခင်ဗျားမယုံရင် အမှုအသွားအလာကို ရန်ကုန်ပုလိပ်ဌာနမှာ သွား စုံစမ်းကြည့်။ အဲဒီကောင်မလေးလည်း ရှိသေးတယ်။ ခြော် ... ဒါထက် ကျုပ်ကို ရေလေးတစ်ခွက်လောက် သောက်ခွင့်ပေးပါလားဗျာ။ ကျုပ် ထမင်း စားရတာ သုံးနပ်ရှိပြီခင်ဗျ။ ပြီးတော့ ကြက်တောကိုထိန်းနေရတာ တော် တော်ခက်ပါတယ်။ ဒီကောင်က ဇွတ်တရွတ်ကောင်"

သူမသည် မင်းဒင်ကို ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။ ဒီလူ ပြောတာ အမှန်တွေဖြစ်ပါစေ ဆုတောင်းရမှာလား။ သူမရင်ထဲမှာ ကရုဏာ ဒေါသဉ်ကာ အနည်းငယ်ပေါ်ပါးသွားသလို ခံစားမိသည်။ ထို့နောက် မိုးစက်







www.burmeseclassic.com

www.burmeseclassic.com



တဖြောက်ဖြောက်အသံနှင့် မီးအလင်းရောင်အောက်မှာ သွေးတစက်စ
ဒဏ်ရာကိုကြည့်ရင်း ...

"မောင်လေးရေ ... ရေတစ်ခွက် သွားခပ်ပေးလိုက်ပါကွယ်"

ဟု ပြောလိုက်လေသည်။

ဖိုးငိုသည် အိမ်နောက်ဖေးသို့ ချက်ချင်း ပြေးဝင်သွားလေသည်
ထို့နောက် ရေခွက်ကိုင်ကာ ပြန်ထွက်လာသည်။

"ရှင်ပြောတဲ့အတိုင်း သေချာပြီဆိုရင် ဟောဒီကြက်တောဆိုး
ငထစ်ကို အနုကြမ်းစီးမှုနဲ့ ဂတ်တဲကို ပို့လိုက်ရုံပေါ့"

မင်းဒင်သည် ဖိုးငိုလှမ်းပေးလိုက်သော ရေတစ်ခွက်ကို အငမ်း
မရ တစ်ကျိုက်တည်းမော့သောက်ရင်း သူမကို လှမ်းကြည့်လိုက်လေသည်
သူ၏ မျက်ဝန်းထဲတွင် မေးခွန်းပေါင်းမြောက်မြားစွာဖြင့် ရှုပ်ထွေးနောက်
နေပုံရသည်။

"ဒီလိုလည်း မဖြစ်ပြန်ပါဘူးကွယ်"

"ဘာဖြစ်လို့ မဖြစ်ရမှာလဲရှင့်၊ သူ့ကို ဂတ်တဲပို့၊ ဒါမှမဟုတ် သူကြီး
လက်ထဲ အပ်လိုက်၊ ရှင်လည်း သွားလိုရာသွား ... ဒါပဲမဟုတ်လားရှင့်"

မင်းဒင်သည် ခေါင်းကို ခါယမ်းလေသည်။ ထို့နောက် ညည်း
ညူလိုက်သည်။ ကြမ်းပြင်ပေါ်မှာတော့ သွေးစက်တွေ အိုင်ထွန်းနေသည်
မားကတော့ ကြမ်းပြင်ပေါ်မှာ လဲကျနေဆဲပင်။ နွဲ့နွဲ့သည် ဘာလုပ်ရမည်
စဉ်းစားရကျပ်နေစဉ် ...

"ဒီလိုလည်း မဖြစ်သေးပြန်ပါဘူးဗျာ။ ဘာဖြစ်လို့လဲဆိုတော့ ကျွ
က သူနဲ့ပူးပေါင်းပြီး အလုပ်လုပ်ပါ့မယ် ကူညီပါ့မယ်လို့ ကတိပေးထား
သား။ ဒီကိုရောက်တော့မှ ကျွပ် စိတ်ပြောင်းသွားတာပါ။ ကျွပ် မတရား
ကို မုန်းတယ်။ ပြီးတော့ ခင်ဗျားတို့က မိန်းမသားတွေ၊ ကျုပ်တို့လုပ်
က ပိုပြီးရှုက်စရာတောင် ကောင်းပေဦးမယ်။ ဒီလိုလုပ်ဗျာ"

"ဘယ်လိုလုပ်ရမလဲ ... ပြောပါရှင်"

"ကျွပ်တို့နှစ်ယောက်စလုံးကို သူကြီးလက်ထဲထည့်၊ ပြီးရင် ဂ
တဲပို့လိုက်"





သူမနှုတ်မှ 'အို' ဟု အာမေဋိတ်သံ ထွက်သွားသည်။ မင်းဒင်ကို
နားလည်ရခက်စွာ ငေးကြည့်နေလေသည်။ မင်းဒင်၏ မျက်လုံးများသည်
အမှန်တရားကိုမြတ်နိုးသော မျက်လုံးများ ဖြစ်ပါစေ၊ သူမရင်ထဲမှာ တွေဝေ
နှိုင်းသွားသည်။

"မဖြစ်နိုင်တာရှင်"

"အဖြစ်နိုင်ဆုံးပဲ ခင်ဗျ"

"စဉ်းစားပါဦးရှင်"

"ကျွပ် ဆုံးဖြတ်ပြီးမှ ပြောတာ။ ကျွပ်က ပြောတဲ့အတိုင်းလုပ်
တယ်။ ကျွပ်က တစ်ယောက်တည်း အပြင်လောကမှာ ကျန်ရစ်ခဲ့ပြီး ကျွပ်
နဲ့ လက်တွဲလုပ်တဲ့ လုပ်ဖော်ကိုင်ဖက်တစ်ယောက်ကို ထောင်ထဲပို့ လွှတ်
လိုက်တာတော့ စိတ်ထဲမှာ အော်ဂလီဆန်တယ်ဗျာ။ ကောင်းတာပဲလုပ်
လုပ်၊ မကောင်းတာပဲလုပ်လုပ် လက်တွဲခဲ့တဲ့ လူတစ်ယောက်အပေါ် ခုတုံး
လုပ်ချင်ဘူး။ သစ္စာမဖောက်ချင်ဘူး"

နွဲ့နွဲ့သည် ခေါင်းခါလေသည်။ မင်းဒင်လိုလူမျိုးကို အချုပ်ထဲ ပို့
ဖို့ကို စိတ်ထဲမှာ မဝံ့မရဲလှပါ။ ထူထဲသော မျက်ခုံးတန်းများ၊ အောက်
ဆီမှ မျက်ဝန်းများကို အကဲခတ်ကြည့်ရင်း တည်ကြည်ဖြောင့်မတ်ဟန် မင်းဒင်
၏ ဝန်ခံစကားများကြောင့် စောစောပိုင်းက လက်မောင်းသားကို အကွင်း
လိုက်ကိုက်ခဲလိုက်ခြင်းအပေါ် နောင်တရချင်သလိုလို ဖြစ်မိသွားလေသည်။
ကိုယ်ကျင့်တရားနှင့် ဆင်ခြင်တုံတရားကို မြတ်နိုးတွယ်တာဟန် လူတစ်
ယောက်ကို သူမ ဘယ်လိုအကူအညီပေးရမှာလဲ။

"ဒုက္ခပါပဲ ... တစ်ခုခု စဉ်းစားပါလား"

"ကျွပ်ပြောတာ နားထောင်ပါကွယ်။ အခု ထောင်ထဲဝင်သွားပြီး
ပြန်ထွက်လာရင် တစ်ခုထပ်လုပ်မှာ စိုးရတယ်။ ကျွပ် ကြောက်လို့ပြော
တာ မဟုတ်ဘူးနော်။ ခင်ဗျားတို့အပေါ် ရန်ပြုမှာစိုးလို့ပါ။ ဒီကောင်က
အငြိုးအတေး ထားတတ်တယ်။ သူ့ပြဿနာတွေ ကျွပ်လိုက်ရှင်းပေးခဲ့
ရလို့ပြီး ဒါပေမဲ့ သေသေချာချာပြောပြရင် သဘောပေါက်မယ်ထင်ပါရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဗျာ။ ခင်ဗျားတို့ကို သူက အထည်ကြီးပျက် သူဌေးတွေတဲ့။ ပိုက်ဆံချမ်းသာတယ် ထင်နေတာ"

"ဒီလောက်လည်း မဟုတ်ရပါဘူးရှင့်။ အသင့်အတင့် နေနိုင်စားနိုင်တာပါ။ ဒါတွေကလည်း ကျွန်မ ဖေဖေ့ကျေးဇူးတွေကြောင့် မပူမပင် နေနေရတာပါရှင်"

ဟု ညည်းညည်းညူညူ ပြောလေသည်။

"ကျုပ်တို့နှစ်ယောက်စလုံး ထောင်ရောက်ပါမှ ဒီကောင် သံသယရှင်းမှာပါ။ နောက်မှ သူ့ကို ဖျောင်းဖျရမယ်။ ကောင်းရောင်းကောင်းဝယ် လုပ်စားဖို့ စည်းရုံးရမယ်"

နွဲ့နွဲ့သည် မည်သည့်စကားမှ မဆက်နိုင်တော့ဘဲ ငိုင်တွေ၍ နေလေသည်။

"ကဲ ... ကြာပါတယ်ဗျာ ... အရပ်ကကြားအောင် အော်လိုက်တော့ ... ညီမလေး"

ထိုအခါမှ သူမသည် ဖျာဖျာသလဲ ဖြစ်သွားသည်။

"အို ... နေဦးလေ၊ ရှင် ... ရှင် ထမင်းမစားရသေးဘူးဆို။ ပြီးတော့ ဒဏ်ရာကို ဆေးထည့်ပေးပါ့မယ်"

မင်းဒင်ကို ကရုဏာအမှုန်အစက်လေးများပါသော မျက်ဝန်းများဖြင့် တစ်ချက်စိုက်ကြည့်ရင်း ခပ်တိုးတိုး ပြောလိုက်လေသည်။ မင်းဒင်သည် ဘာမှပြန်မပြောတော့ဘဲ ငြိမ်သက်နေလိုက်သည်။

"ရှင် ... ထမင်းစားလိုက်ပါဦး။ ဩော် ... ဟင်းကတော့ ရှင်ကြိုက်မယ် ထင်ပါတယ်။ ငါးပိချက်ရယ်၊ တို့စရာ၊ ဝက်သားဆီပြန်၊ ပြီးတော့ ငါးသလဲထိုး အိုးကပ်ချက်တယ်။ ထမင်းကတော့ တစ်ယောက်စာတော့ ရှိပါတယ်"

မင်းဒင်၏မျက်နှာသည် ဝင်းခနဲ လက်ပသွားလေသည်။ အချုပ်ထဲမရောက်ခင် တစ်ခုခု စားထားချင်သေးသည်။ လက်မှာဒဏ်ရာကြောင့် အနည်းငယ် ရှုံ့မဲ့လိုက်ပြီး ...





"ဟာ ... ဒီထက်ကောင်းထဲဟင်း ... ရှိပါ့မလားဗျာ။ စားချင်လိုက်တာဗျာ"

ထိုအခါ တစ်ချိန်လုံးကြောက်ရွံ့စွာဖြင့် ငြိမ်သက်နေသော အဘွားကြီးသည်သူတို့နားသို့ တဖြည်းဖြည်း တိုးကပ်လာပြီး ...

"ကျွေးလိုက်ပါ ... သမီးရယ်၊ ဒီသူငယ်ကို။ ဒီသူငယ်က သူတော်ကောင်းကလေးပါ"

ဟု ထောက်ခံပြောဆိုလေသည်။ နွဲ့နွဲ့သည် ဖိုးငိုကို ...

"မောင်လေးရေ ... ဟောဒီက အစ်ကိုကြီးကို ထမင်းကျွေးကြမယ်ကွယ်။ နောက်မှာ ထမင်းဝိုင်း ပြင်ပေးလိုက်ပါဦး"

ဟု လှမ်းပြောရာ အဘွားကြီးနှင့်ဖိုးငို နောက်ဖေးဖက်သို့ ဝင်သွားလေသည်။

"နေပါဦးဗျာ ... ကြက်တောကို စိတ်ချအောင် လုပ်လိုက်ဦးမယ်။ ဒီကောင့်ကို ကြိုးတုပ်ပြီး မျက်စိပါ ပိတ်ထားမှဖြစ်မယ်။ ကျုပ် ထမင်းစားပြီးရင် သူကြီးသွားခေါ်ပြီး ကျုပ်ကိုပါ ကြိုးနဲ့တုပ်ပေတော့။ ဒီအမှုက သိပ်ကြာပါဘူးဗျာ။ ခဏနေ ပြန်လွတ်မဲ့အမှုပါ။ ထမင်းကျွေးတဲ့ကျေးဇူးကို မမေ့ပါဘူး။ ကဲ ... စားပြီးရင် အချုပ်ထဲဝင်ရဦးမယ်"

နွဲ့နွဲ့သည် စိတ်မကောင်းခြင်းကြီးစွာဖြင့် ဘာမှထပ်မပြောတော့ဘဲ တိတ်တဆိတ်ငြိမ်သက်နေလေသည်။ ထို့နောက် ...

"ဩော် ... ကိုမင်းဒင်ရယ် ... ရှင်လို စိတ်ကောင်းရှိတဲ့ လူမျိုးတစ်ယောက်ဟာ အဓိပ္ပာယ်မဲ့အချည်းနှီး မဖြစ်စေရပါဘူးရှင်။ ရှင် အချုပ်က အမြန်ဆုံးလွတ်မြောက်အောင် ဥပဒေဘောင်တွင်းကနေ ... ကျွန်မ ... ကျွန်မ ကူညီပါ့မယ်။ ထောင်ဝင်စာလည်း လာတွေ့ပါ့မယ်။ သိလား ...။ ရှင့်ကို ကျွန်မ ... ကျွန်မ ..."

သူမ၏ မျက်ဝန်းများသည် ချက်ချင်း မှိန်ဖျော့သွားကာ မင်းဒင်ကို တောင်းပန်သော အကြည့်၊ သိမှတ်စိတ်မဲ့သောအကြည့်ဖြင့် ငေးစိုက်၍ ကြည့်နေသည်။ မင်းဒင်က ဘာမှပြန်မပြောသာတော့ဘဲ ငြိမ်သက်နေရာ သူမ၏ ရွှန်းလက်တောက်ပသော မျက်ဝန်းအစုံမှ ကြီးမားသော မျက်ရည်



www.burmeseclassic.com

www.burmeseclassic.com



စက်ကြီးများသည် ရုတ်ခြည်း ကျဆင်းလာခဲ့လေသည်။ မင်းဒင်သည် အုံ့ဩ
တကြီး ဒေးမောနေလေသည်။

**နောက်ဆုံးသတင်း**

နောင်အခါ ငွေစက္ကူဆီစက်နှင့် ဆန်စက်ပိုင်ရှင်ဦးမင်းဒင်သည် ကျွန်
တော်၏ဖခင်ဖြစ်လာပြီး အလယ်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်နွဲ့နွဲ့သည်
ကျွန်တော်၏မိခင် ဖြစ်လာပါသည်။ ဖိုးငိုခေါ် ဦးလှဖေသည် စီအိုင်ဒီ၏
စုံစမ်းစစ်ဆေးရေးဌာနတွင် အမှုလိုက်ထူးချွန်ပြီး ခက်ခဲနက်နဲသော မှုခင်း
များကို ကွင်းဆက်များဖြင့် ရှာဖွေဖော်ထုတ်ရာတွင် နာမည်ကျော်ရဲအုပ်ကြီး
တစ်ယောက် ဖြစ်လာသည်။

မင်းဘုန်းသိမ်သူ



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

❑

အချိန်ကား လွန်ခဲ့သော အနှစ် (၃၀) ကျော်ခန့်ကဖြစ်ပါသည်။ လယ်သမားများအဖို့ မိုးတွင်းလုပ်ငန်းစဉ် ပြီးဆုံး၍ နွေလုပ်[illegible] အချိန်မတိုင်မီ အနားရနေချိန် ဖြစ်ပါသည်။

အချို့မှာ အနားရသော်လည်း အများစုမှာတော့ ဝမ်းစာအတွ[illegible] ကျွဲကျောင်းနွားကျောင်း၊ ငါးရှာဖားရှာလုပ်ငန်းများကို လုပ်ကိုင်၍ အသ[illegible] မွေးဝမ်းကျောင်း ပြုနေကြရသည်။ ကျွန်တော်တို့ဒေသတွင် အများစုမှာ ဆ[illegible] ရဲသား တောင်သူလယ်သမားများဖြစ်ကြသည်။ လယ်ပိုင်ရှိသူများမှာ[illegible] ပြေလည်၍ လယ်ပိုင်မရှိသူ အများစုမှာတော့ ဆင်းရဲနွမ်းပါးစွာ အသ[illegible] မွေးနေကြရပါသည်။

တော်သလင်းလပြည့်ကျော်ရက်သို့ ရောက်ရှိလာသည်။ စိုက်[illegible] ထားသော စပါးပင်များအဖုံးဖုံး၍ စတင်သီးချိန်ဖြစ်သည်။ ရေထရက်[illegible] သဖြင့် ရေသွင်းရေထုတ်ကို ဂရုတစိုက် လုပ်ကိုင်နေရချိန်ဖြစ်သည်။ ထို[illegible] ရေထရက်များ၌ လယ်ကွင်းထဲရှိ ငါးပြန်ဆင်းချိန်ဖြစ်သောကြောင့် တစ်[illegible] စာ ငါးပိငါးခြောက်ပြုလုပ်ရန် ဂရုတစိုက် ရှာဖွေဖမ်းဆီးရသော အချိန်[illegible] သည်။





ရေထရက်ဆိုသည်မှာ ပင်လယ်၊ မြစ်၊ ချောင်းများတွင် ဒီရေ[illegible]တက်ကြမ်းသော လစဉ်လဆန်း (၁၂) ရက်မှ လပြည့်ကျော် (၅) ရက်ခန့်ကို [illegible]ည်းကောင်း၊ လဆုတ် (၁၂) ရက်မှ လဆန်း (၅) ရက်ခန့်အထိကိုလည်း[illegible]ကောင်း ခေါ်ဆိုကြခြင်းဖြစ်သည်။ ထိုရက်များတွင် ဒီရေအတက်ကြမ်းသဖြင့် [illegible]ချောင်းများမှတစ်ဆင့် လယ်ကွင်းထဲသို့ ရေများဝင်ရောက်ပြီး ရေတက်[illegible]ရှိသည်။

မိုးဦးကျတွင် ပင်လယ်၊ မြစ်ချောင်းများမှတစ်ဆင့် ငါးပုစွန်၊ ကဏန်း[illegible] တက်ရေဖြင့် ဝင်ရောက်လာပြီး ပေါက်ပွားကြီးပြင်းကြသည်။ မိုးနှောင်း[illegible]တွင် ထိုပေါက်ပွားကြီးပြင်းကြသော ငါးပုစွန်၊ ကဏန်းများ ထိုရေတက်[illegible]ဖြင့် မြစ်ချောင်းများထဲသို့ ပြန်ဆင်းသွားကြသည်။ မြစ်ချောင်းထဲသို့ [illegible]င်းနိုင်ပါက နီးစပ်ရာ အင်း၊ အိုင်နှင့် ကန်များထဲသို့ ဝင်ရောက်ကြသည်။ [illegible]သော ငါးများကို ကျွန်တော်တို့ဒေသရှိ လူများက နည်းအမျိုးမျိုး အသုံး[illegible] ဖမ်းဆီးကြသည်။

ငါးမျှားခြင်း၊ ပိုက်တားခြင်း၊ ပိုက်ထောင်ခြင်း၊ ဂေါ်ထိုးခြင်း၊ ပိုက်[illegible]ခြင်း၊ ကွန်ပစ်ခြင်း၊ ကိုင်းထောက်ခြင်း၊ ဒိုင်းဝန်ထောင်ခြင်း၊ မြှုံးထောင်[illegible] ရေတက်ရေကျတွင် မြောင်းပိတ်ခြင်း၊ ခုတွင်းချခြင်း စသည့် နည်း[illegible]စုံဖြင့် ဖမ်းဆီးကြသည်။ ကျွန်တော်တို့ လယ်သမားများမှာ မြှုံးထောင်[illegible] ရေတက်ရေကျတွင် မြောင်းပိတ်ခြင်းနည်းများဖြင့် အသုံးပြု၍ ဖမ်းဆီး[illegible]သည်။

ထိုအချိန်ကလည်း သားငါးပုစွန် အရမ်းပေါသည့် အချိန်ဖြစ်၍ ရေ[illegible]က်နှစ်ခါသုံးခါ ဖမ်းလိုက်သည်နှင့် တစ်နှစ်စာ ငါးပိ၊ ငါးခြောက်၊ ပုစွန်[illegible]တ်ကို ရရှိသည်။ ငါးပိကို အိုးကြီးအိုးငယ်များဖြင့် သိပ်၍လည်းကောင်း၊ [illegible]ခြောက်ကို လေးထောင့်သံပုံးဖြင့် တည်၍လည်းကောင်း၊ ငါးခြောက်များ[illegible] အိတ်ကြီးအိတ်ငယ်များဖြင့်လည်းကောင်း တစ်နှစ်စာ သိုလှောင်၍ စားသုံး[illegible]သည်။

ယခုလည်း တပည့်ကျော်သံလုံးက ယခု ရေထရက်တွင် ငါး[illegible] [illegible]ပြင်ဆင်နေသည်။ လွန်ခဲ့သည့် နှစ်ရက်ခန့်မှစ၍ မြှုံးထောင်မြောင်းပိတ်၍

www.burmeseclassic.com



ငါးဖမ်းနေရာ ငါးအတော်ရခဲ့သည်။ ရလာသော ငါးပုစွန်များကို သံလုံး
ဇနီးနှင့် ရွာထဲမှ ငှားထားသော မိန်းကလေးနှစ်ဦးတို့က ငါးပိငါးခြော
ပုစွန်ခြောက်များ ပြုလုပ်နေကြသည်။

ယနေ့ညနေ ရေသည် ခေါင်ရေဖြစ်သဖြင့် ငါးအများဆုံးဆင်းမည့
ရက်ဖြစ်သည်။ ထို့ကြောင့် ငါးများကို မြောင်းတွင် ချုပ်၍ဖမ်းရန်နှင့် အဘိုး
မြှောက်ရန် တပည့်ကျော်သံလုံးက အထူးဂရုစိုက်ပြင်ဆင်နေသည်။ ညနေ
စောင်း၍ ရေတက်ခါနီးသောအခါ တပည့်ကျော်သံလုံးက . . .

"အစ်ကိုလေး . . . ကျွန်တော်နဲ့ လိုက်မယ်မဟုတ်လား"

"လိုက်မယ်လေ . . .။ မင်းအဘိုးလည်း မြှောက်ရဦးမယ်မဟုတ်
လား"

"ဟုတ်တယ် . . . အစ်ကိုလေး"

"အဘိုးမြှောက်ဖို့ ပစ္စည်းတွေ စုံပြီလား"

"စုံပါပြီ . . . အစ်ကိုလေး။ ဒီမှာပါ"

တပည့်ကျော်သံလုံး၏ တောင်းထဲသို့ကြည့်လိုက်သောအခါ ထမ
အိုးချက်ပြီးတစ်အိုး၊ ကြက်သားဟင်းတစ်အိုး၊ ပုစွန်တုပ်ကြီးမီးဖုတ်၊ ငါးခြေ
နှင့် ချက်အရက်နှစ်လုံးတို့ကို တွေ့လိုက်ရသည်။ ကျွန်တော်တို့လည်း ပစ္စည်
စုံမစုံကို စစ်ဆေး၍ တောင်းပလုံးတို့ကို ယူဆောင်ပြီး ငါးမြောင်းချုပ်မည့်နေ
သို့ ထွက်လာခဲ့ကြသည်။

ငါးမြောင်းများတူးထားသော နေရာသို့ ရေတက်ရေကျရှိရာ ချော
စပ်တွင်ဖြစ်ပြီး တဲမှ (၁၅)မိနစ်ခန့် သွားရသည်။ ငါးမြောင်းသို့ ရောက်သော
အခါ ဖောင်တဲပေါ်တွင် ပစ္စည်းများကိုချထားပြီး တပည့်ကျော်သံလုံးက အဘ
မြှောက်ရန် ပြင်ဆင်တော့သည်။ ဖောင်တဲဆိုသည်မှာ ငါးဖမ်းရာတွင် နား
ရန် ဆောက်လုပ်ထားသော တဲငယ်ဖြစ်ပြီး ဒေသအခေါ်အဝေါ်ဖြင့် ဖောင်
ဟုခေါ်ကြခြင်း ဖြစ်ပါသည်။

ငါးမြောင်းကို ပင်မမြောင်းကြီးနှင့် ငါးဇင်ရိုင်းမြောင်းဟု နှစ်ခု
ထားကြသည်။ ပင်မမြောင်းကြီးကို လယ်ကွင်းအစပ်မှ ရေတက်ရေကျရှိ
ချောင်းအစပ်အထိ ပေ (၂၀၀) ပေ (၃၀၀) နှင့် အကျယ် (၅၀) အနက် သံ





၍ တူးထားကြသည်။ လယ်အားလုံး၏ ရေသွင်းရေထုတ်ပြုလုပ်ရာ အဓိက
မြောင်းဖြစ်သည်။ မြောင်း၏ နောက်ဆုံးတွင် အခိုင်အမာ ယင်းဖြင့် ခပ်စောင်း
ဆောင်းတား၍ ပြိုယင်းနှစ်ခုအစပ်တွင် ငါးဖမ်းသည့်မြှုံးကို မတ်တတ်ထောင်
ထားရသည်။

ထိုမြောင်းကြီး၏ အလယ်လောက်တွင် ရေတံခါးတစ်ခု ထားကြ
သည်။ ရေတံခါးကို တမံတုပ်၍ သစ်သားတံခါးဖြင့် အရှင်ထားသည်။ ရေ
သွင်းရေထုတ် ပြုလုပ်ရန်ဖြစ်သည်။ ပင်မမြောင်း၏ မြှုံးထောင်ရာရှေ့ မလှမ်း
ကမ်းမှနေ၍ ငါးဇင်ရိုင်းမြောင်းခေါ် မြောင်းငယ်တစ်ခုကို ပင်မမြောင်းနှင့်
ညှိတူးတူးရသည်။ ငါးဇင်ရိုင်းမြောင်းကို (၃)ပေအကျယ်၊ အနက် လူတစ်
ဆိုင်ခန့် တူးရသည်။ မြောင်းအဝကို ပင်မမြောင်းကြီးမှ ခွဲထွက်ထားရသည်။
ဘစ်ဖြောင့်တည်းမဟုတ်ဘဲ သုံးဆစ်ချိုးသဏ္ဌာန် မြွေလိမ်မြွေကောက်ပုံစံဖြင့်
မြောင်းကိုသုံးခုခန့် ပူး၍ထားရသည်။ မြောင်းအဝတွင် ယင်းနှစ်ချပ်ကို ဟို
ဘက်ဒီဘက် ထားရသည်။ ရေတက်သည်နှင့် ထိုယင်းနှစ်ချပ်ကို ဖွင့်၍
သွင်းပြီး ငါးဝင်သည်နှင့် အသေပိတ်လိုက်ရသည်။

ငါးဇင်ရိုင်းမြောင်း၏အဆုံးတွင် ပင်မမြောင်းကဲ့သို့ပင် ယင်းဖြင့် ကာ
ပြီး မြှုံးတစ်လုံးကို မတ်တတ်ထောင်ထားသည်။ ငါးဇင်ရိုင်းမြောင်းဆိုသော်
လည်း ငါးပေါင်းစုံနှင့် ပုစွန်အားလုံးဝင်သည်။ ငါးဇင်ရိုင်းအမိများသော
ကြောင့် ငါးဇင်ရိုင်းမြောင်းဟု အလွယ်တကူ ခေါ်ဆိုကြခြင်းဖြစ်သည်။

ကျွန်တော်တို့နှစ်ဦး ဖောင်တဲသို့ရောက်သောအခါ ရေတက်စပြု
နေပြီဖြစ်သည်။ တက်ရေမှာ ငါးဇင်ရိုင်းမြောင်းပေါ်သို့ မရောက်သေးသော်
လည်း မြှုံးအစပ်ကို ထိနေပြီဖြစ်သည်။ တပည့်ကျော်သံလုံးလည်း မြှုံးနှစ်ခု
လုံးနှင့် မြောင်းအစပ်များကို အပေါက်ရှိမရှိသေချာစွာ လိုက်လံစစ်ဆေး
သည်။ အကယ်၍ သတိမထားမိဘဲ မြှုံးတွင်၎င်း၊ အရံအတားများတွင်လည်း
ကောင်း၊ အပေါက်တစ်ပေါက်ရှိခဲ့ပါက ဝင်သမျှ ချုပ်မိသမျှ ငါးအားလုံး ထို
အပေါက်မှ ထွက်ကုန်မည်ဖြစ်သည်။ ထို့ကြောင့် ဂရုတစိုက် စစ်ဆေးခြင်း
ဖြစ်သည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ရေပြည့်ရန်နှင့် ငါးချူပ်ရန် အချိန်အနည်းငယ်လိုသေးသဖြင့် တပည့်ကျော်သုံးလုံးက အဘိုးမြှောက်ရန် ပြင်ဆင်တော့သည်။ ပန်းကန် (၃)ချပ်တွင် ထမင်းနှင့် ကြက်သားဟင်းကို ထည့်သည်။ ထို့နောက်ပန်းကန်များတွင် ပုစွန်တုပ်မီးဖုတ်နှင့် ငါးကြော်တစ်ကောင်စီ ထည့်သည်။ အရက်သုံးခွက်ကိုလည်း အသင့်ပြင်လိုက်သည်။ ထို့နောက် ထမင်းနှင့်ဟင်းတစ်ပွဲ အရက်တစ်ခွက်ဖြင့် နေရာချထားလိုက်သည်။

ငါးဖမ်းသည့်မြောင်းထိပ်တွင် ပစ္စည်းများကို နေရာချထားပြီး တပည့်ကျော်သုံးလုံးက အသံကျယ်ကျယ်ဖြင့် ...

(အဘိုး ... အဘိုး ... ထမင်း။ ကြက်သားဟင်း။ ပုစွန်တုပ်မီးဖုတ်၊ ငါးကြော်၊ အရက်များနဲ့ တင်ပါတယ်။ မြှောက်ပါတယ်။ ပျော်ပျော်ကြီး သုံးဆောင်တော်မူပါ။ ငါးပုစွန်များကိုလည်း ပေါပေါများများရအောင် စောင့်ရှောက်တော်မူပါခင်ဗျာ၊ ရိုသေပါတယ်။ လေးစားပါတယ်။ အန္တရာယ်အပေါင်းကိုလည်း ဖယ်ရှားပေးပါခင်ဗျား) ဟု သုံးကြိမ်သုံးခါ အော်ဟစ်တင်မြှောက်လိုက်သည်။ ထို့နောက် ကွင်းပိုင်ကြီးတစ်ပွဲ၊ တပည့်လက်သားများအား တစ်ပွဲစသည်ဖြင့် သုံးခါစီ ကျယ်လောင်စွာ အော်၍ တင်မြှောက်ပသတော့သည်။

ခေတ္တကြာသောအခါ စားသောက်ဖွယ်ရာအချို့နှင့် အရက်ခွက်များကို စွန့်၍ ဖောင်တဲပေါ်သို့ ယူလာခဲ့ကြသည်။ ထို့နောက် ဆရာတပည့်နှစ်ယောက် 'အဘိုး' တပည့်ခံကြသည်။ အဘိုးက အငွေ့စားပြီး ကျွန်တော်တို့က အတွေ့စားကြခြင်းဖြစ်သည်။ တစ်ယောက်သုံးခွက်ခန့် ဝင်သွားသောအခါ တပည့်ကျော်သုံးလုံးက ...

"အစ်ကိုလေး ... ဒီတဲပေါ်မှာ သောက်လိုက်။ ကျွန်တော် ငါးချူပ်တော့မယ်"

ပြောပြောဆိုဆို ဆင်းသွားပြီး မြောင်းထိပ် ငါးချူပ်မည့်နေရာသို့ သွားပြီး ငြိမ်သက်စွာ ထိုင်၍ ငါးအုပ်ကို စောင့်နေတော့သည်။ တက်ရေက တဖြည်းဖြည်း မြင့်တက်လာပြီး လယ်ကွင်းထဲသို့ ပြန့်စီးနေပြီဖြစ်သည်။ လယ်ကွင်းထဲမှ ထွက်လာသော ငါးပုစွန်များမှာလည်း မြောင်းထိပ်သို့ ရောက်လာပြီး ဆင်းရန် တာစူနေကြပေပြီ။





ငါးတို့၏သဘောသဘာဝမှာ ငါးဆင်းချိန်ဆိုလျှင် ရေစုန်ကို မဆင်းဘဲ ရေဆန်သည့်အချိန်မှ ရေဆန်ကိုဆန်၍ တက်ခြင်းဖြစ်သည်။ ရေတက်၍ ရေပြည့်ခင်အချိန်တွင် တက်ရေကိုဆန်၍ မြောင်းထဲဝင်လာသော ငါးအနည်းအများကိုတွက်၍ ထိပ်ဝမှ ယင်းများကို အခိုင်အမာ ပိတ်လိုက်ရသည်။ ထိုအခါ မြောင်းထဲသို့ဝင်လာသော ငါးများမှာ ထိပ်ဝမှ ပိတ်ထားသော ယင်းနှင့် နောက်မှမြုံးကြားတွင် ပိတ်မိနေပြီး ရေကျသွားသောအခါ မြောင်းပေါ်တွင် တင်ကျန်နေတော့သည်။ ထိုသို့ပြုလုပ်ခြင်းကို ငါးချူပ်သည်ဟု ခေါ်ကြသည်။

ပင်မမြောင်းမှာ ငါးဖမ်းရာတွင် အဓိကမဟုတ်ဘဲ ရေဝင်ရေထွက်သာ အဓိကဖြစ်ပြီး အဓိက ငါးဖမ်းသောမြောင်းမှာ ဘေးမှတူးထားသော ငါးဆင်ရိုင်းမြောင်းပင်ဖြစ်သည်။ ငါးအကျများ အမိများသော ရက်များတွင် ထိုမြောင်းဖြင့် ဖမ်းမိသောငါးများမှာ သယ်၍မကုန်နိုင်လောက်အောင် ဖြစ်ရသည်။

လပြည့်ကျော် (၂) ရက်နေ့ ညဦးပိုင်းဖြစ်၍ လမင်းက ထိန်ထိန်သာနေသည်။ တပည့်ကျော်သုံးလုံးတစ်ယောက် မြောင်းထိပ်တွင် ယင်းကို အကာအကွယ်ယူပြီး ငါးချောင်းနေသည်။ ကျွန်တော်လည်း ဖောင်တဲပေါ်တွင် တစ်ယောက်တည်း သောက်နေရသည်မှာ ပျင်း၍ တပည့်ကျော်သုံးလုံးရှိရာသို့ ထွက်လာခဲ့သည်။ ရှေ့ကိုသာ ကုန်း၍ ငါးကို အာရုံစိုက်နေသော သုံးလုံးက ကျွန်တော်ကိုမမြင်။ ကျွန်တော်က သူ့ပခုံးကို ပုတ်လိုက်သောအခါ လှည့်ကြည့်လိုက်ပြီး ...

"ဟာ .... အစ်ကိုလေး"

"ရှူး ... တိုးတိုး စကားမပြောနဲ့။ ဟို ယင်းအကွယ်မှာ ထိုင်နေ"

ကျွန်တော်လည်း သူပြောသည့်အတိုင်း ယင်းအကွယ်တွင် အသံတိတ် ထိုင်နေလိုက်သည်။ ပင်မမြောင်းကြီးထဲတွင် ငါးရံ့များ၊ ကကတစ်များ တစ်ခါတစ်ရံ တဝုန်းဝုန်းနှင့် ထခုန်နေကြသည်။ ရေအတက်တွင်ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာသော ငါးအသေးများ၊ ပုစွန်များကို လိုက်စားသော ငါးကြီးများ၏ အငြ
ကိုလည်း ဆူညံစွာ ကြားနေရသည်။

လသာသာနှင့် ချောင်းကို ကျွန်တော် ကြည့်နေပါသည်။ တပည့်
ကျော်သံလုံးကတော့ အားထက်သရော မြောင်းအဝကို ကြည့်လိုက်၊ မြောင်
ထဲကြည့်လိုက် လုပ်နေလိုက်သည်။ နာရီဝက်ခန့် စောင့်ဆိုင်းပြီးနောက် အ
မှ ယင်းနှစ်ချပ်ကို ဆွဲယူ၍ ပိတ်လိုက်တော့သည်။ ထို့နောက် မြောင်းထဲ
ပါဆင်းပြီး အောက်ခြေတွင် အပေါက်မရှိအောင် သေချာစွာ စမ်းသပ်ပြီး
ပြန်တက်လာသည်။

"ကဲ ... အစ်ကိုလေး။ ငါးတော့ ချုပ်ပြီးပြီ။ တဲပေါ်တက်တော့
ရေကျအောင် စားရင်းသောက်ရင်း စောင့်ကြတာပေါ့"

နှစ်ဦးသားတဲပေါ်တက်ပြီး လက်ကျန်ပစ္စည်းများကို စားကြသော
ကြတော့သည်။ ကျွန်တော်က ...

"ဟေ့ကောင် ... တပည့်ကြီး၊ မင်းက တက်ဆိုလို့သာ တဲပေ
တက်ရတယ်။ ငါလည်း ဘာမှမမြင်ပါလား"

"အစ်ကိုလေးက ဒီလုပ်ငန်းတွေကို ကျွမ်းမှမကျွမ်းကျင်တာ၊ ကျွ
တော်တို့ကတော့ လုပ်ငန်းအတွေ့အကြုံအရ သိနေတာပေါ့"

"မြောင်းထဲမှာ ငါးအတော် ချုပ်မိနေလို့လား"

"များတယ် ... အစ်ကိုလေး"

"ငါတော့ မမြင်ပါဘူး"

"အစ်ကိုလေးက ဘယ်မြင်မလဲ၊ ကျွန်တော့် အတွေ့အကြုံအရ
ရင် ငါးဖင်ရှိုင်း အများဆုံးပဲ၊ ကကတစ်နဲ့ ငါးရံ့၊ ပုစွန်တုပ်တွေလည်း ပ
မယ်"

"သေချာရဲ့လားကွ"

"စောင့်ကြည့်ပေါ့ ... အစ်ကိုလေးရာ၊ ကျွန်တော်က သံယောင်း
ငပိန်ရဲ့ တပည့်အရင်းပါ"

"အေးပါ ... အေးပါဗျာ ... ဟုတ်ပါပြီ"

---





ကျွန်တော်တို့နှစ်ယောက်တည်း တစ်နာရီခန့် သောက်ရင်းစားရင်း
စောင့်နေလိုက်ကြသည်။ ရေက တဖြည်းဖြည်း ကျသွားသည်။ ရေကျသွားပြီး
နောက် ငါးဖင်ရှိုင်းမြောင်းကို သွားကြည့်လိုက်သောအခါ တပည့်ကျော်သံလုံး
ပြောသလိုပင် မြောင်းထဲ၌ပိတ်မိနေသော ငါးအများအပြားကို တွေ့လိုက်ရ
သည်။ ရေကျသွားပြီးနောက် တပည့်ကျော်က မြောင်းထဲမှငါးများကို စတင်ဖမ်း
တော့သည်။

ဖမ်းမိသော ငါးများမှာ များပြားလှသဖြင့် တဲသို့ပြန်ပြီး လူခေါ်ရ
သည်။ ငါးရံ့၊ ကကတစ်၊ ပုစွန်တုပ်တို့မှာ လက်ဖြင့် ဖမ်း၍ရသော်လည်း
ငါးဖင်ရှိုင်းများမှာ များပြားလွန်းသဖြင့် ခပ်ခွက်ဖြင့် ခပ်ယူရသည်။ ဖမ်းမိရ
ရှိသော ငါးများမှာ များပြားလွန်းသဖြင့် တဲသို့ အခေါက်ခေါက် အခါခါ သယ်
ယူရသည်။

ဖမ်းဆီးရမိသော ငါးများကို ငါးခြောက်ခွဲခြင်း၊ ငါးပိကောင်ပြုလုပ်
ခြင်း၊ ပုစွန်ခြောက်ပြုလုပ်ခြင်းတို့ကို တပည့်ကျော်သံလုံး၏ မိန်းမနှင့် ရွာမှ
ငှားထားသော ကလေးမလေးနှစ်ဦးက လက်မလည်အောင် လုပ်ကိုင်နေရ
သည်။ ကျန်သောငါးအသေးများကိုမူ အပုပ်ခံ၊ နေလှန်း၊ ဆားနိုင်အောင် ဖြူး
ပြီး အရည်ကျိုငါးပိအဖြစ် ပြုလုပ်ကြသည်။ ထိုနည်းအပြင် နောက်နှစ်
ရက်ခန့် ဆက်တိုက်ငါးအရများသဖြင့် လက်မလည်အောင် အလုပ်များနေ
ကြတော့သည်။

ထိုရက်များတွင် အလုပ်ရှုပ်နေသဖြင့် ကျွန်တော်လည်း ရွာသို့
လေးငါးရက်ခန့် မတက်ဖြစ်ခဲ့ပါ။ အဘထိတ်တုံးရွှေ၊ သံယောင်းငပိန်တို့
နှင့်လည်း မတွေ့မိပါ။ သူတို့သည်လည်း ဒီရေထရက်တွင် ကျွန်တော်ကဲ့သို့
အလုပ်များနေမည်ဖြစ်သည်။ ထိုရေထရက်ကို ကျော်လွန်မှ ကျွန်တော်လည်း
ရွာထဲသို့ ရောက်ခဲ့တော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၂ ]

❑

ရွာထိပ်ရှိ မရောက်တာကြာပြီဖြစ်သော ဘဘုန်းကျောင်းသို့လည်း ဝင်ရောက်ကန်တော့ခဲ့သည်။ ဘဘုန်းမှာ အသက် (၈၀)ခန့်ရှိပြီးဖြစ်သော်လည်း ကျန်းမာသန်စွမ်းစွာ ဖူးတွေ့ရသည်။ ကျွန်တော့်ကိုတွေ့တော့ ဘဘုန်းက . . .

"လူလေး . . . ကျောင်းလည်းမရောက်တာ ကြာပါရော့လား"

"တင်ပါ့ ဘုရား။ ဒီရေထရက် အလုပ်တွေ များနေလို့ပါ"

"ဟိုအကောင် . . . ထိတ်တုံးရွှေတို့ သံယောင်းမငပိန်တို့နဲ့ တွဲပြီး အရက်တွေ သောက်နေသလားလို့"

"မဟုတ်ပါဘူး . . . ဘဘုန်း၊ တပည့်တော်လယ်ထဲမှာပဲ ရှိပါတယ်။ သူတို့နဲ့ မတွေ့တာကြာလို့ အခုတက်လာတာပါဘုရား"

"အေး . . . အေး . . . သူတို့က ပြောမကောင်းဆိုမကောင်းတွေ၊ အဲ့ကြောင့် ဘဘုန်းက ကြိမ်နဲ့ ခဏခဏ ဆုံးမနေရတာ။ လူလေးလည်း သူတို့လိုမဆိုးနဲ့ သိလား"

"တင်ပါ့ ဘုရား"

"ကဲ . . . ကြှုတုန်း ဇါ့ကို တံတောင်နဲ့ ထောင်းပေးသွားဦး"





"မထောင်းချင်ပါဘူး။ ဘဘုန်းအသားတွေက ပျော့တီးပျော့ဖတ်နဲ့"

"အောင်မယ် . . . ငရဲ၊ စကားမများနဲ့ လာထောင်း"

ဘဘုန်းက ကျက်သရေတိုက်ခန်းထဲတွင် တုံးလုံးလှဲ၍ ကျွန်တော်တို့၏ အနှိပ်အနင်း၊ အထောင်းအကြိတ်ကို ခံနေကျဖြစ်သည်။ ဘဘုန်း၏ တစ်ကိုယ်လုံးတွင် အင်္ဂကွက်ပေါင်းစုံ၊ ဆေးအနီအနက်တို့ဖြင့် ထိုးထားသည်။ အဘထိတ်တုံးရွှေ၊ သံယောင်းမငပိန်မှ အစပြုသော လူကြီးများမှအစ မြေးဖြစ်သော ကျွန်တော်တို့ကို ရှမ်းကြီးသိုင်းကို ဆရာဖြစ်အောင် သင်ပေးသူဖြစ်သည်။

တစ်ရွာလုံး ဘဘုန်း၏ အဆူအငေါက်နှင့် ကြိမ်လုံးစာကို မကြုံဖူးသူမရှိ။ သူကြီး၏ထိတ်တုံးထက် ဘဘုန်း၏ကြိမ်လုံးကို ပို၍ ကြောက်ကြရသည်။ နာရီဝက်ခန့် ထောင်းကြိတ်ပြီးနောက် ဘဘုန်းအား ကန်တော့၍ ရွာထဲသို့ သွားရန်ပြင်သောအခါ . . .

"လူလေး . . . ဆရာမလေး နှန်းရွှေစင်ကို တွေ့လိုက်ပါဦး။ မနေ့ကတောင် ဘဘုန်းကို အားဆေးဆိုလား လာထိုးပေးတယ်။ မင်းကိုလည်း မေးနေသေးတယ်"

"တင်ပါ့ ဘုရား၊ တွေ့လိုက်ပါ့မယ်"

ကျွန်တော် ဘဘုန်းကို အမြန်ဦးချ၍ ထွက်လာခဲ့သည်။ ဆက်နေလျှင် ဘဘုန်းက ဆရာမလေးအကြောင်းကို ပြောတော့မည်။ ပြီးလျှင် ကျွန်တော့်ဘက်ကို လှည့်လာတော့မည်။

ဘဘုန်းကျောင်းမှ ထွက်လာပြီး ရွာအရှေ့ဘက်သို့ လျှောက်လာသည်။ ရွာလယ်ရှိ သူကြီးဖြစ်သူ ဦးလေးငယ်အိမ်ရှေ့သို့ ရောက်သောအခါ ခြံပေါက်တွင် လူစုစုကို တွေ့လိုက်ရသည်။ ကျွန်တော့်ကို မြင်သောအခါ ဦးလေးငယ်က လှမ်းခေါ်လိုက်သည်။

"လူလေး . . . ကိုရဲ၊ လာပါဦးကွ"

"ဟုတ်ကဲ့ . . . ဦးလေး"



www.burmeseclassic.com

***ကျွန်တော်လည်း ပြောပြောဆိုဆို အိမ်ပေါ် တက်သွားလိုက်သည်။***

**အိမ်ခေါင်းရင်းဘက်တွင်** အဘထိတ်တုံးရွှေအမှူးပြုသော လူကြီးလူငယ် (၁၅) ယောက်ခန့်ကို တွေ့လိုက်ရသည်။

"အဘ ..."

"ဟေ ... ဘာလဲကွ"

"ဘယ်လိုဖြစ်လို့ တပ်ထောင်ပါ မိုလ်ထုနဲ့ လူစုနေကြတာတုံး"

"ဒီလို ... လူလေးရဲ့ ဒီည ဒီကောင်တွေအုပ်စု ဝက်ပုတို့အိမ်မှာ သွားစောင့်အိပ်ကြမလို့ကွ"

"ဘာဖြစ်လို့သွားအိပ်မှာလဲ ... အဘ။ သူ့မိန်းမနဲ့ သူ့သမီးတွေကို သွားစောင့်မလို့လား"

"အေးလေကွာ"

"ဗျာ ... အဘ၊ ဘယ်လို ..."

"ဝက်ပုတို့၊ ငြိမ်းသာတို့အိမ်မှာ ည ၈ နာရီလောက်ဆို သရဲခြောက်လို့ကွ"

"သရဲခြောက်တယ် ... ဟုတ်လား၊ ဘယ်လိုခြောက်တာလဲ"

"အကောင်အထည်တော့ မမြင်ရဘူး။ အိမ်နောက်ဖေး ခေါင်မိုးပေါ်က 'ဝုန်း'ခနဲ 'ဝုန်း'ခနဲ ခုန်ချတာ။ အိမ်ကိုလည်း သိမ့်သိမ့်တုန်နေတာ သွားကြည့်တော့ ဘာမှမရှိဘူး။ သုံးရက်လောက်ရှိနေပြီ။ အဲဒါ သူတို့တွေလည်း မအိပ်ရဲကြဘူး။ အဲဒါ အကူအညီတောင်းလို့ကွ"

"သရဲက ဘယ်အချိန်ခြောက်တာလဲ"

"ည (၈) နာရီကနေ (၁၂) နာရီလောက်အထိကွ။ လူလေးလည်း လိုက်ကြည့်ပါလား"

ကဲ ... ဟော့ ... မြဝင်းကြီးတို့ ရွာသားတို့ မင်းတို့ည (၈) နာရီ လောက် ငါ့အိမ်ကို လာခဲ့ကြ။ ပြီးတော့မှ အဲဒီကိုသွားတာပေါ့"

"ဟုတ်ကဲ့ပါ အဘ"





မြဝင်းကြီးအမှူးပြုသော ကာလသားအပေါင်းတို့ သူကြီးအိမ်မှ ထွက်ခွာသွားကြသည်။ သူတစ်ပါး အခက်အခဲကို ဝိုင်းဝန်းကူညီကြသော ဘာသူတောင်သားတို့၏ ချစ်စဖွယ် ဓလေ့တစ်ခုပင် ဖြစ်ပါသည်။

ထိုအထဲတွင် မြဝင်းကြီးနှင့် ရွာသားကြီးတို့မှာ စိတ်ဓာတ်အတက် ကြွဆုံးဖြစ်နေသည်။ ကိုဝက်ပုနှင့် မငြိမ်းသာတို့တွင် သမီးချောနှစ်ဦးက လည်း ရှိနေသည်ကိုး။ မိန်းမပျိုလေးများနှင့် ပတ်သက်လျှင် အသက်စွန့်၍ ကူညီကြမည့်သူများ ဖြစ်ကြသည်။ အဘထိတ်တုံးရွှေနှင့် ကျွန်တော်တို့ ထုံးစံ အတိုင်း အဘအိမ်တွင် ဝိုင်းဖွဲ့ရန် ချိတက်လာခဲ့ကြသည်။ လမ်းတွင် ကုန်စိမ်း ရောင်းသော အသက် (၅၀) ခန့် အမျိုးသမီးတစ်ဦးနှင့်တွေ့ရာ အဘထိတ်တုံး ရွှေက ...

"ဟဲ့ ... ပြောင်ချောမ၊ ဈေးရောင်းလို့ ကုန်ပြီလား"

"မသာကြီးနော် ... ဒီနာမည်ကို မခေါ်ပါနဲ့လို့ ပြောထားတဲ့ ဟာ"

"ဟား .... ဟား .... ဟား ..."

"ခွီး ... ခွီး ... ခွီး ..."

အဘထိတ်တုံးရွှေနှင့် ကျန်သူများက ဝိုင်းရယ်ကြသည်။ အမျိုး သမီးက အဘကို မျက်စောင်းတခဲခဲနှင့် ...

"နင်က ပြောင်ချောမမို့ကို ပြောင်ချောမ ခေါ်တာပေါ့ဟ"

"ကာလနာကြီး ... သေချင်းဆိုးကြီး ..."

ကျွန်တော်မှလွဲ၍ အားလုံး တဟားဟား ရယ်နေကြသည်။ အမျိုး သမီးကတော့ အားလုံးကို မျက်စောင်းမိုးထိုး ခြေဆောင့်ပြီး ထွက်သွားသည်။ ကျွန်တော်ကတော့ ဘာမှန်းမသိ။ ထိုအမျိုးသမီးကလည်း ကျွန်တော်တို့ရွာ သူ မဟုတ်။ အခြားရွာမှ ကုန်စိမ်းလာရောင်းသူဖြစ်သည်။ ကျွန်တော်က အကျိုးအကြောင်း သိလိုသဖြင့် တဟားဟားရယ်နေသော အဘထိတ်တုံး ရွှေအား ...

"အဘ ... ဘာတွေ သဘောကျလို့ ရယ်နေတာလဲ။ ကျွန်တော့် ကိုလည်း အကျိုးအကြောင်း ပြောပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ . . . လူလေးရဲ့ လူလေးက မြို့မှာကျောင်းတက်နေ သူ့အကြောင်းကို ကောင်းကောင်းဘယ်သိဦးမလဲ"

"ဒီလိုကွ . . .။ သူ့နာမည်အရင်းက 'မတင်အုံး' တဲ့။ သူ့ယောက် က ငါနဲ့သူငယ်ချင်း။ ညောင်ပင်သာရွာက။ သူ့အလုပ်က မြို့မှာ ကုန် သွားဝယ်ပြီး အနားကရွာတွေမှာ လိုက်ရောင်းတယ်။ တို့ရွာကိုလည်း ပတ်နှစ်ခေါက်လောက် ရောက်တယ်"

တစ်နှစ်က လူလေး မြို့မှာကျောင်းတက်နေတုန်း မိုးဦးကျအ မှာ မြစ်ထဲကရေတွေ လယ်ထဲကို တက်တဲ့အချိန်ပေါ့။ မြစ်ရေနဲ့ ငါးရ လည်း တက်နေတယ်။ သူကလည်း ရွာကို ကုန်စိမ်းလာအရောင်း၊ ကို တို့ လယ်ထဲမှာ ငါးဘတ်ကြီးတစ်ကောင်ကို ရေစပ်ကျင်းလေးထဲမှာ တွေ့လို ရတယ်။

ငါးဘတ်ကြီးကလည်း တစ်ပိဿာခွဲလောက်ရှိတယ်။ သူကလ လယ်ကွင်းထဲမှာ ငါးဘတ်ကြီးကိုတွေ့တော့ ဝမ်းသာအားရ လိုက်ဖမ်းတ မိန်းမသားဖြစ်တာရယ်၊ ငါးကလည်းကြီးတော့ ဖမ်းလို့မရဘူး။ ပါလာ တောင်းကလည်း ကန်သင်းရိုးပေါ်မှာ ကျန်ခဲ့တယ်၊ ဖမ်းရင်းဖမ်းရင်းနဲ့ က ရေနက်ပိုင်း ရောက်လာတယ်။ ရေနက်ထဲရောက်ရင် ငါးက ဖမ်းလို့ တော့ဘူး။ ဒါနဲ့ မိတင်အုံးကလည်း ကြံရာမရဖြစ်ပြီး ဝတ်ထားတဲ့ထ ဝတ်ထားတဲ့အတိုင်း ငါးဘတ်ကိုအုပ်ပြီး သူ့ပါ ဆောင့်ကြောင့်ထိုင်ချလို တယ်။ ဟီး . . . ဟီး . . . ဟီး . . ."

"ဆက်ပြောပါ . . . အဘရ"

"အေးပါကွ . . . ရယ်ချင်လို့ပါ။ သူက ငါးလွတ်သွားမှာစိုးလို့ မိလုပ်ရာ လုပ်လိုက်တာ။ ငါးဘတ်ကလည်း အထဲမှာ ပိတ်မိနေတော့ ဆော တိုးပြီး ကိုက်မိကိုက်ရာ ကိုက်ချလိုက်တယ်"

"ဗျာ . . ."

"အဲဒီမှာတင် မိတင်အုံးရဲ့ ဖွားဖက်တော်ဟာ ငါးဘတ်ရဲ့ပါးစပ် ကို အကွင်းလိုက် ပါသွားတော့တာပဲ"

"ဟာဗျာ . . . အဘကလည်း"





"ဟုတ်တယ် . . . လူလေးရဲ့ ငါးဘတ်ရဲ့သွားတွေက ဆူးချွန်တွေ နဲ့ သိပ်ထက်တာ။ ငါးအချင်းချင်းတောင် သူ့ကို ရှောင်တာ။ အဲ့ဒီဒဏ်ရာနဲ့ တင်အုံး ဆေးရုံမှာ နှစ်လလောက် တက်လိုက်ရတယ်။ အဲ့ဒီငါးဘတ်ကိုက် တဲ့ဒဏ်ရာကြောင့် မိတင်အုံးဟာ ပုံမှန်မဟုတ်တော့ဘဲ မြေညီချိုင့်ဝှမ်းလို ပြောင်ချောကြီး ဖြစ်သွားတယ်တဲ့ကွ"

"ဟား . . . ဖအား . . . ဟား . . . ဖြစ်ရလေ . . . အဘရယ်"

"အဲ့ဒီအချိန်ကစပြီး သူ့ကို ပြောင်ချောမလို့ ခေါ်ကြတာပဲကွ"

"ဒါနဲ့ နေပါဦး၊ အဘက အဲ့ဒီအကြောင်းတွေကို ဘာကြောင့် သိနေရတာလဲ၊ အကြောင်းရှိရမယ် အဘ မှန်မှန်ပြော"

"အထင်မလွဲပါနဲ့ . . . လူလေးရယ်၊ သူ့ယောက်ျား ပြောပြလို့ပါ ကွာ"

"ဟား . . . ဟား . . . ဟား . . ."

ကျွန်တော်တို့လည်း ရယ်မောရင်း အဘအိမ်သို့ ချီတက်ခဲ့ကြ သည်။ အဘထိတ်တုံးရွှေအိမ်သို့ ရောက်သောအခါ ထုံးစံအတိုင်း ဝိုင်းဖွဲ့ ကြသည်။ ယနေ့ညတွင် မြဝင်းကြီးတို့အုပ်စု သရဲခြောက်သော ကိုဝက်ပုတို့ အိမ်တွင် စောင့်အိပ်ကြမည်ဖြစ်၍ ည (၉း၃၀) နာရီခန့်တွင် ဝိုင်းသိမ်းလိုက် ကြသည်။ ဝိုင်းသိမ်းပြီး မြဝင်းကြီးတို့အုပ်စု ကိုဝက်ပုတို့အိမ်သို့ တစ်ဖွဲ့လိုက် ချီတက်သွားကြသည်။ ကျွန်တော်နှင့် အဘထိတ်တုံးရွှေတို့လည်း အကျိုး အကြောင်းသိချင်၍ လိုက်လာခဲ့ကြသည်။

သံယောင်းမ ဦးပိန်ကတော့ ပြန်တော့မည်ဆို၍ ကျွန်တော်တို့ အုပ်စုနှင့် ခွဲသွားခဲ့သည်။ ရေချိန်ကလည်း ကိုက်၊ ခပ်ထွေထွေဖြစ်နေကြ ၍ မြဝင်းကြီးတို့အုပ်စုမှာ အလွန်သတ္တိကောင်းနေကြသည်။ သူတို့လူစုက လည်း မူးလာလျှင် တအားသတ္တိရှိသော လူစုဖြစ်ကြသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [ ၃ ]

❑

ကိုဝက်ပုတို့အိမ်သို့ ရောက်သောအခါ အိမ်သားအားလုံးကို စုံညီစွာ တွေ့လိုက်ရသည်။ ကိုဝက်ပု၏ဇနီး မငြိမ်းသာမှာ သားသမီး (၄) ဦးရှိပြီး အငယ်ဆုံးကလေးမှာ လေးလသာရှိသေးပြီး နို့စို့ကလေးဖြစ်သည်။ ခါတိုင်း ညများတွင် မအိပ်ရဲ၍ အခြားအိမ်တွင် ပြောင်းအိပ်သော်လည်း ယခုညတွင်တော့ မြဝင်းကြီးတို့အုပ်စု စောင့်အိပ်မည်ဖြစ်၍ သူတို့ပါ အိပ်ခြင်းဖြစ်သည်။

ကျွန်တော်တို့အုပ်စု ရောက်သွားသောအခါ ကိုဝက်ပုတို့က ဝမ်းသာအားရကြိုဆိုညှော်ခံကြသည်။ ရေနွေးကြမ်း၊ လက်ဖက်သုပ်၊ ငါးခြောက်ဖုတ်များဖြင့် ညှော်ခံကြသည်။ အရက်သမားတို့၏ ထုံးစံမှာ အရက်သောက်ပြီးလျှင် ရေနွေးကြမ်းကို သောက်လေ့မရှိသော်လည်း မြဝင်းကြီးနှင့် ရွာသားကြီးတို့မှာ ကိုဝက်ပုသမီးနှစ်ယောက်ကို ငန်းကြောဆွဲပြီး ချပေးသမျှကို စပါယ်ရှယ် တုတ်တော့သည်။

"ကိုဝက်ပု . . . သရဲက ဘယ်လိုခြောက်တာလဲဗျ"

"နောက်ဖေးမီးဖိုချောင်နားက . . . တူလေးရေ ခေါင်မိုးပေါ်က ခုန်ချတဲ့အသံ၊ 'ဝုန်း'ခနဲ 'ဝုန်း'ခနဲကွ။ ည ၈ နာရီလောက်ဆို လုပ်ပြီ"





"အကောင်အထည်ရော မြင်ရလား"

"အကောင်အထည်တော့ မမြင်ရဘူး"

"ဘယ်လောက်အထိ ခြောက်လဲ"

"တစ်နာရီလောက်ပဲကွ။ ကိုးနာရီဆို မကြားရတော့ဘူး"

"သုံးလေးရက်လောက် ရှိနေပြီကွ"

ကျွန်တော်တို့ စကားပြောနေစဉ် နောက်ဖေးဘက်မှ 'ဝုန်း'ခနဲအသံကြီး ကြားလိုက်ရပြီ။ အိမ်ပါတုန်သွားသည်။ ကျွန်တော်တို့က မကြောက်သော်လည်း အိမ်ရှင်၏ ကလေးများမှာ မျက်လုံးဝိုင်းနေသည်။

ကျွန်တော်တို့လူစုသည် နောက်ဖေးမီးဖိုချောင်သို့ သွားကြည့်သောအခါ ဘာတစ်ခုကိုမျှ မမြင်ရပါ။ အိမ်ရှေ့ပြန်ထွက်လာသည်နှင့် ခေါင်မိုးပေါ်မှ ခုန်ချသည့်အသံကို 'ဝုန်း' ခနဲ ကြားရပြန်သည်။ သွားကြည့်တော့လည်း ဘာမှမတွေ့ရ။

ကျွန်တော်တို့အုပ်စုလည်း စိတ်ပေါက်ပေါက်ဖြင့် နောက်ဖေးမီးဖိုချောင်တွင် အုပ်စုလိုက် သွားထိုင်နေသောအခါ နောက်ဖေးကပြင်ပေါ်သို့ ဝုန်းကနဲ ဝုန်းကနဲခုန်ချနေသည်။ ကျွန်တော်တို့အုပ်စုလည်း သရဲကိုရစရာမရှိအောင် ဆဲဆိုကြသည်။ ကျွန်တော်တို့ကဆဲလေ သရဲကပို၍ခုန်လေ၊ ည (၉) နာရီကျော်တော့မှ သရဲလည်းအခြောက်ရပ်သွားတော့သည်။

သရဲအခြောက်ရပ်သွားသောအခါ ကျွန်တော်က ကိုဝက်ပုတို့ဇနီးမောင်နှံမယားကို အကျိုးအကြောင်းမေးကြည့်မိသည်။ ယခင်က မခြောက်ဘဲ လွန်ခဲ့သည့် သုံးရက်ခန့်လောက်မှ ခြောက်သည့်ကိစ္စက အကျိုးအကြောင်း ရှိရမည်ဖြစ်သည်။

"ဒေါ်လေး ဒီသရဲက အရင်မခြောက်ဖူးဘဲနဲ့ လွန်ခဲ့တဲ့သုံးရက်လောက်ကမှ ခြောက်တယ်ဆိုတော့ အကြောင်းတစ်ခု ရှိရမယ်။ အဲဒီတော့ လွန်ခဲ့တဲ့ သုံးလေးရက်က ဒေါ်လေးတို့လင်မယား ဘာတွေ လုပ်ထားသလဲ"

"ဘာမှလည်း မလုပ်ရပါဘူး . . . ငါ့တူရယ်"



www.burmeseclassic.com

www.burmeseclassic.com



"သာမန်မဟုတ်တဲ့ ထူထူးခြားခြားလေးတစ်ခုပေါ့ ... ဒေါ်လေးရယ်"

"သံယောင်းမဦးပိန်နဲ့တော့တွေ့တယ်။ သူက ဒေါ်လေးရဲ့အခက်အခဲတစ်ခုကို လာကူညီလို့"

သံယောင်းမဦးပိန်ဆို၍ ကျွန်တော် မျက်လုံးပြူးသွားသည်။ သေချာပါပြီ။ ဒီလူကြီး ဘာတွေကောက်ရိုးပွေ့ထားလဲ မသိ။ သေချာအောင်ထပ်မေးရသည်။

"ဘာကိစ္စလဲ ... ဒေါ်လေးရဲ့"

"ဒီလိုကွ ... ကိုရဲနိုင်ရ။ ဒေါ်လေးတို့လင်မယားမှာ ကလေး (၄) ယောက်ရှိတယ်။ အကြီး (၃) ယောက်မွေးတာ ဘာမှမဖြစ်ခဲ့ဘူး။ ဒီအငယ်ဆုံးလေးကို မွေးတော့မှ ပြဿနာတက်တော့တာပဲ"

"ဘာပြဿနာလဲ ... ဒေါ်လေးရဲ့"

သူ့ကိုမွေးလည်းပြီးရော နို့က လုံးဝမထွက်တော့ဘူး။ နို့မထွက်တော့ မင်းဦးလေးရော ဒေါ်လေးရော၊ တစ်အိမ်သားလုံး ဒုက္ခရောက်တော့တာပါပဲကွယ်။ တစ်ရွာလုံး နွားနို့လိုက်ရှာ၊ မရရင် ကလေးအမေတွေကို တောင်းပန်ပြီး လိုက်တိုက်နိုင်းနဲ့ အားလုံး ပင်ပန်းကြတယ်။

ဒီကြားထဲကလေးက နို့ဝအောင် မစို့ရတော့ တွအီအီ တငိုငိုနဲ့ ဒီကလေး လေးလလောက်အထိ အားလုံး ဒုက္ခရောက်ကြတယ်။ အဲဒီအကြောင်းကိုသိတော့ သံယောင်မဦးပိန်က မပူနဲ့ ငါဆေးပေးမယ်။ အဲဒီဆေးကိုသွေးပြီး ဆန်ဆေးရေနဲ့ တစ်နေ့သုံးခါသောက်ဆိုပြီး နောက်နေ့ လာပေးသွားတယ်။ ဒေါ်လေးလည်း သူပြောတဲ့အတိုင်း အဲဒီဆေးဆိုတာကို သွေးပြီးသောက်လိုက်တယ်။

"အဲဒီဆေးသောက်ပြီးတော့ နို့ရောထွက်ရဲ့လား ... ဒေါ်လေး"

"အေး ... အဲဒါကတော့ ထူးခြားတယ်။ မွေးကတည်းက မထွက်ခဲ့တဲ့နို့က သူပေးတဲ့ဟာ သွေးသောက်ပြီးတော့ ပြန်ထွက်လာတာ ကလေးအတွက် လုံလောက်သွားတာပဲ ... လူလေး"





'အင်း' သေချာပါပြီ၊ သံယောင်းမဦးပိန်တော့ ကောက်ရိုးပွေ့ထားပြီ။

"ဒါနဲ့ သရဲခြောက်တာနဲ့ ..."

"ဟုတ်တယ် ... သူ့ဆေးသောက်ပြီး နောက်နေ့ကစပြီး ခြောက်တော့တာပဲ"

"ဟုတ်ပြီ ... ဒေါ်လေး။ ဒီအတိုင်းအမှန်ဆိုရင် နောက်နေ့မခြောက်တော့ဘူး။ ကျွန်တော် တာဝန်ယူတယ်"

"ဟုတ်ရဲ့လား ... လူလေး"

"သေချာပါတယ် ... ဒေါ်လေးရာ"

ကျွန်တော်လည်း ကိုဝက်ပုတို့လင်မယားကို ကတိပေးနှုတ်ဆက်ပြီး ပြန်လာခဲ့ကြသည်။ ဒီညအဖို့တော့ သရဲမခြောက်တော့ပြီဖြစ်၍ အားလုံး အေးချမ်းစွာ အနားယူရပေတော့မည်။ ကျွန်တော်တစ်ယောက်ကတော့ မနက်ဖြန်လုပ်ရမည့်ကိစ္စကို စိစဉ်လျက်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၄ ]

❑

နောက်တစ်နေ့ နံနက်စောစောတွင် ကျွန်တော် သံယော
ဦးပိန်ပိုက်ထောင်ရာ ပိုက်တဲသို့ ထွက်လာခဲ့သည်။ သူပိုက်ထောင်ရာ ပိုက်
မှာ ကျွန်တော်တို့ရွာမှ တစ်နာရီခွဲခန့်သွားရသည်။ သဲ်ယာကုန်းနှင့် မြေ
ရွာတို့ကို ဖြတ်သန်းသွားရသည်။ ကျွန်တော် ရောက်သွားသောအခါ ပိ
ဖော်နေသော သံယောင်းမဦးပိန်ကို တွေ့ရသည်။ ကျွန်တော့်ကိုမြင်သေ
ဦးပိန်က . . .

"လာဟေ့ . . . လူလေး၊ တဲပေါ်မှာထိုင်ကွာ ကထာန်းပြုတ်ထေ
တ်ယ်၊ စားကွ . . . လူလေး"

"စားမှာပေါ့ဗျာ။ ပြီးတော့ ဦးလေးသံယောင်းမကို မေးစရာလ
ရှိသေးတယ်"

"ငါသိပါတယ်ကွာ မင်းမေးမယ့်ကိစ္စကို"

"ဦးလေးက ဘာသိတာတုန်းဗျ"

"မင်းဝက်ပုတို့အိမ်က သရဲခြောက်တဲ့ကိစ္စကို မေးမလို့မဟု
လား"

"ကျွန်တော် အဲဒီအကြောင်းကို မေးမယ်လို့ ဘယ်လိုသိလဲဗျ





"မင်းညက အဲဒီကို မြဝင်းကြီးတို့အုပ်စုနဲ့ လိုက်သွားတယ်။ ဘာ
ကြောင့် ခြောက်မှန်းလည်းမသိ၊ အကျိုးအကြောင်း ဝက်ပုမိန်းမငြိမ်းသာ
တို့ မေးမယ်။ ဟိုအရင်တုန်း မခြောက်ဘဲ ငါ သူ့ကို နို့ထွက်အောင် ဆေး
ပေးလိုက်တော့မှ သရဲခြောက်တဲ့အကြောင်းပြောတော့ မင်းက ငါ့လက်ချက်
ဆိုတာ မှန်းပြီး လိုက်လာတာပေါ့။ ဟုတ်တယ်မဟုတ်လား"

"ဟုတ်ပ . . . ဦးလေးသံယောင်းမရာ။ ကဲ . . . အဲဒီအဖြေကို ပြော
ပေးပါဦး . . . ဦးလေးရ"

"ဒီလိုလွယ်လွယ်နဲ့တော့ ဘယ်ပြောပါမလဲကွာ"

"မပြောရင် သူကြီးကို တိုင်မယ်ဗျာ"

"မင်းဦးလေးသူကြီးကို ငါက ကြောက်ရမှာလားကွ"

"ဒါဆို ဘဘုန်းနဲ့ တိုင်မယ်ဗျာ"

"ဟေ့ကောင် . . . ဘဘုန်းနဲ့တော့ မတိုင်နဲ့ကွာ၊ မင်းကလည်း"

"ဒါဆို ပြောလေဗျာ"

"ဒီလို . . . လူလေးရေ ငါလည်း ဒီဆေးနည်းကို မသိဘူး။ မင်း
အဒေါ်ဒေါ်အုန်းပြောလို့ လုပ်ပေးလိုက်တာ"

"ဆေးနည်းက အထူးအဆန်းတော့ မဟုတ်ဘူး။ သင်္ချိုင်းကုန်းက
လူသေကောင်ရဲ့ လက်ဆစ်ရိုးတစ်ခုကိုယူပြီး ဆန်ဆေးရေနဲ့ သွေးသောက်
ဆိုပြီး ယူပေးလိုက်တာ။ အဲ့ဒီသင်္ချိုင်းကအရိုး သူ့အိမ်ရောက်ကတည်းက
ခြောက်တော့တာပဲကွ"

ဒေါ်အုန်းဆေးနည်းကရော တကယ် ဟုတ်လို့လား။ ကျွန်တော်
သံယောင်းမဦးပိန်၏ဇနီးဖြစ်သူ ဒေါ်အုန်းအား မေးလိုက်သည်။

"ဟုတ်တယ် . . . လူလေးရဲ့၊ အဒေါ်တို့ အမေကြီးပေးခဲ့တဲ့ ဆေး
နည်းပဲ"

ဟုတ်တော့ ဟုတ်နိုင်လားမသိ။ ကာယကံရှင် ဒေါ်ငြိမ်းသာကို မေး
ကြည့်တော့လည်း ဦးပိန်ပေးခဲ့သည့်ဆေးကို သွေးသောက်တော့ နို့ထွက်
လာပြီး ကလေးကဝအောင် စို့ရသည်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် အဲ့ဒီအိမ်မှာ သရဲမခြောက်အောင် ဘယ်လိုလုပ်ရမလဲ"

"ငါပေးထားတဲ့အရိုးကို သူ့နေရာ ပြန်ပို့ပေးလိုက်ပေါ့ကွ"

"ဘယ်နေရာလဲ ... ဦးပိန်ရဲ့"

"မော်ဘီသချိုင်းကုန်းကိုကွာ"

"အဲဒါမျှားပျာ ... မနေ့က ကတည်းက ပြောခဲ့ရင်ပြီးရော"

"မနေ့ကပြောရင် ဒီနေ့ မင်းဒီဘက်ကို ဘယ်လာတော့မလဲကွ မင်းကို ငါ့တဲကို လာစေချင်လို့ပါကွာ"

"ကဲ ... စားပါဦးကွ၊ ကဏန်းပြုတ်နဲ့ ပုစွန်တုပ်မီးဖုတ်၊ အရက်ကော သောက်ဦးမလားကွ ... လူလေး"

"စောစောစီးစီး မသောက်ချင်ပါဘူး။ ဦးလေးတို့ အရက်သမားရင့်မကြီးတွေလိုမှ မဟုတ်တာ"

"ဟုတ်ပါပြီဗျာ ... သူတော်ကောင်းလေးရယ်၊ ကျုပ် သေသင့်ပါတယ် ပြောမိလို့"

ကျွန်တော်လည်း ဦးပိန်တို့လင်မယားကို နှုတ်ဆက်၍ ရွာသို့ပြန်လာခဲ့သည်။ သံယောင်းမဟူသော အမည်အတိုင်း သူများကို လိုက်ရှေ့ဒုက္ခပေးရမှ စားဝင်အိပ်ပျော်သူပင်ဖြစ်သည်။ ရွာရောက်သောအခါ ဦးဝက်ပုတို့လင်မယားကို အကျိုးအကြောင်းပြောပြ၍ ထိုအရိုးကို ယူခိုင်းလိုက်သည်။

ထိုအခါမှပင် ဦးဝက်ပုတို့ လင်မယားမျက်လုံးပြူးသွားပြီး ဒေါ်ငြိမ်းသာက နောက်မီးဖိုချောင်းအမိုးတွင် ထိုးထားသော စက္ကူထုတ်တစ်ခုအား ယူလာခဲ့သည်။ စက္ကူအား ဖြေကြည့်သောအခါ လက်ဆစ်အရိုးတစ်ခုကို တွေ့ရသည်။ ထိုအရိုးအား သူ့မူရင်းနေရာဖြစ်သော မော်ဘီသချိုင်းကုန်းသို့ ပြန်ပို့စေသည်။ ကိုဝက်ပုက သူကိုယ်တိုင်ပင် ထိုအရိုးကိုယူ၍ သွားထားတော့သည်။





အရိုးပိုင်ရှင် မကျွတ်မလွတ်သော သရဲတစ္ဆေက လိုက်လာပြီး ခြောက်လှန့်နေခြင်းဖြစ်သည်။ ထိုအရိုးကို နောက်ဖေးမီးဖိုခေါင်မိုး ခနိုကြားတွင် ထိုးထားသောကြောင့် သရဲက ခေါင်မိုးမှ 'ဂုန်း'ခနဲ 'ဂုန်း'ခနဲ ခုန်ချ၍ ခြောက်နေခြင်းဖြစ်ပါသည်။

သူ့ပစ္စည်းကို သူ့နေရာပြန်ထားပေးလိုက်သောကြောင့် ဒီညတော့ သရဲကခြောက်မည်မထင်။ ကိုဝက်ပုတို့မိသားစုလည်း ကောင်းမွန်စွာ အိပ်ရနေပေတော့မည်။ မြဝင်းကြီးနှင့် ရွာသားကြီးတို့အုပ်စုကတော့ ထိုအိမ်သို့ မသွားရသောကြောင့် ကျေနပ်မည်မထင်။

ထိုနေ့ညနေမှာပင် ကျွန်တော်တို့ အဘထိတ်တုံးရွှေတို့ အိမ်မှာ ဝိုင်းဖွဲ့ကြသည်။ သူတစ်ပါးအခက်အခဲတစ်ခုကို ဖြေရှင်းပေးလိုက်ပြီဖြစ်၍ စိတ်လက်ပေါ့ပါးနေကြသည်။ ကျွန်တော်တို့အုပ်စု အရက် (၃)လုံးခန့်ကုန်၍ ဆက်ရက်မင်းစည်းစိမ် ခံစားနေကြစဉ်အတွင်း၊ အိမ်ရှေ့မှ ရွာဆော်မောင်ဦး၏ အော်ခေါ်သံကို ကြားလိုက်ရသည်။

"အဘထိတ်တုံးရွှေ ... ဗျို့ ... အဘထိတ်တုံးရွှေ"

"ကိုရဲနိုင် ... အစ်ကိုလေး ကိုရဲနိုင်"

"ဟေ့ ... ဘယ်ကောင်လဲကွ၊ အိမ်ရှေ့က လာအော်နေတာ"

"အော့ ... နားညည်းတယ်ကွ ... အော့"

"ကျွန်တော်ပါ ကိုမောင်ဦးပါ"

"မောင်ဦး ... ပြော၊ ဘာကိစ္စရှိလို့လဲ"

ဦးဝက်ပုမိန်းမ ဒေါ်ငြိမ်းသာကြီး ဘာကောင်ဝင်ပူးနေမှန်း မသိဘူး။ တအုံးအုံးနဲ့ တိုင်နဲ့ခေါင်းနဲ့ ဆောင့်နေတယ်။ မေးလို့လည်း မရဘူး။ သူ့ယောက်ျားက အစ်ကိုလေးတို့ကို ခေါ်ခိုင်းလိုက်လို့"

ဒေါ်ငြိမ်းသာဆို၍ ကျွန်တော် မျက်လုံးပြူးသွားသည်။ နေ့ခင်းကပဲ သူတို့ကိစ္စကို ရှင်းပေးထားသည်။ ဘာကျန်နေခဲ့သည်မသိ၊ ထို့ကြောင့် ကျွန်တော်တို့အဖွဲ့လည်း ဦးဝက်ပုအိမ်ဘက်သို့ သုတ်ခြေတင်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအိမ်သို့ရောက်သောအခါ အိမ်ပေါ်တွင် လူအများအပြားကို တွေ့ရသည်။ ခေါင်းရင်းဘက်တွင် ဒေါ်ငြိမ်းသာကို ဆံပင်ဖားလျားနှင့် ထိုင်လျက် တွေ့လိုက်ရသည်။ ကျွန်တော်က သူ့ရှေ့သို့ သွားထိုင်လိုက်ကာ . . .

"ဒီမှာ အခု ဒေါ်ငြိမ်းသာကို ဝင်ကပ်နေတာ ဘယ်သူလဲ"

ဟု မေးလိုက်သည်။ ကျွန်တော်ကို ပြန်မပြောဘဲ မျက်လုံးကြီးပြူးပြီး စိုက်ကြည့်နေသည်။

"ကဲ . . . ဖြေလေ၊ ဘာဖြစ်ချင်လို့လဲ။ ကျွန်တော် ဖြေရှင်းပေးပါ့မယ်"

ဝင်ပူးနေသူက မဖြေ။ သုံးခါလောက်မေးသော်လည်း မဖြေသဖြင့် ကျွန်တော်က . . .

"ကဲ . . . မင်းမဖြေရင်တော့ ဘာဘုန်းကို သွားပင့်မယ်။ ဘာဘုန်းကြိမ်လုံးနဲ့တွေ့မှ မင်းမလွယ်ဘူး"

ထိုအခါမှပင် ဝင်ပူးနေသော အပကောင်က ပြောတော့သည်။

"ကျွန်တော့်ကို ဒုက္ခိတဖြစ်အောင်လုပ်တဲ့ သံယောင်းမဦးပိန်နဲ့ ဒေါ်ငြိမ်းသာကို မကျေနပ်လို့ပါ"

"ဘာဖြစ်လို့ မကျေနပ်တာလဲ။ မင်းကရော ဘယ်သူလဲ"

"ကျွန်တော်က မော်ဘီသချိုင်းမှာနေတဲ့ သရဲသိန်းဝင်းပါ"

"ဟိုတစ်ခါ အရက်အမူးလွန်ပြီး ရွာထိပ်ကကန်ထဲ ပြုတ်ကျသေတဲ့ မှူးသိန်းဝင်းလား"

"ဟုတ်ပါတယ်။ သချိုင်းကုန်းက ကျွန်တော့်လက်ဆစ်ရိုးတစ်ချောင်းကို သံယောင်းမဦးပိန်က ယူသွားပြီး ဒေါ်ငြိမ်းသာကိုပေးလိုက်လို့ ကျွန်တော့်မှာ သရဲဘဝရောက်တာတောင် လက်တစ်ချောင်းတိုပြီး ဒုက္ခိတဖြစ်နေရတယ်။ ကျန်တဲ့သရဲတွေက ကျွန်တော့်ကို ဒုက္ခိတဆိုပြီး ဝိုင်းလှောင်လို့ ကျွန်တော့်မှာ အရှက်ကွဲရတယ်"

"အေးလေ . . . အဲ့ဒီလက်ဆစ်ရိုးကို ကိုဝက်ပုက ဒီနေ့ သူ့နေရာကို ပြန်ထားလိုက်ပြီမဟုတ်လား"





"ဟုတ်ပါတယ်။ ဒါပေမဲ့ ယူသွားတုန်းက အကောင်း၊ ပြန်လာ းတော့ ထိပ်က တစ်ခြမ်းပဲ့နေတယ်။ အခု သရဲဘဝမှာတောင် လက်ညှိုး စ်ချောင်းက တစ်ခြမ်းပဲ့ဖြစ်နေတယ်။ ဟီး . . . ဟီး . . . ဟီး . . . အဲ့ဒါ ကြောင့် ပြန်လာတာပါ"

"ကဲပါကွာ . . . မငိုပါနဲ့။ မင်းလက်နဲ့ ဆေးဖော်တာ ကုသိုလ် ောင် ရပါသေးတယ်"

"ဒါပေမဲ့ မကျေနပ်ဘူးဗျာ"

"ကဲပါကွာ . . . မင်းကျေနပ်အောင် ဘာလုပ်ပေးရမလဲ"

"ကျွန်တော့်ကို အရက်နှစ်လုံး အမြည်းနဲ့တိုက်ပါ"

"အဲဒါဆိုလည်း နောက်နေ့ မင်းနေရာကို လာတိုက်ပါ့မယ်"

"အခုပဲတိုက်ပါ။ ကျွန်တော့်နေရာဆိုရင် သူများတွေ ခွဲတိုက်နေ ဦးမယ်"

"သရဲလေးမောင်တို့၊ သရဲစိုးဝေတို့က အရက်နဲ့ပတ်သက်ရင် ာမှာရစိုက်တာ မဟုတ်ဘူး"

"ကဲပါကွာ . . . တိုက်ပါ့မယ်၊ နောက်ကိုသာ ဒုက္ခမပေးနဲ့ . . . တ်လား"

ကျွန်တော်က အဘထိတ်တုံးရွှေအိမ်တွင် ကျန်နေခဲ့သော အရက် လုံးနှင့် အမြည်းများကို သွားယူခိုင်းပြီး သရဲသိန်းဝင်းအား ကျွေး ်သည်။ ထူးခြားသည်မှာ အရက်နံ့ကို မခံနိုင်သော ဒေါ်ငြိမ်းသာတစ် ာက် အရက်နှစ်လုံးကို ပုလင်းလိုက်မော့ပြီး အမြည်းကို တစ်ခုမကျန် သွားခဲ့သည်။

အားရအောင် စားသောက်ပြီးနောက် သရဲသိန်းဝင်းတစ်ယောက် ာ်သွားခဲ့သည်။ သရဲထွက်သွားတော့ ဒေါ်ငြိမ်းသာတစ်ယောက် ဘာမှမသိ သို့ ပုံမှန်ပြန်ဖြစ်သွားခဲ့သည်။ တော်ရုံယောကျ်ားနှစ်ယောက် ပစ်လဲစေ သော တောအရက်မီးတောက်နှစ်လုံးကို ကျွန်တော်တို့ရှေ့တွင် မော့ ာက်ထားသော်လည်း မူးယစ်ခြင်း၊ အရက်နံ့နံခြင်း လုံးဝမရှိပါ။



www.burmeseclassic.com

www.burmeseclassic.com



နောက်နောင်လည်း ထိုအိမ်တွင် သရဲခြောက်ခြင်း၊ ဝင်ပူးခြင်း ... တော့ပဲ အေးချမ်းသွားခဲ့သည်။ ဆေးအပေးကောင်းသော ကျွန်တော်တို့ ... ဇာတ်လိုက် သံယောင်းမဦးပိန်တစ်ယောက် နောက်သုံးလအကြာတွင် ... ထိပ်အဝင်၌ ချော်လဲ့ရာ လက်ဖြင့် ပုလင်းကွဲထောက်မိပြီး ဘယ်ဘက်လ... ညှိုးထိပ်၌ တစ်ခြမ်းပဲ့သွားခဲ့သည်။ အရိုးကို မထိမိကိုက်သော်လည်း ပဲ့သွ... သော အသားမှာ ပြန်ပြည့်မလာဘဲ လက်ညှိုးထိပ်တစ်ခြမ်း ပိန်နေ... သည်။

သရဲသိန်းဝင်း၏ မကျေနပ်ဘူးဟု ပြောခဲ့သောစကား၏ နော... ဆက်တွဲပြယုဂ်များပင်လေလား။

ဝင်းနိုင် (ရွှေပြည်သာ)



www.burmeseclassic.com

[ ၁ ]

❑

ဗီးတောကျေးရွာ။

ထိုရွာကလေးကား ပဲခူး (ကမ္ဘောဇသာဒီ) ကို ကျော်ပြီး ဘုရားကြီး
အတွင်းပိုင်းဆီသို့ တိုးဝင်လိုက်လျှင် 'ဇောင်းတူရေအားလျှပ်စစ်' ကို ကျေ
ပြီး တောနက်ကြီးကျေးရွာ၊ ဆိတ်တောင်ကျေးရွာ၊ ဂူတောင်ရွာတို့ကိုရော
ပြီးမှ ထိုရွာဆီသို့ ရောက်သည်။

ဟိုယခင်အချိန်က ကျွန်တော်တို့အဖွဲ့ အမဲပစ်ထွက်လေတိုင်း
ရွာတွင်ရှိနေသော ရွာခံမုဆိုး 'ကျော်ဝင်း' အိမ်တွင် အထိုင်ချကာ ရိုးမတော
ကြီးအတွင်းပိုင်း တြိဂံပုံသဏ္ဍာန်ရှိ တောင်ပေါ်ရွာကလေးများဖြစ်ကြသော
'ကျွန်းပင်ရွာ၊ အုတ်ဖိုရွာ၊ ဆင်စွယ်ရွာ' ကလေးများဆီသို့ သွားရောက်
ခတ်ခဲ့ကြသည်။

အဘယ့်ကြောင့်ဆိုသော် သားကောင်များပေါများပြီး ရိုးမကြီးအတွ
ပိုင်းလည်း ဖြစ်သည့်အတွက်ကြောင့်ပင်၊ ရွာစဉ်တိုင်းတွင်လည်း ရွာခံမု
များလည်း ရှိနေကြသည့် မဟုတ်ပါလား။ ဝင်ရောက်ပစ်ခတ်တိုင်းလည်း မ
မောလောက်အောင် ပစ်ခတ်လို့ရရှိသည့် နေရာလေးပင်ဖြစ်ပေသည်။





ထိုနေရာဆီသို့ လုပ်ငန်းများ ပိနေကြသည့်အတွက် မရောက်ခဲ့ကြ
သည်မှာ ကြာခဲ့ပေပြီ။ ယခုအခါ 'အဘကောင်း၊ အစ်ကိုကြီး ဦးသိန်းလွင်
နှင့် ကျွန်တော်'တို့သုံးဦးသား မဖြစ်မနေအချိန်မီ အရောက်လာခဲ့ကြရန် အမှာ
လိုက်သည့်အတွက် ထွက်လာခဲ့ကြခြင်းပင်။ အဘယ်ကြောင့်ဆိုသော် ကျွန်
တော်တို့အဖွဲ့ လွန်စွာအားထားရသည့် ရွာခံမုဆိုးလေး မောင်ဝင်းနိုင် မင်္ဂလာ
အခမ်းအနားအတွက် လာခဲ့ကြရင်း အမဲပစ်ရန်ထွက်ခဲ့ကြသည့်ခရီးပင် ဖြစ်
သည်။

မုဆိုးလေး 'ဝင်းနိုင်' ကား အုတ်ဖိုရွာတွင် နေထိုင်ပြီး၊ သူနှင့်လက်
ထက်မည့် 'မြမြအေး' ဆိုသူကလေးက ဆင်စွယ်ရွာသူကလေးဖြစ်သည်။ သို့
အတွက် ဖနီးလေးနေထိုင်သည့်ရွာတွင် မင်္ဂလာအခမ်းအနားကို ကျင်းပနေ
ခြင်းဖြစ်သည်။

ကျွန်တော်တို့မောင်းနှင်လာသည့် ကားကလေးက ဂူတောင်ရွာကို
ကျော်ပြီး ဆင်စွယ်ရွာဘက်ကို ဦးတည်လိုက်သည်နှင့် ကျေးရွာကလေးတို့
...စ် 'လော်သံ'က ပျံ့လွင့်လာသည်။ နားစွင့်လိုက်တော့ . . .

"အောင်ဖေယျတု . . . ငွေခရုသွန်းကာသာ . . . ကျွန်တော်ချစ်
...သူနဲ့ ထိမ်းမြားမင်္ဂလာ လက်ထပ်တဲ့ပွဲမှာ . . . .

အာဝါဟ၊ ဝိဝါဟ မင်္ဂလာဟူသော ထိမ်းမြားခြင်းကို ကောင်းချီး
...ဖော်ကြူးထားသော မင်္ဂလာသီချင်းသံက မဟ္လာပ်ရှေ့ကုက္ကိုပင်ကြီးထက်၊
...များ ချိတ်ဆွဲထားသည့် 'လော်စပီကာ'မှတစ်ဆင့် ဆင်သေရွာနှင့် ဝန်း
...င် တြိဂံတောင်ပေါ်ရွာလေးသုံးရွာဆီသို့ ပျံ့လွင့်နေပြီတည်း။

ဝင်းနိုင်ကား လူချစ်လူခင်ပေါ်များသည့် မုဆိုးလေးတစ်ယောက်
...သလို အပေါင်းအသင်းများသူဖြစ်သည်။ ဝန်းကျင်ရွာများမှ ပစ်ဖော်ပစ်
...ဘက် မုဆိုး(ပဂေး)ကြီးတို့၏ ဝိုင်းဝန်းကူညီ ပံ့ပိုးမှုကြောင့်လည်းကောင်း၊
...လောင်း 'မြမြအေး' ၏ မိဘဆွေမျိုးတို့ တောထွက်ပစ္စည်းများ ရောင်း
...ဖောက်ကားရင်း စီးပွားရေးအဆင်ပြေပြီး ချမ်းသာကြွယ်ဝသူများဖြစ်
...ကြောင့်လည်းကောင်း၊ ရွာနီးချုပ်စပ် ဆွေမျိုးအုံတောင့်မှုကြောင့်လည်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်း။ သတို့သားဦးလေးဖြစ်သူမှာလည်း ရာအိမ်မှူး 'ဦးညိုမှိုင်း' အချ အဝါ ဩဇာကြောင့်လည်းကောင်း စသည်စသည်တို့ကြောင့် ဝန်းကျင်ကျေ ရွာတိုင်းလိုလို အိမ်တိုင်းက ရွာလုံးကျွတ် လာရောက်အားပေးချီးမြှင့်ကြသ မင်္ဂလာလက်ဖွဲ့ပစ္စည်းများစွာရရှိသလို (နှစ်ကျပ်တန်ထီတစ်စောင်) ဖြင့် မိသာ တစ်စုလုံး လာကျိတ်ကြသည့် အားမနာပါးမနာ ညစာပါ အလွတ်တီးသွာ ကြသော 'မြတ်မင်းဟန်မိသားစုလို မုဆိုးများ၊ ကျွန်းပင်ရွာက မုဆိုးသိန်းဝင် မိသားစုလို လူမျိုးများ၊ သံစို့ပင်ရွာမှ မင်းကြည်လှိုင်လို မုဆိုးမိသားစုမျာ တောနက်ကြီးရွာမှ သူရိန်မင်းတို့လို မုဆိုးမိသားစုများ'ကလည်း ရွာတိုင် လိုလို။

ဝင်းနိုင်တစ်ယောက်က မုဆိုးလဲဖြစ်ပြန်၊ လူချစ်လူခင်ပေါသည် မုဆိုးအပေါင်းအသင်းများက မင်္ဂလာပွဲတွင် ဧည့်ခံကျွေးမွေးရန်အတွက် 'ရေ တလေးချောင်း' ကမ်းဘေးဓနိတောအတွင်း အသိုက်ကိုက်နေသည့် ဝင သိုက်ကျင်းမှ ပစ်ခတ်လို့ရရှိသည့် တောဝက် (၁၅) ကောင် (ကြီး၊ လတ် သေး) ကို မိုးဗြဒယ်များနှင့် ချက်ပြုတ်ထားသည့်ဟင်းများကလည်း တင တက်စင် ပြောင်တော့မည်ဖြစ်သဖြင့် ဧည့်ခံကျွေးမွေးသူအဖွဲ့ခေါင်းဆော (ကာလသားခေါင်း) မြင့်ထွန်းက ...

''ဝက်သားဟင်းတော့ တက်တက်ပြောင်ပြီ၊ ရန်ကုန်မုဆိုးအဖွဲ့ အချိန်မီလေးရောက်လာကြလို့ တော်သေးတယ်။ နောက်လူတွေကို သခွားသီး နဲ့ ငါးပိရည်ပဲ ချကျွေးတော့။ အဲဒါ ကုန်သွားရင် ရေတိသီးစိမ်းနဲ့ ဆားသ ပုံပေးလိုက်တော့ဟေ့''

ဤမျှစည်ကားသိုက်မြိုက် ခမ်းနားအောင်ကျင်းပနိုင်ခဲ့သည့် သတို့ သား မုဆိုး 'မောင်ဝင်းနိုင်နှင့် မြမြအေး' တို့မင်္ဂလာပွဲမှာ သတို့သားလော ဦးလေး 'ဦးညိုမှိုင်း'ဆိုသူက ရွာတွင် ဩဇာအရှိန်အဝါကြီးမားသည့် ရာအိမ်မှူ ကြီးတစ်ဦးဖြစ်သလို၊ သတို့သမီး 'မြမြအေး'ဘက်ကလည်း စီးပွားရေးအဆင် ပြေသလို ဆွေမျိုးအုပ်စုက တောင့်သည်ပဲကိုး။

ဩဇာအာဏာမြင့်မားသည့် ဦးလေးတူဖြစ်သလို လူချစ်လူခင်ပေ များသည့် မောင်ဝင်းနိုင်မျက်နှာ၊ သတို့သမီးလေး 'မြမြအေး'ဘက်ကလည်





ကုန်သည်ကြီး 'ဦးဝေလွင်မြင့်မောင်နှင့် ဒေါ်မြတ်နိုးခင်' တို့၏ သမီးချော ကလေးဖြစ်နေပြန်တော့ နှစ်ဘက်မိဘများ၏ အရှိန်အဝါကြောင့် မင်္ဂလာပွဲကြီး ဤမျှ စည်ကားနေရခြင်းပင်။

''အမေပြောတဲ့ အမောပြောဆိုတာ သူ့မျက်နှာလေးပါ''

ထိုမျှစည်ကားလွန်းသည့် မင်္ဂလာပွဲကြီးကို လာရောက်ကြသည့် ရာဂိုမှလူငယ်လူကြီး ကလေးတွေကြားထဲတွင် ထူးထူးခြားခြား အပေါ်လွင် ဆုံး လူငယ်ကတော့ သတို့သားအရန်လုပ်သည့် မုဆိုးလေးတင်ထွန်းတစ် ယောက်ပင် ဖြစ်ပေသည်။

ကြည့်ဦးလေ ... ဝတ်စားဆင်ယင်ထားသည့်က ရွှေအိုရောင် တိုက်ပုံ၊ နှံသာရောင်ပုဆိုး။ ခေါင်းမှာလည်း တောစမက်တစ်လိမ်းထားသည့် ဆံကေသာ၊ ဘယ်ခွဲ၊ အသားကလည်း ခပ်ဖြူဖြူ။ ကြည့်လို့အလွန်ကောင်း သည်။ သတို့သား 'ဝင်းနိုင်'နှင့်ပင် မှားနိုင်လောက်သည့်အသွင်။ မဏ္ဍပ်အတွင်း ရှိ ဧည့်သည်ပရိသတ်များကို လိုက်လံဧည့်ခံရင်း မှုရသည့်မျက်နှာဖြင့် ..

''စားကြနော် အားမနာနဲ့၊ ညနေစာပါ အပြီးတီးသွားကြ''

''ဟာဗျာ ... သတို့သားကြီးကလည်း နောက်နေပြန်ပါပြီ။ ခုမှ ဆားပန်းကန်ပဲရှိသေးတာ။ ဟဲ ... ဟဲ ... ဝက်သားဟင်းတဲ့ ... ပေးဦး ဟဲ ... ဟဲ ...''

ခြေကန်ပေးပြီး ကြုံးအုပ်နေသည့် မြတ်မင်းဟန်က ...

''ဟဲ့ ... မိမော်တို့၊ ထားညသုံ့တို့ ဝက်သားဟင်းတဲ့ ပေးဦးဟဲ့။ ...လေး ... ငါ့နှယ်နော်၊ ဒါနဲ့ ... တင်ထွန်း။ ဒီမင်္ဂလာပွဲက ဝင်းနိုင်ပွဲ ...။ မင်းပွဲလားကွဟေ့ ... ဟဲ ... ဟဲ ... ဟဲ''

''ကိုမြတ်မင်းဟန်ကြီးလည်းဗျာ ... နောက်နေပြန်ပါပြီ။ ဟီ ... ...''

''ငါ မနောက်ပါဘူးကွာ၊ စိတ်ထဲမှာ ဒီပွဲက မင်းပွဲများ ဖြစ်နေလား ...ပါ။ ဟဲ ... ဟဲ ... ဟဲ ... ဟေး ... ဟေး ...''

မြတ်မင်းဟန် ပြောလိုက်သည့်စကားကြောင့် တင်ထွန်းက သတို့ သမီးအရန် 'အိကဗျာ'ကို စွေကြည့်လိုက်ရင်း ပြန်ပြောလိုက်သည်က ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုမြတ်မင်းဟန်ကြီးပြောသလို ကျွန်တော်ကလည်း အရမ်း ဖြစ်ချင်နေတာဗျ ... သိလား။ သတ္တိသားအရန် မောင်တင်ထွန်းနဲ့ သ သမီးအရန်တို့ ဒီပွဲမှာ လူစားလဲကစားလိုက်ရရင် ကောင်းမယ်နော်။ ဟဲ ... ဟဲ ... ဟီး ... ဟီး ..."

မောင်တင်ထွန်း ပြောလိုက်သည့်စကားကြောင့် မြတ်မင်းဟန် ပလုတ်ပလောင်း ဝက်သားတုံးကြီးကို ကိုက်စားနေရင်းက ...

"ဟေ့ကောင် ... တင်ထွန်း၊ ငါက ရယ်စရာပြောနေတာပါကွ။ မင်းပြောလိုက်ပုံက စကားနောက် တရားပါ"

တင်ထွန်းက သူ့စကားကို ရှေ့မဆက်တော့။ သက်ပြင်းရှည်ကြီး ချလိုက်ရင်း ကုက္ကိုပင်ထက်တွင် ချိတ်ဆွဲထားသည့် 'စပီကာဟွန်း' ကြီး ငေးငေးငိုင်ငိုင် မော့ပြီးကြည့်နေစဉ် ပျံ့လွင့်လာသည့် တေးသံစဉ်က ...

"ချစ်အားငယ်ရသူမယ် ××× ချစ်အားငယ်ရသူမယ်။ ဩ် ... ဒါပေမဲ့ ရှေးကြမ္မာကံရယ် ××× ချစ်ဗိမ္မာန်နန်း ××× "

ထိုစဉ် ကျွန်တော်တို့နှင့် ထမင်းထိုင်စားနေသည့် ရာအိမ်မှူး ဦးညိုမှိုင်းက ...

"သတ္တိသားနဲ့ သတ္တိသမီးတို့ ဟိုမှာ ဘိသိက်ဆရာ ကိုစိန်လှိုင် တောင် စင်ပေါ်တက်နေပြီ၊ အခါတော်ပေးအခမ်းအနား စတော့မယ်။ ပေါ် တက်ကြတော့"

ထိုအချိန် သတ္တိသားအရန် တင်ထွန်းက သတ္တိသားဝင်းနိုင်လက် လည်းကောင်း၊ သတ္တိသမီးအရန် အိကဗျာက သတ္တိသမီး မြမြအေးလက် လည်းကောင်းဆွဲကာ မင်္ဂလာစင်မြင့်ဆီသို့ သွားကာ တက်ရောက်လိုက် ပြီး နေရာယူပြီးချိန် အခမ်းအနား စတင်တော့မည်မို့ ကျွန်တော်တို့အကြ က စင်မြင့်ထက်ရှိ သူတို့ဆီသို့ ရောက်သွားကြပေသည်။

ကျွန်တော့်အကြည့်က ဦးစွာသတ္တိသမီး မြမြအေးဆီ ရောက်သွာ သည်။ အရပ်ကမြင့်မြင့်၊ မျက်နှာလုံးလုံး၊ မေးကသွယ်သွယ်၊ မျက်လုံးမျက် လှလှ၊ နှာတံစင်းစင်း။ ဖက်ဖူးရောင်ပိုးထဘီပျော့၊ ပန်းပွင့်ခက်ပေါ် ဇာအ





လက်ရှည်ကို ဝတ်ထားပြီး ဇာပဝါစိမ်းဖန့်ဖန့်ကိုခြုံကာ ဆံကေသာထက်တွင် ရွှေဝါရောင်သစ်ခွပန်းများနှင့်။

အရန်သတ္တိသမီး 'အိကဗျာမော်' ကို ကြည့်လိုက်မိပြန်သည်။ ကိုယ်လုံးကိုယ်ထည်က ပြည့်ပြည့်ဖြိုးဖြိုး၊ အသားကဖြူဖြူ၊ မျက်နှာဝိုင်းဝိုင်း။ ပါးဖောင်းဖောင်း၊ ပန်းနုရောင်ပိုးထဘီနှင့် ဇာအကျီလက်ရှည်အဖြူကို ဝတ် ထားပြီး ဇာပဝါပန်းနုရောင်ကို ခြုံထားပြီး ကေသာထက်တွင် သဇင်ပန်းတို့ ဖြင့်အတိ။

နှစ်ဦးတစ်တွဲစီ နေရာယူထားကြသည့် စင်မြင့်ထက်မှ သူတို့ (၄) ဦးကို ကျွန်တော်ကြည့်နေစဉ် မြတ်မင်းဟန်က ...

"သတ္တိသားနဲ့ သတ္တိသမီးက အသက်နည်းနည်း ကွာသလားလို့ နော်"

အနီးတွင်အတူထိုင်နေသည့် မင်းကြည်လှိုင် ပြန်ဖြေလိုက်ပုံက–

"ဟုတ်တယ်လေကွာ ... ရွာစဉ်တစ်လျှောက်ရှိတဲ့ အပျိုတွေကို ဝင်းနိုင်လိုက်ပြီး ရည်းစားစာပေးနေတဲ့အချိန်မှာ သတ္တိသမီးမြမြအေးက သူ့ အမေ နို့စို့တုန်းရှိသေးတာ။ ပုခက်တွင်းမှာဆိုတော့ သိပ်မကွာပါဘူးဟ။ သိပ် ကွာပါဘူးဟ"

ထပ်မံ ရယ်မောမိလိုက်ကြပြန်သည်။ သတ္တိသားနှင့် သတ္တိသမီး လူပျိုရန်၊ အပျိုရန်များ နေရာယူပြီးကြပြီမို့ ဘိသိက်ဆရာ 'ဦးစိန်လှိုင်'က ခေါင်းပေါင်းစ တလူလူ၊ ပုဆိုးကွက်တုံး။ လည်ခေါင်းတုံးအပြင် ဖက်ဖူးရောင် တိုက်ပုံဖြင့် ခရုသင်းကို အကြိမ်ကြိမ်မှုတ်၊ မင်္ဂလာအခမ်းအနားကို အောင်မြင် ချောမွေ့စေကြောင်း အတိတ်နိမိတ်ကို စတင်ပေးလိုက်ပြီး စတင်တော့မည် အလုပ် အောက်တွင်ထိုင်နေသည့် ကျွန်တော့်အနီးမှ စိုးအိမ်မှူးဆိုသူက..

"အဲ ... တစ်ယောက်တော့ ထောင်ထဲဝင်သွားပြန်ပြီ။ ဘယ်လို ထွက်မလဲတော့ မသိဘူး။ တစ်သက်တစ်ကျွန်းတဲ့လေ။ အားပါးပါး ..နောက် ဇာတ်လိုက်တာနော် ဖြစ်ဒယ်က"



www.burmeseclassic.com

www.burmeseclassic.com



သူ ညည်းညူလိုက်သည့်စကားကြောင့် ကျွန်တော်အပြင် အဖျိုးကြီးမော်မော်နှင့် ထားဥသုံတို့ကလည်း ပြုံးစိစိ။ ထိုစဉ် သတို့သားအရန် တင်ထွန်းက အပေါ်မော့လျက် ...

"ကိုစိန်လှိုင်ကြီး ... လေကြော သိပ်ရှည်မနေနဲ့နော်။ ကျုပ်နဲ့ အီကဗျာတို့ အလှည့်ရောက်တော့မှ ခင်ဗျား ရှည်ချင်သလိုရှည်"

မိုက်ခွက်ကိုကိုင်ပြီး ကောင်းချီးပေးတော့မည့် ကိုစိန်လှိုင်က တင်ထွန်းကို ငုံ့ကြည့်လိုက်ရင်း ...

"ဟေ့ကောင် ... တင်ထွန်း။ ဒါ တစ်သက်မှာ တစ်ခါယူရတဲ့ မင်္ဂလာပွဲကွ။ ကြာကြာပြောလေ မင်္ဂလာရှိလေပေါ့ကွ။ လရိုးမှပဲ ... ငြိမ်ငြိမ် ထိုင်နေစမ်းကွာ"

သတို့သားဝင်းနိုင်မှာ လူပုံအလယ်တွင် ယခုချိန်ထိတိုင် ပွဲမစနိုင်သေးသည့် ဘိသိက်ဆရာ ကိုစိန်လှိုင်ကြောင့် ချွေးတဒီးဒီးကျကာ မျက်နှာကြီးနီမြန်းနေသလို၊ သတို့သမီး မြမြအေးနှင့် အရန်သတို့သမီး ဒီကဗျာတို့ ခမျာမှာလည်း မွလောင်ရသည့်ကြား ပဝါတွေကိုပါ ခြုံလွှားကာ လှုပ်လို့မရအောင် ငြိမ်သက်စွာထိုင်နေကြရသည့်အတွက် မွန်းကြပ်ကာ စိတ်များ အတော်ညစ်နေကြပေပြီ။ ထိုအခြေအနေကို အနီးကပ် မြင်တွေ့နေရသူ အရန်သတို့သားတင်ထွန်းက ...

"ဒီမှာ ... ကိုစိန်လှိုင်ကြီး။ စဖို့ကောင်းပြီဗျာ။ မြန်မြန်နဲ့ တိုတိုလုပ်။ ခုချိန်ထိတောင် ခင်ဗျား မစရသေးတဲ့ဟာကိုများ။ ဟိုမှာ သတို့သားနဲ့ သတို့သမီးအရန် ချွေးတစ်လုံးလုံးနဲ့။ ရှက်လည်း ရှက်နေကြပြီ"

ထိုစကားကြောင့် ဘိသိက်ဆရာ ကိုစိန်လှိုင်က တင်ထွန်းအား နှာပြန်ထိုင်လိုက်ပြီး လေသံနှင့် ပြန်ပြောလိုက်သည်က ...

"ဟေ့ကောင် ... တင်ထွန်း။ ဒါ မင်းကိစ္စမဟုတ်ဘူး။ ငါ့ကို တခြားနေရာတွေမှာ ဆရာလုပ်ချင်လုပ်၊ ဒီနေရာမှာ ငါ ဆရာကွ။ မင်းက ငါ့ကို ကျော်မယ်မကြံနဲ့ ... ဟွန်း"

သူကြိမ်းမောင်းလိုက်သည့် စကားကြောင့် အရန်သတို့သားတင်ထွန်းတစ်ယောက် ဘိသိက်ဆရာကိုစိန်လှိုင်ကြီးကို အထွန့်မတက်ရဲတော့





သည်နေရာက သူ့နယ်ခွင်ထဲမှာကိုး။ သူပြောသည့်အတိုင်း နာခံရပေတော့မည် မဟုတ်ပါလား။ ထိုစဉ် ဘိသိက်ဆရာ ကိုစိန်လှိုင်က နေရာမှ ထရပ်လိုက်ပြီး ...

"အဟမ်း ... အဟမ်း ... အဟမ်း ..."

မင်္ဂလာအခမ်းအနား စတင်တော့မည်မို့ အသာ စောင့်နားထောင်လိုက်စဉ် ဘိသိက်ဆရာ ကိုစိန်လှိုင်က ...

"အောင်မင်္ဂလာ အောင်ကျက်သရေနဲ့ အောင်ဆုတွေဝေဖြာ ××× အောင်မင်္ဂလာသန်းထီးဖွင့်ပွဲကြီးမှာ ××× အာ ××× အာ ××× မှားကုန်ပြီ ... သည်း ... သည်းခံကြပါ ... ခင်ဗျာ၊ ခုလို စည်းကားသိုက်မြိုက်လှတဲ့ရှင်စရာ မင်္ဂလာပွဲကြီးကိုကြည့်ပြီး ဝမ်းသာကြည်နူးမိလွန်းလို့ စကားတွေတောင် မှားကုန်တာပေါ့နော် ... နော်။ သည်းခံကြပါခင်ဗျား။

ကဲ ... ဇဗ္ဗူထိပ်နိမိတ်ထွန်းလို့ ခုလိုထွန်းလင်းတဲ့အချိန်အခါ ရွှေနှောင်ငွေရောင်ဖုံးပါတဲ့ ဒီမင်္ဂလာပွဲကြီးမှာ ကောင်းခြင်း (၉၆) ပါး၊ အဲ ... အဲ ... ကောင်းခြင်းငါးဖြာ မှားသွားလို့ပါနော် သည်းခံကြပါ။

"ဝါး ...., ဟား ... ဟား ... ဟား ..."

ရွှေပွဲလာညည်းခံပရိသတ်များ ရယ်မောသံက လွှမ်းသွားသည်။ ကျွန်တော်တို့လဲ ထိုအထဲရောပြီး ရယ်မောလိုက်မိကြသည်က အမှန်၊ ထိုအချိန် သတို့သားအရံ မောင်တင်ထွန်းက ဘိသိက်ဆရာကို မော့ကြည့်ပြီး လက်နှစ်ချောင်းထောင်ပြပြီး ...

"ခင်ဗျားမှားတာ နှစ်ခါရှိပြီနော်"

တင်ထွန်းပြောလိုက်သည့်စကားကြောင့် ဘိသိက်ဆရာက မိုက်ခွက်ကို အသာဖယ်လိုက်ရင်း ပြန်ပြောလိုက်သည်က ...

"ဟေ့ကောင် ... တင်ထွန်း၊ ငါ့ကို ဆရာလာမလုပ်နဲ့ မင်းထက်သိသည်တယ်။ ဒီပွဲမျိုး ငါနွဲလာခဲ့တာ အခါခါနေပြီ ငြိမ်ငြိမ်လေးထိုင်နေစမ်း၊ ကြားသည်လား။

သူ့အမှားကို ထောက်မှဝင်ထောက်လိုက်သော မောင်တင်ထွန်းအား ဘိသိက်ဆရာက အထက်စီးမှ ကြိမ်းလိုက်ပြန်သည်။ ထိုစဉ် ...



www.burmeseclassic.com

www.burmeseclassic.com



"မင်းဝင်ပြောလိုက်တာနဲ့ ငါ့စကား ဘယ်ရောက်သွားမှန်းတောင် မသိတော့ဘူး၊ ငါလန့်သွားမှုပဲ"

"ကဲ ... ကဲ ... ခုအချိန်ကစပြီး မင်္ဂလာလက်ထပ်ပွဲကြီး အောင်မြင်ခြင်း အထိမ်းအမှတ်အနေနဲ့ သတို့သားမောင်ဝင်းနိုင် သတို့သမီးမြမြအေးတို့အတွက် စပ်ဆိုထားတဲ့ မင်္ဂလာရတုပိုဒ်စုံကို ရွတ်ဖတ်ပူဇော် ... အဲ ... ရွတ်ဖတ်ပါ့မယ်နော်"

"အဟမ်း .... အဟမ်း ... ဆင်စွယ်ရွာဟု ခေါ်တွင်စမုဒ်၊ ရွာသိမ်ဇနပုဒ်၊ ရွှေကလေးချောင်းကမ်းဘေး တောထွက်သယ်ဇာတ၊ သစ်ပြတ်၊ ထင်းခုတ်၊ မီးသွေးဖုတ်မှအစ ငါးရှာဖားကောက်ငပိလုပ်၊ ဘာတစ်ခုမှ အလွတ်မပေးသည့် သူဌေးကြီးဦးဝေလွင်မြင့်မောင် ဇနီးဒေါ်ဆုမွန်ဦးမှ မွေးဖွားသန့်ဆောင် မြမြအောင် ... အဲ ... မြမြအေး ... ဟု ဤဇနပုဒ်တွင် မွေးဖွားသန့်စင်ခဲ့သည့် သမီးချောရတနာလေးနှင့် ရှုမငြီးစရာ အလုထိပ်ခေါင်မင်းသမီးလေးကို မွေးဖွားသန့်စင်သူ မိဘနှစ်ပါးနှင့် ...

"ခွိ ... ခွိ ... ခွိ ... ဟား ... ဟား ... ဟား"

ရွှေပွဲလာညေ့်ပရိသတ်တို့ ရယ်မောသံက သောသောညံသွားသည်။ ရယ်မောသံများအကြားမှ ဘိသိက်ဆရာအသံက လွှမ်းမိုးသွားပြန်သည်။

"ကစော်အပေါင်း အုတ်အော်သောင်းဖွင်း ရှန်နရင်းစည်ကားစွာဖြင့် 'ဟိုင်းဝေးဖီလင်' ကစော်ဆိုင်ပိုင်ရှင် ဦးသိန်းဝင်းနှင့်ဇနီး ဒေါ်လှယုန်တို့၏ တစ်ဦးတည်းသောသား၊ ကျွန်းပင်၊ အုတ်ဖို၊ ဆင်စွယ် (၃) ရွာ ရာအိမ်မှူးကြီး ဦးညိုမှိုင်း၏တူသားနောင်မယ် အရင်းခေါက်ခေါက်၊ မောင်ဝင်းနိုင်မှုဆိုးလေးတို့ ဖြစ်ပေတော့သတည်း။

"သွားပဟ .... ငါတို့သိက္ခာတွေ ကုန်ပါပြီ"

ထိုင်နေသည့် ပရိသတ်တို့အကြားမှ ထွက်ပေါ်လာသည့်အသံက သတို့သား သတို့သမီးအဖေနှင့် အမေတို့၏အသံများပင်။ ထိုအသံများက ပြိုင်တူလို ထွက်ပေါ်လာကြသည့်အတွက်ကြောင့် ကျယ်လောင်သလို ဖြစ်သွားသည်။ ညေ့်ပရိသတ်တို့အကြည့်က ဇိုင်ပင်မထားကြဘဲ သူတို့ဆီသို့





...စ်မှုဟုတ်ချင်း ရောက်သွားကြပေသည်။ အသံများထွက်လာသည်ကလည်း ...နှိုင်းထားသည်နှယ် ...

"ခွိ ... ခွိ ... ဟီး ... ဖီး ... ဟဲ ဟဲ ဟဲ ... ဟား ဟား ...ား ..."

ထိုအချိန် ဘိသိက်ဆရာအသံက ရွှေပွဲလာပရိသတ်များ ရယ်မော...အကြားမှ တိခနဲပြတ်သွားသည်။ အာပေါင်အာရင်သန်သန် 'ရှီး' နေ...က ...

"အာ ... စက်က ဘာဖြစ်တာလဲဟ။ ဟဲလို ... ဟဲလို ... ...က်စတင် ... ဝမ်းတူးသရီး ... ဟဲလို ... တက်စတင် ... ဟဲလို"

ဘိသိက်ဆရာကိုစိန်လှိုင်က မိုက်ခွက်ကိုကိုင်ပြီး အကြိမ်ကြိမ် စမ်း...ခေါက်ကြည့်ရင်း ...

"စက်ဆရာ ... ဟေ့ ... စက်ဆရာ၊ ဒီမှာ ဖီလင်ထည့်ဆွဲနေ...း စက်ပျက်သွားတာကို လုပ်ပါဦးဟ"

ပါးစပ်က စက်ဆရာကို လှမ်းပြောရင်း လက်ကလည်း မိုက်ခွက်...ခေါက်နေသည်။ ထိုစဉ် အသံတစ်သံက စက်အနီးမှ တိုးထွက်လာသည် ...

"ဘိသိက်ဆရာ စက်ပျက်တာမဟုတ်ဘူး။ အသံမလာတာက ကျုပ်...လိုက်လို့"

ထိုစကားကြောင့် ဘိသိက်ဆရာက ဒေါပွသွားပြီ ...

"ဘာကွ ... စက်ကို မင်းက ဘာကြောင့် ပိတ်လိုက်ရတာလဲ။ ... မင်္ဂလာယူပြီး ရတုပိုဒ်စုံရွတ်နေတဲ့ အချိန်ဆိုတာကို မင်းမသိဘူးလား။ ...ဘူးလား။ ခုမင်္ဂလာပွဲမှာ သတို့သားက ရာအိမ်မှူးကြီးတူဆိုတာရော ...သိဘူးလား။ ဘာလဲ အချုပ်ခန်းထဲကို သွားချင်လို့ ခုလိုလုပ်တာ ..."

"ကြားတယ်လေဗျာ ... ကြားသမျှ ကျုပ်တစ်ယောက်တည်း ...တာမဟုတ်ဘူး။ ခု ဒီမင်္ဂလာပွဲကို တက်လာတဲ့ ရွာပေါင်းစုံက လူတွေ...း ကြားတာပဲ။ ကြားလို့ ပိတ်ပစ်လိုက်တာ။ ခင်ဗျားက ဘာပြုလို့ လူပုံ



www.burmeseclassic.com

www.burmeseclassic.com



အလယ်မှာ နှစ်ဖက်မီဘသွေးမျိုးတွေကို ကျုပ်အစ်ကို ဝေလွှင်မြင့်မောင် မရိုးဂုဏ်ပုဒ်တွေရော အမွှန်းတင်စာချီးသလို လုပ်ပြီး ခုလို အပုပ်ချ ကောင်းသလား"

"ဟ . . . . ဒီမှာ အောင်သူ၊ မင်းအစ်ကို ဝေလွှင်မြင့်မောင်က ဒီမြို ကြီးအတွင်းကထွက်တဲ့ သယံဇာတပစ္စည်းတွေကို မြို့နေလူတန်းစားကို ဆောင်မှုပေးရင်း စီးပွားဖြစ်ပြီး ချမ်းသာတာရယ်၊ ရွှေဂုဏ်မျိုးဂုဏ်တွေ အမွှန်းတင်ပြီး ဘုံဆိုင်ပိုင်ရှင်ကြီး တစ်ယောက်အနေနဲ့ အမွှန်းတင်စာ စပ် အပြစ်လားကွပေ"

"ခင်ဗျားစာစပ်တာ ကျုပ်အစ်ကို အရက်ပုံးရောင်းစားသူလို့ ပရိသ ရှေ့မှာ အပုပ်ချစွပ်စွဲလိုက်တာ မဟုတ်လား"

စက်ဆရာအောင်သူစကားကြောင့် ကိုစိန်လှိုင်တစ်ယောက် ချောက်ချားချား ဖြစ်သွားသည်။ အတုံတုံအချိချိလည်း ဖြစ်သွားသည်။ နော မှ လေပျော့လေးနှင့် ပြန်ပြောလိုက်သည်က . . .

"အဲဒါက မင်းအစ်ကိုမှာရှိတဲ့ ဂုဏ်ပုဒ်ကိုထည့်ပြီး စာချီးလို ထို့ပါကွာ"

သူမေးလိုက်သည့် ဆင်ခြေစကားကြောင့် စက်ဆရာ အောင်သူ တစ်ချက်လွှတ် ရာဇသံပေးလိုက်၏။

"ဒီမှာဘိသိက်ဆရာ . . . ဦးစိန်လှိုင်၊ ခင်ဗျား အဲဒီရတုကို မရွတ်နဲ့တော့၊ ဒါပဲ ကျုပ်ပြောမယ်"

အခြေအနေတွေက တင်းမာကုန်ကြသည်။ မင်္ဂလာပွဲကြီးမှာ မျ များပင် ပျက်မည်လားမသိ၊ ထိုအချိန် သတို့သားမိခင်ကလည်း တ ထလာပြန်သည်။ ပရိသတ်အကြား ထဘီစွန်တောင်ဆွဲလျက် . . .

"ဟုတ်တယ် . . . အောင်သူပြောတာ မှန်တယ်။ သူ အခု သွားတဲ့ အထဲမှာ ကျုပ်တို့က ဒီရွာမှာ မတရား အမြတ်ရှာစားပြီး ကြ နေတဲ့ပုံမျိုး၊ နောက်ပြီး အရက်ပုံးဆိုင် ဖွင့်ရောင်းစားနေတဲ့ပုံမျိုး ပြော တယ်။ ဒါ တမင်သက်သက် ပရိသတ်ရှေ့မှာ သိက္ခာချပြီး စော်ကား တာပဲ"





သတို့သားမိခင်အပြောကြောင့် မင်္ဂလာပွဲရှိ သွေးမျိုးအများစုကလည်း တာသည်။

"ဟုတ်တယ် . . . စော်ကားပြီး ပရိသတ်ရှေ့လူ့ပုံအလယ်မှာ အရှက် ခွဲလိုက်တာပဲ"

ဆင်စွယ်ရွာ၊ ကျွန်းပင်ရွာ၊ အုတ်ဖိုရွာ၊ ဦးတောရွာနေ သွေးမျိုး တို့၏ မကျေမနပ်သံများက ညံလာသည်။ တချို့က လက်သီးလက်မောင်း နေလာကြသည်။ ထိုစဉ် ကျွန်တော့်အနီးထိုင်နေသည့် အစ်ကိုကြီးဦးသိန်း [illegible]က . . .

"ရှင်းမရတော့ဘူးနဲ့ တူတယ်ကွ၊ လစ်ကြရအောင်ကွာ။ ဘယ့် လဲ . . ."

ကျွန်တော် ဘာမှပြန်မပြောမိ။ အဘကောင်းမျက်နှာကို ကြည့်၍ ဘာထားတောင်းနေစဉ် ကိုစိန်လှိုင်အသံက ထွက်လာသည်က . . .

"ဟာ . . . ဟာ . . . အစ်မကြီးရယ်၊ ဒါတွေကို ကျွန်တော်သိပါ ။ စာစပ်ဆရာဆိုတော့ ကာရန်နဲ့ နံ့သောလိုက်အောင် စပ်ရတာပါလေ။ တွင်း သယံဇာတပစ္စည်းဆိုတာကလည်း တောထွက်ပစ္စည်းတွေကို အမှီ မစ္စည်းဥစ္စာ တိုးတက်ချမ်းသာ"

ထိုအချိန် သတို့သားဖခင် ဦးသိန်းဝင်းက တစ်စခန်း ထလာပြန် ကြ . . .

"နေပါဦးကွ . . . ဧည့်ပရိသတ်တွေကြားမှာ မင်းက ငါ့သားကို မုခိုး . . . ဟုတ်လား။ ဒါ သက်သက်အရှက်ခွဲတာပဲ။ မင်း ယုတ်မာလှချည် "

သတို့သားဖခင် ဝင်ပါလာပြီမို့ အတုံတုံအချိချိနှင့် ပြောလိုက်သည် . . .

"ဒီလိုမဟုတ် . . . မဟုတ်ပါဘူး . . . ဦးသိန်းဝင်းကြီးရယ် . . . [illegible]"

ဘိသိက်ဆရာ ဦးစိန်လှိုင် အခြေအနေမကောင်းတော့မှန်း သိလိုက် တော့ဖြင့် မသိ။ စင်ပေါ်မှဆင်းပြေး ဆင်းပြေးတော့မည် လုပ်နေစဉ်



www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်ခန့်ညားပြတ်သားသည့် အသံကြီးတစ်သံကို ထပ်မံကြားလိုက်ရ သည့်အတွက် အသံလာရာဆီကို သမင်လည်ပြန်ကြည့်လိုက်တော့ ရာအိမ်မှူး ကြီး ဦးညိုမှိုင်းပင်ဖြစ်ပေသည်။

"ဒီမှာ ... ကိုစိန်လှိုင်"

ဘိသိက်ဆရာ ကိုစိန်လှိုင် ခွေးပြန်ရပေပြီ။ စင်ထက်မှအောက် ဆင်းပြေးတော့မည့်အချိန် ရာအိမ်မှူးကြီး ဦးညိုမှိုင်းခေါ်လိုက်သည့် အသံ ကြောင့် အထစ်ထစ်အငေါ့ငေါ့ ပြန်ထူးလိုက်သည်က ...

"ဗျာ ... ရာ ... ရာ ... အိမ်မှူးကြီး၊ အမိန့်ရှိပါ ခင်ဗျာ"

ပွဲက ကောင်းသွားပြန်ပြီ။ ရာအိမ်မှူးကြီး ဦးညိုမှိုင်းကိုယ်တိုင် စင်ပေါ် လာပြန်သဖြင့် ဘိသိက်ဆရာရှိရာကို ကျွန်တော်လှမ်းကြည့်လိုက်တော့ အရှိန် ဒေါသထွက်နေသည့် ရာအိမ်မှူးဦးညိုမှိုင်းက ဘိသိက်ဆရာကို လက်ညှိုး လက်မောင်းတန်းကာ ဒေါသဖြင့် ပြောလိုက်သည်က ...

"ဒီမှာ ... ကိုစိန်လှိုင်၊ ငါ ဘာကောင်ဆိုတာရယ်၊ ငါ့အကြောင်း ကို မင်းသိတယ်နော်။ မင်းဆိုတဲ့ ရတုလား၊ ရကန်လား၊ ရှာကန်လားတော့ ငါမသိဘူး။ မင်းစကားလုံးတွေက သတို့သားရော၊ သတို့သမီး အသိုင်းအဝိုင်း ကိုရော စက်ကွင်းမလွတ်တာကတော့ အမှန်ပဲ။ ဒါတင်မကသေးဘူး ငါ အုပ်ချုပ်တဲ့ရွာတွေကိုပါ မင်းက စော်ကားလိုက်ပြန်သေးတယ်"

စင်မြင့်ထက်မှ အောက်ကိုဆင်းပြေးဖို့ လုပ်နေသည့် ဘိသိက်ဆရာ က ထိုစကားကြောင့် ဆင်းမပြေးသေးဘဲ ပြန်ကြည့်လိုက်ပြီး ...

"ဗျာ ... ကျွန်တော်က ရာအိမ်မှူးကြီးအုပ်ချုပ်တဲ့ရွာတွေကို ဘယ် လိုစော်ကားမိပါသလဲခင်ဗျား။ စဉ်းစဉ်းစားစား"

"ဟေ့ကောင် .... တော်တော့၊ မင်းပြောတဲ့စကားက ဘာလဲ ရွာသိမ်ရွာငယ်ရဲ့၊ ငါတာဝန်ယူထားတဲ့ရွာတွေကို ရွာသိမ်ရွာငယ်တွေကိုမြင် လိုက်တယ်လေကွာ၊ ဒါ မင်းစော်ကားတာ မဟုတ်လား"

"ဟာ ... အဲဒီစကားက စော်ကားတာ မဟုတ်ပါဘူး။ ဘိသိက်ဆရာ လုပ်တဲ့ ကျွန်တော်က နသောကာရန်နဲ့စပ်ပြီး ပြောရဆိုရတာဆိုတော့၊ ကာရန် ညီအောင် .... အောင် .... အဲ"





"တိတ်စမ်း ငစိန်လှိုင်၊ ငါက ခပ်ချာချာ ရာအိမ်မှူးတစ်ယောက် မဟုတ်ဘူးကွ၊ ကဗျာ၊ ရတု၊ ရကန်ဆိုတာတွေလဲ စပ်တယ်ဟေ့။ ခု မင်းပြော လိုက်ပုံက ရွာဆိုလဲရွာပေါ့၊ ရွာသိမ်ဇနပုဒ်ဆိုပြီး မင်းစပ်လိုက်တာပဲလေ။ ဒီရွာတွေကို ငါအုပ်ချုပ်နေရတဲ့သူ တစ်ယောက်အနေနဲ့ ရွာတွေကို မင်းစော် ကားလိုက်သလို ငါ့ကိုလည်း စော်ကားလိုက်တာပဲမို့လား၊ ဒီမှာကိုယ့်လူ၊ ဒီတို့ရွာတွေက မင်းပြောသလို ရွာသိမ်ရွာငယ်တွေ မဟုတ်တော့ဘူးကွ"

"ဟုတ်ကဲ့ပါ ... ရာအိမ်မှူးကြီး၊ လမ်းညွှန်ဆုံးမပါ ခင်ဗျာ"

"အေး ... တို့ရွာတွေဟာ ခုဆို အလွန်တိုးတက်ပြောင်းလဲနေကြ ပြီ။ ဖိုးတောရွာကနေ ရန်ကုန်မြို့ထိ နေ့ချင်းညချင်းလာလို့ ပြန်လို့ရတဲ့ ကားလမ်းကြီး ရှိနေပြီ။

နိုင်ငံတော်က လျှပ်စစ်မီးသွယ်တန်းဖို့လဲ စဉ်းစားနေပြီ၊ လယ်သမား တွေရှိတဲ့ တောင်ပေါ်ရွာတွေကိုလဲ လယ်ထွန်စက်ကိုယ်ပိုင်ဝယ်ဖို့ စီစဉ်နေ ပြီ၊ မီးမရသေးခင် တီဗွီအဖြူအမဲတွေကိုလည်း ဘက်ထရီနဲ့ကြည့်လို့ရအောင် လုပ်ပေးခဲ့ပြီးပြီ။ ဘုရားကြီးကနေ ဒီအထိ ကွန်ကရစ်လမ်းကြီးခင်းဖို့ စီစဉ်နေ ပြီ၊ စဉ်းစားနေပြီလေကွာ နော့။

နောက်ပြီး ရွာထဲလမ်းတိုင်းကိုလဲ ကွန်ကရစ်လမ်းတွေ ခင်းပေးဖို့ စဉ်းစားနေပြီ၊ နောက်ပြီး ငါတို့အနီးအနား ရွာသူရွာသားတွေအတွက် နွား ကျည်းနဲ့ အဆင်းအတက်လုပ်နိုင်မဲ့ (၂) ထပ်ဈေးကြီး တည်ဆောက်ပေးဖို့လည်း စဉ်းစားနေကြပြီလေကွာ။

"ဟာ .... ရာအိမ်မှူးကြီးကလည်း စဉ်းစားနေတာကိုပဲ လျှောက် ပြောနေတာပဲဗျာ"

"ဟဲ့အကောင်၊ စဉ်းစားခြင်းဟာ မူလပထမလုပ်ငန်း စတင်ခြင်းရဲ့ အခြေခံအုတ်မြစ်ပဲကွ၊ ခုလို အရင်ဆုံးစဉ်းစားပြီးတော့မှ စီမံကိန်းကို ရေးဆွဲ ကြရတာကလား၊ စီမံကိန်းရေးဆွဲပြီးမှ ဘယ်လုပ်ငန်းမျိုးမဆို အကောင် အထည် ဖော်ကြရတာလေကွာ။ မင်း ဒီလောက်မှ နားမလည်ဘူးလား"

"ဟုတ်ကဲ့ပါ ခင်ဗျာ၊ ရာအိမ်မှူးကြီးလောက် ဉာဏ်မပြေးသေးပါ ဘူး။ မသိလို့ ပြောမိတာ အမိုက်အမဲမို့ ခွင့်လွှတ်ပါခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုကောင်းမြတ်တဲ့ စေတနာတွေ၊ အစီအမံတွေနဲ့ အုပ်ချုပ်နေတဲ့ ရွာတွေကို မင်းလိုအကောင်က ရွာသိမ်ရွာငယ် ဖနှပ်ဒ်ဆိုတော့ မင်းက သိပ်ပြီးလွန်လွန်းနေပြီကွ ... စိန်လှိုင်ရဲ့၊ မင်းလည်း ငါ့အကြောင်းကို သိရဲ့ သားနဲ့"

"ဟုတ်ကဲ့ပါ ... ရာအိမ်မှူးကြီး၊ လိုရင်းကိုသာ ... ပြော ... ပြော ..."

"အေး ... ငါ့သဘောကို ပြောရရင် ဒီမင်္ဂလာဆောင်စင်ပေါ်က ဆင်းတော့"

"ဗျာ ... ခင်ဗျာ၊ ဘယ်လို ..."

"အေး ... ဆင်းတော့ကွာ ... ဆင်းတော့"

"ရာအိမ်မှူးကြီးရယ် ကျွန်တော်ဒီရတုပိုဒ်ကို ဆက်မရွတ်တော့ပါဘူး။ ပွဲပြီးအောင်တော့ ကျွန်တော့်သမားဂုဏ်ကလေးကို ပြဖို့ ခွင့်ပြုပါ လားခင်ဗျာ"

"မလိုချင်ဘူးကွာ၊ ခုပဲ မင်းဆင်းတော့။ ငါကိုယ်တိုင် ဘိသိက်ဆရာ လုပ်ပြီး ဒီပွဲမှာ လက်ထပ်ပေးမယ်။ ဘယ့်နှယ်ကွာ ... မြို့က ဟိုတယ်ကြီး တွေတောင် လိုက်ပြီး ဘိသိက်ဆရာလုပ်နေတဲ့သူ။ အဟောကောင်း အပြော ကောင်းမဲ့လူမို့ ရွာကလူတွေအလယ်မှာ ပွဲထုတ်ပါတယ် အခုတော့ ပေါက်ကရ တွေချည်း။ ဒီစင်ပေါ်က ခုဆင်းတော့"

ကိုစိန်လှိုင် ဘိသိက်စင်ပေါ်မှ ဆင်းလိုက်သည့်အချိန်၊ ရာအိမ်မှူး ဦးညိုမှိုင်းကလည်း စင်မြင့်ပေါ်တက်၍ မိုက်ခွက်ကိုကိုင် ပထမဆုံးပြောလိုက် သည့်စကားက ...

"ဟော့ကောင် ... စက်ဆရာအောင်သူ ... လော်ပြန်ဖွင့်"

သူပြောလိုက်သည့်စကားက 'လော်သံ' နှင့်မို့ ကျက်ကျိုပင်ထက် ဟိန်းထွက်လာသည်။ ထိုအချိန် ခေါင်းငိုက်စိုက်ကျကာ ဆင်းသွားပြီး ညည်း မထ္လာပ်အပြင်ရောက်သည့် ဘိသိက်ဆရာ ကိုစိန်လှိုင် စဉ်းစားလိုက်သည် က ...





"တော်ပြီ ...။ နောင်ကို အပေါင်းအသင်းမျက်နှာထောက်ပြီး ဒီလိုတော ရွာမျိုးတွေကို ဘယ်တော့မှမလိုက်တော့ဘူး။ မြို့က ဟိုတယ်ကြီး တွေမှာဖြစ်ဖြစ်၊ ရပ်ကွက်တွေထဲဖြစ်ဖြစ်၊ ဘိသိက်ဆရာက ဘာကိုရွတ် ရွတ်၊ ဒီတောထဲကကောင်တွေလို လျှာကြောမရှည်ကြဘူး။ ဘိသိက်ဆရာ ပြောတာဆိုတာ ရွတ်တာဖတ်တာကို သူတို့နဲ့မဆိုင်သလို နေကြတယ်။ ဘိသိက်ဆရာကလည်း ပြောချင်ရာပြော၊ ရွတ်ချင်ရာရွတ်၊ အချိန်တန် ချ ပေးတာကို စားပြီး ပြန်သွားကြတာချည်းပါပဲ။ ခုလို ပေါက်ကရ ဝင်ပြောတဲ့ သူ မရှိပါဘူး"

ရာအိမ်မှူးကြီးက သတို့သားနှင့် သတို့သမီးတို့ကြား ဝင်ရပ်လိုက် ပြီး မိုက်ခွက်မှ တစ်ဆင့်ပြောလိုက်သည်က ...

"ကဲ ... ခုအချိန်ကစပြီး သတို့သား မောင်ဝင်းနိုင်နဲ့ သတို့သမီး မြမြအေးတို့ အကြင်လင်မယားဖြစ်မြောက်ပါပြီ။ ဒါပေမဲ့ ပြောစရာရှိတာ လေးတွေကို ပြောပြချင်တာက ဆုံးမစကားပါ၊ ဆုံးမစကားပါ"

ကျွန်တော်က ခုမှလိုရင်းကို ရောက်တော့မယ် တွေးနေစဉ် သူ့စကား တွေက

"မင်းတို့နှစ်ယောက် အိမ်ထောင်ရယ်လို့ ဖြစ်လာကြပြီဆိုတော့ လင် ကလည်း လင့်ဝတ္တရားရှိတဲ့အတိုင်း၊ မယားကလည်း မယားဝတ္တရားရှိတဲ့ အတိုင်း လိုက်နာကျင့်ကြံပြီး အိုအောင်မင်းအောင် ပေါင်းနိုင်ကြဖို့ ဦးစွာ ဆုတောင်းလိုက်ပါတယ်။

မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေ ခြင်း၊ ထိမ်းမြားခြင်း၊ ဖခင်မယ်တို့တာတဲ့၊ ခုလည်း နှစ်ဘက်သောမိဘ များက ဝတ္တရားရှိတဲ့အတိုင်း မောင်ဝင်းနိုင်ရဲ့မိဘများက မြမြအေးမိဘနှစ်ပါး ထံမှ လက်ဆက်ပေးဖို့ ဝတ္တရားရှိကြတဲ့အတိုင်း တောင်းရမ်းပြီးသကာလ၊ ဒီနေ့ကလေးဘက် ဂုဏ်သရေမညှိုးစေရန် ခုလိုကြီးကျယ်ခမ်းနားတဲ့ မင်္ဂလာပွဲ ကြီးကို ကျင်းပပေးခဲ့တဲ့အပြင် နှစ်ဘက်မိဘတွေကလည်း ဒီလင်ဒီမယား ရှေ့ကိုဆက်ပြီး လုပ်ကိုင်စားသောက်ဖို့ ပေးသင့်တာ ပေးပြီးပါပြီ။ ဒါဟာ



www.burmeseclassic.com

www.burmeseclassic.com



မိဘတို့ ဝတ္တရားရှိသည်နှင့်အညီ ပေးဝေရင်းနှီးဆိုတဲ့အတိုင်း လက်ဖွဲ့ပေး တာပါပဲ၊ ဒီတော့ ခုအချိန်ကစပြီး မောင်ဝင်းနိုင်နဲ့ မမြမြအေးတို့ အကြင် လင်မယားအဖြစ် အရာမြောက်ပါပြီ။ ဒါပဲ ... စားပြီးကြပြီမို့လား ... ပြ ကြတော့။

ရာအိမ်မှူးကြီး စကားအဆုံး ကုက္ကိုပင်ထက် လော်သံက ပျံ့လွင့် လာပြန်သည်က ...

အခါတော်ပေးတာက နုတ်ရေးငယ်ရွှေစာ ... သာသာနာရောင် လင်း ကောင်းခြင်းတိ ခုချိန်ခါ။

"ဖြောင်း ... ဖြောင်း .... ဖြောင်း ..."

ရွှေပွဲလာဧည့်ပရိသတ်များ လက်ခုပ်သြဘာသံ ဆူညံစွာ ထွက်ပေါ် လာသည့် အရန်သတို့သား မောင်တင်ထွန်းက သက်ပြင်းမောကို ရှိုက် ထုတ်လိုက်ရင်း ပြောလိုက်သည်က ...

"အင်း ... ခုမှပဲ လိုရင်းရောက်တော့တယ်။ သာခုပါဗျာ ... သာခု ... သာခု ... ရာအိမ်မှူးကြီး သက်တော်ရာကျော် ရှည်ပါစေဗျ လေ"

✿ ✿ ✿

[ ၂ ]

❑

မင်္ဂလာပွဲကြီး အောင်မြင်စွာ ပြီးဆုံးသွားပြီမို့ ကျွန်တော်တို့လည်း ရှာခံမုဆိုးသိန်းဝင်း အိမ်ပြန်ကာနားနေစဉ် ဝန်းကျင်ရွာတို့ရှိ ရှာခံမုဆိုးများ က တဖွဲဖွဲ ရောက်ရှိလာကြပေသည်။ မြတ်မင်းဟန်က ...

"အဘကောင်းတို့ သေနတ်တွေ ပါခဲ့ကြသေးလား။ ပါရင်ရောက် တုန်းရောက်ခိုက် ကဲလိုက်ကြရအောင်"

"အေး ... ပါတယ်ကွ။ ငါတို့ဒီရွာမှာ ငါးရက်လောက်နေပြီး ပစ် ကြမယ်"

"ဒါဆို အတော်ပဲ။ ဒီညနေ စားသောက်ပြီး နားလိုက်ကြတာပေါ့။ လူစုံပြီဆိုတော့ သွားလိုက်ကြရအောင်"

"ဘယ်ကိုသွားမှာလဲ ... မြတ်မင်းဟန်"

"ရန်ကုန်အဖွဲ့နဲ့ ရှာခံမုဆိုးတွေကို ရာအိမ်မှူးကြီးအိမ်မှာ ဧည့်ခံဖို့ စီစဉ်ထားတယ်။ အဲဒီကို သွားလိုက်ကြမယ်လေ"

မြတ်မင်းဟန်စကားကြောင့် ကျွန်တော်တို့လူစု ရွာလယ်ပိုင်း ဦးညွှန့် မှိုင်းအိမ်ဆီသို့ သွားလိုက်ကြသည်။ ရောက်တော့ စားပွဲဝိုင်းတို့တွင် အရက် ပုလင်း၊ ဖန်ခွက်၊ စားဖွယ်စုံက အသင့်ကြိုဆိုလျှက်။



www.burmeseclassic.com

www.burmeseclassic.com



"လာကြဗျာ ... ရန်ကုန်မှဆိုးကြီးတို့ ကျွန်တော်လည်း တွေ့ချင်နေတာ ကြာပြီ။ တူတော်မောင် မင်္ဂလာအခမ်းအနားကို တကူးတက ခုလို လာကြတာ ဝမ်းသာတယ်ဗျာ။ မိန်းမရေ ... ဟေ့ ... စိုးမြတ်သူဇာ မင်းသားနေစိုးသော် ဘယ်သွားလဲဟ။ ဧည့်သည်တွေလာမယ် ဘယ်မှမသွားနဲ့လို့ မှာထားရဲ့နဲ့ကွာ။ နှင့်သားကို ဆုံးမထားဦးနော်။ ငါ့စိတ်နဲ့မတွေ့ဘူး ဖြစ်နေတယ်"

"ရွှေလိုက်နေတာ ဖြစ်မှာပေါ့။ ဘာလိုလို့လဲ ပြော၊ ကျုပ်လုပ်ပေးမယ်"

စိုးမြတ်သူဇာဆိုသည့် သူ့ဇနီးကိုတော့ မတွေ့ရ။ မီးဖိုချောင်ဆီမှ ထွက်လာသည့်အသံကိုသာ ကြားလိုက်ရသည်။

"ရေခဲစိမ်ထားတဲ့ ဘီယာပုလင်းတွေ ယူခဲ့ကွာ။ မင်းကရော ဆတ်သားရေသုပ်နေတာ ခုထိ မပြီးနိုင်တော့ဘူးလား၊ ငါလေ ... တယ် အစောကြီးကတည်းက ဒီလိုဖြစ်မှာစိုးလို့ ကြိုတင်ပြင်ဆင်ထားဖို့ ပြောထားရဲ့နဲ့"

ကျွန်တော်တို့အဖွဲ့ စားပွဲကြီးများတွင် ဝိုင်းကာ နေရာယူပြီးတော့ လင်ပန်းတွင် ရေခဲစိမ်ဘီယာများကို သယ်ဆောင်လာသည့် ဖွံ့ဖွံ့ကားကား ထွားထွားကြိုင်းကြိုင်း၊ လုံးကြီးပေါက်လှ အမျိုးသမီးတစ်ဦးကို တွေ့လိုက်ရသည်။ ကျွန်တော် သူမကို ကြည့်ပြီး အတော်အံ့သြသွားမိသည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်တော်သိ (ကြည့်ဖူးသော) ရုပ်ရှင်မင်းသမီးဟု ထင်လိုက်သော်လဲ မသိမသာ ကွဲပြားနေသည်ဟုထင်သည်။ ထိုစဉ် အစ်ကိုကြီးဦးသိန်းလွင်က ကျွန်တော့်ဒူးခေါင်းကို လက်ကုတ်လိုက်သည်။ သူ့အထင်က ရုပ်ရှင်မင်းသမီးဟုအထင်နှင့် ကုတ်လိုက်ခြင်းမို့၊ ကျွန်တော်က ခေါင်းခါပြလိုက်တော့ ငြိမ်သွားသည်။ အာရုံပြောင်းစေရန် ကျွန်တော်က စကားလမ်းကြောင်း လွှဲလိုက်သည်က ...

"ဒါနဲ့ ဆရာညိုမှိုင်း၊ ဆတ်သားရေသုပ်ဆိုတာ ဘာလဲဗျ ... ဘယ်လိုဟာမျိုးလဲ"





ကျွန်တော့်အပြောကြောင့် သူက ဖေယ်ပြုံးအကြည့်နဲ့ ကျွန်တော့်ကို ကြည့်ရင်း ...

"မှဆိုးကြီးတို့တောင် ဆတ်သားရေသုပ်ကို မသိတော့၊ ကျွန်တော်လို ပညာရှင်တစ်ယောက်က ဟိုင်းဝေးဖီလင်ဆိုတဲ့ စားသောက်ဆိုင်ကြီးမှာ အမှန် တကယ်သောက်သုံးသူတွေအတွက် ဝန်ဆောင်မှုအပြည့်ပေးရင်း နာမည်ကြီးနေတာကို ဂုဏ်ယူလို့ မဆုံးပါဘူး"

"ဟုတ်လား ... ဘယ်လိုမျိုးပါလဲ၊ ဝက်ခေါက်သုပ်လိုမျိုးလား ဦးညိုမှိုင်း"

"ဒီလိုဗျ ... ဆတ်သားရေကိုသုပ်တော့ ဆတ်သားရေသုပ်ပေါ့ ဗျာ၊ ဂျီသားရေသုပ်၊ ဒရယ်သားရေ၊ ဝံသားရေ၊ ကြောင်သားသားရေ စတဲ့ အကောင်တွေရဲ့ သားရေကိုသုပ်တော့ ကိုယ်သုပ်တဲ့ အကောင်အမည်ကို ယိုက်ပြီး ခေါ်ကြတာပါပဲ၊ ခုမှဆိုးကြီးတို့ကို ကျွေးမဲ့အသုပ်က ဆတ်သားရေကို သုပ်မှာမို့ ဆတ်သားရေသုပ်လို့ ခေါ်တာပါ"

"ဒါဆို ဂျီသားရေကိုသုပ်ရင် ဂျီသားရေသုပ်လို့ ခေါ်တာပေါ့နော်"

"ဟုတ်ပါ့ဗျာ ... အလွန်ရှားပါးပြီး လူကြိုက်များပါတယ်၊ ဟိုတယ်ကြီးတွေမှာတောင် မှာစားလို့မရတဲ့ အသုပ်မျိုးပါပဲ"

"ဟုတ်လား ... လုပ်ပုံလုပ်နည်းလေးလည်း ပြောစမ်းပါဦး"

"ဒီလိုဗျ ... မုဆိုးကြီးတို့ အပါအဝင် ဟိုအချိန်ကနေ ခုအချိန်ထိ ဒီရွာကိုလာပြီးပစ်ခတ်လို့ရတဲ့ သားကောင်တွေကို အရည်ချ၊ အသားတွေပဲ ယူသွားပြီး အရေခွံတွေကို ဒီမှာထားခဲ့ကြတာမို့လား၊ အဲဒီသားကောင်အရေခွံတွေ အများကြီး ရှိတာပဲလေဗျာ။

တစ်နေ့တော့ ခုမင်္ဂလာဆောင်တဲ့ တူတော်မောင်ဝင်းနိုင်က အဲဒီ သားကောင်အရေခွံတွေကို လက်တစ်ဝါးစာလောက် လှီးဖြတ်ပြီး အမွေးတွေကို မီးမြှိုက်ပြီး အိုးနဲ့ပြုတ်တယ်၊ အကြိမ်ကြိမ်ပြုတ်လိုက်တော့ မဲနေတဲ့ ဆတ်သားသရေပြားက ဖြူလာပြီး ဝက်ခေါက်လို ဖြစ်လာတယ်ဗျ၊ အဲဒီဆတ် သားရေကို ပါးပါးလှီး ဝက်ခေါက်သုတ်သလို အရောအနှောတွေ ထည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တော့ ဆတ်သားရေသုပ်ဖြစ်လာတာပေါ့။ အလွန်ကောင်း၊ ယာမကာနဲ့ လိုက်ဖက်တဲ့ အမြည်းတစ်ပွဲဖြစ်လို့ ယမကာဆိုင်တပ်ပြီး တွဲဖက်ရောင်းလိုက်တာ နာမည်ကြီးလှ ကြိုက်များလာတာပေါ့လေ။

ခု တူတော်မောင်ဝင်းနိုင် မက်လာပွဲကို ခမ်းခမ်းနားနား ကျင်းပနိုင်တာ အဲဒီအသုပ်လုပ်ရောင်းလို့ရတဲ့ ငွေနဲ့ပေါ့။

ထိုအချိန် ဦးညိုမှိုင်း၏ဇနီး စိုးမြတ်သူဇာဆိုသူက ဆတ်သားရေသုပ်ပန်းကန်များ လာရောက်ချပေးသဖြင့် စားကြည့်လိုက်ရာ အလွန်ထူးကဲသော အရသာရှိသည့် အမြည်းတစ်ပွဲဖြစ်ကြောင်းကို ကျွန်တော်တို့ အသိအမှတ်ပြုလိုက်မိပေတော့သည်။

ကျွန်တော်တို့မှာ အခြားသောဟင်းလျာများကို မစားတော့ဘဲ ထိုအသုပ်ကိုသာ ထမင်းလွတ်စားနေစဉ် ဦးညိုမှိုင်းက ...

"တင်ထွန်း ...သောက်လေကွာ၊ ဘာငိုင်နေတာလဲ၊ ဘာလဲ ဝင်းနိုင်ကို အားကျနေလို့လား၊ နောက်လမှ မင်းအလှည့်လေကွာ။ ရန်ကုန်မှဆိုးတွေကိုပါ ဖိတ်ဖို့မမေ့နဲ့။ အဲဒီအချိန်ကျရင် မင်းအိမ်မှာ ညှော်ခံရမယ်"

ဦးညိုမှိုင်းပြောလိုက်သည့် စကားကြောင့် အဘကောင်းက ...

"ဟုတ်လား ...တင်ထွန်း၊ နောက်လမှာ မင်းအလှည့်ဆို ဘယ်သူနဲ့လဲကွ"

"ဟဲ ...ဟဲ ...ဒီကနေ့ သတို့သမီးအရန်လုပ်တဲ့ မိန်းကလေးနဲ့လေ၊ မိန်းကလေးအမည်က အိကဖျာတဲ့၊ ဝင်းနိုင်ထက် ပွဲစည်မယ်ဗျို"

"ဟုတ်လား ...ဘယ်လိုကြောင့်လဲ ဟင်"

"ငွေရှင်တာကိုးဗျ။ သူ့မှာ သိန်းတစ်ရာကျော်ကြီး ရှိနေတာမို့လား"

"ဟုတ်လား ...တင်ထွန်း၊ အဲဒီလောက်ငွေကို ဘယ်ကရလာတာလဲ ဟင်"

"အင်း ...ပြောရင် စိတ်ဝင်စားစရာဗျ။ တင်ထွန်းနဲ့ မြတ်မင်းဟန်တို့နှစ်ယောက် တောထဲသွားကြရင်း ရခဲ့တာပဲလေ"

ထိုစဉ် အစ်ကိုကြီးဦးသိန်းလွင်က ...





"စိတ်ဝင်စားစရာပဲ။ မြုပ်ထားတဲ့ ရတနာတွေကို တွေ့ကြလို့လား"

"မဟုတ်ပါဘူး ...တစ်နေ့ရာထဲ ကျားနှစ်ကောင်ပစ်လို့ ရခဲ့တာကြောင့်လေ"

သူ့စကားကြောင့် ဘီယာသောက်လိုက်၊ အမြည်းကို စားလိုက်ပ်နေသည့် ကျွန်တော်က မနေနိုင်တော့။ သို့အတွက် ...

"စိတ်ဝင်စားစရာပါလား ...ဦးညိုမှိုင်း ပြောပြပါလားဟင်"

"ဒီပွဲမှာ ကာယကံရှင်နှစ်ဦးလုံး ရှိနေတော့ သူ့တို့ကိုယ်တိုင် ပြောသိမ့်မယ်"

"ကဲ ...မောင်တင်ထွန်း၊ ပြောပြပါလားကွာနော်"

ကျွန်တော့်စကားကြောင့် မောင်တင်ထွန်းက၊ မြတ်မင်းဟန်ဘက်ည်ပြီး ...

"မင်းပြောပြလိုက်ပါ ...မြတ်မင်းဟန်၊ မင်းလည်း ကိုယ်တွေ့ပဲ"

သူငယ်ချင်းနှစ်ယောက် တဲရှေ့ မြေပြောင်ပြောင်တွင် ထင်းတုံးများကို ဆိုင်ထည့်ထားသည့် မီးဖိုရှေ့မီးလှုံရင်း အအေးဓာတ်ကို ခုခံကွယ်နေစဉ်၊ လေတစ်ချက် အရှေ့က စိမ့်ခနဲ အေးလာသည်မို့ ခါးတွင်ဆင်ထားသည့် ပုဆိုးကိုချွတ်၍ ကိုယ်ထည်ကို လွှမ်းခြုံလိုက်သည်က ပင်မထားပါဘဲ နှစ်ဦးစလုံး တစ်ပြိုင်တည်းလို။

လဆုတ်ရက် နံနက်ခင်းမို့ အရုဏ်ပျို့ချိန်ထိတိုင် လရိပ်က မှုန်ပျပျင်းမကျက်သေး၍ ဗိုက်ဖြည့်ရန် အဆင်သင့်မဖြစ်သေး၍ စောင့်နေရင်းမ်းဒတ်ကို နွေးထွေးမှုကို ပေးနိုင်သည့် မီးဖိုကြီးဘေး မီးလှုံရင်း စောင့်နေကြခြင်းပင်၊ အတန်ကြာတော့ ကျက်ပြီမို့ ငှက်ပျောဖတ်နှင့် ထမင်း ကျောပိုးအိတ်အတွင်း မှဆိုးအသုံးအဆောင်များ အသင့်လုပ်ပြီး ဗိုက်ည်စားသောက်နေလိုက်ကြသည်။ ဟင်းက ဖွယ်ဖွယ်ရာရာမဟုတ်၊ ငွေ့ကြော်နှင့် ငါးပိသုပ်။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦးသား ဗိုက်ဖြည့်စားသောက်ပြီးမှ စတင်ထွက်ဖို့ ပြင်လို
တော့ တင်ထွန်းက တူးမီးသေနတ်ကိုကိုင်လိုက်သလို မြတ်မင်းဟန်က လုံ
တစ်ချောင်း၊ ကျောပိုးအိတ်၊ တောင်ပေါ်ရွာကလေးများ ဖြစ်ကြသည်မို့ ရွာ
အထွက် စပါးစိုက်ခင်းများတွင် စပါးရိုးပြတ်လယ်ပွဲလေးများ သောကန်သ
ပေါင်အတိုင်း နှစ်ဦးသားခပ်သွက်သွက် လျှောက်လမ်းနေကြသည်။ နှင်းမှု
စိုရွှဲထားသော ကန်သင်းဘောင်ဝယ် ခက်ခဲနေသော်လည်း အရှိန်မလျှော့
အရုဏ်မတက်မီ တောတွင်းစားပင်အောက်ကို ရောက်ဖို့ကို စိတ်စောနေ
သည် မဟုတ်ပါလား။ ယခုအချိန်တွင် တောင်မြောက်ဝဲယာမှ တောမြ
ငွေ့တို့ ဝေ့ဝေ့ဝဲဝဲ လွှမ်းခြုံထားဆဲ။

စပါးရိုးပြတ်များကိုကျော်ပြီး အတန်ကြာတော့ တောစဆီသို့ ရော
လာခဲ့ကြသည်။ တောစကိုတွေ့သည်နှင့် 'အင်ပင်၊ သန်းပင်၊ သစ်ရာ၊ ဒို
ကညင်ပင်တို့အပြင် ဝါးရုံတောများ ပေါက်ရောက်ရာ ခပ်မော့မော့ကုန်းတ
ဆီသို့ ရောက်လာသည်။ တဖြည်းဖြည်း အထက်ပိုင်းကို မြင့်သွားသည့်ကု
တန်းအတိုင်း တက်လိုက်ကြ၊ ဆင်းလိုက်ကြနှင့် သွားနေလိုက်ကြချိန် တေ
ငှက်သံတစာစာ၊ တောကြက်တွန်သံနှင့် မျောက်အော်သံများကို ကြား
ရသည်။ ဆက်လက်သွားကြရင်း ခပ်မတ်မတ် ကျောက်တောင်စွန်းအား ရေ
ကာပတ်ကာ တက်ရပြန်သည်။ မတ်စောက်သည့်နေရာတွေကို ကျော်ဖြ
ပြန်သည်။ တောင်ထိပ်စီရောက်သောအခါ ချွေးတလုံးလုံးနှင့်ဖြစ်ကာ မေ
ဟိုက်လာကြသည်။ ခေတ္တနားကာ အမောဖြေလိုက်ကြပြီး ရှေ့ခရီးကို ဆ
လိုက်တော့ အဆင်းအတက်နည်းကာ လမ်းက ပြေပြစ်လာသည်။

နှစ်ဦးသား အောက်ဘက်သို့ ဆက်လက်လျှောက်ခဲ့ကြရာ မကြ
ဝါးရုံတောများ၊ အင်ပင်များပေါက်နေသည့် တောအုပ်ထူထူရှိရာဘက်ဆီ
ရောက်ရှိလာလေသည်။ အပင်ချင်းယှက်နေသဖြင့် အထက်က ရှုပ်ထွေ
လည်း အောက်ခြေကရှင်းသည့် တောပင်၊ သပွတ်သိမ်နွယ်ပင်များအ
ဆူးရစ်နှင့် 'အလိုလေး'ဆူးပင်တို့ကလည်း တွဲရရွဲနှင့် သည်ကြားထဲ ဒိုးနွ
ပင်ကြီးတို့ကလည်း အပြိုင်းအရိုင်း။ အသီးတို့က ကွဲအက်ကြွေကျနေသ





ပင်ကြီးများမှ အကိုင်းတို့က အောက်ကိုဖြာကျနေအောင် ရှိနေသလို အထက်
ကို နေရောင်ရရန် လျှပြီး တက်နေကြသဖြင့် မြင့်မြင့်မားမား။

တစ်နေရာအရောက် နာရီကိုကြည့်လိုက်တော့ တစ်နာရီပင် ထိုးနေ
ပြီ။ အရိပ်ကောင်းသော အပင်ကြီးတစ်ပင်အောက် ရောက်သောအခါ
ကိုင်ဆောင်ထားသည့် တူးမီးသေနတ်နှင့် လုံတံကို ပင်စည်လုံးတွင်မှေးကပ်
ထောင်ထားလိုက်ကြပြီး ထမင်းထုပ်များကို ဖြည်လျှက် တောပိုင်တောင်ပိုင်တို့
ကို တင်မြှောက်ပသ တောင်းခံလိုက်ကြသည်။

တောလမိုင်းတင်မြှောက်လိုက်ကြပြီး နှစ်ဦးသား တပည့်ခံလျှက်
စားစာဗိုက်ဖြည့်စားသောက်လိုက်ကြပြီး ခေတ္တနားနေစဉ် တင်ထွန်းက–

"မြတ်မင်းဟန် ... တောပိုင်တောင်ပိုင်တွေဆီ မင်းဘယ်လို ဆု
တောင်းသလဲကွ"

"ငါကတော့ အရိုးကြီးကြီး အသားများများ အကောင်မျိုးပေးပါလို့
တောင်းခဲ့တယ်ကွ။ မင်းစဉ်းစားလေ ပြောင်တို့စိုင်တို့လို အကောင်မျိုးဆို
အချိန် ငါးရာနီးပါးဆို ခုခေတ်ဈေးနဲ့ နည်းမှတ်လို့။ နှစ်ဦးခွဲတောင်
တော်ရကြမှာကွ"

မြတ်မင်းဟန်အပြောကို သူက မဲ့ပြုံလိုက်ပြီး ပြန်ပြောလိုက်သည်
...

"ငါကတော့ အဲဒီအကောင်မျိုး ပေးပါလို့ မတောင်းဘူးကွ ...
လား"

"ဒါဆို မင်းက ဘယ်လိုကောင်မျိုးကို တောင်းခဲ့တာလဲ"

"ဟင်းမျိုးလိုအကောင်မျိုးပေးပါလို့ တောင်းခဲ့တယ်ကွ"

"ဘယ်လို ... တင်ထွန်းရဲ၊ ဟင်းမျိုးလိုအကောင် ... ဟုတ်
... ဘုရား ... ဘုရား ..."

"ဟုတ်တယ်ကွ .. ငါအခု ငွေတအားလိုနေလို့လေ။ မင်းတောင်း
အကောင်မျိုးရရင်တောင် ငါ့ဆန္ဒမပြည့်ဘူးလေကွာ။ ဒါကြောင့် ဟင်းမျိုး
တောင်းရတာ။ မင်းစဉ်းစားကြည့် ... အဲဒီအကောင်မျိုးက နှုတ်ခမ်း
ခြေသည်းလက်သည်း၊ အရိုးပါတန်ဖိုးရှိတော့ ငွေပိုရတယ်မို့လားကွ
ကြောင့်ပါ"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကြောင့် မြတ်မင်းဟာန် တအံ့တသြဖြစ်ရင်း မေးလိုက်သည်က ...

"နေပါဦး ... မင်းဒီလိုငွေလိုရတဲ့ အကြောင်းက ဘာကြောင်းတုံးဟ"

တင်ထွန်းက မြတ်မင်းဟာန်ကို စောင်းငဲ့ကြည့်လိုက်ရင်း ပြောလိုက်သည်က ...

"ငါ့အမျိုးသမီး အိုကဗျာက ဝင်းနိုင်တို့ထက်မသာတောင် မျိုးစေချင်ဘူး။ အဲဒီလိုဆောင်နိုင်ရင် အချိန်မရွေး လက်ခံပါ့မယ်ဆိုလို့ကွာ။ မင်းဘယ်သူ့မှ မပြောနဲ့နော်"

"သြော် .... ဒါကြောင့်ကိုး၊ စိတ်ချပါ မပြောပါဘူး ... သူငယ်ချင်းရယ်"

မြတ်မင်းဟာန်က သူငယ်ချင်းကို စောင်းငဲ့ကြည့်ရင် မချိတင်ကဲ ပြောလိုက်သည်။ ကိုယ်ချင်းလည်း စာလိုက်မိသလို ပါးစပ်ကလည်း ...

"ရိုးမကြီးအတွင်းပိုင်းလည်းဖြစ်သလို အချိန်အခါကလည်း အကောင်တွေ မိတ်ဆော့ချိန်ဆိုတော့ ပြောလို့တော့ မရဘူးပေါ့ကွာ။ ငါအား မရတာက သေနတ်ကိစ္စပဲကွ။ တူမီးသေနတ်ဆိုတော့ အရဲမကိုးဝံ့ဘူးပေါ့ကွာ။ စောစောသိရင် ရန်ကုန်အဖွဲ့ကို ကြိုပြီးအကြောင်းကြားပြီး သူတို့ဆီက သေနတ်တွေ ငှားတာပေါ့။ တူးမီးသေနတ်ဆိုတာကလည်း မင်းသိတဲ့အတိုင်းပဲ တစ်ချက်တည်း အပိုင်ပစ်ရတဲ့ သေနတ်မျိုးဆိုတာကိုး။ တစ်ချက်ထဲမပိုင်လို့ကတော့ နောက်တစ်ချက်ပြန်ရန်မူတဲ့အကောင်ကို ထပ်ပစ်ဖို့ဆို လွယ်မှတ်လို့။ ဒါနဲ့ အိမ်ကစထွက်ကတည်းက မင်းကိုငါကြည့်နေတယ်။ မင်း တူမီးသေနတ်ထဲကို အဆင်သင့်ပစ်ဖို့ ကျည်ထည့်ပြီးပြီလား။ ပြောပါဦးကွ"

"အေး ... ဟုတ်သားပဲ။ မင်းပြောမှ သတိရတယ်။ သေနတ်ထဲ ကျည်ထည့်လိုက်အုံးမယ်ကွာ။ မင်းသတိပေးတာ ငါကျေးဇူးတင်ပါတယ်"

သူ့စကားကြောင့် မြတ်မင်းဟာန်က ဒေါပွသွားသော်လည်း စိတ်ကို ထိန်းကာ ...

"လရှိုးတဲ့မှပဲ၊ မုဆိုးလုပ်ပြီး ငါမပြောလိုက်ချင်တော့ဘူး"





ကျိန်ဆဲပစ်လိုက်သည့် မြတ်မင်းဟာန် မမှား၊ မှားနေသည်က တင်ထွန်းရယ်သာပင်။

ထို့အတွက် ပင်စည်လုံးတွင်မှေးပြီး ထောင်ထားသည့် တူးမီးသေနတ်နှင့်လုံကို သွားယူရင်းမှ မြတ်မင်းဟာန်ကိုင်ဆောင်လာသည့် လုံကို သတိထားကြည့်လိုက်ရင်း ...

"ဒီနေ့ မင်းကိုင်လာတဲ့လုံက တစ်မျိုးပါလားကွ၊ အရင်ကိုင်တဲ့လုံ ဟုတ်ပါလား"

တင်ထွန်းက လုံတံကို တအံ့တသြ အပြန်အလှန်ကြည့်ရင်း မေးလိုက်သည့်အတွက် ...

"အေး ... ဟုတ်တယ်ကွ၊ ဟိုကောင် ထောင်ချောက်မှဆိုး လင်းသက်ခိုင် အသုဘပိုင်းဖဲ့ရှုံးလို့ အပေါင်ခံထားလိုက်တဲ့လုံကွ။ ပစ်လုံလို့ခေါ်တယ်"

"ဘယ်လိုကွ ... ပစ်လုံဟုတ်လား၊ အတော်ကောင်းတဲ့ လုံပဲကွနော်"

"ဒီလိုကွ ... သူတို့လို ထောင်ချောက်ဆင်ပြီး သားကောင်ဖမ်းကြတဲ့ မုဆိုးမှာ လုံ (၂) ချောင်းဆောင်ထားကြရတယ်လေကွာ။ အဲဒီအဆောင်ထားတဲ့ လုံထဲက တစ်ချောင်းပေါ့ကွာ"

"ဟုတ်လား ... ဘယ်လိုဖြစ်လို့ သူတို့လုံ (၂) ချောင်းဆောင်ထားကြရတာလဲ"

"သူတို့ထောင်ချောက်ဆင်ဖမ်းတဲ့ သားကောင်တိုင်းဟာ တချို့က အသေမိသလို၊ အချို့အကောင်က အရှင်မိကြတယ်ကွ။ အဲဒီအသက်မသေတဲ့ အကောင်မျိုးဆိုရင် အရင် စခန်းသိမ်းကြရတယ်လေကွာ။ အဲဒီအတွက် သုံးတာပေါ့"

"ဟုတ်လား ... ဘယ်လိုစခန်းသိမ်းတာလဲ ပြောပါဦးဟ"

"သတ္တဝါဆိုတာ ပုရွက်ဆိတ်လို အကောင်ကစပြီး တောဆင်ရိုင်းလို ကြီးတဲ့ကောင်မျိုးထိ သူ့အသက်ကို အန္တရာယ်ပေးမယ်ဆိုရင် ပြန်ရန်မူတတ်တာ မင်းလဲသိနေတာပဲ။ ထောင်ချောက်မိပြီးသေနေတဲ့ အကောင်



www.burmeseclassic.com

www.burmeseclassic.com



အတွက် ပြဿနာမရှိပေမဲ့၊ မသေတဲ့ အကောင်မျိုးကြတော့ အန္တရာယ်သိပ်ကြီးတယ်ကွ။

ထောင်ချောက်မိခံထားရတဲ့ သားကောင်ကလည်း သူသေရတော့မှာကို အတတ်သိနေတော့ အစွမ်းကုန် တုံ့ပြန်ရန်မူတိုက်ခိုက် ကလဲ့စားချေဖို့က အသင့်ပဲလေ။ သူ့ဘက်ကတွေးရင် သေဖို့နဲ့ရှင်ဖို့ နှစ်လမ်းပဲရှိတာကိုး။ ဒီတော့ သူ့အသက်ဘေး လွတ်မြောက်ဖို့အတွက် ပြန်လည်တိုက်ခိုက်ခုခံဖို့ပဲ ရှိတာကိုးကွ။ သူ့ဘက်ကကြည့်ရင် တရားပါတယ်။

အဲဒီအနေအထားကို သိထားတဲ့ ထောင်ချောက်ဆင်မုဆိုးကလည်း သူလိုချင်တဲ့သားကောင်ဟာ ထောင်ချောက်ထဲ မိထားပြီဆိုပြီ။ ပေါ့ပေါ့ပျက်ပျက်သဘောထားလို့ မရဘူး။ သူ့အသက်သေမှ ရမယ်ဆိုတော့ ထောင်ချောက်ထဲမိနေတဲ့အကောင်ကို သတ်ဖို့ နည်းလမ်းရှာရတယ်လေကွာ။ ဒါကြောင့် အဲဒီလုံနှစ်ချောင်းကို ကိုင်ရတာပဲ။

ခု မင်းလက်ထဲက လုံကိုပစ်လုံလို့ခေါ်တယ်။ ဖျက်က လက်တစ်ဖိုးလောက်၊ လုံသွားအရှည်က တစ်တောင်နဲ့နှစ်မိုက်၊ လက်ကိုင်လုံရိုးက ခုနစ်တောင်၊ ဝါးကျစ်သားနဲ့လုံရိုးကို တပ်ထားပြီး လက်တစ်ဆုပ် လုံရိုးပေါ့ကွာ။ လုံသွားကို မင်းကြည့်လိုက်၊ ဝါးပိုးရွက်ကြီးပုံသဏ္ဌာန် နှစ်ဖက်အသွားရှိထားတာ တွေ့တယ်မို့လား။

ထောင်ချောက်မိထားတဲ့ သားကောင်အလစ်အငိုက်ကို အဝေးကအဲဒီလုံနဲ့ ပစ်ထိုးရလို့ ပစ်လုံလို့ခေါ်တာဘဲကွ မှတ်ထား။

“ဒါဆို အောင်းလုံဆိုတာကရောကွ”

“အောင်းလုံဆိုတာက လုံလိုပါပဲ။ လုံသွားထက် တစ်တောင်နဲ့လက်သုံးသစ်၊ လုံရိုးက တစ်တောင့်ထွာ၊ ဝါးရွက်ပုံသဏ္ဌာန်နှစ်ဖက်အသွားရှိပြီး အလွန်ပြတ်ရတယ်ကွ။ ပစ်လုံနဲ့ပစ်လို့မသေဘဲ လူကို အန္တရာယ်ပြုပေးရင် အဲဒီအောင်းလုံနဲ့ ထပ်ပြီး စခန်းသိမ်းရတဲ့လုံတို့ကို အောင်းလုံလို့ခေါ်တာပဲ မှတ်ထားကွ”

မြတ်မင်းဟန်စကား အဆုံးသတ်လိုက်ပြီမို့ တင်ထွန်းတစ်ယောက် သူကိုင်ထားသည့် တူးမီးသေနတ်တွင် ကျည်ဖြည့်ဖို့ ပြင်ဆင်လိုက်သည်ကို ကြည့်နေလိုက်သည်။





တင်ထွန်းတစ်ယောက် လွယ်အိတ်အတွင်းမှ ပင်နယ်စလင်ပုလင်းဖြင့် ထည့်ထားသည့်ယမ်းမှုန့်များကို သေနတ်ပြောင်းအတွင်း လောင်းထည့်ပြီး ထောင်းတံနှင့် ယမ်းများ သိပ်သွားအောင် ထောင်းလိုက်သည်။ ပြီးနောက် (ကာဗိုက်) ဟုခေါ်သည့် စက္ကူထူအပိုင်းပြားကလေးကို ထပ်မံထည့်ပြီး ထောင်းတံဖြင့် ထောင်းလိုက်ပြီး ကျည်ခဲလုံး (၉) လုံးထည့်ကာ ထောင်းတံနှင့်ထပ်မံထောင်းလိုက်ပြီး အုန်းဆံဖတ်များထည့်ကာ (ကာဗိုက်ပြားထည့်ပြီး အပေါ်မှ ထောင်းသည်ကို တွေ့လိုက်ရသည်။

ပြီးတော့ နောက်ပိုင်းရှိ ‘ထုဆံ’ ခေါ် ငုတ်ကလေး (ဓာတ်ခဲထိပ်မှ ကြေးဝါဆန်ဆန်ခွက်) အတွင်းပေါက် ယမ်းမှုန့်ထည့်ကာ ငုတ်ကို ဖုံးအုပ်လိုက်ပြီး ထိုငုတ်ကလေးနှင့် နှစ်လက်မခန့်အကွာ စပရိန်ဖြင့် ချိတ်ဆွဲထားသည့် ပိုက်ဖဲ့ကိုမတင်ပြီး မောင်းခလုတ်ကို ဆွဲတင်လိုက်သည်။

သားကောင်ကိုတွေ့၍ ပစ်ခတ်လိုပါက သေနတ်မောင်းကို ဆွဲဖြုတ်လိုက်သည်နှင့် မောင်းခလုတ်ပြုတ်ပြီး ရိုက်တံနှင့်ငုတ်တံထိကာ အကူယမ်းမှ ယမ်းမကြီးဘက်မီးကူး၍ ပေါက်ကွဲလျှက် ပြောင်းထဲရှိကျည်ခဲလုံးများကပစ်မှတ်ထားရာဆီသို့ ထိမှန်သော သေနတ်မျိုးဖြစ်ပေသည်။

“မင်းကိုင်တဲ့ သေနတ်ကိုကြည့်ပြီး ငါဒီပစ်လုံကို လိုရမယ်ရယူခဲ့တာကွ”

“ဟုတ်လား ... ဘာကြောင့်လဲကွ ဟင်”

“မင်းစဉ်းစားကြည့်လေ ... မင်းသေနတ် တစ်ချက်ပစ်ဖို့အတွက် သုံးနေတာ အနည်းဆုံး (၇) မိနစ်ကြာတယ်လေ။ ဒီသေနတ်နဲ့ မင်းပစ်လိုက်တဲ့ သားကောင်ကနေရာမှာ မလဲဘဲ လူကိုပြန်ခုခံရင် ဘယ်လိုလုပ်မလဲ၊ သားကောင်ကမင်းကို ရန်မူမှာပေါ့။ အဲဒါဆို မင်းခံသွားရမှာလေကွာနော”

“အေး .... အဲဒီလိုဆိုတော့လဲ ဟုတ်တယ်ကွ”

“အဲဒါကြောင့် ဒီလုံကို ငါယူခဲ့တာပေါ့ကွ။ ခုထဲက မင်းကို ငါပြောထားမယ်။ အကယ်၍များ အဲဒီအဖြစ်မျိုးကြုံခဲ့ရင် မင်းလွတ်ရာကို ရှောင်ပြီး နောက်တစ်ချက်ပစ်ဖို့ ကိစ္စကိုလုပ်၊ ငါ ဝင်ရင်ဆိုင်မယ်။ မင်း ကျည်ဖြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



တော့မှ လိုအပ်ရင်ဝင်ပေါ့ . . . ကြားလား၊ ငါမှာတာကို အသေအချာ မှတ်ထား။ နောက်ထပ် ပြောချိန်မရဘူး"

"အေးပါကွာ . . . ငါ သဘောပေါက်ပါပြီ။ သွားလိုက်ကြအောင်"

နှစ်ဦးသားနေရာမှထကာ ဆက်လက်လျှောက်လှမ်းခဲ့ကြပြန်သည်။ ဝါးရုံတောကြီးများအတွင်းမှ မြန်မာ့လက်ဝှေ့ကျော်များ လက်ခမောင်းခတ်နေကြသည့်နှယ် တောကြက်ဖတို့၏ တဖောင်းဖောင်း အတောင်ပံရိုက် တွန်ကျူးသံများကို နှစ်ဦးသား ကြားလိုက်ရသည်။ နေမွန်းတည့်ပင် ကျော်ခဲ့ပြီ။ ထိုအချိန် ညှင်းသွဲ့သွဲ့ လေပြည်စီးကြောင်းနှင့်အတူ တောသန်းတောင်ပန်းနံ့တို့ စီးမျောလာသည်။ နေခြည်သည် ခေါင်းပေါ်သို့ရောက်နေပြီမို့ သစ်ရွက်အကြို့အကြားမှ အလင်းတန်းများကြောင့် အတန်အလှမ်းဝေးရာဆီသို့ လှမ်းမြင်တွေ့နေရသည်။

ပဲခူးရိုးမကြီးတွင် အမြင့်ဆုံးတောင်ကြီးဖြစ်သည့် 'မဟူရာတောင်ကြီးသည် မြောက်ဘက်ကို တဖြည်းဖြည်းနိမ့်ဆင်းသွားကာ မိုးကုတ်စက်ဝိုင်းကြီးနှင့် ထိစပ်နေသည်။ သူ့အောက်တွင် သားရဲပေါလှသော တောတန်းစိမ်းစိမ်းတို့သည် မုဆိုး (၂) ဦးကို သူတို့ရင်ခွင်တွင်း ဘာတစ်ကောင်မှ မရှိသယောင် မာယာဆောင်လျှက်။

နှစ်ဦးသားခြေသံကို အတတ်နိုင်ဆုံး လုံအောင် ထိန်းထားနိုင်ကြသည်။ သို့မှသာ အခြားထွက်ပေါ်လာသည့် အသံတိုင်း၏ အကြောင်းရင်းဇစ်မြစ်ကို သိနိုင်မည်မဟုတ်ပါလား။ မြင်တွေ့သမျှ လှုပ်ရှားမှုတို့၏ အနေအထားကိုလည်း အကဲဖြတ်နိုင်ပေမည်။ တင်ထွန်းက သေနတ်ကို အသင့်ကိုင်ထားသလို မြတ်မင်းဟန်ကလည်း လှံကိုဆုပ်ကိုင်လျှက်။

ဆင်ခြေလျှောတစ်လျှောက် ဝါးပင်ပေါက်များ စုဝေးပေါက်ရောက်လျှက်ရှိသည့် တောအုပ်အလွန် ကျွန်းပင်များပေါက်နေသည့် နေရာသို့ရောက်လာခဲ့ကြသည်။ အခြားသော သစ်ရာ၊ ဒိဒူး၊ ပိတောက်ပင်တို့ ရောနှောပေါက်နေသော်လည်း အများစုမှာ ကျွန်းပင်များဖြစ်သည်။ အပင်လုံးကြီးကြသလို အထက်ကိုလုတက်ကြသည့် အပင်များဖြစ်သည်မို့ ရှည်လျားဖြောင့်တန်း





သည် ကျွန်းရွက်ဖားဖားကြီးတို့ အုပ်မိုးနေမှုကြောင့် အလင်းရောင်သိပ်မရ။ ထိုအပင်ကြီးတွေကို ကွေ့ပတ်ရှောင်တိမ်းရင်း၊ ချိုးနွယ်တောတို့ကို တိုးဝှေ့ရင်း နှစ်ဦးသား တိုးလာခဲ့ရာ ကနစိုးပင်ထက်မှ အသီးများကို စားသောက်နေကြသည့် မျောက်ညိုတစ်အုပ်က မြင်တွေ့သွားသဖြင့် ဆူညံစွာအော်ဟစ်ခုန်ဆင်းပြေးလွှား မျောက်ကွယ်သွားကြသည်။ ဆက်လက်လျှောက်လှမ်းခဲ့ကြရာ ကျွန်းပင်ကြီးများ ခပ်ပါးပါးပေါက်နေသည့် နေရာဆီသို့ရောက်လာကြသည်။ လမ်းသာသဖြင့် ခရီးတွင်လာသဖြင့် လျှောက်လှမ်းနေစဉ်၊ မြတ်မင်းဟန်ကလေသံနှင့် . . .

"တင်ထွန်း . . . ဟိုမှာ သားကောင်ကြီးခြေရာကွ ကြည့်စမ်း"

မြတ်မင်းဟန် လက်ညှိုးညွှန်ပြရာကို ကြည့်လိုက်တော့ လတ်လတ်ဆတ်ဆတ် သားကောင်ကြီးခြေရာကို တွေ့မြင်လိုက်ရသည့်အတွက် . . .

"အေး . . . . စိုင်ခြေရာဘဲကွ၊ သတိထား"

နှစ်ဦးသား ခြေသံလုံလုံနှင့် စိုင်ခြေရာအနောက်ကို လိုက်ခဲ့ကြသည်။ ခြေရာက မကြာခင်က သွားထားသည့်ခြေရာမို့ လတ်လတ်ဆတ်ဆတ်။ မကြာမီ ဝါးရုံတောကြီးတို့ ရှိရာဘက်ဆီသို့ ရောက်လာသည်။ လေပြင်းတိုက်ခတ်မှုကြောင့် ဝါးရွက်တို့ လေတိုးသံတရှဲရှဲ ကြားနေရသည်။

ထိုစဉ် ဝါးကိုင်းများတွင် နားနေသည့် ကြက်တူရွေးတစ်အုပ်က သူတို့ကို မြင်တွေ့သွားသည့်အတွက် 'တီခနဲ၊ တီခနဲ' မြိုင်တူအော်ဟစ်ကာ 'ဝုန်း' ခနဲ ဦးတည်ရာဆီသို့ ပျံသန်းပြေးထွက်သွားကြသည်။ ဝါးရုံကိုင်းများကို လက်နှင့် ဖယ်ရှားတိုးဝှေ့ သတိကြီးစွာထားလျှက် ခြေရာနောက်သို့ ဆက်တိုး၍ လိုက်ခဲ့ကြ၏။ စိုင်ကြီး၏လှုပ်ရှားမည့် အရိပ်အကဲကိုလည်း စူးစမ်းတွက်ဆကြ၏။

ဝါးရုံတောကြီးများကို အတန်ကြာကြာ ဖြတ်သန်းပြီးနောက် ချောင်းကမ်းစပ်အနီးသို့ ရောက်လာ၏။ မိုးကောင်းသည့်ကာလမျိုးတွင် တောင်ကျရေတို့ ဒလဟောစီးဆင်းရာ ချောင်းဖြစ်ပေမည်။ ယခုလို နွေကာလတွင် စီးဆင်းရန် ရေမရှိသည့်အတွက် အနိမ့်ပိုင်းကျသည့် နေရာအချို့တွင် ရေအိုင်



www.burmeseclassic.com

www.burmeseclassic.com



ငယ်တို့ကိုသာ တွေ့ရပြီး သဲမှုံမှုန့် ကျောက်စိုင်ကျောက်တုံးတို့က ချောင်းခါးရှုပ်ကြွင်းအဖြစ်သာ တွေ့နေရသည်။

သားကောင်ခြေရာက အထင်အရှားမို့ ရေသောက်ဆင်းလာဟန်ထင့်။ ချောင်းစပ်ရေသဖန်းပင်ကြီးအောက်တွင် နှစ်ဦးသားရပ်နားပြီး အမော ဖြေလိုက်ကြသည်။ ဟူးခနဲသက်ပြင်းမောကိုလည်း မှုတ်ထုတ်လိုက်ကြသည်။ ခြေရာခံလိုက်လာသည်မို့ သူတို့စိတ်အထင်က စိုင်ကို ပစ်ခတ်ဖို့ဆိုသည်ကိုပင်။ သို့အတွက် ချောင်းအတွင်းဆင်း၍ ချောင်းရိုးအတိုင်း လျှောက်လှမ်းလာခဲ့ကြသည်။ တွေ့မြင်နေရသည့် ရေအိုင်တို့မှ ရေတို့ကကြည်လင်ပြီး ငါးကလေးတွေ ကူးခတ်နေသည်ကိုလည်း သတိပြုလိုက်မိကြသည်။

ချောင်းရိုးတစ်လျှောက် ပေါက်နေကြသည့် 'တမာ၊ ဖန်ခါး၊ ကသွတ်၊ သဖန်း၊ ကြောင်လျှာ၊ တောငှက်ပျော၊ ကိုင်းပင်' တို့ အကိုင်းအခက်အပွင့်တို့က ချောင်းမြင့်ကို အုပ်မိုးထားကြသည်။ သဲမြေမှုမှထက် သားကောင်ခြေရာ အတိုင်း လိုက်ခဲ့ကြရင်းမှ ...

"ဟု ကိကိ ... ဟု ကိကိ"

ချောင်းအထက် အရှုပ်တောကြီးအတွင်းမှ ရစ်ဖကြီးတစ်ကောင်က တထိတ်တလန့် ပျံသန်းပြေးထွက်သွားသည်ကို နှစ်ဦးသား မြင်တွေ့လိုက်ရသည်။

နှစ်ဦးသား ချောင်းအတိုင်းသတိနှင့် လျှောက်လှမ်းရင်း သတိထားကြည့်လိုက်ရာ ချောင်းဝဲယာတို့တွင် သားကောင်ရှိနိုင်မည့်နေရာကို သတိထားကြည့်ကြ၏။ မတွေ့သဖြင့် ချောင်းကမ်းနဖူးကိုတက်လျက် ရှာဘက်သို့ ဦးတည်လိုက်၏။ လမ်းကျောသည် ချုံပင်၊ နွယ်ပင်ဝါးရုံပင်များနှင့်အတူ သစ်ရာနှင့် ပိတောက်ပင်ကြီးများ အပြိုင်အရိုင်း ပေါက်နေသောကုန်းမြင့်ကို တွေ့လိုက်ရသည်။ ထိုကုန်းမြင့်ထက်သို့ နှစ်ဦးသား တက်ခဲ့ကြပြန်သည်။

ကုန်းမြင့်ထက်သို့ ရောက်သောအခါ မောပန်းသဖြင့် ခေတ္တနားနေလိုက်ကြသည်။ နေညိုချိန်ရောက်ပြီမို့ နေကျလာခဲ့ပေပြီ။ ထိုကုန်းမြင့်မှ အဆင်းတွင် သစ်ပင်ကြီးတို့ ကျဲပါးသွားသည်။ မြေပြင်ကလည်း နိမ့်လာ





သည်။ အတန်ငယ် လျှောက်လှမ်းလိုက်တော့ သစ်ပင်ကြီးငယ်တို့ ထူထပ်ညို့မှိုင်းသော လျှိုကြီးတစ်ခုကို တွေ့လိုက်ကြရသည်။ မြေက ညီပြီး သစ်ပင်ကြီးတို့ ကျဲပါးသည်။ ဆင်ငိုမြက်ရိုင်းတို့ ဖုံးလွှမ်းထားသည့် နေရာပင်။

"မြတ်မင်းဟန် ... ငါ အဲဒီလျှိုထဲ တိုးဖူးတယ်။ သားကောင်နီအောင်းတဲ့နေရာ၊ စားစရာပေါပြီး ရေလည်း ရှိတယ်ကွ"

"ဒီလိုဆို ဝင်တိုးကြည့်လိုက်ကြရအောင်ကွာ"

နှစ်ဦးသား လေသံနှင့် သဘောတားယူလိုက်ကြပြီးနောက် လျှိုအတွင်း ဝင်လိုက်သည်နှင့် ညဘက်ချိုတောဆီမှ တောတိုးပြေးလွှာသံ ကြားလိုက်ရသည်။ အသာငြိမ်ပြီး အကဲခတ် စောင့်ကြည့်နေစဉ် ...

"တရိန် ... တရိန် ... တရိန် ..."

ဆတ်တစ်သံများကို ကြားလိုက်ရသည်။ စောစောက လန့်ပြီး တောတိုးပြေးသည့် ဆတ်ကြီးတစ်လိုက်သံဖြစ်ပေသည်။ နှစ်ဦးသား သတိကြီးစွာထား၍ အတွင်းပိုင်းဆီသို့ တိုးဝင်ခဲ့ကြသည်။ တောကောင်တို့၏ အော်မြည်သံ၊ တောတိုးပြေးလွှားသံတို့ကို နားစွင့်၏။ သစ်ရွက်လေတိုးသံနှင့် ငှက်ငယ်လေး တွေအော်မြည်သံသာ ကြားရသည်။

နေစွယ်ကျိုးပြီမို့ မကြာမီ တောရိပ်တောင်ရိပ်တို့က မင်းမူပေတော့မည်။ တစ်နေ့သာကုန်တော့မည် စိုင်ခြေရာမှလွဲပြီး ဘာမှမတွေ့ရသေး၊ သားကောင်ဆိုသည်က သည်တောတွင် ပေါသည်ဆိုသော်လည်း တစ်ခါတစ်ရံ ယခုကဲ့သို့ပင် တစ်ခါတစ်ရံ တောထိုင်သွားရင်း အိမ်နောက်ဖေးတွင်လည်း တွေ့တတ်တာမျိုး၊ တိုးတတ်တာမျိုးကို၊ လိုချင်လို့ ယခုလို တောင်းရှာပြန်တော့ တွေ့ချင်မှ တွေ့တတ်တာမျိုး။ သို့အတွက် တောဆိုသည်မှာပင် ဘယ်လို မာယာများတတ်ကြသည်ဆိုကြတာကိုး။

နှစ်ဦးသားမောမောနှင့် ခေတ္တထိုင်ကာ ချွေးသုတ်အမောဖြေရင်း အတွေးတို့ ယောက်ယက်ခတ်နေစဉ်၊ ကိုက် (၅၀) ခန့် အကွာကသတိပြုကြည့်လိုက်မိသည်။ မြက်ပင်ရှည်များအကြား ကျားကြီး (၂) ကောင်က၊ မြေပြင်မြက်ရိုင်းပင်တို့အထက် လဲကျနေသည့် သားကောင်ကြီးတစ်ကောင်၏ အသားများကို ကိုက်ဖဲ့စားသောက်နေသည့် မြင်ကွင်းကို တင်ထွန်းက မြင်လိုက်သည့်အတွက် မြတ်မင်းဟန်ကို လက်တို့ကာ လှမ်းပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကြီးမားထွားကျိုင်းသည့် အဝါတွင် အနက်စင်းများ ရောထွေးနေသည့် ကျားကြီး (၂)ကောင်မှာ မြေပြင်တွင် ဘေးတိုက်လဲကျ သေဆုံးနေသည့် သားကောင်ကြီး၏ အသားများကို ငုံ့ကာကိုက်ဖဲ့စားလိုက်၊ ခေါင်းထောင်ကာ အသားတွေကိုစားရင်း ဝန်းကျင်အကဲခတ်လိုက်ဖြင့် လုပ်နေသည့် မြင်ကွင်းကို မြတ်မင်းဟာန် တွေ့လိုက်ရသည်။ တော်နေသေးသည်က သူတို့က လေတင်၊ ကိုယ်ကလေအောက် ဖြစ်နေခြင်းကိုလည်း နားလည်သဘောပေါက်လိုက်ကြပေသည်။ ကျားကြီး (၂) ကောင်ကလည်း အစာစားနေစဉ် ဖြစ်ပေါ်လာမည့် အန္တရာယ်ကို တုံ့ပြန်တိုက်ခိုက်ဖို့ သတိနှင့် အနေအထားမျိုး။

တင်ထွန်းက ကျားကြီးများ ခေါင်းငုံ့ကာ သားကောင်သေ၏အသားကို ကိုက်ဖဲ့နေစဉ် နှစ်ဦးသားသစ်ပင်တစ်ပင်မှ အခြားသစ်ပင်သို့ရင်း၊ ချုံပုတ်တစ်ခုမှ အခြားချုံပုတ်သို့ရင်း ခြေသံလုံလုံ စိတ်ရှည်ရှည်ထားကာ အသားချည်းကပ်နေသည်ကို ကျားကြီးတို့ကမသိ၊ သွေးသံရဲရဲအနံ့က လူနံ့ကို ဖုံးနေသဖြင့် သတိထားမိပုံလည်း မရှိ၊ တင်ထွန်းက ခေါင်းထောင်ကာ ထိုးကပ်နေသလို ကျားကြီးတွေ ခေါင်းထောင်အကြည့် နှစ်ဦးသားရောက်သည့်နေရာမှ သစ်ငုတ်တို့လို ငြိမ်ပြီးအသက်ကို မရှူဘဲအောင့်ကာ ငြိမ်နေလိုက်လုပ်ရင်း တဖြည်းဖြည်း တိုးကပ်လာရာ ရှေ့တွင် သူတို့နှစ်ဦးနှင့် ကျားကြီး (၂) ကောင်အကြား ကန့်လန့်ဖြတ်လဲနေသည့် သစ်လဲပင်ကြီးတစ်ပင် ကြားခံနေသည်ကို သတိပြုလိုက်မိကြပေသည်။

ထိုသစ်လဲပင်နှင့် သူတို့နှစ်ဦးအကြားတွင် ချုံပုတ်ပင်အချို့နှင့် ကိုင်းပင်များ ကြားခံနေသည်၊ ထို့အတူ ကျားကြီး (၂) ကောင် သားကောင်ကို ကိုက်ဖဲ့စားသောက်နေသည့်နေရာနှင့် သစ်လဲပင်ကြီးကြားတွင် ခါးတစ်ဝက်လောက်မြင့်သည့် ဆင်ငိုမြက်ရိုင်းပင်တို့ ရှိနေသည်။ လက်ရှိနေရာမှ ပစ်မည်ဆိုလျှင် စိတ်မချရ အလှမ်းကဝေးသေးသည်။ အနီးကပ် ပစ်ရမည်ဖြစ်သည့်အတွက် တင်ထွန်းက မြတ်မင်းဟာန်အား လက်တို့ကာ ထိုနေရာ





ငုင်နေခဲ့ပြီး သစ်လဲပင်ဆီ သူတိုးကပ်ပစ်မည့်အထာကိုပြသည်။ မြတ်မင်းဟာန်ကလည်း ဇာတ်တိုက်ထားပြီးမို့ သဘောတူကြောင်း ခေါင်းညိတ်အသိအမှတ်ပြုသည်။

ထိုအချိန်အမှောင်ဘက်သို့ အားသာစပြုလာသည်။ အခွင့်ကောင်းကို မိမိတို့၏ စွန့်စားခြင်းကို ရင်းနှီးမှုရမည့်ကို နှစ်ဦးသား သဘောပေါက်သည်။ အခွင့်ကောင်းရဖို့ စွန့်စားရဲသူတို့၏ ရလဒ်ဆိုသည်ကိုလည်း သဘောပေါက်သည်။ အထူးသဖြင့် မြတ်မင်းဟာန်စိတ်တွင် သူငယ်ချင်းဖြစ်သူ၏အပ်ချက်ကို ဖြည့်ဆီးပေးလိုသည့်ဆန္ဒက အားသာနေသည်ဘဲ မဟုတ်ပါသလား။

သေနတ်ကိုင် တင်ထွန်းတစ်ယောက် မုဆိုးကောင်းတို့ အရည်အသွေးကို မှတ်ကျောက်တင်ရန် သည့်ပွဲမျိုးမှ မစွန့်စားလျှင်ဆိုသည့် အတွေးဖြင့် မြေပြင်တွင် ဝမ်းလျားမှောက်လျက် မိကျောင်းသွားဖြင့် သစ်လဲပင်ဆီသို့ အသာထိုးကပ်လိုက်သည်။ သွားလိုက် နားလိုက် တိုးကပ်ရင်း စက္ကန့်ပေါက်ကြာတော့ သစ်လဲပင်ကြီးနား ကပ်မိသည်။ သူတို့အားသာချက်မှာ လေအောက်မှ ဖြစ်နေခြင်းနှင့် စည်ပိုင်းလုံးလောက်ရှိ သစ်လဲပင်ကြီးကို ကာအကွယ်ရနေခြင်းကြောင့် ဖြစ်သည်။ ပင်စည်လုံးအမြင့်မှာ လူတစ်ထိုင်မြင့်မို့ အံကိုက်ဖြစ်၏။ အသာပင်စည်လုံးနား တိုးကပ်ထိုင်လိုက်ပြီး ကျားကြီး (၂) ကောင်ဆီ လှမ်းကြည့်လိုက်သည်။

သူတို့စားနေသည့် အကောင်မှာ မြေပြင်တွင် ဘေးတိုက်လဲကျ ပက်ပွင့်နေသည့်အကောင်မှာ လမ်းတွင် ခြေရာခံလိုက်ခဲ့သည့် စိုင်ကြီးဖြစ်နေ၍ ကျားကြီးတစ်ကောင်မှာ သူနှင့်နီးကပ်ပြီး ဘေးတိုက်အနေအထား၊ နောက်တစ်ကောင်က သူ့ကိုကျောပေးလျက်။ ပစ်ကွင်းက တစ်တန်းတည်း ကျည်လမ်းကြောင်းတွင် ရှိနေသည်မို့ သစ်လဲပင်ကို မှေးကပ်ကာ တန်းထိုးချိန်ရွယ်ပြီး မောင်းခလုတ်ကို အသာအယာ ဆွဲညှစ်လိုက်ပေတော့သည်။

"ဒိန်း ..."



www.burmeseclassic.com

www.burmeseclassic.com



အသံတိုတိုခပ်အုပ်အုပ် ပေါက်ကွဲသံကြီးနှင့်အတူ တူးမီးသေန တို့၏ ထုံးစံအတိုင်း မီးခိုးတန်းက အမှောင်ဖုံးသွားပေသည်။ တင်ထွန်းတ ယောက် မီးခိုးအမှောင်ထုကြောင့် ဘာမှမမြင်ရသော်လည်း ခပ်လှမ်းလှ မှ စောင့်ကြည့်နေသည့် မြတ်မင်းဟာန် မြင်ကွင်းတွင်မူ ကျားကြီးတစ်ကော မှာ သွေးရူးသွေးတန်း ရှေ့ကို တစ်လှမ်းနှစ်လှမ်း လှမ်းလိုက်ပြီး မြေပြင်ပ ဘေးတိုက်လဲကျပြိုမ်သွားသည်။

ရန်သူရှိပြီဟူသော အသိဝင်သွားသည့် ကျန်ကျားကြီးတစ်ကော က နောက်ကျွမ်းပစ်ကာ အထက်သို့ လူတစ်ရပ်ခန့် ခုန်လိုက်ပြီး မြေပြင် ခေါင်းစိုက်ကျကာ အော်ဟစ်လူးလိမ့်ရင်း အနီးကပ်ရန်သူကို ဂလဲ့စားခ မျက်လုံးရဲရဲ၊ သွားစွယ်ကြီးများထုတ်၍ ကြောက်ခမန်းလိလိ ဟိန်းဟော ရင်း လိုက်လံရှာဖွေနေစဉ် မြတ်မင်းဟာန်က နေရာမှကြုံးထလိုက်ပြီး ...

"ဟေး ... ဝါး ... ဟား ... ဟား ... မင်းရန်သူ ဒီမှာကွ"

အော်ဟစ်အသံပြုလိုက်ရင်း လှံတံကိုကိုင်၍ သူငယ်ချင်းနှင့် အလှ ဝေးသည့် သစ်လဲပင်ကြီးအရင်းပိုင်ကို ပြေးပြီး လူလုံးပြလိုက်သည်။ မီးခိုး အမှောင်ဖုံးနေသည့်ကြားမှ ကျားကြီးသည် မြတ်မင်းဟာန်ကို မြင်လိုက်သ နှင့် တရကြမ်းပြေးဝင်လာပြီး သစ်မြစ်ပိုင်းကြီးနောက်သို့ ခုန်အုပ်လိုက်သ နှင့်တစ်ပြိုင်နက် မြတ်မင်းဟာန်လှံကို ဆုပ်ကာထိုင်ချလိုက်ပြီး သစ်လုံးအော မှ လိမ့်ကာ သစ်မြစ်ဆုံနောက်ဘက်ဆီ ကူးလိုက်ပြန်သည်။

ကျားကြီးမှာ သစ်မြစ်ဆုံကို ကျော်လွှားခုန်လိုက်ရသည်မို့ အရှိန် လည်း ထိန်းလို့မရသည့်အတွက် သစ်မြစ်ကြီး ဟိုမှာဘက်ကို ကျော်လွှ ရောက်ရှိသွားသည်။ ကျားကြီးမှာ သစ်မြစ်ဆုံဟိုမှာဘက်ကို ကျော်လွှားရော ရှိသွားသည်နှင့် မြတ်မင်းဟာန်က သည်မှာဘက်က ထရပ်လိုက်ပြီး အသံပေ လိုက်ပြန်သည်။

"ဟေ့ ... ဟင်းမျိုးကြွက်စုပ်၊ ငါ ဒီဘက်မှာလေကွာ"

ထိုအသံကြောင့် ကျားကြီးကနောက်သို့လှည့်ကာ ပြေးဝင်ခုန်အု ပြန်သည်။ မြတ်မင်းဟာန်က ထိုင်ချလိုက်ပြန်ပြီး အခြားဘက်သို့ လိမ့်လို





ပြန်သည်။ ကျားကြီးမှာ သစ်မြစ်ဆုံကြီးကို ကျော်လွှားကာ အခြားတစ်ဖက် ဆီသို့ ရောက်သွားပြန်သည်။

ထိုသို့လုပ်ရင်းက သုံးကြိမ်ခန့်ရှိသောအခါ ကျားကြီးလဲမောဟိုက် သွားသည်။ မြတ်မင်းဟာန်က သူ့လုပ်ရပ်ကို သဘောကျကာ ပြုံးလိုက်ရင်း ဆုပ်နေရာက လှံကို လက်နှစ်ဖက်ဖြင့် ကျစ်ကျစ်ပါအောင်အရင်းက ဆုပ်ကိုင် လိုက်ပြီး ...

"ဟေ့ ... ကြွက်စုတ်၊ မင်းလိုကောင်က ငါလိုလူသားကို ..."

အသံကြားလိုက်ရာ နောက်ကျောသစ်မြစ်ဆုံကြီးရှိရာသို့ ကျားကြီး တစ်ဟုန်ထိုးပြေးလာပြီး ခုန်အုပ်လိုက်ပြန်သည်။ သို့သော် ကျားကြီးမှာ မော နေသည့်အတွက် စောစောကလောက် သစ်မြစ်ဆုံသည်မှာဘက်ရှိ မြတ်မင်း ဟာန်ကို လွှားခနဲ ခုန်ကျော်အုပ်လိုက်ချိန်တွင် ရှေ့လက်နှစ်ဖက်နှင့် လည်တိုင် ရင်းဆုံရာဆီသို့ လှံဖျားကို ထောက်ပေးလိုက်ချိန် ...

"ဒိန်း ..."

"ဂရား ..."

မြတ်မင်းဟာန် ကိုင်ထားသည့်လှံဖျားက ခုန်အုပ်လာသည့်ကျားကြီး ၏ ရှေ့လက်နှစ်ဘက်ကြားမှ လည်တိုင်ရင်းကို ဖောက်ထွက်သွားသည့်တိုင် သူ့အရှိန်နှင့်သူ စိုက်ဝင်နစ်မြုပ်သွားချိန်တွင် သစ်လဲပင်အဖျားပိုင်းတွင် နောက် တစ်ချက်ပစ်ခတ်ရန် ကျည်ဖြည့်နေသည့် တင်ထွန်းတူးမီးပစ်ခတ်လိုက်သည့် သေနတ်သံကြီးနှင့်အတူ နာနာကျည်းကျည်း သေငယ်ဇောနှင့် အော်ဟစ်သံ ကြီးကို ကြားလိုက်ရပြီး ဖွဲ့အိတ်ကြီးကို ပစ်ချလိုက်သည့်အခါ ကြားလိုက်ရ သည့် အသံမျိုးဖြင့် ဘေးသို့ပစ်ကျသွားသည့် ကျားကြီးမှာ လျှာကြီးကို တစ် တောင်းကိုက်လျက် အသက်ပျောက်ငြိမ်သက်သွားသည်ကို တွေ့မြင်လိုက်ရ ပေတော့သည်။ ထိုအချိန် ဝန်းကျင်တစ်ခုလုံး တူးမီးသေနတ်မှထွက်သော မီးခိုးအမှောင်ဖုံးသွားပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မြတ်မင်းဟန်တစ်ယောက် သည်တစ်ပွဲတွင် မိမိတို့ (၂) ယော အနိုင်ရလိုက်ပြီဆိုသည်ကို သိလိုက်ပြီဖြစ်သောအသိနှင့် သွေးသံရဲရဲနှင့် တိုက်လဲနေသည့် ကျားကြီးကို တွေတွေကြီးကြည့်လျက် ပီတိဖြစ်နေ နောက်ကျောမှပြေးဖက်ကာ မိမိကို အနမ်းမိုးရွာနေသည့် တင်ထွန်း၏ အ ပါသော အထိအတွေ့၊ အဖက်အနမ်းတို့ကြောင့် အသိပြန်ဝင်လာသည့်နှ ပြန်လည် ပွေ့ဖက်လိုက်ရင်း ပြောလိုက်မိသည်က ...

"ညီလေးရယ် ... ငါဝမ်းသာလိုက်တာကွာ၊ မုဆိုးတို့အလုပ် အဲဒါပဲ။ မင်းဆန္ဒပြည့်ဖို့အတွက် ငါ့အသက်ကိုပေးဖို့တောင် စိတ်ကူးထား ပါတယ်ကွာ။ ခုလို မင်းဆန္ဒကို ငါဖြည့်ဆည်းနိုင်ပြီဆိုတော့ ငါသိပ်ဝမ်းသာ တယ်ဟေ့။ တောပိုင်တောင်ပိုင်တွေကလည်း သားတွေကိုချစ်တော့ အသေ အကာမ်းစွန့်ကျဲတာက ရက်ရောတယ်ကွ။ ဆထက်ထမ်းပိုး တိုးပြီး သားတော် များ တင်မြှောက်ပသပါဦးမယ်ခင်ဗျား"

နဖူးပေါ်လက်အုပ်မိုးလျက် ရှိခိုးတောင်းပန်နေလိုက်သည့် သူငယ် ချင်းနှစ်ဦး ဝမ်းသာလွန်းသဖြင့် ပွေ့ဖက်လူးလိမ့်ထားကြသဖြင့် ထိုးထိုး ထောင်ထောင်ဖြစ်နေသည့် ဆင်ငိုမြက်ရိုင်းတောကား တလင်းပြင်ဖြစ်သွား သည်နှယ်ပင်။

"ကဲ ... မင်းဆုတောင်းအတိုင်း ကျားနှစ်ကောင်အပြင် စိုင်ရိုင်း စိုင်သားတစ်ခြမ်းပါ အဆစ်ရလိုက်သေးတယ်၊ အချိန်ကလည်း အမှောင် ဘက်ကို လှနေတော့ ဒီမှာအိပ်ပြီး မနက်မှလုပ်ကြမလား ... တင်ထွန်း"

"မင်းမှာ ဓာတ်မီးပါလာခဲ့တယ်မို့လား"

"အေး ... ပါလာတယ်"

"ဒါဆို ပြန်ပြီး လှည်းနဲ့သယ်ဖို့ စီစဉ်ကြမယ်ကွာ။ သိန်းဝင်းနဲ့ ဝင်းနိုင်တို့လည်း ရှိနေကြတာဘဲ၊ မင်းသေနတ်လည်း ကျည်ဖြည့်ပြီးရင် သွား ကြမယ်"

သူတို့နှစ်ဦး တူးမီးသေနတ်ကို ကျည်ဖြည့်လို့အပြီး သစ်ရွက်သစ် ခက်တွေကိုဖြတ်လိုက်ပြီး ကျားနှစ်ကောင်နှင့် စိုင်သေအပေါ် ဖုံးအုပ်လိုက်





ကြသည်၊ ထိုအရပ်တွင် မုဆိုးလုပ်သူက သားကောင်ကိုပစ်ခတ်ပြီး အပေါ် တွင်သစ်ခက် သစ်ညွန့်တို့ဖုံးအုပ်ထားပါက မည်သူမှ မယူကြ။ ပိုင်ရှင်ရှိသည် ဟူသော သဘောကို သိနေကြသည့်အတွက်ပင် ဖြစ်ပေသည်။

သူငယ်ချင်းနှစ်ယောက် အပြန်လမ်းတွင် မီးရောင်ဖြင့် တွေ့သည့် သားကောင်များကို မပစ်ခတ်ကြတော့ဘဲ နွားလှည်းဖြင့် သူငယ်ချင်းများခေါ် ကာ ရွာဆီသို့ သယ်ဆောင်ခဲ့ကြပေတော့သည်။

✿ ✿ ✿

www.burmeseclassic.com

[ ၇ ]

❑

မြတ်မင်းဟန်က သူတို့အတွေ့အကြုံကို ပြောလို့အပြီး မောသွားဟန်ထင့်။ ဘီယာကို အငမ်းမရမော့သောက်နေစဉ် အဘကောင်းက ...

"ဒီလိုဆိုရင် တင်ထွန်းမင်္ဂလာပွဲက ဘယ်တော့လုပ်မှာလဲ"

"နောက် တပေါင်းလပြည့်နေ့ပဲ။ အဘတို့ ရန်ကုန်အဖွဲ့ကို ၃ ကတည်းက ကြိုဖိတ်လိုက်ပါတယ်။ လူစုံလာဖြစ်အောင်၊ လာကြဖို့လည်း မေတ္တာရပ်ခံပါတယ်နော်"

တင်ထွန်း ပြန်ဖြေလိုက်သည့်စကားကြောင့် အဘကောင်းက အတန်ကြာကြာ စဉ်းစားလိုက်ပြီး ပြန်ပြောလိုက်သည်က ...

"ဒီအတိုင်းဆို မနက်ဖြန် ငါတို့ဟင်းစားရှာပြီး ပြန်လိုက်ကြမယ်ကွာ။ တင်ထွန်းမင်္ဂလာရက်ကျမှ လူစုံနဲ့ ကြိုပြီးလာမယ်။ ကြာကြာလည်း နေမယ်။ အဲဒီမင်္ဂလာပွဲအတွက် ညှော်ခံဖို့ ကြိုရှာထားရအောင် သေနတ် (၃) လက် ထားခဲ့မယ်။ ကဲ ....ထမင်းစားပြီး အနားယူလိုက်ရအောင်ကွာ"

ကျွန်တော်တို့က ထမင်းစားသောက်လိုက်ကြပြီး နားနေအိပ်စက်ဖို့ လုပ်နေစဉ် မြတ်မင်းဟန်က ...





"အဘကောင်းတို့ မနက်ဟင်းစားအတွက်တော့ ရှာနေကြပြီ။ ဝင်ပန်းလှပါတယ်။ စိုင်သားခြောက်တွေ အများကြီး ကျန်ပါသေးတယ်။ အဲဒီအသားတွေယူပြီး မနက်ပြန်မယ်ဆိုရင် ရပါတယ်။

"ဟုတ်လား ... ဒီလိုဆို မနက်ပြန်လိုက်ကြတာပေါ့"

နောက်တစ်နေ့ မိုးလင်းတော့ ကျွန်တော်တို့ (၃) ဦးသားစီးတောရှာတလေးမှ အဖွဲ့သားများကို နှုတ်ဆက်ထွက်ခွာလာခဲ့ကြပေတော့သည်။

လေးမောင်

စိတ်ကူးသစ်စာပေဝိုင်းတော်သားများအတွက် အမှတ်တရ ရေးဖွဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



[ ၁ ]

နှင်းအစ ညတစ်ည

□

ဒီနေ့ . . .

ဦးစိန်လှအား ပြစ်မှုစီရင် အမိန့်ချမည့်နေ့ ဖြစ်လေသည်။ အမှုကို ကြားနာရန် ရောက်ရှိနေသောလူများက အခန်းတစ်ဝက်ကျော်မျှ ရှိနေကြသည်။

တရားသူကြီး ဦးထွန်းနေလ အမှုကိုစီရင်ဆုံးဖြတ်ရန် တရားရုံးဆဲသို့ လေးလေးတွဲ့တွဲ့ ခြေလှမ်းများဖြင့် ဝင်လာ၏။ ထို့နောက် တရားခွင်ရှိ ထိုင်ခုံတွင် နေရာယူလိုက်ပြီး မိမိရှေ့တွင် မတ်တတ်ရပ်လျက် နေရာယူထားသော တရားခံဦးစိန်လှအား တစ်ချက် ကြည့်လိုက်သည်။

“ခြော် . . . ဦးစိန်လှဆိုတာ တကယ်တော့ ငါ့ရဲ့အဖေပဲ။ သားနဲ့အဖေ ပြန်လည်ဆုံတွေ့ရတဲ့ နေရာနဲ့အဖြစ်တွေကလည်း ဘဝမှာ မဆုံကောင်းမတွေ့အပ်တဲ့ နေရာတွေပါလား . . . အဖေရယ်။ ပြီးတော့ သားကညဒေရဲ့ ဘက်တော်သား။ အဖေက ပြစ်မှုရဲ့သားကောင်။ မတတ်နိုင်ဘူးလေ။ သံသရာရှိသမျှ အဖေခွင့်လွှတ်တဲ့အထိ သားတောင်းပန်ပါ့မယ် . . .



www.burmeseclassic.com

www.burmeseclassic.com



အဖေ။ ဥပဒေနဲ့ အမှန်တရားအတွက်တော့ သား သစ္စာမဲ့ပါရစေနဲ့။ အဖေ့ကို ခွင့်လွှတ်ပါ"

တရားသူကြီး ဦးထွန်းနေလရဲ့ အသံမဲ့စကားအဆုံး ချွေးစေးချွေးစတွေက ဦးခေါင်းတည့်တည့်တွင် တဝီဝီလည်နေသော ပန်ကာကြီးအောက်မှာပင် စီရရီ စို့ထွက်လာကြ၏။ လက်ကိုင်ပဝါဖြင့် တစ်ချက်သုတ်လိုက်သည်။ ထိုအချိန် ဦးစိန်လှတစ်ယောက်မှာလည်း ...

"ဪ ... သား ... သားလေး ... ကြည့်စမ်း ... ကြည့်စမ်း။ ဥပမိရုပ်ကလည်း သန့်သန့်ပြန့်ပြန့်နဲ့ ဖြူလို့ဖွေးလို့။ ခန့်ခန့်ညားညားနဲ့ ထည်ဝါနေလိုက်တာ။ ခုနေ မင်းအမေ သင်းအုံတစ်ယောက်သာ ရှိသေးရင် အဲဒါ မင်းသားပဲလို့ အဖေပြချင်လိုက်တာ ... သားရယ်။ ဪ ... ဒါပေမဲ့ သားနဲ့ အဖေတို့ဘဝတွေက ဆုံတွေ့မှုမကောင်းကြတဲ့ အဖြစ်တွေနဲ့ပါ။ သားစီရင်ပေးအပ်မယ့် အပြစ်တွေကို အဖေ ကျေကျေနပ်နပ် ခံယူရင်း သားလို ဥပဒေရဲ့ ဘက်တော်သားတစ်ယောက်အတွက် အမြဲဂုဏ်ယူနေမှာပါ ... သားရယ်"

သားဖြစ်သူကိုကြည့်ရင်း တစိမ့်စိမ့်ပွားနေမိသော အသံမဲ့စကားတချို့ မဆုံးလိုက်ရ။ တရားသူကြီး ဦးထွန်းနေလထံမှ စကားသံ ထွက်လာလေသည်။ တုန်ယင်သံအနည်းငယ် ပါနေလေ၏။ တည်ငြိမ်အောင် မနည်းကြိုးစားရင်း ဟန်မပျက် ထိန်းနေရလေသည်။

"ဤအမှုနဲ့ ပတ်သက်လို့ တရားခံဦးစိန်လှ ဘာများ ပြောဆိုချင်တာများ ရှိပါသေးလဲခင်ဗျား"

"ဘာမှမရှိပါဘူး ခင်ဗျား"

"ကဲ ... ကဲ ... ဒါဆိုလည်း ကျုပ် အမိန့်ချမှတ်ပါ့မယ်"

လှုပ်လှုပ်ရွရွဖြစ်နေလေသော လူအုပ်ကြီးမှာ မီးကို ရေနဲ့ဖျန်းလိုက်သည့်အလား ငြိမ်သက်သွားကြတော့၏။ တရားသူကြီး ဦးထွန်းနေလ အသံပေါ်၍ လာသည်။

"အဖ ဦးကောင်းလှ၏သားဖြစ်သူ တရားခံဦးစိန်လှသည် နိုင်ငံနှင့်လူမျိုး တစ်မျိုးသားလုံး လူညွန့်တုံးစေသော မူးယစ်ဆေးဝါးများ





သက်ဝယ်ထားရှိ သယ်ဆောင်သူအဖြစ် စစ်ဆေးတွေ့ရှိကာ ပြစ်မှုထင်ရှားကြောင်း တွေ့ရှိပါသဖြင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ် (၁၀)နှစ်တိတိ ကျခံစေရန် ဤတရားရုံးတော်မှ အမိန့်ချမှတ်လိုက်သည်"

တရားသူကြီး ဦးထွန်းနေလ၏ စကားဆုံး၍သွားတော့ အပ်ကျသံပင် ကြားနိုင်လောက်အောင် တိတ်ဆိတ်ငြိမ်သက်ကာ အမှုလာရောက်ကြားနာကြသော လူအုပ်ကြီးက ခန်းမကြီးတစ်ခုလုံး ဆူညံသံများဖြင့် ဖုံးလွှမ်းထွက်ပေါ်သွားတော့၏။

"ဟယ် ... (၁၀)နှစ်ကြီးများတောင် ချလိုက်ပြီ ... ဟုတ်လား"

"အဘိုးကြီး သနားပါတယ်ဟယ်"

"သူ့ပစ္စည်းမဟုတ်ဘဲ ခံရတာဆို"

"ဟဲ့ ... ဒါတော့ ငါလည်း ဘယ်သိပါ့မလဲ"

"သူ့ဇနီးကလည်း မရှိတော့ဘူးတဲ့"

"အိုအေ ... ကိုယ့်အပြစ်ရှိလို့ ကိုယ်ခံရတာ သနားစရာမရှိပါဘူး"

ဦးစိန်လှ သားဖြစ်သူ ထွန်းနေလကို တစ်ချက်ပြုံး၍ ကြည့်လိုက်သည်။ မျက်ရည်များ ဖုံးလွှမ်းနေသော မျက်လုံးများဖြင့် ဖြစ်လေ၏။ ထွန်းနေလသည်လည်း ကာလတစ်ခုကပင် ဖခင်မှန်းသိခဲ့ရသူ ဦးစိန်လှအား ဆို့နင့်မှုအကြည့်တစ်စုံဖြင့် ပြန်၍ ကြည့်လိုက်သည်။

ထိုအကြည့်နှစ်ခုက ကြေကွဲမှုပေါင်းများစွာဖြင့် တွေ့ထိပေါင်းဆုံသွားတော့သည်။ ထို့နောက် ချာခနဲလှည့်ရင်း တရားရုံးခန်းဆီမှ ထွက်ခွာသွားသော သားဖြစ်သူထွန်းနေလကို ငေးမောရင်း ဦးစိန်လှ၏ ဘယ်ဘက်ရင်အုံဆီမှ စူးခနဲ အောင့်လိုက်၏။ မျက်လုံးတွေက ပြာဝေသွားသည်။ ထို့နောက်တွင်တော့ ကြိုးတစ်ချောင်းကို ဖြေချလိုက်သည့်အလား ပြိုလဲကျ၍သွားတော့သည်။

"ဝုန်း ..."

"တရားခံအဘိုးကြီး လဲကျသွားပြီ။ လုပ် ... လုပ်ကြဦးဗျ"



www.burmeseclassic.com

www.burmeseclassic.com



တရားရုံးခန်းထဲမှ ထွက်ရန်ပြင်နေကြသော လူအုပ်ကြီးက ရှ
ရုတ်သဲသဲ ဖြစ်သွားသည်။ ထိုလူအုပ်ကြီးထဲတွင် ရောက်ရှိနေသူတ
ဖြစ်သူ ဦးစိန်လှ၏မိတ်ဆွေ ဒေါ်သင်းရယင်လျှင် ဦးစိန်လှနားသို့ ပြေ
သွား၏။ လူများ ဝိုင်းအုံကြည့်နေကြလေသည်။

"ထူ ... ထူကြပါဟ"

"ဘာလို့ ဝိုင်းကြည့်နေတာလဲ"

လူတစ်ယောက်၏ ပြောသံအဆုံး လူတစ်ယောက်က မှော
လျက်လဲကျနေသော ဦးစိန်လှအား ပက်လက်အနေအထားဖြစ်စေရန်
၍လှန်လိုက်သည်။ ဦးစိန်လှမှာ အရုပ်တစ်ရုပ်ကဲ့သို့ အသင့်ပါလာသည်။

"ဟဲ့ ... ရင်ဘတ်ကိုလည်း စမ်းကြည့်ပါဦး။ အသက်ရော ရှ
သေးရဲ့လား"

ဒေါ်သင်းရ နှလုံးတည့်တည့်ရင်အုံဆီသို့ နားကိုကပ်ကာ နားထော
လိုက်သည်။ ဘာသံမှမကြားရ၊ ဆို့နင့်သော စကားတစ်လုံးဖြင့် ပြောကြ
လိုက်သည်။

"အသက်မရှိတော့ပါဘူး"

တာဝန်ရှိ ရဲသားများက ဝိုင်းအုံနေသောလူများကို ဖယ်ရှား ရှ
ထင်းနေ၏။

"ဘေးဖယ်ပေးကြပါ ခင်ဗျား၊ ကျွန်တော်တို့ တာဝန်အရ
ရမှာမို့ပါ"

ဆေးရုံပို့ရန် စီစဉ်ကြ၏။ ဦးစိန်လှကတော့ ဖြစ်ပျက်မှုအစု
ဘာတစ်ခုမျှပင် မသိလေတော့။ သံယောဇဉ် သမုဒယမီးများလည်း ကင်း
ချုပ်ငြိမ်းကာင်းစင်ကာ အမှောင်ကမ္ဘာတစ်ခု၌ သောကမဲ့စွာ ငြိမ်းငြိမ်းချမ်း
အိပ်စက်လျက်သာရှိတော့၏။

✿ ✿ ✿

[ ၂ ]

❑

ထိုကာလများကို ...

ပြန်တွေးကြည့်လိုက်တော့ နှစ်ပေါင်း(၂၀)ဆိုသည့် ကာလတစ်ခု
တ နေ့၊ မိုး၊ ဆောင်းဟူသည့် ကာလရိုင်တွေကို တစစ်စစ် ဝါးမျိုကိုက်ချီ
သွားသည်။ သို့တိုင် နာကြည်းကြေကွဲစရာ ဇာတ်လမ်းလေးတစ်ပုဒ်ကတော့
ယနေ့ထက်တိုင် ကြုံတွေ့ခဲ့ရသူတို့ရင်ထဲ အသစ်အသစ် အဖြစ်များနှင့်သာ
ရှင်သန်ဆဲ၊ နာကျဆဲ မေ့မရနိုင်ဆဲ အဖြစ်အပျက်တို့ဖြင့်သာ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

ကျော်လမ်းစခဲ့သော မိုးသည်းညတစ်ည

❑

"ဂျိမ်း ... ဂျိမ်း ... ဂျိမ်း ..."

မိုးလေများက သဲသဲမဲမဲ ကြမ်းရမ်းနေ၏။ လျှပ်စီးများက တစ်ချက်တစ်ချက် ဝင်းပြက်လိုက်သည်။ မိုးကြိုးပစ်သံ၊ လေတိုက်သံများက တိတ်ဆိတ်နေသော ညတစ်ညကို အရုပ်ဆိုး အကျည်းတန်အောင် ဖန်တီးနေလေတော့သည့်အလား။

"ဝုန်း ... ဒိုင်း ... ဂျိမ်း ... ဂျိမ်း ..."

မိုးကြိုးများက အဆက်မပြတ် ပစ်ခတ်နေ၏။ ကြမ်းရမ်းနေသော လေနှင့်မိုးများက ပတ်ဝန်းကျင်အရာအားလုံးကို သိမ်းကြုံးဆွဲငင် လှုပ်ရမ်းလျက် ရှိတော့သည်။ သစ်ပင်သစ်ကိုင်းများက နတ်ဝင်နေသော လူတစ်ယောက်သို့နှယ်။

"ဝေါ ... ဝေါ ... ဝေါ ..."

မိုးသည်းထန်သော ညတစ်ည၏ အောက်တွင်တော့ စိမ်းမြသော်တာမြိုင်ဟူသော စံအိမ်ကြီးတစ်ခုက ငြိမ်သက်မှုအပြည့်နဲ့ ထည်ထည်ဝါဝါ အခန့်သား စံပျော်နေ၏။ ရပ်ကွက်၌ မီးအချို့ ပြတ်တောက်သွား၏။ ညသည် မှောင်နေသည့်တိုင် စိမ်းမြသော်တာမြိုင်ကတော့ နတ်ဘုံနတ်နန်းတမျှ မီး





ရောင်စုံအလှများ ထွန်းညှိလျက် အရုပ်ဆိုးသောညကို အန်တုတန်သာဆင် အသက်ဝင်လျက်သာ ရှိတော့သည်။

သရဲသဘက်တစ်ကောင်လို အနုကြမ်းစီး၍ နေလေသော မိုးလေတို့ကြားတွင် တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်သော အရာတစ်ခုရှိလေ၏။ ထိုအရာမှာ အခြားမဟုတ်။ မိန်းမတစ်ယောက်၏ အူလှိုက်သဲလှိုက် ညည်းညူလိုက်သောအသံသာ ဖြစ်လေသည်။

"အမလေး ... ကျွတ် ... ကျွတ် ... ကျွတ် ... နာလိုက်တာ အမေရယ်။ ကျွန်မ သေရတော့မယ် ထင်တယ်။ ကိုဖေထွန်းရေ ... ကျွန်မကို ကယ်ပါဦးရှင်"

ညည်းသံနဲ့အတူ ရှေ့ဆင့်နောက်ဆင့် မိန်းမတစ်ယောက်၏အသံတစ်သံကလည်း ကျင်၍ ပါလာလေသည်။

"မမလေး ... မမလေး ... ကျွန် ... ကျွန်မ ... ဒရိုင်ဘာကြီး ဦးစိန်လှကို သွားနှိုးလိုက်ရတော့မလား"

အသံမှာ အိမ်ဖော်မကြီး ဒေါ်သင်းရ၏ အသံပင်ဖြစ်လေသည်။ ညည်းညူသံကြောင့် ဒေါ်သင်းရ ဘာကိုင်၍ ဘာလုပ်ရမည်မသိ။ ကြောင်တောင်တောင်ပင် ဖြစ်၍နေလေသည်။

"ဟဲ့ ... သင်းရ"

"မမလေး ... ကျွန် ... ကျွန်မ ဒီမှာရှိပါတယ်"

"သွား ... သွား ... သွား ... မြန်မြန်သွားပြီး ဦးစိန်လှကို နှိုးလာခဲ့။ မမလေးခေါ်နိုင်းလိုက်တယ်လို့ ပြော"

စကားဆုံးတော့ ...

စိမ်းမြသော်တာမြိုင်အိမ်ကြီး၏ပိုင်ရှင် သူဌေးကြီး ဦးဖေထွန်းဇနီး ဒေါ်စိမ်းမြတွင် နေ့စေ့လစေ့ ကိုယ်ဝန်မွေးဖွားရန် ရှိနေ၏။ ထိုကိုယ်ဝန်ကြောင့် သူဌေးကြီး ဦးဖေထွန်းမှာလည်း သူ၏ အလုပ်ကိစ္စများ၊ လုပ်ငန်းများကို လေလုပ်မကိုင်နိုင်ဘဲ ရှိတော့သည်။ သို့သော် ...

မကြာတင်မီ ကာလတစ်ခုကတော့ မသွားရ၍မဖြစ်သော ကိစ္စတစ်ခုက ပေါ်၍လာလေသည်။ ကိစ္စမှာ မန္တလေးသို့ ခရီးထွက်ရမည်ဖြစ်၏။ ထို



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် နေမွေးမလား၊ ညမွေးမလားဟူ၍ မသိနိုင်သော ဖနီးသည်ကို စိတ်မချ။ ခရီးကလည်း မသွား၍မဖြစ်ပါချေ။ ထို့ကြောင့် မိမိအလုပ်ငန်းကိစ္စများအတွက် ခေါ်ယူထားသည့် ဒရိုင်ဘာကြီး ဦးစိန်လှနှင့် အိမ်ဖော်မကြီး ဒေါ်သင်းရတို့ကိုခေါ်၍ သေသေချာချာ မှာကြားရသည်။

"ဒေါ်သင်းရနဲ့ ဦးစိန်လှတို့ကို ကျုပ် တစ်ခု မှာခဲ့ပါရစေ။ ကျုပ်ဖနီး ဒေါ်စိမ်းမြ နေ့စေ့လစေ့နဲ့ဆိုတာ ခင်ဗျားတို့လည်း သိကြမှာပါ။ ပြီးတော့ မိန်းမတစ်ယောက် မီးဖွားချိန်ဟာ ဘယ်လောက်အရေးကြီးတယ်ဆိုတာ ဒေါ်သင်းရတို့ မိန်းမချင်း ကိုယ်ချင်းစာပြီး သိမှာပါ။ စိမ်းမြဟာ သူမွေးချိန်ဖွားချိန်မှာ သူ့အနားမှာ ကျုပ်ကို ရှိနေစေချင်တယ်လေ။ ဒါကြောင့်လည်း ကျုပ် ဘယ်ခရီးဘယ်လမ်းကိုမှ မသွားတာ ကြာခဲ့ပြီ။

ခု ချက်ချင်းဆိုသလို မသွားမဖြစ် မသွားလို့မရတဲ့ ကိစ္စတစ်ခုက ပေါ်လာတယ်လေ။ ဒါ့ကြောင့် ကျုပ် အားချင်းသွားရမယ်။ ဒါကြောင့် ကျုပ် ခရီးသွားလာနေခိုက် မစိမ်းမြကို သေသေချာချာ ဂရုစိုက်ပေးကြဖို့ အနူးအညွတ် တောင်းပန်ပါရစေ။ ကျုပ် စိတ်ချပါရစေနော်။ ကျုပ်လည်း မသွားမဖြစ်လို့ သွားရမှာပါ။ စိတ်ထဲမှာတော့ လေးနေသလိုပဲ"

"စိတ်ချပါ ... သူဌေးကြီး။ ကျွန်တော်နဲ့ ဒေါ်သင်းရ သူဌေးကတော်ကို သေသေချာချာ ဂရုစိုက်ပြီးထားပါ့မယ်၊ သူဌေးကြီး စိတ်ချလက်ချ သွားပါ"

သူဌေးကြီးမသွားမီ မိမိနှင့်ဦးစိန်လှအား မှာကြားခဲ့ပုံများကို အမှတ်ရနေမိ၏။ ဒရိုင်ဘာကြီး ဦးစိန်လှတို့လင်မယားသည် စိမ်းမြသော်တာမြိုင်အိမ်ကြီး၏ နောက်ဖက်ရှိ အလုပ်သမားတန်းလျားတွင် နေထိုင်၏။

သူဌေးကတော် ဒေါ်စိမ်းမြနည်းတူ ဒရိုင်ဘာကြီး ဦးစိန်လှတွင်လည်း ဖနီးသည် မသင်းအုံတွင် ကိုယ်ဝန်နေ့စေ့လစေ့ ရှိနေ၏။ မကြာခင် အချိန်ပိုင်းလေးကာပင် ဗိုက်နာသည်ဆို၍ အရပ်လက်သည် ဒေါ်စိန်တိုးကို မွေးရန် ခေါ်ယူထားရ၏။ ဒေါ်သင်းရ အတွေးတို့ကို အဝေးသို့ လွင့်လိုက်၏။

"ဒေါက် ... ဒေါက် ... ဒေါက် ..."





"ကိုစိန်လှရေ ... ကိုစိန်လှ ..."

မိုးလေများ ကြမ်းရမ်းနေသည်မို့ ခေါ်သံကို မကြား။ ဒေါ်သင်းရ ထပ်၍ခေါ်ပြန်သည်။

"ကိုစိန်လှရေ ... ကိုစိန်လှ ..."

မိုးလေများ အနည်းငယ်စဲသွားသဖြင့် ခေါ်သံသည် သဲ့သဲ့ပေါ်လာ၏။ ဦးစိန်လှ ကြား၍သွားသည်။

"မိုးထဲလေထဲမှာ ဘယ်သူ့အသံပါလဲ။ အလို ... ငါ့ကိုခေါ်တဲ့အသံပဲ။ ဒါ ... ဒါ ... ဒေါ်သင်းရပဲ ဖြစ်ရမယ်"

"ဒေါ်သင်းရ ... ဘာ ... ဘာကိစ္စရှိလို့လဲ။ ညကြီးမင်းကြီး အချိန်မတော်"

"မမလေး ... ဗိုက်နာနေလို့ ဆရာဝန်ပင့်ဖို့ ဦးစိန်လှကို ခေါ်နိုင်းလိုက်လို့ပါ"

"လာ ... လာ ... မိုးတွေလည်း ရွာနေပါလား ... ဒေါ်သင်းရရယ်"

ဦးစိန်လှ တံခါးဖွင့်ပေးတော့ ဒေါ်သင်းရတစ်ယောက် အထဲသို့ ဝင်လာလေသည်။ ဦးစိန်လှ ညည်းညည်းတွားတွား ပြောလိုက်၏။

"အဲဒါမှ ဒုက္ခပါပဲဗျာ။ ဒီမှာလည်း ကျုပ်မိန်းမ သင်းအုံ ဗိုက်နာသို့ မကြာခင်ကပဲ လက်သည်ဒေါ်စိန်တိုးကို ခေါ်ထားရတယ်"

ကိုစိန်လှ မသင်းအုံလက်ကလေးကို ခပ်ဖွဖွ ဆုပ်ထားလိုက်သည်။

"ကိုယ် ... ခဏလိုက်သွားမယ်နော်။ သင်းအုံ ဘာမှအားမငယ်နဲ့။ ကိုယ်တို့လင်မယားလည်း သင်းအုံနားမှာ ရှိနေတာပဲ။ ကိုယ် မကြာပါဘူး။ ဆရာဝန်ပင့်လာပြီးတာနဲ့ ချက်ချင်းပြန်လာခဲ့မယ်"

တတွတ်တွတ်ပြောဆိုနေသော ကိုစိန်လှ၏ စကားများကိုတော့ သင်းအုံတစ်ယောက် မျက်လုံးအဝိုင်းသားဖြင့် ကြည့်ရှုနေလေသည်။

"မြန်မြန်လာခဲ့နော် ... ကိုစိန်လှ"

"အေးပါ ... သင်းအုံရယ်။ ကိုယ် မြန်မြန်လာခဲ့မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



ကိုစိန်လှ ထွက်မည်ပြုတော့ သင်းအုံတစ်ယောက် မျက်ရည် အဝိုင်းသားနှင့် ရှိ၍နေလေသည်။

ကိုစိန်လှ ကားကိုစက်နှိုး၍ စိမ်းမြသော်တာမြိုင်မှ ဆရာဝန်ပင့် ရန် ထွက်လာခဲ့သည်။ ဒေါ်သင်းရကတော့ သူဌေးကတော် ဒေါ်စိမ်းမြအား တွင် ကျန်နေခဲ့လေသည်။

မိုးလေများက သည်းလာလိုက်၊ ရပ်သွားလိုက်။ တိတိပပ ရပ်သွား သည့်ရယ်တော့ မရှိသေး။ ခဏကြာတော့ ဦးစိန်လှတစ်ယောက် ဆရာဝန် ပင့်ကာ စိမ်းမြသော်တာမြိုင်သို့ ပြန်ရောက်လာလေသည်။

သားဖွားဆရာမတစ်ဦး ပါလာ၏။ ဆရာဝန်မအား သူဌေးကတော် ဒေါ်စိမ်းမြထံ အပ်နှံပြီးတော့ ဒေါ်သင်းရအား ခွင့်ပန်လိုက်ရင်း ...

"ဒေါ်သင်းရ ... သူဌေးကတော်ကို ဂရုစိုက်နော်။ ဆရာဝန်မ တာကိုလည်း လုပ်ပေးလိုက်ပါ။ ကျုပ် အိမ်ကို ခဏပြန်လိုက်ဦးမယ်။ သင်း အုံတစ်ယောက်လည်း မွေးပြီလား မသိဘူး။ နေရောကောင်းရဲ့လား မသိ ဘူး"

စကားဆုံးတော့ ဦးစိန်လှတစ်ယောက် စိမ်းမြသော်တာမြိုင် အိမ် ကြီး၏ နောက်ဖက်ရှိ အလုပ်သမားတန်းလျားဆီသို့ ခြေလှမ်းကျဲကြီးများဖြင့် ထွက်လာခဲ့တော့သည်။

✿ ✿ ✿

| ၃ |

□

ထွက်ရန်သာလာခဲ့ရသော်လည်း ဦးစိန်လှရင်ထဲတွင် ခပ်လေး လေးဖြစ်နေ၏။ အသံမဲ့စကားတစ်ခွန်းဖြင့် ရေရွတ်လိုက်သည်။

"သင်းအုံ ... နေမှကောင်းရဲ့လား။ ငါ ဘာလို့ စိတ်တွေလေး နေရတာလဲ။ အို ... မပြောကောင်းမဆိုကောင်း သင်းအုံတစ်ခုခုများ အဆင်မပြေဖြစ်သွားရင် ... အို ... ငါဘာတွေ တွေးနေမိပါလိမ့်။ ငါစိတ် ပူလို့ အတွေးတွေ ကယောက်ကယက်ဖြစ်နေတာ ဖြစ်မှာပါ"

မိုးနဲ့လေများက ရပ်သွားပြီဆိုသော်လည်း မိုးကတော့ တစ် ချက်တစ်ချက် ဖွဲဖွဲဖွဲဖွဲ ရွာနေပြန်သေးသည်။ အိမ်ထဲသို့ ဝင်လိုက်၏။ ခုန်နေသောရင်ကို ထိန်းရင်းကလည်း မေးလိုက်ပြန်၏။

"ဒေါ်စိန်တိုး ... ကျုပ်မိန်းမ မွေးပြီလားခင်ဗျာ"

ဒေါ်စိန်တိုး ထိတ်ခနဲဖြစ်၍သွားသည်။ ဦးစိန်လှကိုကြည့်၍ ပြော လိုက်သည်။

"ဟုတ်ကဲ့ ... မသင်းအုံ မကြာခင်ကပဲ မွေးပါပြီ။ ကလေးက ယောက်ျားလေးပါ။ ဒါပေမဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စိန်တိုး ဘာဆက်၍ ပြောရမည်မသိ၊ စကားကို ရပ်လိုက်သည်။ ဒေါ်စိန်တိုး၏ အဆုံးမရှိသောစကားနှင့် အမူအရာကြောင့် ဦးစိန်လှ ရင်ထဲတွင် ဒိတ်ခနဲ တစ်ချက်ဖြစ်သွားသည်။ ထို့ကြောင့် ပျာပျာသလဲမေး လိုက်သည်။

"ဒေါ် ... ဒေါ်စိန်တိုး ခင်ဗျားစကားက ဘာလိုကြီးလဲဗျ။ သင်းအုံ မွေးပြီ ... ဟုတ်လား။ ကလေးရော၊ လူကြီးပါ ကျန်းမာတယ်မဟုတ်လား။ ပြောလေဗျာ။ ကျုပ် မေးနေတာကို"

ဒေါ်စိန်တိုး ခေါင်းကို ငှဲ့ယမ်းလိုက်သည်။

"ကလေးကတော့ ကျန်းမာပါတယ်၊ ဒါပေမဲ့ မသင်းအုံကတော့ ဆုံး ... ဆုံးသွားပါပြီရှင်"

"ဗျာ ... ဘာဗျ ... သင်းအုံ ဆုံးပြီ ဟုတ်လား။ ဘယ်လိုဖြစ်ရ တာလဲ ... သင်းအုံရယ်၊ တို့သားအဖနှစ်ယောက်ကို မင်း စိတ်ချလက်ချ ထားသွားပြီရယ်ပေါ့ ... ဟုတ်လား။ ဟီး ... ဟီး ... ဟီး ..."

ဦးစိန်လှ အခန်းထဲသို့ ငို၍ ပြေးဝင်သွားသည်။ သင်းအုံကို ပွေ့ချီ လိုက်၏။ သင်းအုံကိုယ်လေးက အသက်ထွက်စဖြစ်၍ ပျော့ပျော့ခွေခွေလေး ပါလာသည်။

"ဖြစ်မှဖြစ်ရလေ ... သင်းအုံရယ်၊ မင်းမရှိတဲ့ဘဝမှာ ဒီသားလေး နဲ့ငါ ဘယ်လိုခရီးဆက်ရပါ့မလဲ"

ခဏကြာတော့ မျက်ရည်စတွေကို သုတ်ရင်းက ...

"ဒေါ်စိန်တိုး ... ကိုယ်ကတို့ လင်မယားနှစ်ယောက်နဲ့အတူ လုပ်စရာရှိတာတွေ လုပ်ထားပါ။ ကျွန်တော် ဆရာဝန်သွားပို့ရဦးမှာမို့ ခဏ သွားလိုက်ဦးမယ်နော်"

"ဩော် ... ဟုတ်ကဲ့၊ စိတ်ချသွားပါ ... ကိုစိန်လှ"

စကားဆုံးတော့ ကိုစိန်လှ သင်းအုံမျက်နှာလေးကို တစ်ချက် ကြည့်လိုက်ရင်းက စိမ်းမြသော်တာမြိုင်ဘက်ဆီသို့ ထွက်လာခဲ့သည်။ ဒေါ်သင်းရနှင့်ဆုံတော့ ...





"ခုပဲ မမလေး မွေးပါတယ် ... ကိုစိန်လှ။ ဒါပေမဲ့ ကလေး က အဖတ်မတင်ဘူး။ လူကြီးကတော့ ကျန်းမာပါတယ်။ မမလေးကိုတော့ ကျွန်မနဲ့ ဆရာဝန်မတိုင်ပင်ပြီး ကလေးဆုံးသွားတဲ့အကြောင်း မပြောဖို့ တိုင် ပင်ထားပါတယ်။ နောက်မှပဲ ဖြည်းဖြည်းပြောရမှာပဲ။ ချက်ချင်းပြောလို့ မဖြစ် ဘူး။ မမလေးမှာ နှလုံးရောဂါရှိတယ်၊ ပြောလိုက်လို့ တစ်ခုခုဖြစ်သွားရင် အခက်"

ဒေါ်သင်းရစကားဆုံးတော့ ဦးစိန်လှ ကလေးတစ်ယောက်နဲ့ ရှေ့ ဆက်ရမည့်ခရီးတို့ကို စဉ်းစားလိုက်သည်၊ ဘယ်ဖက်ရင်ဘတ်အောက်က နာနဲ့နေအောင် အောင့်တက်လာ၏။ မိမိသည်ပင် နှလုံးရောဂါ သွေးကြော ကျဉ်းစ ပြုနေ၏။ ဆရာဝန်ညွှန်ကြားသည့်အတိုင်း ဆေးများသောက်ကာ နေရလေသည်။ ခဏကြာတော့ သက်ပြင်းတစ်ခုကို လေးလေးတွဲ့တွဲ့ချ လိုက်ရင်း ဆုံးဖြတ်ချက်တစ်ခုကိုလည်း ပြတ်ပြတ်သားသား ချလိုက်မိလေ သည်။

ထို့နောက် ဆရာဝန်အား ကားဖြင့် လိုက်ပို့ပေးလိုက်၏။ ဆရာ ဝန်ပို့၍ပြန်လာတော့ ဒေါ်သင်းရတယောက် ခြံတံခါးကို လာဖွင့်ပေးသည်။

ဦးစိန်လှ ဒေါ်သင်းရနားသို့ တိုးကပ်လိုက်သည်၊ ထို့နောက် စကားတစ်ခွန်း ခပ်တိုးတိုး ပြောကြားလိုက်သည်။

"ဖြစ်ပါ့မလား ... ကို ... ကိုစိန်လှရယ်၊ ကျွန်မ ကြောက်တယ်။ ဘာလည်း မလုပ်ရဲဘူး"

"အိုဗျာ ... ဒေါ်သင်းရကလည်း ဘာလို့မဖြစ်ရမှာလဲ။ ကျုပ် ခင်ဗျားကို ကူညီခဲ့တဲ့ကျေးဇူးတွေ အများကြီးပါ ... ဒေါ်သင်းရရယ်၊ ကျုပ် ကို ကျေးဇူးတစ်လှည့် ပြန်ဆပ်တဲ့အနေနဲ့ ဒီကိစ္စလေးကိုတော့ ပြန်ပြီး ကူညီစေချင်တယ်။ ဘယ်သူမှလည်း မသိပါဘူးဗျာ။ ခင်ဗျားနဲ့ကျုပ် နှစ် ယောက်တည်းပဲ ရှိကြတာ။ ကျုပ် တာဝန်ယူပါတယ်"

ထိုအခိုက် ...



www.burmeseclassic.com

www.burmeseclassic.com



မိုးလေများက သဲသဲမဲမဲ ကြမ်းရမ်းလာပြန်လေသည်။ ထို့ကြောင့် ဦးစိန်လှနှင့် ဒေါ်သင်းရတို့နှစ်ယောက် ပြောကြားနေလေသော စကားတို့က လေထဲရောထွေးလွင့်ပါကာ ကွယ်ပျောက်သွားပြန်ပါလေတော့သည်။

"ဒိန်း ... ဒိန်း ... ဂျိမ်း ... ဂျိမ်း ..."

မိုးခြိမ်းသံများနှင့်အတူ လျှပ်စီးတစ်ချက်အလက် စိမ်းမြသော်တာမြိုင်ခြံကြီးတစ်ခုလုံးသည်လည်း ထိန်လင်းနေသောမီးများက ပြတ်တောက်၍သွားကြရင်း မိုးညတစ်ညက အမှောင်ထုတွေ ဖုံးလွှမ်းသွားကြတော့သည်။

✿ ✿ ✿

[ ၄ ]

❑

ဦးစိန်လှတစ်ယောက် ...

မိုးတစ်ညက ဖြစ်ပျက်ခဲ့လေသော အတိတ်ဖြစ်ရပ်များကို ပြန်တွေးမိလေတိုင်း ခံစားမှုအသစ်တွေနဲ့ တမြည့်မြည့် ခံစားနေခဲ့ရသည်။ အထူးသဖြင့် ဇနီးသည်သင်းအုံသည် မိမိ၏ဘဝထဲသို့ အားကိုးတကြီးနှင့် ဝင်လာခဲ့သူလည်းဖြစ်လေသည်။

ခုတော့ ဇနီးသည်သည်လည်း မရှိလေတော့သည်မို့ ဤနေရာ ဤဒေသသည် မိမိအတွက် အရာရာ စိတ်မချမ်းမြေ့စရာတွေနှင့်သာ ပြည့်နှက်နေလေသည်။

ဦးစိန်လှ ဤစိမ်းမြသော်တာမြိုင်မှ အကြိမ်ကြိမ်ခွာရန် စိတ်ကူးခဲ့ဖူး၏။ သို့သော် ပြတ်သား၍မရသော အကြောင်းအရာအချို့က ရှိနေပြန်လေသည်။ ဤသံယောဇဉ် ဤတွယ်တာမှုတို့ကိုတော့ မိမိနှင့် ဒေါ်သင်းရမှတစ်ပါး ဘယ်သူမှ သိကြလိမ့်မည်မဟုတ်ချေ။

ထို့ကြောင့် တစ်နေ့တွင်တော့ အိမ်ဖော်မကြီး ဒေါ်သင်းရနှင့် တိုင်ပင်မိသည်။

"ဒေါ်သင်းရ ... ကျုပ် ခင်ဗျားနဲ့ တိုင်ပင်စရာလေးရှိလို့ပါ"

"ဘာများ တိုင်ပင်မှာလဲ ... ဦးစိန်လှရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် ... ဒေါ်သင်းရနဲ့ တိုင်ပင်ချင်တဲ့ကိစ္စကတော့ တခြား မဟုတ်ဘူး။ ကျုပ် ဒီစိမ်းမြသော်တာမြိုင်မှာ မနေချင်တော့ဘူးဗျာ။ ကျုပ် ဘာကြောင့် ဒီလောက်သည်းခံပြီး နေတယ်ဆိုတာ ဒေါ်သင်းရတစ်ယောက် အသိဆုံးပါ။ ဒီစိမ်းမြသော်တာမြိုင်မှာ ကျုပ် ဆက်ပြီးနေသ၍ သင်းအုံကို လွမ်းတဲ့စိတ်နဲ့ သင်းအုံရဲ့ ခြေရာလက်ရာတွေက ပျောက်လို့ရမှာမဟုတ် ဘူး။ သင်းအုံမရှိကတည်းက ကျုပ်ဘဝက သေ့ခြောက်နေတာ ကြာပြီဗျ။ ဒါကြောင့် ရွာကိုပြန်ပြီး ဘဝသစ်တစ်ခုစရရင် ကောင်းမလားလို့"

"သြော် ... ကိုစိန်လှရယ်၊ ဒါတော့ စဉ်းစားပေါ့။ ကိုစိန်လှ ရင် ထဲမှာ ခံစားနေရတာတွေကိုလည်း ကျုပ် မြင်နေတာပဲဥစ္စာ။ ကျုပ်လည်း သင်းအုံအတွက် တွေးမိတိုင်း စိတ်မကောင်းဖြစ်ရပါတယ်လေ"

ပြီးတော့ ကိုစိန်လှ ရွာပြန်ပြီးသွားတော့မယ်ဆိုရင် ကျုပ်တစ် ယောက်တည်း ဒီစိမ်းမြသော်တာခြံကြီးမှာ မထားခဲ့ပါနဲ့။ ဘာဖြစ်လို့လဲဆို ရင် ဒီခြံကြီးမှာ ကိုစိန်လှကလွဲပြီး တခြားအားကိုးစရာလူမှ မရှိတာ။ ကျုပ် ကို ဒီကိုခေါ်ခဲ့တာလည်း ကိုစိန်လှပဲမဟုတ်လား"

တကယ်တော့ ဦးစိန်လှတို့ဇနီးမောင်နှံနှင့် ဒေါ်သင်းရတို့မှာ တစ်ရပ်တစ်ရွာတည်းသား၊ ရပ်ဆွေရပ်မျိုးများ ဖြစ်ကြလေ၏။ ဦးစိန်လှ သင်းအုံနှင့် အိမ်ထောင်ကျတော့ တစ်အိုးတစ်အိမ်ထူထောင်ရန် မြို့တက် လာခဲ့ကြသည်။

ဦးစိန်လှမှာ ကားမောင်းပညာတတ်လေသူမို့ စိမ်းမြသော်တာမြိုင် ခြံကြီးတွင် ဒရိုင်ဘာအလုပ်ကို ဝင်၍လုပ်သည်။ သူတို့နှစ်ယောက် အချော ကျတော့ တစ်ကိုယ်ရေတစ်ကာယ တစ်ဦးတည်း အသက်မွေးဝမ်းကျောင်း နေရသော ဒေါ်သင်းရကို ခေါ်ယူရှင်း အလုပ်ပေးခဲ့လေသည်။

ကာလတစ်ခုတွင်တော့ ...

**ဦးစိန်လှတစ်ယောက် သူဌေးကြီး ဦးဖေထွန်းအား ကျန်းမာရေး မကောင်းဟု အကြောင်းပြဆိုကာ စိမ်းမြသော်တာမြိုင်မှထွက်၍ ရွာသို့ ပြန် လာခဲ့တော့သည်။**

✿ ✿ ✿

| ၁ |

❑

နှစ်တစ်နှစ်၏ ကာလတွေက ရွက်ဟောင်းတွေလို တရွေ့ရွေ့ ကုန်ကြွေသွားသည်။ ဒေါ်သင်းရပင်လျှင် ကြီးဒေါ်ကြီးတစ်ယောက်နှင့် ရွာ သို့ ပြန်၍နေသလို အသက်မွေးဝမ်းကျောင်းလုပ်ငန်းဟူသည်မှာလည်း အတည်တကျဟူ၍မရှိ။ ရာသီအလိုက်ရှိတတ်သော ကောက်စိုက်၊ ပေါင်း သင်၊ သက်ငယ်ပျစ် စသော အလုပ်လေးများကို ကြုံလျှင်ကြုံသလို လုပ် ကိုင်ကာ နေထိုင်စားသောက်လျက်ရှိလေသည်။

ဦးစိန်လှသည်လည်း ရွာရှိ အဒေါ်တစ်ယောက်၏ခြံတွင် ပြန် လည်နေထိုင်ကာ အဒေါ်၏ မိရိုးဖလာလုပ်ငန်းတစ်ရပ်ဖြစ်သည့် ကြက်၊ ဘဲများ မွေးမြူသောလုပ်ငန်းကို ဦးစီးကာ လုပ်ကိုင်နေရလေသည်။

ဦးစိန်လှနှင့် ဒေါ်သင်းရတို့သည် တစ်ရပ်တစ်ရွာတည်းသားများ ဖြစ်သော်လည်း ကိုယ့်ဘဝနှင့်ကိုယ်အကြောင်းများနှင့် ကိုယ်ကိုယ်တိုင် ထိန်း ကျောင်းရင်း ကျင်လည်နေရသူမို့ မတွေ့မဆုံခဲ့ကြ။

ဦးစိန်လှမှာ အဒေါ်၏ မွေးမြူရေးခြံများကို ဦးဆောင်နေရသူမို့ မြို့ ဆီကို မရောက်တော့ပေ။ တစ်နေ့တစ်နေ့ ကြက်ခြံ၊ ဘဲခြံများထဲတွင်သာ



www.burmeseclassic.com

www.burmeseclassic.com



ကြက်ဘဲများနှင့် ကျင်လည်အဝေ်ပြုရင်း ဘဝတစ်ခုက နေ့ညဟူသမျှတို့ ဖြုတ်သန်းနေရတ၏ တစ်ခါတစ်ခါတော့ ဦးစိန်လှတစ်ယောက် မေ့ထားခဲ့သော အကြောင်းတရားတို့ကို စဉ်းစားမိသလို ရှိခဲ့၏။

"ဟြော် ... ဘာလိုလိုနဲ့ စိမ်းမြသော်တာမြိုင်ကို ခွဲခွာခဲ့တော် နှစ်ပေါင်း(၂၀)ရှိခဲ့ပြီ၊ သားလေးတောင် လူလားမြောက်နေလော ပြီ၊ ခုနေ သားကိုတွေ့ရင်တောင် အဖေ မှတ်တောင်မှတ်မိပါ့မလား မသိ သားလေးက ငါနဲ့ တူမှာလား၊ သူ့အမေ သင်းအုံနဲ့တူမှာလား။ တွေ လိုက်တာ"

ဒီနေ့ ကြက်စာ၊ ဘဲစာလေးများ ဝယ်ရန်အတွက် ဈေးသို့ထွ ခဲ့သည်။ ကြက်ဘဲဒိုင်တစ်ခုဆီမှအထွက် ...

"ကို ... ကိုစိန်လှ ..."

ခေါ်သံတစ်ခုကြောင့် နောက်သို့လှည့်ကာ ကြည့်လိုက်သည် ဒေါ်သင်းရဖြစ်နေကြောင်း သိရသည်။

"အလို ... ဒေါ်သင်းရပါလား။ မတွေ့တာတောင် ကြာပြီ။ ဈေးကိုလာတာက"

"ဟုတ်တယ် ... ကိုစိန်လှ၊ ဈေးကို ဝယ်စရာလေးတစ်ခုရှိလို့ ခဲ့တာ။ ဈေးလည်း သိပ်မရောက်ပါဘူး"

"ဒါနဲ့ ဒေါ်သင်းရ အလုပ်အကိုင်ရော အဆင်ပြေရဲ့လား"

"အင်း ... ပြေတယ်တော့ မဟုတ်ပါဘူး ... ကိုစိန်လှရယ်။ တဲ့ ပုံကျအလုပ်လေးတွေကိုပဲ ကြုံရင်ကြုံသလို လုပ်ရတာပေါ့"

"ဒါနဲ့ ကိုစိန်လှရော အဆင်ပြေရဲ့လား"

"အင်း ... ပြေတယ်လို့ ပြောရမှာပေါ့ဗျာ။ အခေါ်အပျိုကြ နေရင်း သူ့လုပ်ငန်း မွေးမြူရေး ကြက်၊ ဘဲခြံတွေကို ဦးစီးလုပ်ကိုင်နေ တယ်"

"ဟြော် ... ဒါဆို ကိုစိန်လှ အချိန်လေးများ ရမလားမသိဘူး"

"ရပါတယ်။ ဘာကိစ္စရှိလို့လဲ"





"ဟြော် ... တလောက ကျုပ် ကိစ္စတစ်ခုရှိလို့ မြို့ကိုရောက် သွားတယ်၊ အဲဒီမှာ စိမ်းမြသော်တာမြိုင်က သတင်းတွေ ကြားခဲ့ရတယ်။ အဲဒါ ကိုစိန်လှကို ပြောပြချင်လို့"

"အင်း ... ကျုပ်လည်း စိမ်းမြသော်တာမြိုင်ကို သတိရနေတာ ပါဗျာ။ စိမ်းမြသော်တာမြိုင်နဲ့ ဝေးခဲ့ရတဲ့ နှစ်ကာလ (၂၀)လောက်မှာ စိမ်းမြသော်တာမြိုင်မှာ ဘာတွေဖြစ်နေသလဲ။ ပြီးတော့ သားလေးရဲ့ အကြောင်းကိုလည်း ကြားသိချင်နေတာ။ ဒါပေမဲ့ ကျုပ်မှာ အဆက်အသွယ် ဆိုတာ လုံးဝမရှိဘူး။ ခုကြည့်လေ ... ဒေါ်သင်းရနဲ့ တစ်နယ်တည်း နေကြတာတောင် ခုမှ ဈေးမှာကြုံလို့ ဆုံကြရတာ။ ကဲ ... ဒါဆို လာ၊ လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာ ထိုင်ပြီး စကားပြောကြရအောင်"

ဒေါ်သင်းရ စကားဆုံးတော့ အနီးရှိ လူရှင်းသော လက်ဖက်ရည် ဆိုင်တစ်ဆိုင်သို့ ဝင်ခဲ့ကြတော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၆ ]

❑

ထိုမှ ...

ဒေါ်သင်းရတစ်ယောက် မြို့ကိုရောက်ခဲ့စဉ်က စိမ်းမြသော်တာမြိုင်အကြောင်း ကြားသိခဲ့ရသော အဖြစ်အပျက်များကို ပြောပြလိုက်သည်။ ဦးစိန်လှမှပင် စကားစလိုက်သည်။

"ဒေါ်သင်းရ ပြောပြမယ်ဆိုတဲ့ စိမ်းမြသော်တာမြိုင်ရဲ့ အကြောင်းဆိုတာက ဘာလဲဗျ"

"ဒီလိုပါ ... ကိုစိန်လှ။ ကျုပ် တစ်လောက မြို့ကိုကိစ္စတစ်ခုနဲ့ ရောက်တုန်း စိမ်းမြသော်တာမြိုင်နဲ့ အဆက်အသွယ်ရှိတဲ့ လူတစ်ယောက်နဲ့ တွေ့ခဲ့ရတယ်။ စိမ်းမြသော်တာမြိုင်မှာ သူဌေးကြီးဦးဖေထွန်းနဲ့ သူဌေးကတော်ကြီး ဒေါ်စိမ်းမြတို့လည်း မရှိကြတော့ဘူး။ ဆုံးကုန်ကြပြီတဲ့။ သူဌေးကြီးရဲ့သား ထွန်းနေလလေးကတော့ ဥပဒေဘွဲ့ရတစ်ယောက်ဖြစ်ပြီး တရားရုံးတစ်ရုံးမှာတောင် ဥပဒေအကျိုးဆောင် ဝန်ထမ်းတစ်ဦးဖြစ်နေပြီတဲ့"

"ဩော် ... ဟုတ်လား၊ သူဌေးကြီးနဲ့ သူဌေးကတော်ကြီးတို့တောင် မရှိကြတော့ဘူး။ ဆုံးကုန်ကြပြီ ... ဟုတ်လား။ ဩော် ... နှ





(၂၀) ဆိုတဲ့ ကာလတစ်ခုက အဲဒီလောက်ကို ပြောင်းလဲသွားပြီလား ... ဒေါ်သင်းရရယ်"

"အင်း ... ဘာပဲဖြစ်ဖြစ် စိတ်မကောင်းဘူးဗျာ။ သူဌေးကြီးနဲ့ သူဌေးကတော်ကြီးတို့ဟာ ခင်ဗျားနဲ့ကျုပ်ရဲ့ ကျေးဇူးရှင်တွေပါ။ သူတို့ရဲ့ ကျေးဇူးတွေ ကျုပ်တို့အပေါ်မှာ အများကြီးရှိပါတယ်။ ဩော် ... ဘာလဲ သူဌေးကြီးရဲ့သား ထွန်းနေလလေးကလည်း ဥပဒေဘွဲ့ရအကျိုးဆောင်တောင် ဖြစ်နေပြီဟုတ်လား"

"ဟုတ်တယ် ... ကိုစိန်လှ"

"အေးဗျာ ... သူဌေးကြီးတို့လင်မယားအတွက် စိတ်မကောင်းဖြစ်ပေမဲ့ မောင်ထွန်းနေလအတွက်တော့ ဝမ်းသာတယ်ဗျာ"

ယနေ့ ဥပဒေလောကတွင် ထွန်းနေလမှာ ငယ်ရွယ်သော တရားသူကြီးတစ်ယောက်ဖြစ်လင့်ကစား အမှုစီရင်ရေး တရားဆုံးဖြတ်မှုတို့တွင် နာမည်ရ၍ နေ၏။ ထွန်းနေလလိုက်သော အမှုများမှာ မူးယစ်ဆေးဝါးများသာ ဖြစ်လေ၏။

ထွန်းနေလ၏ခံယူချက်မှာ ယနေ့ တိုင်းပြည်၏ လူ့အရင်းအမြစ်များဖြစ်သည့် လူငယ်လူရွယ်များကို ဒုက္ခပေးရင်း နိုင်ငံနှင့်လူမျိုး တစ်မျိုးသားလုံးကိုပါ လူညွန့်တုံးစေသည့် မူးယစ်ဆေးဝါးပြစ်မှုများကို ပြတ်ပြတ်သားသား အရေးယူဆောင်ရွက်မှုကြောင့် တရားစီရင်ရေးလောကတွင် လူသိများ ကျော်ကြားလျက်ရှိ၏။

စိမ်းမြသော်တာမြိုင်ရဲ့ သတင်းစကားများကို ပြောပြတော့ ဦးစိန်လှ ဘာကြောင့်မသိ ပြုံးရွှင်သောမျက်နှာတို့ဖြင့် ကြည်နူးမှုတွေ ဝေနေသည်။

"အင်း ... ခုလိုပြောပြတာ ဝမ်းသာတယ် ... ဒေါ်သင်းရရယ်။ ကျုပ် ခုတလော စိမ်းမြသော်တာမြိုင်ကို အရမ်းသတိရနေတာ။ ခုတော့ ဒေါ်သင်းရဆီက ဒီသတင်းတွေကြားလိုက်ရလို့ အလွမ်းတွေတောင် တော်တော်ပြေသွားပြီဗျာ။ ကဲ ... ကျုပ်သွားတော့မယ်။ အကြောင်းကိစ္စလေးတွေရှိရင်လည်း ကျုပ်ကို အကြောင်းကြားပေးပါဗျာ"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၇ ]

❑

ဇနီးသည် မရှိလေတော့သည်မှ ဘဝက အထီးကျန်ဆန်လာသည်။ ဘဝအကြောင်း၊ မကောင်းခဲ့သည်များကို ကြာကြာတွေးတော၍မရ။ ဝမ်းတစ်ထွာအရေးက ရှိနေသည်။ လတ်တလောအဆင်ပြေစေရန် အခေါ်တစ်ယောက်၏ မွေးမြူရေးခြံလုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်နေရသော်လည်း ဦးစိန်လှတစ်ယောက် မပျော်ပိုက်။

မိမိတတ်ကျွမ်းသည်က ကားမောင်းသည့်အလုပ် ဖြစ်လေသည်။ ထို့ကြောင့် ယခုလုပ်ကိုင်နေရသောအလုပ်ကို ရေရှည်မလုပ်ကိုင်ရန် ဆုံးဖြတ်ထားသည်။ ကာလတစ်ခုတွင်တော့ ဦးစိန်လှတစ်ယောက် သူငယ်ချင်းတစ်ယောက်၏ ဆက်သွယ်ပေးမှုဖြင့် နယ်ဒေသတစ်ခုသို့ သွားရောက်ကာ ကုမ္ပဏီတစ်ခုတွင် ဒရိုင်ဘာအလုပ်တစ်ခုကို ဝင်လုပ်လေသည်။

ဦးစိန်လှ၏လုပ်ရသည်မှာ ကုန်စည်များကို နယ်ဒေသအသီးသီးသို့ တင်ပို့သွားရောက်ကာ ပို့ဆောင်ပေးရသော အလုပ်ဖြစ်၏။ သို့သော် ထိုပစ္စည်းများသည် မည်သည့်ပစ္စည်းများဖြစ်သည်ကို ကိုစိန်လှတစ်ယောက် မသိ။ သူ့ဘောဂနိုက အလုပ်ရှင်သူဌေး ပေးအပ်နိုင်းစေလာသော ပစ္စည်းများကို ရောက်လိုသည့်နေရာသို့ မပျက်မကွက် ပို့ဆောင်ပေးရန်သာဖြစ်လေသည်။





"ကိုစိန်လှ ... ဒီနေ့ ခင်ဗျား (          ) မြို့ကို ပစ္စည်းသွားပို့ရမယ်"

"ဟုတ်ကဲ့ ... ကောင်းပါပြီ သူဌေး"

"ဪ ... ဒါနဲ့ ခင်ဗျား ခရီးထွက်ရင် ပါနေကျ ယာဉ်နောက်လိုက်ကောင်လေးရော မတွေ့ပါလား"

"သူ့အမေ နေမကောင်းလို့ ရွာကိုပြန်သွားပါတယ် ဆရာ"

"ဒါဆို ခင်ဗျားတစ်ယောက်တည်း ဖြစ်ပါ့မလား"

"ဖြစ်ပါတယ် ... ဆရာ။ ဘာပြုလို့လဲဆိုရင် အဲဒီကောင်လေးရွာက ခု ကျွန်တော်သွားမယ့် ကားလမ်းနံဘေးမှာပါ။ သူ့ကို အကြောင်းကြားထားပြီးပါပြီ။ သူ လမ်းက ကျွန်တော့်ကို စောင့်ပါလိမ့်မယ်"

"ဒါဆိုလည်း ပြီးရောဗျာ။ အစစအရာရာ သတိတော့ထားပေါ့။ တခြား ဘာမှ အထွေအထူးပြောစရာတော့ မရှိပါဘူး"

သည်နေ့ ...

ကိုစိန်လှ သူ့ကိုမှာကြားထားသည့်အတိုင်း နယ်ဒေသတစ်ခု၏ မြို့တစ်မြို့သို့ ကုန်စည်အထုပ်အပိုးများအချို့ သွားရောက်ပို့ဆောင်ပေးရသည့်ဖြစ်လေသည်။ နံနက်အရုဏ်ခန့်ရှိတော့ ကားကိုမောင်း၍ ထွက်လာခဲ့သည်။ မိမိကားနောက်လိုက်လေးသည် လမ်းတစ်ဝက်ခရီးမှ တက်မည်ဖြစ်လေ၏။

မြို့တစ်မြို့သို့ဝင်ရန် ခြေချလိုက်သည်နှင့် ဘာဝန်ရှိရဲသားတစ်ဦးက ကားကို တားဖြိုလာ၏။ ကိုစိန်လှ ရပ်ပေးလိုက်၏။

"ကျွန်တော်တို့ တာဝန်အရ ရှာဖွေခွင့်ပြုပါခင်ဗျာ"

"ဪ ... ရပါတယ်ခင်ဗျား။ ရှာကြပါ၊ ရှာပါ"

ရဲသားအချို့ ကားပေါ်တွင်တင်လာသော ပစ္စည်းများကို မွှေနှောက်ရှာဖွေကြသည်။ ရှာဖွေမှုကိစ္စအားလုံး ပြီးဆုံးသွားတော့ ...

"ခင်ဗျားနာမည် ဘယ်လိုခေါ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဦးစိန်လှလို့ ခေါ်ပါတယ်"

"ခင်ဗျားကားပေါ်မှာ တင်လာတဲ့ ပစ္စည်းတွေကရော ဘယ်သူ့ ပစ္စည်းတွေလဲဗျ"

"ကျုပ်သူဌေး ပိုနိုင်းလိုက်တဲ့ ပစ္စည်းတွေပါ။ ကျုပ်က သူ့ရဲ့ ဒရိုင်ဘာပါ"

"ခင်ဗျားတင်လာတဲ့ကုန်တွေဟာ ဘာပစ္စည်းဆိုတာ ခင်ဗျား သိရဲ့လား"

"ကျုပ် ဘာမှမသိပါဘူး။ သူပိုနိုင်းလိုက်လို့သာ ကျုပ်တင်လာခဲ့ရတာပါ"

"ခင်ဗျားကားပေါ်မှာ တင်လာခဲ့တဲ့ကုန်တွေဟာ မူးယစ်ဆေးဝါး တွေ ဖြစ်နေပါတယ်"

"ဗျာ ... ဘာဗျ။ မူးယစ်ဆေးဝါးတွေ ဟုတ်လား"

"ဒါကြောင့် ခင်ဗျား ကားကိုမောင်းပြီး ကျုပ်တို့စခန်းကို လိုက်ခဲ့ပါ"

ဦးစိန်လှတစ်ယောက် မငြင်းသာ။ ရဲများခေါ်ဆောင်ရာ နယ်ခြေသာ စခန်းတစ်ခုသို့ လိုက်ပါခဲ့ရ၏။ ကုမ္ပဏီသူဌေးထံ ဖုန်းဆက်၍ အကြောင်း ကြား၏။ သို့သော် ... သူဌေးက ကိုယ်လွတ်ရုန်းကာ သူ၏ပစ္စည်းများ မဟုတ်ကြောင်း ဘူးကွယ်သည်။ တာဝန်ရှိသူများက ထိုပစ္စည်းများကို သိမ်းဆည်း၍ သယ်ဆောင်လာသူ ဦးစိန်လှအား မူးယစ်ဆေးဝါး လက်ဝယ် တွေ့ရှိမှုဖြင့် အမှုဖွင့်ကာ အရေးယူခဲ့လေတော့သည်။

✿ ✿ ✿

[ ၈ ]

❑

ဦးစိန်လှတစ်ယောက် မူးယစ်ဆေးဝါးများ လက်ဝယ်တွေ့ရှိမှုဖြင့် ...ဆီးခံရသည့်အကြောင်းက ရွာသို့ တစ်မဟုတ်ချင်း ပြန့်၍သွား၏။ ဒေါ်သင်းရ ...ဦးစိန်လှထံသို့ ထောင်ဝင်စာ လာ၍တွေ့၏။ ထိုမှ မိမိအမှုအား စစ်ဆေးပြီးချက် ...ချည့် တရားသူကြီးသည် သူဌေးကြီး၏သား ထွန်းနေလဖြစ်ကြောင်း အံ့ဩ ...မှုကြည့်နိုင်စရာ သိခဲ့ရသည်။ ဒေါ်သင်းရတစ်ယောက် ဦးစိန်လှအား ...ထာင်းပန်စကား ဆိုလာ၏။

"ဦးစိန်လှရယ် ... ကျွန်မသန္ဓကတော့ တစ်ချိန်က အဖြစ်အပျက် ...တွေကို သားလေးမောင်ထွန်းနေလကို အမှန်အတိုင်းပြောပြလိုက်ရင် ကောင်း ...မယ်ထင်တယ်"

ဒီကိစ္စတွေကို မောင်ထွန်းနေလသိပြီး ဦးစိန်လှဟာ သူ့အဖေဆို ...တာ သိသွားရင် ဒီအမှုပေါ်မှာလည်း စဉ်းစားဆုံးဖြတ်လို့ ရတာပေါ့လေ။

"ဒီကိစ္စကိုတော့ ကျုပ် အနူးအညွတ် တောင်းပန်ပါတယ် ... ...ဒေါ်သင်းရရယ်။ ကျုပ်ဟာ သားလေးရဲ့အဖေဆိုတာ ဒေါ်သင်းရ လုံးဝမပြော ...နဲ့။ ခုချိန်မှာ ကျုပ်က အပြစ်ရှိတဲ့တရားခံ။ သားက ဥပဒေရဲ့ဘက်တော် ...သား အမှန်တရားရဲ့ လူ။ ဘဝတွေက ဝေးချင်တိုင်း ဝေးသွားပြီး ခြားနား ...ကြပါပြီဗျာ။ ကျုပ်လို ပြစ်မှုရဲ့သားကောင် လူတစ်ယောက်ကြောင့် သား ...ရဲ့ဂုဏ်သိက္ခာ ညှိုးနွမ်းမဲ့အဖြစ်ကို ကျုပ် မလိုလားဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလည်း မဟုတ်ဘူးလေ ... ဦးစိန်လှရယ်။ သူ့ဒွေး
ဦးဖေထွန်းနဲ့ သူ့ဒွေးကတော်. ဒေါ်စိမ်းမြလည်း မရှိကြတော့ဘူး။ ဦးစိန်
ကလည်း မကြာခင်မှာ ဖြစ်မှုဖြစ်ကြောင်းတွေ ခံယူရမှာမို့ ကျွန်မဆန္ဒက
သားလေးကို ပြောပြစေချင်တယ်။ မောင်ထွန်းနေလနဲ့ ဦးစိန်လှတို့
အဖေရင်းသားရင်းတွေဆိုတာ မောင်ထွန်းနေလ သိသွားစေချင်တယ်။ ထ
ဥပဒေကတော့ တရားဥပဒေအတိုင်းပေါ့ရှင်"

ထိုစကားကြားတော့ ဦးစိန်လှ မျက်နှာကြည်လင်လာသည်။

"အင်း ... ဟုတ်တော့လည်း ဟုတ်ပါတယ်လေ။ ဒါပေမဲ့ ဘယ်
ပဲစဉ်းစားစဉ်းစား လုံးဝ မဖြစ်ပါဘူး ... **ဒေါ်သင်းရရယ်** ... ဟင်း ..."

ဦးစိန်လှ စကားကိုဖြတ်ရင်း သက်ပြင်းရှည်တစ်ခုကို ချလိုက်
သည်။ အတန်ကြာမှ စကားကို ဆက်ပြန်လေသည်။

"ဒါပေမဲ့ ဒေါ်သင်းရကို ကျုပ်စကားတစ်ခုတော့ ပြောချင်ပါတယ်
ကျုပ်ကို တစ်ခုလောက် ကူညီပါဦးဗျာ"

"ပြောပါ ... ကိုစိန်လှ"

"ခင်ဗျား ကျုပ်ကို ကတိတစ်ခုပေးပါ။ ကျုပ်အိမ်က သေ
ထဲမှာ သိမ်းထားတဲ့ ဒိုင်ယာရီစာအုပ်လေးရှိတယ်။ အဲဒီစာအုပ်လေးကို
ဖြစ်ဒဏ်ကျခံပြီးတဲ့ ကာလတစ်ခုခုမှာ ကျုပ်သားလေးဆီရောက်အောင်
ပေးမယ်ဆိုတဲ့ ကတိပါ"

"ဒီကိစ္စလေးတစ်ခုကိုတော့ ကျုပ်ကို နောက်ဆုံးကူညီတဲ့အ
လုပ်ပေးပါ ... ဒေါ်သင်းရရယ်။ ခုချိန်မှာ ကျုပ်ဆီကို ဘယ်သူမှ လာ
ကြဘူး။ ခုလို မိတ်ဆွေရင်းတစ်ယောက်အဖြစ်နဲ့ လာရောက်မေးမြန်း
ဒေါ်သင်းရကိုလည်း ကျုပ် ကျေးဇူးတင်လို့ မဆုံးပါဘူးခင်ဗျာ"

"ကျွန် ... ကျွန်မ ... ကိုစိန်လှတောင်းတဲ့ကတိကို ပေးပါ
ရှင်။ ကျွန်မကို ခွင့်ပြုပါဦး"

"ကောင်းပါပြီဗျာ"

❁ ❁ ❁

## |၉|

❑

ဒေါ်သင်းရမှာ ...

ဦးစိန်လှ စိတ်ချမ်းသာစေရန် ကတိပေးခဲ့သော်လည်း ဦးစိန်လှ
ခိုင်းသည့်အတိုင်းတော့ မလုပ်ကိုင်ပေ။ ဖြစ်ဒဏ်ကျခံရတော့မည့်သူတစ်
ယောက်အတွက် မျှော်လင့်ချက်ကြီးတစ်မျှင်သည် မျှော်လင့်ခြင်းတရားတို့
ဖြင့်သာ ရှင်သန်စေချင်၏။ ဒါက ဒေါ်သင်းရ၏ဆန္ဒ။

ထို့ကြောင့် ...

မောင်ထွန်းနေလထံသို့ မိမိသွားရောက်၍ အဖြစ်အပျက်များကို
ပြောပြရန် ဆုံးဖြတ်လိုက်တော့၏။ ရုံးပိတ်ရက်တစ်ရက် ဖြစ်လေသည်မို့
ခမ်းနားသော်တာမြိုင်ခြံကြီးတွင် ထွန်းနေလတစ်ယောက်ရှိနေ၏။ ခြံဝင်း
တံခါး၏ ဘဲလ်ကို နှိပ်လိုက်သည်။

"ကလင် ... ကလင် ... ကလင် ..."

ခြံစောင့်လူကြီးတစ်ဦး ခြံဝသို့ လာ၍ရပ်၏။

"ဘယ်သူနဲ့ တွေ့ချင်ပါသလဲခင်ဗျာ"

"ဦးထွန်းနေလ .... ရှိပါသလားရှင်။ သူနဲ့ တွေ့ချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ပြော ... ဟုတ် ... ဟုတ်ကဲ့၊ ရှိပါတယ်ခင်ဗျာ ... ဝင် ... ဝင်ပါ"

တံခါးဖွင့်ပေးတော့ ဒေါ်သင်းရတစ်ယောက် ဝင်လာ၏။

"ထိုင်ပါ ... အစ်မကြီး။ ကျွန်တော် ထွန်းနေလပါ။ ဒါနဲ့ လာတဲ့ ကိစ္စက ..."

"ဒီလိုပါ မောင်ထွန်းနေလ။ လာမယ့်တနင်္လာနေ့မှာ တရား စီရင်ရင်း အမိန့်ချမှတ်မယ့် တရားခံဦးစိန်လှနဲ့ ပတ်သက်ပြီး ပြောစရာ အကြောင်းလေး ရှိလို့ပါ"

"ပြော် ... ပြော ... ပြောပါခင်ဗျား ပြောပါ"

"ဒီလိုပါကွယ် ... မောင်ထွန်းနေလ၊ မူးယစ်ဆေးဝါးသယ်ဆောင် မှုနဲ့ ဖမ်းဆီးခံနေရတဲ့ တရားခံဦးစိန်လှဆိုတာ တကယ်တော့ တခြား မဟုတ်ပါဘူး။ မောင်ထွန်းနေလရဲ့ အဖေရင်းတစ်ယောက်ပါ"

"ဘာ ... ဘာဗျ ... ဦးစိန်လှက ကျုပ်အဖေ ... ဟုတ်လား မဖြစ်နိုင်တာဗျာ။ ဒီမှာ ကျုပ်အဖေနဲ့အမေက ဦးဖေထွန်းနဲ့ ဒေါ်စိန်မြ ဒီမှာအဒေါ်ကြီး၊ အခြေအမြစ်မရှိတဲ့စကားတွေ လာပြောမနေပါနဲ့။ ဘာလဲ ဦးစိန်လှက ကျုပ်အဖေဆိုတဲ့ လုပ်ဇာတ်ခင်းပြီး ခင်ဗျားက ဒီအမှုပေါ်မှာ ဘယ်လိုမရှိုးသားမှုတွေ ဖန်တီးမလို့လဲ။ အဲသလိုဆိုရင်တော့ အားနာ တယ်။ ခုပဲ ကျုပ်ခြံထဲက အမြန်ထွက်သွားပါတော့။

"နေ ... နေပါဦး ... မောင်ထွန်းနေလရယ်။ အဒေါ်ရဲ့စကား ကိုတော့ ကျေးဇူးပြုပြီး ဆုံးအောင် နားထောင်ပေးပါကွယ်။ တစ်ချိန်တုန်း က စိမ်းမြသော်တာမြို့ဆိုတဲ့မြို့ကြီးမှာ ဦးစိန်လှက ဒရိုင်ဘာ၊ အဒေါ်က အိမ်ဖော်မကြီးအဖြစ်နဲ့ အတူတူ အလုပ်လုပ်ခဲ့ကြတယ်။

ဒီလိုနဲ့ ...

မိုးတွေလေတွေသည်းတဲ့ ညတစ်ညမှာ တစ်ချိန်တည်းဆိုသလို သူဌေးကတော်ဟာ သားလေးမွေးတယ်။ ဒါပေမဲ့ အဖတ်မတင်ဘူး။ ဦးစိန်လှ မှာလည်း သားလေးမွေးရင်း ဇနီးက ဆုံးသွားတယ်။ ဒါကြောင့် ဦးစိန်လှ





သူတစ်ယောက်တည်း ရှေ့ဆက်ရမယ့်ခရီးမှာ ကလေးတစ်ယောက်နဲ့ ဘယ်လိုမှ မဖြစ်နိုင်တာရယ်၊ သားကို တင့်တောင့်တင့်တယ် ဖြစ်စေချင်တာရယ် ပြီးတော့ ...

သူဌေးကတော်ကြီးက နှလုံးရောဂါ အကြီးအကျယ်ရှိတာမို့ ကလေး ဆုံးသွားတာသိရင် သူလည်း ရှော့ဖြစ်နိုင်တယ်။ ဒါကြောင့် သူဌေးကတော် ကြီးရဲ့ ကလေးနေရာမှာ အမေဆုံးသွားရှာတဲ့ သူ့သားလေးကို အစားထိုးဖို့ အဒေါ်ကို အတန်တန်တောင်းပန်ရင်း တိုင်ပင်ခဲ့တယ်။

မင်းမယုံရင် ဟောဒီမှာ သူနေ့စဉ်ရေးသားခဲ့တဲ့ ဒိုင်ယာရီစာအုပ် လေးကို ဖတ်ကြည့်ပါကွယ်"

"အို ... မဖြစ်နိုင်တာဗျာ"

"ဟုတ်ပါတယ် ... မောင်ထွန်းနေလ၊ ချက်ချင်း လက်ခံနိုင်ဖို့ မဖြစ်နိုင်ဘူးဆိုတာ အဒေါ် လက်ခံပါတယ်။ ခုလိုလာတွေ့ရတာကလည်း သူ့ဆန္ဒ မဟုတ်ပါဘူး။ သူက သူ့သားလေးသိရင် သားရဲ့သိက္ခာ ညှိုးနွမ်း သွားမှာစိုးလို့ မသွားဖို့ အတန်တန်တားရှာပါတယ်။ သူ ပြစ်ဒဏ်ကျသွား ပြီးတဲ့နောက်မှသာ သားကို ဒိုင်ယာရီစာအုပ်လေးပေးရင်း ပြောပြဖို့ မှာထား ပါတယ်။

ဒါပေမဲ့ အဒေါ်က အဲဒီအထိမစောင့်နိုင်လို့ ခုလိုလာပြီး ရှင်းပြ ရတာ တောင်းပန်ပါတယ်ကွယ်။ အဒေါ့်ကို ခွင့်လွှတ်ပါ"

စကားဆုံးတော့ ဒိုင်ယာရီစာအုပ်လေးထား၍ တရွေ့ရွေ့ ခြံထဲ မှ ပြန်ထွက်သွားသော ဒေါ်သင်းရအား ထွန်းနေလတစ်ယောက် သက်မဲ့ ကျောက်ရုပ်တစ်ရုပ်ပမာ ငေးမောရင်း ကျန်နေခဲ့မိလေသည်။

ဒီနေ့ ...

ဦးစိန်လှအား ပြစ်မှုစီရင်အမိန့်ချမည့်နေ့ ဖြစ်လေသည်။ အမှု ကိုကြားနာရန် ရောက်ရှိနေသောလူများက အခန်းတစ်ဝက်ကျော်မျှ ရှိနေ ကြသည်။

တရားသူကြီး ဦးထွန်းနေလ အမှုကိုစီရင်ဆုံးဖြတ်ရန် တရား ရုံးခန်းထဲသို့ လေးလေးတွဲ့တွဲ့ ခြေလှမ်းများဖြင့်ဝင်လာ၏။ ထို့နောက်



www.burmeseclassic.com

www.burmeseclassic.com



တရားခွင်ရှိ ထိုင်ခုံတွင် နေရာယူလိုက်ပြီး မိမိရှေ့တွင် မတ်တတ်ရပ်လျက် နေရာယူထားသော တရားခံဦးစိန်လှအား တစ်ချက်ကြည့်လိုက်သည်။

"ဩော် … ဦးစိန်လှဆိုတာ တကယ်တော့ ငါ့ရဲ့အဖေပဲ။ သားနဲ့အဖေ ပြန်လည်ဆုံတွေ့ရတဲ့ နေရာနဲ့အဖြစ်တွေကလည်း ဘဝမှာ မဆုံကောင်းမတွေ့အပ်တဲ့ နေရာတွေပါလား … အဖေရယ်။ ပြီးတော့ သားက ဥပဒေရဲ့ဘက်တော်သား။ အဖေက ပြစ်မှုရဲ့သားကောင်။ မတတ်နိုင်ဘူးလေ။ သံသရာရှိသမျှ အဖေ့ခွင့်လွှတ်တဲ့အထိ သားတောင်းပန်ပါ့မယ် … အဖေ။ ဥပဒေနဲ့ အမှန်တရားအတွက်တော့ သား သစ္စာမဖဲ့ပါရစေနဲ့။ သားကို ခွင့်လွှတ်ပါ"

တရားသူကြီး ဦးထွန်းနေလရဲ့ အသံမဲ့စကားအဆုံး ချွေးစေးချွေးစတွေက ဦးခေါင်းတည့်တည့်တွင် တဝီဝီလည်နေသော ပန်ကာကြီးအောက်မှာပင် စိုရရို စို့ထွက်လာကြ၏။ လက်ကိုင်ပဝါဖြင့် တစ်ချက်သုတ်လိုက်သည်။ ထိုအချိန် ဦးစိန်လှတစ်ယောက်မှာလည်း …

"ဩော် … သား … သားလေး … ကြည့်စမ်း။ ကြည့်စမ်း။ ဥပစိရုပ်ကလည်း သန့်သန့်ပြန့်ပြန့်နဲ့ ဖြူလို့ဖွေးလို့။ ခန့်ခန့်ညားညားနဲ့ ထည်ဝါနေလိုက်တာ။ ခုနေ မင်းအမေ သင်းအုံတစ်ယောက်သာ ရှိနေသေးရင် အဲဒါ မင်းသားပဲလို့ အဖေပြောချင်လိုက်တာ … သားရယ်။ ဩော် … ဒါပေမဲ့ သားနဲ့ အဖေတို့ဘဝတွေက ဆုံတွေ့မှုမကောင်းကြတဲ့ အဖြစ်တွေနဲ့ပါ။ သားစီရင်ပေးအပ်မယ့် အပြစ်တွေကို အဖေ ကျေကျေနပ်နပ်ခံယူရင်း သားလို ဥပဒေရဲ့ ဘက်တော်သားတစ်ယောက်အတွက် အမြဲဂုဏ်ယူနေမှာပါ … သားရယ်"

သားဖြစ်သူကိုကြည့်ရင်း တစိမ့်စိမ့်ပွားနေမိသော အသံမဲ့စကားတချို့ မဆုံးလိုက်ရ။ တရားသူကြီး ဦးထွန်းနေလထံမှ စကားသံ ထွက်၍လာလေသည်။ တုန်ယင်သံအနည်းငယ် ပါနေလေ၏။ တည်ငြိမ်အောင် မနည်းကြိုးစားရင်း ဟန်မပျက် ထိန်းနေရလေသည်။

"ဤအမှုနဲ့ပတ်သက်လို့ တရားခံဦးစိန်လှ ဘာများ ပြောဆိုချင်တာများ ရှိပါသေးလဲခင်ဗျား"





"ဘာမှမရှိပါဘူး ခင်ဗျား"

"ကဲ … ကဲ … ဒါဆိုလည်း ကျုပ် အမိန့်ချမှတ်ပါ့မယ်"

လှုပ်လှုပ်ရွရွဖြစ်နေလေသော လူအုပ်ကြီးမှာ မီးကို ရေနဲ့ဖျန်းလိုက်သည့်အလား ငြိမ်သက်သွားကြတော့၏။ တရားသူကြီး ဦးထွန်းနေလအသံ ပေါ်၍လာသည်။

"အဖ ဦးကောင်းလှ၏သားဖြစ်သူ တရားခံဦးစိန်လှသည် နိုင်ငံနှင့် လူမျိုးတစ်မျိုးသားလုံး လူညွန့်တုံးစေသော မူးယစ်ဆေးဝါးများကို လက်ဝယ်ထားရှိ သယ်ဆောင်သူအဖြစ် စစ်ဆေးတွေ့ရှိကာ ပြစ်မှုထင်ရှားကြောင်း တွေ့ရှိပါသဖြင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ်(၁၀)နှစ်တိတိ ကျခံစေရန် ဤတရားရုံးတော်မှ အမိန့်ချမှတ်လိုက်သည်"

တရားသူကြီး ဦးထွန်းနေလ၏ စကားဆုံး၍သွားတော့ အပ်ကျသံပင် ကြားနိုင်လောက်အောင် တိတ်ဆိတ်ငြိမ်သက်ကာ အမှုလာရောက်ကြားနာကြသော လူအုပ်ကြီးက ခန်းမကြီးတစ်ခုလုံး ဆူညံသံများဖြင့် ဖုံးလွှမ်းထွက်ပေါ်သွားတော့၏။

"ဟယ် … (၁၀)နှစ်ကြီးများတောင် ချလိုက်ပြီ … ဟုတ်လား"

"အဘိုးကြီး သနားပါတယ်ဟယ်"

"သူ့ပစ္စည်းမဟုတ်ဘဲ ခံရတာဆို"

"ဟဲ့ … ဒါတော့ ငါလည်း ဘယ်သိပါ့မလဲ"

"သူ့ဖနီးကလည်း မရှိတော့ဘူးတဲ့"

"အိုအေ … ကိုယ့်အပြစ်ရှိလို့ ကိုယ်ခံရတာ သနားစရာ မရှိပါဘူး"

ဦးစိန်လှ သားဖြစ်သူ ထွန်းနေလကို တစ်ချက်ပြုံး၍ ကြည့်လိုက်သည်။ မျက်ရည်များ ဖုံးလွှမ်းနေသော မျက်လုံးများဖြင့် ဖြစ်လေ၏။ ထွန်းနေလသည်လည်း ကာလတစ်ခုကပင် ဖခင်မှန်းသိခဲ့ရသူ ဦးစိန်လှအား ဆို့နင့်မှုအကြည့်တစ်စုံဖြင့် ပြန်၍ကြည့်လိုက်သည်။

ထိုအကြည့်နှစ်ခုက ကြေကွဲမှုပေါင်းများစွာဖြင့် တွေ့ထိပေါင်းစုံသွားတော့သည်။ ထို့နောက် ချာခနဲလှည့်ရင်း တရားရုံးခန်းအတွင်းမှ ထွက်



www.burmeseclassic.com

www.burmeseclassic.com



ခွာသွားသော သားဖြစ်သူထွန်းနေလကို ဗေးမောရင်း ဦးစိန်လှ၏ ဘယ်ဘက်ရင်အုံဆီမှ စူးခနဲအောင့်လိုက်၏။ မျက်လုံးတွေက ပြာဝေသွားသည်။ ထို့နောက်တွင်တော့ ကြိုးတစ်ချောင်းကို ဖြည်ချလိုက်သည့်အလား ပြိုလဲကျ၍ သွားတော့သည်။


"ဝုန်း . . ."

"တရားခံအဘိုးကြီး လဲကျသွားပြီ။ လုပ် . . . လုပ်ကြပါဦးဗျ"

တရားရုံးခန်းထဲမှ ထွက်ရန်ပြင်နေကြသော လူအုပ်ကြီးက ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။ ထိုလူအုပ်ကြီးထဲတွင် ရောက်ရှိနေသူတစ်ဦး ဖြစ်သူ ဦးစိန်လှ၏မိတ်ဆွေ ဒေါ်သင်းရယ်လျင် ဦးစိန်လှနားသို့ ပြေး၍ သွား၏။ လူများ ဝိုင်းအုံကြည့်နေကြလေသည်။ တာဝန်ရှိရဲများက ဆေးရုံသို့ပို့ရန် စီစဉ်နေ၏။ ဦးစိန်လှကတော့ ဖြစ်ပျက်မှုအစုစုတို့ကို ဘာတစ်ခုမျှ မသိလေတော့။ အမှောင်ကမ္ဘာတစ်ခုဆီတွင် သောကမဲ့စွာ ငြိမ်းငြိမ်းချမ်းချမ်း။

❧❦❧

မင်းအောင်ကျော်



www.burmeseclassic.com

# ဓာချင်

❑

"သမီးရေ . . . ထတော့ ငါးနာရီခွဲပြီ"

အခန်းအပြင်မှ အမေက တံခါးကိုပုတ်ပြီး နှိုးလိုက်သံကြောင့် တူးမာ လူးလဲထလိုက်သည်။ ဆံပင်ရှည်များအား စုစည်းမည်ပြင်ထ လက်နှစ်ဖက်က ခေါင်းဆီရောက်သွား၏။ ခါတိုင်းလိုပင် တင်ပါးနား ရောက်အောင် ရှည်သောဆံပင်များကို ပခုံးကျော်ကာ သပ်ချလိုက်သည်။

လက်ထဲတွင် ဆံပင်များက ပါမလာပါ။ ပခုံးကျော်ရုံထိသာ ဆံပ ၏အထိအတွေ့ကို ရလိုက်ပြီး ကျန်အပိုင်း၌ လက်က လေတွင်လွတ်သွ ၏။ တူးမာ ထိတ်ခနဲဖြစ်သွားမိပြီးမှ တစ်စုံတစ်ခုကိုသတိရသွားပြီး သက်ပြ ဟင်းခနဲ ချမိလေသည်။

သူမ . . . မနေ့ နေ့လယ်ပိုင်းကပင် ဆံပင်များကို ဖြတ်ရောင်း ပြီမဟုတ်လား။

တူးမာ . . . သူမ၏ ဆံပင်ရှည်များကို မြတ်နိုးသည်။ အုံကော ပြီး စင်းနေသော သူမ၏ဆံနွယ်များသည် ခါးအောက် တင်ပါးဖုံးလု ရှည်လျားကာ အိကျနေ၏။ ဆံပင်ရှည်များကို တသသနှင့် ဂရုတစိုက် ပြင်ထိန်းသိမ်းလေ့ရှိသူမို့ မနေ့ကမှ ဖြတ်ပစ်ခဲ့ရသော ဆံတိုအဖြစ်ကို သူ အသားမကျသေးပါ။ အိပ်ရာနိုးသည်နှင့် ဆံပင်များကို လက်ဖြင့်သပ်





တြွမ်းဖြီးသင်ပြီး မျက်နှာသစ်ရန် ဆံပင်စည်းလေ့အကျင့်ကို သူမ ပြုမိနေ ဲ ဖြစ်လေသည်။

မနေ့နေ့လယ်က သူမ၏ဆံပင်များကို နှမြောတသစွာနှင့်ပင် ဖြတ် ရောင်းလိုက်သည်။ ဆံပင်ဖြတ်ပြီးတော့ မှန်ရှေ့တွင်ထိုင်ကာ လည်ကုပ် ကျော်ရုံဝဲကျနေသော ဆံပင်တိုများကို ကြည့်ရင်း သူမ မျက်ရည်ပင် ကျမိ သည်။

တတ်နိုင်ပါဘူးလေ . . . နောက် ပြန်ရှည်လာမှာပေါ့။

သူမကိုယ်သူမ အားပေးလိုက်ရ၏။ ဘာပဲဖြစ်ဖြစ် ထိုဆံပင်ရှည် များကိုဖြတ်ပြီး ရောင်းချ၍ ရလိုက်သည့်ငွေက အရေးတကြီးလိုနေသော ဆေးဖိုးကုစရိတ်ကို တစ်စိတ်တစ်ပိုင်း ဖြေရှင်းပေးနိုင်ခဲ့သည့်လေ။

တစ်နေ့ညက အဖေ ဗိုက်တအားအောင့်ကာ ဆေးရုံတင်လိုက်ရ ၏ အူအတက်ပေါက်ခြင်းဖြစ်ပြီး ညတွင်းချင်း ခွဲလိုက်ရသည်။

တူးမာတို့မှာ အဖေ၊ အမေနှင့် သားသမီးဆို၍ တူးမာတစ်ယောက် ည်းဖြစ်သဖြင့် မိသားစုသုံးယောက်သာရှိသည်။ အဖေက စာပါမားကက် ဦးတစ်ခုတွင် လုံခြုံရေးဝန်ထမ်းဖြစ်၍ အမေက အိမ်ရှေ့တွင်ပင် မုန့်ဟင်း ဆိုင်တည်ထား၏။ ဆယ်တန်းမအောင်သော တူးမာက ကုမ္ပဏီတစ်ခု၏ သာမန်အရောင်းစာရေးမလေးဖြစ်သည်။ တူးမာလစာက မများလှသော် ည်း၊ မိသားစုနည်းသဖြင့်လည်းကောင်း၊ သုံးဦးလုံးအလုပ်ရှိနေသဖြင့် ည်းကောင်း မပိုလျှံသော်ငြား မိသားစု နေနိုင်စားနိုင်တော့ ရှိပါသည်။

သို့သော် စုဆောင်းငွေက သိပ်မရှိသဖြင့် ယခုလို အရေးတကြီး လိုသောအခါ ရှိစုမဲ့စုရွှေကလေး အပေါင်ဆိုင်ရောက်ရတော့သည်။ သာမန် ဆေးရုံတက်ရခြင်းမျိုးမဟုတ်ဘဲ အရေးပေါ် ခွဲစိတ်ရခြင်းဖြစ်သောကြောင့် န်ကျစရိတ်က မြင့်တက်သွားသည်။ ဆွေမျိုးသားချင်းနည်းသော တူးမာ ို့မိသားစုမှာ ကိုယ့်အားကိုယ်ကိုး ရုန်းနေရသူများဖြစ်လေရာ ထိုသို့ ငွေလို သောအခါ ခဏလှည့်ရန်လည်း လူမရှိချေ။

အပေါင်ရထားသောငွေက ခွဲခန်းစရိတ်မပြည့်သဖြင့် နောက်ဆုံး ါင်ထားသော ရွှေလေးများကို ပြန်ရွေးယူကာ အပြတ်ရောင်းလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆေးကုစရိတ်တော့ လုံလောက်သွားပါ၏။ သို့သော် အဖေဆေးရုံကဆင်းပြီး နောက်ပိုင်းစရိတ်နှင့် ဆေးဖိုးဝါးခက လိုသေးသည်။ အစာမှာ မစားနိုင်သေးသဖြင့် နာလန်ထအောင် ရက်ရှည်ဆွဲကုရဦးမည်မို့ သည်အတွက် ငွေက လိုလာပြန်သည်။

သို့စဉ် လမ်းထဲမှ 'ဆံပင်ရှည်တွေ ဝယ်တယ်' ဟူသော အသံကြားလိုက်ကာ တူးမှာ သူမ၏ဆံပင်ရှည်များကို ဖြတ်ရောင်းရန် စိတ်ကူးရသွားခြင်းဖြစ်ပါသည်။

တူးမာဆံပင်က ရှည်လည်းရှည်၊ စင်းလည်းစင်း၊ ဆံသားလည်းကောင်းသဖြင့် ဈေးကောင်းရလိုက်ပါသည်။ ငွေလည်း အဆင်ပြေသွားပါ၏။ အဖေ့အတွက် သူမ၊ ပြုလိုက်သော ကုသိုလ်ဟူ၍လည်း ကြည်နူးရသည်။

သို့သော် သူမ ခေါင်းကို ကိုင်မိလေတိုင်း ဆံပင်များကို သတိရနေမိသည့်စိတ်ကိုတော့ သူမ ချက်ချင်းဖျောက်မရသေးပါ။ ထိုညက စိတ်စွဲကာ အိပ်မက်ထဲတွင် သူမ၏ ဆံပင်ရှည်များ၊ သူမ ခေါင်းပေါ် ပြန်ရောက်နေသည်ဟုပင် မြင်မက်မိလေသည်။

**အင်းလေ ... ဆံပင်ဖြတ်တာ ဒီနေ့မှ နှစ်ရက်ပဲ ရှိသေးတာကိုး။ တစ်ပတ်လောက်ဆိုရင်တော့ အသားကျသွားမှာပါလေ။**

✿ ✿ ✿

[ ၁ ]

❑

"တယ် ... လှလိုက်တာ နှင်းဆောင်းရယ်၊ ဆံပင်တွေ ဆက်သိုက်တယ် ... ဟုတ်လား"

နှင်းဆောင်းမေက ခါးလယ်ကျော်ထိ ဖြောင့်စင်းထူထဲနေသော ဆံပင်များကို ခေါင်းလေးမော့ကာ လှုပ်ခါပြလိုက်၏။

"ဒီနေ့ပဲ ဆက်လာတာလေ။ အိချိုသိတဲ့အတိုင်း နှင်းဆောင်း ဆံပင်ရှည်ဆက်ချင်လို့ ရှာနေတာကြာပြီ။ ဒီနေ့မနက် ညှပ်နေကျ 'မေအေးမြှတ်ပါလား' က မမအေးက ဖုန်းဆက်ပြီး 'ဆံပင်သားကောင်းကောင်း ရထားတယ်၊ လာဆက်' ဆိုလို့ နေ့ဝက်ခွင့်ယူပြီး သွားဆက်လိုက်တာ"

"မိုက်တယ်ကွာ။ ဆံပင်တွေက ခါတိုင်းနဲ့ မတူဘူးနော်။ ဆံသားကောင်းလိုက်တာ"

"ဟုတ်တယ်။ မမအေးလည်း မနေ့ညနေကမှ ဒီဆံပင်ကို ရတာတဲ့။ နှင်းဆောင်းက ခါးလယ်ကျော်လောက် ဆံပင်သား သန့်သန့်ကောင်းကောင်းရရင် ဆက်ချင်တယ်ပြောထားတာ ကြာပြီလေ။ မမအေးက သူ့ဆိုင်မှာ လာသွင်းနေကျ ဆံပင်ရှည်ဝယ်တဲ့ မိန်းမတစ်ယောက်ကို မှာထားတာ။ မနေ့က လာပို့သွားလို့တဲ့၊ ဒီလိုခါးလယ်ကျော် ဆံပင်ရှည်မျိုးက မလွယ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



နှင်းဆောင်းမေက ဆက်ထားသော ဆံပင်ရှည်များကို ကိုင်ကာ ကြေကွဲနှမ်းစွာ ပြုံးလိုက်သည်။ နှင်းဆောင်းဆံပင်က ပါး၍ပျော့၏။ ဆံသား မသန်သဖြင့် ပခုံးထိရောက်အောင်ပင် အတော်စောင့်ထားရသည်။ သူမ ဆံပင်က ခါးထိ ရှည်လာစေဦး၊ ဆံသားပါးသဖြင့် ချ၍လည်း မလှနိုင်ပါ။ ခုတော့ နှင်းဆောင်းလိုချင်သည့် ဆံရှည်ဝဲဝဲလေးကို သူမရခဲ့ပြီ။

ဆံသားများကို ပွတ်သပ်ကိုင်တွယ်ရင်း စိတ်က ဆံပင်ပိုင်ရှင်ကို အမှတ်မထင် တွေးမိသွား၏။ နှင်းဆောင်းမေဆက်လိုက်သော ဆံပင်များမှာ အရမ်းကို လတ်ဆတ်နေသည်။ ဆံပင်ရှည်ဝယ်ရောင်းမိန်းမက ဆံပင် လာပို့စဉ် သည်ဆံပင်များကို ယခုပင် ရောင်းသူထံမှ သူမကိုယ်တိုင် ဖြတ် လာခဲ့သည်ဟု ပြောကြောင်း၊ မမအေးက နှင်းဆောင်းကို ပြန်ပြောပြ သည်။

ဆံပင်ဖြတ်ရောင်းသူ ကောင်မလေးက သူ့ဆံပင်များကို နမြော လှဟန်နှင့် ကြည့်ရင်း သူ့အမေ ဆေးရုံတက်ရရာ ငွေလိုသဖြင့် ရောင်းရ ကြောင်း မျက်ရည်အဝဲသားဖြင့် ပြောပြခဲ့သည်ဟုဆိုသည်။ ဝယ်ရောင်းမိန်း က သနားပြီး အမြတ်သိပ်မစားတော့ဘဲ ဈေးကောင်းပေးဝယ်ခဲ့သည်တဲ့။

နှင်းဆောင်းမေတို့ လူ့ငယ်များက လှချင်၍သာ ဆံပင်ဆက်ရသည်။ ဆက်လိုက်သောဆံပင်က ဘယ်က ဘယ်လိုရ၍ ဘယ်လောက်ကြာပြီမှန်း သိရသည်မဟုတ်ခြင်းကြောင့် စိတ်သိပ်မသန့်သလို ဖြစ်မိတတ်၏။ အခုက တော့ ဆံပင်ပိုင်ရှင်ဆီက လတ်လတ်ဆတ်ဆတ်ဖြတ်၍ ရလာခဲ့သည့်အတွက် စိတ်ရှင်းရလေသည်။

နှင်းဆောင်းက နူးညံ့သော ဆံနွယ်များကို အသာပွတ်သပ်လိုက် ၏။ ဆံပင်ပိုင်ရှင်ကောင်မလေးကတော့ နမြောရှာပေလိမ့်မည်။ နှင်းဆောင်း မေကမူ သည်ဆံပင်ဆက်ရန်အတွက် သိန်းချီပေးခဲ့ရသော်လည်း မနမြောမိ ပါ။ သူမ လိုချင်လှသော ဆံပင်ရှည်လှလှဝဲဝဲလေးတွေကို ပိုင်ဆိုင်ထားရ ပြီလေ။

✿ ✿ ✿

| ၂ |

❏

နှင်းဆောင်းမေက အိမ်တံခါးသော့ကိုဖွင့်ကာ ဝင်လိုက်ပြီး နံရံမှ မီးခလုတ်ကိုပါ ဖွင့်လိုက်၏။

အင်း ... မေမေတို့ မရှိတော့လည်း နှင်းဆောင်းတစ်ယောက် တည်း အပျင်းသား။

မေမေ၊ ဖေဖေနှင့် မိသားစုက အထက်မြန်မာပြည်ဘုရားဖူးထွက် သွားကြသည်။ လေးရက်ရှိပြီ။ ပြီးလျှင် မန္တလေးရှိ အဒေါ်ထံ ဝင်လည်ဦး မည်ဆိုတော့ ဆယ့်ငါးရက်ခန့်ကြာမည်ဟု ပြောသွား၏။

နှင်းဆောင်းလည်း လိုက်ချင်ပါသည်။ သို့သော် နှင်းဆောင်း ဘွဲ့မှာ သည်ရက်ပိုင်းတွင် စာရင်းစစ်ဝင်မည်ဖြစ်၍ ငွေစာရင်းကိုင်မြန်မာ နှင်းဆောင်း မရှိ၍မဖြစ်။ သို့ကြောင့် မေမေတို့နှင့် မလိုက်သွားနိုင်ပါ။ နှင်း ဆောင်းအောက် မောင်နှမများပါ တစ်အိမ်လုံးသွားကြသဖြင့် အိမ်မှာ နှင်း ဆောင်းတစ်ယောက်တည်း။ နှင်းဆောင်းမှာလည်း တစ်နေ့လုံး ရုံးသွားနေရ ရာ ညအိပ်ချိန်သာ အိမ်မှာရှိသည်။ ညရေးညတာအတွက်သာ အဖော်လိုရ သစ်ဖက်ခြံရှိ မေမေတို့မိတ်ဆွေအိမ်မှ မခင်လှက အဖော်လာအိပ်ပေး၏။

“ဖတ် ... ဖတ် ... ဖတ် ...”



www.burmeseclassic.com

www.burmeseclassic.com



ခြေသံလို့လို ကြားလိုက်ရသဖြင့် ရပ်ပြီး နှင်းဆောင်း လှည့်ကြည့်လိုက်သည်။ ဟင် … ဘယ်သူမှလည်း မရှိပါဘူး။

ခါတိုင်း နှင်းဆောင်းရုံးမှ ပြန်ရောက်ပြီဆိုလျှင် ခဏအကြာတွင် မခင်လှရောက်လာမြဲဖြစ်၍ မခင်လှဟုထင်ကာ လှည့်ကြည့်မိခြင်းဖြစ်သော သည်။

နှင်းဆောင်းက သူမအခန်းဆီ ဆက်လျှောက်လာ၏။ သူမ နောက် မှ ခြေသံတဖတ်ဖတ်ကြားရပြန်သဖြင့် ဇဝေဇဝါ လှည့်ကြည့်မိဆဲ တံခါးဆီ မခင်လှ၏လှမ်းခေါ်သံ ပေါ်လာ၏။ သူမက တံခါးဆီ ပြန်လျှောက်သွားသော ဖွင့်ပေးလိုက်သည်။

"မမနှင်း … ထမင်းစားခဲ့ပြီးပြီလား"

မခင်လှက ဝင်လာရင်း နှင်းဆောင်းကို ထုံးစံအတိုင်းမေးသည်။ နှင်းဆောင်း ခေါင်းညိတ်လိုက်၏။ မေမေတို့လည်း မရှိသဖြင့် နှင်းဆောင်း ရုံးသို့ ထမင်းဘူး မယူဖြစ်တော့။ ရုံးရှေ့မှာ ထမင်းဆိုင်အသင့်ရှိသည်ကြောင့် ထိုဆိုင်မှာပဲ ထွက်စားလိုက်တော့သည်။ အပြန်တွင်လည်း ထမင်း (သို့မဟုတ်) တစ်ခုခုစားပြီးမှ ပြန်လာသည်။ ညဆာလျှင်တော့ မခင်လှကို အိမ်မှာရှိသော သောက်စရာတစ်ခုခု ဖျော်ခိုင်းလိုက်ပြီး အသင့်ဝယ်ထားသည့်မုန့်နှင့် ဖြစ်ကြသည်။

နှစ်ယောက်သား အိမ်ထဲအတူဝင်လာရင်း မခင်လှက မီးဖိုချောင် ဘက် ခွဲထွက်သွား၏။ နှင်းဆောင်း ညတစ်ခုခုသောက်လိုလျှင် ရရန် စောင့် ကျိုပေလိမ့်မည်။

နှင်းဆောင်းက သူမအိပ်ခန်းထဲ ဝင်လာလိုက်သည်။ ခုတင်ဘေး စားပွဲခုံပေါ်သို့ ဆလင်းဘက်အိတ်ကို တင်လိုက်စဉ် သူမ ပခုံးကို နောက် က ပုတ်လိုက်သဖြင့် မခင်လှထင်ကာ နှင်းဆောင်း လှည့်ကြည့်သည်။

"ဟင် …"

သူမနောက်တွင် မည်သူမျှမရှိပါ။

မခင်လှကလည်း မီးဖိုထဲ တန်းဝင်သွားတာပဲ …

နှင်းဆောင်း ဇဝေဇဝါ ထပ်ဖြစ်သွားပြန်၏။





ဒါ … စိတ်ထင်လို့ဖြစ်မှာပါ။

နှင်းဆောင်း အဝတ်အစားလဲလိုက်၏။ အခန်းထဲတွင် သူမတစ်ယောက်တည်းမဟုတ်ဘဲ တစ်ယောက်ယောက်ရှိနေသလိုလို ထင်နေမိသည်။

ဒါ စိတ်ထင်လို့ ဖြစ်မှာပါ။

သူမ ထပ်တွေးလိုက်၏။

ယနေ့ ရုံးတွင် စာရင်းများ တစ်နေကုန် လုပ်နေရ၍ နှင်းဆောင်း ညောင်းနေပြီ။ အိပ်လည်း အိပ်ချင်သည်။ ရုံးဆင်းတွင် ကြေးအိုးဝင်စားခဲ့သဖြင့် ဗိုက်ကလည်း ပြည့်နေ၏။ သည်ည … ဘာမှ ထပ်မစားချင်တော့ ဘာစားပဲ အိပ်လိုက်တော့မည်။

အင်း … ရေချိုးရကောင်းမလား။

ခါတိုင်း အိမ်ပြန်ရောက်လျှင် ခဏနားပြီး ရေချိုးလေ့ရှိသော်လည်း ယနေ့ ပင်ပန်းလွန်း၍ ရေချိုးချင်စိတ်မရှိဘဲ အိပ်ချင်စိတ်ကသာ ကြီးစိုးနေသည်။ ခြေလက်ဆေး၊ မျက်နှာသစ်ပြီး အိပ်လိုက်တော့မည်။ ရေတော့ မနက်မှသွားမှ ချိုးတော့မယ်လေ။

နှင်းဆောင်းက မှန်တင်ခုံပေါ်မှ Ficial Cleanser နှင့် Foam (မျက်နှာသစ်ဆေးရည်နှင့် ဆပ်ပြာ) ကို ဆွဲယူကာ အိပ်ခန်းနှင့်တွဲလျက် ရေချိုးခန်းထဲ ဝင်လိုက်လေသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၉ ]

နှင်းဆောင်းက နောက်သို့လှည့်ကာ ရပ်လိုက်သည်။ သူမ၏ နောက်မှ တကောက်ကောက်လိုက်နေသော ဆံပင်ကုပ်ဝဲနှင့် ကောင်မလေး ကလည်း ရပ်လိုက်၏။

ဘာလဲဟာ ...

သူမသည် နှင်းဆောင်းနောက်ခပ်လှမ်းလှမ်းမှ လျှောက် လိုက်လာသည်။ အစက သတိမမူမိသေးသော်လည်း သွားလေရာတွင် နောက်က ခြေသံတဖတ်ဖတ်ကြားရသဖြင့် လှည့်ကြည့်လိုက်တိုင်း သည် ကောင်မလေးကို တွေ့ရသည်။ နှင်းဆောင်းထက် တစ်နှစ်၊ နှစ်နှစ်ခန့် ငယ် မည်ထင်၏။ ကောင်မလေးမျက်နှာက ခပ်နွမ်းနွမ်းရှိနေသလို ထင်ရသည်။

နှင်းဆောင်းက သူမနောက်မှ လိုက်နေခြင်းအတွက် ကောင်မလေး ကို ပြောပစ်မည်စိတ်ကူးလိုက်သော်လည်း ကောင်မလေးမျက်နှာ နွမ်းနွမ်း ကြောင့် ပြောမထွက်တော့။ ဘာကြောင့် လိုက်နေတာလဲ မေးတော့လည်း ဘာမျှပြန်မပြော။ မေးသူသာ မောလာ၏။ ထို့ကြောင့် နှင်းဆောင်းမေး မနေတော့ဘဲ စိတ်ပျက်ပျက်နှင့်ပင် ဆက်လျှောက်လာရသည်။





နောက်က ခြေသံက တဖြည်းဖြည်း နီးလာသလိုအသံကြောင့် နှင်းဆောင်း စောင်းလှည့်ကြည့်ကာ ရပ်လိုက်သည်။ သည်တစ်ခါ တော့ ကောင်မလေးက ရပ်မနေတော့။ နှင်းဆောင်းနားသို့ တိုးကပ်လာနေ၏။ ကောင်မ လေး၏ အသိရခက်သောမျက်နှာကို နှင်းဆောင်းအကြောင်သားပင် ပြန် ကြည့်နေမိ၏။

နှင်းဆောင်းနှင့် လက်တစ်ကမ်းအကွာရောက်သည်ထိ ကောင်မ လေးက ကပ်လာကာ ဘာမပြော ညာမပြောနှင့် နှင်းဆောင်းပခုံးကိုကိုင်ပြီး ဆွဲလှည့်လိုက်၏။ နှင်းဆောင်း သူမကို ကျောပေးလျက်သားဖြစ်သွားသည်။ တစ်ဆက်တည်းပင် ကောင်မလေးက နှင်းဆောင်း၏ ဆံပင်ရှည်များကို နောက်မှ ဆွဲဆောင့်လိုက်၏။

"အား ..."

နာကျင်မှုနှင့်အတူ နှင်းဆောင်းခေါင်းက နောက်လန်တော့ ကောင်မ လေးဆွဲရာသို့ ပါသွားသည်။ ကောင်မလေးက ဆံပင်များကို ထပ်မံဆောင့် ဆွဲလိုက်ပြန်၏။ နှင်းဆောင်း ဆက်ထားသော ဆံပင်များသည် ပြုတ်ထွက် ကာ ကောင်မလေးလက်ထဲ ပါသွားသည်။

ကောင်မလေးက နှင်းဆောင်းခေါင်းမှ ကျန်နေသေးသော ဆံပင် ရှည်များကို ဆက်၍ ... ဆက်၍ ...

"အား ... ကယ် ... ကယ်ကြပါ ..."

နာကျင်မှုတစ်ဝက်၊ မယုံနိုင်အောင် အံ့အားသင့်မှုတစ်ဝက်ဖြင့် နှင်းဆောင်းကြောက်လန့်တကြား အော်တစ်ရှိန်း မြေပေါ်သို့ လဲကျသွား တော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❑

"မနှင်း . . . မနှင်း . . ."

နှင်းဆောင်းကိုယ်ကို လှုပ်ပြီး ခေါ်နေသံကြောင့် ဖူးဖူးဝါးဝါးနှင့် သူမ ပေါက်ခနဲ ထထိုင်မိသည်။

မခင်လှက နှင်းဆောင်းကို လှုပ်နှိုးနေ၏။

အိုး . . . သူမ အိပ်မက်ဆိုးတွေ မက်နေတာပဲ။

နှင်းဆောင်း ယောင်ကန်းကန်းနှင့် သူမဆံပင်များကို ကိုင်ဖမ်းကြည့်မိ၏။ ဆံပင်ရှည်များက သူမကျောပေါ်တွင် အဝဲသားရှိနေပါသည်။

"မနှင်း . . . အိပ်မက်ယောင်ပြီး ရှုန်းကန်နေတာအရမ်းပဲ။ ဘာဘာဖြစ်တာလဲဟင်"

"ဟင် . . . သူပဲ အိပ်မက်ယောင်နေတယ်ပြောပြီး အိပ်မက်ယောင်ပါတယ်ဆိုမှ အိပ်မက်,မက်လို့ပေါ့"

နှင်းဆောင်း အငေါ်တူးမိသည်။

"နှင်းဆောင်း အိပ်ချင်လွန်းလို့ စိပ်နေကျပုတီးတောင် မစိပ်မိဘဲ အိပ်ပျော်သွားတာ။ ဒါကြောင့် အိပ်မက်ဆိုးမက်တာနေမှာ။ ကဲ . . . ကဲ . . . မခင်လှ ပြန်အိပ်တော့။ နှင်းဆောင်း ပုတီးစိပ်လိုက်ဦးမယ်"

မခင်လှက ခေါင်းညိတ်ရင်း နှင်းဆောင်းဘေးတွင် ပြန်လှဲချလိုက်၏။ နှင်းဆောင်းက ခုတင်ခေါင်းရင်းတွင် ချိတ်ထားသော ပုတီးကို လှမ်းဖြုတ်ယူလိုက်လေသည်။

✿ ✿ ✿

❑

နှင်းဆောင်းစိတ်တို့ မကြည်လင်ပါ။ အိပ်မက်ဆိုးမက်သော ညအတည်းက သူမနောက်တွင် တစ်ယောက်ယောက်ရှိနေသလို ခံစားရသည်။ တစ်ခါတစ်ရံ သူမကျောကို တစ်ယောက်ယောက်က လာစေိသလိုလို။

စာရင်းစစ် ဝင်နေ၍ အလုပ်ရှုပ်ကာ စိတ်ဖိစီးမှုများနေခြင်း ဖြစ်ဆည်ထင်သည်။ မည်မျှပင် ပင်ပန်းနေပါစေ၊ အိမ်ပြန်ရောက်လျှင်တော့ နှင်းဆောင်းမေ ပုတီးစိပ်ဖြစ်အောင် စိပ်၏။ ပဌာန်းစည်းချ၏။ ဟိုနေ့ကလို အိပ်မက်ဆိုးမက်မည်စိုး၍ ဖြစ်သည်။

ထိုကြောင့်လားတော့မသိ။ နှင်းဆောင်း အိပ်မက်ဆိုး မမက်တော့ပါ။ သို့သော် တစ်ပတ်လုံးလုံး နှင်းဆောင်း ဘာတွေဖြစ်နေမှန်းမသိ။ စိတ်ထဲ ရှုပ်ထွေးနေ၏။ လှပစွာဝဲကျနေသော သူမ၏ ဆံပင်များကို မြင်တိုင်း ဆံပင်ပိုင်ရှင်ကောင်မလေးအကြောင်းကို နှင်းဆောင်း မဆီမဆိုင် သတိတရ ရှိနေမိလေသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၄ |

❑

ဟော … နှင်းဆောင်း … မလာတာကြာလို့ မမအေးတော့ ဖုန်းဆက်ဦးမယ် စဉ်းစားနေတာ။ ကဲ … ပြော၊ ဘာလုပ်မှာလဲ”

‘မမအေး မြှတ်ဦးပါလား’ ထဲသို့ ဝင်လာသော နှင်းဆောင်းကို မိန်းက လေးတစ်ယောက်အား ဆံပင်ညှပ်ပေးနေသည့် မမအေးက နှုတ်ဆက်ရင်း မေးလိုက်သည်။

“ခေါင်းလျှော်မလို့လေ မမအေး။ ဆိုင်မှာ လူရှင်းတာနဲ့ အတော် ပဲ”

မမအေးက သူညှပ်ပြီးသွားသော ကောင်မလေး၏ ကိုယ်တွင် လွှမ်းခြုံထားသည့်အဝတ်ကို အသာခွဲဖယ်လိုက်ပြီး လက်ထောက် ဆိုင်ဝန် ထမ်းထံ ဝက်ခွဲရန် လွှဲပေးလိုက်၏။

“စောစောကပဲ တစ်သုတ်ပြီးသွားလို့လေ။ နှင်းဆောင်း ခေါင်း လျှော်မယ်ဆိုလား၊ မမအေး အားပြီ”

နှင်းဆောင်းက ခေါင်းလျှော်ခုံရှည်ပေါ်တက်၍ လဲလျောင်းလိုက် ၏။

“ခေါင်းလျှော်ချင်နေတာ ကြာပြီ။ မလျှော်ရတာ နှစ်ပတ်ရှိသွားပြီ လေ။ ပြီးခဲ့တဲ့အပတ်က ရုံးမှာ ရုံးချုပ်က စာရင်းစစ်တွေ ဝင်နေလို့ မအား တာနဲ့ မလာဖြစ်တာ”

မမအေးက နှင်းဆောင်းဆံပင်များကို ရေဆွတ်လိုက်၏။





“ပြော … နှင်းဆောင်းကို ပြောရဦး”

“မမအေးကို ပြောစရာရှိ …”

နှစ်ယောက်သား ပြိုင်တူပြောမိကြသဖြင့် မမအေးက ရယ်ရင်း–

“ပြော … ပြော … နှင်းဆောင်း အရင်ပြော”

“ဟိုး … အပတ်က နှင်းဆောင်းဆံပင်ဆက်တဲ့ အပတ်ကပေါ့။ နှင်းဆောင်း ဆံပင်ပိုင်ရှင်ကောင်မလေးကို အိပ်မက်မက်သေးတယ် သိ လား”

နှင်းဆောင်းက သူမ၏ အိပ်မက်ဆိုးကို ပြန်ပြောပြလိုက်၏။ မမ အေးကား မျက်လုံးအပြူးသားနှင့်။

“အဲဒီအပတ်ကလည်း ရုံးမှာ အလုပ်ကများလိုက်တာ။ မိုးချုပ်မှ ချည်း ပြန်ရတယ်။ စာရင်းတွေကများတော့ နှင်းဆောင်း စိတ်ဖိစီးမှုတွေ များသွားလို့ထင်ပါရဲ့။ အိပ်မက်တွေ တယောက်ကယက်မက်တာလေ။ မမ အေးက ဆံပင်ပိုင်ရှင်ကောင်မလေးအကြောင်းပြောပြတော့ သနားပြီး စိတ်စွဲ များတာလည်း ပါမှာပေါ့။ မဆီမဆိုင် ကောင်မလေးကို အိပ်မက်မက် နေတယ်”

“ခု … ခုထိ … မက်နေတုန်းပဲလား … နှင်းဆောင်း”

“ဟင့်အင်း … မမက်တော့ပါဘူး။ အဲဒီတစ်ညတည်း မက်တာ။ နှင်းဆောင်း အဲဒီညက အိပ်ချင်လို့ ဘုရားမရှိခိုး၊ ပုတီးမစိပ်ဘဲ အိပ်လိုက် တာကိုး။ နောက်ရက်တွေတော့ ညမှာ ခါတိုင်းလိုပဲ ဘုရားရှိခိုး၊ ပုတီးစိပ်၊ ည်းချပြီးမှ အိပ်တာဆိုတော့ ဘာမှမမက်တော့ဘူး။ ဘာဖြစ်လို့လဲဟင် မမအေး”

“ဟင် … ဘာ … ဘာမှမဖြစ်ပါဘူး။ ဟို … အိပ်မက်မက်ရုံပဲ လား။ နောက် … ဘာတွေဖြစ်သေးလဲ”

နှင်းဆောင်းက မမအေးကို အထူးအဆန်းလို မျက်လုံးလှန်ကြည့် လိုက်ရင်း …

“ဟင့်အင်း … ဘာမှမဖြစ်ပါဘူး။ အဲဒီအပတ်ကတော့ စိတ်တွေ ကြည်မလင်နဲ့ စိတ်လေးသလိုလို၊ ဘာလိုလို ဖြစ်နေတာတစ်ခုပါပဲ။ ဒါတောင် အလုပ်ရှုပ်နေလို့ စိတ်ရှုပ်တာနေမှာပါ”



www.burmeseclassic.com

www.burmeseclassic.com



နှင်းဆောင်း ဆက်ပြောမည်အလုပ် မမအေးက လက်ကာ
ရင်း ...

"ဘယ်လို စိတ်လေးတာမျိုးလဲဟင် ... နှင်းဆောင်း"

"ဪ ... ဟို ... ကိုယ့်နောက်က ခြေသံကြားနေသလို
နောက်မှာ တစ်ယောက်ယောက်ရှိနေသလိုလို၊ ထင်မိထင်ရာ ထင်နေမိ
မျိုးပါ"

"အဲဒီအပတ်ဆိုတာက ဘယ်ရက်လောက်လဲ"

"အင်း ... ဆံပင် စ,ဆက်တဲ့နေ့ပဲ၊ အဲ ... ညမှာ အိပ်မက်
တာဆိုတော့ အဲဒီကနေ တစ်ပတ်လောက်ပါပဲ၊ ဘာဖြစ် ..."

"အဲဒီ တစ်ပတ်ကျော်သွားတော့ရော"

"တစ်ပတ်ကျော်လောက်ကျတော့ ကောင်းသွားရောလေ၊ တ
စ်တွေနဲ့ နှင်းဆောင်းအပိုင်းကလည်း ပြီးသွားပြီကိုး၊ နောက်ရက်တွေ
အခြားဌာနစိတ်တွေ ဆက်စစ်တာ ကူရုံပဲဆိုတော့ သိပ်အလုပ်မရှုပ်
ဘူးလေ၊ နေပါဦး ... ဘာဖြစ်လို့ မေးတာလဲ ... မမအေးရဲ့"

မမအေးက မဖြေဘဲ ဆက်မေးပြန်သည်။

"ဒါဆို ... အဲလိုဖြစ်တာ တစ်ပတ်ကျော်သွားပြီး ခု ... နှ
ထဲမှာဆိုတော့ နောက်ထပ် ဘာမှဆက်မဖြစ်တော့ဘူးပေါ့နော်"

"ဟုတ်တယ် ... မဖြစ်တော့ပါဘူး၊ အဲဒီတစ်ခုတ်ကပဲ ဖြစ်
ဘာဖြစ်လို့ မေးနေတာလဲဟင် ... မမအေး"

နှင်းဆောင်း အံ့အားတသင့် ထပ်မေးလိုက်သည်။

မမအေးက ယုံသို့ပြုံးလိုက်၏၊ ခေါင်းဆက်လျှော်ပေးရင်း ...

"အဲ ... ဟို ... ဘာမှမဖြစ်ပါဘူး ... နှင်းဆောင်းရဲ့၊ အိပ်
ဆိုးတွေ ထပ်မက်နေရင် မက်အောင် ရွတ်ရတဲ့ ဂါထာပေးမလို့ပါ၊ ခု
ဆောင်း ဘာမှမဖြစ်တော့ဘူးဆိုရင် ပြီးတာပါပဲ"

"နှင်းဆောင်းလေ ... အိပ်မက်ထဲမှာ ဆက်ထားတဲ့ ဆံပင်
တို့ အဲဒီကောင်မလေးက ခွဲဖြုတ်တော့ တကယ်ဖြုတ်ကုန်ပြီထင်
အိပ်မက်ကလန့်နိုးတော့ ဆံပင်တွေကို အရင်စမ်းကြည့်မိတယ် ... ဟား
ဟား"





မမအေးက ပြုံးရုံပြုံးပြီး ဘာမျှထပ်မပြောတော့။

ဖောက်သည်သွင်းနေကျ ဆံပင်ဝယ်ရောင်းမိန်းမက နှင်းဆောင်း
တို့ ဆံပင်ဆက်ပေးပြီး နှစ်ရက်ခန့်အကြာ၌ မေအေးဆိုင်သို့ ဝင်လာခဲ့သေး
သည်။

မေအေး၏ စိတ်တို့သည် ဆံပင်ဝယ်ရောင်းသူ မစန်းထွေးထံ စိတ်
ရောက်သွားကာ မစန်းထွေး ပြောပြခဲ့သော စကားသံများကို ကြားယောင်
လာမိတော့၏။

✿ ✿ ✿

[ ၅ ]

❑

"အစ်မ ... အစ်မ ..."

နောက်ဘက် ခပ်လှမ်းလှမ်းမှ ခေါ်သံကြောင့် မစန်းထွေး နောက်
လှည့်ကြည့်လိုက်၏။

"ဪ ... ဟိုတစ်နေ့က ဆံပင်ရောင်းတဲ့ ညီမပဲ"

မစန်းထွေးက ရေရွတ်လိုက်ရင်း သူမ နောက်မှ ကောင်မလေးကို
ရပ်စောင့်နေလိုက်သည်။

ကောင်မလေးသည် ရုတ်ခနဲ သူမအနားသို့ ရောက်လာ၏။

အဲ ... မြန်လိုက်တာ ...။

သူမ လှည့်ကြည့်လိုက်စဉ် ဝါးတစ်ရိုက်လောက်အကွာတွင် ရပ်နေ
သော ကောင်မလေးက သူမအနီးသို့ လေနှင့် လွင့်ပါလာသလို ဖျတ်ခနဲ
ရောက်လာပုံကိုကြည့်ကာ မစန်းထွေး တအံ့တသြ တွေးမိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်မ ..."

ကောင်မလေးက မစန်းထွေးကို စူးစူးကြည့်ကာ ထပ်ခေါ်လိုက်၏။ ကောင်မလေး၏မျက်နှာသည် အတော်ပင် ညှိုးငယ်နေလေသည်။ မစန်းထွေးကို ဆံပင်ဖြတ်ရောင်းလိုက်သဖြင့် ကုပ်အုပ်ရုံလောက်သာ ရှိတော့သော ဆံပင်များကလည်း လေတွင် တဝဲဝဲ ပရမ်းပတာလွင့်နေ၏။

ဟင် ... လေလည်း ငြိမ်နေတဲ့ဟာကို ကောင်မလေးဆံပင်တွေကျတော့ လေနဲ့မှုတ်ထုတ်လိုက်သလို တဖွားဖွားကို လွင့်နေတာပဲ။

မစန်းထွေး အထူးအဆန်း တွေးလိုက်မိပြန်သည်။

"အစ်မ ... ကျွန်မဆံပင်တွေ ... ပြန်ပေးပါ"

"ဟင် ..."

မထင်မှတ်သော စကားကြောင့် မစန်းထွေး မျက်လုံးပြူးကာ အံ့အားသင့်သွားသည်။

"ကျွန်မ ... ဆံပင်တွေ ... ပြန် ... ပေး ... လို့"

"အဲ ... ငါညီမ ရောင်းပြီးသားဟာကို ဘာလို့ ပြန်တောင်းနေရတာလဲ"

"ကျွန်မဆံပင်တွေ ... ပြန်ပေး ... ပေး ... ပေးပါ"

ကောင်မလေးက ပြောပြောဆိုဆို မစန်းထွေးနား တိုးကပ်လာ၏။ သူမပုံစံက မစန်းထွေး၏လက်ထဲ ကိုင်ထားသော ဝယ်လာသည့်ဆံပင်များ ထည့်ထားရာ အိတ်ကို အတင်းဆွဲယူတော့မယောင် ရှိသည်။ မစန်းထွေးက လက်ထဲမှအိတ်ကို ကောင်မလေးမယူနိုင်ရန် သိမှတ်မဲ့စွာ ကျောနောက်သို့ ဝှက်လိုက်မိရင်း ...

"ဟဲ့ ... ဘယ် ... ဘယ်လိုဖြစ်တာလဲ ... လုတော့မယ့်အတိုင်း ဘယ့်နှယ် ... ကျေကျေနပ်နပ်ရောင်းပြီးမှ ဒီလိုပြန်တောင်းလို့ ဘယ်ရမလဲ ဟဲ့"

မစန်းထွေးက ကျောက်ကျောင်ကျော့ ခပ်ဆတ်ဆတ် ပြန်ပြောလိုက်သည်။





ကောင်မလေး၏မျက်နှာသည် တင်းခနဲဖြစ်သွား၏။ မျက်နှာကြီးကလည်း ရုတ်ခြည်း ကြီးလာသယောင်ပင် ထင်ရသည်။

"ပြန်ပေး ... ငါ့ဆံပင်တွေ ပြန်ပေးလို့ဆို"

ကောင်မလေး၏ညာလက်က မစန်းထွေး၏ကျောဘက်တွင် ကပ်ထားမိသော ဆံပင်ထည့်အိတ်ကို ဆတ်ခနဲ လှမ်းဆွဲရန် ကြိုးစားလိုက်၏။ မစန်းထွေးက အံ့အားတသင့်ဖြင့် အိတ်ကို ကျောဘက်တွင် လက်နှစ်ဖက်ဖြင့် လက်ပြန်စုံကိုင်ကာ တင်းတင်းဆုပ်ကိုင်လျက် ဝှက်လိုက်ရင်း ကောင်မလေးကိုလည်း ဒေါသဖြစ်စွာ ပြန်ကြည့်လိုက်သည်။

သူမနှင့် ကောင်မလေးသည် လက်တစ်ကမ်းအကွာလောက်တွင် မျက်နှာချင်းဆိုင် ရပ်နေကြခြင်းဖြစ်ရာ မစန်းထွေး ကျောဘက်မှအိတ်ကို ကောင်မလေး လက်လှမ်းမမီနိုင်ပါ။ သို့သော် ...

"အ ... အမလေး"

မစန်းထွေး အထိတ်တလန့် အော်လိုက်မိ၏။

ကောင်မလေး၏ ညာလက်သည် ကြည့်နေရင်းက အရှည်ကြီးဖြစ်လာပြီး နောက်ကျောဘက်မှ မစန်းထွေး၏အိတ်ကို ကွေ့ကွေ့ဝိုက်ဝိုက်ကြီး လှမ်းဆုပ်ဆွဲလုခြင်း ခံလိုက်ရသည်။ မစန်းထွေးက လက်မလွှတ်၊ ကောင်မလေးက ဆွဲလုနှင့် ဖြစ်နေရာက သူမ၏နောက်ကျောဘက် တစ်ပတ်ကြီးရောက်အောင်ထိ မတရားရှည်ထွက်နေသော ကောင်မလေး၏ လက်နှစ်ဖက်ကို သတိထားမိကာ မစန်းထွေး လန့်အော်မိခြင်းဖြစ်လေသည်။

မစန်းထွေးက ကောင်မလေးမျက်နှာကို အံ့အံ့သြသြ ထိတ်ထိတ်လန့်လန့် ကြည့်မိစဉ်မှာပင် မစန်းထွေးကို စိုက်ကြည့်နေသော မျက်ထောင့်နီကြီးများအား မြင်လိုက်ရသည်။

"ငါ့ဆံပင်တွေ ... ပြန်ပေး ... ပြန်ပေးစမ်း"

ကောင်မလေး၏ သန်မာလှသော ဆွဲလုအားကို မခံနိုင်ဘဲ သူမ၏နောက်ကျောမှ ဆံပင်ထည့်အိတ်က ကောင်မလေးထံ ပါသွားသည်။ ကောင်မလေးက အိတ်ထဲသို့ငုံ့ကြည့်ကာ လက်နှိုက်ရှာဖွေနေရာက ထိတ်လန့်



www.burmeseclassic.com

www.burmeseclassic.com



အံ့သြတကြီး အကြောင်သားကြည့်နေမိသော မစန်းထွေးကို မျက်လုံးကြီး ပြူးကာ ...

"ဘယ်မှာလဲ ... ငါ့ ... ဆံပင်တွေ၊ ဘယ်မှာ ... လဲ၊ ပေး ... ပြန်ပေး ..."

ပြောပြောဆိုဆို မစန်းထွေးပခုံးကို ကောင်မလေးက ဆောင့်တွန်း ပစ်လိုက်သည်။ ရုတ်တရက်ဖြစ်သဖြင့် မစန်းထွေး မြေပေါ်သို့ ဖင်ထိုင်လျက် သားလဲကျသွား၏။

"ဘယ်မှာလဲ ... ဘယ်မှာလဲလို့ မေးနေတာ မကြားဘူးလား"

ကောင်မလေးမျက်လုံးကြီးများက ပို၍ပို၍ ပြူးလာ၏။

"အဲ ... ဟို ... ဟို ... ဆံပင်ညှပ်ဆိုင်ကို ... သွင်း ... သွင်းလိုက်ပြီ"

ကောင်မလေးကိုကြည့်ရင်း မစန်းထွေးက အထိတ်တလန့်ဖြင့် ကြောက်ကြောက်ရွံ့ရွံ့ ပြန်ပြောမိသည်။

"ဟင် ... ဘယ် ... ဆံပင်ညှပ်ဆိုင်လဲ၊ ဘယ် ... မှာလဲ"

မေးနေသော ကောင်မလေးမျက်လုံးများက ပို၍ ပြူးလာပြန်၏။ မစန်းထွေးစိတ်ထင် လက်ဖက်ရည်ပန်းကန်လုံးလောက်ထင် ရှိလေမည်လား မသိ။ မျက်နှာကြီးကလည်း လင်ပန်းလောက် ကြီးလာသလိုလို။

ငါ ... ဘာတွေ ... မြင် ... မြင်နေတာလဲ၊

မြင်နေရသော မြင်ကွင်းကို မစန်းထွေး မယုံနိုင်စွာ ပြူးကြည့်နေမိ၏။

"ဘယ်မှာလဲ ... ဆို"

"အောင်မယ်လေး ..."

ကောင်မလေး၏ ရူးရူးဝါးဝါး မေးလိုက်သံကြောင့် မစန်းထွေး လန့်အော်မိလေသည်။

"လန့် ... လန့်လိုက်တာ၊ ဟို ... ဟို ... လမ်းက ... မေ ... မေအေး ... မြူတီပါလာဆိုင်ကို သွင်းလိုက်တယ်"





ကြောက်ကြောက်လန့်လန့် ပြန်ပြောလိုက်မိစဉ်မှာပင် ကောင်မလေး၏ လည်ပင်းကြီးက ဖင်ထိုင်လျက်လဲကျနေသော မစန်းထွေးမျက်နှာအထိ ဆန့်ရှည်လာကာ ကောင်မလေး၏ လင်ပန်းမျက်နှာကြီးကို အနီးကပ် မြူနီးခန် တွေ့လိုက်ရ၏။

"အမလေး ... သရဲ ... သရဲ ... သရဲ ..."

မစန်းထွေး ကြောက်အားလန့်အားနှင့် မျက်စိစုံမှိတ်ကာ ကျယ်အော်လိုက်မိတော့သည်။

✿ ✿ ✿

[ ၆ ]

❑

မစန်းထွေး သည်နေ့ စိတ်နှင့်လူနှင့် မကပ်။ လမ်းတစ်လမ်းတည်းကို နှစ်ခါဝင်မိလား ဝင်မိ၏။

သူမက မနက် (၉)နာရီလောက်ဆို အိမ်မှထွက်ကာ လမ်းတကာတည်း၍ ဆံပင်ဝယ်ရသည်။ ဆံပင်ဝယ့်ရောင်းလုပ်ငန်း ပေါ်လာစကတည်းက သူမ လုပ်ခဲ့ခြင်းဖြစ်သည်။ အရောင်းအဝယ်က မဆိုးပါ။ အလုပ်ကောင်းသာနေ့မျိုးတွင် သူမအတွက် ခုနစ်ထောင်၊ ရှစ်ထောင်ပင် ကျန်တတ်၏။ ကောင်းဘူးဆိုလျှင်ပင် သုံးထောင်ဝန်းကျင်ခန့်ရသည်။

သို့သော် ...



www.burmeseclassic.com

www.burmeseclassic.com



"ဆံပင်ရှည်တွေ ဝယ်တယ်၊ ဆံပင်ကျွတ်တွေ ဝယ်တယ်"

ဟု အော်၍အော်၍ လမ်းတကာသို့ ခြေတိုအောင် လျှောက်သွားခြင်းကြောင့် အိမ်ပြန်ရောက်လျှင်တော့ အာလည်းညောင်း၊ လူလည်း မလှုပ်ချင်လောက်အောင် ဓါင်းသွားတော့သည်။

လွန်ခဲ့သည့်နှစ်ရက်လောက်က လမ်းထဲအရောက် ကောင်မလေးတစ်ယောက်က လှမ်းခေါ်ပြီး ဆံပင်ရောင်းချင်လို့ဟု ပြောသည်။ သူမ ခေါင်းမှ တင်ပါးအောက်ရောက်အောင် လှပ၊ ထူထဲ၊ ဖြောင့်စင်းနေသော ဆံပင်များကို ဖြတ်ရောင်းချင်လို့ဟု ဆိုသည်။

ကာယကံရှင်တော့မသိ၊ ဝယ်သူ မစန်းထွေးပင်လျှင် သည်မျှ လှသော ဆံပင်များကို ဖြတ်ယူရမှာ နှမြောအားနာသလိုဖြစ်မိ၏။ သို့သော် ဆံသားကောင်းသည့်ပြင် ရရှိမည့်အရှည်က မစန်းထွေးအတွက် မြိုးမြိုးမြက်မြက် ကျန်ကိန်းရှိသဖြင့် မစန်းထွေး လိုက်ခနဲ ဝမ်းသာသွားမိသည်ကတော့ အမှန်ဖြစ်သည်။

ဈေးညှိပြီး ကောင်မလေးပြောသောနေ့ရာမှ မစန်းထွေးကိုယ်တိုင် ဖြတ်ပေးနေစဉ် ကောင်မလေးက ရုတ်တရက် အင့်ခနဲရှိုက်ကာ မျက်ရည်များ ပိုးပိုးပေါက်ပေါက်ကျလာသဖြင့် မစန်းထွေး လန့်သွားသည်။

ကောင်မလေးက ရှိုက်ငင်ငိုကြွေးရင်း ဖခင်ကြီးဆေးဖိုးအတွက် ဖြတ်ရောင်းခြင်းဖြစ်ကြောင်း၊ သူမ၏ ကုသိုလ်အတွက် ဝမ်းသာပီတိဖြစ်ရသော်လည်း အနှစ်နှစ်အလလထားခဲ့ရသော ဆံပင်များကို နှမြောလှသဖြင့် ရုတ်တရက် လောလောလတ်လတ်တော့ စိတ်မထိန်းနိုင်ဘဲ ငိုမိခြင်းဖြစ်ကြောင်း ပြောပြရှာသည်။

မစန်းထွေး ရင်ထဲ နင့်သွား၏။ သို့နှင့် အမြတ်များများ မယူရက်တော့ဘဲ ကောင်မလေးကို ဈေးကောင်း ပိုပေးခဲ့မိလေသည်။ နောက် ... ဆံပင်သားကောင်းကောင်းရှည်ရှည်ရလျှင် လိုချင်ကြောင်း မှာထားပေးမေအေးမြှုပ်ပါလာသို့ သွားသွင်းခဲ့၏။

မနေ့ညက မစန်းထွေး ချောက်ချားစရာ အိပ်မက်ဆိုးမက်ခဲ့သည်။ ဟိုနှစ်ရက်လောက်က ဆံပင်ရောင်းသည့် ကောင်မလေးကို စိတ်စွဲသွား၍





လေသလားမပြောတတ်။ ကောင်မလေးက အိပ်မက်ထဲတွင် သူမဆံပင်များ ပြန်တောင်းနေပုံကို ကြောက်မက်ဖွယ် မြင်မက်မိလေသည်။

မနက် အိပ်ရာကနိုးလာပြီးကတည်းက မစန်းထွေး စိတ်မကြည်တော့။ စိတ်နှင့်လူနှင့်လည်း မကပ်ချင်တော့။ ညက အိပ်မက်ဆိုးကို ပြန်ပြန်တွေးမိနေ၏။ သို့နှင့်ပင် ဝင်ပြီးလမ်းလည်း နှစ်ခါပြန် ပြန်ဝင်မိတွေ့ဖြစ်ကုန်တော့သည်။

"ဆံပင်ရှည်တွေ ဝယ်တယ်၊ ဆံပင်ကျွတ်တွေ ဝယ်တယ်"

မစန်းထွေးက သူမ၏ လွင့်နေသောစိတ်များကို ထိန်းလိုက်ကာ ရှေ့လမ်းထဲ ချိုးဝင်လိုက်ရင်း တစ်ချက်အော်လိုက်သည်။ အော်ရင်းက လမ်းထဲမှ အိမ်များကို ခေါ်လိုခေါ်ငြား ဟိုသည်မော့ကြည့်လျှက် လျှောက်လာ၏။

ဩော် ... ဒီလမ်းက ကောင်မလေးနေတဲ့လမ်းပဲ။

မစန်းထွေးက တွေးလိုက်မိသည်။ သူမ စိတ်တွေတွေနှင့် လျှောက်နေး လျှောက်ရင်း ကောင်မလေးတို့ လမ်းထဲရောက်လာကာ ကောင်မလေး အိမ်နား နီးလာခဲ့၏။

"ဟင်"

မစန်းထွေး အံ့အားသင့်သွားသည်။

ကောင်မလေးအိမ်ရှေ့တွင် ကနားဖျင်းထိုးထားသည်ကို လှမ်းမြင်လိုက်ရခြင်းကြောင့်ဖြစ်လေသည်။

ကောင်မလေးရဲ့ ဟို နေမကောင်းဘူးဆိုတဲ့အဖေ ဆုံးသွားရှာပြီထင်ပါရဲ့။ ကောင်မလေးခမျာ ဆံပင်တောင် ဖြတ်ရောင်းပြီးကာမှ သနားပါသယ်။

တွေးလိုက်မိရင်း မစန်းထွေး ထိုအိမ်နား ရောက်လာသည်။ ကနားဖျင်းရှေ့တွင် ကျောက်သင်ပုန်းအရွယ် ခပ်လတ်လတ်တစ်ချပ် ထောင်ထားပြီး သေဆုံးသူအမည်ရေးထားသည်ကို တွေ့ရ၏။ မစန်းထွေးက စိတ်အကောင်းဆုံးပင် ဆိုင်းဘုတ်နားတိုးကပ် ဖတ်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မောတော့ …"

မစန်းတွေး ပါးစပ်အဟောင်းသား ဖြစ်သွားမိတော့၏။

"မတူးတူးမာ၊ အသက် (၂၂)နှစ်" တဲ့။

ချောက်ချောက်ချားချား ထိတ်ထိနိုက်နိုက် နပ်တိုးတိုး ရေရွတ်လိုက်မိ၏။

မစန်းတွေးသည် အံ့ဩမှင်တက်မိကာ ဆိုင်းဘုတ်ကိုသာ အငြိုးသား စိုက်ကြည့်နေမိလေသတည်း။

✿ ✿ ✿

## နိဂုံး

❑

ညနေ တူးမာ ရုံးဆင်းနောက်ကျသည်။ အရောင်းပစ္စည်းစာရင်းနှင့် ရောင်းရငွေ မကိုက်၍ ပြန်စစ်နေရသောကြောင့် ဖြစ်၏။ နောက်ဆုံး ပစ္စည်းလက်ကျန်ကို ထပ်စစ်မှ လက်ကျန်အရေအတွက် မှားနေကြောင်း တွေ့ကာ စာရင်းကိုက်သွားတော့သည်။

သည်ညနေ အဖေ့ဖို့ ဆေးဝယ်ရမည်။ သောက်ဆေးက တစ်ရက်စာသာ ကျန်တော့သဖြင့် ရုံးအပြန် တူးမာဝယ်သွားပါမှ နောက်နေ့အတွက် အလျှင်မီမည်ဖြစ်သည်။ ဆေးဝင်ဝယ်ပြီးနောက် တစ်မှတ်တိုင်စာလောက် ခရီးကို ကားတိုးစီးမနေတော့ဘဲ လမ်းလျှောက်ပြန်ရန် စိတ်ကူးကာ လျှောက်လာခဲ့၏။





သူမရှေ့မှသွားနေသော မိန်းကလေးတစ်ယောက်က ခါးလည်ထိရှည်သော ဆံပင်ဝဲဝဲလေးနှင့် ဖြစ်သည်။ တူးမာက သူမဆံပင်များကို သတိရသွားမိပြန်၏။

မနေ့က မနက်ပိုင်းတုန်းက တူးမာမှာလည်း ဒီလိုဆံပင်ရှည်ရှည်လှလှတွေ ရှိခဲ့ပါတယ်နော်။ နေ့လယ်ကျမှ …

သူမ သက်ပြင်းချိုက်လိုက်မိပြန်၏။

ဆံနွယ်တဝဲဝဲနှင့် ရှေ့ကကောင်မလေးကို တူးမာ မနာလိုချင်ချင်ဖြစ်မိလေသည်။

အင်း … အဲဒီကောင်မလေးလောက် ရှည်လာအောင်တောင် အတော်စောင့်ရဦးမယ်။

တူးမာက သူမဆံပင်များအကြောင်းတွေးရင်း အမှတ်မဲ့ ကားလမ်းပေါ်ဆင်းလိုက်သည်။

"ဒုန်း … ဝုန်း … ဝုန်း"

"အမလေး … လုပ်ကြပါဦး … ကား … ကားတိုက်သွားပြီ။ ကောင်မလေးတစ်ယောက် … ကားတိုက်သွားပြီ"

တူးမာ ကိုယ်လေး ရုတ်တရက် မြောက်တက်သွားကာ ကားလမ်းပေါ်သို့ အရှိန်ဖြင့် ပြန်ကျသွား၏။ အသံညံနိုက်အောင် နာကျင်လှသော ဝေဒနာက တူးမာရင်ထဲတွင် စူးခနဲ …။

ပတ်ဝန်းကျင်၏ အော်သံများကို စက္ကန့်ပိုင်းမျှ တူးမာကြားလိုက်ရပြီး သူမအသိတို့က အဆုံးမဲ့နက်ရှိုင်းလှသော အမှောင်ထုကြီးအတွင်းသို့။

ကားလမ်းပေါ်မှ သူမ၏ ကိုယ်ခန္ဓာဘေးတွင် ဆေးလုံး၊ ဆေးကတ်လေးများက ကစင့်ကလျား ပြန့်ကြဲလျက် …

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

□

"အဲလိုဖြစ်ခဲ့ရှာတာတဲ့ ... အစ်မ မေအေးရယ်၊ ကျွန်မက ဘယ်လိုဖြစ်တာလဲလို့ အဲဒီကောင်မလေးအိမ်နားကလူတွေ မေးကြည့်ရင်း သိခဲ့ရတာ၊ သနားလိုက်တာ"

ဟု ဝမ်းနည်းစိတ်ထိခိုက်ဟန်နှင့် မစန်းတွေးတစ်ယောက် မေအေးဆီ ဝင်လာပြောပြသွားခဲ့သည်။

မူလက နှင်းဆောင်းကို ထိုအကြောင်းပြောပြမည်ဟု ရည်ရွယ်ကားစလိုက်ခြင်းဖြစ်သော်လည်း ဥပါဒါန်ကြောင့် ဥပါဒ်မရောက်အောင် နှင်းဆောင်းမေ သည်ကိစ္စ သိရန်မလိုတော့ဟု မေအေးထင်ပါသည်။

နှင်းဆောင်းကြုံတွေ့ခဲ့ရသော အဖြစ်တို့သည် ထိုမိန်းကလေး ရက်မလည်မီတစ်ပတ်အတွင်း၌သာ ဖြစ်ခဲ့ရကြောင်းလည်း မေအေး ခန့်မှန်းမိလိုက်သည်။

ကောင်မလေးက သူမြတ်နိုးသော ဆံပင်များကို လတ်တလော ဖြတ်ရောင်းပြီးစရက်ပိုင်းတွင် ရုတ်တရက် ဆုံးပါးသွားခြင်းဖြစ်သည့်အတွက် စိတ်စွဲကောင်း စွဲသွားရှာပေမည်။

အကယ်၍ ယခုအချိန်ထိ နှင်းဆောင်း သည်သို့ ထပ်ဖြစ်နေဆဲဆိုလျှင်တော့ အကျိုးအကြောင်းပြောပြပြီး ဆက်ထားသော ဆံပင်များကို ဖြုတ်ပစ်လိုက်ရန် မေအေးတိုက်တွန်းရပေမည်။





ယခုမူ ဘာမျှမဖြစ်တော့ပါဆို၍ ရက်လည်ပြီးနောက် ကောင်မလေး ကျွတ်ရာလွတ်ရာ ရောက်သွားလောက်ပြီဟု တွေးလိုက်သည်။ ဖခင်အပေါ် မြဲခဲ့သည့် ကုသိုလ်ရှိနေသည်ပဲ။

သည့်အကြောင်း နှင်းဆောင်းကို ဘယ်တော့မှ မပြောမပြတော့ဟု မေအေး ဆုံးဖြတ်လိုက်ပါသည်။

မေအေး ဘာမျှမပြောရန် မလိုတော့ပါ။

ဘယ်တော့မျှ ... ဘယ်သောအခါမျှ ...

တေးခုသုံ

www.burmeseclassic.com

www.burmeseclassic.com



| ၁ |

□

မှတ်ချက် ။ ။ လူယောင်ဆောင်ပြနိုင်သော ကျက်တစ္ဆေကို ဆိုလိုခြင်း မဟုတ်ပါ။ ကြက်တိရစ္ဆာန်ကို ဝင်စီးသောတစ္ဆေကို ဆိုလိုခြင်းဖြစ်ပါသည်။

(၈) လေးလုံး အရေးအခင်းကာလ မတိုင်ခင် သုံးနှစ်လောက်က ဖြစ်၏။ ထိုကာလက ရပ်ကွက်တိုင်း မီးကင်းစောင့်ကြရ၏။ အိမ်တိုင်း အလှည့်ကျ စောင့်ရ၏။ မစောင့်နိုင်သည့် လူတွေက အငှားနှင့်သာ စောင့်နိုင်းတော့၏။ မီးကင်းစောင့် အငှားသမားတွေဖြစ်ကြသော ကုလားတင်လုနှင့် ခေါင်းကြီးသာဝေ့းတို့မှာ လူချစ်လူခင်ပေါများသဖြင့် သူတို့မီးကင်းမှာ တာလသားတွေ ညတိုင်း လာနေကြ၏။ တချို့က အိပ်ကြ၏။ တချို့က ညဉ့်နက်အောင်နေပြီးမှ ပြန်သွားကြ၏။

တင်လုနှင့် ခေါင်းကြီးမှာ အလွန်ပရွတ်ရွတ်တပြောပြီး ဟာသလုပ်တာ ပျော်ပျော်နေကြသည့် ကစော်ထမားတွေ ဖြစ်၏။ တင်လုမှာ ကုလား ဖြစ်သော်လည်း တွံတေးသိန်းတန်သီချင်း အကုန်ရ၏။ တွံတေးသိန်းတန် အသံနှင့် အတော်တူအောင် သီချင်းဆိုနိုင်၏။



www.burmeseclassic.com

www.burmeseclassic.com



တင်လှအမေက မဆလာ၊ ငရုတ်သီးမှုန့်တွေ ဈေးထဲမှာ ရောင်းသောကြောင့် တင်လှအိမ်မှာ ငရုတ်ဆုံထောင်းပေးရ၏။ ငရုတ်ဆုံထောင်ရင်းနှင့် တွဲတေးသီချင်းတွေ ဟဲလိုက်တာများ ဘေးအိမ်တွေက နားငြီးသစ်ဘွဲ့ထူး ပေးကြတဲ့အထိ။

တွဲတေး ငရုတ်ဆုံတဲ့၊ တင်လှကတော့ ဘယ်သူတွေ ဘာပြောပြော အပဟဲမပျက်။ ခေါင်းကြီးက အအိပ်ကြီး၊ အစားကြီး နားလေးသူ၊ 'ထီး' ဆိုရင် 'ဘီး' လို့ကြားသူ။ ကျယ်ကျယ်ပြောတော့လည်း မကြိုက်။ အိုးနှစ်ယောက် ကင်းစောင့်ရင်းက တွဲမိကြ၏။ ရပ်ကွက်ထဲက ကာလသားပေါက်တွေကို လူပျိုသိုးကြီးနှစ်ယောက်က ပေါက်ကရပုံပြင်၊ ဇာတ်လမ်းမျိုးစုံလည်း ပြောပြတတ်ကြ၏။

ရပ်ကွက်ထဲက အောင်ဝင်းနိုင်၊ စန်းမောင်၊ ဇက်ညှောင့်၊ ချစ်ဖွယ်မျိုးနိုင်၊ လေးပွစတဲ့ လူငယ်တွေကလည်း ဒီကင်းတဲက မခွာနိုင်ဘူး။ ညရောက်တာနဲ့ ကင်းတဲဆီ ရောက်နေကြပြီ။ တင်လှတို့ကလည်း တစ်ညတစ်မျိုး မရိုးရအောင် တစ်ခုမဟုတ် တစ်ခုခု လုပ်စားတတ်ကြတယ်။

သရက်သီးစိမ်းနဲ့ မျှင်ငါးပိ တို့စားတယ်။

လက်ဖက်သုပ်၊ ဂျင်းသုပ် လုပ်စားတယ်။

ကြက်သားနဲ့ ဘူးသီး ကာလသားဟင်းချက်စားတယ်။ ယုတ်စွအဆုံးဘာမှမရှိရင်တောင် ပဲကြီးလှော် ငါးဆယ်သားဝယ်ပြီး စား၊ ရေသောက်ပြီးရင် အီးပေါက်ပြိုင်ကြပြန်ရော။

ငှက်တွေရလာရင် ငှက်ကြော်။

ကြက်ပစ်လို့ရလာရင် ကြက်ကြော်ပေါ့။ များသောအားဖြင့် အရင်းမစိုက်၊ လှေထိုးလိုက်ဆိုသလို အရင်းမစိုက်ရဘဲ အားလုံးစားလို့ရမှာမျိုးကို ရွေးချက်စားကြတယ်။

မန်ကျည်းသီးစိမ်းရှိရင် ဆားတို့ပြီးတော့ စားတယ်။ ရေနွေးကတော့ မပြတ်ဘူး။ ခေါင်းကြီးက ရေနွေးကြိုက်ကြီး၊ လက်ဖက်ခြောက်ကို ခါးတူးလန်အောင် ခပ်ထားတာ။ ရှယာနိုးကြီးကြိုက်မှ သောက်တာ။ ရေနွေးကြမ်းအမြဲရှိတဲ့ ကင်းတဲပေါ့။





"ဟေ့ကောင်တွေ ... ဒီည တစ်ခုခု လုပ်စားရအောင်ကွာ။ ငါ့မှာ အကြံရှိတယ်ကွ"

"ကိုတင်လှ ... ဘာအကြံလဲဗျ"

"ဒေါ်စိန်ဥရဲ့ ရေခဲဆိုင်က ရေခဲတွေ အိမ်အမြင့်မှာထုတ်ပြီး ဖွဲအုပ်ထားတာကွ။ အဲ့ဒါကို သွားဖော်ပြီး ရေခဲကိုက်စားကြရအောင်"

ကျန်တဲ့သူတွေ ရှုံ့မဲ့ကုန်၏။ နောက်ဆုံးမှာတော့ ရှိရုံမဲ့ရု ငွေလေးတွေစု၊ ပဲကြီးလှော်ဝယ်ပြီး ပဲကြီးလှော်စားလိုက်၊ ရေခဲရည်သောက်လိုက်ဖြင့် စကားပြောဖြစ်သွားကြ၏။

"ဟေ့ကောင် ... အောင်ဝင်းနိုင်၊ ဒီညတော့ မင်းအိမ်ကဘဲကြီး သွားခိုးကွာ။ ငါ့မှာ ဘူးသီးရှိတယ်။ ကိုရွှေတိုး အိမ်နောက်ကစင်မှာ သီးနေတာ ငါသွားခိုးမယ်။ ဘဲသားနဲ့ ဘူးသီးချက်စားရအောင်"

ခေါင်းကြီး အကြံပေးလိုက်၍ ဘဲပြန်ခိုးကြ၏။ ဘဲကြီးကို ပုဆိုးနှင့် အုပ်ပြီး ဝိုင်းဖမ်းညှစ်သတ်၍ ဘဲကြီး သေသွား၏။ ခေါင်းကြီးနှင့် တင်လှတို့ ဘူးသီးများ သွားခိုးလာကြပြန်၏။ ရေနွေးအိုးတည်ပြီး ဘဲမွေးနုတ်နေစဉ် ဦးလေးတစ်ယောက် ဓာတ်မီး၊ လောက်လေးခွနှင့် လောက်စာထည့်သောလွယ်အိတ်နှင့် ရာလေးစက်ဘီး ဟောင်းကြီးစီးပြီး ကင်းတဲရှေ့ ရောက်လာ၏။

ဦးအေးမှာ အောင်ဝင်းနိုင်ရဲ့ ဖခင်အရင်းခေါက်ခေါက်ဖြစ်၏။ ကင်းတဲရှေ့ ပတ်ဝဲကြည့်နေ၏။ တင်လှတို့က ချက်ဆို နားခွက်ထဲ မီးတောက်ပြီသား၊ ဘဲသေကိုတ်ထားတာကို ဖုက်ပြီးပြီ။ ဘဲမွေးတွေလည်း အစဖျောက်ပြီးပြီ။ ကင်းတဲက ရေးဟောင်းအဆောက်အအုံကြီးရဲ့ အုတ်တံတိုင်းဘေးမှာ ဆောက်ထားခြင်းဖြစ်၏။

ကင်းတဲနောက်မှာ ရှေးဘုရင်တွေ လက်ထက်ကတည်းက ရှိခဲ့သော အဆောက်အဦးကြီးရှိ၏။ ဝင်းကလည်း ကျယ်၏။ ဝင်းခြံအုတ်နံရံတွေကလည်း ရှေးအုတ်ရှည်ရှည်ပြားပြားကြီးတွေ အုတ်စည်းရိုးသားမှာ ကင်းတဲဆောက်ထား၏။ ဝင်းကြီးထဲက မှောင်မဲပြီး ကပ်စေးနဲ့ခုံတွေ ပေါများ



www.burmeseclassic.com

www.burmeseclassic.com



၏။ ချုံထဲကို ဘဲနှင့်အမွေးတွေ ပွက်ထားလိုက်လျှင် ဘယ်သူမှ မမြင်တော့။ တဝက်မီးနဲ့ ထိုးရှာလည်း ချုံတွေကွယ်နေ၍ မမြင်နိုင်။

"ဦးလေးအေး ... ဘယ်သူပျောက်လို့လဲ၊ ဝင်းနိုင်လား"

"မဟုတ်ပါဘူး၊ ငါ့ဘဲကြီး ပျောက်သွားလို့၊ ဝင်းနိုင် ဒီလာသေးလား"

"ခုလေးတင် ဒေါ်ပျော့ဆိုင်ဘက် ထွက်သွားတယ်။ ရုပ်ရှင်ရုံဘက် များ သွားသလားပဲ"

"တောက် ... ငါ့ဘဲခိုးသွားတဲ့ကောင်တွေ၊ မိရင်တော့ နုတ်နုတ် စင်းပစ်လိုက်မယ်။ ဟင်း ..."

"ကျွန်တော်တို့တော့ မနိုးဘူးနော်၊ မယုံရင် ကင်းတဲပေါ်ရော အောက်ရော ကြိုက်သလိုရှာ၊ ရှေးဟောင်းဝင်းကြီးထဲ ဝင်ရှာလည်း ရ တယ်"

ဦးအေး ဘာမှမပြော၊ စက်ဘီးနင်းပြီး ပြန်ထွက်သွား၏။ အောင် ဝင်းနိုင်က အုတ်စည်းရိုးကျော်ပြီး ပုန်းနေရာက ပြန်ထွက်လာ၏။

"ထို့ ... နံလိုက်တာ မှုတ်အဲ့အဲ့အနံ့ကြီး အမေ့ကိုကြောက်လို့သာ ပုန်းရတယ်၊ ကျောချမ်းတယ်ဗျာ ဒီဝင်းကြီးထဲကို"

"မင်းကလည်း လေးငါးယောက်ပုန်းတာတောင် ကြဲဖန်ကြောက် နေသေးတယ်၊ တစ်ခါတလေ ငါတို့ နှစ်ယောက်တည်းအိပ်တာ ဘာမှမဖြစ် ဘူး"

ရှေးဟောင်းဝင်းကြီးက အင်္ဂလိပ်ခေတ်က ဂတ်တဲ၊ ဂျပန်ခေတ်က ကင်ပေတိုင်၊ ရောင်စုံခေတ်က စခန်းအထိလီ ချခဲ့ဖူး၏။ ဂျပန်ခေတ်ကဆို အသတ်ခံထားရသူတွေ မနည်း။ ဝင်းထဲမှာပင် ကျင်းတူးပြီး မြှုပ်ထားခဲ့ ၏။ ဒီဝင်းကြီးရော၊ အဆောက်အအုံကြီးပါ သရဲခြောက်လွန်း၍ ချိတ်ပိတ် ထားရာက ဆေးရုံဖွင့်ခဲ့သေး၏။ တစ်နှစ်လောက်အကြာမှာ ဆေးရုံပြောင်း သွား၏။ ဝင်းကြီးထဲမှရော အဆောက်အအုံထဲမှာပါ အခြောက်အလှန့်ကြမ်း ၏။ အစောင့်တွေပင် မနေရဲကြ။ ခေါင်းကြီးက ...





"ရှေးဟောင်းဝင်းကြီးထဲက သရဲတွေနဲ့ ငါတို့နဲ့က မိတ်ဆွေဖြစ် နေပြီ ဘာမှကိုမလုပ်ဘူး။ မင်းတို့လည်း ကြဲဖန်ကြောက်မနေနဲ့။ ဘဲသား ပြန်ချက်ရအောင် ဘဲသားထုပ် ချုံထဲက သွားယူကွာ"

တင်လှနှင့် အဖော်နှစ်ယောက်၊ ကပ်စေးနဲ့ချုံထဲ ဆင်းချသွား၏။ နေရာအနှံ့ လိုက်ရှာသော်လည်း ဘဲသားကို ငှက်ပျောဖက်နှင့် ထုပ်ထား တာကို မတွေ့ရတော့။ ဘူးသီးလိုးထားတာတွေသာ ပြန်တွေ့၏။

"ခေါင်းကြီး ... ဘဲသားထုပ် ပျောက်သွားပြီကွ"

"ဟေ ... မဟုတ်တာကွာ၊ မှန်းစမ်း ငါပါလာရှာမယ်။ မင်းတို့ ဘာ နေ့မမြင်၊ ညကန်းတွေပဲ"

ခေါင်းကြီးကိုယ်တိုင် ဆင်းရှာ၏။ ဘယ်မှာမှမတွေ့။

"ခွေးများ ဆွဲသွားသလား"

"ဝင်းကြီးက လုံတယ်။ ဘယ်ခွေးမှ မဆွဲဘူး။ ခွေးလည်း အထဲ ဝင်နိုင်ဘူး"

"ဟင် ... ဒါဆို မင်းဘိုးအေတွေ လာဆွဲသွားမှာလား"

"မြွေကြွက်အကြီးကြီးတွေ ဆွဲသွားတာ ဖြစ်နိုင်တယ်။ လိုက်ရှာ ကြကွာ"

ထပ်မံပြီးလိုက်ရှာ၏။ ကြွက်တွင်းပေါက်တွေကို တွေ့သော်လည်း ဘဲကောင်လုံးလိုက်ကြီး ကျင်းထဲ ဆွဲမသွင်းနိုင်။ အရာလေးမျှပင် မတွေ့။

"ကြွက်ဆွဲတာလည်း မဖြစ်နိုင်ဘူးကွ"

"ဒါဆို ဘာဆွဲသွားတာလဲ"

"သရဲတစ္ဆေတွေ များလား"

တွေးမိမှ အကုန်လန့်ကုန်၏။ ထင်ကြေးပေးသော တင်လှက အုတ်တံတိုင်းဆီ ပြေးသွားပြီး အမြန်ခုန်တက်၏။ ကျန်တဲ့သူတွေလည်း ခုန်းသုန်းကားဖြင့် ကပ်စေးနဲ့ချုံထဲက ပြန်ပြေးထွက်ပြီး အုတ်တံတိုင်း ပေါ် အသည်းအသန် ကျော်တက်ကုန်ကြ၏။

အုတ်တံတိုင်းအပြင်ရောက်မှ ကြောက်လန့်တုန်လှုပ် မောဟိုက်တာ တွေကို ပြန်ပြည့်ကြရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သောက်တင်လှ ... သရဲတစ္ဆေဆွဲသွားတာ မင်းတွေ့လို့လား"

"ထင်တာ ပြောတာလေကွာ။ ရှေးဟောင်းအဆောက်အအုံကြီး နားထိအောင် လိုက်ရှာပြီးပြီပဲ။ ဘယ်မှာတွေ့လို့ထဲ"

ခေါင်းကြီးက ခေါင်းကုတ်ပြီး စဉ်းစားသည်။

"အင်း ... ဖြစ်နိုင်တယ်။ ဆေးရုံစောင့် ကိုထွန်းတို့လင်မယား တောင် ဟင်းချက်ပြီးရင် ပျောက်ပျောက်သွားလို့သွားလေရာ ဟင်းချိုင့်ရှာ သွားရတယ်တဲ့။ လူနာတွေဆိုလည်း ဟင်းတွေ မကြာခဏပျောက်သတဲ့"

"ကြွက်တွေ၊ ကြောင်တွေ ဖြစ်ချင်လည်း ဖြစ်မှာပါ"

ဘဲသား မစားလိုက်ရ။ ဘူးသီးကာလသားချက်သာ အားလုံး အောင့် သက်သက်နှင့် စားလိုက်ကြရသည်။ မနက်ရောက်သောအခါ အားလုံးလူစုပြီး ဝင်းကြီးထဲ ဝင်ကာ ဖြဲရဲလိုက်ရှာကြသည်။ ကြွက်တွင်းပါ တူးကြည့်ကြသည်။ ဘဲရိုးလေးတစ်စပင် ပြန်မတွေ့ရ။

✿ ✿ ✿

[၂]

❑

"ငါတော့ မကျေနပ်ဘူး။ ဒီတစ်ခါ ကြွက်တစ်ကောင်သတ်ပြီး ကြိုး နဲ့ ခိုင်ခိုင်ချည်ချထားမယ်။ ငါတို့ တုတ်တွေ၊ ဓားတွေ၊ လေးခွတွေကိုင် စောင့်နေကြမယ်။ ကြွက်ကိုဆွဲတာနဲ့ ကြိုးတင်းမှာပဲ ငါတို့ ခုန်ချပြီး ဝိုင်း လိုက်ကြမယ်ကွာ"

"ဟုတ်တယ် ... ခေါင်းကြီးပြောတာ ကောင်းတယ်၊ အမိဖမ်း မယ်"

တင်လှက သူ့အိမ်က ကြွက်တစ်ကောင်သတ်ပြီး ယူလာသည်။ နိုင် လွန်ကြိုးကိုပါ ယူလာပြီး ကြွက်ခြေထောက်နှစ်ဖက်မှာ ခပ်တင်းတင်းချည် ထားသည်။

ဝင်းကြီးထဲက ကပ်စေးနဲ့တောထဲ ပစ်ချလိုက်သည်။ ငါးစာချပြီးစောင့် သလို၊ ကြွက်စာချပြီး ဝိုင်းစောင့်ကြည့်နေကြသည်။ ည (၉) နာရီခွဲအချိန်မှာ တင်းတဲတိုင်ချည်ထားသောကြိုး တင်းခနဲ ဖြစ်သွားသည်။ ဆတ်ခနဲထပြီး တုတ် မီးတွေနှင့် ဝိုင်းထိုးကြသည်။ လေးခွတွေနှင့် ချုံထဲကို လှမ်းပစ်ကြသည်။

"ဟိုး ... ဟိုးထား ... ငြိမ်သွားပြီ။ လာဆွဲတဲ့အကောင်ကို သိသွားပြီ။ မင်းတို့ ဓာတ်မီးနဲ့ထိုးပြီး လေးခွနဲ့ အသင့်ချိန်ထား။ ငါနဲ့တင်လှ



www.burmeseclassic.com

www.burmeseclassic.com



ဆင်းကြည့်လိုက်မယ်။ တို့က လူကြီးတွေဆိုတော့ ဖါးနပ်တယ်။ မင်းတို့လူပျိုပေါက်တွေ ဒီပေါ်က စောင့်ကြည့်နေ။ သူခိုးသူဝှက်ဆို လက်နက်တွေဘာတွေ ပါလာနိုင်တယ် မိမိရရ ဆော်ပစ်ကြနော်"

"ဟုတ်ကဲ့ … သရဲတစ္ဆေဆိုရင်ကော"

"ဘာကောင်ဖြစ်ဖြစ် ဆော်သာဆော်ကွာ"

တင်လှနှင့် ခေါင်းကြီးတို့ ဓားမတွေ ကိုယ်စီကိုင်ပြီး ဆင်းချသွား၏။ ဓားတစ်ဖက်၊ ဓာတ်မီးတစ်ဖက်နှင့် ကြက်ချထားတဲ့နေရာကို ချဉ်းကပ်သွား၏။

အနားရောက်သောအခါ ခေါင်းကြီးက ကြိုးကို အမြန်ဆွဲတင်မကြည့်လိုက်၏။ ကြိုးထိပ်မှာ ကြက်မရှိတော့။ ကြိုးကို အသာလေးဖြည်ပြီး ကြက်ကို ယူသွားခြင်းပင်။ ချုံထဲကို ဖြိုပြီး ကြက်ကိုလိုက်ရှာ၊ ကြက်မတွေ့။ အကောင်ပလောင် ဆွဲတာဆိုလျှင် ကြိုးကို ကိုက်ဖြတ်မှာပင်။

"ဟော့ကောင်တွေ … လူပဲ ဖြစ်ရမယ်ကွ။ ဒီမှာကြည့် … ချည်ထားတာကို သေချာဖြည်သွားတာ"

ထိုစဉ် …

"အောင်မလေးဗျ …"

ကြောက်လန့်တကြားနှင့် ငယ်သံပါအောင် အော်ပြီး ကင်းတဲပေါ်က ခုန်ချ၏။ ကျန်တဲ့ကောင်တွေကလည်း အသည်းငယ်ငယ်တွေဆိုတော့ အကုန် ဆင်းပြေးကုန်တာပေါ့။ ဘာပြောကောင်းမလဲ။ တင်လှနဲ့ ခေါင်းကြီးလည်း ကျောချမ်း။ ခေါင်းတွေ ပုတ်လောက်ကြီးထွက်ပြီး အရပ်လေးမျက်နှာ ဓာတ်မီးတွေနှင့် လိုက်ထိုးကြည့်။ အုတ်တံတိုင်းဘက်ကို မပြေး။ သေးဘက်တွေကို အလျားလိုက် ထွက်ပြေး၏။ (၃) နှင့် (၄) လို ကျောခိုင်းပြေးကြခြင်းဖြစ်၏။ ရှေးဟောင်းဝင်းကြီးရဲ့ အုတ်စည်းရိုးတောက်လျှောက် ထွက်ပြေးနေကြ၏။ အောင်ဝင်းနိုင်က ကင်းတဲပေါ် ပြန်တက်ပြီး ဝင်းထဲကို ဓာတ်မီးနှင့် လိုက်ထိုးကြည့်နေ၏။ တင်လှနှင့် ခေါင်းကြီးကို မတွေ့ရတော့။

"ဟော့ကောင် … အောင်ဝင်းနိုင် မင်းက ဘာအလန့်တကြားထအော်တာလဲ"





"ငါ့အပေါ်ကို ပုတ်သင်ညိုပြုတ်ကျလို့ကွ။ အဲ့ဒါ လန့်သွားတာ။ ပြီးတော့ မည်းမည်းအကောင်ကြီးကွာ။ ရှေးဟောင်းတိုက်ကြီးရဲ့ နံရံမှာ ဘွယ်ကပ်ရာက လှုပ်ရှားလာတာ အကြီးကြီး ကြောက်စရာကြီး"

ဗက်ညှောင့်က အောင်ဝင်းနိုင်ကို နားသန်ကို ဖြတ်တီးလိုက်၏။

"အဲ့ဒါ တင်လှက ဓာတ်မီးနဲ့ ထိုးထားလို့ ခေါင်းကြီးရဲ့ပုံရိပ်က နံရိပ်မှာ သွားထင်နေတာဟ … ငတုံးရ"

"ဟာ … ဟုတ်လို့လား၊ အရိပ်မဟုတ်ပါဘူး။ မင်းလုပ်တာနဲ့ တင်လှနဲ့ခေါင်းကြီးတို့ ဘယ်တွေထွက်ပြေးကုန်ပြီလဲ မသိဘူး"

ကင်းတဲပေါ်က ဆင်းပြီး ကတ္တရာလမ်းပေါ်မှာ အုပ်စုလိုက်ထိုင်စောင့်နေစဉ် ဟိုဘက်ကမ်း။ ဒီဘက်ကမ်းကနေ ခေါင်းကြီးနှင့် တင်လှတို့ ပြန်ပေါ်လာကြ၏။

နံ့ချည့်ခွေလျှဖြင့် တင်လှရောက်လာ၏။ ခေါင်းကြီးဆိုတာပေါ်မဟဲ ချက်ပြီး ကင်းတဲရှေ့မှာ အမော့ဆို့နေရှာ၏။

"ခင်ဗျားတို့ ဘာလို့ ဒီကမထွက်ဘဲ ဝင်းနံရံတောက်လျှောက် ပြေးထွက်သွားတာလဲ"

ခေါင်းကြီးနှင့် တင်လှတို့ အမောပြေအောင် ဖြေပြီးမှ အဖြေပြန်ပေးနိုင်ကြ၏။ ခေါင်းကြီးက …

"ငါတို့က ဒီနားက အုတ်ခြံစည်းရိုးဆီကို ပြေးတာပဲ။ စည်းရိုးက အနားရောက်တိုင်း ဝေးဝေးသွားတယ်။ အဲဒါနဲ့ မာရသွန်ပြေးလိုက်တာ စည်းရိုးကိုမိလို့ ကျော်တက်တော့ ငါက တောင်ဘက်ထွက်ပေါက်နား ရောက်နေရော"

"ငါလည်း သူ့လိုဖြစ်တာ။ ငါက မြောက်ဘက်ထွက်ပေါက်နားကို ရောက်နေတာ … အံ့ရောကွာ"

"ဒါ မရိုးဘူးဗျ … ခင်ဗျားတို့ သရဲခြောက်ခံရတာဖြစ်မယ်။ တောမှောက်တောင်မှောက်ရင် ဖြစ်တတ်သလိုမျိုး ဖြစ်နေတာပဲ"

အောင်ဝင်းနိုင်က ကြားဖူးနားဝနှင့် ထင်ကြေးပေးလာ၏။ ခေါင်းကြီးက …



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လိမ့်မယ်"

တင်လှက ...

"လျှာကို ထွက်သွားတာပဲ။ ကံကောင်းလို့ အမောဆို့ပြီး သေ တယ်။ အံ့ဩလို့ မကုန်ပါဘူးကွာ။ အုတ်တံတိုင်းက နီးလိုက်ပေးလို့ အုတ်စည်းရိုးကျော်ပြီးမှပဲ ငါတို့လမ်းမှားတာ သိလိုက်ရတယ်"

"ကြောက်ဖော်နဲ့ ထွက်ပြေးတာ မောလိုက်တာ"

အဖြစ်က မကျေမချမ်းပိုဖြစ်စရာ။ အားလုံး နောက်နေ့မနက် လက်ဖက်ရည်ဆိုင်မှာ ခေါင်းချင်းဆိုင်ပြီး တိုင်ပင်ကြ၏။ ဘဲနှင့်ကြက် သမသွားသော မမြင်ရသည့် အကောင်ပလောင်ကို ဆုံးမဖို့ အကြံထုတ် စီရင်ဖြစ်ကြပြန်၏။

တစ်ဆင့်စကား၊ တစ်ဆင့်နားနှင့် သေးလှူတွေပါ သိကုန်ကြ၏။ ရှေးဟောင်းတိုက်နီကြီးက သရဲခြောက်ကြမ်းကာ သမိုင်းကြောင်းများ ရှိ၏။ ဂျပန်ခေတ်က ဂျပန်စစ်သားတစ်ယောက် သရဲတစ္ဆေ ပူးတာလိုလို ရူးကြောင်ကြောင်ဖြစ်တာလိုလိုနှင့် အချင်းချင်း ပြန်ပစ်သတ်ကာ လေး ယောက် သေသွား၏။ ဂျပန်ခေတ်ပြီးသောအခါ ဆေးရုံဖွင့်စဉ်မှာလည်း လူနာတွေက ဟိုမြင်၊ ဒီမြင်။ လူနာစောင့်တွေလည်း အိမ်သာပင်မသွား ရဲ။ အဆောက်အအုံကြီး နောက်ဖက်မှာနေသော ဆေးရုံစောင့်လင်မယား လည်း ညကြီးမင်းကြီး ထထပြီးအော်ဟစ်။

တစ်ချို့မှာတော့ လင်မယားနှစ်ယောက် အိပ်နေရင်း သူ့ပါးကိုသူ ပါး ရိုက်ကုန်ကြ၏။ လင်က စရိုက်၍ မယားက ပြန်ရိုက်၏။ လင်က ရှု လုံးဝမရိုက်ဟု ငြင်းဆန်၏။ ညဂျူတီကျသော ဆရာဝန်တွေလည်း အခေါ် ဆုံးလေသာဆောင်ထပ်က စစ်ဖိနပ်သံတွေ မကြာခဏ ကြားလိုကြားရ ဆေးရုံမှာ အသေအပျောက်များ၍ ဆေးရုံသစ်ကိုနေရာ ရွှေ့သွားကြ၏။

သက်ဆိုင်ရာကလည်း ဘာလုပ်ရမလဲဆိုတော့ စဉ်းစားဆဲဖြစ်၍ ခဏတော့ ချိတ်ပိတ်ထား၏။ တင်လှနှင့်ခေါင်းကြီးတို့လည်း အရင် ကင်း စောင့်နေတာ ဘာမှမဖြစ်၊ ချက်စားနေတာလည်း ဘာမှမပျောက်။ ခု တလောမှ ထဖြစ်နေ၍ ဦးနှောက်ခြောက်ကုန်ကြ၏။





"ငါ့အထင် အရင်က ကြက်သားတွေကို ဝင်းအပြင်မှာပဲ ချက် တယ်လေ၊ ဝင်းထဲနဲ့ မပတ်သက်ဘူး။ အဲ့ဒီတုန်းက ဘာမှမဖြစ်ဘူး။ သွား ပတ်သက်လို့ဖြစ်တာကွ။ အရင်လိုပဲ ဘိုလုံးစည်းလုံးစည်းထားပြီး နေကြရ အောင်"

တင်လှစကားကြောင့် နောက်ထပ်စမ်းသပ်သည့် အစီအစဉ်တွေ ရုပ်သိမ်းလိုက်ရ၏။ ရပ်ကွက်လူကြီးကလည်း ဆူညံပူညံမလုပ်ဖို့ လာမှာ သွား၏။

တင်လှတို့ အသားစိမ်း၊ ငါးစိမ်းတွေ ချက်မစားဖြစ်တော့။ လက် ဖက်သုပ်လေးဘာလေးသာ စားဖြစ်ကြ၏။ စကားဆုံမိလျှင် သရဲအကြောင်း မပြောမိအောင် ရှောင်ကြ၏။

စန်းမောင်တစ်ယောက် သူ့အိမ်နှင့်မတည့်၍ ကင်းတဲမှာ လာအိပ် ၏။ ဒီကောင်က လွှတ်အအိပ်ကြီးတာ။ ညသန်းခေါင်းအထိ လူငယ်တွေ ဆိုအကြောင်း၊ ဒီအကြောင်း ပြောကောင်းနေဆဲမှာပေါ့။

ည(၈) နာရီထိုးကတည်းက ဝင်အိပ်သည့် စန်းမောင်တစ်ယောက် ကင်းတဲပေါ်ကနေ 'ဘုန်း' ခနဲအောက်ကို ပြုတ်ကျ၏။ (၇) ပေခန့်မြင့်သော ကင်းတဲပေါ်က ပြုတ်ကျသော်လည်း စန်းမောင် မနိုး။ အားလုံး အံ့ဩကုန် ပြီး ဝိုင်းနှိုးကာ ဆွဲထူကြရ၏။

"ငါ ဘယ်ရောက်နေတာလဲ"

"မင်း သောက်အိပ်ကြီးပြီး ကင်းတဲပေါ်က ပြုတ်ကျလာတာကွ"

"ဟင် ... ဒါဆို ... သရဲကြီးလက်ချက်ပဲ ဖြစ်လိမ့်မယ်။ အိပ် မက်ထဲမှာ ကောင်မလေးတစ်ယောက်နဲ့ ငါနဲ့ ကင်းတဲပေါ်မှာ ဇာတ်လမ်း ဖြစ်နေတာ အဲ့ဒါ သရဲကောင်ကြီး မျက်လုံးနီပြူးပြူးကြီး လျှာတန်းလန်း အစွယ်က ကွေးကော့ကော့ကြီး။ ဒါ တို့ဆီရောက်လာပြီး ...

'ကြက်သား ကျွေးစမ်း'

'ဘဲသား ကျွေးစမ်း' နဲ့ လာရပ်တယ်။ ငါကလည်း ဟိုကောင် နေတော့ မကြောက်ဘူး။ အဲ့ဒါ ငါတို့ကို ကင်းတဲပေါ်က ကန်ချတယ်။ ငါ



www.burmeseclassic.com

www.burmeseclassic.com

ရေထဲပြုတ်ကျသွားတယ်။ ကောင်မလေးက ပျောက်သွားတယ်။ လိုက်ရှာနေတုန်း မင်းတို့နှိုးတာနဲ့ နိုးလာတာ"

အားလုံး အုံ့အားသင့်ပြီး ကျောချမ်းကုန်ကြ၏။ နောက်ဆုံး အမှောင်ထုဖြစ်သော ဝင်းကြီးထဲကို မကြည့်ရဲတော့။ ကင်းတဲက တောင်တိုင်အောက်မှာ ဖြစ်နေသော်လည်း ကင်းတဲကွယ်နေ၍ ဝင်းထဲကို အလယ်အား သိပ်မရောက်။ စန်းမောင် အရိုးတွေ အက်တာ၊ ကျိုးတာ၊ ငေါ ဖြစ်မသွားတာပင် ကျေးဇူးတင်ရမလိုလို။

ကာလသားတွေ အိမ်ပြန်ကုန်ကြ၏။ စန်းမောင်၊ ခေါင်းကြီးနှင့် တင်လှတို့လည်း ကင်းတဲပေါ် တက်မအိပ်ရဲ၍ လမ်းဘေးမှာပဲ အိပ်ရာခင်းပြီး လှဲအိပ်ကုန်ကြ၏။ နောက်နေ့ မိုးလင်းတော့ သူတို့ ပုဆိုးတွေ မရှိတော့။ ကိုယ်တုံးလုံးတွေနှင့်။ အကြော်လိုက်ပို့သော မြင့်ဆောင်က လာနှိုးပြီး၊ သည် ပေးမှ အဝတ်အစားတွေ လိုက်ရှာရ၏။ ကပ်စေးနဲ့တောထဲမှာ ရောက်နေ၏။

ဒေါသနှင့် သရဲတစ္ဆေတွေကို ဆဲဆိုပြီး အဝတ်အစားတွေ ပြန်ဝတ်ကြရ၏။ ဒီကင်းတဲမှာတော့ ထူးခြားမှုတွေ ညစဉ်ဆက်တိုက် ဖြစ်နေလေပြီ။

✿ ✿ ✿

[၉]

❑

ခေါင်းကြီးတောသွားရင်းနှင့် တောကြက်နှစ်ကောင် ရလာ၏။ ညကျမှ ကင်းတဲမှာ စုချက်စားမည်ဆိုပြီး ကာလသားတွေကို ခေါ်ထား၏။ ညကျတော့ ကာလသားတွေ မလာရဲကြ၍ မလာကြ။ ခေါင်းကြီးနှင့် တင်လှတို့ နှစ်ယောက်တည်းသာ ချက်ပြုတ်ဖို့ ပြင်ဆင်ကြရ၏။ ည (၁၂)နာရီ ထိုးခါနီးမှ ချက်ကြရ၏။ ကြက်တွေကို လည်လိမ်သတ်ပြီး အမွေးနုတ်၊ ရေနွေးဖျော်တာ ကင်းတဲပေါ် ခဏတင်ထား၏။

ခေါင်းကြီးက ဘူးသီးလှီးနေ၏။ တင်လှက ရေနွေးအိုး မီးထိုးနေ၏။ တင်လှက

"ငါ မဆလာ ပြန်ယူလိုက်ဦးမယ်။ မင်းတစ်ယောက်တည်း ဖြစ်ရဲ့လား"

"ဖြစ်တယ် ... သွားစမ်းပါ။ ကြောက်မွေးပါရင် ဓားနဲ့ ဆွဲနုတ်ပစ်မယ်။ နောက်ပေါက်ကောင်တွေထဲမှာ ဒီနားက ကောင်လေးတွေကတော့ တော်တော် အသည်းကြောင်တယ်။ လာတောင် မလာကြတော့ဘူးကွာ .. အံ့ရော"



www.burmeseclassic.com

"မလာတော့ မင်းနဲ့ငါပဲ အဝတီးရတာပေါ့ကွာ။ ဂျင်းနဲ့ ကြက်သွန် ဖြူပါ ယူခဲ့ဦးမယ်။ တောချက်အရက်လေး ရွှေလူဆိုင်က ဝင်ဆွဲလိုက်မယ်။ အရက်သောက်လိုက်၊ ကြက်သားမြည်းလိုက် ဆေးပေါ့လိပ်လေး ဖွာလိုက်နဲ့ ဆက်ရက်မင်းစည်းစိမ်လေး ခံစားလိုက်ကြတာပေါ့ကွာ"

"ဒါပေါ့ ... ဒါပေါ့ ... သွား ... သွား ... သိပ်တော့ မကြာစေနဲ့။ ထမင်းအိုးက နပ်နေပြီ။ ဝီးတွေ အလဟဿဖြစ်ကုန်မှာစိုးလို့ တည် လက်စနဲ့ ဟင်းအိုး ဆက်တည်ရအောင်ပြောတာ။

တင်လှ ထွက်သွားပြီး သိပ်မကြာ။ ကင်းတဲပေါ်က ကြက်တွေ ထတွန်နိုင်၏။

"အောက် အီး အီး အွတ်"

ခေါင်းကြီး ခေါင်းနားပန်း ကြီးထွက်သွား၏။ တွန်နေတာက ကြက် အရှင်မဟုတ်။ ကြက်အသေကြီး သတ်ပြီး၊ ရေနွေးဖျော၊ အမွေးနုတ်ထား တာတွေ။

"အောက် အီး အီး အွတ်"

ခေါင်းကြီး လန့်ဖျတ်ထခုန်ပြီး ကင်းတဲပေါ်ကို ကြည့်လိုက်၏။ ကြက် တွေက တင်ထားသည့်အတိုင်းပင်။ လှုပ်ရှားမှုမရှိ။ ခေါင်းကြီး ကြက်သီး တွေ ဖြန်းခနဲ ဖြန်းခနဲ ထသွား၏။ ဘေးပတ်ဝန်းကျင်မှာ သက်ရှိဆို၍ သူ တစ်ယောက်ပဲရှိ၏။ ဓားမကို ကောက်ကိုင်လိုက်၏။ ကင်းတဲနဲ့ဝေးရာသို့ နောက်ဆုတ် နောက်ဆုတ်ရွေ့လာပြီး ခပ်လှမ်းလှမ်းက အကဲခတ်ကြည့် နေ၏။

"အောင်မလေး ..."

အမှောင်ထဲက ဘွားခနဲ ထွက်လာသော တင်လှကြောင့် ခေါင်း ကြီး လန့်အော်မိ၏။ တင်လှက အသားမဲသောကြောင့် သွားဖြဲပြတာပဲ ပေါ် လွင်နေ၏။

"ဟေ့ကောင် ... ခေါင်းကြီး မဆလာ၊ ကြက်သွန်၊ ချင်းယူပြီး ငါ ပြန်လာတာ မင်းက ဒီမှာ ဘာလုပ်နေတာလဲ"





"တင် ... တင်လှ ... ကင်းတဲမှာ ... သ ... သရဲခြောက် .. ခြောက်နေပြီနဲ့ တူတယ်"

"ဟေ ... ဘာဖြစ်လို့တုံး။ မင်းကို ကိုယ်ထင်ပြလိုက်လို့လား"

"မဟုတ်ဘူး။ ဒီနား အမှောင်မှာ ဝပ်ထိုင်ပြီး ငြိမ်ကြည့်နေ ... တော ... ဟာ ... ဟို ... ဟိုမှာ ... အမလေး ... ကြက်သီးတွေထပြီး ကြောက်သေးတောင် ပါချင်လာပြီ"

"တင်လှက ကင်းတဲဆီ လှမ်းကြည့်လိုက်၏။ ကြက်သေတွေ အမွေးပြောင်နှင့် အရှင်တွေအသွား ကင်းတဲပေါ်မှာ လက်တင်တန်းပေါ်မှာ လျှောက်သွားနေကြ၏။ တစ်ကောင်က လက်တင်တန်းပေါ်ကနေ ...

"အောက် အီး အီး အွတ်"

ဟု တွန်သံပေးလိုက်သေး၏။ တင်လှ မျက်လုံးတွေ ပြူးထွက် သွား၏။ လက်ထဲက မဆလာထုပ်၊ ချင်း၊ ကြက်သွန်တွေ လွတ်ကျကုန် ၏။

"ဟာ ... ဒါ ... ဒါ ... မဖြစ်နိုင်"

"အေး ... အဲဒါ ဘယ်လိုလုပ်မလဲ"

"ပြန် ... ဖမ်း ... ဖမ်း ... ဖမ်းရမှာပေါ့"

"မင်းသွားဖမ်းပါလား။ ငါတော့ မဖမ်းရဲဘူး"

တင်လှက ခေါင်းကြီးလက်ကို အေးစက်စက်နှင့် ဆုပ်ကိုင်လိုက် ပြီး ...

"နမြောစရာကြီးကွာ ... တစ်ပတ်နေလို့တောင် ကြက်သားစား ရတာ မဟုတ်ဘူး။ မင်းမှာလည်း ဓားပါတယ်။ ငါတို့က နှစ်ယောက်၊ အရေးအကြောင်းရှိရင် အော်မယ်။ ဘေးလူတွေ နိုးလာလိမ့်မယ်။ လိုက် ဖမ်းမယ်ကွာ။ လူကြမ်းရင် နတ်ကြမ်းတောင် မခံနိုင်ဘူးတဲ့။ ဒီသရဲဆဲ့ အကောင်ကို ကြမ်းပစ်မယ်"

တင်လှနှင့် ခေါင်းကြီးကို ကြက်သားစားရရေးအတွက် အော်ဟစ် ကြိမ်းဝါးပြီး ကင်းတဲဆီပြေးတက်ကာ ကြက်နှစ်ကောင်ကို အမိဖမ်းပြီး လည်ပင်း ပန်းပစ်ကြ၏။ ကြက်တွေ ငြိမ်သက်သွားမှ လေးခွနှင့် အမှောင်ထဲထဲကို



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



တရစပ်လိုက်ပစ်ကြ၏။ ကျောက်စရစ်ခဲတွေရှူးပန်းပြီး လေးသီးလုပ်ကာ မဲမဲမြင်ရာ ထင်ရာလိုက်ပစ်ကြ၏။ အော်ဟစ်သံဆဲဆို ကြိမ်းမောင်းပစ်၏။

ညဉ့် (၂) နာရီထိုးမှာ ငြိမ်သက်သွား၏။ ကြက်တွေကို ခုတ်ထစ်ပြီး ဟင်းအိုးထဲထည့်ကာ မီးဖိုပေါ်တည်လိုက်ကြ၏။ ထင်းမီးချောင်းတွေနှင့် ကပ်စေးနဲတောထဲကို လှမ်းပစ်ကြသေး၏။ လူနှစ်ယောက်ပေါင်းပြီး ကြမ်းလိုက်သောအခါ ဝင်းထဲက ဘာမှန်းမသိတာကြီးလည်း မခြောက်လှန့်တော့။ ကြောက်တတ်သည့် လူကို ပိုခြောက်တတ်၏၊ မကြောက်သည့်လူကို မခြောက်။ တင်လှနှင့် ခေါင်းကြီးတို့ အောင်ပွဲရပြီး ကြက်သားဟင်းကို အရက်နှင့် အားရပါးရ မြည်းတွယ်လိုက်နိုင်ကြလေသတည်း။



www.burmeseclassic.com

www.burmeseclassic.com

ငါနေတဲ့ တောင်ကုန်းလေးပေါ်ကို ငါနဲ့ရွယ်တူ ကလေးလေးယောက်တက်လာတာ မြင်လိုက်တော့ ငါ အရမ်းပျော်သွားတာပဲ။ ငါနဲ့အတူတူ ကစားဖို့ အဖော်တွေကိုမျှော်နေတာ ကြာလှပြီ။ ဘယ်လောက်ကြာပြီလဲဆိုတာ မမှတ်မိအောင်ကို ကြာလှပါပြီ။

သူတို့လေးယောက် လာနေကြတာကိုကြည့်ပြီး ငါ့စိတ်တွေ အရမ်းတက်ကြွသွားတယ်။ လေးယောက်စလုံးက ငါနဲ့ အရွယ်မတိမ်းမယိမ်းတွေ။ ငါ့လိုပဲ အသက်ရှစ်နှစ်ပတ်ဝန်းကျင် အရွယ်တွေပဲပေါ့။

တောင်ကုန်းလေးအောက်ခြေက ကားလမ်းပေါ်မှာ ကားတစ်စီးပျက်နေတာကို ငါမြင်နေရတယ်။ ကားအောက်မှာ အဘွားအိုကြီးတစ်ယောက်ရယ်၊ ယောကျ်ားကြီး၊ မိန်းမကြီးတွေရယ်ကို ငါမြင်နေရတယ်။ ကြည့်ရတာ လမ်းမှာ ကားပျက်သွားတာထင်ပါရဲ့။ ငါကြည့်နေတုန်းမှာပဲ ယောကျ်ားကြီးတစ်ယောက်က ကားပေါ်က ဘီးပိုတစ်ဘီးကိုဖြုတ်ပြီး အောက်ချလိုက်တာ မြင်လိုက်ရတယ်။ ကားဘီးပေါက်လို့ ဘီးလဲမလို့ကိုး။

သူတို့လေးယောက်က ကားဘီးလဲတုန်းမှာ ကစားကြမယ်ဆိုပြီး ငါရှိတဲ့တောင်ကုန်းလေးပေါ် တက်လာကြတာဖြစ်မှာပေါ့။

သူတို့လေးယောက်စလုံးဟာ အသက်ရှစ်နှစ်၊ ကိုးနှစ်၊ ဆယ်နှစ် အရွယ်တွေချည်းပဲ။ ယောကျ်ားလေးက နှစ်ယောက်၊ မိန်းကလေးက နှစ်





ယောက်။ သူတို့ဟာ မောင်နှမတွေတော့ မဖြစ်နိုင်ပါဘူး။ အို ... ဒါတွေက အရေးမကြီးပါဘူး။ သူတို့ ငါနေတဲ့နေရာမှာ ကစားဖို့လာကြတာဆိုရင် ငါလည်း သူတို့နဲ့ အတူတူ ဝင်ကစားမှာပဲ။

ငါလေ ... ရွယ်တူကလေးတွေနဲ့ မတွေ့ရတာကြာပြီ။ မကစားရတာလည်း ကြာပြီ။ ငါ့ဟာငါ တစ်ယောက်တည်းကစားရတာ သိပ်ပျင်းဖို့ကောင်းတာပဲ။

"ဟေး ..."

တောင်ကုန်းပေါ် သူတို့ရောက်လာတာနဲ့ ငါက အော်ပြီး နှုတ်ဆက်လိုက်တယ်။ ဒါပေမဲ့ ငါအော်တာကို သူတို့ မကြားကြဘူး။

ဒါနဲ့ ငါလည်း သူတို့မမြင်အောင် တိတ်တိတ်ကလေး သူတို့အနားကပ်သွားလိုက်တယ်။

"ငါတို့ တူတူပုန်းတမ်း ကစားရအောင်ဟေ့"

"အချိန်ရပါ့မလားဟယ်"

"ရသလောက်ပဲ ကစားကြတာပေါ့"

"စိန်ပြေးတမ်း ကစားရင်ကော"

"ဒီနေရာလေးက တူပုန်းတမ်း ဆော့လို့ကောင်းမှာဟ။ ကြည့်ပါလား၊ သစ်ပင်တွေလည်း အများကြီး။ တောင်ကုန်းလေးတွေ ကျောက်တုံးကြီးတွေလည်း ရှိတယ်၊ ပုန်းစရာနေရာတွေမှ အများကြီးပဲ။ တူတူပုန်းတမ်းပဲ ကစားရအောင်ပါဟာ"

ငါက သူတို့အနား တိတ်တိတ်ကလေးကပ်သွားပြီး သူတို့တိုင်ပင်တာကို နားထောင်နေလိုက်တယ်။ တူပုန်းတမ်း ကစားကြမလို့တဲ့။ ကောင်းတာပေါ့။ ဒီနားမှာ တူပုန်းလို့ကောင်းတဲ့နေရာတွေ အများကြီးရှိတာ ငါသိတယ်လေ။ ငါ သူတို့နဲ့ အတူတူကစားရင်း သူတို့ကို ကူညီမှာပေါ့။ ပုန်းတဲ့သူတွေကိုလည်း ပုန်းလို့ကောင်းတဲ့နေရာတွေ ပြမယ်။ လိုက်တဲ့သူကိုလည်း ပုန်းတဲ့ကောင်တွေမိအောင် ကူညီပေးလိုက်မယ်။ သိပ်ပျော်ဖို့ကောင်းမှာပဲ။



www.burmeseclassic.com

www.burmeseclassic.com



သူတို့က 'ကျား-ဓိုလ်' ခွဲပြီး လိုက်ရှာမယ့်လူကို ရွေးကြတယ်။

ဂါဝန်ဖါဖါနဲ့ ကောင်မလေးက ရှာဖို့ မဲကျတယ်။ ကောင်မလေးက သူတို့ထဲမှာ အသက်အငယ်ဆုံးပဲ။ သူက ပုန်းတဲ့လူတွေကို ရှာရမှာမို့လို့ နှုတ်ခမ်းလေး စူနေတယ်။ စိတ်မပျက်ပါနဲ့ဟယ်၊ သူတို့အားလုံး မိအောင် နင့်ကို ငါကူညီမှာပေါ့။

"ကဲ ... ပုန်းတော့မယ်ဟေ့ ... ဇာဇာ ... မျက်စိကို မိတ်ထား"

"ကိုကြီးတို့ အဝေးကြီး သွားမပုန်းနဲ့နော်၊ ညီမလေးတစ်ယောက်တည်း ကြောက်တယ်"

မကြောက်ပါနဲ့ဟယ် ... ငါ နင့်ကို ကူရှာပေးမှာပေါ့။

ကောင်လေးနှစ်ယောက်နဲ့ ကောင်မလေးက ဇာဇာဆိုတဲ့ ကောင်မလေး မျက်စိပိတ်ထားတုံး ပုန်းဖို့ ထွက်သွားကြတယ်။

ငါက ပုန်းလို့ကောင်းတဲ့နေရာကိုပြဖို့ သူတို့နောက်က လိုက်သွားတာပေါ့။

အကြီးဆုံးကောင်လေးရှေ့ကို ရောက်အောင်ပြေးပြီး ငါက ခေါ်လိုက်တယ်။ သူက ငါ့ကိုမြင်လိုက်တော့ လန့်သွားတယ်။

"မင်း ... မင်း ... ဘယ်သူလဲ"

"မင်းကို ပုန်းမယ့်နေရာ ပြမလို့ပေါ့။ လာ ... ငါ့နောက်လိုက်ခဲ့"

ငါက သူ့လက်ကိုဆွဲခေါ်တော့ သူက 'လွှတ် ... လွှတ် ... ငါ့လက်ကို ... လွှတ်' ဆိုပြီး ရုန်းနေသေးတယ်။

ငါက သူ့ကို ထနောင်းပင်ကြီးတစ်ပင်ရဲ့ သစ်ခေါင်းထဲကို တွန်းထည့်လိုက်တယ်။ ထနောင်းပင်အခေါင်းက အကျယ်ကြီးရယ်၊ ကလေးတစ်ယောက် ပုဝင်နေရင် ဘယ်သူမှ မမြင်နိုင်တော့ဘူး။ ကောင်လေးက သစ်ခေါင်းထဲကနေ ငါ့ကိုပြန်ချောင်းကြည့်ပြီး သွားတွေ ပြနေတယ်။

ငါက သူ့ကို ရယ်ပြလိုက်တယ်။





"မင်း ဒီမှာနေခဲ့ဦးနော်။ ကျန်တဲ့လူတွေကို ငါ ကူလိုက်ဦးမယ်"

ငါက ပုန်းမယ့်ကောင်မလေးနောက်ကို လိုက်သွားလိုက်ပြန်တယ်။ ကောင်မလေးက ချုံပုတ်ထဲ ဝင်ပုန်းရုန်းနိုး၊ ကျောက်တုံးအကွယ်မှာ ပုန်းရုန်းနိုးနဲ့ ဝေခွဲမရ ဖြစ်နေပုံပဲ။ သူရပ်နေတဲ့ ချုံပုတ်အကွယ်ကနေ ငါ ထွက်လာတာလည်း မြင်ရော ကောင်မလေးက အော်လိုက်တာလေ။

"ဟေ့ ... မအော်နဲ့ ...။ နင့်ကို ပုန်းစရာနေရာ ပြမလို့ပါဟ။ လာ ... လာ ..."

"ဘာလဲ ... နင်က ဘယ်သူလဲ။ ဘာလို့ ငါတို့ထဲ ဝင်ပါတာလဲ"

"ငါလည်း ပါချင်လို့ပေါ့ဟ။ လာပါ၊ နင် ပုန်းလို့ကောင်းတဲ့နေရာကို ငါ ပို့ပေးပါ့မယ်။ ဟိုကောင်မလေး ရှာမတွေ့စေရဘူး"

"ဟင့်အင်း ... ဟင့်အင်း ... မလိုက်ဘူး"

"လာစမ်းပါဟာ"

ငါက သူ့လက်ကို ဆွဲခေါ်လိုက်တာပေါ့။

"ဟယ် ... နင့်လက်က အေးစက်နေတာပဲ။ နင် ငါ့ကို ဘယ်ခေါ်သွားမလို့လဲ"

"တိတ်တိတ်နေ။ နင့်ကို သစ်ပင်ခွကြားထိ တွန်းတင်ပေးမယ်။ နင် အဲဒီမှာ တိတ်တိတ်ကလေး ပုန်းနေနော်"

ငါက ချက်ချင်းပဲ သူ့ကို သစ်ပင်တစ်ပင်ရဲ့ ခွကြားရောက်တဲ့အထိ သူ့ကိုယ်လေးကို မြှောက်ပြီး တွန်းတင်လိုက်တာပေါ့။ သူဟာ အလွယ်တကူပဲ သစ်ပင်ခွကြားပေါ် ရောက်သွားပါတယ်။

"ဟယ် ... ငါကြောက်တယ်၊ ငါ့ကို အောက်ပြန်ချပေးပါ"

ကောင်မလေးက ငိုမဲ့မဲ့နဲ့ ငါ့ကို တောင်းပန်နေတယ်။ ငါက ဘာမှ ပြန်မပြောမနေတော့ဘဲ သူ့ကို အဲဒီအတိုင်းထားခဲ့ပြီး ကျန်တဲ့ကောင်လေး တစ်ယောက်နောက်ကို ထွက်လာခဲ့လိုက်တယ်။ တကယ်ဆို ငါက သူတို့ကို



www.burmeseclassic.com

www.burmeseclassic.com



ပုန်းလို့ရအောင်ကူညီပေးတာ ငါ့ကို ကျေးဇူးတင်သင့်ပါတယ်။ သူတို့ ငါ့ကို ဘာလို့ကြောက်နေကြမှန်း မသိဘူး။

ကျန်တဲ့ကောင်လေးတစ်ယောက်နား ရောက်သွားတော့ ကောင်လေးက ကျောက်တုံးကြီးတစ်တုံးရဲ့နောက်ကို ဝင်ပုန်းဖို့ လုပ်နေတယ်။ အို ... ကျောက်တုံးကြီးနောက်က ငါနေတဲ့နေရာလေးကို တွေ့သွားတော့မှာပဲ။

ငါက သူ့ပခုံးကို နောက်ကနေ လှမ်းပုတ်လိုက်တာပေါ့။

ဒီကောင်လေးလည်း ဟိုနှစ်ယောက်လိုပါပဲ။ ငါ့ကိုမြင်တာနဲ့ လဲ့သွားလိုက်တာ။

"လာ ... ပုန်းရမယ့်နေရာ ငါလိုက်ပြမယ်။ မင်းကို ရှာလို့မတွေ့စေရဘူး"

ငါက သူ့ပခုံးကိုဖက်ပြီး မြေတွင်းကြီးတစ်ခုဆီကို ခေါ်လာခဲ့လိုက်တယ်။ သူက ငါ့လက်ထဲက ရုန်းနေပေမယ့် ငါက လွှတ်မပေးဘူး။ ဒီကောင်က ပိုပြီးတောင် ကြောက်တတ်ပါသေးလား။ ငါ့ကို စကားတောင် ပြန်မပြောနိုင်ဘူး။ မျက်လုံးကြီးပြူးကြည့်ပြီး ရုန်းနေတော့တာပဲ။ ရယ်စရာကောင်းလိုက်တာ။ ငါလည်း သူ့ကို ကလေးတစ်ရပ်လောက်ရှိတဲ့ ကျင်းထဲကို ပခုံးကနေ မ,ပြီး ချပေးလိုက်တယ်။

ပြီးပြီ။ သူတို့အားလုံးကို လုံလုံခြုံခြုံပုန်းနိုင်အောင် ငါ ကူညီပေးလိုက်ပြီ။

ငါ့စိတ်တွေဟာ သိပ်ပျော်နေတာပဲ။ ငါ ဒီလို ရွယ်တူသူငယ်ချင်းတွေနဲ့ မကစားရတာ ကြာပြီလေ။

ငါက ဇာဇာဆိုတဲ့ ကောင်မလေးဆီကို ပြန်ပြေးလာခဲ့တယ်။

ဇာဇာက မျက်နှာကို လက်ဝါးလေးနဲ့ အုပ်ထားတုန်းပဲ။

"တူပြီလားဟေ့ ... ကြာလိုက်တာ"

"တူပြီ ..."





လို့အော်တဲ့အသံ ထွက်မလာလို့ ဇာဇာက စိတ်မရှည်နိုင်ဘဲ အော်မေးနေတာလေ။

"သူတို့ ပုန်းနေကြပြီဟ။ လာ ... သူတို့ကို နင်နဲ့ငါနဲ့ အတူလိုက်ရှာရအောင်"

ငါ စကားပြောလိုက်တဲ့အသံလည်း ကြားရော ... ဇာဇာက တအံ့တသြနဲ့ လက်ကိုဖယ်ပြီး ကြည့်လိုက်တယ်။

"ဟင် ... ဘာလဲ၊ နင်က ဘယ်သူလဲ"

"ရှူး ... တိုးတိုး ... သူတို့တွေ ဘယ်မှာပုန်းနေတယ်ဆိုတာ ငါသိတယ်။ ဒါပေမဲ့ နင်တွေ့အောင် ရှာကြည့်ဦး။ နင်မတွေ့မှ သူတို့ပုန်းတဲ့နေရာကို ငါ တိုးတိုးလေးပြောပြမယ် ... သိလား"

"အိုး ... ဟင့်အင်း ... ဟင့်အင်း ... နင်က ဘယ်ကလဲ ... နင် ဘယ်လိုရောက်လာတာလဲ"

"ငါလား ... နင်တို့နဲ့ အတူတူကစားချင်လို့ လာတာပေါ့ ... ဇာဇာရဲ့"

"အာ ... ငါ့နာမည်ကိုလည်း နင်ကသိနေတယ်။ ဒါပေမဲ့ နင့်ကို ငါကြောက်တယ်။ နင့်ကြည့်ရတာ တစ်မျိုးကြီးပဲ။ နင်သွားပါ"

"ငါက နင်တို့ကို ခင်လို့ပါ၊ နင်တို့နဲ့ ကစားချင်လို့ပါ။ လာပါတယ် သူတို့ပုန်းတဲ့နေရာကို ငါလိုက်ပြမယ်နော်"

ငါက သူ့လက်ကို ဆွဲလိုက်တော့ ...

"ဟင် ... နင့်လက်ကြီးက အေးအေးကြီး။ ဖယ် ... ဖယ် ... ငါ့ကိုလွှတ်။ ကိုကိုကြီးရေ ... အောင်အောင်ရေ ... မဝါရေ ... ဘယ်ရောက်နေကြလဲ ... လာကြပါဦး"

ဇာဇာက အတင်းအော်ပြီး ငါ့လက်ထဲက ရုန်းထွက်သွားတယ်။

"ကလေးတွေ ... ကလေးတွေ ... ကားပြင်ပြီးပြီဟေ့။ ဘာလုပ်နေကြလဲ။ လာခဲ့တော့"



www.burmeseclassic.com

www.burmeseclassic.com



တောင်ကုန်းအောက်လမ်းမပေါ်က လူကြီးတွေအော်ခေါ်သံ ထွက်လာတယ်။ ဒီတစ်ခါ လန့်သွားရတာက ငါပါပဲ။ လူကြီးတွေ ငါ့ကိုမြင်သွားမှာကိုတော့ ငါကြောက်တယ်။ ငါနဲ့ ရွယ်တူကလေးတွေနဲ့သာ ငါက တအားချင်တာလေ။

"ဖေဖေ ... ဘွားဘွားကြီး ... လုပ်ပါဦး။ ဒီမှာ ဘယ်ကကောင်လေးလဲ မသိဘူး။ ကိုကိုကြီးတို့ကိုလည်း ခေါ်လို့မရဘူး။ ဘယ်ရောက်နေမှန်းမသိဘူး"

ဇာဇာက အော်ဟစ်ရင်းက တောင်ကုန်းအောက်ကို ပြေးဆင်းသွားတယ်။ တော်တော်ဆိုးတဲ့ ကောင်မလေးပဲ။

လူကြီးတွေ တောင်ကုန်းပေါ်တက်လာတာ မြင်တာနဲ့ ငါလည်း ချုံတစ်ခုကိုကွယ်ပြီး ပုန်းနေလိုက်ရတယ်။

"ဘာဖြစ်တာလဲ ... ငါမြေးတွေ ဘာဖြစ်တာလဲ"

အသက်အကြီးဆုံး အဘွားအိုကြီးက ဇာဇာ့ကို မေးလိုက်တယ်။ ဟင် ... အဘွားကြီးက ကြောက်စရာကြီး။ လက်မှာ စိပ်ပုတီးကြီး တိုင်လို့။

"ဖေဖေ ... မေမေ ... ဘွားဘွား ... ကျွန်တော် ဒီမှာ။ သစ်ခေါင်းထဲမှာ။ ကျွန်တော့်ကို လာခေါ်ပါ"

"မေမေရေ ... ဝါဝါ သစ်ပင်ခွကြားမှာ ရောက်နေတယ်။ သမီးကို လာခေါ်ပါ မေမေ"

"ဘွားဘွား ... သား မြေတွင်းထဲကို ကျနေတယ်မျိုး။ ကောင်လေးတစ်ယောက်က တွန်းချတာ။ ပြန်တက်လို့မရဘူး။ လာခေါ်ပါဦး"

လူကြီးတွေက အသံထွက်လာတဲ့ဆီကို ပြေးသွားကြတယ်။

အားလုံးစုံတော့ သူတို့ကို မေးနေတဲ့အသံကို ကြားရတယ်။ ကလေးတွေက ငါ့အကြောင်းကို ပြောပြနေကြတယ်။





"ဘယ်ကကောင်လေးမှန်း မသိဘူး။ ပေါ်လာပြီး ကျွန်တော့်ကို သစ်ခေါင်းထဲ အတင်းထိုးထည့်သွားတာ။ ကျွန်တော် ဖေဖေတို့ကို လှမ်းအော်ခေါ်မလို့လုပ်တော့ ခေါ်လို့မရဘူး"

"သားကိုလည်း သူက မြေတွင်းထဲမှာ ဝင်ပုန်းခိုင်းတယ်။ သူ့လက်ကြီးက အေးစက်နေတာပဲ"

"ဟုတ်တယ် ... သမီးကိုလည်း သစ်ပင်ခွကြားပေါ် အတင်းတွန်းတင်ပေးခဲ့တာ အဲဒီကောင်လေးပဲ။ သမီးက ဘွားဘွားကြီးတို့ကို အော်ခေါ်မလို့လုပ်တာ အသံထွက်လို့ မရဘူး"

"ဟုတ်တယ်နော် ... သမီးကိုလည်း ပုန်းနေတဲ့လူတွေ လိုက်ရှာပေးမယ်ဆိုပြီး လက်ကိုလာဆွဲတာ။ သမီး သူ့ကို သိပ်ကြောက်တာပဲ။ သူ့ကိုကြည့်ရတာ တစ်မျိုးကြီးပဲ"

"ဘုရား ... ဘုရား ... အဲဒီကောင်လေး အခုဘယ်ရောက်သွားတုံး။ လူစင်စစ်ဆို ဒီနားမှာ တွေ့ရမှာပေါ့။ ဒီလိုနေရာကို ကလေးတစ်ယောက်တည်း ရောက်နေစရာ အကြောင်းမှမရှိတာ"

အဘွားကြီးက သူ့ရင်ဘတ်ကြီးကို လက်နဲ့ဖိရင်း ပြောနေတာလေ။

"ဟော ... ဟိုမှာ ... ဟိုမှာ ... ဟိုမှာ ကြည့်ကြစမ်း"

လူကြီးတစ်ယောက်က ငါနေတဲ့နေရာလေးကို လက်ညှိုးထိုးပြပြီး ပြောလိုက်တယ်။ သူတို့ ငါ့နေရာလေးကို တွေ့သွားကြပြီ။

"ဟယ် ... အုတ်ဂူလေးပါလား။ အုတ်ဂူက သေးသေးလေး။ တလေးအုတ်ဂူပဲ။ ဂူပေါ်ကစာကို ဖတ်ကြည့်စမ်း"

"မောင်ဘိုဘို – အသက် ရှစ်နှစ်၊ ရှစ်ရက် လေးလ တစ်ထောင့်ကိုးရာ ရှစ်ဆယ့်ငါးခုနှစ်တွင် ကားမတော်တဆတိမ်းမှောက်၍ ဤနေရာတွင် ကွယ်လွန်သည် ... တဲ့။ ဘုရား ... ဘုရား ..."

"၈၅ ခုနှစ်ဆို ကြာပြီပဲ။ အနှစ်၂၀တောင် ရှိပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ကလေးတွေတွေ့တဲ့ ကောင်လေးက အဲဒီဟာလေးများလားဟဲ့။ ဖွဟဲ့ . . . ဖွ . . ."

အဘွားကြီးက ပါးစပ်က ဘာတွေရွတ်နေတယ် မသိဘူး။ ငါ့တစ်ကိုယ်လုံးဟာ လေထဲမှာမြောက်တက်ပြီး အဝေးကြီးကို လွင့်သွားတော့တယ်။ သစ်ပင်တစ်ပင်ရဲ့ သစ်ကိုင်းကို ဆုပ်ကိုင်ထားတော့မှ ငါဟာ သစ်ပင်မှာ တွဲလောင်းကြီး ဖြစ်နေတော့တယ်။

သူတို့ ငါနေတဲ့ တောင်ကုန်းပေါ်ကနေ ခပ်သုတ်သုတ် ဆင်းသွားကြတာကို ငါ မြင်နေရပါတယ်။ အားလုံး ကားပေါ်တက်ပြီး ကားကိုမောင်းထွက်သွားကြတယ်။

ငါလေ . . . သူတို့ကိုကြည့်ပြီး အရမ်းကြေကွဲတာပဲ။


ငါ နင်တို့နဲ့အတူ ကစားချင်လို့ပါဟယ်။ မင်းတို့ကို ငါ ခင်လို့ပါကွာ။ မင်းတို့ကြောက်အောင် ငါ ဘာလုပ်လို့လဲ ဟင်။ ငါ့မှာ ကစားစရာအဖော်မရှိလို့ မင်းတို့နဲ့ ကစားချင်လို့ပါ။ ဒီနေရာမှာ ငါတစ်ယောက်တည်းနေရတာ ပျင်းလို့ပါ။

ငါ့ကို တစ်ယောက်တည်း ထားပစ်ခဲ့ကြပြီပေါ့ . . .

ငါဟာ သူတို့ကားလေး ထွက်သွားတာကို တောင်ကုန်းလေးပေါ်က ရပ်ကြည့်နေမိတယ်။

ငါနဲ့ရွယ်တူကလေးတွေ ပြန်သွားကြတာကို ကြည့်ပြီး မျက်ရည်တွေဟာ ငါ့ပါးပြင်ပေါ်ကို စီးကျလာတော့တယ်။

နွေတမာန်



www.burmeseclassic.com

www.burmeseclassic.com

[၁]

❑

"ဒူ ..."
"ဒူ ..."
"ချမ်း ..."
"ချမ်း ..."

"လာနော် ... လာနော် ... ကြုံတောင့်ကြုံခဲ၊ တစ်သက်မှာ တစ်ခါမှာသာ တွေ့မြင်ရှုစားရမယ့် မြွေအလမ္ပာယ်ပွဲကြီးနော်။ မွေးထားပြီး သင်ကြားပြသထားတဲ့ မြွေယဉ်၊ မြွေအလိမ္မာတွေမသုံးဘဲ သဘာဝအတိုင်း တောထဲက မြွေရိုင်းတွေကိုခေါ်ပြီး ပြမယ့် မြွေအလမ္ပာယ်ပွဲကြီးနော်။

လက်မလွတ်စေချင်ရင် လာကြ၊ မကြည့်လိုက်ရ မရှိရလေအောင် လာကြနော်။ တစ်ခါပဲပြမှာ ... တစ်ခါပဲပြမှာ"

"ဒူ ..."
"ဒူ ..."
"ချမ်း ..."
"ချမ်း ..."





မြွေရိုင်းတွေနဲ့ပြမယ့် မြွေအလမ္ပာယ်ပွဲကြီးနော်၊ ကြည့်ချင်ရင် လာကြ၊ စိတ်ဝင်စားရင် လာကြ။ နောက်မှ မကြည့်လိုက်ရလေခြင်းဆိုပြီး နောင်တရမနေနဲ့။ တစ်ခါပဲပြမယ် ... တစ်ခါပဲ ပြမယ်"

ချိုမေရဲ့ အသံစူးရှရှလေးက ရှမ်းပြည်နယ်၊ မိုင်းကောဒေသ ရွာ ငယ်လေးရဲ့ ရွာအပြင်ဘက် (၅) ရက်တစ်ဈေး ဈေးထဲရှိ ဈေးသူဈေးသား များရဲ့ အာရုံကို ဖမ်းစားလိုက်၏။ ဈေးနေ့မို့လည်း လူစည်ကားလှ၏။

"မြွေအလမ္ပာယ်ပြပွဲ ဆိုပါလား"

"တောထဲက မြွေရိုင်းတွေနဲ့ပြမဲ့ မြွေအလမ္ပာယ်ပွဲတဲ့။ သွား ကြည့်ရအောင်"

"အေးအေးနေစမ်းပါ ... ဟော့ကောင်ရာ ... ပြမဲ့ပွဲက မြွေ အလမ္ပာယ်ပွဲ။ ပြီးတော့ တောထဲက မြွေရိုင်းတွေနဲ့ဆိုတော့ မတော် ကိုယ့် ထာအန္တရာယ်ပြုနေမှဖြင့် အချောင်သေနေမှာကွ။ ငါတော့ မသွားဘူး"

"အေး ... မင်း မသွားချင် နေခဲ့၊ ငါတော့ စိတ်ဝင်စားလို့ သွား ပြီ။ ဒီလိုပွဲမျိုးဆိုတာ ကြည့်ရခဲတယ်။ အခု မြွေအလမ္ပာယ်ပြမဲ့သူက မိန်း တလေးကွ ... မိန်းကလေး ..."

"ဟင် ... ယောက်ျား မဟုတ်ဘူးလား"

"မဟုတ်ဘူး။ ဒါကြောင့် စိတ်ဝင်စားလို့ကို သွားကြည့်မှာ။ မင်း ကို ပြောပြရတာနဲ့တင် အချိန်ကုန်နေပြီ။ ဟိုမှာ လူစည်နေပြီ။ ငါ သွားပြီ။ ဟော့ကောင် ... မင်း ကြည့်ချင်ရင် အနောက်ကလိုက်ခဲ့"

'မြွေအလမ္ပာယ်ပွဲကို ပြမှာ ယောက်ျားလေးမဟုတ်ဘဲ မိန်းကလေး တဲ့။ အံ့ဩစရာပဲ ငါလည်း စိတ်ဝင်စားလာပြီ။ သွားကြည့်ဦးမှ'

တစ်ဆင့်စကား တစ်ဆင့်ကြားကာ တစ်ယောက်စ နှစ်ယောက်စ နှင့် (၅) ရက် တစ်ဈေး ဈေးအဝင်ဝမှာ ကျင်းပတဲ့ မြွေအလမ္ပာယ်ပွဲက တဖြည်းဖြည်းနဲ့ လူစည်ကားလာ၏။ ဟိုအရင် ရှမ်းပြည်နယ်ဘက်မှာ ရောက်ကျင်းပတဲ့ မြွေအလမ္ပာယ်ပွဲတွေက လုလုပပနဲ့ ကြည့်ကောင်းသလို ပြသတဲ့သူကလည်း သန်မာထွားကျိုင်းတဲ့ ယောက်ျားသားတွေသာ။ အခု



www.burmeseclassic.com

www.burmeseclassic.com



တော့ ပြောင်းပြန်တွေဖြစ်ကုန်၏။ နုနုနယ်နယ်၊ အသည်းငယ်တတ်တဲ့ မိန်းကလေးက လှေလှောသင်ကြားထားတဲ့ မြွေလိမ္မာတွေနဲ့မဟုတ်ဘဲ တောထဲက မြွေအရိုင်းတွေနဲ့ မြွေအလမ္မာယ်ပွဲကို ပြမှာဆိုတော့ အားလုံးက စိတ်ဝင်တစား လာရောက်ကြည့်ရှုကြ၏။

✿ ✿ ✿

|၂|

❑

ချိုမေက ပွဲပရိသတ်ကို အနည်းငယ် လှေလှောလိုက်၏။ မဆိုးပါ။ အတော်အတန် လူစည်ကားနေ၏။ မြွေရိုင်းတွေနဲ့ ပြသမယ့်ပွဲမို့လည်း စိတ်ဝင်စားစွာ လာရောက်ကြည့်ရှုကြ၏။ ခဏအကြာ ချိုမေ့စိတ်ကြိုက်ပရိသတ် ရလာ၏။

"ဒူ …"

"ဒူ …"

"ချမ်း …"

"ချမ်း …"

"တဲ … အားလုံး မျှော်လင့်စောင့်စားနေကြတဲ့ တောထဲက မြွေရိုင်းတွေနဲ့ ပြသမဲ့ မြွေအလမ္မာယ်ပွဲကြီးကို အခုချက်ချင်းပဲ ပြသတော့မှာ ဖြစ်တဲ့အတွက် သင့်တော်ရာနေရာမှာပဲ နေရာယူပေးကြပါရန် အနူးညွတ် တောင်းပန်အပ်ပါတယ်။





ချထားတဲ့စည်းကို မကျော်ပါနဲ့။ သဘာဝအတိုင်း တောထဲက မြွေရိုင်းတွေနဲ့ မြွေအလမ္မာယ်ပွဲကို ပြမှာမို့ ပွဲကြည့်ပရိသတ်တွေအတွက် အန္တရာယ်ကင်းအောင်လို့ပါ။ အခုပြမယ့် မြွေအလမ္မာယ်ပွဲက မြွေတွေအတွက်တော့ စိတ်မပူပါနဲ့။ မြွေတွေဘက်က အပြည့်အဝ တာဝန်ယူတယ်။

အဲ … ပရိသတ်ဘက်က တစ်ယောက်ယောက် စည်းဖျက်ပြီး ခြေကျော်လက်ကျော်လို့ တစ်ခုခုဖြစ်ရင်တော့ အပြတ်ပြောထားလိုက်မယ် တာဝန်မယူဘူးနော်။ ကဲ … ကဲ … နောက်ဆုတ်ကြ"

"အမိ …"

"နောက်ဆုတ်ပါဟ"

"ဒီမှာ နေရာမရှိတော့ဘူးကွ"

"နောက်ဆုံးကနေ ခြေဖျားထောက်ကြည့်တာ ပိုကောင်းပါတယ်။ မတော် မြွေပေါက်ခံနေရမှဖြင့် …"

"မင်းကလည်း ကြောက်တတ်လိုက်တာကွာ"

"ကြောက်သင့် ကြောက်ရမယ်ကွ။ ခုနပြောတာ မင်းမကြားလိုက်ဘူးလား။ မြွေတွေဘက်က တာဝန်ယူပြီး၊ စည်းဖျက် ခြေကျော်တဲ့ ပရိသတ်တွေအတွက် တာဝန်မယူဘူးတဲ့ကွာ။ ကောင်းရော …"

"မြွေအလမ္မာယ်ပွဲအသုံးပြုမယ့် တောထဲက မြွေရိုင်းတွေကို ခေါ်တော့မှာမို့ အားလုံးပဲ ငြိမ်ငြိမ်လေး နေပေးကြပါ"

"ဟင် …"

"ဟာ …"

"မြွေခေါ်တာ အဆန်းပါလား"

"ထူးဆန်းလိုက်တာကွာ"

"ဒီထက် ထူးခြားတာတောင် ဒီလောက် ထူးခြားမယ်မထင်ဘူး"

"အေးကွာ … အတော်ထူးဆန်းတာပဲ။ ဒီလိုမြွေခေါ်နည်းမျိုး ငါ့ဘဝသက်မှာ ဒီတစ်ခါပဲ တွေ့ဖူးသေးတယ်"

ပရိသတ်တွေ တစ်ယောက်တစ်ပေါက်နဲ့ အသံမျိုးစုံထွက်လာ၏။ ပရိသတ်တွေအနေနဲ့ ထူးဆန်းမည်ဆိုလည်း ထူးဆန်းစရာပင်။



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းက မြွေခေါ်တဲ့နည်းလမ်းက အခြားမြွေအလမ္ပာယ်ဆရာတွေလို မြွေလာအောင်မှုန်း၊ မြွေခေါ်ပလွေသံစဉ်နဲ့ အခြားပစ္စည်းတွေ လုံးဝမသုံးဘဲ မြွေအလမ္ပာယ်ပြသသူ ချိုမေရဲ့နှုတ်ကနေ မြွေတွန်သံ တရှုးရှုးထွက်ပေါ်လာကာ မြွေခေါ်နေခြင်းဖြစ်၏။

ပွဲကြည့်ပရိသတ်တွေရဲ့ အံ့ဩမှုက ဖုံးဖိတားဆီးလို့ မရ။ ဝါးစင်အပေါင်းသားနဲ့သာ ချိုမေကို စူးစိုက်ကြည့်နေ၏။

"ဟော ... ဟိုမှာ မြွေကြီး"

"အမယ်လေး ... တောကြီးမြွေဟောက်ကြီးတော်"

"နည်းတဲ့အကောင်ကြီးမဟုတ်ဘူး"

"ဟာ ... သူ့နောက်မှာလည်း တစ်ကောင်"

"သေချာရေပါဟ ... သုံးကောင်လား လေးကောင်လား ဆိုတာ"

"မြွေပွေး၊ မြွေဟောက်၊ ငန်းတော်ကျား၊ ငန်းပုပ် အားလုံး လေးကောင်ဟ"

"နောက်ဆုတ်ကြ ... နောက်ဆုတ်ကြ။ ဒီကောင်တွေက အဆိပ်အပြင်းဆုံးအကောင်တွေ"

"ရှီး ..."

"ရှီး ..."

"ရှီး ..."

"ဖျီး ..."

အဆိပ်အပြင်းဆုံး မျိုးနွယ်ဝင်အကောင်တွေမို့ တွန်သံက ကျယ်လောင်းကာ ပြတ်တောက်နေ၏။

ပရိသတ်တွေက ကြောက်လန့်စွာ နောက်ဆုတ်နေ၏။ ချိုမေရဲ့အနားမှာတော့ မြွေဘုရင်အမည်ခံ တောကြီးမြွေဟောက်၊ ဆေးမထိတဲ့မြွေပွေး၊ သူတော်ကောင်း ငန်းတော်ကျားနဲ့ ရန်သူမြင်ရင် လက်မလွှတ်တက်တဲ့ ငန်းပုပ်၊ ငန်းစောင်းတို့က ခြံရံနေ၏။

✿ ✿ ✿

[၃]

❑

ချိုမေရဲ့မျက်နှာက ခန့်မှန်းလို့မရလောက်အောင် တည်ငြိမ်အေးဆေးနေသော်လည်း စိတ်ထဲမှာတော့ အရမ်းကျေနပ်ပျော်ရွှင် ကြည်နူးနေ၏။

ချိုမေ အရမ်းပျော်၏။ အကြောင်းက ချိုမေရဲ့ခေါ်သံကြောင့် မြွေတွေ ရောက်လာခြင်းကြောင့်ပင်။

ချိုမေခေါ်ရင် ဘယ်မြွေမဆို မလာဘဲ မနေရ။

မြွေမျိုးနွယ်ဝင် မြွေမင်းသမီးလေး မြွေဘုရင်မ ချိုမေကိုယ်တိုင် ခေါ်နေတာမို့ မြွေဆိုးမြွေကောင်းမှန်သမျှ လာကိုလာရ၏။ မြွေဘုရင်နဲ့ မြွေဘုရင်မတွေက ခေါ်ရင် ရောက်တဲ့ဒေသ၊ မြင်တဲ့နေရာ၊ ကြားတဲ့အရပ်ကနေ အမြန်လာရ၏။ တပည့်လက်အောက် ငယ်သားတွေအနေနဲ့ ငြင်းဆန်ခွင့်မရှိ။

သေရေးရှင်ရေး ကိစ္စကလွဲလို့ ခေါ်တဲ့အချိန် အရောက်သွားရ၏။ အခုလည်း မြွေဘုရင်မချိုမေကိုယ်တိုင် ခေါ်နေတာမို့ အနီးအနားရှိ မြွေကြီးလေးကောင် ရောက်လာ၏။

ထိုမြွေကြီးလေးကောင်နဲ့ဆို ချိုမေ့အနေနဲ့ မြွေအလမ္ပာယ်ပွဲကို ကောင်းကောင်းမွန်မွန်နဲ့ လှလှပပ ပြသနိုင်ပြီ။

ပရိသတ်ကတော့ မြွေကြီးတွေကို ကြောက်လန့်စွာနှင့် [illegible] စည်းစိုင်းအနားကို မကပ်ကြတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ဒါလည်း တစ်မျိုးကောင်း၏။ မတော် မြွေတွေက စည်းမကျော်ဘဲ လူတွေက စည်းဖောက်ပြီး ပြဿနာတက်နေမှ ချိုမေရဲ့ခေါင်းပေါ် တာဝန် ကျလာနိုင်၏။

လိုအပ်တဲ့မြွေကြီးတွေကလည်း ရောက်လာပြီမို့ ချိုမေက မြွေ အလမ္ပာယ်ပွဲကို စတင်ပြသတော့၏။

"ကဲ ... ပထမဦးဆုံးပြရမယ့် ပြကွက်ကတော့ ချိုမေရဲ့ လက် လှုပ်ရှားမှုအတိုင်း မြွေကြီးတွေက လိုက်လုပ်ပြမဲ့ ပြကွက်ပါ။ အားလုံးဝဲ စိတ်ပါဝင်စားစွာ ကြည့်ရှုကြပါရှင့်"

"ဟာ ... တော်လိုက်တာကွာ"

"အမယ်လေး ... အသည်းအေးစရာကြီး"

"ဟယ် ... လက်ကိုပေါက်မိဖို့ သီသီလေး လွတ်သွားတယ် တော့"

မြွေကြီးတွေကတော့ ချိုမေရဲ့ လက်လှုပ်ရှားမှုအတိုင်းသာ လိုက် လှုပ်ရှားနေ၏။ လက်ကို ဘယ်ညာယိမ်းလျှင် မြွေကြီးတွေရဲ့ ဦးခေါင်းပါးပျဉ်း တွေကလည်း ဘယ်ညာလိုက်ယိမ်းနေ၏။ လက်ကို တွန့်လိမ်ပြလျှင် မြွေကြီး တွေရဲ့ ခန္ဓာကိုယ်ကလည်း တွန့်လိမ်လှုပ်ရှားနေ၏။

ထို့အတူပင် မြွေကြီးလေးကောင်အား ကခိုင်းခြင်း၊ မြွေကြီးတွေ ရဲ့ခန္ဓာကိုယ်အား လိုအပ်သလို ပုံစံအမျိုးမျိုး ခွေပြခိုင်းခြင်း၊ ရောင်စုံအဝတ် စတွေကို အသုံးပြုကာ မြွေရဲ့ခန္ဓာကိုယ်အရောင်ကို ပြောင်းလဲစေခြင်း၊ မြွေ ကြီးတွေကို တစ်ကောင်ပေါ် တစ်ကောင်ဆင့်ကာ ပုံသဏ္ဍာန်အမျိုးမျိုးပြောင်း လဲပြခြင်း၊ ချိုမေရဲ့ ခန္ဓာကိုယ်ပေါ်ကို ရစ်ပတ်တွယ်တက်ပြခြင်းနှင့် အခြား လုပ်သေသေသပ်ပြီး စိတ်လှုပ်ရှားဖွယ်ကောင်းသည့် ကကွက်မျိုးစုံကို ပြခဲ့၏။

လက်ခုပ်သံ တဖြောင်းဖြောင်းတီးကာ ဂုဏ်ပြုနေသလို ငွေစ ကြေးစလေးများကလည်း ပလူပျံနေ၏။ ချိုမေက နီးဖြင့်ရက်လုပ်ထားတဲ့ ပုခြုပ်လေးလုံးကို ကောက်ယူကာ မြွေကြီးတွေကို ခဏသိမ်းထားလိုက်၏။ အခြားသူတွေအတွက် အန္တရာယ်ကင်းအောင်ပါ။

✿ ✿ ✿

## [၄]

❑

သဒ္ဒါကြေး အသပြာငွေစများကို လိုက်လံရေတွက်ကြည့်လိုက် တော့ တစ်သောင်းကျော်၊ နှစ်သောင်းနီးပါး။ မဆိုးဘူးလို့ ဆိုနိုင်ပါ၏။

ဆီတစ်ပိဿာ ၃၀၀၀ ကျပ်နဲ့ ဆန်တစ်ပြည် ၈၅၀–၁၀၀၀ ကြား ရှိနေတဲ့ ယနေ့ခေတ်မှာ ငွေနှစ်သောင်းလောက်က ဆိုးတော့မဆိုးပေ။

မြွေကြီးတွေအတွက် နွားနို့ဖိုးငွေ ၁၂၀၀ ဖယ်ကာ ကျန်ငွေကို ကတ္တီပါအိတ်နက်လေးထဲ သေချာသိမ်းဆည်းလိုက်၏။

ထိုငွေကို ချိုမေ မပိုင်။ ချိုမေ့အတွက်လည်း မဟုတ်ပါ။ ဘုရား အတွက် ရည်စူးလှူဒါန်းထားပြီး အများကောင်းမှုအတွက် ကုသိုလ်ပြု အမျှဝေဖို့ပါ။

နောက်ပြီး မန္တလေးတောင်ပေါ်က မြွေကြီးနှစ်ကောင် ရုပ်တုတွေ ကို ရွှေချဖို့လည်းဖြစ်၏။ မြွေအလမ္ပာယ်ပြပွဲမှာ ရသမျှပိုက်ဆံတွေကို သေ ချာစုဆောင်း၏။ တစ်ပြားတစ်ချပ်မှ အလေအလွင့် အသုံးအဖြုန်းမခံ။ မြွေ အလမ္ပာယ်ပွဲမှာ ပြသဖို့ခေါ်ထားတဲ့ မြွေတွေအတွက် နွားနို့ဖိုးလောက်သာ သုံး၏။

ကျန်တာ အကုန်စု၏။ ချိုမေ့အတွက် မလိုပေ။ သုံးစရာလည်း မရှိပေ။ ဒါကြောင့်လည်း ပိုက်ဆံတွေ သေချာသိမ်းကာ ချိုမေက မြွေကြီး တွေအတွက် နွားနို့ဝယ်ရန် ထွက်လာခဲ့၏။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၁]

❑

ငါးရက်တစ်ဈေးနေ့မို့လည်း အထူးစည်ကားနေ၏။

ပလိုင်းများကိုယ်စီလွယ်ကာ ဈေးဝယ်နေပုံက ကြည်နူးစရာ။ ချိုမေ ဈေးထဲ တစ်ပတ်လည်ကာ နွားနို့ဆိုင်ကို ရှာဖွေလိုက်၏။

နွားနို့သီးသန့်ရောင်းတဲ့ဆိုင်ကို ရှာမတွေ့သဖြင့် နောက်ဆုံး လက်ဖက်ရည်ဆိုင်ထိုင်ကာ နွားနို့ ဝင်မှာလိုက်၏။

"အစ်မ ... ဘာသောက်မလဲ"

**"နွားနို့ရလား"**

**"ရတယ် ... အစ်၊ ခွက်သေးက နှစ်ရာ၊ ခွက်ကြီးက သုံးရာ"**

**"ခွက်ကြီး လေးခွက် ပါဆယ်ထုပ်ပေး၊ မြန်မြန်လေးနော်"**

**"ခဏစောင့်နော် ... အစ်မ"**

ဟုဆိုကာ စားပွဲထိုးက ဆိုင်အတွင်း ပြန်ဝင်သွား၏။ အငြိမ်မနေတတ်တဲ့ ချိုမေက ဆိုင်ပတ်ဝန်းကျင်ကို တစ်ချက် လှေ့လာလိုက်၏။

**"အဟင်း ..."**

**ချိုမေက** နှုတ်ခမ်းထောင့်စွန်းလေး တွန့်ရုံ ပြုံးလိုက်၏။

**စောစောက** ပြသခဲ့တဲ့ မြွေအလမ္ပာယ်ပွဲကြောင့်ထင့် တစ်ဆိုင်လုံးက ချိုမေ့ကို အကဲခတ်ကြည့်ရှုနေ၏။





ဘယ်သူတွေ ဘာကြောင့်ပဲကြည့်ကြည့် ချိုမေက ဂရုမစိုက်။ ခပ်တည်တည်၊ ခပ်တင်းတင်းနေကာ မှာထားတဲ့ နွားနို့ပါဆယ်ကို စောင့်နေ၏။

ကြာလိုက်တာ။ မြွေကြီးတွေတော့ ဗိုက်ဆာနေပြီထင်၏။ ခဏအကြာမှ နွားနို့ပါဆယ် (၄) ထုပ် ရောက်လာ၏။ ချိုမေက ကျသင့်ငွေကို ရှင်းကာ ဆိုင်ထဲမှ အမြန်ထွက်လာခဲ့၏။ ရွာအဝင်ဝ အရိပ်ရ တမာပင်ကြီးအောက်ရောက်မှ ပခြုပ်ထဲက မြွေတွေထုတ်ကာ နွားနို့တိုက်လိုက်၏။

မြွေကြီးတွေကို ပြန်လွှတ်ပေးကာ ချိုမေလည်း ပစ္စည်းတွေသိမ်းဆည်းလျက် ထိုနေရာမှ ထွက်ခွာရန် ပြင်လိုက်၏။ တစ်နေရာတည်းမှာ အကြာကြီး မနေတတ်တဲ့ ချိုမေအတွက်က နောက်နေရာသစ်ကို ရှာဖွေရဦးမည်။

"ဟို ... ခဏလောက် နေပါဦးကွယ်။ ဒီကညီမကို မေးစရာလေး ရှိလို့ပါ"

"ဟင် ..."

ချိုမေမြင်လိုက်ရတဲ့ သူတွေကလည်း လူကောင်းပုံစံ တစ်ယောက်မှမပါ။ ချိုမေ့ကိုကြည့်တဲ့ အကြည့်တွေကို ချိုမေမကြိုက်။ လူကို အရှင်လတ်လတ် ဝါးစားမဲ့ရုပ်မျိုးတွေသာ။ စိတ်ထဲမှ ရွံ့ရှာမုန်းတီးမှုကြောင့် မျက်နှာတစ်ချက်ပျက်ကာ နှုတ်ခမ်းမဲ့ပစ်လိုက်၏။

"ဟဲ ... ဟဲ ... ညီမလေးကို မေးစရာလေးရှိလို့။ အဲဒါ ..."

"ဟုတ်ကဲ့ ... မေးပါ"

လူမှုဆက်ဆံရေးမညံ့တဲ့ ချိုမေက ကောင်းကောင်းမွန်မွန်သာ ပြန်ပြောလိုက်၏။

"ညီမလေး မြွေအလမ္ပာယ်ပွဲပြလာတာ ကြာပြီလား"

"ဆိုပါတော့"

"ကြာပြီဆိုတော့ ဘယ်နနှစ်လောက် ရှိပြီလဲ။ ဟဲ ... ဟဲ ... စပ်စုတယ် မထင်နဲ့နော်။ သိချင်ရုံလေးပါ"

"ခုနှစ် ... နှစ် ..."



www.burmeseclassic.com

www.burmeseclassic.com



"ခုနှစ်နှစ်ဆိုတော့ အတော်ကြာပြီပဲ။ ဒါကြောင့်လည်း ညီမလေး ပြတဲ့ မြွေအလမ္ပာယ်ပွဲက သေသပ်လှပပြီး ကြည့်ကောင်းနေတာကိုး"

"ကျေးဇူး"

"ကျေးဇူးတင်ဖို့ မလိုပါဘူးကွယ်။ တကယ်ကောင်းလို့ ကောင်းတယ်ပြောတာပါ။ ဒါနဲ့ ညီမလေး မြွေပွဲမှာ ပြသဖို့ခေါ်တဲ့မြွေတွေက တကယ့်တောထဲက မြွေရိုင်းတွေလား။ သင်ကြားထားတဲ့ မြွေအလိမ္မာတွေကို ဘာလို့ မသုံးတာလဲ။ အဲဒီအကောင်တွေနဲ့ ပြရင်လည်း ပွဲက ကြည့်ကောင်းမှာပဲကို"

ချိုမေရဲ့ ညို့မျက်ဝန်းနက်တွေက ထိုလူတွေထံ ဒက်ခနဲ ကျရောက်သွား၏။ ဘာကြောင့် မြွေအကြောင်းတွေ လာမေးနေပါလိမ့်။ ရိုးရိုးရဲ့လား မသိ။ ချိုမေရဲ့ စိတ်အာရုံထဲမှာတော့ အန္တရာယ်အငွေ့အသက်ကို ရှူရှိုက်နေရသလို ခံစားမိ၏။

"ညီမလေး ... မေးနေတယ်လေ။ ဘာလို့ မြွေယဉ်တွေ မသုံးတာလဲလို့"

"ဒါက ဒီလိုပါ"

"အင်း ... ပြောပါဦး။ ဗဟုသုတအဖြစ် နားထောင်ရအောင်"

"မြွေအလမ္ပာယ်ပွဲမှန်သမျှ လေ့လာသင်ကြား ပြသထားတဲ့ မြွေယဉ်မြွေအလိမ္မာတွေကိုပဲ အသုံးပြုကြတာ များတယ်။ ဒါမှလည်း မြွေပြွဲမှာ ကိုယ်စေခိုင်းသလို ခိုင်းလို့ရမှ မြွေအလမ္ပာယ်ပွဲက လှပသေသပ်ပြီး ကြည့်လို့ကောင်းမှာလေ။ တောထဲမှာ သဘာဝအတိုင်းရှိနေတဲ့ မြွေရိုင်းတွေကို ခေါ်သုံးရင် ကိုယ့်အတွက် အန္တရာယ်များတဲ့အပြင် ...'အခန့်မသင့်ရင် ပွဲပါပျက်နိုင်တယ်။ ဒီထက်ပိုဆိုးလာရင်တော့ ကိုယ်ကတဲ့ဇာတ် ကိုယ်မနိုင်ဖြစ်ပြီး မြွေအလမ္ပာယ်ဆရာပါ အသက်သေဆုံးနိုင်တယ်။ ဒါကြောင့်လည်း မြွေအလမ္ပာယ်ဆရာ အများစုက စည်းစောင့်တဲ့အနေနဲ့ လေ့လာသင်ကြားပြသထားပြီး ပွဲအတွေ့အကြုံရှိတဲ့ မြွေယဉ်၊ မြွေအလိမ္မာတွေနဲ့ပဲ မြွေပြသကြတာပါ။





ချိုမေကတော့ ဒီကလူတွေ အတွေ့အကြုံသစ်တွေရအောင်း စိတ်လှုပ်ရှားမှုလေးတွေလည်း ကြုံရအောင် အထိတ်တလန့်နဲ့ ကြုံရအောင်ဆိုပြီး တောထဲက သဘာဝအတိုင်းရှိနေတဲ့ မြွေရိုင်းတွေနဲ့ ပြသရတာပါ။ ဒီလောက်ပါပဲ"

"ဘာပဲပြောပြော မင်း ... အဲ ... အဲ ... မင်းနာမည်က ချိုမေနော်။ စောစောက ချိုမေလို့ ပြောလိုက်သလားလို့။ ငါ့နာမည်က စိုင်းနွယ်"

"ဟုတ်ကဲ့ ... ချိုမေ့နာမည်က ချိုမေဝင်းပါ။ ရပါတယ် ချိုမေလို့ပဲ ခေါ်ပါ'

"ဘယ်လိုပဲပြောပြော ... မင်း ... အဲ ... ချိုမေ တော်တယ်။ သင်ကြားပြသထားခြင်းမရှိတဲ့ တောထဲကမြွေရိုင်းတွေနဲ့ မြွေအလမ္ပာယ်ပွဲကို လှလှပပ သေသေသပ်သပ်နဲ့ ကြည့်ကောင်းအောင် ပြသသွားနိုင်တယ်။ ဒီလိုမြွေအလမ္ပာယ်ပွဲမျိုးနဲ့ မြွေတွေကို ကျွမ်းကျင်ပိုင်နိုင်တဲ့ မြွေဆရာမျိုး ငါ့တစ်သက်မှာ ဒီတစ်ခါပဲ တွေ့မြင်ဖူးသေးတယ်။ မင်း သိပ်တော်တယ် .. ချိုမေဝင်း"

**ချိုမေရဲ့ မျက်ဝန်းတွေက ဘေးဘီထစ်ပိုက်ကို ဖွေငေးကြည့်ရှုနေ၏။ နေလည်မြင့်ပြီ၊ ဈေးလည်း ကွဲနေလေပြီ။**

"မေးစရာတွေကုန်ပြီဆိုရင် ချိုမေသွားတော့မယ်။ ခွင့်ပြုပါဦး"

"**ခဏလေးပါ ... ချိုမေ။ တကယ့်ကို ခဏလေးပါ။ ဒီတစ်ခါမေးမှာက နောက်ဆုံးမေးခွန်းပါ**"

ချိုမေက သက်ပြင်းချကာ စိတ်လျှော့လိုက်၏။ ချိုမေရဲ့အခြေအနေကို စိုင်းနွယ်က ရိပ်မိပုံရ၏။ အရေးကြီးတဲ့ နောက်ဆုံးမေးခွန်းကိုသာ မေးတော့၏။

"ချိုမေ ..."

"ဟုတ်ကဲ့ ... ပြောပါ"



www.burmeseclassic.com

www.burmeseclassic.com



"မြေအလမ္ကာယ်ပြပွဲမှာ သုံးတဲ့ မြွေတွေမဟုတ်ဘဲ တောထဲက သဘာဝအတိုင်းရှိနေတဲ့ မြွေရိုင်းတစ်ကောင်ကို ဖမ်းခေါ်ပေးလို့ရမလား ... ချို့မေ။ ချို့မေ့ပညာနဲ့ ဆိုပါတော့။ ကိုယ်လိုချင်တဲ့မြွေရရင် မင်းစိတ်ကြိုက် မင်းတောင်သလောက်ငွေကို ပေးပါ့မယ်။ ဘယ်လိုလဲ"

"ရှင် ..."

ချို့မေက အခုမှ စိုင်းနွယ်ဆိုတဲ့လူကို သေချာစွာ ကြည့်မိ၏။ အနွတောမှာ လူချောဖြစ်နေပုံပင်။ ရုပ်ရည်က အတန်ငယ် ကြည့်ကောင်း၍ ရှကောင်းရုံသာရှိပြီး စကားပြောဆိုရာမှာလည်း မဆိုးလှချေ။ ဗရုတ်သုတ်ခ အုပ်စုထဲ စိုင်းနွယ်တစ်ယောက်သာ လူလိုသိပြီး၊ လူလိုနားလည်၏။

ဒါနဲ့ ဘာကြောင့်များ သဘာဝမြွေရိုင်းကို လိုချင်နေပါလိမ့်။

ချို့မေရဲ့စိတ်ထဲ ဘဝင်မကျ။ မြွေမျိုးနွယ်ဝင်တွေအားလုံးရဲ့ အရှင်သခင်မ၊ မြွေဘုရင်မဖြစ်နေတဲ့ ချို့မေ့အတွက်က ငွေတွေဘယ်လောက်ပဲ ပုံပေးပေး၊ စိန်တွေ၊ ရွှေတွေ ဘယ်လောက်ပဲ ပုံပေးပေး မြွေတွေနဲ့ မလဲနိုင်ပေ။

ပြီးတော့ ချို့မေ့အတွက် ငွေလည်းမလို၊ စိန်လည်းမလို၊ ရွှေလည်း မလိုပေ။ ဒါတွေ စိုင်းနွယ်မသိ။ ဘာတွေ ဘယ်လိုပဲဖြစ်ဖြစ် ချို့မေ့အနေနဲ့ ဘယ်မြွေမျိုးနွယ်ဝင် တစ်ကောင်ကလေးမှ ဖမ်းမပေးနိုင်ပေ။ ဖမ်းဖို့လည်း စိတ်မကူး။

"ချို့မေ ဒီကိစ္စ လက်မခံပါရစေနဲ့ရှင်"

ချို့မေ အပြတ်ငြင်းကာ စိုင်းနွယ်တို့နှင့် ဆေးရာနေ့ရာဆီသို့သာ ထွက်လာခဲ့၏။

❁ ❁ ❁



[၆]

❑

ရွာတစ်ရွာ အရောက်မှာတော့ မြွေအလမ္ကာယ်ပွဲကို ပြသနေတာမို့ ချို့မေ့အနေနဲ့ ဝင်ရောက်လေ့လာ ကြည့်ရှုမိ၏။

"ဖြောင်း ..."

"ဖြောင်း ..."

"ဖြောင်း ..."

"မဆိုးပါဘူး၊ တော်သားပဲ"

ချို့မေကိုယ်တိုင် နှုတ်က ဖွင့်ဟပြောမိသည်အထိ ချီးကျူးလိုက်၏။ မြွေအလမ္ကာယ်ပြသတဲ့ ယောက်ျားကလေးက ချို့မေနဲ့ အသက်ရွယ်တူလောက်ပင် ရှိ၏။ အန္တရာယ်များလှတဲ့ မြွေပွေး၊ မြွေဟောက်တွေနဲ့ မြွေအလမ္ကာယ်ပွဲကို ပြသသွားတာက လှ၏။

ဟာကွက်မရှိ။ သေသပ်လှပ စနစ်ကျ၏။

ချို့မေကိုယ်တိုင်လည်း မြွေတွေနဲ့ အလမ္ကာယ်ပွဲပြလာတာမို့ ထိုသူ၏လက်ရည်ကို မှန်းဆနိုင်၏။ ပွဲကြည့်ပရိသတ်က လက်ခုပ်သံ တဖြောင်းဖြောင်းပေးကာ အားပေးနေ၏။

အတော်ကြာမှ မြွေအလမ္ကာယ်ပွဲက ပြီးဆုံးသွားတော့၏။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

ပွဲပြီးသွားပြီမို့ လူတွေလည်း ရှင်းသွား၏။ ချိုမေက မသွားသေးဘဲ ထိုလူငယ်ကို အကဲခတ်လေ့လာနေ၏။ မဆိုးပါဘူး ယောကျ်ားပီသစွာ ချောမောခန့်ငြား တည်ငြိမ်နေပုံက ဘဝပေးအလုပ်နှင့် မလိုက်ဖက်။ လူငယ်က မြွေပွဲပြသရာမှာသုံးတဲ့ ပစ္စည်းတွေကို စနစ်တကျ သိမ်းဆည်းနေ၏။

"မင်း ဧေးလို့ဝပြီလား"

"ဘာ ..."

"မင်း ငါ့ကို လေ့လာအကဲခတ်လို့ ဝပြီလားလို့ မေးတာပါ။ အဟွန်း"

ပုံစံကိုက ထောင့်မကျိုး။ မေးပုံက ချိုမေကပဲ သူ့ကို ကြိုက်နေသလိုလို၊ ဘာလိုလို။ အမြင်ကတ်ကတ်နဲ့ မျက်စောင်းထိုးကာ ထိုနေရာမှ ချိုမေက ထွက်သွားရန် ပြင်လိုက်၏။

"ဟေ့ ... နေဦး၊ ငါ့နာမည် မြွေသူရတဲ့။ မြွေသမားချင်း အတဲခတ်နိုင်တဲ့ပညာ ငါ့မှာရှိတယ်"

ပြောပုံက မာရည်ကျောရည်နဲ့။ ချိုမေ မကျေနပ်ပေမဲ့ အသာငြိမ်နေလိုက်၏။

"မြွေတစ်ကောင် ပျောက်နေတယ်။ ဒီမှာ မင်းပဲရှိတယ်။ မင်း ယူထားရင် ပြန်ပေးပါ"

"ဘာပြောတယ်"

"ဟုတ်တယ်လေ ... မြွေအလမ္မာယ်ပွဲပြတဲ့ မြွေပွေး မြွေဟောက်နှစ်ကောင်ထဲက မြွေဟောက်တစ်ကောင် ရှာမတွေ့တော့ဘူး။ ဒီနေရာမှာ မင်းပဲရှိတဲ့။ ဒီတော့ မင်းယူတာဖြစ်နိုင်တယ်။ ငါ့မြွေ ငါ့ကိုပြန်ပေးပါ။ ဒါဆိုရင် ဒီနေရာက မင်း ထွက်သွားနိုင်ပြီ"

"အဟင်း ... အဟတ် ... ဟတ် ... ဟား ..."

ချိုမေက နှစ်ခြိုက်စွာ ရယ်မောလိုက်၏။ ချိုမေရဲ့ပုံစံကြောင့် မြွေသူရက မျက်မှောင်ကြီးကြုတ်လိုက်ကာ ...

"မင်းက ဘာရယ်တာလဲ"

ဟု မကျေမနပ် မေးလိုက်၏။





ချိုမေက မြွေသူမြွေသားအားလုံးရဲ့ အရှင်သခင်ပါ။ မြွေဆရာမလေး။ ချိုမေခေါ်ရင် အနီးအနားကမြွေမှန်သမျှ လာရ၏။ သူရရဲ့မြွေကို ချိုမေက ဘာဖြစ်လို့ ယူထားရမှာလဲ။ ချိုမေမယူတာ သေချာ၏။ ဒါဆို မြွေဟောက်က ဘယ်ရောက်သွားတာလဲ။

ဘာရယ်မဟုတ်ဘဲ ချိုမေက ပတ်ဝန်းကျင်တစ်ဝိုက်ကို မျက်စိကစားလိုက်၏။ မြွေဟောက်နံ့က ချိုမေရဲ့နှာခေါင်းထဲ ထောင်းခနဲ။ ဒါဆို ဒီမြွေဟောက်က ဒီအနီးအနားမှာပဲ ရှိနိုင်၏။ ချိုမေရဲ့ နှုတ်ခမ်းထောင့်စွန်းလေးကို တွန့်ရှုံ့ ပြုံးလိုက်၏။ မြွေဟောက်ကိုတွေ့ပြီမို့ ချိုမေရဲ့နှုတ်က တရှီရှီ အသံပြုလိုက်၏။

"ရော့ ... ရှင့်မြွေ၊ ကိုယ့်မြွေကို နိုင်အောင်ထိန်း။ ရှင့်မြွေက ဗိုက်ဆာလို့ အစာသွားရှာတာ။ ချိုမေ မယူဘူး။ မယုံရင် မြွေပါးစပ်ကို ဖြဲကြည့်။ ဖားမျိုထားတယ်။ လူကိုများ မယုံသင်္ကာနဲ့။ ဟွန်း ..."

ချိုမေက မြွေဟောက်ကြီးကို ခါးလယ်မှကိုင်ကာ မြွေသူရထံ ပြန်ပေးလိုက်၏။ ထူးခြားတဲ့ ချိုမေရဲ့ပုံစံကြောင့် မြွေသူရက ကြောင်တောင်တောင်နဲ့ ကြည့်နေပြန်ရာ ...

"ရော့ ... ယူလေ"

ဟု မြွေကြီးကို အတင်းထိုးပေးမှပဲ ယူတော့၏။ ဒါတောင် မြွေကြီးကိုတစ်လှည့်၊ ချိုမေ့ကိုတစ်လှည့် ကြည့်နေပြန်သေး၏။

"မင်း ... မင်း ... ဒီအကောင်ကြီးကို ဘယ်လိုခေါ်လိုက်တာလဲ"

"ဘယ်လိုခေါ်ခေါ်ပေါ့။ ရှင့်မြွေ ရှင့်လက်ထဲပြန်ရောက်ရင် ပြီးရောမဟုတ်လား"

"ဟုတ်တော့ ... ဟုတ်တာပေါ့။ ဒါပေမဲ့ ..."

"ဒါပေမဲ့တွေ လုပ်မနေနဲ့။ ချိုမေသွားတော့မယ်။ ဩော် ... ဆို့တော့မလို့။ ဒီမှာ ..."

"ပြော ..."

www.burmeseclassic.com



"မြွေတွေကို မြွေအလှမွေးယှဉ်ပွဲမှာ အသုံးပြုဖို့အတွက် ကတိပေးပြီး ဖမ်းခေါ်လာရတာဆိုတော့ (၃)နှစ်ပြည့်ရင် ပြန်လွှတ်ပေးဖို့ မမေ့နဲ့နော်။ မြွေတွေကို မြွေပွဲမှာပြသဖို့ ခွင့်ပြုထားတာက (၃)နှစ်ပဲ။ ဒီတော့ (၃) နှစ်ပြည့်ရင် ပြန်လွှတ်ပေးပါလို့ ချိုမေတောင်းပန်ချင်တာထက် တောင်းဆိုချင်တာပါ။ ချိုမေ့ကို ခွင့်ပြုပါဦး"

"ဟေ့ ... ဟေ့ ... ချိုမေ ..."

ချိုမေက မကြားချင်ယောင်ဆောင်ကာ လှည့်ထွက်လာခဲ့၏။ မြွေသူရက မြွေကြီးရဲ့ပါးစပ်ကို တစ်ချက်ကြည့်လိုက်၏။

"ဟာ ... ဖားမျိုထားတာပါလား"

ဟု တအံ့တသြပြောရင်းနှင့် ထူးဆန်းလွန်းတဲ့ ချိုမေရဲ့အကြောင်းကိုသာ တွေးတောမိတော့၏။

✿ ✿ ✿

[၇]

❑

ဒီမိန်းကလေး သာမန်လူသားမှ ဟုတ်ပါလေစ။

မြွေအလှမွေးယှဉ်ပွဲမှာသုံးတဲ့ မြွေတွေကလည်း တောထဲက မြွေရိုင်းတွေချည်းပဲ။ မြွေတွေကို ခေါ်တာကလည်း အဆန်း။ နှုတ်က မြွေတွန်သံတရှီရှီပြုပြီး ခေါ်ရတယ်လို့ အံ့ရောပဲ။

ရွာသူရွာသားတွေလိုလို၊ လူမိုက်ခေါင်းဆောင်လိုလိုနဲ့ မြွေဆရာ၊ ပယောဂဆရာကြီးစတိုင် ဖမ်းနေတဲ့ စိုင်းနွယ်က ဟိုတစ်နေ့တွေ့ခဲ့တဲ့ ချိုမေရဲ့အကြောင်းကို ပြန်လည်တွေးတော စဉ်းစားခန်းဖွင့်နေ၏။

ဘေးနားက ကပ်ဖားရပ်ဖားလုပ်နေတဲ့ တပည့်တွေကလည်း တစ်ယောက်တစ်မျိုးနဲ့ ထင်မြင်ချက်ပေးနေ၏။

"ဟုတ်တယ်နော် ... ဆရာစိုင်းနွယ်။ အဲဒီမိန်းကလေးက မိန်းကလေးသာဆိုတယ် တော်ရုံယောကျ်ားသားတွေ မလုပ်ဝံ့တဲ့ မြွေအလှမွေးယှဉ်ပွဲကို ပြသသွားတာကတော့ တော်တယ်ဗျာ"

"မြွေတွေကို ကျွမ်းကျင်ချက်ကတော့ လက်ဖျားခါလောက်တယ်။ မြွေတွေနဲ့များ အတူတူ မွေးဖွားလာသလား မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါ့ . . . ဆရာစိုင်းနွယ်ရယ်၊ မြွေတွေကလည်း သူ့နိုင်းတဲ့ အတိုင်းကို တစ်ချက်မလွဲ လိုက်နာတယ်။ ဘာမှန်းညာမှန်းမသိရင် အဲဒီ မိန်းကလေးကို မြေမင်းသမီးလေး၊ မြွေဘုရင်မလား အောက်မေ့ရတယ် ကွာ"

"ဟုတ်ပါ့ . . . မင်းပြောမှ ငါလည်း သတိထားမိတယ်။ ဒီလောက် မြွေတွေအကြောင်း နားလည်နေတာ၊ မြွေတွေနဲ့ ရင်းနှီးပတ်သက်ကျွမ်းဝင် နေတာ သေချာတယ်။ အဲဒီမိန်းကလေး မြွေဘုရင်မ ဖြစ်နိုင်တယ်"

"မြွေဘုရင်မ ဖြစ်နိုင်တာကိုမဟုတ်ဘူး။ ဖြစ်ကို ဖြစ်နေတာ"

"ဆရာစိုင်းနွယ် . . ."

"ဟေ . . . ကွာ"

"အဲဒီမိန်းကလေးသာ မြွေဘုရင်မအမှန်ဆို ဆရာ ဘယ်လိုလုပ် မလဲ။ ဆရာ့နေရာမှာ ကျုပ်သာဆို အသေရရ၊ အရှင်ရရ ဖမ်းမှာပဲ"

"နေပါဦး . . . မင်းက မြွေဘုရင်မဖမ်းမိရင် ဘာလုပ်မှာလဲ။ အလှကြည့်မှာလား။ တို့ကတော့ မင်းလို အလှကြည့်မှာ မဟုတ်ဘူးနော်။ ပေါက်သတ်မှာ။ အသေကို ပေါက်သတ်မှာ။ ဟား . . . ဟား . . . ဟား"

"ဟား . . . ဟား . . . ဟား . . ."

အားလုံးက ဝိုင်းဟားနေတာကြောင့် ရှေ့ဆက်မပြောမရ။ အတန် ကြာမှ . . .

"ဟာဗျာ . . . ကျုပ်ပြောတာလည်း ဆုံးအောင် နားထောင်ပါဦး ဆရာစိုင်းနွယ်ရယ်"

ဟု စကားပျိုးတော့မှ အရယ်ရပ်တန့်ကာ နားထောင်တော့၏။

"အဲဒီမိန်းကလေးက မြွေဘုရင်မ အမှန်ဆိုရင် ဆရာစိုင်းနွယ် မဖြစ်ဖြစ်တဲ့နည်းနဲ့ ရအောင်ကို ဖမ်းမယ်"

"အကြောင်းက . . ."

"ဟာ . . . ရှင်းနေတာပဲလေ။ မြွေဘုရင်မဆိုတာ သာမန်မြွေမှ မဟုတ်တာ"





"ဒါတော့ မင်းပြောမှလား။ ငါလည်း သိတာပေါ့ကွ။ မင်းကြီးတော် တဲ့မှ"

"ကျုပ်ပြောချင်တဲ့ အဓိပ္ပာယ်က ဒီလိုမဟုတ်ဘူးဗျ။ ဆရာစိုင်း နွယ်ဝင်ပြောမှ ပိုရှုပ်ကုန်ပြီ"

"ကဲ . . . ကဲ . . . မင်းပဲပြော။ ငါနားထောင်နေမယ်"

"ဒီလို . . . ဆရာစိုင်းနွယ်ရဲ့ မြွေဘုရင်မကို ဖမ်းမိရင် ဆရာဖော် စပ်ချင်တဲ့ အဆိပ်ပြေဆေးလည်း ဖော်လို့ရပြီ။ ကံများကောင်းရင် သိဒ္ဓိရှင် စိန်ကျောက်လုံးလည်း ရလို့ ချမ်းသာဦးမယ်။ မြွေပြပွဲမှာလေ မြွေဘုရင်မ ခေါ်လို့ မြွေတွေလာတာ ဆရာအမြင်ပဲ မဟုတ်လား။ ဒါဆို လာသမျှမြွေ တွေ ဖမ်းပြီး ရောင်းစားရုံပဲ"

"ဆရာ . . . အခကြေးငွေပေးပြီး ဖမ်းခိုင်းစရာတောင် မလိုဘူး။ ဒီထက်ကံကောင်းရင်တော့ ဆရာနဲ့ မြွေဘုရင်မနဲ့ ညား၊ မကောင်းဘူးလား ဟောကောင်တွေ . . . ငါပြောတာ ဟုတ်တယ်နော်"

"ဟုတ်တာမှ သိပ်ဟုတ်"

"ဆရာနဲ့ မြွေဘုရင်မ လိုက်မှလိုက်"

"အေး . . . မင်းပြောတာလည်း ဟုတ်တော့ အဟုတ်သားကွ"

"အဟုတ်သားတွေ၊ ဘာတွေညာတွေ လုပ်မနေနဲ့။ မြွေဘုရင်မ ကို ဖမ်းဖို့သာ စီစဉ်တော့။ တော်ကြာ လွတ်သွားလို့ နောင်တရမဆုံး ဖြစ် နေမယ်နော်။ ဆရာသမားအတွက် ပြောတာ"

"အေးပါကွာ . . . အေးပါ။ ငါ အမြန်စီစဉ်ပါ့မယ်။ ပြောရင်းဆို ရင်းနဲ့ အခုချက်ချင်းတောင် သွားဖမ်းချင်လာပြီကွာ"

"ဖြစ်ရမယ် . . . ငါ့ဆရာသမားကတော့"

မြွေဘုရင်မချိုမေကို ဖမ်းဆီးရေးအတွက် စိုင်းနွယ်ကတော့ တပည့် တပန်းများနှင့် တိုင်ပင်ဆွေးနွေးနေတော့၏။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

| ၈ |

❑

"တောက် ... ဒီနေ့မှကွာ၊ မြွေတစ်ကောင်တစ်မြီးတောင် မတွေ့ဘူး။ တောထဲမှာရော ရှိသေးရဲ့လားမသိ"

"ရှိပါသေးတယ်ရှင်"

"ဟင် ... မင်း ချှိုမေ"

"အဟိ ..."

ရုတ်တရက် တောနက်ထဲမှာ ချှိုမေ့ကို တွေ့မြင်လိုက်ရတာနဲ့ မြွေသူရက အံ့သြသွား၏။

"မင်း ဒီတောနက်ထဲ ဘာလာလုပ်တာလဲ"

"ရှင့်လိုပဲပေါ့"

"ငါ့လိုပဲဆိုတော့ မင်းက မြွေလာရှာတာလား"

"အင်း ..."

"ငါတော့ မထင်။ မှန်မှန်ပြောစမ်း။ မင်း ငါ့နောက်ကို နောက်ယောင်ခံလိုက်နေတာမဟုတ်လား"

ရန်သူစိုင်းနွယ်တို့ရဲ့ အန္တရာယ်လက်ကလွတ်အောင် တောနက်ထဲ လာပုန်းရှောင်နေပါတယ်ဆိုမှ တိုက်တိုက်ဆိုင်ဆိုင် ကြုံတွေ့နေရတဲ့ မြွေသူရနဲ့ ချှိုမေတို့ရဲ့ ကံကြမ္မာကိုလည်း အံ့သြမိ၏။

"မင်းက မြွေတွေဖမ်းပြီး ဘာလုပ်မလို့လဲ"

"မြွေအလမ္ပာယ်ပြမလို့"





ချှိုမေရဲ့စကားကြောင့် မြွေသူရအနေနဲ့ ထပ်မံအံ့သြရ၏။ ဘယ့်နှယ် ... နုနုနယ်နယ် မိန်းကလေးက အန္တရာယ်များတဲ့ မြွေတွေနဲ့မှ မြွေအလမ္ပာယ်ပြရတယ်လို့။ အံ့ရော ...။ ဟိုးအရင်က သူ့ရဲ့မြွေဟောက်ကြီးကို ပြန်ရှာပေးကတည်းက သူ့အနေနဲ့ ချှိုမေရဲ့ပညာ အတိမ်အနက်ကို ခန့်မှန်းမိ၏။

"မင်းက မြွေအလမ္ပာယ်ပွဲ ပြတတ်တယ် ... ဟုတ်လား"

"အင်း ..."

"ဘာပဲဖြစ်ဖြစ်ပေါ့ကွာ ... မင်းလို မိန်းကလေးအနေနဲ့ အန္တရာယ်များလှတဲ့ မြွေပွဲကို ပြသဖို့မသင့်ဘူး။ အခြားအလုပ်တစ်ခုခု ပြောင်းလုပ်ပါလား။ မင်းမိဘတွေက ဘာမှမပြောဘူးလား"

"ချှိုမေက တစ်ယောက်တည်းသမား"

"ဟင် ..."

နွမ်းလျသွားတဲ့ ချှိုမေရဲ့မျက်နှာကို ကြည့်ကာ မြွေသူရက စိတ်မကောင်းဖြစ်သွား၏။ လှျာရှည်မိတဲ့ သူ့အဖြစ်ကိုပဲ အပြစ်တင်ချင်မိ၏။

"ဒါနဲ့ ... ရှင် မြွေဖမ်းနေတာ ဘယ်နှကောင်ရပြီလဲ"

ချှိုမေ စကားလမ်းကြောင်းလွှဲလိုက်မှန်း မြွေသူရလည်း ရိပ်မိ၏။

"မင်း မြင်တဲ့အတိုင်းပဲ တစ်ကောင်မှကို မရသေးဘူး။ ဒီကောင်တွေ တောထဲမှာရော ရှိသေးရဲ့လား မသိပါဘူးကွာ"

"ရှိပါတယ်။ နေဦး ... ချှိုမေလည်း ... ကူခေါ် ... အဲ ... ကူဖမ်းပေးမယ်လေ"

"ကောင်းတာပေါ့ကွာ"

"ဒီနေရာမှာရှာရင် မြွေဟောက်နက်ကို တွေ့နိုင်တယ်"

ချှိုမေက ပြောပြောဆိုဆိုနဲ့ ရှေ့တိုးသွား၏။

"ရှီ ..."

"ရှီ ..."

"ရှီ ..."

"ဖျီး ..."



www.burmeseclassic.com

www.burmeseclassic.com



"ရော့ ... မြွေဟောက်နက်။ ဒီအကောင်ဆို မြွေအလမ္ပာယ်ပွဲမှာ ပြသဖို့ အကောင်းဆုံးပဲ။ ဒါပေမဲ့ ပြပြီးရင် နွားနို့တိုက်ပြီး ပြန်လွှတ်ပေးလိုက်။ နောက် လိုအပ်မှ ဒီနေရာမှာ လာခေါ်၊ စည်းတော့ ရှိရမယ်"

"ဟင် ..."

သူရက ဒီတောနက်ထဲ ချိုမေ့ထက်အရင် ကြိုရောက်နေ၏။ သူတစ်ယောက်တည်း ရှိနေတုန်းက မြွေမဆိုထားနှင့် မြွေနဲ့တူတဲ့အကောင်ဆိုလို့ ငါးရှဥ့်နဲ့ တီကောင်တောင်မှမတွေ့။ ခု ချိုမေရောက်လာတော့မှ ဘယ်က ဘယ်လို မြွေတွေထွက်လာလည်း မသိ။ တဖြည်းဖြည်းနဲ့ ထူးဆန်းလျှို့ဝှက်မှုတွေများလာတဲ့ ချိုမေ့ကို မြွေသူရ သိပ်ပြီးမသင်္ကာချင်တော့။

"ဟာ ... ဟာ ... ဒီမှာလည်း တစ်ကောင် ... ရော့ ... ဒီမြွေဟောက်က အရောင်နဲ့အရစ် ပိုလှတော့ စောစောကမြွေထက် မြွေပွဲမှာ မျက်နှာပန်းပိုလှမှာ"

"မြွေတောင် မြွေမျက်နှာပန်း ပိုလှရတယ်လို့။ ကြား,ကြားဘူးပေါင်ဗျာ"

"ကျုပ်ကတော့ ကြားဘူးတယ် ... မောင်၊ မြွေက မြွေမျက်နှာပန်း လှရုံတင်မကဘူး၊ လူလည်းလှ၊ အသားအရေလေးလည်းလှ၊ လိပ်ပြာလည်းလှလို့ အစွမ်းတွေကပါ လှနေတော့ ... ကျုပ်မှာ သူ့ကို မတွေ့တွေ့အောင် လိုက်ရှာနေရတယ်လေ။ နေရာတွေလည်း နှံ့နေပြီဗျ"

ထိုစကား ထွက်လာတာက မြွေသူရနှင့် ချိုမေတို့ဆီကတော့မဟုတ်။ နှစ်ယောက်စလုံး အံ့အားသင့်နေစဉ် ...

"တွေ့မဲ့တွေ့တော့လည်း မရှာရဘဲနဲ့ တောထဲမှာ အဆင့်သင့် လာတွေ့နေရတာကိုး။ ကျုပ်ပြောတာတွေ မှန်တယ်မဟုတ်လား။ မြွေအလမ္ပာယ်ပြ ကျွမ်းကျင်တဲ့ မြွေမင်းသမီး မြွေဘုရင်မလေး ... ချိုမေ့ဝင်းရဲ့"

ရုတ်တရက် ရန်သူတော်စိုင်းနွယ်က အဖွဲ့အင်အားကောင်းကောင်းနဲ့ ရောက်လာတာမို့ ချိုမေ့မှာ ရှောင်တိမ်းချိန်ပင်မရလိုက်။

"ဘာ ... မင်း ... မင်းက မြွေဘုရင်၊ ဟုတ်လား ... ချိုမေ"

"ဟို ..."





မြွေသူရရဲ့အမေးကြောင့် ချိုမေ ဘာပြန်ဖြေရမှန်းကို မသိတော့။ အတန်ကြာတော့မှ မြွေသူရက ခေါင်းတဆတ်ဆတ်ညိတ်ကာ စဉ်းစဉ်းစားစား ပြောလိုက်၏။

"ဖြစ်နိုင်ပါတယ် ... ချိုမေ၊ မင်းက မြွေဘုရင်မဆိုတာ ငါ လက်ခံပါတယ်။ မင်းက မြွေတွေအကြောင်း သိပ်သိတယ်၊ ဘယ်နေရာမှာ ဘာမြွေအမျိုးအစား ရှိနေတယ်ဆိုတာလည်း မင်းသိတယ်၊ မြွေခေါ်လည်း ကျွမ်းတယ်။ မင်းပြတဲ့ မြွေအလမ္ပာယ်ပွဲကို ငါ မကြည့်ဖူးပေမဲ့ ငါ သေချာပြောရဲတယ် ... ချိုမေ။ မင်းပြတဲ့ မြွေပွဲက အရမ်းကြည့်လို့ကောင်းမယ်ဆိုတာ"

"ဟာ ... ကြည့်ကောင်းသလားတော့ မပြောနဲ့ ... ငါ့ညီ၊ ချိုမေက မြွေပွဲမှာ မြွေယဉ်တွေ သုံးတာမဟုတ်ဘူး။ တောထဲက မြွေရိုင်းတွေကို ခေါ်ပြီး လှလှပပနဲ့ ပြသွားတာ။ အဲဒီမြွေအလမ္ပာယ်ပြပွဲ ကောင်းမှကောင်းကွာ။ ဒါကြောင့်လည်း ဒီလို မြွေဘုရင်မမျိုးကို မတွေ့တွေ့အောင် လိုက်ရှာပြီး ဖမ်းနေရတာပေါ့ကွာ"

"ကဲ ... မင်းကိစ္စ မင်းရှင်း ... ချိုမေ။ ငါကတော့ သပွတ်အူလို ရှုပ်ထွေးလှတဲ့ မင်းရဲ့ပြဿနာကြားထဲ ဝင်မပါချင်လို့ လစ်ပြီ။ မင်း ကံကောင်းပါစေလို့ ငါဆုတောင်းပေးပါတယ်ကွာ"

"ဘုတ် ..."

မြွေတွေကို ပစ်ချထားခဲ့ပြီး နောက်ကြောင်းလှည့်မကြည့်ဘဲ ထွက်သွားတဲ့ မြွေသူရရဲ့ကျောပြင်ကို ငေးကြည့်ရင်း ချိုမေက စိုင်းနွယ်နဲ့ရင်ဆိုင်ဖို့အတွက် နည်းလမ်းကို စဉ်းစားရလေပြီ။

"ဘယ်လိုလဲ ... မြွေအလမ္ပာယ်ပြကျွမ်းတဲ့ မြွေဘုရင်မလေးရဲ့ ကိုယ်တော်ချောကတော့ ထွက်သွားပြီ။ ဒီတော့ အသာတကြည် အဖမ်းခံမလား၊ ဒါမှမဟုတ် အနာခံမလား။ ကြိုက်ဘာပြော ..."

ချိုမေက ပြုံးရုံ တစ်ချက်ပြုံးလိုက်၏။ ချိုမေရဲ့ရာဇဝင်မှာ အသာတကြည် အဖမ်းခံရတယ်ဆိုတာ မရှိ။ အသားနာဖို့ဆို ဝေလာဝေး။ ချိုမေ့ကို စိုင်းနွယ် လျှော့တွက်ထားပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှဲ ..."

"ရှဲ ..."

"ရှဲ ..."

"ဖိုး ..."

"ဖိုး ..."

"ဖိုး ..."

"ဟာ ... လုပ်ကြပါဦး ... မြွေတွေ ... မြွေတွေ ... ကယ်ကြပါဦး"

"ဟို ... ဟိုမှာ ... မြွေဟောက်နက်ကြီး"

"အောင်မယ်လေး ... ဒီမှာလည်း မြွေပွေးကြီး"

"အိုး ... ငန်းတော်ကျား၊ ငန်းစောင်း၊ ငန်းမှပ်တွေလည်း ဝိုင်းထားတယ်ဗျာ့"

"ဒီတစ်ခါတော့ သွားပြီထင်တယ်"

"အမေရေ ... သားအဖြစ်ကို မြင်လှည့်ပါဦး။ အပေါင်းအသင်းများလို့ မြွေကိုက်ပြီး သေရတော့မယ်ဗျာ"

"ဟင်း ... ဟင်း ... အင်း ..."

"ချိုမေ ... နင် ... နင် ... မကောင်းဆိုးရွား ... စုန်း ... စုန်းမ ..."

"ချိုမေ့ကို ဖမ်းမလို့ဆို ... ဖမ်းလေ ..."

ချိုမေရဲ့အသံကြောင့် ပတ်ဝန်းကျင်တစ်ဝိုက်မှာ အဆိပ်မြင့်မြွေကြီးတွေသာ ပြည့်နှက်နေ၏။ စိုင်းနွယ်ခမျာ ချိုမေ့ကို ဖမ်းဖို့နေနေသာသာ အနားတောင် မသီနိုင်။

"ရှဲ ..."

"ရှဲ ..."

"ဖိုး ..."

"ဖိုး ..."

"အောင်မလေး ... ကြောက်ပါတယ်ဗျ"





"ဆရာစိုင်းနွယ် ... ပြန်ကြရအောင်ပါဗျာ။ မြွေတွေက ကျုပ်တို့ဆက် အင်အားပိုကောင်းနေတယ်ဗျ"

"ရှဲ ..."

"ရှဲ ..."

"ဖိုး ..."

"ဖိုး ..."

စိုင်းနွယ်ကတော့ ဘယ်လိုနေသည်မသိ၊ အနောက်က ကပ်ပါလာတဲ့ တပည့်တွေကတော့ ကြောက်လန့်မှုကြောင့် မျက်နှာပျက်နေ၏။

"မင်းကလည်း ဘယ့်နှယ်ပြန်ရမှာလဲ။ ဒါ မြွေဘုရင်မကွ ... မြွေဘုရင်မ။ မြွေဘုရင်မကိုရရင် ငါတို့ဘဝကြီး ပြောင်းလဲမယ်မှန်း သိလျက်နဲ့ကွာ။ ငါကတော့ မရရအောင် ဖမ်းမှာပဲ။ အရင်က မင်းပဲ ဖမ်းခိုင်းပြီးတော့"

"အရင်က အရင်၊ အခုလောလောဆယ်တော့ မြွေတွေကြောင့် အရှင်လတ်လတ် ငရဲပြည်ရောက်သွားနိုင်တယ်။ ပြန်ကြရအောင်ပါဗျာ။ မြွေဘုရင်မကို ဒီလောက်စွမ်းမှန်းမသိလို့ ဖမ်းခိုင်းတာ။ အခုတော့ တော်ပါပြီဗျာ"

"မင်း မဖမ်းချင်နေ။ ငါ ရအောင်ဖမ်းပြမယ် ... ကြည့်နေ"

"ကဲ ... ဒီလောက်တောင်ဖြစ်လှတာ ချိုမေ့အကြောင်း သိစေရမယ်။ ရော့ ..."

"ရှဲ ..."

"ရှဲ ..."

"ဖိုး ..."

"ဖိုး ..."

"အား ..."

"ဟာ ..."

"ဆရာစိုင်းနွယ် ..."



www.burmeseclassic.com

www.burmeseclassic.com



လောကသားစိုင်းနွယ်ကတော့ ချိုမေပစ်လွှတ်လိုက်တဲ့ မြွေဟောက်နက်ကြောင့် မြေပေါ် တုံးခနဲလဲတော့၏။ မြွေဟောက်နက်က စိုင်းနွယ် လည်ပင်းကို မလွှတ်တမ်း ပတ်ထား၏။

"ရှပ် ..."

"ရှပ် ..."

"ဟင် ..."

"နောက် ... နောက်ဆုတ် ..."

"ဒီမိန်းကလေးက သာမန်မဟုတ်ဘူးနော်"

ချိုမေက စိုင်းနွယ်အနား ဒူးတစ်ဖက်ချထိုင်ကာ မြွေဟောက်နက်ကို ပြန်ယူရင်း မခို့တရို့လေး ပြုံးလိုက်၏။ မတ်တတ်ထရပ်ပြီး ကျန်တဲ့သူတွေကို လှမ်းကြည့်လိုက်၏။

"ဒီမှာ ..."

"ဟုတ် ... ဟုတ်ကဲ့"

"ပြော ... ပြောပါ"

"ချိုမေ့ကို ဖမ်းချင်သေးလား"

"ဟင့်အင်း ..."

"မ ... မဖမ်း ... မဖမ်းချင်တော့ပါဘူးဗျာ"

"ရှင်တို့ဖမ်းချင်လည်း ဒီလောက်မလွယ်ဘူးနော်။ ချိုမေ့ကို ဖေး မယ်စိတ်ကူးတိုင်း ရှင့်တို့ရဲ့ဆရာကို သတိရ ဟုတ်ပြီလား"

"ဟုတ် ..."

"ဟုတ်ကဲ့ ..."

"ကဲ ... ရှင်တို့ဆရာကို သယ်သွားကြတော့။ မျက်စိရှုပ်တယ် မမြင်ချင်ဘူး"

စိုင်းနွယ်ကို သူ့တပည့်တွေ မ,သွားကြ၏။

✿ ✿ ✿

[၉]

❑

အခုမှပဲ ချိုမေတစ်ယောက်တည်း အေးအေးဆေးဆေး နေရတော့၏။ ပြဿနာကောင်တွေလည်း မရှိတော့ပြီမို့ ချိုမေရဲ့ဦးတည်ရာက မြွေသူရထံသို့သာ။ ချိုမေ့အပေါ် အထင်မြင်လွဲမှားနေတဲ့ မြွေသူရကို ဘယ်လိုရှင်းပြရမလဲ မသိ။ ချိုမေ စိတ်ရှုပ်ရှုပ်နဲ့သာ နှုတ်ခမ်းစူ မျှော်ခေါင်းလိုက်တော့၏။ မြွေသူရကိုတွေ့တော့ ...

"ဒီ ... ဒီမှာရှင့် ... ချိုမေ အကူအညီတစ်ခုလောက် ... တောင်း တောင်း ..."

မြွေသူရ၏ အကြည့်စိမ်းစိမ်းကြောင့် ချိုမေ လိုက်လာခဲ့ရင်း ဖွဲ့စိတ်တွေပင် ပျောက်သွားရလေ၏။

"ဩော် ... မင်းကိုး။ ကဲ ... ဒီတစ်ခါရော ဘယ်လိုပြဿနာတွေ ရှာလာပြန်ပြီလဲ"

ဟွန်း ...

လူကိုများ ပြောလိုက်ရင် ဝိဥ်သာလေးနဲ့ တေးယစ်၊ ရစရာမရှိ မသိရင် ချိုမေကပဲ အားအားယားယားယား ပြဿနာရှာနေသလိုလို ဘာ လိုလို။



www.burmeseclassic.com

www.burmeseclassic.com



"ဟေ့ ••• မေးနေတာ ဖြေလေကွာ"

"ဘာကိုဖြေရမှာလဲ"

"မင်း ငါ့ဆီကို ဘာလာလုပ်တာလဲ"

"စောစောကတော့ အကူအညီတောင်းမလို့၊ ခုတော့ မတောင်းတော့ဘူး"

"ဟ ••• အပြောင်းအလဲက မြန်လှချည်လား"

"ချိုမေက အပြောင်းအလဲပဲမြန်တာ။ ရှင့်လိုမျိုးတော့ ဒုက္ခရောက်နေတဲ့သူကို အန္တရာယ်ကြားထဲ တစ်ယောက်တည်း ပစ်မထားတတ်ဘူး"

"ဟင် ••• မင်း •••"

"ဟွန့် •••"

"ငါ ပစ်ထားခဲ့လည်း မင်းက ကောင်းကောင်းရင်ဆိုင်နိုင်ခဲ့တာပဲ မဟုတ်လား"

"တော်ပြီ ••• ချိုမေ သွားတော့မယ်"

"ချိုမေ •••"

သူရရဲ့ခေါ်သံနဲ့ မျက်ဝန်းအကြည့်က အဓိပ္ပာယ်တစ်မျိုး သက်ရောက်နေတာမို့ ချိုမေ့ရဲ့ရင်ထဲ ထိတ်ခနဲ။ သူရရဲ့ မေတ္တာဓာတ်တွေပါတဲ့ မျက်ဝန်းအကြည့်ကို ချိုမေ မခံနိုင်၊ မျက်နှာလွှဲထားလိုက်၏။

"ချိုမေ •••"

"ဘာလဲ"

"ပြောပါ •••။ ကိုယ် ဘာအကူအညီပေးရမလဲ"

"မလိုပါဘူး"

"ကိုယ့်ကို စိတ်ဆိုးနေတာလား ••• ချိုမေ"

ချိုမေ မဖြေ။ မြေသူရကို စိတ်ဆိုးရအောင်လည်း ချိုမေနဲ့ ဘာမှဆိုင်တာမဟုတ်။ ချစ်သူရည်းစားဆို တစ်မျိုးမို့ တော်သေး၏။ အို ••• ဘာတွေလျှောက်တွေးနေပါလိမ့်။ ချိုမေ ကိုယ့်ကိုယ်ကိုယ် သတိပေးကာ ခေါင်းခါယမ်းလိုက်၏။





"ပြန်မပြောပုံထောက်ရင် ချိုမေ ကိုယ့်ကို စိတ်ဆိုးနေတာ သေချာပြီ။ အဲဒီကထွက်လာပြီးမှ ကိုယ်ထွက်လာတာ အမှားပဲလို့တွေးမိပြီး ပြန်လှည့်လာသေးတယ်"

"ဟင် •••"

ချိုမေရဲ့ကိုယ်လေး ဆတ်ခနဲဖြစ်သွား၏။ မြေသူရမျက်နှာကို အကဲခတ်လိုက်တော့လည်း လိမ်ညာပြောမဲ့ပုံ မပေါ်။

"လမ်းတစ်ဝက်ရောက်မှာ ချိုမေ့ကိုစိတ်မချလို့ ကိုယ် လှည့်ပြန်လာခဲ့တာ။ ဟိုရောက်တော့ ဘယ်သူ့မှ မတွေ့တော့ဘူး။ ချိုမေ့အတွက် စိုးရိမ်မိပေမဲ့ ချိုမေအနေနဲ့ ကောင်းကောင်း ရင်ဆိုင်ဖြေရှင်းနိုင်မှာပဲဆိုပြီး ကိုယ့်ကိုယ်ကိုယ် အားပေးပြီး ပြန်လာခဲ့တာ။ ကိုယ်ပြောတာ ယုံပါ ••• ချိုမေ"

ချိုမေနဲ့ မြေသူရ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြ၏။ ထိုအချိန် စက္ကန့်ပိုင်းလေးအတွင်းမှာပဲ တစ်ယောက်ရဲ့ခံစားချက်ကို တစ်ယောက်က နားလည်သိရှိသွားတော့၏။

"ချိုမေ •••"

"ဟင် •••"

"ပြောလေ ••• ကိုယ် ဘာကူညီပေးရမလဲ။ ကိုယ် ကူညီနိုင်တာဆို အစွမ်းကုန်ကူညီပါ့မယ်"

"တကယ်ကူညီမှာလား"

"ယောက်ျားကတိ"

ဒီတော့မှ ဖြစ်ပျက်ခဲ့သမျှ အကြောင်းစုံကို ပြောပြလိုက်တော့၏။ မြေသူရရဲ့ မျက်နှာပြင်က ပုံစံအမျိုးမျိုး ပြောင်းလဲနေ၏။ မယုံကြည်နိုင်ခြင်းများစွာနဲ့သာ ချိုမေ့ကို စိုက်ကြည့်နေ၏။

"ဒါဆို ချိုမေက မြေမင်းသမီးလေးပေါ့"

"အင်း •••"

"ဒါဆို ချိုမေက မြေအလယ်မှာ ယက္ခမ်းကျင်တဲ့ မြေဘုရင်မလေး[illegible]"

"ဆိုပါတော့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ချိုမေက အလှူအတန်းပြုလုပ်ဖို့နဲ့ မန္တလေးတောင်ပေါ်က မြေကြီးနှစ်ကောင်ကို ရွေးချဖို့အတွက် မြေအလယ်မှာယ်ပွဲပြုသပြီး ငွေရှာနေတာပေါ့"

"ဟုတ်တယ်"

"ဒါဆို စိုင်းနွယ်က မသေဘူးပေါ့"

"မသေပါဘူး။ အဆိပ်မွှန်ပြီး မေ့သွားရုံလောက်ပါ"

"ဒါ ... ဒါဆို ... ဒီငွေတွေက ..."

ကတ္တီပါအိတ်နက်လေးက ငွေအသပြာတွေနဲ့သာ ပြည့်နက်နေ၏။ ချိုမေက နှစ်ခြိုက်စွာ ပြုံးလိုက်၏။

"ဒီငွေတွေကို ခဏသိမ်းထားပေးပါလား ဟင်"

"ဟင် ... ဒီငွေတွေကို ကိုယ်က သိမ်းထားရမယ်ဆိုတော့ ချိုမေ ... မင်းက ဘယ်သွားမလို့လဲ"

"ဒီငွေတွေကို အသုံးပြုပြီး အလှူအတန်းပြုရမယ်။ ဒီတော့ အဲဒီအလှူပွဲမှာ ပါဝင်လှူဒါန်းချင်တဲ့ အမည်မဖော်လိုတဲ့ အလှူရှင်ရဲ့ ပစ္စည်းတွေ၊ နောက်ပြီး (၃၁)ဘုံက သက်ဆိုင်ရာ အလှူရှင်တွေရဲ့ ပစ္စည်းတွေကိုလည်း သွားယူရဦးမယ်လေ။ ဒါကြောင့် ..."

"ကိုယ် နားလည်ပါတယ် ... ချိုမေ။ ဩော် ... ဒါနဲ့ ..."

"အင်း ... ပြောလေ"

"မင်းပြန်လာမှာတော့ သေချာတယ်နော်။ ကိုယ့်ကို တစ်ယောက်တည်း ပစ်မထားခဲ့ဘူး မဟုတ်လား"

"စိတ်ချပါ။ ဒါ့ထက် ချိုမေ အရေးအကြီးဆုံးတစ်ခု မှာခဲ့ချင်တာက ချိုမေ နောက်သုံးလအကြာမှာ ပြန်ရောက်မလာခဲ့ရင် အဲဒီအိတ်ထဲမှာ ပါတဲ့ ကျောက်သံပတ္တမြားတွေကို ရောင်းချပြီး မန္တလေးတောင်က မြေကြီးနှစ်ကောင်ကို ရွေးချ၊ အလှူအတန်းလုပ်ပြီး အမျှဝေပေးပါ ... မြေသူရ ရယ်"

"ဟင် ... ဒါ ... ဒါဖြင့် ... မင်း ... မင်း ..."





မြေသူရ အံ့ဩတသင့် ရေရွတ်နေစဉ်မှာ မြေမင်းသမီးလေး သို့မဟုတ် မြေဘုရင်မချိုမေ တောထဲသို့ လူသာမန်တို့ထက် ပိုပြီးလျင်မြန်သော အဟုန်နှင့် ပြေးဝင်သွားလေ၏။

မြေသူရ မြေဘုရင်မချိုမေပေးသွားသော ကတ္တီပါအိတ်ရှုံ့လေးကို ကိုင်ပြီး နောက်မှ အမောတကောပြေး၍ လိုက်ရှာသော်လည်း မတွေ့လိုက်ရတော့ချေ။

✿ ✿ ✿

[ ၁၀ ]

❑

မြေဘုရင်မချိုမေ ပြောခဲ့သည့်စကားအတိုင်း မြေအလယ်မှာယ်ဆရာလေးမြေသူရ ချိုမေ ပြန်ရောက်အလာကို စောင့်ခဲ့ပါ၏။

ထိုသို့စောင့်ရင်းမှ ချိုမေ တကယ်ပြန်လာလိမ့်နိုး မျှော်လင့်ချက်တွေ များစွာထားခဲ့၏။

သုံးလကျော်သာသွားသည် မြေဘုရင်မလေးချိုမေ ပြန်ရောက်မလာတော့ပြီ။

သည်တော့ ...

မြေဘုရင်သည် မြေဘုရင်မလေးချိုမေ၏ ဆန္ဒအတိုင်း ရွှေမြည်မှ မန္တလေးသို့လာပြီး မန္တလေးတောင်ပေါ်ရှိ မြေကြီးနှစ်ကောင်အား မြေ



www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မလေး ချိုမေပေးခဲ့သည့် ရတနာပစ္စည်းတွေကို ထုခွဲရောင်းချပြီး ရွှေချခဲ့သည်။

နီးရာတောင်ခြေ ဘုန်းတော်ကြီးကျောင်းမှာ မြေဘုရင်မလေးကို ရည်စူးဆွမ်းသွတ် အမျှဝေခဲ့သည်။

"မြေဘုရင်မလေး . . . ချိုမေရေ . . . ကိုယ်ကတော့ ကတိအတိုင်း ကောင်းမှုကုသိုလ်တွေ မြေဘုရင်မလေးကို ရည်စူးပြီး ပြုလုပ်ပေးခဲ့ပါပြီ။ ရောက်ရာဘဝကနေ သာဓုခေါ်ဆိုနိုင်ပြီး ကျွတ်လွတ်နိုင်ပါစေကွယ်"

မြေသူရသည် နောက်ထပ် မဆုံတွေ့နိုင်တော့ပြီဖြစ်သော မြေဘုရင်မလေးကို တမ်းတကာ ဆွေးဆွေးမြည့်မြည့် အမျှအတမ်း ဝေခဲ့ရှာသည်။

ပြီးတော့ . . .

မြေသူရသည် စွဲလမ်းတမ်းတစိတ်နှင့် ရောက်ရာအရပ်၊ ကြုံရာဒေသမှာ မြေအလမ္ပာယ်လှည့်လည်ပြသရင်း သူ့၏ ပျောက်ဆုံးသွားပြီဖြစ်သော မြေဘုရင်မလေးကို ပြန်တွေ့လိမ့်နိုးဖြင့် မျှော်လင့်တကြီး ရှာဖွေနေတုန်း ရှိပါသေးသည်။

မြေမင်းသခင်

www.burmeseclassic.com